


www.burmeseclassic.com
အမှတ်၊ ၂၉၇၊ ဩဂုတ်၊ ၂၀၀၇
ရုပ်စုံမဂ္ဂဇင်း
ANGEL
8
BURMESE CLASSIC
သရုပ်ဆောင် စွမ်း
ဓာတ်ပုံ - ကိုလင်း(Stu
www.burmeseclassic.com

www.burmeseclassic.com



၁၉၇၉ ခုနှစ်၊ ဇူလိုင်လ၊ ၁၅ ရက်နေ့တွင် စတင်ထုတ်ဝေသည်

**ဝင်းဦးမီး** စိစဉ်တည်းဖြတ်သည့်

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၂၉၇ ဩဂုတ် ၂၀၁၄

တာဝန်ခံစာတည်း

မျိုးမြင့်ညိမ်း

စာတည်း

လင်းနိုင်ဦး

အမှုဆောင် စာတည်း

မသီတာ(စမ်းချောင်း)

ရှေ့ပန်းချီ

ဇော်ဝင်း(ငှက်ပျောသီး)၊

ဆန်နီညိမ်း၊ ဖေညွန့်ဝေ၊

မုတ်သုံ၊ မြင့်မောင်ကျော်၊

မျိုးမြင့်၊ လှမြင့်ဆွေ၊

လင်းဝဏ္ဏ၊ ဇော်မောင်၊

ဝင်းတင့်၊ မောင်နိုး၊

စိုးအောင်၊

အောင်ကျော်၊

ဖေသစ်တည်၊

ထွန်းအို၊

Win Iszudia

မျက်နှာဖုံးဓာတ်ပုံ

တိုလင်း(Studio-K)

ရှေ့ဒိုင်း

ခိုင်ဇင်ထွန်း

ဖြိုးဦးပိုင်

ရှေ့ဓာတ်ပုံ

တိုလင်း(Studio-K)

လင်းနိုင်ဦး

ရှေ့ဓာတ်ပြု

နိုင်ခွန်အား

စိမ်းလဲ့စံ

မိုးမိုးမြင့်

စပြင်

ကျော်စိန်ဝင်း

www.burmeseclassic.com

www.burmeseclassic.com


သူတို့အရေး

၄။ ဒေအာင်သန်းထွန်း

ရွှေချစ်သူမှ ရွှေချစ်သူသို့

၁၀။ ဆင်းငြိမ်း

ရွှေမင်းသား၊ ရွှေမင်းသမီး

၁၂။ ဟိန်းဆက်ချွင်

ဩဂုတ်လ မွေးနေ့ရှင်

စွမ်း

One Minute Interview

၂၀။ လင်းနိုင်ဦး၊

ဟိန်းဆက်ချွင်

ပြေတီဦး၊ မေမြတ်နိုး၊

သူထူးစံ၊ ဝင်းထွန်းထွန်း၊

ထွန်းထွန်း(Examplez)

လူမှုဝန်းကျင်

လင်းနိုင်ဦး ၅၄။

အနုပညာရှင်များ

ဝတ်ဆင်ပြသခဲ့ကြတဲ့

ဝတ်စားဆင်ယင်ထုံးဖွဲ့မှု

ပြပွဲ

နိုင်ငံတကာစာမျက်နှာ

ဇာနည်ညီမိး ၃၀။

ကျွန်တော်

သိလာတဲ့

အိမ်ထောင်ရေး

ရီတာအေးအောင်၊ NY၊ ၄၈။

ဖာရဲလ်ဝီလီယံစ်

ရွှေရုပ်ရှင်

လင်းနိုင်ဦး ၃၆။

ချစ်ဦးမေ

ဆင်း(န်)နံပါတ် ၁၃

ရိုက်ကွင်းပေါ်မှာ

မိုးကျော်ထွန်း ၄၂။

ကွန်ပျူတာ

အထူးပြုလုပ်ချက်များနဲ့

ကြည့်ကြရမယ့်

မော်ဒန်ရာဇဝင်

အမှတ်တရစာစု

မြို့မကိုးပေါ ၇၂။

အတိတ်လမ်းသို့

အလွမ်းပြေ

နေဇင်လတ် ၂၀၂။

အပြင်မှာ

မိုးတွေ

ရွာနေတယ်

ရွှေနှလုံးသား

ရင်ငြိမ်းသူ ၆၆။

၊ မော်လမြိုင်၊

နွယ်ပင်လေးရဲ့

အလင်းရောင်

ရွှေဝတ္ထု

၁၀၂။ ချစ်ကြည်အေး

ချစ်ပိုင်ခွင့်

၁၁၀။ နေ့၊ ပင်လယ်ကြား၊

အသစ်တရား

၁၂၀။ ယိုးနှောင်မိုး

ဇရပ်ဒကာ

၁၅၀။ ပိုကောင်းသော်

၊ ကျောက်ဘည်၊

ကိုးဖြာသော သဲဝဲမှာ

နစ်မြှုပ်၊

နုတ်၍မရ ဘဝများစွာ…

၁၆၀။ ရှေးဒီမိုစည်ဓမ

မိုးမြင့်ထက်ဖျားဆီ

၁၇၀။ မောင်ရေချမ်း

အသံတုများ

၁၈၀။ ဒယ်ပေါ်ကော

မြတ်မလား

ဆားသိပ် အစိတ်လျှော့

၂၀၀။ ဥုဆုပန် ၊ ဆားသင်းတြိး၊

ချစ်မျှဉ်းပြိုင်

ရွှေဝတ္ထုများကို

ပြန်လည်တူးဖော်ခြင်း

၂၁၄။ ဒိန်ခင်မောင်ရီ

အနုမင်းသား

ရွှေအခန်းဆက် ဝတ္ထုရှည်

၂၃၀။ ခင်ခင်ထူး

တောမင်းသမီး

ရွှေဝတ္ထုရှည်စ/ဆုံး

၂၄၀။ မြသျှေးနီ

အနုဇ္ဇစကြဝဠာ

အနုဇ္ဇသတ္တဝါတို့…

၂၅၂။ လူခါး

မြင့်နေသောနေ

ရင့်နေသောအရွှေး

စီးနေသောမြစ်






www.burmeseclassic.com

www.burmeseclassic.com

ရုပ်စုံမဂ္ဂဇင်း
အမှတ် ၂၄၇၊ ဩဂုတ်၊ ၂၀၁၄
ဝင်းငြိမ်း စီစဉ်တည်းဖြတ်သည်



## ရသစာတမ်း

၈၂။ **ပါနု**
မိုးနှင်းနှင့်ပန်းနု

## ဆွေးအသစ်

၂၁၆။ ................................
၂၂၂။ ................................
၂၂၆။ ................................
၂၃၂။ ................................

## ဆွေးသုတ

၆၂။ **မင်္ဂလာရွှေမောင်း**
စာကောင်းကင်က
လင်းလက်ကြယ်

၈၈။ **မောင်သန်းဆွေ**
(ထားဝယ်)
အမှိုက်ထဲမှ ရွှေ

၁၀၈။ **မြင့်သန်း**
လမ်းဆုံးခရီးသည်
ကဗျာတစ်ပုဒ်နှင့်
ငန်းရိုင်းစေတီကြီး

၁၂၄။ **နေဝိ** (ကျောက်ဆည်)
ရေငတ်ပန်းလေး
လန်းရသည်

၁၃၄။ **ဟိန်းအာကာချစ်**
နွေနှောင်းဝသန်
အရှုပ်တော်ပုံ

၁၅၆။ **မောင်ခင်မင်** (ဓနုဖြူ)
စကားသမုဒ္ဒရာထဲမှာ-၃

၁၆၆။ **အာနို** (တောင်လုံးပြန်)
စွဲလမ်းမိသော
ဝတ္ထုများနှင့်
ဆင်တူယိုးမှားပြဿနာ

၁၇၆။ **မိုးသံ** (ပုသိမ်)
ဦးလေးကျားဘညိမ်း

၁၈၆။ **လှမြင့်အောင်**
(တောင်ကုတ်)
ရွှေပန်းခင်းကို
ဖြတ်သန်းခြင်း

အယ်ဒီတာအဖွဲ့-
တိုက် (၂၀/၂၃)၊ အခန်း (၃-၀၃)၊ ၅၂ လမ်း
(အောက်ဘလောက်)၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်။ ဖုန်း-၀၁-၉၀၁၀၁၁၅
Email :
nyeinfamily@gmail.com
မျက်နှာဖုံး၊ မေတ္တာလက်ဆောင်နှင့်
အတွင်းပုံနှိပ်သူ ဦးညာဏ်လှိုင် (၀၅၂၅၃)၊
ငွေမျှောလှပုံနှိပ်တိုက်
အမှတ် ၁၁၁၀၊ ရွှေတောင်ကြား ၅ လမ်း
ဗဟိုလမ်းကွက်၊ ဝက်မစွတ် တောင်အုပ်၊ ရန်ကုန်မြို့၊
ထုတ်ဝေသူ -ဦးညာဏ်လှိုင် (၃၇၁၀)၊
အမှတ် ၁၃၃၊ လမ်း ၄၀၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး - ငွေမျှောလှစာပေ၊ အမှတ် ၁၃၃၊
လမ်း ၄၀၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၃၉၈၂၂၀
စာတိုက်သေတ္တာအမှတ် ၁၂၅
E-mail :
zabutalu@gmail.com
Available at : iTune Store



www.burmeseclassic.com

www.burmeseclassic.com



# သူတို့အရေး

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၂၃၇၊ ဩဂုတ်၊ ၂၀၁၄

မင်းသန့်မောင်မောင်၏ ၁၇ နှစ်ပြည့်မွေးနေ့ကို ဖခင်အပါအဝင် မိတ်ဆွေသူငယ်ချင်းများနှင့် ပျော်ပျော်ရွှင်ရွှင် ကျင်းပခဲ့ပါသည်။



မော်ဒယ်လ် ဟန်သီနှင့်အမှတ်တရ




မင်းသန့်မောင်မောင်၏ ၁၇ နှစ်ပြည့်မွေးနေ့ကို မေဂရေ့စ်၊ မေမြတ်နိုးနှင့် နိုးစက်မိုင်တို့လည်း တက်ရောက်ချီးမြှင့်ခဲ့ပါသည်။

သရုပ်ဆောင် ပိုင်ဖေရဲထွန်းတို့ ဇနီးမောင်နှံနှင့်အတူ...




www.burmeseclassic.com

www.burmeseclassic.com



မော်ဒယ်လ် ထွန်းကိုကိုနှင့် သရုပ်ဆောင် မိုးယုစံတို့လည်း မွေးနေ့ပွဲကို တက်ရောက်ချီးမြှင့်ခဲ့ပါသည်။





# ရွှေအမြုတေ ၂၅ နှစ်ပြည့် အထူးထုတ်မည်

၁၉၈၉ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့က စတင်ထုတ်ဝေခဲ့တဲ့ ရွှေအမြုတေမဂ္ဂဇင်းရဲ့သက်တမ်းက ၂၀၁၄ ခုနှစ် ဇူလိုင်လမှာ ၂၅ နှစ်ပြည့်တာ ဖြစ်ပေမဲ့ တင်ထုတ်အဖြစ် ထုတ်ဝေစဉ် ကာလက လကျော်ခဲ့ရတာများ ရှိခြင်းကြောင့် အမှတ် ၃၀၀ ပြည့်မယ့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ထုတ်ကို ၂၅ နှစ်ပြည့် အထူးထုတ်အဖြစ် ထုတ်ဝေသွားမှာဖြစ်ပါတယ်။ တစ်ဦးချင်းဝယ်ယူလိုသူများအနေနဲ့လည်း ငွေကြိုပို့စနစ်ဖြင့် ရွှေအမြုတေ ဖြန့်ချိရေး တည်ရှိရာ အမှတ် ၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ တယ်လီဖုန်းအမှတ် ၀၁-၃၉၈၂၂၀ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း ကြိုတင်အသိပေးအပ်ပါတယ်။ ❑

# မင်းသန့်မောင်မောင် ၁၇ နှစ်ပြည့်ပြီ

အကယ်ဒမီ ဒါရိုက်တာ စင်ရော်မောင်မောင်နဲ့ အကယ်ဒမီ မေသန်းနုတို့ရဲ့ တစ်ဦးတည်းသောသားဖြစ်တဲ့ မင်းသန့်မောင်မောင်ရဲ့ ၁၇ နှစ်ပြည့်မွေးနေ့ကို ဇူလိုင်လ ၃ ရက်နေ့ ညနေ ၆ နာရီအချိန်က ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star ဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။ ၁၇ နှစ်ပြည့်တဲ့ ဒီအခမ်းအနားမှာ မင်းသန့်မောင်မောင်က ဖခင်ဖြစ်သူ ရိုက်ကူးမယ့် ကြော်ငြာတစ်ခုမှာ ပါဝင်သရုပ်ဆောင်ပြီး ပြည်ပနိုင်ငံတစ်ခုခုမှာ ဒါရိုက်တာပညာနဲ့ ထုတ်လုပ်မှုအပိုင်းတို့ကို ၃ နှစ်ကြာ သွားရောက်လေ့လာမယ်လို့ ကြေညာခဲ့ပါတယ်။ ပြည်ပမှ ပြန်လာတဲ့အခါ မင်းသန့်မောင်မောင်ကို သရုပ်ဆောင်တစ်ဦးအဖြစ် မြင်တွေ့နိုင်သလို ဒါရိုက်တာတစ်ဦးအဖြစ်လည်း မြင်တွေ့နိုင်ကြမှာ ဖြစ်ပါတယ်။ ❑

www.burmeseclassic.com


www.burmeseclassic.com

# သူတို့အရေး





'အချစ်စုန်း'ရိုက်ကွင်းပေါ်က
ရွှေမှုံရတီနှင့် နေမင်း



ဒါရိုက်တာ ပွင့်သီဂီဇော်

## မိသားစုလိုက် ဒါရိုက်တာ

ဥ ဇာတ်ကားနဲ့ ဒါရိုက်တာ ထူးချွန်ဆု ရရှိခဲ့တဲ့ ကိုဇော်(အရဏ်ဦး)ရဲ့ သမီးဖြစ်သူ ပွင့်သီဂီဇော်လည်း ဗီဒီယိုဒါရိုက်တာအဖြစ် စတင်ရိုက်ကူး နေပါပြီ။ နေမင်း၊ ရွှေမှုံရတီတို့ ဦးဆောင်ပါဝင်ပြီး ရွှေစင်ဦး ဗီဒီယို ထုတ်လုပ်ရေးကထုတ်လုပ်မယ့် **အချစ်စုန်း** ဇာတ်ကားကို ရိုက်ကူးခြင်း ဖြစ်ပါတယ်။ ပွင့်သီဂီဇော်က ယခင် ဗီစီဒီများကို ရိုက်ကူးခဲ့ပြီး ဖခင်ဖြစ်သူ ရိုက်ကူးတဲ့ကားများကိုလည်း တည်းဖြတ်ပေးသူဖြစ်တာကြောင့် ကျွမ်းကျွမ်းကျင်ကျင် ရိုက်ကူးနိုင်ပြီဖြစ်ပါတယ်။ မိခင်ဖြစ်သူ မသီတာကလည်း ဉာဏ်လက်တော်အမည်နဲ့ ဇာတ်ညွှန်းရေးနေရာက တချို့ဇာတ်ဝင်ခန်းများကို ဝင်ရောက်ရိုက်ကူးလေ့ရှိပါတယ်။ ဒါကြောင့် ကိုဇော်(အရဏ်ဦး)တို့ မိသားစုက မိသားစုလိုက် ဒါရိုက်တာများဖြစ်နေကြပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အနုပညာပျိုးခင်း ဒုတိယခြေလှမ်း

ရုပ်ရှင်လောကအတွက် လိုအပ်နေတဲ့ အဓိကအမျိုးသမီး သရုပ်ဆောင်နေရာများမှာ ဖြည့်တင်းပေးနိုင်ဖို့ အမျိုးသား သရုပ်ဆောင်များဖြစ်ကြတဲ့ လူမင်း၊ ခန့်စည်သူ၊ နေတိုး၊ ပြေတီဦး၊ မြင့်မြတ်နဲ့ ဒါရိုက်တာ ဝိုင်းတို့က အနုပညာပျိုးခင်းအမည်နဲ့ ရွှေမှုံရတီ၊ အိချောပို၊ ယုသန္တာတင်တို့သုံးယောက်ကို အောင်မြင်စွာ ပွဲထုတ်ပေးနိုင်ခဲ့ပါတယ်။

အနုပညာပျိုးခင်းရဲ့ဒုတိယခြေလှမ်းအဖြစ် နောက်ထပ်အဓိကအမျိုးသမီးသရုပ်ဆောင်များ ဖြည့်တင်းပေးနိုင်ဖို့ ဩဂုတ်လ ၁၅ ရက်နေ့ နောက်ဆုံးထားပြီး သတ်မှတ်ထားတဲ့အချက်အလက်များနဲ့ ကိုယ်တိုင်ရေးလျှောက်လွှာဖြင့် အလင်းတန်းဂျာနယ်သို့ ပေးပို့နိုင်ကြောင်း သိရပါတယ်။

❑



## ဒါရိုက်တာ စိုးကျော်ဆန်းရဲ့ အသည်းကွဲအိမ်ရှင်မ

လူမင်း၊ ယုသန္တာတင်၊ ငှက်ပျောကြော်၊ ကျော်ထူး၊ အေးအေးခိုင်၊ မျိုးမျိုးခိုင်၊ အေးသီတာ၊ အုံ့မင်းညိုနဲ့ တခြားဇာတ်ပို့ဇာတ်ရံများစွာ ပါဝင်ထားတဲ့ ဗီဒီယိုကားတစ်ကားကို ဇာတ်ညွှန်းအကယ်ဒမီဆုရ ဒါရိုက်တာ စိုးကျော်ဆန်းက **အသည်းကွဲ အိမ်ရှင်မတို့ရဲ့အားကိုးရာ** အမည်နဲ့ ရိုက်ကူးနေပါတယ်။ အိမ်ထောင်ရေးဖောက်ပြန်တဲ့ ယောကျ်ားများကို စုံစမ်းထောက်လှမ်း အမိအရဖမ်းဆီးပေးတဲ့ ဟာသဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါတယ်။

❑

'အသည်းကွဲ အိမ်ရှင်မတို့ရဲ့အားကိုးရာ' ရိုက်ကွင်းပေါ်က ဒါရိုက်တာ စိုးကျော်ဆန်းနှင့် သရုပ်ဆောင် လူမင်း




www.burmeseclassic.com

www.burmeseclassic.com

# မော်ကျောက်စာ ကန်တော့ပွဲပေး

Myanmar Media 7 နဲ့ ထိုင်းနိုင်ငံမှာ ရုပ်ရှင်ထုတ်လုပ်ရေး ဖြစ်တဲ့ ကာတာနာတို့ ပူးပေါင်းပြီး **မော်ကျောက်စာ** လို့ အမည်ပေးထားတဲ့ ရုပ်ရှင်ကားတစ်ကား ကန်တော့ပွဲအခမ်းအနားကို ဇူလိုင်လ ၃ ရက်နေ့က ရန်ကုန်မြို့ ကရဝိက်နန်းတော် ဥတ္တရဆောင်မှာ ကျင်းပခဲ့ပါတယ်။ **မော်ကျောက်စာ** ရုပ်ရှင်ကားကို ဒါရိုက်တာ ဝင်းထွန်းထွန်းက ရိုက်ကူးမှာဖြစ်ပြီး မြင့်မြတ်၊ သူထူးစံ၊ ဖြိုးငွေစိုး၊ ထွန်းထွန်း၊ ရွှေမှုံ့ရတီ၊ မေမြင့်မိုရ်ရဲ့ အနုပညာရှင်ပေါင်းများစွာတို့ ပါဝင်သရုပ်ဆောင်ကြမှာ ဖြစ်ပါတယ်။ **မော်ကျောက်စာ** မှာ ထိုင်းနိုင်ငံမှ အမျိုးသားသရုပ်ဆောင်တစ်ဦးနဲ့ အမျိုးသမီးသရုပ်ဆောင်တစ်ဦးတို့လည်း ပါဝင်သရုပ်ဆောင်မှာဖြစ်တယ်လို့ သိရပြီး ထိုင်းနိုင်ငံမှ အကူအညီနဲ့ အထူးပြုလုပ်ချက်များ ပါဝင်မှာဖြစ်တယ်လို့ သိရပါတယ်။ ❑



*မော်ကျောက်စာ ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးအခမ်းအနားမှာ ကရဝိက်ဆင်အကဖြင့်လည်း ပါဝင်တင်ဆက်ခဲ့ပါသည်။



*မော်ကျောက်စာ* ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးအခမ်းအနားမှာ တက်ရောက်လာကြသည့် ပါဝင်သရုပ်ဆောင်ကြမည့်သူများ



www.burmeseclassic.com

www.burmeseclassic.com


သူထူးစံလည်း ပါဝင်သရုပ်ဆောင်ထားပါသည်။


နီနီခင်ဇော်နှင့် မိစန္ဒီ


ပိုင်းစုခိုင်သိန်းနှင့် အိမ့်ချစ်


ဒါရိုက်တာ ဝင်းထွန်းထွန်း၊ ဇာတ်ညွှန်း အကယ်ဒမီ ဇော်မြင့်ဦး ဦးမြင့်နှင့် ဇာတ်ညွှန်း အင်ကြင်းဟန်



# အနုပညာရှင်များ လက်မှတ်ရေးထိုးခဲ့တဲ့ မာရီယို

တေးသံရှင် နီနီခင်ဇော်ရဲ့ မာရီယို လို့ အမည်ပေးထားတဲ့ ဒီဗီဒီလက်မှတ် ရေးထိုးပွဲကို ဇူလိုင်လ ၆ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့၊ ပြည်လမ်းပေါ်ရှိ ဒဂုံစင်တာ ပရိမိုးရှင်း အပြင် ဘက်နေရာမှာ ကျင်းပခဲ့တယ်လို့ သိရပါတယ်။

"ဒီနေရာလေးကို ဘာဖြစ်လို့ ရွေးချယ်ရတာလဲဆိုတော့ နီနီ့ပရိသတ် များမယ်ထင်လို့ပါ။ ထင်တဲ့အတိုင်း အများကြီး လာအားပေးတဲ့အတွက် ပရိသတ်ကြီးကို ကျေးဇူးတင်တယ်။ ဒီနေ့ အရမ်းပျော်ပြီး စိတ်လှုပ်ရှားရတယ်။ ဘာလို့လဲဆိုတော့ ၃ နာရီနဲ့ ၅ နာရီကြားက ပုံမှန်မိုးရွာတဲ့အချိန်တွေလေ။ ပွဲလေး အဆင်ပြေပြေပြီးသွားဖို့ အိမ်ကနေ ဘုရားအများကြီး ရှိခိုး ဆု တောင်းခဲ့ရတယ်။ လက်မှတ်ရေးထိုးပွဲကို ဒီနေ့တစ်နေ့တည်း လုပ်မှာပါ။ နေရာလည်း ဒီတစ်ခုတည်းပါ" လို့ တေးသံရှင် နီနီခင်ဇော်က ပြောပါတယ်။ လက်မှတ်ရေးထိုးပွဲမှာ အနုပညာ မောင်နှမများဖြစ်ကြတဲ့ ပိုင်းစုခိုင်သိန်း၊ ခင်ဝင့်ဝါ၊ မိစန္ဒီ၊ နိုင်းဝမ်း၊ ယုန်လေး၊ အိမ့်ချစ်၊ ဝင့်ယမုံလှိုင်၊ ဟိန်းရတု၊ ထွန်းကိုကို၊ ဆုဇီတို့ကပါဝင်ခဲ့ပြီး တေးသံရှင် နီနီခင်ဇော်ကိုယ်တိုင်လည်း အားပေးကြတဲ့ ပရိသတ်များကို လက်မှတ်ရေးထိုးပေးခဲ့ပါတယ်။

■ **အောင်သန်းထွန်း**



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပါ လေးလေးငြိမ်း

နဝမအကြိမ်မြောက် ရွှေအမြုတေစာပေဆုပေး ပွဲကတော့ အောင်အောင်မြင်မြင် ကျင်းပပြီးစီး သွားခဲ့ပါပြီ။ ပွဲမှာ မြင်ရ၊ တွေ့ရ၊ ကြားရသမျှ ကို မနေနိုင်လို့ ပြောပါရစေဦး လေးငြိမ်းရေ။ လူစွာကျယ်လုပ်တယ်လို့ ရွတ်ချကြရင်လည်း သဘောပါ ခင်ဗျာ။ လွန်တာရှိ ဝန္ဒာမိပေါ့။

ပထမဆုံး အစီအစဉ်အနေနဲ့ လေးငြိမ်းက အဖွင့်အမှာစကား တက်ပြောတဲ့အခါ သိတတ်သူများက လေးလေးစားစား ငြိမ်သက် နားထောင်ပါတယ်။ စားပွဲ ဝိုင်းတွေမှာ ထိုင်နေတဲ့ လူကြီးမင်းတချို့ကတော့ အချင်းချင်း အာလာပသလ္လာပပြောလိုက်၊ တဟီးဟီးတဟားဟား ရယ်မော



လွင်မိုးနဲ့ လူမင်း



ရတနာမိုင်နဲ့ ယုန်လေး

လိုက်နဲ့ ပွဲကျနေကြပါတယ်။ စာပေဆုပေးပွဲကို တက်ရောက် ချီးမြှင့်ကြတဲ့ ပုံစံများ စင်ပေါ်က လူတွေကိုမှ အားမနာ။ (ကွန်ဖြူတစ်ခွဲသားနဲ့ ဝစီပိတ်နေရမယ်လို့ ဆိုလိုတာ မဟုတ် ပါဘူး။)

နောက် ဆုရသူများကို ဖွင့်ဖောက်ကြေညာပေးပါတယ်။ ဆရာ ဆရာမများက ဆုရွေးချယ်ရေးအဖွဲ့ရဲ့ သုံးသပ်ချက်ကို ဖတ်ကြားပေးရပါတယ်။ နားထောင်သူ ခပ်ရှားရှား၊ တဝါးဝါး တဟားဟား။ ဆုရသူများက အမှတ်တရ ကျေးဇူးတင်စကား တက်ပြောတော့ ပိုလို့တောင် ဆိုးနေသေး။ စာပေဟောပြောပွဲ တွေမှာ မြန်မာနိုင်ငံဟာ အဆင့်အတန်းမီ ကောင်းမွန်တဲ့ Mindsetမျိုး လိုအပ်နေပါတယ်လို့ နိုင်ငံတကာနဲ့ ယှဉ်ယှဉ်ပြီး ဟောပြောလေ့ရှိတဲ့ နာမည်ကြီး စာရေးဆရာတစ်ဦးဆို စင်ပေါ် မှာ သုံးသပ်ချက် ဖတ်ကြားနေတုန်း အောက်မှာ အာပေါင်အာ ရင်းသန် ပြောဆိုနေတာများ။ အံ့ရော…။ အံ့ရော…။

'စင်ပေါ်မှ စကားပြောသူ၏ ဂုဏ်သိက္ခာ၊ ပွဲကျင်းပပေး သူ၏ စေတနာနှင့် ပွဲလာပရိသတ်တို့၏ ဝီရိယကို ထောက်ရှု သောအားဖြင့် စကားပြောချိန် အနည်းကို ငြိမ်သက်စွာ နား ထောင်ခြင်းဖြင့် တစ်တပ်တစ်အား ပါဝင်ဂုဏ်ပြုစေလိုပါ သည်။'လို့ ဆရာမ အဖြူရောင်(ရွှေ) တကူးတက မေတ္တာရပ်ခံ ရတာ ဒါကြောင့်ကိုး။

ဘာပဲပြောပြော ဆုရသူများနဲ့ ထပ်တူထပ်မျှ ပီတိဖြစ်ရ ဂုဏ်ယူဝမ်းသာခဲ့ရပါတယ်။ လေးငြိမ်း အသက်ရှည် ကျန်းမာ



www.burmeseclassic.com

www.burmeseclassic.com

[illegible] ရွှေအမြုတေ[illegible]ပွဲကြီးကို [illegible]လက်ကျင်းပနိုင်ပါစေလို့ ဆန္ဒပြုပါတယ်။ လေးငြိမ်းနဲ့တကွ ရွှေအမြုတေ ဝိုင်းတော်သူ ဝိုင်းတော်သားများ စာပေအကျိုးဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေ။ အမှားပါသွားခဲ့ရင် ခွင့်လွှတ်ပေးပါခင်ဗျာ။

သံလွင်ကို၊မော်လမြိုင်၊

ရွှေအမြုတေစာပေဆုပေးပွဲက စာရေးဆရာများကို ဆုံစည်းစေတဲ့ ပွဲဖြစ်တာကြောင့် ဆုံတုန်းဆုံခိုက်မှာ ပြောစရာစကားတွေ မကုန်နိုင် မခန်းနိုင် ဖြစ်နေကြလို့ စင်ပေါ်မှာ ဘယ်သူဘာပဲပြောပြော စိတ်မဝင်စားနိုင်ဘဲ သူတို့ချင်းသာ ပြောနေကြတာ ဖြစ်ပါလိမ့်မယ်။ ဒီနှစ်ဆိုရင် တစ်ခါမှ အရက်မသောက်ဖူးပါဘူးဆိုတဲ့ စာရေးဆရာတစ်ယောက်က ညှော်ခံထားတဲ့ အရက်ကို အတိုင်းအဆမရှိ သောက်ပြီး ဟိုတယ်ကော်ဇောပေါ်မှာ နှစ်ခါအန်ပစ်ခဲ့ပါတယ်။ သူတို့ပျော်တာဆိုတော့လည်း ကျွန်တော့်ဘက်က ဘာမှပြောစရာမရှိပါဘူး။ ❑

မင်္ဂလာပါ ဦးဝင်းငြိမ်း…

ကျွန်တော်က ရွှေရဲ့ ပရိသတ်ပါ။ ကျွန်တော်တို့ ရွာမှာက စာအုပ်ဆိုင် မရှိတဲ့အတွက်ကြောင့် ရွှေနဲ့ အလှမ်းဝေးခဲ့တဲ့သူပါ။ ကျွန်တော်က ငယ်ငယ်ကတည်းက စာဖတ်ဝါသနာပါတာမို့ ကျောင်းမှာ ရွှေသွေးတို့၊ ကာတွန်းတို့ အမြဲဖတ်ပါတယ်။ အလယ်တန်း၊ အထက်တန်းရောက်တော့ ကျွန်တော်တို့ သွားနေရတဲ့ ကျောင်းမှာ စာကြည့်တိုက် မဖွင့်တဲ့အတွက်ကြောင့် စာမဖတ်ရပါဘူး။ လုံးချင်းဝတ္ထုတချို့တော့ တစ်ခါတစ်ရံဖတ်ရပါတယ်။ ဒါပေမဲ့ အဲဒီဝတ္ထုတွေက လူငယ်တွေအတွက် အချစ်အကြောင်းနဲ့ ပတ်သက်ပြီး စိတ်ကူးယဉ်စရာ ကောင်းလှပါတယ်။ ဒီစာတွေ မဟုတ်တော့ မဟုတ်သေးဘူးလို့ တွက်ပါတယ်။ ဒါပေမဲ့ ဖတ်စရာမရှိတော့လည်း ဖတ်ဖြစ်သွားပြန်တာပါပဲ။ နောက်တော့ 'လမင်းမိုမို'တို့၊ 'ခင်ဦးခင်ခင်'တို့ ဖတ်ရပါတယ်။ သူတို့ စာအုပ်တွေတော့ ကျွန်တော် သဘောကျပါတယ်။ အဖက်၊ အပွေ့…တွေ အသားပေးမရေးဘူး။ လူ့ဘဝမှာ ဖြစ်တတ်တဲ့ သဘောလေးတွေ ရေးတာဆိုတော့လေ။ နောက်တော့ ကျွန်တော်တို့ရွာ အနောက်ဘက်ကရွာမှာ စာကြည့်တိုက် ဖွင့်တာကြောင့် မဂ္ဂဇင်းအချို့ ဖတ်ရပါတယ်။ အဲဒီတော့မှ ကျွန်တော် ဝတ္ထုတိုတွေကို တအားကြိုက်ပြီး ဝတ္ထုတိုတွေ ရေးကြည့်ပါတယ်။ တိုတိုနဲ့လိုရင်း ချုံ့ရေးပြီး ရသမြောက်တာကို အရမ်းသဘောကျပါတယ်။ ကျွန်တော် အားထားတဲ့ စာကြည့်တိုက်ကလေးကလည်း မကြာခင် ပိတ်သွားတာပါပဲ။ အဲဒီမှာ ကျွန်တော်က ရွှေကို ကြိုက်ကျွန်ခဲ့ပါတယ်။ ရွှေကို ကြိုက်တာက ဝတ္ထုတိုတွေ အများကြီးထည့်လို့ပါ။ ကျွန်တော် 'ငြိမ်းသူ'ဆိုတဲ့ နာမည်နဲ့ ရန်ကုန်မှာ အလုပ်လုပ်တုန်းက ရန်ကုန်လိပ်စာနဲ့ စာမူလာပို့ခဲ့ပါသေးတယ်။ ရွှေရဲ့မူကို သိတာကြောင့် နောက်လထွက်တဲ့ စာအုပ်မှာရှာပြီး ငါ့စာမူ အရွေးမခံရဘူးဆိုပြီး နေလိုက်တာပါ။ အဲဒီနောက် ရွာပြန်ခဲ့တဲ့ [illegible]ကြောင့် စာမူလည်း ထပ်မထည့်ဖြစ်ခဲ့ပါဘူး။ ရေးထားတာတွေတော့ အများကြီး ရှိပါတယ်။ ကျွန်တော် ပို့ခဲ့တဲ့စာမူ ပြန်ကြားချက်ကို ၂၀၁၁ မှာ ထည့်ခဲ့တာ ဆိုတော့ ၂၀၁၂ နဲ့ ၂၀၁၃ မဂ္ဂဇင်းတွေ အခုနေ ရှာဖတ်ပေမဲ့ စာအုပ်တွေက ရှာလို့မရတော့ပါဘူး။ အခု ကျွန်တော်က မြို့နဲ့နီးတဲ့နေရာမှာ အိမ်ထောင်နဲ့ လိုက်နေတာမို့ စာမူတွေ ပြန်ပို့ချင်ပါတယ်။ ဆရာမောင်ငြိမ်းသူ(ကြို့ပင်ကောက်)ရှိတယ်ဆိုတာ သိရတဲ့အတွက်ကြောင့် အခု ကျွန်တော့် ကလောင်အမည်ကို 'ဆုလဒ်ပြည့်'လို့ ပြောင်းပြီး စာမူထည့်လို့ရမလား၊ ပြန်ကြားပေးစေချင်ပါတယ်။ စာရှည်သွားပြီမို့ နောက်လမှ ထပ်ရေးပါဦးမယ်နော်။

လေးစားစွာဖြင့်

မကြည်ကြည်၊မော်ကျွန်း၊

ကလောင်နာမည်ကတော့ ကြိုက်တဲ့နာမည်ပြောင်းလို့ရပါတယ်။ တစ်ခုရှိတာက ပုံနှိပ်ဖော်ပြခံရပြီးမှ နောက်တစ်မျိုးပြောင်းရင် ပထမနာမည်ကို နှမြောစရာကောင်းပါလိမ့်မယ်။ ဝါသနာပါတယ်ဆိုရင် အချိန်မရွေး ပို့လို့ရပါတယ်။ ■

ဝင်းငြိမ်း

ထားထက်ထက်နဲ့
ခင်လေးနွယ်


www.burmeseclassic.com

www.burmeseclassic.com

# သြဂုတ်လ မွေးနေ့ရှင် စွမ်း

ညီနိုးအာကာသျှင်

ဓာတ်ပုံ- ကိုလင်း(Studio-K)




www.burmeseclassic.com

www.burmeseclassic.com

ဩဂုတ်လထုတ်
ရွှေအမြုတေမဂ္ဂဇင်းရဲ့
မျက်နှာဖုံးရှင်အဖြစ်
ရွေးချယ်ထားတာကတော့
ဩဂုတ်လမှာ
အသက် ၂၄ နှစ်ပြည့်မယ့်
သဘင်မင်းသား၊
မီဒီယိုသရုပ်ဆောင်
စွမ်း(ခေါ်)စွမ်းဇာနည်ပဲ
ဖြစ်ပါတယ်။
မျက်နှာဖုံးဓာတ်ပုံ
ရိုက်ကူးရေးကိုတော့
ကိုယင်း(Studio-K)မှာပဲ
ရိုက်ကူးဖြစ်ခဲ့ပြီး မိတ်ကပ်
သီသီမောင်(စမ်းချောင်း)က
ပြင်ဆင်ပေးခဲ့ပါတယ်။
ပထမစီစဉ်ထားတာက
ဘူဒယ်ပန်းစီစတိုင်နဲ့ပဲ
ရိုက်ကူးဖို့ဖြစ်ပေမဲ့
အာသနာဘောင်
ခင်ထားရာက
ဆံပင်ပြန်မရှည်
သေးတဲ့အတွက်
သိပ်ပြီး
စိတ်တိုင်းမကျလို့
ဆံပင်တုနဲ့
ခန့်စီပုံတွေကို
ရိုက်ကူးဖြစ်ပါတယ်။
ဒါ့အပြင်
စွမ်းရဲ့ စိတ်ကူးအရ
ဇာတ်မင်းသားဝတ်စုံနဲ့လည်း
ဆက်လက်ရိုက်ကူး
ဖြစ်ခဲ့ပါသေးတယ်။
ခန့်စီဝတ်စုံနဲ့
ရိုက်ကူးအပြီးမှာတော့
မိတ်ကပ်
သီသီမောင်
(စမ်းချောင်း)
ကပဲ
အပြောင်
ဇာတ်မင်းသား
ဝတ်စုံနဲ့ စွမ်းကို
ပြင်ဆင်ခြယ်သ




www.burmeseclassic.com

www.burmeseclassic.com

ပေးပါတယ်။ ဇာတ်မင်းသားဝတ်စုံ အပြင်အဆင်မှာ အတော်လေး အချိန်ကြာမယ်လို့ ထင်မိပေမဲ့ တကယ်တမ်း ပြင်ဆင်ဝတ်စားတဲ့အခါမှာတော့ ဇာတ်မင်းသားတစ်ယောက်ဖြစ်တဲ့ စွမ်းက ခပ်မြန်မြန်ပဲ အပြီးသတ် ပြင်ဆင်နိုင်ခဲ့ပါတယ်။ စွမ်းက မင်းသားဝတ်စုံ ၃ စုံကို ရွှေအမြုတေ မျက်နှာဖုံးရိုက်ဖို့ မန္တလေး စိန်ဝေဖူးတိုက်က ချုပ်ခဲ့ပြီး ရိုက်ကူးရေးမှာတော့ နှစ်စုံနဲ့ပဲ ရိုက်ဖြစ်ခဲ့ပါတယ်။ ညနေ ၅ နာရီလောက်ကတည်းက စရောက်ခဲ့တဲ့ ကိုလင်း(Studio K)မှာ ည ၈ နာရီထိုးလောက်အထိ စွမ်းကလည်း ကြိုးစားပမ်းစား စိတ်တိုင်းကျ ရိုက်ကူးပေးခဲ့ပါတယ်။ ဖန်စီဝတ်စုံတစ်စုံ၊ မင်းသားဝတ်စုံနှစ်စုံနဲ့ ရွှေအမြုတေ မျက်နှာဖုံးကို ရိုက်ကူးအပြီးမှာတော့ စွမ်းနဲ့ စကားစကား ပြောဖြစ်ပါတယ်။ အင်တာဗျူးမလုပ်ခင်မှာ "စွမ်းက ဇာတ်မင်းသားလုပ်တော့ စွမ်းဇာနည်၊ ရုပ်ရှင်မင်းသားလုပ်တော့ စွမ်း၊ ဘာလို့ နာမည်နှစ်ခုပေးထားရတာလဲ" လို့ မေးကြည့်တော့ စွမ်းက ရယ်ပြီး "ကျွန်တော့်နာမည်အရင်းက စွမ်းဇာနည်လေ။ ဇာတ်ကတော့လည်း စွမ်းဇာနည်ပဲ။ မင်းထက်လုပ်ရေးနဲ့ ရုပ်ရှင်ရိုက်ဖို့လုပ်တော့ ပရိုဂျူဆာက ဒီနာမည် မကြိုက်ဘူး။ နာမည်ပြောင်းပေးတဲ့။ ကျွန်တော်က ကိုယ့်နာမည်ကြီးကိုတော့ အကုန်မပြောင်းနိုင်ဘူး။ စွမ်းဇာနည်ကို မကြိုက်ရင် စွမ်းတစ်လုံးတည်းနဲ့ ရိုက်မယ်ပြောလိုက်မှ လက်ခံပြီး ရုပ်ရှင်မှာ **စွမ်း၊** ဇာတ်မှာ **စွမ်းဇာနည်** ဖြစ်သွားတော့တာပဲဗျာ" လို့ ရှင်းပြပါတယ်။

ဆက်လက်ပြီး အသံဖမ်းစက်ကိုဖွင့်လို့ စွမ်း(ခေါ်)စွမ်းဇာနည်နဲ့ ရွှေအမြုတေမဂ္ဂဇင်း မျက်နှာဖုံးရှင် အင်တာဗျူးကိုစတင် မေးမြန်းဖြစ်ခဲ့ပါတော့တယ်။

**ပထမဦးဆုံး ရွှေအမြုတေမဂ္ဂဇင်း မျက်နှာဖုံးရိုက်ကူးရေးအတွက် စဉ်းစားပြင်ဆင်ခဲ့ပုံကို ပြောပြပါဦး။**

မျက်နှာဖုံး ရိုက်ကူးဖို့အတွက် လွှေလွှေလူးလူးကြီး စဉ်းစားပြင်ဆင်ခဲ့တာတော့ မရှိပါဘူး။ ရိုက်မယ့်ရက်ကပ်ပြီးမှ သိရတာလည်းပါတယ်။ မင်းသားဝတ်စုံနဲ့ ရိုက်ဖို့ကိုတော့ မရိုက်ခင် ရက်ပိုင်းကမှ စိတ်ကူးရမိတာပေါ့။ ကျွန်တော် ဆံပင်ကလည်း ဘုန်းကြီးဝတ်ပြီး ထွက်ခါစ ဆိုတော့ဆံပင်ကလည်း ကတုံးဆံပင် ငုတ်တိုလေး ဖြစ်နေတာ။ ဖန်စီပုံ ရိုက်ရင် အဆင်မပြေဘူးလေ။ ဒါပေမဲ့ စရိုက်တော့



www.burmeseclassic.com

www.burmeseclassic.com

ဆံပင်တု စွပ်ကြည့်တာ အဆင်ပြေသွားတယ်။ ဆံပင်တုနဲ့ ဖန်စီပုံတွေ ရိုက်ဖြစ်သွားတာပေါ့။ နောက်တစ်ခုက မင်းသားဝတ်စုံတွေကို အမြန်မှာရတယ်။ အမြန်မှာရတယ်ဆိုတော့ မင်းသားဝတ်စုံကို သိပ်တော့ စိတ်တိုင်းမကျလိုက်ဘူး။ ဒါပေမဲ့ အဆင်တော့ပြေသွားပါတယ်။ မန္တလေး စိန်ဝေဖူးတိုက်က ဝတ်စုံ ၃ စုံရပြီး မျက်နှာဖုံးအတွက် မင်းသားဝတ်စုံ ၂ စုံ ရိုက်ဖြစ်တာပေါ့။

**ဓာတ်ပုံရိုက်ကူးရတာနဲ့ ဗီဒီယိုရိုက်ကူးရတဲ့ အတွေ့အကြုံနှစ်မျိုးမှာ ဘယ်ရိုက်ကူးမှုကိုပိုကြိုက်သလဲ။ တချို့က ဓာတ်ပုံရိုက်ရတာ ဝါသနာမပါတာမျိုးလဲရှိတော့ စွမ်းရဲ့ စိတ်ခံစားမှုကို ပြောပါဦး။**

တကယ်တော့ အလုပ်ပါပဲ။ နှစ်မျိုးစလုံးက ကျွန်တော့်အလုပ် ဖြစ်နေတော့ ဘာကို ပိုအားသန်တယ်ဆိုတာမျိုး မရှိပါဘူး။ အနုပညာအလုပ်ဖြစ်တဲ့အတွက် ကျွန်တော့်စိတ်ထဲကြည်လင်နေတဲ့ အချိန်အခါမျိုးဆို လုပ်ရကိုင်ရ ပိုကောင်းတာပေါ့။ စိတ်အနှောင့်အယှက်ဖြစ်စရာတွေ၊ စိတ်ရှုပ်စရာတွေရှိနေရင်တော့ နှစ်ခုစလုံး လုပ်ရတာ သိပ်အဆင်မပြေဘူး။

**မင်းထုတ်လုပ်ရေးနဲ့ စွမ်းက သရုပ်ဆောင်ဘက်ကို ဝင်ခဲ့တာဆိုတော့ သရုပ်ဆောင်ပိုင်း ခရီးအစကို ပြန်ပြောပြဦးဗျာ။**

ကျွန်တော် ရုပ်ရှင်လောကထဲ စရောက်ခဲ့တာကတော့ ကုမ္ပဏီက မင်းသားသစ်ခေါ်တယ်ဗျ၊ အဲဒီမှာ မင်းကုမ္ပဏီနဲ့ ကျွန်တော်တွေ့ပြီး ကား ၁၀၀ စာချုပ်ချုပ်ဖြစ်ခဲ့တယ်။ စပြီး လုပ်ခါစက သိပ်ဝါသနာမပါဘူးဗျ။ ကျွန်တော်က ဓာတ်မင်းသားဆိုတော့ ကချင်၊ ဆိုချင်စိတ် ပိုများနေတယ်။ ဒါပေမဲ့ လုပ်ရင်းလုပ်ရင်း တအားဝါသနာပါသွားတာပေါ့။

**ဓာတ်မင်းသားအဖြစ်ကနေ သရုပ်ဆောင်ဘက်ကို ကူးတယ်ပေါ့။**

ဟုတ်ပါတယ်။ ဓာတ်မင်းသား အရင်ဖြစ်ပြီးမှ သရုပ်ဆောင်မင်းသားဖြစ်တာပါ။

**သဘင်ဘက်ရော သရုပ်ဆောင်ဘက်ကိုပါ နှစ်ဖက်ခွလုပ်ရတော့ တစ်ခါတစ်ရံ တစ်ခုခုကိုပဲ အောက်ချလုပ်ချင်လာတာမျိုး ဖြစ်ဖူးလား။ စိတ်ပင်ပန်းလာရင်ပေါ့။**

စိတ်ပင်ပန်းမှုလို့တော့ မသတ်မှတ်ထားပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အလုပ်ပဲလေ။ နှစ်မျိုးစလုံးကလည်း ကျွန်တော်ဝါသနာပါတဲ့ အလုပ်တွေပဲဆိုတော့ အလုပ်လုပ်ရတာကို ပျော်နေတာ။ အလုပ်မလုပ်ရရင် ဖျင်းသလိုကို ဖြစ်ရောဗျ။ လူကတော့ ပင်ပန်းတာပေါ့။ စိတ်ပင်ပန်းတယ်လို့တော့ မရှိဘူး။ ကျွန်တော် ဓာတ်က၊လိုက်၊ ကားရိုက်လိုက်နဲ့ ဒီလိုပဲ ဖြတ်သန်းနေတာဆိုတော့ နားရက်လည်းမရှိသလောက်ပါပဲဗျာ။

**စွမ်းရဲ့ ပထမဆုံး ရိုက်ဖြစ်ခဲ့တဲ့ ကားက ဘယ်ကားဖြစ်မလဲ။**

ပထမဆုံး စရိုက်တဲ့ ကားက ဒါရိုက်တာ စိုးကျော်







www.burmeseclassic.com

www.burmeseclassic.com

ဆန်း ရိုက်တဲ့
ရွှေကောင်းဘောပေါ်ကျမှ
ရွှေမျက်ရည်လား
ဇာတ်ကားပါ။
ဒါဆို
ရုပ်ရှင်မင်းသားအဖြစ်
စွမ်းကို
ပရိသတ်စတင်အားပေး
သတိထားမိခဲ့တဲ့
ကားကရော။
ကျွန်တော့်ရဲ့
၅ ကားမြောက်
ရိုက်ခဲ့တဲ့ကားလေး။
ဒါရိုက်တာ ,
ဦးဒေါနု ရိုက်တဲ့
ဟန်ဆောင်ကာမှုပို
ကားပေါ့။
မင်းသမီးက
မထက်(ထက်ထက်မိုးဦး)နဲ့။
အဲဒီကားလေးကစပြီး
စွမ်းကို ပရိသတ်သတိထား
အားပေးခဲ့ကြတယ်
ထင်ပါတယ်။
**အခုနောက်ပိုင်းရော**
**တစ်လကို ဘယ်နှကား**
**လောက် ရိုက်ဖြစ်သလဲ။**
သဘင်ရာသီရောက်
သွားပြီဆိုရင်တော့
တစ်လကို ၁ ကား
လောက်ပဲ ရိုက်ဖြစ်တယ်။
ပုံမှန် မိုးတွင်းနားတဲ့
အချိန်ဆိုရင်တော့
တစ်လ ၂ ကား
မဟုတ်ရင် ၃ ကားတော့
ရိုက်ဖြစ်တယ်။ ဟိုးအရင်
စရိုက်ခါစကတော့
တစ်လ ၄ ကား၊ ၅ ကား
အထိ ရိုက်ခဲ့ဖူးတယ်။
**စွမ်းက မင်းထုတ်လုပ်ရေးနဲ့**
**စာချုပ်ထားတယ်ဆိုတော့**
**အခြားထုတ်လုပ်ရေးတွေနဲ့ရော**
**ကားတွေ ရိုက်ဖြစ်လား။**
တစ်လ ၁ ကား
ဆိုရင်လည်း
မင်းထုတ်လုပ်ရေးနဲ့ပဲ
ရိုက်ဖြစ်တယ်။
ကျွန်တော်တို့က
ကား ၁၀၀ စာချုပ်
ထားတာဆိုတော့
အပြင်ထုတ်လုပ်ရေးနဲ့
မရိုက်ရဘူး။





www.burmeseclassic.com

www.burmeseclassic.com



စာချုပ် ပြည့်ပြီးမှသာ ရိုက်ခွင့် ရှိပါတယ်။ စာချုပ်ကလည်း မပြည့်သေးဘူးလေ။

**စာချုပ်အရ ဘယ်နှကား ကျန်သေးလဲ။**

သိပ်မကျန်တော့ဘူးဗျ။ နောက်ထပ် ၁၀ ကား လောက်ရိုက်ပြီးရင် ပြည့်ပြီ။

**စာချုပ်နဲ့ဆိုတော့ ကားကြီးတွေ ဘာတွေ အခြားတိုက်က ငှားရင်ရိုက်ခွင့် မရှိဘူးလား။**

ဇာတ်ကားကြီး၊ ရုပ်ရှင်ကားကြီး၊ ဗီစီဒီ၊ ပြက္ခဒိန်၊ ကြော်ငြာ ဒါတွေတော့ ရိုက်ခွင့်ရှိပါတယ်။ ဒါပေမဲ့ လာငှားရင်တောင် ရုပ်ရှင်ကားကြီးကို မရိုက်ဖြစ်ဘူးဗျ။ အချိန်မပေးနိုင်လို့ပေါ့နော်။ သူက ရက် ၂၀၊ ၁ လ လောက် အချိန်ပေးရတာကိုး။ ကျွန်တော်က ပွဲတွေ ကြိုငှားထားတာတွေရှိတော့ အချိန်မပေးနိုင်သေးဘူး ဖြစ်နေတာပေါ့။

**ဒါဆို စွမ်းအနေနဲ့ ကားကြီးရိုက်ဖို့ အစီအစဉ် မရှိသေးဘူးပေါ့။**

ရွှေလျှောက် မင်းထုတ်လုပ်ရေးအတွက်ဆိုရင်တော့ ရိုက်ဖြစ်မှာပါ။

**ကားကြီးရိုက်ဖြစ်မယ်ဆိုရင် ဘယ်လိုဇာတ်လမ်း၊ ဇာတ်ရုပ်မျိုး ရိုက်မယ် စိတ်ကူးထားသလဲ။**

ကျွန်တော်ကတော့ ဒရာမာဇာတ်ကားကိုမှ ခပ်မိုက်မိုက် ဂျစ်ကန်ကန်ကာ ရိုက်တာမျိုးနဲ့ ရိုက်ချင်တယ်ဗျ။

**စွမ်းရိုက်ခဲ့တဲ့ ကားတွေထဲမှာ ဒရာမာ၊ ဖန်စီ၊ ရီမန့်၊ ဟာသလေးတွေများပြီး အက်ရှင်ဇာတ်လမ်း သိပ်မတွေ့ဖူးဘူးနော်။**

အက်ရှင်ကားက ရိုက်တော့ ရိုက်ဖြစ်ပါတယ်။ ဟိုးအရင်ကတော့ ဒရာမာတစ်ကား၊ ဖန်စီတစ်ကား၊ ဟာသတစ်ကား၊ အက်ရှင်တစ်ကား အဲလိုမျိုး ရိုက်ဖြစ်ခဲ့တယ်။ ဒါရိုက်တာ မောင်မောင်မြင့်လွင်တို့နဲ့ပေါ့။ ဒါပေမဲ့ နည်းတယ်ဗျ။

**အက်ရှင်ကားဆိုတာက ဒရာမာ၊ ဟာသတွေနဲ့ မတူတော့ စွမ်းဘက်က ဘယ်လိုပြင်ဆင်ထားလဲ။ ဥပမာ-ကိုယ်ခံပညာ အခြေခံလောက်သင်ပြီးမှ ရိုက်တာမျိုးပေါ့။**

ပြင်ဆင်ရပါတယ်။ ခပ်မိုက်မိုက် စတိုင်ဖြစ်အောင်၊ အဝတ်အစား၊ ဖိနပ်ကအစ အိုက်တင်ပိုင်းရော၊ နောက်ပြီး ဆံပင်ဆိုလည်း တိုနေရင် အရှည်ထားရတယ်။ ခပ်ကြမ်းကြမ်း ပုံစံဖြစ်အောင်ပေါ့။ ကိုယ်ခံပညာကိုတော့ ငယ်ငယ်က သင်ခဲ့ဖူးတယ်။ အခုတော့လည်း မသင်ဖြစ်တော့ပါဘူး။ ဆင်းန်ပေါ်ရောက်မှ လူကြမ်းတွေနဲ့ ထိုးကြိတ်တဲ့အခန်းတွေ ဘာတွေရှိရင် ပီပြင်အောင် သရုပ်ဆောင်လိုက်တာပါပဲ။

**ဒီအလုပ်တွေကို ငြီးငွေ့မှု ဖြစ်လာတာမျိုး ရှိခဲ့လား။**

ငြီးငွေ့တယ်ဆိုတာမျိုးတော့ မဖြစ်ခဲ့ပါဘူး။ ဒါပေမဲ့ တအားပင်ပန်းလာတဲ့ အခါမျိုးမှာ လေးငါးရက်လောက် အနားယူပြီး ခရီးထွက်ချင်စိတ်တော့ မကြာခဏ ဖြစ်မိတယ်။ မလုပ်ချင်တော့တာမျိုးတော့ မရှိပါဘူး။

**တချို့မင်းသားတွေလည်း ထုတ်လုပ်ရေးနဲ့ စာချုပ်ချုပ်ထားတာပဲ။ ဒါပေမဲ့ သတ်တမ်းမပြည့်ခင် လက်တွဲဖြုတ်ကုန်ကြတာတွေ ရှိတယ်။ စွမ်းနဲ့ စွမ်းရဲ့ ထုတ်လုပ်ရေးအခြေအနေကရော။**

လက်တွဲဖြုတ်တာမျိုး ဖြစ်ဖို့ အခြေအနေ မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ကုမ္ပဏီကိုက ရိုက်ချင်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

လို့ ရက်ကို တောင်းနေတာ။ ကျွန်တော်က ပွဲတွေတိုက်နေလို့ တစ်လ ၁ ကားတောင် မနည်းလုရိုက်နေရတာ။ ပြီးတော့ ကုမ္ပဏီနဲ့ ကျွန်တော်က နားလည်မှုအပြည့်ရှိပါတယ်။

**ကိုယ်ရိုက်မယ့် ကား အတွက် ဇာတ်ကို ကြိုဖတ် ဖြစ်လား။**

ရန်ကုန်မှာနားရင်း ရိုက်တဲ့ဇာတ်တွေကိုတော့ ကြိုဖတ်ဖြစ်ပါတယ်။ ပွဲကနေ ပြေးရိုက်တဲ့ အခါမျိုးဆို ဆင်းနဲ့ပေါ်ရောက်မှ ဖတ်ရတာမျိုးလည်းရှိတယ်။ အများအားဖြင့် ဇာတ်ကို ကြို မသိဘဲ ဆင်းနဲ့ပေါ်ရောက်မှ ဒိုင်ယာလော့ကျက်ရတာက ပိုများတယ်။ ပရိုဂျူဆာက ဇာတ်ကျောရိုးလောက်ပဲ ဖုန်းနဲ့ လှမ်းပြော ရှုတင်သွားပြီး ရိုက်၊ အဲဒီလိုဖြစ်နေတယ်။

**သဘင်နဲ့ပတ်သက်ပြီး မေးချင်သေးတယ်။ စွမ်းတို့ အဖွဲ့ရဲ့ သေတ္တာဖွင့်ပွဲခေါ် မလား၊ ပွဲဦးထွက်ကို ဘယ် တော့ စကဖြစ်မလဲ။**

ကျွန်တော့်မွေးနေ့ည ဖြစ်တဲ့ ဩဂုတ်လ ၃ ရက်နေ့ ညမှာ အမျိုးသားကဇာတ်ရုံ



www.burmeseclassic.com

www.burmeseclassic.com

ကနေ စကဖြစ်မယ်။ အခု အချိန်က ပွဲအတွက် ပြင်ဆင်ချိန်ပေါ့၊ ဇာတ်တိုက်ချိန်ပေါ့။

**သဘင်ရာသီမှာရော ဘယ်မြို့နယ်တွေမှာ ဇာတ်ကဖြစ်ဦးမလဲ။ ကြို့ငှားတာတွေ ရှိနေပြီလား။ အစီအစဉ်တွေ ပြောပြပါဦး။**

သဘင်ရာသီတောက်လျှောက် ကျွန်တော် ဆက်တိုက်ကဖြစ်သွားမှာပေါ့။ လေလံတွေက အတိအကျ မရသေးဘူး။ ဆင်ထားတာကတော့ အမျိုးသားဇာတ်ရုံပွဲပြီးတာနဲ့ တောင်ပြုန်းပွဲ၊ ရတနာ့ဂူပွဲ၊ မင်းကွန်းပွဲတွေ။ ရွှေဘို၊ စစ်ကိုင်းငါးထပ်ကြီး ဆက်တိုက်ပါပဲ။ ဆင်ထားတာတွေကတော့ အများကြီးပါပဲ။

**ရှေးခေတ်က သဘင်မင်းသားတွေက သဘင်ဘက်မှာ အောင်မြင်ပေမဲ့ ရုပ်ရှင်ဘက်ကို ကူးတာနည်းတယ်။ ရှိတော့ရှိတယ်၊ ရှားတယ်ပေါ့။ စွမ်းတို့ ဒီဘက်ခေတ်ကျမှ သဘင်မင်းသားတွေ အတော်များများ ရုပ်ရှင်ဘက် ရောက်လာကြတယ်။ ဒါဟာ လူငယ်တွေရဲ့ ကြိုးစားမှုကြောင့်လား၊ ခေတ်ရဲ့ ပြောင်းလဲမှုကြောင့်လား၊ စွမ်း ဘယ်လိုမြင်လဲ။**

ကြိုးစားမှုကြောင့်ရော၊ ခေတ်ပြောင်းလဲမှုကြောင့်ရော နှစ်ခုစလုံးပါမယ်။ အခု ဒီဘက်ခေတ် ဇာတ်သဘင်ပရိသတ်နဲ့ ရုပ်ရှင်ပရိသတ် မကွာသလို၊ ဇာတ်သဘင်နဲ့ ရုပ်ရှင်ဟာလည်း မကွာတော့ဘူး။ နှစ်ဖက်စလုံးက အနုပညာသမားတွေပဲလေ။ အရင်တုန်းကဆို ကျွန်တော်တို့ သဘင်သမားတွေက ရုပ်ရှင်သမားတွေကို သွားပေါင်းရတယ်။ အခုက ရုပ်ရှင်သမားတွေက သဘင်စင်မြင့်ပေါ်ကို ရောက်လာကြပြီ။ စည်းလုံးမှု ပိုရှိလာတယ်လို့ ထင်မိသလို အခုနောက်ပိုင်း ကျွန်တော်တို့ သဘင်မင်းသားတွေ ရုပ်ရှင်ဘက်မှာ သရုပ်ဆောင်တဲ့အခါမှာ ဇာတ်ဟန်ပါတာတို့ ဘာတို့ မရှိတော့ဘူးလေ။

**ဒီနေ့ သဘင်လောကအပေါ် စွမ်းရဲ့ အမြင်ကို ပြောပါဦး။**

ကျေနပ်ပါတယ်။ သဘင်လောကကြီး များစွာတိုးတက်လာပါတယ်။ အပြည့်အဝ မဟုတ်ပေမဲ့ တိုးတက်မှု အားကောင်းလာတယ်။ ဝါးလုံးနေရာမှာ စတီးတိုင်တွေ၊ လိုက်ကာနေရာမှာ LEDတွေ၊ ရိုးရိုးမီးခွက်နေရာမှာ LED မီးခွက်တွေ၊ လေဆာတွေ၊ ဆလိုက်တွေ၊ မျောက်ခေါင်းတွေ အစားထိုးလာနိုင်တယ်။ အရမ်းတိုးတက်လာပါပြီ။

**စွမ်းဘက်ကရော သဘင်လောကကြီး ဒီ့ထက် ပိုတိုးတက်လာဖို့ ဘယ်လို ဆောင်ရွက်သွားဦးမလဲ။**

ကြိုးစားသွားမှာပါ။ အခု ဇာတ်သဘင်(ရုံဇာတ်)ရဲ့ လူငယ်မင်းသားတွေထဲမှာ ကျွန်တော်က အငယ်ဆုံးဖြစ်နေတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အများကြီး ကြိုးစားသွားမှာပါ။ ဒီနှစ်ဆို ပိုကြိုးစားထားတယ်။ ခမ်းနားစွာ ဖျော်ဖြေနိုင်အောင် ပြင်ဆင်နေပါတယ်။

**သဘင်အခေါ်အဝေါ်အရ သေတ္တာမှောက်လို့ ခေါ်မလား၊ စွယ်စုံရသဘင်သည်တစ်ယောက်အဖြစ် ရောက်ရှိနေပြီလို့ စွမ်းအနေနဲ့ ကိုယ့်ကိုယ်ကို ယူဆပြီလား။**

ဒီလိုတော့ မသတ်မှတ်နိုင်ပါဘူး။ လူတိုင်းက လိုအပ်ချက်တွေ ရှိကြတာပဲလေ။ ဘယ်တော့မှ ပြည့်တယ်ဆိုတာ မရှိနိုင်တော့ ကျွန်တော်လည်း ပညာတွေ ထပ်ဖြည့်ရဦးမှာပါ။


**ဟုတ်ပါပြီ။ ပရိသတ်တွေ သိပ်မသိရသေးတဲ့ စွမ်းရဲ့ အချစ်ရေးအခြေအနေလေးကို ပြောပြပါဦး။**

ကျွန်တော်က အချစ်ရေးနဲ့ပတ်သက်ရင် အနုပညာအလုပ်စလုပ်ကတည်းက ခုထိ တစ်ခါမှ မပြောဖူးသေးဘူး။ ကျွန်တော် အလုပ်တွေပဲ လုပ်နေပါတယ်။ မိန်းမ မယူဘူးတော့ မဟုတ်ဘူး။ အသက် ၃၀ အရွယ်ဆို မိန်းမယူဖြစ်မယ်။ အခု ကျွန်တော့်အသက် ၂၄ နှစ်ပြည့်တော့မယ်ပေါ့။

**နောက်ဆုံးမေးခွန်းအနေနဲ့ ရွှေအမြုတေမဂ္ဂဇင်းပရိသတ်တွေအတွက် စွမ်းက ဖြည့်စွက်စကားလေး ပြောပေးပါဦး။**

ရွှေအမြုတေ ဖတ်နေကြတဲ့ ပရိသတ်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ပရိသတ်အားလုံးကိုလည်း ကျွန်တော်ကြိုးစားပါဦးမယ်။ ရွှေအမြုတေ မျက်နှာဖုံးကလည်း နှစ်စဉ်လိုလို ကျွန်တော့်မွေးနေ့လတွေမှာ ရိုက်ဖြစ်ပါတယ်။ ဒါကြောင့် ရွှေအမြုတေက တာဝန်ရှိသူအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ■

**ဟိန်းဆက်သွင်**





www.burmeseclassic.com

www.burmeseclassic.com



ထိုကြာခုံရုံတစ်မိနစ်တာ

# One Minute Interview



www.burmeseclassic.com

www.burmeseclassic.com

# ဒိုကြီးကိုကြိုက်ခဲ့တဲ့အစွဲကြောင့် ဘာရာဇီးအသင်းကို အားပေးနေတဲ့ ပြေတီဦး

ဟိန်းဆက်သွင်

ဘာရာဇီးနိုင်ငံ၊ ဆောပိုလိုမြို့မှာ ဇွန်လ ၁၂ ရက်နေ့က ကျင်းပခဲ့တဲ့ အကြိမ် ၂၀ မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို သွားရောက်ကြည့်ရှု အားပေးခဲ့တဲ့ သရုပ်ဆောင် အကယ်ဒမီ ပြေတီဦး တစ်ယောက် ဇွန်လ ၁၅ ရက်နေ့မှာ မြန်မာနိုင်ငံကို ပြန်လည်ရောက်ရှိလာခဲ့ပြီး ဓာတ်ကားတွေ ပြန်လည်ရိုက်ကူးနေကြောင်း သိရတဲ့အတွက် ရိုက်ကူးရေးရှိတဲ့ တစ်ရက်မှာ ဆက်သွယ်ပြီး ကမ္ဘာ့ဖလားဖွင့်ပွဲ အတွေ့အကြုံတွေ၊ ဘောလုံးနဲ့ပတ်သက်တဲ့ သူ့ရဲ့ခံစားမှုအမြင်တွေကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။

**ဘာရာဇီးက ဖွင့်ပွဲ အတွေ့အကြုံလေး ပြောပြပါဦး ကိုပြေတီ။**

ကမ္ဘာ့အဆင့် ဘောလုံးပွဲတစ်ပွဲကို ပထမဦးဆုံး ကြည့်ဖြစ်ခဲ့တာပေါ့နော်။ ဘောလုံးပွဲကလည်း အရင်ကတည်းက သိပ်မကြည့်ဖြစ်ခဲ့ဘူးလေ။ အမှန်ကတော့ အပန်းဖြေခရီးပါပဲ။ ပင်ပန်းနေတာတွေကို ခဏအနားပေးပြီး ခရီးထွက်ဖြစ်ခဲ့တဲ့ သဘောပါပဲ။ ဘောလုံးပွဲသွားကြည့်မယ်ဆိုပြီး အဓိက ရည်ရွယ်ထားတာမဟုတ်ဘဲ သွားမယ့်အချိန်မှာ ကမ္ဘာ့ဖလားပွဲနဲ့ တိုက်ဆိုင်နေတာကြောင့်ရော၊ နောက်တစ်ခုက ကမ္ဘာ့ဖလားပွဲဆိုတာ တကူးတကသွားကြည့်ဖို့လည်း မလွယ်တာကြောင့်ရော အကြောင်းတိုက်ဆိုင်တုန်း သွားဖြစ်ခဲ့တာ။ ကမ္ဘာ့အဆင့်မီ ဘောလုံးသမားတွေ ကစားတဲ့ပွဲကို ကြည့်ခဲ့ရတာ ကြည့်လို့ အရမ်းကောင်းပါတယ်။ ဖွင့်ပွဲပြီးတာနဲ့ ဘာရာဇီးနဲ့ ခရိုအေးရှားကန်တာပေါ့။ ချစ်ကြည်ရေးအနေနဲ့တော့ သီးသန့်ကန်တာမျိုး မရှိဘူး။

**ခရီးစဉ်တစ်လျှောက် ပျော်စရာကောင်းခဲ့သလားဗျ။**

ဒီခရီးစဉ်က အရမ်း ပင်ပန်းခဲ့တယ်။ လေယာဉ်စီးရတာလည်း အသွား နှစ်ရက်၊ အပြန် နှစ်ရက်ကြာတယ်။ ဘန်ကောက်မှာတစ်ခါ၊ ဒူဘိုင်းမှာတစ်ခါ Transit အနေနဲ့ ဝင်ရ၊ ဟိုရောက်တော့လည်း နေ့နဲ့ညတွေပြောင်းပြန်ဖြစ်ပြီး အိပ်မပျော်၊ ကိုယ့်တိုင်းပြည်နဲ့ အချိန်သိပ်မကွာတဲ့ နိုင်ငံတွေသွားတုန်းကတော့ အဲဒီလို မဖြစ်ခဲ့ဘူး။ ဒါပေမဲ့ ပျော်စရာတော့ ကောင်းပါတယ်။ ကမ်းခြေတို့၊ ဘာတို့၊ ဘာရာဇီးက နေရာအချို့လျှောက်လည်ဖြစ်ခဲ့သေးတယ်။

**ဘောလုံးအားကစားကို ကိုပြေတီ ဝါသနာကြီးတယ်လို့ ဆိုနိုင်မလား။**

ဝါသနာကြီးတာမျိုးတော့ မရှိဘူး။ ဝါသနာ မပါဘူးလို့လည်း ပြောလို့ မရဘူးဗျ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ကြီးပြင်းလာရတဲ့ နယ်ကျောင်းမှာ ဘောလုံးကွင်းဆိုပြီး သီးသန့် မရှိဘူး။ အလယ်တန်းပေါ့နော်။ မူလတန်း ကလေးဘဝကတော့ ဘောလုံးကန်ပြီး ကြီးပြင်းလာခဲ့ရတာပဲ။ နောက်ပိုင်း အတန်းထဲမှာ ကြက်တောင်ရိုက်တာတို့၊ စားပွဲတင် တင်းနစ်ရိုက်တာတို့လောက်ပဲ ဖြစ်သွားတယ်။ ကျောင်းပြောင်းပြီးတော့လည်း တင်းနစ်ပဲရိုက်ဖြစ်တယ်။ ဘောလုံးကို အရမ်း မကစားဖြစ်တော့ ဘောလုံးနဲ့လည်း စိမ်းသွားတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ ၇ တန်းလောက် အရွယ် ကိုမျိုးလှိုင်ဝင်းတို့၊ ကိုသန်းတိုးအောင်တို့ အရှေ့တောင်အာရှမှာ ရွှေတံဆိပ်ရနိုင်လောက်တဲ့ အခြေအနေနဲ့ နာမည်ကြီးခဲ့တုန်းကပေါ့။ ကျွန်တော်တို့ တအား အားပေးခဲ့တာ။ ဒါပေမဲ့ ကျွန်တော်တို့နေတဲ့မြို့က မီးကမရှိ၊ ဘောပွဲကလည်း ဗီဒီယိုရုံမှာ ပြတာဆိုတော့ ညဘက်ကြီး အိမ်က သိပ်ပေးမသွားချင်၊ ဓာတ်မီးတစ်လက်နဲ့ စက်ဘီးစီးပြီး သွားအားပေးခဲ့ရတာ။ အဲဒီပွဲမှာ သိပ်သေချာ မမှတ်မိတော့ပေမဲ့ Semi Final ပွဲ ထင်တယ်။ ဂိုးသမား အောင်ကျော်ကျော်က တစ်ဖက်လူကို သွားကန်လိုက်တော့ အနီကတ်ပြပြီး အထုတ်ခံလိုက်ရတာ။ အဲဒီတုန်းကတည်းက မစားနိုင်၊ မသောက်နိုင်ဖြစ်ခဲ့ရတယ်။ နိုင်ဖို့သေချာနေပြီးမှ ရှုံးသွားရတာကိုး။ အဲဒီကတည်းက ဘောလုံးပွဲကို နောက်ထပ်မကြည့်ချင်တော့လောက်အောင် စိတ်ကုန်သွားတာ။

**ဒါဆို အခု တီဗွီက လာနေတဲ့ ကမ္ဘာ့ဖလားပွဲတွေကိုရော ကြည့်ဖြစ်သေးရဲ့လား။**

မကြည့်ဖြစ်ပါဘူးဗျာ။ အခုဆို ပိုဆိုးပေါ့။ ပွဲစဉ်တွေက ညသန်းခေါင်သန်းလွဲတွေလာနေတော့ ဘယ်လိုမှ ကြည့်ဖို့ စိတ်မပါတော့ဘူး။

**မကြည့်ဖြစ်ပေမဲ့ အကြိုက်ဆုံးဘောလုံးအသင်းတော့ ရှိမှာပေါ့။**

ပြောရရင်တော့ ဘာရာဇီးပေါ့ဗျာ။ ဘာရာဇီးကလည်း ဟိုတုန်းကတည်းက အစွဲကြောင့်ပါ။ ဟိုတုန်းက ဒိုကြီး (ရော်နယ်လ်ဒင်ဟို)ကို တအားကြိုက်ခဲ့တာ။ ဒါကြောင့်လည်း ခုထိ ဘာရာဇီးကို ဆက်အားပေးနေဖြစ်တာ။

**ကျေးဇူးတင်ပါတယ် ကိုပြေတီ။**

ကျေးဇူးတင်ပါတယ်ဗျာ။ ■

ဟိန်းဆက်သွင်

www.burmeseclassic.com



ကြုံကြာဆုံကြာ တစ်မိနစ်တာ

# One Minute Interview



www.burmeseclassic.com

www.burmeseclassic.com

# အနုပညာလမ်းပေါ် ဆက်လျှောက်ချင်တဲ့ မေမြတ်နိုး

လင်းနိုင်ဦး

ထိုင်းနိုင်ငံမှာ မေလ ၃၀ ရက်နေ့က ကျင်းပခဲ့တဲ့ Miss Asia Pacific World 2014 ပြိုင်ပွဲမှာ မြန်မာနိုင်ငံမှ သွားရောက်ယှဉ်ပြိုင်ခဲ့တဲ့ အလှမယ် မေမြတ်နိုးက သရဖူ ဆောင်းနိုင်ခဲ့ပြီး ခုအခါမှာ ကြော်ငြာများ ရိုက်နေရပြီ ဖြစ်ပါတယ်။

**မေမြတ်နိုး Miss Asia Pacific World 2014 မှာ ရခဲ့တဲ့ဆုတွေကို ပြန်ပြောပြပေးပါလား။**

မြတ်နိုး ပထမဦးဆုံး ဆွတ်ခူးခဲ့တဲ့ဆုကတော့ ပြိုင်ပွဲဝင်စဉ်မှာ Miss Popularity Award နဲ့ ဖိုင်နယ်ပွဲနေ့မှာ ရခဲ့တာကတော့ Miss Asia Pacific World 2014 ရဲ့ သရဖူကို ဆောင်းနိုင်ခဲ့တာပါ။ ပြီးတော့ အွန်လိုင်းမှာ အမြဲတမ်း အားပေးနေတဲ့ ပရိသတ်တွေရဲ့ Vote တွေနဲ့ ရခဲ့တဲ့ဆုကတော့ Missology Award ပါ။

**သွားရောက် ယှဉ်ပြိုင်စဉ်က ဒီဆုကို ရလိမ့်မယ်လို့မျှော်မှန်းခဲ့လား။ ယုံကြည်မှုရော ဘယ်လောက်အထိ ရှိခဲ့လဲ။**

မြတ်နိုးအနေနဲ့ ယုံကြည်မှုတော့ ထားခဲ့ပါတယ်။ နိုင်ငံ့အတွက် အကောင်းဆုံး ယှဉ်ပြိုင်လုပ်ဆောင်ရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့လုပ်ခဲ့တာပါ။ ဆုကတော့ နိုင်ငံ့အတွက် သရဖူယူလာနိုင်တယ်ဆိုရင်တော့ ကောင်းတာပေါ့။ ဒါပေမဲ့ ဆုကိုတော့ မစဉ်းစားခဲ့ပါဘူး။ အကောင်းဆုံး ကြိုးစားတဲ့အပေါ်မှာ မူတည်ပြီးတော့ပဲ ရလဒ်ကောင်းရမယ်လို့ မျှော်လင့်ခဲ့ပါတယ်။

**ဒါဆိုရင် မေမြတ်နိုး ရခဲ့တဲ့ဆုက ရှေ့ပိုင်းမှာ သွားပြိုင်ခဲ့တဲ့ဆုတွေနဲ့စာရင် အမြင့်ဆုံးလို့ ပြောလို့ရမလား။**

ဒီဆုကတော့ Miss Asia Pacific World က Asia ရယ်၊ Pacific ရယ်၊ World ရယ် လုပ်တဲ့ အင်တာနေရှင်နယ်ပွဲမှာ သရဖူရခဲ့တယ်ဆိုတော့ ဒါ ဘယ်လိုပြောမလဲ။ သရဖူရခဲ့တယ်ပေါ့။

**ဆုရခဲ့ပြီးတော့ ကြော်ငြာရိုက်ကူးခွင့်ရမယ်လို့ မျှော်လင့်ခဲ့သေးလား။**

ဒီလို ဦးစင်ရော်မောင်မောင်နဲ့ အလုပ်တွဲလုပ်ရမယ်လို့ မမျှော်လင့်ခဲ့ပါဘူး။ မြတ်နိုးအနေနဲ့ အနုပညာလမ်းပေါ် ဘယ်လိုဆက်လျှောက်ရမယ်ဆိုတာကိုတော့ စဉ်းစားထားတာ ရှိပါတယ်။

**မော်ဒယ်လ်အလုပ်၊ သရုပ်ဆောင်အလုပ်ကို အရင်ကတည်းက ဝါသနာပါခဲ့တာလား။**

ဝါသနာကတော့ ပြင်းပြင်းထန်ထန် ပါခဲ့ပါတယ်။ ငယ်ငယ်ကတည်းက အဆိုနဲ့ ပတ်သက်တဲ့ဝါသနာ၊ ကျောင်းတက်တုန်းကလည်း ကျောင်းကပွဲတွေ၊ ဒို့ပြင် အနုပညာပွဲတွေမှာလည်း ပါဝင်ဖြစ်ခဲ့ပါတယ်။

**မေမြတ်နိုးအနေနဲ့ ကြော်ငြာဖြစ်ဖြစ်၊ ဇာတ်ကားတွေမှာပဲဖြစ်ဖြစ် နောက်ထပ် ရိုက်ဖြစ်ဦးမှာလား။**

ဟုတ်ကဲ့၊ ဒီကြော်ငြာမှာ ဦးစင်ရော်မောင်မောင်ရဲ့လက်စွမ်းနဲ့ကံကောင်းပြီး ပေါက်သွားမယ်ဆိုရင်တော့ အနုပညာလမ်းပေါ်ဆက်လျှောက်သွားမှာပါ။ သရုပ်ဆောင်ဘက်ကိုလည်း မြတ်နိုးရဲ့ အရည်အချင်းကိုမြင်တဲ့ သူတွေရှိပြီး ရိုက်မယ်ဆိုရင်တော့ သရုပ်ဆောင်ဖြစ်သွားမှာပါ။

**အခု ကြော်ငြာရိုက်နေပြီဆိုတော့ မင်းသမီးမဟုတ်တောင် ကြော်ငြာသရုပ်ဆောင်ဖြစ်သွားပြီ။ ရှေ့ဆက်အနုပညာလမ်းပေါ် ဘယ်လိုဆက်လှမ်းသွားမလဲ။**

မြတ်နိုးရဲ့ ကြိုးစားအားထုတ်မှု အရမ်းလိုအပ်ပါတယ်။ ကြိုးစားတဲ့ပေါ်မှာ မူတည်ပြီးတော့ ဆက်လျှောက်ခွင့်ရမယ်ဆိုတာ မြတ်နိုး သိပါတယ်။ အဲဒီအတွက် မြတ်နိုးကြိုးစားသလောက်ကို ကူညီပေးမယ့်သူတွေ အများကြီး ရှိပါစေလို့ ဆုတောင်းပါတယ်။ ကူညီပံ့ပိုးပေးကြပါလို့လည်း ပြောချင်ပါတယ်။

**Miss ဆုရပြီးတဲ့အချိန်မှာ ကြော်ငြာရိုက်ခွင့်ရတာ ဘယ်လိုခံစားလိုက်လဲ။ အံ့ဩမှု မဖြစ်ခဲ့ဘူးလား။**

ရွှေနဂါးမင်းရွှေဆိုင် ကြော်ငြာ ရိုက်ခွင့်ရတဲ့အတွက် အရမ်းကို ဝမ်းသာမိပါတယ်။ ဆုရပြီးတော့ ပြန်လာတော့ ပထမဦးဆုံး ရွှေဆိုင်ကြော်ငြာမှာ သရုပ်ဆောင်ခွင့်ရတယ်။ ဦးစင်ရော်မောင်မောင်နဲ့လည်း အလုပ်တွဲလုပ်ခွင့်ရတယ်။ အဲဒီတော့ အရမ်းဂုဏ်ယူစရာကောင်းတာပေါ့။

**မေမြတ်နိုးရဲ့ ပထမဦးဆုံးသရုပ်ဆောင်မှု ရွှေဆိုင်ကြော်ငြာမှာ ပရိသတ်တွေက ဘယ်လိုဖက်ရှင်၊ သရုပ်ဆောင်မှုတွေကို ကြည့်ခွင့်ရမှာလဲ။**

ရွှေနဂါးမင်းရွှေဆိုင်ကြော်ငြာမှာ ပြိုင်ပွဲဝင်စဉ်က မြတ်နိုးဝတ်ဆင်တဲ့ပုံစံအတိုင်း ညနေခင်းဝတ်စုံနဲ့ ပြန်ပြီးမြင်ခွင့်ရမှာပါ။ ပြီးတော့ မိဘမေတ္တာနဲ့ပတ်သက်တဲ့ သရုပ်ဆောင်မှုကိုလည်း မြင်တွေ့ခွင့်ရမှာပါ။ ဝတ်စုံကို Floria မခိုင်လေးကိုယ်တိုင် ချုပ်ပေးထားတယ်။ မိတ်ကပ်နဲ့ ဆံပင်ကိုတော့ ကိုမာနဲ့ မမချောချောတို့က ပြင်ဆင်ပေးထားလို့ လှလှပပလေးနဲ့ မြင်တွေ့ခွင့်ရမှာ ဖြစ်ပါတယ်လို့ မေမြတ်နိုးက ပြောပြခဲ့ပါတယ်။ ■

လင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com



## ကြုံရာဆုံရာတစ်မိနစ်တာ
# One Minute Interview



www.burmeseclassic.com

www.burmeseclassic.com

# စိတ်ဓာတ်ကိုပဲ ပြင်ဆင်ထားတဲ့ သူထူးစံ

**လင်းနိုင်ဦး**

Myanmar Media 7 က ထုတ်လုပ်ပြီး ဒါရိုက်တာ ဝင်းထွန်းထွန်း ရိုက်ကူးသွားမယ့် **မော်ကျောက်စာ** ဓာတ်ကားမှာ အဓိကသရုပ်ဆောင် တစ်ဦးအဖြစ် ပါဝင်မယ့် သူထူးစံ ကို **မော်ကျောက်စာ** ဓာတ်ကားအတွက် ပြင်ဆင်ထားမှု များနဲ့ပတ်သက်ပြီး မေးကြည့် ဖြစ်ခဲ့ပါတယ်။

**မော်ကျောက်စာမှာ ထူးထူးခြားခြား သရုပ်ဆောင်ခွင့်ရမယ့် သူထူးစံက ဘာတွေ ပြင်ဆင်ထားပြီလဲ။**

**အဝတ်အစား အစရှိသဖြင့်ပေါ့။** ဒီကားက တော်တော်လေး ထူးထူးခြားခြား ရိုက်ကူးမယ့်ဓာတ်ကားပါ။ ကျွန်တော့်ဘက်က အဓိက ပြင်ဆင်ထားတာက ဒီကားကို စ ရိုက်မယ် ဆိုကတည်းက တွေ့ဆုံညှိနှိုင်းကြတယ်။ ဘယ်ကရိုက်မယ်၊ ဘယ်က ပြမယ် ကျွန်တော် စိတ်မဝင်စားဘူး။ ကျွန်တော်ပြင်ဆင်ထားတာက စိတ်ဓာတ်ကိုပဲ ကြိုတင်ပြင်ဆင်ထားတယ်။ ဝတ်စုံတွေ၊ ဓာတ်လမ်းတွေ၊ မိတ်ကပ်တွေ အစရှိသဖြင့်က လုပ်ပေးမယ့်သူတွေ၊ လုပ်မယ့်သူတွေရှိတယ်။ ကျွန်တော်တို့ကအချိန်တွေ၊ စိတ်တွေကို ပေးရတယ်။ ဒါကြောင့် ခါတိုင်းကားတွေနဲ့ မတူဘဲနဲ့ ဘောလုံးသမား စကားနဲ့ပြောမယ်ဆိုရင်တစ်ယောက်တည်း ကောင်းလို့မရဘူး။ ရှေ့တန်းတစ်ခုတည်း ကောင်းလို့ မရဘူး။ အခြေအနေမကောင်းလို့ရှိရင် အလယ်တန်းလည်း ဆင်းကန်ပြီး ကူသင့်ရင်ကူရမယ်။ အဲဒီလိုပါပဲ။ စိတ်တွေအကုန်လုံးကိုပြင်ဆင်ပြီးတော့ ရိုက်ပါမယ်။ ပွင့်ပွင့်လင်းလင်းပြောရင် ဓာတ်ကိုလည်း သေသေချာချာ မဖတ်ရသေးပါဘူး။ အကြမ်းဖျင်းပဲ သိထားရသေးတယ်။ ပါဝင်မယ့်သူ တွေရော၊ ရိုက်မယ့် ဒါရိုက်တာကိုရော ယုံကြည်မှုနဲ့ ရိုက်တာပါ။ ရိုက်တဲ့နေရာမှာလည်း ယောက်ျားစိတ်နဲ့ ရိုက်မှာပါ။ ပြီးတော့ ပေးတဲ့စိတ်နဲ့ ရိုက်မှာပါ။

**သူထူးစံက ဘုရင် နေရာက သရုပ်ဆောင်မှာဆိုတော့ ဝတ်စုံတွေကိုရော ဘယ်လိုပြင်ဆင်ထားလဲ။**

ဝတ်စုံတွေကတော့ အကုန်လုံး ဒါရိုက်တာစိတ်ကြိုက် ကုမ္ပဏီက သေချာ စီစဉ်ပေးထားတယ်။ ဘုရင်နေရာက သရုပ်ဆောင်ရမယ့် ဝတ်စုံကို ဝတ်ကြည့်တဲ့အခါ ဓာတ်ပုံမှာတော့ အဆင်ပြေတယ်။ လှုပ်လှုပ်ရှားရှားနဲ့ ရိုက်ကူးရမယ့်နေရာကျတော့ အဆင်ပြေပါ့မလား မသိဘူး။ နောက်တစ်စုံ ထပ်လုပ်ထားဖို့ စဉ်းစားနေတယ်။ အချိန်မီပါ့ မလားတောင် မသိဘူး။

**ဦးဖိုးကျား ဆင်စခန်းမှာ ဆင်အကောင် ၆၆ ကောင်နဲ့ သူထူးစံက ရိုက်ကူးရမယ် ဆိုတော့ ဘယ်လိုသရုပ်ဆောင်မှုတွေဖြစ်မလဲ။**

ဆင်ပေါ်တက် မတ်တတ်ရပ်ပြီး ဘုရင်ဝတ်စုံနဲ့ ဆင်တစ်ကောင်နဲ့တစ်ကောင် အပေါ်ကူးရမှာလား၊ မြားပစ်ရမှာလား သေသေချာချာတော့ မသိသေးဘူး။ အက်ရှင်ကိုတော့ အခုကတည်းက စိတ်ဝင်စားတယ်။ ဦးဖိုးကျား ဆင်စခန်းမှာ ကျွန်တော် တစ်ခါရိုက်ဖူးပါတယ်။ ဆင်အကောင် ၆၀ ကျော် မပြောနဲ့၊ နှစ်ကောင်တောင် ဆိုင်လို့ မရပါဘူး။ အဲဒါကြောင့် ဆင်အပေါ်တက်ရမယ်ဆိုရင် တော်ရုံစိတ်နဲ့လည်း ကျွန်တော် တက်လို့ရမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့မှာ ယုံကြည်ချက်တွေ တစ်ယောက် နဲ့တစ်ယောက် နားလည်မှုတွေနဲ့ ရိုက်မှာပါ။ အခက်အခဲဖြစ်လာရင်လည်း ညီအစ်ကိုစိတ်နဲ့ ကျော်ဖြတ်သွားမှာပါ။

**ဒါဆိုရင် အခက်အခဲတွေ၊ အန္တရာယ်တွေရှိမယ်ဆိုတာ သိလျက်သားနဲ့ ဘာဖြစ်လို့ လက်ခံရိုက်ဖြစ်သွားတာလဲ။**

ရိုးရိုးသားသားပြောရရင် ကျွန်တော်တို့ အနုပညာသမားတွေကို သူ့ရဲ့ကောင်းလို့ ကျွန်တော် ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တချို့မှာ အနုပညာ အရမ်းဝါသနာပါတဲ့သူရှိတယ်။ အပြင်မှာလည်း Talent အများကြီး ရှိတဲ့သူတွေရှိတယ်။ ပိုက်ဆံနဲ့ အနုပညာဆိုရင် ပိုက်ဆံကို ရွေးချယ်သွားကြတယ်။ တချို့လည်း သူဌေးဖြစ်သွားတယ်။ ကျွန်တော်တို့ကျတော့ ကျွန်တော်တို့ ဝါသနာကို ကျွန်တော်တို့ လုပ်ကြရတာ။ ထမင်းငတ်ခံပြီး လုပ်ခဲ့တယ်။ ကြိုးကြိုးစားစားလုပ်ခဲ့တယ်။ အောင်မြင်တာ၊ မအောင်မြင်တာကတော့ အများကြီးနဲ့ ဆိုင်တယ်။ အဲဒီအခက်အခဲတွေကို ကျွန်တော် မေ့ထားပြီး၊ ခုအချိန်မှာ အခက်အခဲတွေရှိပေမဲ့ ကိုယ်ဝါသနာပါတဲ့အလုပ်ကို သတ္တိရှိရှိလုပ်နေကြတဲ့သူတွေဖြစ်လို့ သူ့ရဲ့ကောင်းတွေလို့ ကျွန်တော် မြင်ပါတယ်။

သူထူးစံက **မော်ကျောက်စာ** ဓာတ်ကားရိုက်ကူးရခြင်းနဲ့ ပတ်သက်ပြီး ပြင်ဆင်ထားမှုများကို ပြောပြခဲ့ပါတယ်။ ■


**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com

ဒါရိုက်တာ
ဝင်းထွန်းထွန်းက
သူ့ရဲ့ရိုက်နေကျ
ပုံစံတွေထဲက
ခွဲထွက်ပြီး
ဒါရိုက်တာ
တစ်ယောက်ရဲ့
မှတ်တိုင်တစ်ခု
ဖြစ်ကျန်စေနိုင်မယ့်
**မှော်ကျောက်စာ**
ဇာတ်ကားကြီးကို
စတင်ရိုက်ကူး
နေပြီဖြစ်တဲ့ အတွက်
ဒီဇာတ်ကားကြီးကို
ဖန်တီးဖြစ်ပုံတွေနဲ့
ပတ်သက်ပြီး
မေးမြန်းခဲ့ရာ-
**မှော်ကျောက်စာ**
**ဇာတ်ကားကြီး**
**စတင်သန္ဓေ**
**တည်ခဲ့ပုံလေး**
**ပြောပြပေးပါဦးဗျာ။**
သူငယ်ချင်း ရွှေမန်းက
ရုပ်ရှင်တစ်ကား
အမြန်ရိုက်ချင်တယ်။
အမြန်ဆုံး စီစဉ်ပေးပါ
ဆိုတော့ ကိုယ်တို့
သူငယ်ချင်းတွေအားလုံး
စုစုစည်းစည်းနဲ့
ရိုက်ကြမယ်လို့
တိုင်ပင်ကြတယ်။ ဇာတ်က
တစ်ပုဒ်ရှိနေတယ်။ ခူးခူးရဲ့
**ကျောက်စာ** ဆိုတဲ့
ဝတ္ထုတိုလေး။
ဒီဇာတ်လေးက
အရှမ်းကောင်းတယ်။
ဒါပေမဲ့ နောက်ထပ်
ထပ်ဖြည့်ချင်တာက
ရာဇဝင်ခေတ်လေး
ဖန်တီးပြီး



ကြိုရာခဲ့ရာတစ်မိနစ်တာ

## One Minute Interview



www.burmeseclassic.com

www.burmeseclassic.com

# ဒါရိုက်တာဝင်းထွန်းထွန်းရဲ့ အနုပညာမှတ်တိုင် (သို့မဟုတ်) မျှော်ကျောက်စာ

**ဟိန်းဆက်သွင်**

ရာဇဝင်ခေတ် တိုက်ပွဲတွေရယ်၊ ညီအစ်ကိုတွေရဲ့ မေတ္တာတရားရယ်၊ အသက်ပေးပြီး ချစ်တတ်တဲ့ လူတွေရယ်နဲ့ ရာဇဝင်ခေတ်တစ်ခုကို 'မျှော်'ဆိုတဲ့ အကြောင်းအရာနဲ့ တည်လိုက်တယ်။ အဲဒီမှာ 'မျှော်'ရယ်၊ 'ကျောက်စာ'ရယ်ဆိုတဲ့ ဝတ္ထုနှစ်ပုဒ်ပေါင်းပြီး **မျှော်ကျောက်စာ** ဇာတ်ကားကြီး ဖြစ်လာပါတယ်။

ဒီကားမှာ မြင့်မြတ်နှစ်ကိုယ်၊ ဖြိုးငွေစိုး၊ သူထူးစံ၊ ထွန်းထွန်း၊ ရွှေမှုံရတီနှစ်ကိုယ်ခွဲ၊ မေမြင့်မိုရ်တို့ ပါဝင်ကြပါတယ်။

ရာဇဝင်ခေတ် ၇၀ ရာခိုင်နှုန်းနဲ့ ဒီဘက်ခေတ် ၃၀ ရာခိုင်နှုန်းလောက်မှာ ပေါင်းစပ်ထားတဲ့ ဒီကားကြီးကို စာရေးဆရာမ ခူးခူး(ဇာတ်ညွှန်း-အင်ကြင်းဟန်)နဲ့ဇာတ်ညွှန်း မြင့်ဦးဦးမြင့်တို့ ခွဲထားကြပြီး Myanmar Media 7 ကထုတ်လုပ်တာပါ။

**ဇာတ်ကားတစ်ကားထဲမှာ ဇာတ်ညွှန်းဆရာနှစ်ယောက်ခွဲထားတာ ဘာကြောင့်လဲဗျ။**

ဒီဘက်ခေတ်ကို ခူးခူး (အင်ကြင်းဟန်)ခွဲပြီး၊ ရာဇဝင်ခေတ်ကို ကိုမြင့်ဦး ခွဲတာပေါ့။ ဇာတ်ကလည်းတစ်ပုဒ်တည်းမှာ နှစ်ပိုင်းဖြစ်နေတော့ နှစ်ယောက်ခွဲတာ ပိုကောင်းမယ်ထင်လို့ပါ။

**ထိုင်းသရုပ်ဆောင်တွေလည်း ပါဝင်မှာဆိုတော့ ဘယ်လိုဇာတ်ကောင်နေရာက ပါဝင်မှာလဲ။**

ထိုင်းက Katana ကုမ္ပဏီနဲ့ Myanmar Media 7 က နားလည်မှုရှိကြတယ်။ သူတို့ကလည်း လိုအပ်တဲ့ အကူအညီတွေ ပေးကြတယ်။ ဇာတ်မှာကထိုင်းကနေ မြန်မာနိုင်ငံလာပြီး မြန်မာစာလေ့လာနေတဲ့ ကောင်မလေးတစ်ယောက်ပါတယ်ဆိုတော့ ထိုင်းသရုပ်ဆောင်တစ်ယောက်ကို Katana ကပဲ ထည့်ပေးထားတာပါ။

**ဆင် ၆၆ ကောင်နဲ့ ထူးထူးခြားခြားရိုက်မှာနော်။**

ဟုတ်တယ်။ ကိုယ်တို့ ဆင်ဦးစီးတွေနဲ့ သွားတွေ့ရတယ်။ ဆင်နှစ်ကောင် ခေါင်းချင်းဆိုင်တိုက်လို့ ရနိုင်မလား။ ဆင်တစ်ကောင်ပေါ်ကနေ တစ်ကောင် ခုန်ကူးတဲ့ တိုက်ပွဲအခန်းတွေရိုက်လို့ ရနိုင်မလား၊ ဆင်တွေကလည်း သူတို့လေ့ကျင့်သင်ကြားပေးထားတဲ့ ဆင်ယဉ်တွေပဲဆိုတော့ အဆင်ပြေသွားပါတယ်။

**မျှော်ကျောက်စာက ဦးဝင်းထွန်းထွန်းရဲ့ တတိယမြောက်ဇာတ်ကားကြီးလည်း ဖြစ်တယ်။ နိုင်ငံတကာကို တိုးဖောက်ဖို့အထိလည်း ရည်ရွယ်ထားတယ်ဆိုတော့ ဘယ်လောက်ထိ အားစိုက်ထားသလဲ။**

ကျွန်တော်ကတော့ ဗီဒီယိုရိုက်လည်း အားစိုက်တာပါပဲ။ ဘယ်ကားကိုမှ ပရိသတ်ကို လုပ်စားလိုက်မယ်ဆိုပြီး မရိုက်ခဲ့ဖူးဘူး။ ဒီကားကတော့ ပိုအားစိုက်ထုတ်ရတယ်လို့ ပြောရမယ်ဗျ။ ကားမရိုက်ခင် နှစ်လလောက်ကတည်းက ကြိုပြီး အလုပ်များနေတာ။ ခရီးထွက်ရတယ်။ နေရာရှာရတယ်။ ပညာရှင်တွေ စုရတယ်။ အနုပညာတစ်ခုတည်းတင် မဟုတ်ဘဲ အခြားအပိုင်းတွေပါ အားစိုက်ရတယ်။ သူငယ်ချင်းတွေနဲ့ လုပ်တာဆိုပေမဲ့ ကျွန်တော်က အားစိုက်ရတဲ့အပိုင်း ပိုများတယ်။ ကိုယ်က ဒါရိုက်တာနေရာကယူထားရတာကိုး။ ရိုက်တဲ့အချိန်မှာလည်း တိရစ္ဆာန်တွေရောပါမယ်။ ရိုက်နေကျပုံစံလည်း မဟုတ်တာကြောင့် ပိုအလုပ်များတယ်။ ရိုက်ကူးရက်ကိုတော့ ရက် ၃၀ အနည်းဆုံး ယူထားတယ်။ ဒီထက် ရက်ပိုသွားဖို့ပဲ ရှိတယ်။

**Animation ပိုင်းတွေကိုရော ဘယ်လိုစီစဉ်ထားသလဲ။**

Animation ကတော့ အများကြီးပါမှာပါ။ ဒါပေမဲ့ ယုတ္တိလွန်တဲ့ ဖန်တီးမှုမျိုး မဟုတ်ဘဲ တကယ်ဖြစ်နိုင်တဲ့၊ မျှော်ဆရာတစ်ယောက် တကယ်လုပ်နိုင်တဲ့ Animation ဖန်တီးမှုတွေကို Katana ကပဲ လုပ်ပေးသွားမှာပါ။

**မျှော်ကျောက်စာလို ရာဇဝင်ကားမျိုးက ဦးဝင်းထွန်းထွန်းရဲ့ ဒါရိုက်တာဘဝမှာ ပထမဆုံး ရာဇဝင်ကားရိုက်တာဆိုတော့ သမိုင်းမှတ်တိုင်တစ်ခုလို့ ပြောနိုင်မလားဗျာ။**

ပြောနိုင်ပါတယ်။ ကျွန်တော်ကတော့ ဗီဒီယိုရိုက်ရိုက်၊ ရုပ်ရှင်ကားကြီးပဲ ရိုက်ရိုက် မှတ်တိုင်တစ်ခုအဖြစ် ရိုက်ခဲ့တာချည်းပါပဲ။

**မျှော်ကျောက်စာကို ရန်ကုန်ရော၊ နယ်ပါထွက်ရိုက်မှာဆိုတော့ ဘယ်ဒေသတွေမှာ ရိုက်ဖြစ်မလဲ။**

ရန်ကုန်ရယ်၊ တောင်ငူဦးဖိုးကျားဆင်စခန်း၊ ပြင်ဦးလွင်၊ အင်းဝ၊ အနည်းဆုံးတော့ ဒီလေးနေရာမှာ ရိုက်မှာပါ။ ရာသီဥတုအခြေအနေအရ ထပ်ရိုက်ရမယ့်ဒေသတွေလည်း စီစဉ်ထားပါတယ်။

**ကျေးဇူးပါပဲ ဦးဝင်းထွန်းထွန်းရေ။**


ကျေးဇူးတင်ပါတယ်ဗျာ။ ■

ဟိန်းဆက်သွင်



www.burmeseclassic.com

www.burmeseclassic.com



အဆိုတော်
ဘဝနဲ့
အနုပညာလမ်းကို
စတင်
လျှောက်လှမ်းခဲ့ပြီး
သရုပ်ဆောင်
တစ်ယောက်
အဖြစ်ပါ
အောင်မြင်မှု
တစ်နေရာရရှိခဲ့ရာက
ပရိသတ်နဲ့
ကာလအတန်ကြာ
အဆက်ပြတ်သလို
ဖြစ်သွားတဲ့ အဆိုတော်၊
သရုပ်ဆောင်
ထွန်းထွန်း(Examplez)
က 'အနုပညာ
အလုပ်တွေကို
အသစ်တစ်ယောက်လို
ခံယူပြီး
ပြန်လည်
လုပ်ကိုင်နေပြီမို့
ထွန်းထွန်း(Examplez)နဲ့
တွေ့ဆုံမေး
မြန်းဖြစ်ခဲ့ရာမှာ-
**ထွန်းထွန်းရဲ့ *Super Star***
**တစ်ကိုယ်တော်**
**အယ်လ်ဘမ်လည်း**
**ထွက်ဖို့နီးပြီနော်။**
**ဘယ်အခြေအနေ**
**ရောက်နေပြီလဲ။**
အတော်ပြီးနေပါပြီ။
သီချင်းကျွတ်
နီးရင်တော့
သေချာပေါက်
ပရိသတ် လက်ထဲ
ပေးပို့နိုင်တော့မှာပါ။
**ပရိသတ်နဲ့ ကင်းကွာခဲ့**
**ရတဲ့ကာလတွေအတွက်**
***Super Star Album* နဲ့**

# ကြိုက်ရာစုံရာတစ်မိနစ်တာ
# One Minute Interview



www.burmeseclassic.com

www.burmeseclassic.com

# အသစ်တစ်ယောက်လိုခံယူပြီး အလုပ်တွေပြန်လုပ်နေတဲ့ ထွန်းထွန်း (Examplez)

**ဟိန်းဆက်သွင်**

**ဘယ်လောက် ပြန်ပေးဆပ်ဖို့ ကြိုးစားထားသလဲဗျ။**

အဓိကက ထွက်မယ်၊ ထွက်မယ်နဲ့ ပရိသတ်ကို ညာနေသလိုတောင် ဖြစ်ခဲ့တာပေါ့။ အလုပ်ပြန်လုပ်ဖို့အတွက် တချို့အပိုင်းတွေမှာ စိတ်ထဲ ရှုံ့နေတာတွေတောင် ရှိတယ်။ ကျွန်တော် ကိုယ်တိုင်လည်း တချို့အပိုင်းတွေ စိတ်မရှင်းတာတွေ ရှိနေတာကို အတတ်နိုင်ဆုံး ရှင်းအောင် လုပ်ထားပါတယ်။

**Examplez အဖွဲ့နဲ့ရော ပြန်ပြီး မစုစည်းတော့ဘူးလား။**

Examplez အဖွဲ့အနေနဲ့ ပြောရရင် *Super Star* ထွက်ပြီးတာနဲ့ ကျွန်တော်တို့အဖွဲ့ စီစဉ်ထားတာတစ်ခု ရှိပါတယ်။ စီစဉ်နေတုန်းပေါ့။ Examplez အနေနဲ့

ပွဲတစ်ပွဲပေါ့။ သေချာရင် ကျွန်တော် အသိပေးမှာပါ။

**ထွန်းထွန်းက သရုပ်ဆောင်တစ်ယောက်အနေနဲ့လည်း အောင်မြင်ခဲ့ပြီးကာမှ နောက်ပိုင်းမှာ ပျောက်သွားသလို ဖြစ်သွားတယ်နော်။ ကားကြီးတွေလောက်ပဲ တစ်ကား၊ နှစ်ကားစ တွေ့ရတော့တယ်။**

အဓိကက ၂၀၀၄ က တည်းက ကားတွေ တောက်လျှောက်ရိုက်လာတာ ၂၀၀၉ လောက်မှာ အတော် ပင်ပန်းသွားတယ်ဗျ။ ပတ်ဝန်းကျင်အမြင်၊ မိဘတွေအမြင်မှာ တော့ ကျွန်တော် ပင်ပန်းတယ်လို့ မမြင်ဘဲ အလုပ် မလုပ်ချင်ဘူးလို့ ထင်သွားကြတယ်။ ဆိုလိုတာက ပွင့်ပွင့်လင်းလင်းမရှိဘဲ၊ တိုင်တိုင်ပင်ပင် မရှိဘဲဖြစ်ခဲ့ရတာလေးတွေ ရှိခဲ့ပါတယ်။ ဆိုတော့ အဲဒါလေးတွေ ပြုပြင်ပြီးတော့ ကျွန်တော်အလုပ်တွေ ပြန်လုပ်ဖို့ရှိပါတယ်။ ဒီနှစ်နှိုဝင်ဘာက စပြီး ဗီဒီယိုကားတွေ ပြန်ရိုက်ဖို့ စီစဉ်ထားပြီးပါပြီ။

**အလုပ်တွေကို တစ်က စပြီး ပြန်လုပ်တော့မယ့် သဘောလားဗျ။**

ကလေးတုန်းကတော့ဗျာ အချိန်နောက်ကျတာတွေ ဆိုလည်း ဟီးဟီးဟားဟား နဲ့ ချွဲပြီးတော့ ပြောလိုက်တာပဲ။ ဒီတစ်ခါကျတော့ အသက်လည်းရလာပြီ။ အသက်လည်း ၃၀ ကျော် လာပြီဆိုတော့ လူတစ်ယောက်က သူ့ ရှိသင့်တဲ့ စည်းတစ်ခု၊ စနစ်တစ်ခု၊ တစ်ဖက်သားကို လေးစားမှု၊ ဒါတွေရှိရတော့မယ်။ ကျွန်တော့်ရဲ့ မကောင်းတဲ့ အကျင့်လေးတွေကို တတ်နိုင်သလောက်ပြင်ပြီးတော့ အသစ်တစ်ယောက်လို ခံယူပြီး အလုပ်ကောင်းကောင်း ပြန်လုပ်မှာပါ။

**ကားတွေပြန်ရိုက်ရင်ရော ကိုယ့်စိတ်ကြိုက်ရိုက်မှာလား၊ ပရိသတ်စိတ်ကြိုက် ရိုက်မှာလား၊ ထုတ်လုပ်သူစိတ်ကြိုက်ရိုက်မှာလား။**

အဓိကကတော့ ထုတ်လုပ်ရေးကုမ္ပဏီတွေက ကျွန်တော်နဲ့ ဘယ်ကားရိုက်တာလိုက်မယ်၊ ဘယ်ဇာတ်ဆို ပိုကောင်းမလဲဆိုတာ ပိုပြီး နားလည်ပြီး ကျွန်တော့်ကို ဘယ်လိုကိုင်တွယ်ရမလဲ သူတို့ သိပါတယ်။ အရင်ကလည်း ဒီလိုပဲ လုပ်ခဲ့တာဆိုတော့ ဈေးကွက်အနေအထားကို သူတို့ ပိုသိပါတယ်။ ညှိနှိုင်းတိုင်ပင်ပြီး လုပ်ကြမှာပါဗျာ။

**ဒါရိုက်တာ ဝင်းထွန်းထွန်းရိုက်တဲ့ မော်ကျောက်စာ ဇာတ်ကားကြီးမှာ ထွန်းထွန်းက စစ်သူကြီးတစ်ယောက် အနေနဲ့ ပါဝင်ထားတယ်နော်။ စစ်သူကြီးတစ်ယောက်ရဲ့ ဇာတ်ရုပ်အတွက် ဘာတွေ ပြင်ဆင်ခဲ့ရလဲ။**

မှန်ပါတယ်ခင်ဗျာ။ သကြိန်တုန်းက ကျွန်တော့် ပေါင်ချိန်က ၁၇၀ ဖြစ်နေတယ်။ အရုပ်အမောင်းနဲ့ ပေါင်က မလိုက်ဘူးဖြစ်နေတော့ ဝိတ်လျှော့ရတယ်။ နောက်တစ်ခုက စောစောစီးစီးထပြီး စောစောစီးစီး အလုပ်လုပ်တတ်ဖို့ လေ့ကျင့်နေရတယ်။ အဓိကက ဒါပါပဲ။ ကျန်တာက ဦးဝင်းထွန်းထွန်း ခိုင်းတဲ့အတိုင်းပဲ ကျွန်တော် အကောင်းဆုံး ကြိုးစားသွားမှာပါ။

**မော်ကျောက်စာ ကားကြီးက နာမည်ကြီးမင်းသား၊ မင်းသမီးတွေချည်း အပြိုင်ဇာတ်ရုပ်လိုဖြစ်နေတော့ ကိုယ့်လုပ်ကွက်တယ်လောက်ရမလဲ။**


မင်းသားတွေနဲ့ တစ်ယောက်ကိုတစ်ယောက် ထိန်းကျောင်းပြီး ရိုက်သွားမှာပါပဲ။ အားလုံးက သူငယ်ချင်းတွေချည်းပဲလေ။ ဘာလို့လဲဆိုတော့ ကျွန်တော်အလုပ် မလုပ်ဘဲဝေလေလေဖြစ်နေတဲ့ အချိန်မှာ ဒီလိုကားကြီးတစ်ကားရဲ့ ဒီလိုဇာတ်ကောင်နေရာမျိုး ကျွန်တော့်ကိုလုပ်ခွင့်ပေးတာကိုပဲ ကျေးဇူးတင်ရမှာပါ။ ကိုယ်အလုပ်လုပ်နေဖို့ပဲ လိုပါတယ်။ ကိုယ်အလုပ် မလုပ်လို့ ကိုယ့်နေရာကျသွားတဲ့ကိစ္စကို ကိုယ့်အနေနဲ့ ဘာမှ မပြောလိုပါဘူး။ ဒီကားမှာမှ မဟုတ်ပါဘူး။ နောက်လည်း ကျွန်တော်တို့တစ်တွေ တစ်ယောက်ကိုတစ်ယောက် ဖေးဖေးမမ ညှိနှိုင်းအလုပ်လုပ်သွားဖို့ပဲ မျှော်လင့်ပါတယ်။

■ ဟိန်းဆက်သွင်



www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်လ်ဒေါက်ကလပ်စ်၊
ဖခင် ကတ်ဒေါက်ကလပ်စ်နဲ့
သား ကင်မရွန်



မိုက်ကယ်လ်ဒေါက်ကလပ်စ်နဲ့ ဇနီး ကက်သရင်းဇီတာဂျုံးစ်

# ကျွန်တော်သိလာတဲ့ အိမ်ထောင်ရေး

ဇာနည်ညီမိ

မကြာမီရုံတင်ပြသတော့မယ့် ဟာသကားတစ်ကားဖြစ်တဲ့ And So It Goes ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်မင်းသားကြီး မိုက်ကယ်လ်ဒေါက်ကလပ်စ်က သူ့အတွေ့အကြုံအရ အိမ်ထောင်တစ်ခုကို ပြုစုပျိုးထောင်ပုံ၊ သားသမီးများအား စနစ်တကျ ထိန်းကျောင်းပျိုးထောင်ပုံတို့ကို People မဂ္ဂဇင်းနဲ့ တွေ့ဆုံရာမှာ ပြောပြခဲ့ပါတယ်။ မိုက်ကယ်လ်ဒေါက်ကလပ်စ်ဟာ ရုပ်ရှင်လောကမှာ နှစ်ပေါင်း ၄၀ မျှ အောင်မြင်ကျော်ကြားမှုကို ထိန်းသိမ်းထားနိုင်ခဲ့သူဖြစ်ပြီး ၂၀၁၃ ခုနှစ်အတွင်းက အိမ်ထောင်သက် ၁၃ နှစ်ရှိပြီဖြစ်တဲ့ ဇနီးသည် ရုပ်ရှင်မင်းသမီး ကက်သရင်းဇီတာဂျုံးစ်နဲ့ ကာလအတန်ကြာ သီးခြားစီနေထိုင်ခဲ့ကြဖူးပါတယ်။ ဇူလိုင်လ ၁၈ ရက်နေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်ဒေါ့ဂလပ်စ်၊
ဇနီးသည် ကက်သရင်းဇီတာဂျုံးစ်၊
သား ဒိုင်လန်နဲ့ သမီး ကေရား

www.burmeseclassic.com

www.burmeseclassic.com



သားအဖနှစ်ယောက် စကားလက်ဆုံကျစဉ်

စတင် ရုံတင်ပြသမယ့် And So It Goes ရုပ်ရှင်ဇာတ်ကားမှာ သူနဲ့ အရင်းနှီးဆုံးမိတ်ဆွေတစ်ဦးဖြစ်တဲ့ ဒိုင်ရင်းကေတန်တို့တွဲဖက်သရုပ်ဆောင်ထားခဲ့ပါတယ်။ မိုက်ကယ်လ်က သူ့မိဘများနဲ့ ပတ်သက်ပြီး တစ်ခုတစ်ခုလုပ်ပေးချင်တဲ့စိတ်ဆန္ဒရှိခဲ့ရာက ဖခင်ဖြစ်သူ အသက် ၉၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသားကြီး ကတ်ဒေါက်ကလပ်စ်နဲ့ မိထွေးတော်သူ အဲန်းတို့ရဲ့ မင်္ဂလာသက်နှစ် ၆၀ ပြည့်ပွဲကိုကျင်းပပေးခဲ့ပါတယ်။ ကိုယ်တိုင်က အော်စကာဆု နှစ်ကြိမ်ရခဲ့ပြီး အသက် ၆၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မိုက်ကယ်လ်က မိသားစုအပေါ်မှာ အထူးဂရုစိုက်သူဖြစ်သလို အသက် ၁၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ သား ဒိုင်လန်က လည်း ဘာသာရေးအရ လူလားမြောက်တဲ့အခမ်းအနား ကျင်းပခဲ့ပါတယ်။ ဒီအခမ်း အနားကြောင့် ဇနီးသည်ဖြစ်သူ အသက် ၄၄ နှစ်အရွယ်ရှိ ကက်သရင်း ဇီတာဂျုံးစ်နဲ့ အိမ်ထောင်ရေးဟာ ခိုင်မြဲသထက်ခိုင်မြဲလာခဲ့ပါတယ်။ မကြာသေးမီက သီးခြားစီ ခွဲနေထိုင်ခဲ့ကြတာဖြစ်ပေမဲ့ ၂၀၁၄ ခုနှစ်အတွင်းမှာ သူတို့နှစ်ယောက်ကို တတွဲတွဲ ပြန်တွေ့လာကြရပါတယ်။ People မဂ္ဂဇင်းပင်တိုင်ဆောင်းပါးရှင်နဲ့ မျက်နှာချင်းဆိုင်ထိုင်ပြီး သူ့ဘဝအတွေ့အကြုံအရ ဆောင်ရန်ရှောင်ရန်တွေကို အခုလို ပြောပြခဲ့ပါတယ်။

## သားသမီးများအပေါ်မှာ ရိုးသားမှုရှိပါ

ဖခင်တစ်ယောက်ရဲ့ဘဝကို ရောက်ရတာ ဘာနဲ့မှ မတူနိုင်တဲ့ကြည်နူးချမ်းမြေ့မှုကို ရပါတယ်။ သားသမီးအပေါ် ချစ်ရတဲ့အချစ်ဟာ အင်မတန်ထူးခြားပြီး တခြားအချစ်များနဲ့ နှိုင်းယှဉ်လို့မရတဲ့ မေတ္တာလည်း ဖြစ်ပါတယ်။ ကိုယ်က သားသမီးတွေကို ချစ်တဲ့အခါမှာ သားသမီးများကလည်း ကိုယ့်အပေါ် အနှိုင်းအဆမရှိ ပြန်လည်ချစ်ခင်ကြပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့တော့ ကျွန်တော့်သားသမီးတွေ



မိုက်ကယ်လ်ကလေးဘဝက မိခင်ရင်းဖြစ်သူ ဒိုင်ယာနာ(ယခု ၉၇ နှစ်)၊ ဖခင် ကတ်ဒေါက်ကလပ်စ်တို့နှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ ဘယ်အရာမဆို ပွင့်ပွင့်လင်းလင်း ပြောပြလေ့ရှိပါတယ်။ တချို့လူတွေက ပြောကြတယ်၊ သားသမီးတွေကို အရာရာတိုင်း ပြောမပြသင့်ဘူးတဲ့။ 'ကလေးတွေ မသိစေနဲ့' လို့ တစ်ယောက်နဲ့တစ်ယောက် သတိပေးကြတာတွေ ရှိပါတယ်။ ကလေးတွေက သိတာပါပဲ။ သူတို့က အားလုံးကို သိတယ်။ ဒါကြောင့် ကျွန်တော်ကတော့ သားသမီးတွေကို အားလုံးအသိပေးတယ်။ ဒါမှလည်း သူတို့အမြင်တွေကို သိရမှာပေါ့။ အဲဒါဟာ ဘဝပါပဲ။

### အသက်အရွယ်ရတဲ့ ဖခင်ဖြစ်ရခြင်း အကျိုးကျေးဇူး

ကျွန်တော့်လိုအသက်အရွယ်နဲ့ ကျွန်တော့်သားသမီးတွေလို ငယ်ရွယ်တဲ့ သားသမီးတွေရှိတဲ့ မိဘဘယ်နှဦးရှိမလဲတော့ ကျွန်တော် မပြောတတ်ပါဘူး။ ကျွန်တော် ဆိုလိုတာက ကျွန်တော့်လို အသက်ကြီးမှ သားသမီးငယ်ငယ်ကလေးတွေ မွေးရမယ်လို့ မဆိုလိုပါဘူး။ အသက် ၅၀ ကျော် မိဘများလည်း သားသမီးမွေးဦးမယ်ဆိုရင် ရပါတယ်။ အရေးကြီးတာကတော့ သားသမီးများနဲ့ ပတ်သက်ပြီး ရည်မှန်းချက်ချထားဖို့ လိုအပ်ခြင်းပါပဲ။ ကိုယ်က အသက်ကြီးတဲ့အချိန်မှာ သားသမီးတွေက ငယ်နေလို့ သူတို့အတွက် လုပ်ပေးစရာတွေ အများကြီး ရှိပါတယ်။ အများအားဖြင့် အသက်ကြီးတဲ့မိဘတွေက သားသမီးတွေကို အချိန်သိပ်မပေးချင်ကြပါဘူး။ ကျွန်တော်ဆိုရင် သား ဒိုင်လန်က ၁၃ နှစ်ပြည့်ပြီ။ သမီး ကားစ်က အသက် ၁၁ နှစ်ပဲ ရှိပါသေးတယ်။ သူတို့နှစ်ယောက်စလုံး စည်းကမ်းရှိရှိ




ခွာဒ်ဒေးဗစ်ခံ့နောက်မှာ ကက်သရင်းဇီတာဂျုံးစ်နဲ့ သားသမီးတို့ကို အမှတ်တရတွေ့ရစဉ်



www.burmeseclassic.com

www.burmeseclassic.com


မိုက်ကယ်လ်နဲ့
ရင်သွေးနှစ်ဦး


ဖခင် ကတ်ဒေါက်ကလပ်စ်နဲ့
ဆယ်ကျော်သက် မိုက်ကယ်လ်

ကြီးပြင်းလာခဲ့ကြတယ်။

ဒိုင်လန်ရဲ့ လူလားမြောက်တဲ့ အခမ်းအနားဟာဆိုရင် အင်မတန်ပျော်စရာကောင်းတယ်။ သားနဲ့ပတ်သက်ပြီး ကျွန်တော် ဂုဏ်ယူတယ်။ ကျွန်တော်တို့ ဇနီးမောင်နှံနှစ်ယောက်စလုံးက သားကို ဘာသာရေးနဲ့ ပတ်သက်ပြီး ဟောတာပြောတာ၊ လေ့ကျင့်ပေးတာတွေ မရှိပါဘူး။ ကျောင်းမှာ သူ့သူငယ်ချင်းတွေနဲ့ သူ့ဘာသာလေ့လာပြီး ယုံကြည်ကိုးကွယ်ခဲ့တာပါ။ ဒါကို ကျွန်တော် ဂုဏ်ယူပါတယ်။ (သူတို့မိသားစုက ဂျူးဘာသာဝင်များ ဖြစ်ပါတယ်)

### အိမ်ထောင်ရေးက အမြဲတစေ ပြုစုစောင့်ရှောက်ဖို့ လိုတယ်

အိမ်ထောင်ရေးမှာ အမြဲသတိရှိဖို့ လိုပါတယ်။ လူတိုင်းမှာ အာရုံနှစ်ခု ရှိပါတယ်။ ကိုယ့်အာရုံစူးစိုက်မှုက ပတ်ဝန်းကျင်က မိတ်ဆွေများအပေါ်မှာ ပို အားထားပြီး သူတို့အမြင်မှာ ကိုယ်ဟာ အင်မတန်ကောင်းတဲ့လူတစ်ယောက်လို့ မြင်စေလိုပါသလား။ ဒါမှမဟုတ် ကိုယ့်အိမ်ထောင်ဖက်ပေါ်မှာသာ အာရုံထားပြီး ပတ်ဝန်းကျင်ကို လျစ်လျူရှုထားလိုပါသလား။ ဒီနှစ်ခုက ရွေးချယ်ရမယ့် အပိုင်း ဖြစ်ပါတယ်။

ဒီကိစ္စက အသက်အရွယ်နဲ့လည်း ဆိုင်မယ်လို့ ကျွန်တော် ထင်ပါတယ်။ ကိုယ့်တက်လမ်းကို အဓိကအာရုံထားပြီး အလုပ်လုပ်နေမယ်ဆိုရင်တော့ ပတ်ဝန်းကျင်ကိုသာ အလေးထားပြီး အိမ်ထောင်ဖက်ကို လျစ်လျူရှုမိသလို ဖြစ်တတ်ပါတယ်။ ကိုယ့်အိမ်ထောင်ဖက်ဟာ ကိုယ့်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အဖော်တစ်ယောက်ဖြစ်တယ်ဆိုတာ သတိမလစ်သင့်ပါဘူး။ အိမ်ထောင်ရေးဆိုတာက သစ်ခွပန်းကလေးများလို အမြဲတမ်း ဂရုတစိုက်ရှိနေဖို့ လိုအပ်ပါတယ်။ အဲဒီလိုဂရုမစိုက်ဘဲ နေမိမယ်ဆိုရင် ပန်းကလေးက လန်းသင့်သလောက် မလန်းတော့ဘဲ အချိန်မတန်ခင် ညှိုးနွမ်းသွားပါလိမ့်မယ်။



www.burmeseclassic.com

အိမ်ထောင်ဖက်အပေါ်မှာ ဂရုစိုက်သလို သားသမီးတွေအပေါ်မှာလည်း ဂရုစိုက်ဖို့ လိုပါတယ်။ အလုပ်ပင်ပန်းနွမ်းနယ်လို့ သားသမီးတွေကို လျစ်လျူရှုတာမျိုး မဖြစ်သင့်ပါဘူး။ သားသမီးတွေဟာလည်း ဖနီးသည်လိုပဲ အရိပ်တကြည့်ကြည့် နေကြရမယ့်ကလေးတွေ ဖြစ်ပါတယ်။

## ကလေးတွေက ကိုယ့်ကို လိုအပ်ပြီထင်ရင် ချက်ချင်းလုပ်ပေးပါ

ဒီခေတ်ကာလမှာ မူးယစ်ဆေးဝါးပြဿနာကို မိဘများ ရင်ဆိုင်နေကြရပါတယ်။ ကျွန်တော် အကြံပေးချင်တာကတော့ ကိုယ့်သားသမီး အသက် ၁၈ နှစ် မပြည့်ခင်မှာ ကိုယ့်အုပ်ထိန်းမှုအောက်က အလွှတ်မပေးပါနဲ့။ အရိပ်တကြည့်ကြည့်နဲ့ ကြည့်နေတဲ့ကြားက သူတို့လေးတွေမှာ ကိုယ့်အကူအညီ လိုအပ်ပြီလို့ထင်ရင် ပါဝင်စွက်ဖက်ဖို့ လုံးဝဝန်မလေးပါနဲ့ (မိုက်ကယ်လ်ရဲ့သားဖြစ်တဲ့ အသက် ၃၅ နှစ်အရွယ်ရှိ ကင်မရွန်းက မူးယစ်ဆေးဝါးရောင်းဝယ်မှုနဲ့ ထောင်ကျနေပါတယ်)။ ကလေးတွေ အသက် ၁၈ နှစ်ပြည့်ပြီးပြီဆိုရင်တော့ ကိုယ်က အုပ်ထိန်းလို့ မရနိုင်တော့ဘူး။ ဒါပေမဲ့ အရေးကြီးတဲ့အခါတိုင်းမှာတော့ မိဘတစ်ယောက်အနေနဲ့ပါဝင်ပတ်သက်ရမှာပါပဲ။


## ကိုယ့်အောင်မြင်မှုကို ဂုဏ်ယူပါ

ကျွန်တော်က ၁၉၈၇ ခုနှစ်မှာ ရိုက်ကူးခဲ့တဲ့ Wall Street ဇာတ်ကားနဲ့ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုရခဲ့ပါတယ်။ အဲဒီတော့မှ ကျွန်တော်က ကျွန်တော့်အဖေရဲ့ အရိပ်အောက်က ရုန်းထွက်နိုင်ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်နိုင်ခဲ့တယ်လို့ ထင်ပါတယ်။ HBO ရဲ့ဇာတ်လမ်းတွဲဖြစ်တဲ့ Behind the Candelabra နဲ့ Emmy ဆုကို ရခဲ့ပါတယ်။ ဒီဇာတ်လမ်းကို စတူဒီယိုတော်တော်များများက လက်မခံဘဲ ပယ်ချခဲ့ကြတာပါ။ ဆုရလိုက်တော့ ကျွန်တော် အားလုံးကို လက်စားချေရသလို ခံစားရပါတယ်။ ကျွန်တော့်အနေနဲ့လည်း သရုပ်ဆောင်မှုအပိုင်းမှာ အကောင်းဆုံးလို့ ထင်ပါတယ်။

## မိဘများနဲ့ နေရတဲ့အချိန်ကို တန်ဖိုးထားပါ

သက်ရှိဖြစ်တဲ့ မိဘများနဲ့ နေရတဲ့အချိန်ကို တန်ဖိုးထားကြပါ။ မရှိတော့မှ တမ်းတမနေစေချင်ပါဘူး။ ကျွန်တော်တို့သားအဖဆိုရင် နေကြတာ နိုင်ငံရဲ့ တစ်ဖက်စွန်းစီမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က ကျွန်တော့်အဖေနဲ့ အတတ်နိုင်ဆုံး အဆက်အဆံပြုလုပ်ပါတယ်။ ကျွန်တော့်အဖေကတော့ ဒီအသက်ဒီအရွယ်ရောက်ပြီဖြစ်ပေမဲ့ ကျွန်တော့်အပေါ်မှာ ဘာမှ တောင်းဆိုမှုတွေ မပြုပါဘူး။ တချို့မိဘဖအိုများကတော့ သားသမီးများအပေါ်မှာ ဟိုဟာဖြစ်ချင်တယ်၊ ဒီဟာဖြစ်ချင်တယ် တောင်းဆိုမှုတွေ များတာကြောင့် သားသမီးတွေက မိဘတွေကို ပစ်ပယ်ထားကြတာတွေလည်း တွေ့ဖူးပါတယ်။ ဒါပေမဲ့ ကျွန်တော် ပြောချင်တာက ဘယ်လိုပဲဖြစ်နေသည်ဖြစ်စေ သူတို့အသက်ရှင်နေစဉ်ကာလမှာ အတတ်နိုင်ဆုံး လိုက်လျောပေးပါလို့ ပြောချင်ပါတယ်။ ■

**စာနည်းညီမ်း**



၁၉၇၇ ခုနှစ်က ဖခင် ကာ့ခ်နဲ့ မိုက်ကယ်လ်



၂၀၀၃ ခုနှစ် မိုက်ကယ်လ်နဲ့ သား ကင်မရွန်



www.burmeseclassic.com

www.burmeseclassic.com



# ချစ်ဦးမေ

## ဆင်း(၄)နဲ့ပါတ်(၁၃) ရိုက်ကွင်းပေါ်မှာ...


လင်းနိုင်ဦး





www.burmeseclassic.com

www.burmeseclassic.com



အနုပညာကို လေးလေးနက်နက် ခံစားပြီး သူ့ရဲ့အနုပညာ ပြချက်များနဲ့ ရိုက်ကူး တင်ပြပေးလေ့ရှိတဲ့ ဒါရိုက်တာ ဝင်းထွန်းထွန်းက 'ချစ်ဦးမေ'လို့ အမည်ပေးထားတဲ့ ဗီဒီယိုဇာတ်ကားကို ရွေးစင်ဦး ဗီဒီယို ထုတ်လုပ်ရေးအတွက် ရိုက်ကူးပေးခဲ့ပါတယ်။ 'ချစ်ဦးမေ'မှာတော့ နေမင်းနဲ့ ချစ်သုဝေတို့ အဓိကသရုပ်ဆောင်ပြီး၊ အဲဒီထဲက ဇာတ်ဝင်ခန်း တချို့ကို ဗိုလ်ချုပ်ပန်းခြံ အတွင်းမှာ ရိုက်ကူး ခဲ့တာပါ။ ကျွန်တော် ရောက်ရှိချိန်မှာတော့ ဒါရိုက်တာ ဝင်းထွန်းထွန်းက နေမင်းနဲ့ ချစ်သုဝေတို့ ချစ်သူနှစ်ဦးကို ကန်တော်ကြီးရေကန်စပ် ခုံတန်းလေးပေါ်မှာ၊ နောက်က ကန်တော်ကြီး ပဲလှေ့စ်ဟိုတယ်ကို နောက်ခံထားပြီး ပြန်လည်ဆုံတွေ့ကြတဲ့ ဇာတ်ဝင်ခန်းကို ရိုက်ကူးခဲ့ပါတယ်။ ဒီဇာတ်ဝင်ခန်းကို နောက်ကြောင်းပြန်အနေနဲ့ ပြသဖို့ ရိုက်ကူးနေတာ ဖြစ်ပြီး၊ ဒီဆင်း(နှ) နဲ့ပတ်သက်လို့ နေမင်းက 'ဒီဇာတ်ဝင်ခန်းက ချစ်သူနှစ်ဦး အဘိုးကြီး၊ အဘွားကြီးဖြစ်ပြီး နှစ်ယောက်စလုံး မရှိကြတော့တဲ့အချိန်



www.burmeseclassic.com



www.burmeseclassic.com

အကုန်လိုက်လုပ်ပေးတော့ ကောင်မလေးကလည်း ကိုယ့်ကို ချစ်သွားတယ်။ ဒါပေမဲ့ ကိုယ့်အခြေအနေက ဘယ်လိုမှမဖြစ်နိုင်တဲ့အတွက် လမ်းခွဲသွားတဲ့ အချိန်မှာ တောင်မှ ကောင်မလေးကို သူ့အိမ်ကို စိတ်ချအောင် လိုက်ပို့ပြီးမှ တယုတယထားခဲ့ပြီး လမ်းခွဲတယ်။ အဲဒီလိုလမ်းခွဲသွားပြီး ဒီဇာတ်ကားထဲမှာ **မေ**လို့ ဇာတ်ကောင်နာမည်ပေးထားတဲ့ ချစ်သူဝေက **တံခွန်**ဆိုတဲ့ ကျွန်တော့်ကို လိုက်ရှာတဲ့ အချိန်မှာ **တံခွန်**ဆိုတဲ့လူက မရှိတော့ဘူး။ အဲဒီလို ဇာတ်ကိုသွားထားပြီးတော့ ဇာတ်သိမ်းကျမှ ပရိသတ်ဖြစ်စေ ချင်တဲ့ဆန္ဒအတိုင်း ချစ်သူနှစ်ဦးရဲ့ဆန္ဒကလည်း ဒီလိုပဲ

စိတ်ကူးထဲမှာ ပြန်ဆုံတွေ့ကြတဲ့ သဘောလေးပါ။ ဒိုးလုံးသီချင်း ဖြစ်တဲ့ ရင်ထဲက *ချစ်ဦးမေ* သီချင်းအတိုင်း ဇာတ်ပြန်ဖွဲ့ထားတာပါ။ ရှေ့ပိုင်းမှာ ကျွန်တော်က ကောင်မလေးကို အရမ်းချစ်တယ်။ ကိုယ့်ရဲ့အခြေအနေ၊ ကိုယ့်မိဘရဲ့ အခြေအနေကြောင့် ချမ်းသာကြွယ်ဝတဲ့ ကောင်မလေးကို ချစ်လို့မရဘူး။ မချစ်သင့်ဘူး။ ဒါပေမဲ့ ချစ်သူကို အလိုလိုက်တယ်။ လိုအပ်တာတွေ ဖြည့်ဆည်းပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ချင်တယ်။ ဒါကြောင့် ဇာတ်ကြောင်းပြန်တဲ့အနေနဲ့ ဇာတ်သိမ်းမှာ ကြည်ကြည်နူးနူးနဲ့ ပြန်တွေ့ကြတဲ့ ဇာတ်ဝင်ခန်းကို ရိုက်ခဲ့တာပါ'လို့ နေမင်းက ပြောပြခဲ့ပါတယ်။

ပရိသတ်ဖြစ်စေချင်တဲ့အတိုင်း ဘာဖြစ်လို့ ရိုက်ဖြစ်တာလဲလို့ နေမင်းကိုပဲ ဆက်မေးကြည့်တဲ့အခါ 'အမှန်အတိုင်းပြောရရင် ပရိသတ်တော်တော်များများက ဘာလဲဆိုတော့ ဇာတ်လမ်းတစ်ခုရဲ့ အဆုံးသတ်မှာ ပျော်ပျော်ရွှင်ရွှင်နဲ့ပဲဇာတ်သိမ်းစေချင်တယ်။ သူတို့ ဒီကားကို ကြည့်ပြီးရင် သူတို့စိတ်ထဲမှာ ကြည်ကြည်နူးနူးနဲ့ ဖြစ်သွားချင်တဲ့ ဆန္ဒရှိတယ်။ အချစ်ကားဖြစ်တဲ့အတွက် ဒီချစ်သူနှစ်ဦးရဲ့ဘဝသည် လက်တွေ့မှာ ပေါင်းလို့မရဘူး။ ဒါပေမဲ့လည်း အသက်လိုမျိုးချစ်ကြတဲ့ ချစ်သူနှစ်ဦးဖြစ်ကြတဲ့အတွက် တကယ်ပေါင်းကြပါစေဆိုတဲ့ ဆန္ဒလေးတစ်ခုရှိမှာပဲ။ အဲဒီလိုရှိကြတဲ့အတွက် ပေါင်းလိုက်တာကို ပြန်ပြပေးလိုက်တဲ့သဘောပါပဲ။ ကွယ်လွန်သွားပြီဖြစ်တဲ့ ဒါရိုက်တာကိုအောင်မင်းသိမ်းရဲ့ **အချစ်သည်လေပြည်** မှာ ပြသွားသလို မတတ်နိုင်တဲ့အတွက် တတ်နိုင်သလောက်ပဲ ပြပေးလိုက်တဲ့သဘောပါ။

ကျွန်တော်က ဒီကားမှာ အရမ်းချစ်တတ်ပြီး၊ အရမ်းကို မျိုသိပ်တတ်တဲ့ ရိုးသားတဲ့ တံခွန်ဆိုတဲ့ ကောင်လေးတစ်ယောက်အဖြစ် သရုပ်ဆောင်ထားတာပါ'လို့ နေမင်းက ဆက်ပြီးပြောပြခဲ့ပါတယ်။

ကန်နံ့ဘေးမှာ ရိုက်ကူးခဲ့တဲ့ ဇာတ်ဝင်ခန်းကို စိတ်တိုင်းကျ ရိုက်ကူးပြီးတဲ့အချိန်မှာ ဒါရိုက်တာ ဝင်းထွန်းထွန်းကို ဒီအခန်းပြီးရင် ဘာအခန်းဆက်ရိုက်မှာလဲလို့ မေးကြည့်တော့ ဒါပြီးရင်တော့ ဆင်း(န်)နံပါတ် ၁၃ ဖြစ်တဲ့ နေမင်းနဲ့ ချစ်သုဝေ မိုးရေထဲမှာ တွေ့ကြတဲ့ ဇာတ်ဝင်ခန်းကို ရိုက်ကူးဖို့ ရေကား နှစ်စီးခေါ်ထားတယ်ဆိုတာကြောင့် စိတ်ဝင်တစားနဲ့ စောင့်ကြည့်ဖြစ်ခဲ့ပါတယ်။

ဒါရိုက်တာ ဝင်းထွန်းထွန်းက **ချစ်ဦးမေ** ဇာတ်ကားကို အဆင့်မြင့် ကင်မရာ တစ်မျိုးဖြစ်တဲ့ Black Magic ကင်မရာနှစ်လုံးနဲ့ ရိုက်ကူးနေတာဖြစ်ပြီး မော်နီတာကလည်း ကင်မရာနှစ်လုံးစလုံးရဲ့ရိုက်ချက်တွေကို မြင်တွေ့ရတဲ့ မော်နီတာဖြစ်ပါတယ်။ မိုးတွေရွာနေတဲ့ကြားထဲမှာ ချစ်သူနှစ်ဦး ဆုံတွေ့ကြတာ၊ လျှောက်သွားကြတာတွေကို ရိုက်ကူးမှာဖြစ်လို့ သဘာဝရွာတဲ့မိုးနဲ့ဆို ရိုက်ကူးလို့ မဖြစ်တဲ့အတွက် ရေကားက ပိုက်နဲ့ သစ်ပင်ပေါ်တွေကိုပက်ပြီး မိုးရွာတဲ့ဆင်း(န်)ရိုက်ကူးတာ ဖြစ်ပါတယ်။

အဲဒီအတွက် ကင်မရာတစ်လုံးကို ကရိန်းနဲ့ ရေကန်အတွင်းကနေ ထားရှိပြီး နောက်တစ်လုံးကိုတော့ သစ်ပင်အမြင့်ကနေ အပေါ်စီးက ရိုက်ကူးနိုင်ဖို့ ညွှန်ကြားခဲ့ပါ





www.burmeseclassic.com

www.burmeseclassic.com




တယ်။ ရိုက်ကွက်အသေတွေ အထပ်ထပ်လုပ်ပြီးတဲ့အချိန်မှာတော့ ရေကာအကိုလည်း ရေဖြန်းပက်မယ်နေရာ ချထားပြီး၊ နေမင်းကလည်း သူ့ရဲ့ဗီဒီယိုကင်မရာသေးသေးလေးကို ရေဒိုက်ထဲမှာ ချည်နှောင်ပြီး ရေမှုန်များလေးတွေ အမိအရ ရိုက်ကူးနိုင်ဖို့ ကိုယ်တိုင် ရေထဲမှာ ပက်ပြီးချည်နှောင်လိုက်ပါတယ်။

အရမ်းချစ်တဲ့ ချစ်သူနှစ်ယောက် ချစ်တယ်လို့ မပြောကြဘဲ လမ်းခွဲသွားကြတယ်။ ကောင်မလေးက မသေခင်တော့ သူချစ်သူက သူ့ကို အရမ်းချစ်တယ်လို့ ကောင်လေးက သူ့မိသားစုကိုများ ပြောသွားလေမလားသွားစုံစမ်းတယ်။ ဒါပေမဲ့ **တဲ့ချွန်** ဆိုတဲ့သူက သေသာသေသွားတယ်၊ ပြောမသွားခဲ့ဘူး။ အဲဒီလို ပြောမသွားခဲ့ပေမဲ့ **မေ့**ကို ဘယ်လောက်ချစ်သွားတယ်ဆိုတာ သက်သေပြသွားတဲ့ ဆင်း(န)နံပါတ် ၁၃ ကတော့ ခိုးပြေးလာတဲ့ ဇာတ်ဝင်ခန်းပါ။ ဒါကို ဒီအတိုင်း ရိုက်ပြလို့ဖြစ်ပေမဲ့ **တဲ့ချွန်** ဆိုတဲ့ကောင်လေးက အရမ်းချမ်းသာတဲ့ **မေ** ဆိုတဲ့ ကောင်မလေးကို ခိုးလာတယ်။ ဘယ်ခေါ်သွားရမလဲ မသိတော့ ပန်းခြံထဲကို ခေါ်လာတယ်။ မိုးအရမ်းရွာတဲ့အတွက် တစ်ကိုယ်စာပဲလုံတဲ့ ထီးတစ်ချောင်းပဲပါတယ်။ အဲဒါကြောင့် ချစ်သူကိုပဲ လုံစေချင်တယ်။ ချစ်သူချမ်းလာတဲ့အခါ အချမ်းပြေဖို့အတွက်အပြင်ထွက်ပြီးတော့ အနွေးထည်ရှာတယ်။ အဲဒီလိုနဲ့တစ်နေကုန်ပြီး နောက်ဆုံးကောင်မလေးကို သူ့အိမ်ပြန်ပို့လိုက်တဲ့ ဆင်း(န)လေးပဲ ဖြစ်တယ်"လို့ ဝင်းထွန်းထွန်းက ပြောပြခဲ့ပါတယ်။

ဝင်းထွန်းထွန်းက ဒီဇာတ်ကားက ရိုမန့်စစ်စစ်ဇာတ်ကားဖြစ်တယ်လို့လည်း ထပ်ပြီး ပြောပြခဲ့ပါတယ်။■

**လင်းနိုင်ဦး**





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




တော်ဝင်ပတ္တမြားရုပ်ရှင် ထုတ်လုပ်ရေးအတွက် နေရဲမာန် စီစဉ်ပြီး ဇာတ်လမ်းဇာတ်ညွှန်း လွှင်မင်းအုံ၊ ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးထားတဲ့ မော်ဒန်ရာဇဝင် ဟာသ ဇာတ်ကားကိုမကြာမီမှာ ရုံတင်ပြသတော့မှာ ဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ ခန့်စည်သူ၊ ပေမျှကျော်၊ ပြေတီဦး၊ ရဲအောင်၊ ထွန်းအိန္ဒြာဗို၊ ဝတ်မှုံရွှေရည်၊ စန္ဒီမြင့်လွင်၊ ခင်လှိုင်နဲ့ အနုပညာရှင်များစွာတို့ ပါဝင် သရုပ်ဆောင်ထားကြတာ ဖြစ်ပါတယ်။

ဟာသဇာတ်ကားများ ရိုက်ကူးရာမှာ အောက်လုံးများ မပါဘဲ ရယ်ရအောင် ရိုက်ကူးလေ့ရှိတဲ့ ဒါရိုက်တာရဲ့လက်ရာ ဖြစ်တာကြောင့် တစ်ကြောင်း၊ မြန်မာရုပ်ရှင်ကားများမှာ အသုံးနည်းသေးတဲ့ ကွန်ပျူတာအထူးပြုလုပ်ချက်များ ထည့်သွင်း ရိုက်ကူးထားတဲ့ကား ဖြစ်တာကြောင့် တစ်ကြောင်း ပရိသတ်များ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




အကြိုက်တွေ့လိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ **မော်ဒန်ရာဇဝင်** ကို တခြားမြို့များမှာမပြရသေးဘဲ နေပြည်တော်မှာ ရုံတင်ပြီးရင် ရန်ကုန်မှာ ရုံတင်ပြမယ်လို့ ဆိုပါတယ်။ (လက်ရှိ ရုံတင်ပြသနေတဲ့ နိုင်ဆေးရှင် ဇာတ်ကားရဲ့နောက်မှာ ရုံတင်ဖို့တန်းစီထား ပြီးပါပြီ။) မော်ဒန်ရာဇဝင် ဇာတ်သက်ပြီး ဒါရိုက်တာ ညီညီထွန်းလွင်ကို မေးမြန်းခဲ့ရာ ကိုညီညီထွန်းလွင်က ဟာသကားဖြစ်တာ ကြောင့် သရုပ်ဆောင် အများကြီး သုံးထားတာ အဟုတ်တဲ့ လိုအပ်လို့ သုံးထားခြင်းသာ ဖြစ်တယ်လို့ ဆိုပါတယ်။ ဇာတ်သိမ်းသဘောကိုက ကျော်ဟိန်းနဲ့ ခင်လှိုင်တို့က [illegible]တင်းရတာနာတွေနဲ့ ပတ်သက်ပြီး [illegible]တွဲခံရတာကြောင့် ထွက်ပြေးရင်း သာကေတတိုင်း သုဝဏ္ဏမြို့က မြို့စိုးနဲ့ ဝင်တိုက်မိရာကနေ အေဒီ ၆ ရာစုနှစ်ကို ရောက်သွားကြတယ်။ အဲဒီမှာ ခန့်စည်သူက မြို့စားကြီး ဖြစ်နေတယ်။ ဒီဘက်ခေတ်က ချစ်သူက ဟိုဘက်ခေတ်မှာ မြို့စားကြီးရဲ့သမီးတော် ဝတ်မှုံရွှေရည်ဖြစ်နေတယ်။ ဒီဘက်ခေတ် မေသက္ကမ ထွန်းအိန္ဒြာဗိုက ဟိုဘက်ခေတ်မှာ သိဒ္ဓိရှင်ဆရာမကြီး



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေတယ်။ ခင်လှိုင်က
ပြေတီဦးရဲ့ယောက်ဖ၊
ခင်လှိုင်ညီမက စန္ဒီမြင့်လွင်။ သူဆိုရင်
ဟိုဘက်ခေတ်မှာ သူယောင်မယ်
သွားဖြစ်နေတယ်
စသဖြင့် သရုပ်ဆောင်
တစ်ယောက်ကို
ရိုက်နှစ်မျိုးနဲ့ တွေ့ရမှာ
ဖြစ်ပါတယ်"လို့ ပြောပြပါတယ်။
စိတ်အပန်းပြေမှုအတွက်
ဟာသကားများကိုသာ ကြည့်လိုကြတဲ့
ပရိသတ်များအတွက်
**မော်အန်ရာဇဝင်** ဟာ
စိတ်အပန်းပြေမှုကို ခေတ်မီရိုက်ချက်များနဲ့
တွေ့ကြရမှာဖြစ်လို့
သေချာပေါက် အကြိုက်တွေ့ကြမယ်လို့
မျှော်လင့်ရပါတယ်။
ကြာမီရုံတင်ပြသလာတော့မယ့်
**မော်အန်ရာဇဝင်** ကို စောင့်ကြည့်ကြပါစို့။
■
**မိုးကျော်ထွန်း**





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ဖာရဲလ်ဝီလီယံစ်

ရဲဟာအောင် (NY)

Pharrell Williams ဆိုတာ
အမေရိကန်လူမျိုး
ရက်ပ်ပါ၊ အဆိုတော်၊
သီချင်းရေးဆရာ၊
တေးဂီတထုတ်လုပ်သူ၊
ဖက်ရှင်ဒီဇိုင်နာတစ်ယောက်ပါ။
သူ ဖြတ်ကျော်လာခဲ့တဲ့
ဆယ်စုနှစ် ၄ စုအတွင်း
ဒီကမ္ဘာမြေပေါ်မှာ
လူပဆန်းကြယ်တဲ့
ပန်းဥယျာဉ်များစွာကို
ဖောက်ရှိခဲ့ပါပြီ။
ဒီအခါ တွေ့ကြုံရမယ့်
ပန်းပွင့်တွေအလယ်က
ဖက်ရှင်ပွင့်ဖြိုးကတော့ ပထမဆုံးရှိ
"တို့တစ်တွေအတူတူ
လေ့လာသင်ယူကြတာပေါ့" လို့
ဖိတ်ခေါ်ပါတယ်။
GQ မဂ္ဂဇင်းရဲ့အင်တာဗျူးသမား
Zach Baron ခေါ်တဲ့ဆရာ
Ferris Kudacki တို့ကို
ထပ်ရုလ် စော်တာဝင်ရှိ
ဆောင့်ကြိုနေတဲ့နေရာက
Bel Air ဟိုတယ်စည်းသည်များ
ဆောက်တဲ့ အခန်းဝမှာပါ။
အဲဒီအခန်းကျယ်ကြီးတစ်ခုလုံး
ကော့ဟာလ်ဇက်အလှူတိစိမ်းစိမ်း
တစ်ခုခုတော့ အပျော်အပြောနဲ့
ဥယျာဉ်ပြကြီးတစ်ခုသဖွယ်
ခန့်ထိပ်ပြင်ဆင်ထားပါတယ်။
ဘယ်ရက်မှာမဆောင်းထားတဲ့ ဦးထုပ်ကြီးက
အနည်းငယ်ကြီးလွန်းနေပြီ၊
အချိုးအစား မကျလှပါဘူး။
၅၊ အင်္ဂလိပ်ဖက်ရှင်ဒီဇိုင်နာ
Vivienne Westwood တီထွင်
ဖန်တီးထားတဲ့ အထူးသောက်ရာ
Buffalo ဦးထုပ်လို့ ခေါ်ပါသတဲ့။
သူ့မျက်နှာကတော့ ဘယ်အချိန်
ကြည့်ကြည့်လိုက်ကြည့်လိုက် အမြဲတမ်း
ပြောင်းလဲမသွားနဲ့ပါ။
ကယ်လီဖိုးနီးယားဆောင်ပိုင်း
Van Nuys ရှိ အဲဒီဟိုတယ်က
ကျွန်ုပ်တို့ Zen ပန်းခြံကို



www.burmeseclassic.com

www.burmeseclassic.com





ဖာရဲလ်ဝီလီယံစ် သဘောကျမှာပါလို့ တစ်စုံတစ်ယောက်က မှတ်ချက်ချလိုက်ပါတယ်။ တိတ်ဆိတ်ငြိမ်သက်ပြီး တန်းစီတာရားထိုင်နေပုံရတဲ့ သစ်ပင်တန်းတွေကို တကူးတက သွားကြည့်ဖို့ ကျွန်တော်တို့ SUV ကားတစ်စီးပေါ် ငါးပိသိပ်၊ ငါးချဉ်သိပ်သလို တိုးဝှေ့တက်ထိုင်လိုက်ကြတယ်။ ရာသီဥတုက တိမ်ထူထူနဲ့ မကြည်လင်ပါ။

ဖာရဲလ်ဝီလီယံစ်ကတော့ ထုံးစံမပျက် ကပ္ပတိန်ထိုင်ခုံမှာ နေရာယူပြီး၊ သူ့ချစ်ဇနီး Helen Lasichanh က သူ့ဘေးမှာ ထိုင်ပါတယ်။ ကားမောင်းထွက်လာပြီး သိပ်မကြာခင် ဖာရဲလ်ရဲ့ တယ်လီဖုန်းမြည်လာတော့တယ်။ မှန်သားပြင်ပေါ်မှာ တွေ့နေရတာ Ushတဲ့။ ဒါ သီချင်းရေးဆရာ၊ အဆိုတော်၊ ကချေသည် Usher နာမည်ကို အတိုကောက်ရေးထားတာပေါ့။ ပထမတော့ သူတို့ ဘာတွေပြောနေကြတယ်ဆိုတာ မှန်းဆလို့မရဘူး။ ရယ်စရာကောင်းပြီး ယုတ္တိမရှိတဲ့မြင်းတွေအကြောင်း ပြောနေသလိုပဲ။ နောက်တော့ ဖာရဲလ်က 'မင်းကိုငါ အားပေးချင်တာက နောက်တစ်လလောက်မှာ မင်းဓာတ်ပြားထွက်နိုင်ပြီး၊ ၂ လလောက်မှာ ဗီဒီယိုသာ ထွက်နိုင်မယ်ဆိုရင် မင်း နောက်မကျဘူးဆိုတာပဲ' လို့ ပြောလိုက်ပါတယ်။

အိုကေ၊ ခုမှပဲ နားလည်သွားပြီ။ အာရှာ သီဆိုထားပြီး ဖာရဲလ်ထုတ်လုပ်မယ့် *Year of the Horse* သီချင်း (၂၀၁၄ ခုနှစ်က တရုတ်လူမျိုးတွေရဲ့ ပြက္ခဒိန်ဇယားအရ မြင်းနှစ်ပါ။) အကြောင်း ဆွေးနွေးနေကြတာကိုး။ အဆိုတော် အာရှာက နောက်ကျသွားမှာ စိတ်ပူနေပေမဲ့ ဖာရဲလ်က ၂၀၁၄ တစ်နှစ်လုံးက မြင်းနှစ်ပဲဖြစ်နေတာမို့ အချိန်တွေ အများကြီးရှိပါသေးတယ်လို့ နှစ်သိမ့်ရှင်းပြပါတယ်။ တစ်ဖက်က အသံတိတ်ပြီး ငြိမ်သွားတဲ့အာရှာကို 'ကဲပါ သွား၊ ဗီဒီယိုသွားရိုက်ချေတော့။ အဲဒါတစ်ခုတော့ မင်းကို တောင်းပန်ပါတယ်' ဆိုတာ အာရှာအား အခြားအဆိုတော်တွေ သီချင်းနဲ့ ဗီဒီယို ဘယ်လိုစိတ်ဝင်စားအောင်လုပ်ပြတဲ့အကြောင်း ဖြည်းဖြည်းချင်း ရှင်းပြနေပါတယ်။

ဖာရဲလ်ဆိုတာ ဒီလိုလူစားပါပဲ။ အနုပညာနဲ့ ပတ်သက်တဲ့ စီးပွားရေးလုပ်ငန်းတွေကို သူ တကယ်ကျွမ်းကျင်ပါတယ်။ နူးညံ့တဲ့တိမ်လွှာတွေကို လက်သီးနဲ့ ထိုးတဲ့လက်ဝှေ့သမားတစ်ယောက်လိုပဲ သိမ်မွေ့တဲ့ အနုပညာတွေကို စနစ်တကျ နေရာကျအောင် ကိုင်တွယ်တတ်ခဲ့တာ ဆယ်စုနှစ် နှစ်ကြိမ်ကျော်လာခဲ့ပါပြီ။ ပရိသတ် လိုချင်တပ်မက်မယ်လို့ မထင်ရတဲ့အရာတွေကို သူ ဖန်တီးရောင်းချတယ်။ ဒါပေမဲ့ ထင်မှတ်မထားလောက်အောင် ပရိသတ်က အမြတ်တနိုးမက်မက်စက်စက် နှစ်သက်သွားမိတာတွေ ဖြစ်လာတော့တာပဲ။

သူ ဖန်တီးရောင်းချခဲ့တဲ့ အနုပညာတွေထဲမှာ ဂီတလည်း ပါသလို Truckerဦးထုပ်မျိုးစုံ၊ စကိတ်ဘုတ်ပေါ်မှာစီးနေရင်း ပရိသတ်စိတ်ဝင်စားမယ့် စတန့်မျိုးစုံ၊ ဖက်ရှင်ဒီဇိုင်းတွေ ပါဝင်ပါတယ်။ သူများရေးတဲ့ သီချင်းတွေကို ပေါက်အောင် ကြော်ငြာရောင်းနိုင်တဲ့ အပြင်၊ သူကိုယ်တိုင်လည်း ထူးခြားတဲ့ သီချင်းတွေရေးဖြစ်၊ ဆိုဖြစ်သူတစ်ယောက်ပါ။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဂျာမန်လူမျိုး တီးဝိုင်းဆရာ Hans Zimmer က ထုတ်ဖော်ချီးကျူးခဲ့ဖူးတယ်။ **Amazing Spider Man 2** ရုပ်ရှင်ဓာတ်ဝင်ခန်းအတွက် ဟန်စ် အင်္ဂလိပ်အမျိုးသား အဆိုတော် သီချင်းရေးဆရာ Johnny Marrတို့နဲ့ အခန်းထဲမှာ စကားထိုင်ပြောနေရင်းတန်းလန်း ဖာရဲလ်က သူ့တယ်လီဖုန်းပေါ်မှာ



www.burmeseclassic.com


www.burmeseclassic.com



သီချင်းတစ်ပုဒ်ပြီးအောင် ရေးနိုင်ခဲ့ပါတယ်တဲ့။ ဟန်စ်က 'ကျွန်တော်နဲ့ ဂျော်နီက ရေးပြီးထားတဲ့ သီချင်းတစ်ပုဒ်ရဲ့ စာသားတချို့ပြောင်းဖို့ ငြင်းခုံနေခဲ့ကြတာ။ အငြင်းအခုံအပြီး သဘောတူညီမှုလည်းရရော ဖာရဲလ်က သီချင်းအသစ် အခုလေးပဲ ပြီးသွားပြီလို့ ပြောတော့တာပဲ'တဲ့။

ဖာရဲလ်ဝီယီယံစ်ကို အမေရိကန်ပြည်ထောင်စု Virginia ပြည်နယ်မှာ မွေးဖွားခဲ့တယ်။ ဂီတသမား၊ တေးဂီတထုတ်လုပ်သူ Chad Hugo နဲ့ ၇ တန်းကျောင်းသား ဖာရဲလ် နွေရာသီကျောင်းပိတ်ရက်မှာ ဆုံတွေ့ခဲ့ကြတယ်။ အဲဒီအရွယ်ကတည်းက ဖာရဲလ်က အော်ဂင်နဲ့ ဒရမ်တီးတတ်နေခဲ့ပါပြီ။ သူ ငယ်စဉ်ပညာသင်ခဲ့တဲ့ အထက်တန်းကျောင်းမှာကတည်းက ကျောင်းက တေးဂီတဝိုင်းမှာ ပါဝင်ဖျော်ဖြေခဲ့ပြီး ကျောင်းသားတွေကြားမှာ 'Skateboard P' လို့ ကျော်ကြားလူသိများခဲ့ပါတယ်။

သူတို့ အထက်တန်းကျောင်းတက်နေရင်း ၁၁ တန်းနှစ်မှာ ဂီတဝါသနာကြီးတဲ့ သူငယ်ချင်း၊ လူငယ် လေးယောက်ပေါင်းလို့ The Neptunes ဆိုတဲ့ အဖွဲ့ကလေး တည်ထောင်ဖြစ်သွား






www.burmeseclassic.com

www.burmeseclassic.com

တယ်။ အထက်တန်းကျောင်းအဆင့် သီချင်းဆိုပြိုင်ပွဲမှာ ဂီတအယ်လ်ဘမ်တွေ ထုတ်လုပ်နေတဲ့ Teddy Riley က ပါရမီကောင်းလှသော လူငယ်လေးယောက်ကို ရှာဖွေတွေ့ရှိသွားခဲ့တော့တယ်။ တဒ်ဒီရဲ့ စတူဒီယိုက ဖာရဲလ်ကျောင်းနဲ့ ကပ်လျက်သားမှာ တည်ရှိတာပါ။ အထက်တန်းကျောင်းပြီးတာနဲ့ တဒ်ဒီက သူတို့နဲ့လက်တွဲဖို့ စာချုပ်ချုပ်ဖြစ်သွားတော့တယ်။

၁၉၉၂ ခုနှစ်ထဲမှာ ဂီတလောကထဲကို ရောက်ရှိလာခဲ့ကြပြီး ဆန်းခါတင်ကျန်တဲ့ အနုပညာတွေ ဖန်တီးနိုင်ခဲ့တယ်။ အရင်ကတည်းက ကြိုက်နှစ်သက်လို့ ရွေးချယ်ထားခဲ့တဲ့ **The Neptunes** အမည်နဲ့ ထုတ်လုပ်ရေးလုပ်ငန်း တည်ထောင်ဖြစ်သွားတယ်။ အဲဒီအချိန်မှာ ကမ္ဘာကျော် အဆိုတော်ဖြစ်နေတဲ့ ဘရစ်တ်နီစပီးယားစ်ရဲ့ တတိယတေးအယ်လ်ဘမ် *Britney* ထဲက *I'm a Slave 4 U* ဆိုတဲ့ သီချင်းစင်ဂဲလ်ကို သူတို့ထုတ်လုပ်ဖြစ်သွားတယ်။ ဘေဘုတ်မှာ နံပါတ်တစ်နေရာ ရခဲ့တယ်။

အဲဒီ ၂၀၀၁ ခုနှစ်အတွင်းမှာပဲ *In Search of* ဆိုတဲ့ အယ်လ်ဘမ်တစ်ခုလုံးကို ဖာရဲလ်နဲ့ ဟူဂို နှစ်ယောက်ပေါင်းရေးပြီး ထုတ်ခဲ့ကြသေးတယ်။ ရက်ပ်အဆိုတော် Nelly ရဲ့ 'Hot in Herre' (စာလုံးပေါင်းမှားခြင်း မဟုတ်ပါ။ တကယ့်ကို R တစ်လုံး အပိုရေး ခေါင်းစဉ်တပ်ထားတာ ဖြစ်ပါတယ်။) သီချင်းထုတ်လုပ်ရေးအတွက် ၂၀၀၂ ခုနှစ်အတွက် နံပါတ်တစ် ဖြစ်ခဲ့ကြပြန်တယ်။ ဘေဘုတ်ဂီတဆုပေးပွဲမှာ နက်ပကျွန်းအဖွဲ့ဟာ 'Producers of the Year' ဘွဲ့ပေးအပ်ခြင်း ခံရတယ်။

အခြားအနုပညာရှင်တွေအတွက် သီချင်းတွေရေးပေး၊ ထုတ်လုပ်ပေးနေတဲ့ ဖာရဲလ်က သူကိုယ်တိုင် အယ်လ်ဘမ်တစ်ခုလုံးဆိုထားတဲ့ 'In My Mind' ကို ၂၀၀၆ ခုနှစ်မှာ ထုတ်ဖြစ်ခဲ့တယ်။ တရားဝင် မထွက်ခင် အင်တာနက်မှတစ်ဆင့် သီချင်းတွေ ပျံ့နှံ့လူသိများခဲ့ပါ

> ဒီကမ္ဘာမြေပေါ်မှာ
> မိန်းမတွေကသာ
> Yes လို့
> ၂ ကြိမ်
> ခွင့်မပေးခဲ့ဘူးဆိုရင်
> အသက်ရှင်နေတဲ့
> လူသားဆိုတာ
> ရှိတော့မှာ
> မဟုတ်ဘူး
> ပထမ Yes က
> ကျွန်တော်တို့ကို
> သူတို့ ဗိုက်ထဲမှာ
> လက်ခံပေးဖို့
> ဒုတိယ Yes က
> လူဖြစ်အောင်
> မွေးပေးဖို့ပေါ့

သေးတယ်။ အဆိုတော် ဘီယွန်းစေး၊ ဘရစ်တ်နီစပီးယားစ်၊ မက်ဒေါနား၊ Maroon 5 တေးဂီတဝိုင်း၊ ရှကီးယား၊ ဂျန်နီဖာလိုပက်ဇ်၊ ရက်ပ်အဆိုတော် Game အစရှိတဲ့ ကမ္ဘာကျော်တွေအတွက် သီချင်းတွေရေးပေး၊ ထုတ်လုပ်ပေးရုံမက တစ်ခါတစ်ရံ အကူအညီတောင်းတဲ့အခါ ဂီတဗီဒီယိုတွေမှာ ပါဝင်သရုပ်ဆောင်ပေးပါတယ်။ နက်ပကျွန်း ထုတ်လုပ်ရေးအပြင် N.E.R.D(No One Ever Really Dies) ဆိုတဲ့ တေးဂီတဝိုင်းတစ်ခု ဖန်တီးတည်ဆောက်နိုင်ခဲ့ပြီး Rock, Funk, Hip Hop စတဲ့ ဂီတအမျိုးအစားတွေ သီဆိုခဲ့ကြပါတယ်။

ဟောလိဝုဒ် အနုပညာအသိုင်းအဝိုင်းမှာ နာမည်ကြီးသွားတဲ့ **Despicable Me** ရုပ်ရှင်ရဲ့ဂီတမှူးအဖြစ် ဖာရဲလ် တာဝန်ယူခဲ့တယ်။ ဒါ့ အပြင် ၂၀၁၂ ခုနှစ်မှာ ကျင်းပခဲ့တဲ့ ၈၄ ကြိမ်မြောက် အော်စကာဆုချီးမြှင့်ပွဲရဲ့ ဂီတမှူးတာဝန်ကို Hans Zimmer နဲ့တွဲဖက်ထမ်းဆောင်နိုင်ခဲ့ပါတယ်။ ဒုတိယပိုင်းရုပ်ရှင် **Despicable Me 2** ရုပ်ရှင်မှာ ဂီတမှူးတာဝန်ယူရုံမက ကမ္ဘာကျော်သွားစေတဲ့ *Happy* အပါအဝင် သီချင်း ၃ ပုဒ် ရေးဖြစ်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် အော်စကာတစ်ကြိုစာရင်းမှာ *ဟက်ပီး* သီချင်း ပါဝင်ခဲ့ပါတယ်။ ဒီအတွက်ကြောင့် အော်စကာဆုပေးပွဲ အခမ်းအနားမှာ ဖာရဲလ်ကို ကိုယ်တိုင်သီဆို ဖျော်ဖြေစေခဲ့ပေမဲ့ အော်စကာဆုတော့ မရခဲ့ပါ။

အနုပညာတေးဂီတနဲ့ အောင်မြင်လာတဲ့ ဖာရဲလ်က Billionaire Boys Club အဝတ်အထည်လုပ်ငန်းနဲ့ Ice Cream ဖိနပ်လုပ်ငန်းတွေကို ၂၀၀၅ လောက်မှာ တည်ထောင်လာခဲ့တယ်၊ ဘီလျံအဲဘွိုင်းကလပ်ကနေ တီရှပ်၊ ကော်လာပါတဲ့ ပိုလိုရှပ်၊ ကော်လာမပါတဲ့ ခေါင်းစွပ်လက်ရှည်၊ ဘောင်းဘီအမျိုးစုံ၊ အမျိုးသားပွဲတက်ဝတ်စုံ၊ လယ်သာဂျက်ကက်၊ ဦးထုပ်၊ ဖိနပ်အတွင်းခံ၊ ခြေအိတ်နဲ့ အခြားအမျိုးသား အသုံးအဆောင်များ ထုတ်လုပ်ပါတယ်၊ ရောင်းကောင်းသလောက် လိုမှထုတ်တာမျိုးမလုပ်ဘဲ သတ်မှတ်ထားသလောက် ကန့်သတ်ထုတ်လုပ်တာ ဈေးနှုန်း အင်မတန် ကြီးမြင့်ပါတယ် တော်ရုံလူ မဝယ်နိုင်ပါ။ စက်ရုံများကကနေဒါ၊ မက္ကဆီကို၊ ကိုရီးယား တရုတ်နိုင်ငံတို့၌ ခွဲဖွင့်ထားခဲ့တယ်။

၂၀၀၈ ခုနှစ်မှာ Louis Vuitto[n] တံဆိပ် လက်ဝတ်ရတနာနဲ့ မျက်မှ[န်] ဒီဇိုင်းများ တီထွင်ပေးခဲ့ပြန်တယ်။ အဲ[...] ထောင်ပရိဘောဂ အချို့နဲ့ ထိုင်ခုံ ဒီဇိုင်း[...] သစ်များကြောင့်လည်း နာမည်ကြီးခဲ့[...] ပါတယ်။ ထိုင်ခုံခြေထောက်များကို [...] သားခြေဖဝါးများပုံစံ ထွင်ခဲ့ခြင်းပါ[...] ၂၀၀၉ ခုနှစ်အတွင်း ဂျပန်လူမျိုး[...] ပန်းချီ၊ ပန်းပုပညာရှင် Takas[hi] Murakami နဲ့ ပူးပေါင်းကာ ပန်းပု[...] တစ်ခုအား ဖွင့်လှစ်ပေးခဲ့တယ်။ အဲ[...] ပြခန်းမှာ ဆွစ်ဇာလန်နိုင်ငံ Basel မြို့[...] ဖလော်ရီဒါမှ မိယာမီကမ်းခြေ[...] ဟောင်ကောင် စတဲ့ မြို့ကြီး ၃ မြို့[...] သာ ဖွင့်လှစ်ပြသတဲ့ အနုပညာအခင်း[...]



www.burmeseclassic.com

www.burmeseclassic.com

အကျင်းပွဲများ ဖြစ်ပါတယ်။

အသက် ၄၀ ကျော်လာတဲ့အချိန် ကိုယ့်ကိုယ်ကို ပြောင်းလဲမှုတွေ ရှိတယ် ထင်သလားဆိုတော့ ဘေးနားက ချစ်ဇနီးကို လှမ်းကြည့်ပြီး ဇနီးမောင်နှံ ပြိုင်တူပြုံးတမြမြ ဖြစ်နေခဲ့ကြတယ်။ ပြီးမှ 'မထင်ပါဘူး။ ဒါအကောင်းဆုံး အချိန် အခါပါပဲ'တဲ့။ ဖာရဲလ်သီဆိုထားတဲ့ *Girl* ဆိုတဲ့ အယ်လ်ဘမ်ကို ၂၀၁၄ ခုနှစ် မတ်လ ၃ ရက်နေ့က ထုတ်လုပ်ဖြန့်ချိခဲ့ပါပြီ။ သီချင်းအပုဒ်ရေ ၁၀ ပုဒ် ပါဝင်ပြီး အားလုံး သူရေးထားတာချည်းပါပဲ။ ဒီအမည်ကို သူရွေးရတဲ့ အကြောင်းပြချက်က 'အမျိုးသမီးကြီးတွေနဲ့ မိန်းမငယ်လေးတွေ အများအပြား ကျွန်တော့်အပေါ် အလွန်သစ္စာရှိပြီး ပံ့ပိုးကူညီခဲ့ကြလို့ပါ'တဲ့။

ဖာရဲလ်က 'ဒီကမ္ဘာမြေပေါ်မှာ မိန်းမတွေကသာ Yesလို့ ၂ ကြိမ် ခွင့်မပေးခဲ့ဘူးဆိုရင် အသက်ရှင်နေတဲ့ လူသားဆိုတာ ရှိတော့မှာ မဟုတ်ဘူး။ ပထမ Yesက ကျွန်တော်တို့ကို သူတို့ ဗိုက်ထဲမှာ လက်ခံပေးဖို့၊ ဒုတိယ Yes က လူဖြစ်အောင် မွေးပေးဖို့ပေါ့'လို့လည်း ရှင်းပြခဲ့ပါတယ်။ သူတို့ ဇနီးမောင်နှံမှာ Rocket ဆိုတဲ့ ၅ နှစ်သားကလေးတစ်ယောက် မွေးထားပြီး ရုပ်ရှင်ဇာတ်ဝင်တေး *Rocket's Theme* ဆိုတာ သားလေးအတွက် ဂုဏ်ပြုရေးစပ်ခဲ့ခြင်း ဖြစ်ပါတယ်။ Esquire မဂ္ဂဇင်းကြီးက ဖာရဲလ်အား 'Best Dressed Man in the World' အဖြစ် ၂၀၀၅ ခုနှစ်က မဲပေးရွေးချယ်ခဲ့ကြပါတယ်။ သူ့ရဲ့ မွေးဇာတိမှာ ဒေါ်လာ ၃၅ သန်း အကုန်အကျခံပြီး ကလေးများအတွက် Afterschool Center ဆောက်လုပ်နေပါတယ်။ From One Hand To Another ဆိုတဲ့ ရန်ပုံငွေအသင်းအဖွဲ့ တည်ထောင်ကာ အသက် ၇ နှစ်မှ အသက် ၂၀ အတွင်း လူငယ်များ ကောင်းကျိုးအတွက် ရည်ရွယ်ဆောင်ရွက်နေသူတစ်ဦးလည်း ဖြစ်ပါတယ်။

■ ရီတာအောင်၊NY၊





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


မြန်မာနိုင်ငံ
အမျိုးသမီးရေးရာအဖွဲ့ချုပ်က
ကြီးမှူးပြီး
ရန်ကုန်တိုင်းဒေသကြီး
အမျိုးသမီးရေးရာအဖွဲ့ရဲ့
စီစဉ်ကြီးကြပ်မှုနဲ့
၂၀၁၄ ခုနှစ် ဇူလိုင်လ
၃ ရက်နေ့မှာ ကျရောက်တဲ့
မြန်မာအမျိုးသမီးများနေ့ကို
ဂုဏ်ပြုတဲ့အနေနဲ့
နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့
မြန်မာအမျိုးသမီးများရဲ့
ဝတ်စားဆင်ယင်ထုံးဖွဲ့မှု
ပြပွဲကြီးကို ယခင်နှစ်များနဲ့
တော့ တစ်မူထူးခြားစွာ
ဇွန်လ ၂၈ ရက်နဲ့ ၂၉ ရက်
နေ့များက ရန်ကုန်မြို့
မြို့မကျောင်းလမ်းရှိ
အမျိုးသားဇာတ်ရုံမှာ
ကျင်းပခဲ့ပါတယ်။
မြန်မာနိုင်ငံအတွင်းမှာ
မှီတင်းနေထိုင်ကြတဲ့
တိုင်းရင်းသားတွေဖြစ်ကြတဲ့
ကချင်၊ ကယား၊ ကရင်၊
ချင်း၊ မွန်၊ မြန်မာ၊ ရခိုင်၊
ရှမ်း အစရှိသဖြင့်
ဒေသကွယ်ရာများနဲ့
ဘာသာစကား ကွဲပြား
ခြားနားပေမဲ့ အားလုံးက
တော့ မြန်မာ့ယဉ်ကျေးမှုကို
အမြတ်အမြတ်ထားပြီး
မြန်မာ့ရိုးရာ အဝတ်အထည်
များကို ဒေသရိုးရာအလိုက်
ဝတ်ဆင်နေကြတာ
ဖြစ်ပါတယ်။
ဒါတွေကို
ပေါင်းတစည်းတည်း
စုစည်းပြီးတော့
မြန်မာအမျိုးသမီးများ
နေ့ကို ဂုဏ်ပြုတင်ဆက်တဲ့
ဒီအစဉ်မှာ ယဉ်ကျေးစွာ
ဖြူမြန်မာ ရိုးရာခြယ်သ
မာပတိုင်းရင်းသူအစ်မ



ပြေတီဦးနဲ့ အိန္ဒြာကျော်ဇင်

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စားဆင်ယင် ထုံးဖွဲ့မှုမြို့လို့ အလည်ပေးပြီး ဝတ်ဆင်ပြသခဲ့ကြတာ ဖြစ်ပါတယ်။ ဒီလိုပြသခြင်းရဲ့ရည်ရွယ်ချက်က ၃ ဂ်ခေတ်ကနေစပြီး မြန်မာအမျိုးသမီးများရဲ့ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြောင်းလဲလာမှုကို တင်ပြလိုတဲ့ ရည်ရွယ်ချက်နဲ့ တင်ဆက်တာ ဖြစ်ပါတယ်။ မြန်မာအမျိုးသမီးများရဲ့ဝတ်စားဆင်ယင်မှုဟာဆိုရင် ဟိုရှေးခြွေမှုတာရာနဲ့ ထိန်းကွပ်ထေးတဲ့ ဝတ်စားဆင်ယင်မှုဖြစ်တယ်ဆိုတာကို ယနေ့ခေတ် မြန်မာအမျိုးသမီးလေးများသိရှိဖို့၊ ထိန်းသိမ်းစောင့်ကြဖို့ ကိုလည်း ရည်ရွယ်တာဖြစ်ပါတယ်။ ဒါ့အပြင်မက လေးတဲ့ မြန်မာအမျိုးသမီးများရဲ့ ဝတ်စားဆင်ယင်မှုလို့ ဆိုလိုက်တာနဲ့ တိုင်းရင်းသားတစ်ခုလုံး ဆင်းညီအစ်မများရဲ့ ဝတ်စားဆင်ယင်မှုကလည်း အကျုံးဝင်ပါတယ်။ တိုင်းရင်းသားမျိုးနွယ်စုတွေမှာ ဆိုရင် လူမျိုးစုအလိုက် ရိုးရာဝတ်စုံများရှိတဲ့အတွက် လူမျိုးတစ်မျိုးချင်းစီရဲ့ ရိုးရာယဉ်ကျေးမှုနဲ့ ဆက်နွယ်လျက်ရှိတဲ့ ဝတ်စားဆင်ယင်မှုများကို ရိုးရာမြန်မာ တိုင်းရင်းညီအစ်မတွေမှာ အ... နဲ့ တင်ဆက်ချင်တဲ့ ရည်ရွယ်ချက်များလည်း ပါဝင်တယ်လို့ သိရပါတယ်။

ရည်ရွယ်ချက်များစွာ ... ကျင်းပတဲ့ ဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြပွဲအခမ်းအနားဥ်ကို

www.burmeseclassic.com

www.burmeseclassic.com



စစ်ကြိုခေတ်ကာလမှာ ဝတ်ဆင်ကြတဲ့ ဝတ်စုံများကိုတော့ ရဲအောင်နဲ့ မိုမိုမြင့်အောင်၊ မင်းဦးနဲ့ မေသန်းနု၊ ရန်အောင်နဲ့ စိုးမြတ်သူဇာ၊ ဖြိုးငွေစိုးနဲ့ ခင်ဇာခြည်ဇော်၊ မိုးယံဇွန်နဲ့ သုပန်ဗွာတို့က ဝတ်ဆင်ပြသခဲ့ပါတယ်

ဒါရိုက်တာအဖြစ် မြတ်မြတ်ဦးက ဦးစီးညွှန်ကြားပြီး တေးလုံးညွှန့်ပွဲ တေးသား အလှများကို စာရေးဆရာမ ခင်ဦး(ခင်မေခ)ရဲ့ ရေးဖွဲ့သီကုံးမှုများနဲ့ ပွဲလှုပ်ဦးစီးတဲ့ Stars & Models Agency မှ သရုပ်ဆောင်၊ မော်ဒယ်လ်များ၊ ကိုချိုကြီး ဦးစီးတဲ့ Royal Star Event မှ မော်ဒယ်လ်များ၊ နာမည်ကြီး သရုပ်ဆောင်၊ မော်ဒယ်လ်များရဲ့ဝတ်ဆင်ပြသမှုများ၊ တေးသီချင်း သီဆိုဖျော်ဖြေမှုများနဲ့တင်ဆက်ပေးခဲ့တာ ဖြစ်ပါတယ်။


တိုင်းရင်းသား ရိုးရာနှယ် များဖြစ်ကြတဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်းတို့ရဲ့ အမျိုးသမီးဝတ်စုံများကို တင်ဆက်ပြသရာမှာ ဒေသများရဲ့ အထင်ကရနေရာများနဲ့ အဲဒီဒေသများအတွက် ဖွဲ့ဆိုထားတဲ့သီချင်းများကို တင်ဆက်ပေးခဲ့ပြီး သရုပ်ဆောင်၊ မော်ဒယ်လ်များက ဝတ်ဆင်ပြသပေးခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီအစီအစဉ်တွေကြားမှာ နောက်ထပ်တင်ဆက်ပေးတဲ့ အစီအစဉ်ကတော့ မြန်မာအမျိုးသမီးလေးများ သိကြာရှိရှိ ခေတ်အလိုက် သမိုင်းတွင် ကျန်ရစ်ခဲ့ပုံများကို ပုဂံခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်၊ အရေးပုံရခေတ်၊ ရတနာပုံခေတ်ဝတ်စားဆင်ယင်မှုကိုလည်း တင်ဆက်ပေးခဲ့ပါတယ်။ အဲဒီအစီအစဉ်မှာ



www.burmeseclassic.com

www.burmeseclassic.com

လူမျိုးတစ်မျိုးချင်းစီရဲ့
ရိုးရာယဉ်ကျေးမှုနဲ့
ဆက်သွယ်လျက်ရှိတဲ့
ဝတ်စားဆင်ယင်မှုများကို
'ရိုးရာခြယ်သ တိုင်းရင်းညီအစ်မ'
ကဏ္ဍအနေနဲ့ အနုပညာရှင်များက
ဝတ်ဆင်ပြသခဲ့ပါတယ်




သရုပ်ဆောင် မေ

ပုဂံခေတ်ကို ကိုယ်စားပြုတဲ့ အမျိုးသမီးလေးများ ဝတ်စုံကို ပွင့်နှင်းဆောင်၊ အင်းဝခေတ်ဝတ်စုံကို ခိုင်နှင်းဝေ၊ တောင်ငူခေတ်ဝတ်စုံကို ဂန္ဓဝင်၊ အမရပူရခေတ်ဝတ်စုံကို မြတ်ဘေသီဆောင်၊ ကုန်းဘောင်ခေတ် ဝတ်စုံ စုလိုင်နှင်းနဲ့ ရတနာပုံခေ ဝတ်စုံကို ဓေသွာဦးက ဝ ဆင်ပြသပေးခဲ့ပါတယ်။

ဒီ့အပြင် ပြောင်း လာတဲ့ စစ်ကြိုခေတ် မှာ ဝတ်ဆင်ကြတဲ့

www.burmeseclassic.com

www.burmeseclassic.com



တိုတော့ ရဲဆောင်ရဲ့ ဒီဇိုင်း ဆောင်း မင်းပိုင်ရဲ့ မေသန်းနု ချိုဆောင်ရဲ့ ဒီဇိုင်းသူတော့ က အိန္ဒိယက ဆောင်မြင် တော့ကြေးခဲ့တဲ့ သီချင်းများ ကို သရုပ်ဆောင်ပြီး ဝတ်ဆင် ပြသပေးခဲ့ကြပါတယ်။ ဆီ ပြီးဆက်ကို တင်ဆက်ပေးတဲ့ ဝတ်စုံများကိုတော့ ဟိန်း လေးရဲ့ ရေမွန်သွား ပြီးမှ နဲ့ ဝင်းမြင့်ညီကျော်၊ ရဲ ထော်သူရဲ့ ခိုင်သင်းကြည်တို့ က ဝတ်ဆင်ပြသပေးခဲ့ကြပါ တယ်။

အစီအစဉ်တွေ အများ ကြီး တင်ဆက်ခဲ့တဲ့ထဲမှာ ပရိသတ်ကိုစိတ်ဝင်စားဆုံးရဲ့ အားပေးမှုရခဲ့တဲ့အစီအစဉ် ကတော့ မင်္ဂလာဝတ်စုံများ ကိုအနုပညာရှင် သရုပ်ဆောင် များ၊ အဆိုတော်များက ဝတ် ဆင်ပြသပေးခဲ့ကြတာ ဖြစ်ပါ တယ်။ ထဲဒီအစီအစဉ်မှာ ပထမဦးဆုံး သရုပ်ဆောင်၊ ဒါရိုက်တာ ဘုန်းဆိုက်နဲ့ အဆိုတော် ချစ်ချစ်တင့်နဲ့ ဆောင်နိုင်က ဒီနိုင်မှာ ရှိခဲ့ မင်္ဂလာဝတ်စုံကို ဝတ်ဆင်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ပြသပေးခဲ့တာ ဖြစ်ပါတယ်။ ချမ်းချမ်းသီဆိုထားတဲ့ တကယ်ဆို အချစ်ပဲလိုတယ် သီချင်းနဲ့ ဖက်ရှင်ရှိုးပြသပေးခဲ့ပြီး၊ အဆိုတော် Rဇာနည်နဲ့ သရုပ်ဆောင်၊ မော်ဒယ်လ် ဝမ်းတို့ဇနီးမောင်နှံက ဒီဇိုင်နာ ပြည့်စိုးအောင်ရဲ့ မင်္ဂလာဝတ်စုံကို ဝတ်ဆင်ပြသပေးခဲ့ပါတယ်။ Rဇာနည်နဲ့ ဝမ်းတို့က ဇနီးမောင်နှံများဖြစ်ကြပေမဲ့ ရှိုးပွဲကိုတော့ အခုမှ တွဲပြီးလျှောက်ဖူးတာ ဖြစ်တယ်လို့ သိရပါတယ်။ သရုပ်ဆောင် ပြေတီဦးနဲ့ အိန္ဒြာကျော်ဇင်တို့ဇနီးမောင်နှံက ဒီဇိုင်နာ မိုးကုတ်ပေါက်ပေါက်ရဲ့ မင်္ဂလာဝတ်စုံကို ဝတ်ဆင်ပြီး ပြသပေးခဲ့ကြတာ ဖြစ်ပါတယ်။ ဆက်လက်ပြီး မင်္ဂလာဝတ်စုံများကို ဝတ်ဆင်ပြသပေးခဲ့ကြတာကတော့ ဒီဇိုင်နာ မျိုးမင်းစိုးရဲ့ မင်္ဂလာဝတ်စုံကို သရုပ်ဆောင် အောင်ရဲလင်းနဲ့ ရွှေမှုံရတီ၊ ဖော်ဝင်းသူမှ မင်္ဂလာဝတ်စုံကို သရုပ်ဆောင် မိုးယံဇွန်နဲ့ အိချောပို၊ ဒီဇိုင်နာ ယဉ်သူအေးရဲ့ မင်္ဂလာဝတ်စုံကို သရုပ်ဆောင် နေတိုးနဲ့ မိုးဟေကိုတို့က ဝတ်ဆင်ပြသပေးခဲ့ကြတာဖြစ်လို့ ပရိသတ်များ အကြိုက်တွေ့ အားပေးခဲ့တဲ့ အစီအစဉ်ဖြစ်ခဲ့ပါတယ်။ မင်္ဂလာဝတ်စုံများကို ဝတ်ဆင်ပြသပေးတဲ့ အစီအစဉ်မှာ လက်ဝတ်ရတနာများကို ရွှေနန်းတော် စိန်ရွှေရတနာဆိုင်က တာဝန်ယူဆင်မြန်းပေးထားပြီး၊ ပန်းအလှများကိုတော့ ETERNAL Flower က အလှဆင်ပေးထားတာ ဖြစ်တယ်လို့ သိရပါတယ်။

မြန်မာအမျိုးသမီးလေးများရဲ့ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲများကို တင်ဆက်ပြသပေးလိုက်တဲ့အတွက် ဒီနေ့ခေတ်မှာ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်အတွင်း ထိုးဖောက်ဝင်ရောက်နေရာယူလာတဲ့ အနောက်တိုင်း၊ အရှေ့တိုင်း၊ ကိုရီးယားတို့မှ သရုပ်


မြန်မာအမျိုးသမီးလေးများ သိက္ခာရှိရှိ ခေတ်အလိုက် သမိုင်းတင် ကျန်ရစ်ခဲ့ပုံများအစီအစဉ်မှာ ပုဂံခေတ်ကို ကိုယ်စားပြုတဲ့ အမျိုးသမီးလေးများဝတ်စုံကို ပွင့်နဒီမောင်၊ အင်းဝခေတ်ဝတ်စုံကို ခိုင်နှင်းဝေ၊ တောင်ငူခေတ်ဝတ်စုံကို ဂန္ဓဝင်၊ အမရပူရခေတ်ဝတ်စုံကို မြတ်ကေသီအောင်၊ ကုန်းဘောင်ခေတ်ဝတ်စုံကို စုလှိုင်နှင်းနဲ့ ရတနာပုံခေတ်ဝတ်စုံကို မေသဉ္ဇာဦးက ဝတ်ဆင်ပြသပေးခဲ့ပါတယ်





www.burmeseclassic.com

www.burmeseclassic.com



ချက် ဝတ်စားဆင်ယင်မှုများကို မြန်မာအမျိုးသမီးများအနေနဲ့ မိမိတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ မပျောက်ပျက်အောင်၊ အရိုးကို အရွက်မဖုံးစေရအောင် ထိန်းသိမ်းကာကွယ်သွားဖို့ တစ်ဦးချင်းစီတွင် တာဝန်ရှိပါကြောင်း ဟိုက်ဟွန်းနိုးဆော်ပေးလိုက်တာဖြစ်တယ်လို့ သိရပါတယ်။

■

လင်းနိုင်ဦး

နေတိုးနဲ့ မိုးဟေကို



www.burmeseclassic.com

www.burmeseclassic.com




# တကောင်းကင်က လင်းလက်ကြယ်

## မင်္ဂလာရွှေမောင်း

graphic design by aung kyaw @ 2014

မိန်းမသားရဲ့ဘဝကို ပိုင်းခြားကြည့်လိုက်ရင် သမီးဘဝ၊ ဇနီးဘဝနဲ့ မိခင်ဘဝရယ်လို့ သုံးဘဝ ရှိနေပါတယ်။ သမီးဘဝဟာ မိခင်၊ ဖခင်တို့ရဲ့အရိပ်အောက်မှာ လုံခြုံစိတ်ချစွာ ပညာသင်ကြားရမယ့် ဘဝပါ။

ဒါပေမဲ့ လူတိုင်း အဲဒီလိုတော့ မနေနိုင်ကြရှာပါဘူး။ ဒီလိုပါပဲ၊ ဇနီးဘဝမှာလည်း ဦးဆောင်လှုပ်ရှားသူ ခင်ပွန်းသည်ရဲ့အရိပ်နဲ့ မကင်းကြရှာပါဘူး။ မိခင်ဘဝမှာတော့ မိန်းမသားတွေဟာ သူ့ရဲ့ သားသမီးတွေအတွက် ဘာမဆို လုပ်ရဲကိုင်ရဲ ရှိလာခဲ့ကြတာ အမှန်ပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ လူ့အဖွဲ့အစည်းရဲ့သတ်မှတ်ချက်(NORM) ကွာခြားမှု ရှိကြပါတယ်။ တချို့လူ့အဖွဲ့အစည်းမှာ လင်ယောကျ်ား ကွယ်လွန်သွားတဲ့ မုဆိုးမတွေကို အသိအမှတ်မပြုဘဲ လျစ်လျူရှုကြတယ်။ မိန်းမတစ်ယောက်ရဲ့ဖြစ်တည်မှုကို သူ့ဘေးက မားမားမတ်မတ်ရပ်တည်နေတဲ့ယောကျ်ားတစ်ယောက်နဲ့ တိုင်းတာနေကြပါတယ်။ လူသားတစ်ယောက် ဘဝအခြေခံဖြစ်ပေါ်မှုကို တခြားလူသားတစ်ဦးရဲ့ ရှင်သန်နေထိုင်မှုနဲ့ တိုင်းတာတဲ့ လူ့အဖွဲ့အစည်းတွေကို ဘယ်လိုပြောကြမလဲ။

'လင်ယောကျ်ား ကွယ်လွန်သွားလို့ မုဆိုးမအဖြစ် ကျန်ရစ်ခဲ့ကြတဲ့ အမျိုးသမီးတွေ လူ့အခွင့်အရေး မဆုံးရှုံးသင့်ပါဘူး'လို့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောခဲ့ပါတယ်။

ဘန်ကီမွန်းပြောတဲ့ စကားက မကောင်းဘူးလား။ ကောင်းပါတယ်။ မဖြစ်သင့်ဘူးလား။ ဖြစ်သင့်ပါတယ်။ ဒါပေမဲ့ စောစောက ရွှေမောင်း ပြောခဲ့သလို လူ့အဖွဲ့အစည်းတစ်ခုရဲ့ နှစ်ပေါင်းများစွာ သတ်မှတ်ပြဋ္ဌာန်းလာတဲ့ 'စံ' တစ်ခုကို အမိန့်အာဏာ၊ ဥပဒေပြဋ္ဌာန်းချက်များနဲ့ ရုတ်တရက် ပယ်ဖျက်လို့ မရနိုင်ပါဘူး။ 'ဥပဒေ'ဆိုတာက လည်း လိုက်နာနိုင်ပါမှ အကောင်အထည် ပေါ်လာတာပါ။ ဘာလုပ်ပါ၊ ညာလုပ်ပါ၊ ဘယ်လိုလုပ်ပါ စတဲ့ ဥပဒေ စည်းကမ်းတွေကို ပြဋ္ဌာန်းပြီး လုပ်ခိုင်းပေမဲ့ သူတို့ရင်ထဲမှာ နှစ်ပေါင်းများစွာ ရှင်သန်နေတဲ့ အစွဲတစ်ခုကို ဖြေဖျောက်ဖို့ မလွယ်ပါဘူး၊

အိန္ဒိယနိုင်ငံမှာ ဟိန္ဒူ ဓလေ့ရိုးရာအရ မုဆိုးမများနဲ့ တစ်ခုလပ်များဟာ လူ့ အသိုင်းအဝိုင်း ပြင်ပမှ စွန့်ပယ်ခံလူတန်းစားတစ်ရပ် ဖြစ်နေခဲ့ပါတယ်။ လင်ယောကျ်ား ကွယ်လွန်ပြီး ကျန်ရစ်တဲ့ မုဆိုးမများဟာ နောက်အိမ်ထောင်ပြုခွင့် မရှိပါဘူး။ အသက်အရွယ် ရှိပင်ရှိ ငြားသော်လည်း မုဆိုးမဘဝနဲ့ မထင်မရှား အသက်ရှင်နေ ကြရပါတယ်။

ဒီမိုကရေစီ လူ့အသိုက်အဝန်းတစ်ခုလို့ သိထားတဲ့ အဲဒီလူ့အဖွဲ့အစည်းကြီးမှာ လူ့အခွင့်အရေးကို ကန့်သတ်ခံနေတဲ့ မုဆိုးမတွေ ရှိနေတယ် ဆိုတာကို တစ်ကမ္ဘာလုံး သိနေကြပေမဲ့ အဲဒီကိစ္စကို ပီပီပြင်ပြင် မလှုပ်ရှားနိုင် ခဲ့ပါဘူး။ တကယ်တော့ ယဉ်



www.burmeseclassic.com

www.burmeseclassic.com




ကျေးတဲ့ လူ့အဖွဲ့အစည်းတိုင်းက ကျားမ၊ ကလေး၊ လူကြီး၊ မွေးကင်းစမှသည် သေဆုံးတဲ့အထိ လူသားအားလုံး မွေးရာပါ လူ့အခွင့်အရေး အပြည့်အဝ ရရှိရမှာ ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ် ဇွန်လထုတ် ရတီမဂ္ဂဇင်းမှာ ဖော်ပြတဲ့ နှင်းရဲ့ **ပန်းကြွေပွင့်များရဲ့ ဒိုင်ယာယီ** ဟာ တားမြစ်ထားတဲ့ နံရံရဲ့ အခြားတစ်ဖက်မှာ မျက်ရည်နဲ့ ရှိုက်သံတွေ ပြည့်နှက်နေတဲ့ မုဆိုးမတွေရဲ့ သီးခြားကမ္ဘာငယ်လေးတစ်ခုကို ဖော်ထုတ်ဖွင့်ချထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။

မောင်အောင်မွန်ရဲ့ **မန်ဒါလီဟင်းစပ်စပ် ချောကလက်ခဲလိုက်**ရဟာ လမ်းစဉ်ပါတီခေတ် သီရိချမ်းသာလမ်းနဲ့ ဒီနေ့ခေတ် သီရိချမ်းသာလမ်းရဲ့ အဟာအကွာကို ခပ်ရွှင်ရွှင်လေး ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။ ဒီဝတ္ထုတိုဟာ Satire ဝတ္ထုတိုလေးတစ်ပုဒ်လို့ ပြောလို့ရနိုင်ပါတယ်။ ဒါအပြင် တစ်ခါက မဆလခေတ်ပါတီနဲ့ ပါတီဝင်တွေကို စာဖတ်သူ သိရှိအောင် 'ပြ'ထားတဲ့ ဝတ္ထုတစ်ပုဒ်လည်း ဖြစ်ပါတယ်။ ဖတ်ကြည့်ပါဦး။

*၂၀၁၄ ဇွန်၊ ရတီ*

❑

'အဘ'ဆိုတဲ့ အခေါ်အဝေါ်တစ်ခုရဲ့ မူလအနက်နဲ့ အဓိပ္ပာယ်ဟာ မြန်မာစာပေ၊ မြန်မာစကားမှာရှိပြီးသားပါ။ အဲဒီရှိပြီးသား အနက်အဓိပ္ပာယ်မဟုတ်ဘဲ စတန့်ထွင် ခေါ်ဝေါ်နေကြတာကို ဘယ်သူက စခဲ့သလဲ မသိပါဘူး။ ကိုယ့်ထက် အသက်တစ်ဝက်မကကြီးတဲ့သူက ကိုယ့်ကို 'အဘ'ခေါ်ပြီး ရှင်းလင်းပြနေတာကို အရသာတွေ့ မိမိခံ၊ ငြိမ်ခံနေကြတာတွေဟာ မြန်မာလူမျိုးရဲ့ ပုံရိပ်ကို ထိခိုက်စေပါတယ်။ ဒီလ ရွှေအမြုတေမှာပါတဲ့ မြေမှုန်လွင်ရဲ့ **နေပြည်တော်တွင် နေကာမျက်မှန်တပ်၍ ခွေးကျောင်းခြင်း**ဟာ အဲဒီအဘရဲ့ ခွေးတစ်ကောင်ရဲ့ နေထိုင်မှုအဆင့်ကို ရေးပြထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။ မြေမှုန်လွင်ဟာ 'ရိန်း'ဆိုတဲ့ ခွေးကြီးရဲ့ အသက်ရှင် ရပ်တည်နေထိုင်မှုနဲ့ သူ့ကို ထိန်းကျောင်းရတဲ့ မောင်ကောင်းထက်(မလေးရှား)ရဲ့ အသက်ရှင် ရပ်တည်နေထိုင်မှုကို ဒီဝတ္ထုမှာ ယှဉ်တွဲရေးပြသွားပါတယ်။ မြန်မာနိုင်ငံရှိ ပြည်သူသန်း ၆၀ မှာ ၅၉ သန်း ၉ သိန်း ၉ သောင်းက ဆင်းရဲတွင်း နက်နေကြပါတယ်။ အဲဒီ လူထုထက်သာနေတဲ့ အဘရဲ့ ခွေးတစ်ကောင်ကို ပုံဖော်ရက်ဖွဲ့ပြလိုက်တဲ့အတွက် အဘကဘာကောင်၊ အဘဘေးမှာနေပြီး အဘရဲ့ခွေးကို ပွံ့ပိုးပေးတဲ့သူက ဘာကောင်ဆိုတာ စာဖတ်သူ သိရှိနားလည်သွားခဲ့ပါတယ်။

၁၉၉၀ ရွေးကောက်ပွဲတွင် မဆလတစ်ဖြစ်လဲ ပါတီကြီးက တစ်ရွာလုံးကို ဝက်သားနဲ့ ထမင်းကျွေး၊ သူတို့ ပါတီမဲပေးဖို့ ကေဒါတွေက စည်းရုံးကြတယ်လို့ ကြားဖူးပါတယ်။ ဒါပေမဲ့ အရက်သောက်၊ ထမင်းစားထားတဲ့ လူတွေကပဲ သူတို့ပါတီကို မဲမပေးဘဲ အတိုက်အခံပါတီကိုပဲ ပေးလိုက်လို့ တစ်နိုင်ငံလုံး အတိုက်အခံပါတီက အနိုင်ရလိုက်တယ်။ အခုလည်း ဒီလိုပါပဲ။ ရွှေအမြုတေမှာပါတဲ့ မာန်(တောင်လုံးပြန်)ရဲ့ ရှစ်၊ **တစ်**



www.burmeseclassic.com

www.burmeseclassic.com

> **မောင်အောင်မွန်ရဲ့ မန်ဒါလီ ဟင်းစပ်စပ် ချောကလက် ခဲလိုက်ရ ဟာ လမ်းစဉ်ပါတီခေတ် သီရိချမ်းသာလမ်းနဲ့ ဒီနေ့ခေတ် သီရိချမ်းသာလမ်းရဲ့ အဟာအကွာကို ခပ်ရွှင်ရွှင်လေး ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ**

**ဆယ်၊ ဆယ့်နှစ်**ဟာ ၂၀၀၈ က နာဂစ်နဲ့အတူ လူပေါင်းများစွာ သေကြေနေတဲ့ကြားက အတည်ပြုလိုက်တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆန္ဒခံယူပွဲ၊ ၂၀၁၀ မှာ လွှတ်တော်ရွေးကောက်ပွဲ အစည်းကနေက ပါတီပြောင်းပြီး ဝင်အရွေးခံတဲ့ ပါတီကြီး အနိုင်ရလိုက်ပုံတွေကို မဲဆွယ်သူ ကိုမြသိန်းတို့ လင်မယားရဲ့ လုပ်ဆောင်ချက်နဲ့ ဖော်ပြခဲ့ပါတယ်။ ဝတ္ထုရဲ့ နိဂုံးက ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ ငွေထုတ်ချေးပြီး မဲပေးမယ်ဆိုတဲ့ လူထုကြီးက ငွေယူပြီး မဲမပေးပုံကို ဝတ္ထုအတတ်ပညာနဲ့ ရေးဖွဲ့ပြထားပါတယ်။ ဖတ်ကြည့်ပါဦး။

ဒီလ ရွှေအမြုတေမှာ မဂ္ဂဇင်း ဝတ္ထုရှည်နှစ်ပုဒ် ဖော်ပြပါတယ်။ အဲဒီထဲက သက်ဦးမောင်ရဲ့ **လူစစ်စစ် ဖြစ်ချင်သူများ၏ အတ္ထုပ္ပတ္တိ**ကို ညွှန်းချင်ပါတယ်။ ဒီနေ့ ကမ္ဘာမှာ အာဏာရှင်စနစ်ကို ကမ္ဘာ့ပြည်သူတွေအားလုံးက လက်မခံနိုင်တော့ပါဘူး။ ဘယ်လိုလက်နက်၊ ယန္တရားကြီးတွေနဲ့ပဲ အဲဒီစနစ်ကိုတည်ဆောက်တည်ဆောက် ကမ္ဘာ့ပြည်သူတွေ လက်မခံနိုင်ကြတော့ဘူး ဆိုတာကို 'အတွေးသစ်'နဲ့ ဖြန့်ကြက်ရေးဖွဲ့ထားတဲ့ ဝတ္ထုရှည်ပါ။ သက်ဦးမောင်ဟာ ဝတ္ထုအရေးကောင်းတဲ့ ဝတ္ထုရေးဆရာတစ်ယောက်ပါ။ အနုပညာရှိသလို အတတ်ပညာလည်း ရှိပါတယ်။ ဒါကြောင့်လည်း သူ့ဝတ္ထုတွေကို ရွှေမောင်းအာရုံစိုက်ဖတ်ပါတယ်။ ဒါပေမဲ့ စာမျက်နှာပေါ်ကို တက်လာခဲ့စက လက်ရာကို မမီလို့ စိတ်မကောင်းဖြစ်နေစဉ်မှာ ဒီဝတ္ထုရှည်ကိုဖတ်လိုက်ရလို့ စိတ်ကျေနပ်သွားမိတာတော့ အမှန်ပါပဲ။

ဒီဝတ္ထုမှာ အိုင်တီနဲ့ ရိုဘော့နည်းပညာ အသင်းကြီးရဲ့ ဥက္ကဋ္ဌဖြစ်တဲ့ ပါမောက္ခကြီး မစ္စတာ ကာနာရဲ့ မြေအောက်ခန်းထဲကို ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး လာတွေ့ခဲ့ပါတယ်။ အကြောင်းရင်းကတော့ ဂျပန်နိုင်ငံကြီးကို တစ်ကမ္ဘာလုံးရဲ့ အထွတ်အမြတ် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ဖို့နဲ့ ဝန်ကြီးချုပ်ကို တစ်ကမ္ဘာလုံးရဲ့ခေါင်းဆောင်အဖြစ် ပြောင်းလဲမြှင့်တင်ဖို့ကိစ္စပါ။

ပါမောက္ခကြီးဟာ နည်းပညာကြောင့် ကျဆုံးခဲ့ရတဲ့ ဖက်ဆစ်စနစ်ကို ကမ္ဘာပေါ်မှာ ပြည်လည်ထွန်းကားလာနိုင်ရေးကို စမ်းသပ်နေတဲ့ သုတေသန ဆရာကြီးပါ။ အခုတော့ အသိဉာဏ်အတု ထည့်ပေးထားတဲ့ ကမ္ဘာ့ခေါင်းဆောင် ရိုဘော့တွေကို အောင်မြင်စွာထုတ်နိုင်ခဲ့ပြီမို့ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနဲ့ တွေ့ဆုံပေးခဲ့ပါတယ်။ ပြီးမှ သူဖြစ်စေချင်တဲ့ တစ်ကမ္ဘာလုံး ဖက်ဆစ်စနစ်လွှမ်းမိုးရေးကို စီစဉ်ဆောင်ရွက်စေပါတယ်။ ပြီးမှ တစ်ကမ္ဘာလုံးရဲ့ခေါင်းဆောင်ကြိုးကိုင်ရှင်အဖြစ် ထားရှိဖို့ ပြောပြပါတယ်။ ဒါပေမဲ့ ဝန်ကြီးချုပ်က လက်မခံပါဘူး။ ၂၁ ရာစု ကမ္ဘာ့ပြည်သူတွေဟာ အာဏာရှင်စနစ်ကို ခေါင်းခါ ငြင်းဆန်နေကြပြီးဆိုတာ သိလို့ အာဘေးက အသက်ကိုအသေခံပြီး အဲဒီရာထူးကို ငြင်းဆန်ခဲ့တယ်။ အဲဒီအချိန်မှာ ပါမောက္ခကြီးက သူစီစဉ်တဲ့အတိုင်း လက်မခံလို့ ဝန်ကြီးချုပ်ကို သူ့ရဲ့ ရောင်ခြည်သေနတ်နဲ့ သတ်မလို့ လုပ်လိုက်စဉ်မှာပဲ အိုဘားမား ရုပ်တုက ပါမောက္ခကြီးကို သေနတ်နဲ့ပစ်သတ်ခဲ့ပါတယ်။

ဒီဝတ္ထုမှာ သက်ဦးမောင်ဟာ အာဏာရှင်စနစ်ဟာ ဒီနေ့အချိန်အခါမှာ ဘယ်နည်းပညာနဲ့ ဘယ်သူတွေ ဘယ်လောက်ပဲ ပံ့ပိုးပံ့ပိုး ဘယ်လိုမှ ဤကမ္ဘာမြေပေါ်မှာ ရှင်သန်ခွင့်မရနိုင်တော့ဘူးဆိုတဲ့ ဝတ္ထုရဲ့ရည်ရွယ်ချက်ကို စာဖတ်သူ့ရင်ထဲ အရောက်ပို့ပေးနိုင်ခဲ့ပါတယ်။ သိပ်ကောင်းတဲ့ ဝတ္ထုရှည်တစ်ပုဒ်ပါ။

*၂၀၁၄ ဇွန်၊ ရွှေအမြုတေ*

❑

ဒီလ ကလျာဝတ္ထုတိုတွေထဲက ပထမဦးဆုံး ညွှန်းချင်တာက မောင်သစ်လှိုင်းရဲ့ **ပျံကျဈေး** ပါ။ အမေညိုရဲ့ ခရမ်းချဉ်သီးပွဲရုံက ခရမ်းချဉ်သီးတွေကို ပျံကျဈေးမှာ ယူရောင်းတဲ့ ဈေးသည် မိန်းကလေးသုံးယောက်နဲ့ အမေညိုတို့ ဉာဏ်စွမ်းဉာဏ်စ ပြိုင်ကြပုံကို ခပ်ရွှင်ရွှင်ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။ မောင်သစ်လှိုင်းဟာ ဒီဝတ္ထုမှာ လူတန်းစား စရိုက်ကို ပီပီပြင်ပြင် ရေးဖွဲ့နိုင်တဲ့အပြင် ဝတ္ထုဖြစ်ပေါ်ရာ နေရာဒေသရဲ့ ပတ်ဝန်းကျင်ကိုလည်း ပီပီပြင်ပြင် ရေးဖွဲ့နိုင်ခဲ့ပါတယ်။ ဖတ်ကြည့်ပါဦး။

ဂျူလိုင်မိုးရဲ့ **အကောင်ကြီးတော့ အလင်းဖျော့** ဟာ ငါးရုံ့မုဆိုး ဦးကောက်ရဲ့ ဘဝဖြတ်သန်းမှုကို ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။ ဦးကောက်ဟာ ကျပန်းအလုပ်လုပ်သလို တံငါလုပ်ငန်းနဲ့လည်း အသက်မွေးပါတယ်။ ဝါသနာအရ ငါးရုံ့ပစ်ရာက ငါးရုံ့မုဆိုးစစ်စစ် ဖြစ်သွားခဲ့ပါတယ်။ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ တရားဘာဝနာ မလုပ်နိုင်ရင်တောင်မှ အကုသိုလ်အလုပ်ကို မလုပ်ဘဲ နေမယ်လို့ ဆုံးဖြတ်ပြီးခါမှ လမ်းလျှောက်ရင်း ကန်ကြီးရဲ့ ဒိုက်ပြင်ကြီးပေါ်မှာ တင်နေတဲ့ ငါးကြီးကို တွေ့ရပြန်ပါတယ်။ ဒီမြင်ကွင်းဟာ ဦးကောက်ကို အထူးစိတ်လှုပ်ရှားစေခဲ့ပါတယ်။ ငါးမုဆိုးဘဝကို အသိတရားနဲ့ စွန့်ပစ်ထားရပေမဲ့ ဒီလို အခွင့်အရေးကြုံလာတဲ့အခါမှာတော့ ဦးကောက် မနေနိုင်တော့ဘဲ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

ငါးကြင်းကြီးကို ကောက်ယူမိပါတယ်။ လူ့သဘာဝအဖွဲ့ဝတ္ထုတိုလေးပါ။ ဖတ်ကြည့်ပါဦး။

*၂၀၁၄ ဖွန့်၊ ကလျာ*

❑

စာဖတ်ပရိသတ်အပေါ် စေတနာထားပြီး ကဏ္ဍစုံ ဖော်ပြပေးနိုင်တဲ့ စုံနံ့သာ ရသမဂ္ဂဇင်းဟာ ဒီလဆိုရင် ၆ လမြောက် ရောက်ရှိလာပါပြီ။ စုံနံ့သာ ပျောက်သွားမှာကိုကြောက်နေကြတဲ့ လူတွေအများကြီးပါ။ ရသမဂ္ဂဇင်းတစ်အုပ် စာပေနယ်က ပျောက်ကွယ်သွားခြင်းဟာ ကောင်းတဲ့ လက္ခဏာမဟုတ်ပါဘူး။ လူတွေ စိတ်ယဉ်ကျေးလာအောင် စွမ်းဆောင်ပေးနိုင်တာက ရသမဂ္ဂဇင်းတွေပါပဲ။ ဒါကြောင့်လည်း ရွှေမောင်းကတော့ စုံနံ့သာမဂ္ဂဇင်း သက်ရှည်ကျန်းမာပါစေကြောင်း နေ့စဉ်ဆုတောင်းနေမိတယ်။

ဒီလ စုံနံ့သာ ကဗျာတွေထဲက ညွှန်းချင်တဲ့ကဗျာကတော့ စောနဒီ(မြစ်ကြီးနား)ရဲ့ **ရန်ကုန်မြို့မှ ဘဝရှိတာမဟုတ်ဘူး၊ နေပြည်တော်မှ ဘဝရှိတာ မဟုတ်ပါဘူး** ပါပဲ။

*'သူခုတ်ခဲ့တဲ့ သစ်တောဧရိယာ ဘယ်လောက်ရှိသလဲပြော၊ သူ တူးဖော်ခဲ့တဲ့ ရွှေတွင်း ဘယ်လောက်ရှိသလဲပြော၊ မအောင်မြင်ခဲ့တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ အကြောင်းပြော၊ သူ့အကြောင်းတွေက ကျွန်မတို့ မိသားစု ရှာဖွေနေတဲ့ မနက်စာလောက် ရင်ခုန်ဖို့ မကောင်းဘူးဆိုတာ သူ မသိခဲ့ဘူး။ ကျွန်မက လိုင်ဇာမှာ သုံးနှစ်၊ ရန်ကုန်မှာ လေးနှစ်၊ နေပြည်တော်မှာ အသစ်၊ သူချစ်နေတော့လည်း ကျွန်မ မပြောဖြစ်ခဲ့ဘူး။ ကျွန်မမှာ အမည်နာမ အမျိုးမျိုးရှိကြောင်း၊ ကျွန်မမှာ မိသားစုရှိကြောင်း၊ ကျွန်မမှာ အိုးပိုင်အိမ်ပိုင် မရှိကြောင်း၊ ကျွန်မဟာ စနစ်တစ်ခုရဲ့ သားကောင်ဖြစ်ကြောင်း ကျွန်မ မပြောဖြစ်ခဲ့ဘူး.....။ အခု ကျွန်မဆီ ရှင်ရောက်နေတာ ၅ ည။ ရှင့်ကို ကျွန်မ ၅ ညနဲ့ အမှုဖွင့်လိုက်ပြီ'*တဲ့။

မြင့်သန်းရဲ့ **လ မလိုည** ဟာ ကျေးလက်လူငယ် ငါးယောက်ရဲ့ အတွေး၊ အမြင်ကို တိုက်အုပ်ကိုယ်တော်နဲ့ တရားဟောဆရာတို့နဲ့ ရက်ဖောက်ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုပါ။ ဆရာ မြင့်သန်းဟာ ကျေးလက်စရိုက် ဖော်ကျူးရေးဖွဲ့ရာမှာ ပီပြင်ပါတယ်။ ဒီဝတ္ထုလေးမှာ လူငယ်ပီပီ အတွေးရဲရဲနဲ့ တွေးမြင်ပုံကလေးတွေကို အရှုန်းဖောက် ရေးဖွဲ့ထားပါတယ်။

တင်မိခိုင်ရဲ့ **အိမ်ပြန်ချိန်တေး** ဟာ ဖက်ဆစ်ဂျပန်စစ်ဗိုလ်တစ်ယောက်ရဲ့ ရင်ထဲမှာ ရှိနေတဲ့ အိမ်ပြန်ချိန် တေးတစ်ပုဒ်ကို ဖခင်လွတ်မြောက်ရေးအတွက် သားငယ်တစ်ယောက်ရဲ့ကြိုးပမ်းအားထုတ်မှုနဲ့ ချည်နှောင်ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။ စာရေးသူဟာ ဇာတ်လမ်းပြောပြသူ 'ကျွန်မ'ရဲ့ဖခင် ပြန်ပြောပြတဲ့ ဇာတ်လမ်းကိုဝတ္ထုအဖြစ် ရေးဖွဲ့ပြီး အင်္ဂလိပ်စစ်တပ်နဲ့ အဆက်အသွယ်ရှိတယ်ဆိုပြီး ဂျပန်စစ်သားတွေ ဖမ်းဆီးခေါ်သွားတဲ့ ဖခင်ရဲ့အသက်ကို ဂျပန်သီချင်းတစ်ပုဒ်ဆိုပြီး ကယ်တင်နိုင်ခဲ့ပါတယ်။ ဒီဝတ္ထုလေးမှာ စာရေးသူဟာ လူမျိုးမရွေး လူသားတိုင်းရဲ့ ရင်ထဲမှာ တွယ်မိနေတတ်တဲ့ မိသားစုသံယောဇဉ်ကို ဖော်ပြနိုင်ခဲ့ပါတယ်။ ဖတ်ကြည့်ပါဦး။

*၂၀၁၄ ဖွန့်၊ စုံနံ့သာ*

❑

ခေတ်ရန့်မဂ္ဂဇင်း အမှတ် ၂ ကို ဖတ်ရတယ်။ ဖြစ်ပေါ်ပြောင်းလဲတိုးတက်နေတဲ့ ကမ္ဘာ့စီးပွားရေး၊ နိုင်ငံရေးနဲ့လူမှုရေးတွေကို တတ်အားသရွေ့ ဖော်ပြပေးနိုင်တဲ့အပြင် ရသစာပေဖြစ်တဲ့ကဗျာ၊ ဝတ္ထုတို၊ အက်ဆေးတို့ကိုလည်း လစဉ်ထည့်သွင်းဖော်ပြနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံ စာပေလောကမှာ မြန်မာ့နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုဘဝ ထင်ဟပ်ဖော်ပြပေးခဲ့တဲ့မဂ္ဂဇင်းတချို့ပျောက်သွားခဲ့ဖူးပါတယ်။ ရွှေမောင်းကတော့ အဲဒီမဂ္ဂဇင်းတွေကို နှမြောမိတယ်။

ဒီလ ခေတ်ရန့်မဂ္ဂဇင်းမှာ ဖော်ပြထားတဲ့ ကဗျာတွေထဲက သင်းစည်ရဲ့ **ပဟေဠိ** နဲ့ နေမျိုးရဲ့ **တရုတ်ပြည်** ကို ညွှန်းချင်ပါတယ်။ နေမျိုးရဲ့ **တရုတ်ပြည်**က တရုတ်တွေရဲ့ အမြတ်ထုတ်မှုအောက်မှာ သန်း ၆၀ ခံနေရပုံကို ရေးဖွဲ့ထားတဲ့ကဗျာပါ။ *'တို့နိုင်ငံ အထီးကျန်ဖြစ်တုန်းက မိတ်ဆွေကောင်း ပီသခဲ့တဲ့ နိုင်ငံပေါ်၊ တို့နိုင်ငံကို အကူအညီပေးခဲ့တဲ့ နိုင်ငံ၊ တစ်ပြိုင်တည်း တို့နိုင်ငံက သယံဇာတတွေ အကုန်ယူချင်တဲ့ နိုင်ငံပေါ်...။*

သင်းစည်ရဲ့ **ပဟေဠိ** ကဗျာက *...သိဒ္ဓတ္ထမင်းသား စီးခဲ့တဲ့မြင်းဟာ လျှာတစ်ချောင်းတည်းလို့* အစချီပြီး ကဗျာဆရာက သူ့ကဗျာကို အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ ဦးအောင်ဇေယျ၊ ဗန္ဓုလ၊ ဗိုလ်အောင်ဆန်းတို့ရဲ့ စီးခဲ့တဲ့မြင်းတွေကလည်း လျှာတစ်ချောင်းတည်း ဖြစ်ကြောင်းရေးဖွဲ့စပ်ဆိုပါတယ်။ ကဗျာရဲ့ နိဂုံးကိုတော့ အခုလိုစပ်ဆိုရေးဖွဲ့ပါတယ်။ *'ကဲ... ခွာသံပြင်းပြင်း၊ ကောသလမင်းရဲ့အိပ်မက်ထဲက ဖက်ကြီးလွတ်လာတဲ့လျှာနှစ်ခွနဲ့ မြင်းနက်ကြီး ဘယ်သူစီးသလဲပြော။ (အဖြေမှန်သူကို ဆုငွေချီးမြှင့်မည်)'တဲ့။*

*၂၀၁၄ ဖွန့်၊ ခေတ်ရန့်*

❑

ဒီလ မဟောသီမှာပါတဲ့ ပေရယ်နွေရဲ့ **အဖေသို့မဟုတ်ကျွန်တော့်ဖတ်စာ** ဟာ ဖခင်တစ်ဦးကို စာဖတ်သူမြင်အောင် ရေးပြထားတဲ့ ဝတ္ထုပါ။ ဝတ္ထုဆိုပေမဲ့ ဆရာ ပေရယ်နွေက သူ့ဝတ္ထုကို အက်ဆေးဆန်ဆန် ရေးသွားခဲ့ပါတယ်။ စာရေးသူဟာ သူ့ရဲ့ဖခင်ကို ဒေါသကြီးသူ၊ ရိုက်နှက်ဆုံးမတတ်သူ အဖြစ် စာဖတ်သူကို ရေးပြထားပြီး ဖခင်ရဲ့ အရင်းအနှီးစုဘူးကို ဖောက် အိမ်ကထွက်ပြေးသွားတဲ့သားကို ပြန်လည်ကြိုဆိုပုံလေးနဲ့ အဆုံးသတ်ထားပါတယ်။ သူ့ ကြိုဆိုပုံလေးက ဖခင့်မေတ္တာကို ထင်းခနဲ ပေါ်လွင်စေခဲ့ပါတယ်။

*၂၀၁၄ ဖွန့်၊ မဟောသီ*

■

**မင်္ဂလာရွှေမောင်း**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



'သတိရလိုက်တာ
...'
အလွမ်းလို့
ဝံ့ဝံ့စားစား
ရင်မဖွင့်နိုင်တော့မှ
မျိုးသိပ် သို့ဝှက်ထားသော
ခံစားချက် ထုထည်တို့
စကားလုံးအဖြစ်
နှုတ်ဖျားမှ ပွင့်အန်ထွက်ကျ
လာသည်က သတိရခြင်း။
ကောင်လေးရော...။
နွယ့်ကို သတိရနေမလား။
နွယ်တို့နှစ်ဦးချင်းသာ
သိနိုင်သည့်
စိတ်ချင်းဆက်နွယ်မှုအရ
ကောင်လေးလည်း
နွယ့်ကို
သတိရနေလိမ့်မည်ဟု
ယုံကြည်သေချာ
နေသည်ဆိုပါလျှင်
နွယ့်ကိုယ်နွယ်
အထင်ကြီး
လွန်းနေလေမလား။
ပင်လယ်ပြင်ကို
ဖြတ်ပြေး
တိုက်ခတ်လာသော
လေအေးကြောင့်
နွယ့်ဆံနွယ်များ
လူးလွန့်နေသည်။
လေအဝှေ့မှာ
လှိုင်းငယ်များက
ကမ်းစပ်ဆီ
ပြေးလွှားစေးကြသေး
သူရိန်နေမင်းသည်
မိုးကုပ်စက်ဝိုင်း
မေးဖျားမှာ ဖြည်းဖြည်းချင်း
ကိုယ်ယောင်ဖျောက်လို့ နေချေပြီ။
ချမ်းစိမ့်စိမ့် လေအေးတို့ကြောင့်
လက်ဖဝါးနှစ်ဖက်ကို
ပွတ်သပ်အနွေးခတ်
ပေးရင်း အနွေးထည်
အိတ်ကပ်ထဲ ထိုးသွင်း
လိုက်သည့်အခါ
စမ်းမိသည်က
ဆင်းကတ်အဟောင်းလေး။
ကောင်လေးဘက်က
အသစ်ပြောင်းခဲ့ပြီးသော
နွယ့် နံပါတ်ကို မသိ၍
ဖုန်းမျက်နှာပြင်ကို
ရှေ့တိုးနောက်ငင်ရွှေ့ရင်း
ပွပန်စိုးရိမ်နေမည့်
ကောင်လေးမျက်နှာလေးကို
မှန်းဆမြင်ယောင်မိသည့်အခါ
နွယ်ကပဲ အရင် ကောင်လေးဆီ
အသံလှိုင်းပို့ပေးနိုင်မည့်
ကိန်းဂဏန်းတို့နှိပ်ရလေမလား
တွေးမိလိုက်သေးသည်။
အပြီးတိုင် ဖျက်ပစ်လိုက်သော
နွယ့်မေးလ်ဟောင်းဆီသို့
ပြတ်တောက်ခဲ့သည့် ကြိုးတစ်ချောင်း၏
ဆက်ထုံးများဖြစ်မလား
မျှော်လင့်ချက်ဖြင့်
စာလွှာပါးတိုင်းလည်း သင်ပို့လိုသော
လိပ်စာထံသို့ မေးလ်ပို့ပေးနိုင်ခြင်း
မရှိပါဟူသော ပြန်စာများကို
ငိုင်ငေးကြည့်ကာ မောလျှနေမည့်
ကောင်လေး၏ သက်ပြင်းငွေ့များ
ရှူရှိုက်မိလိုက်သလိုလို။
ခုချိန်မှာ ကောင်လေးဘေးကနေ
တိတ်တိတ်လေး ကိုယ်ယောင်ဖျောက်
ရှောင်ပြေးခဲ့ပြီးမှတော့ ကောင်လေး
ဘဝလေးကို ထပ်ပြီးမလှုပ်



အမှတ် ၂၉၄၊ ဩဂုတ်၊ ၂၀၁၄



www.burmeseclassic.com

www.burmeseclassic.com

ခတ်စေသင့်။ သူ့အနီးတစ်ဝိုက်မှာ ပျောက်ကွယ်နေခြင်းက၊ နွယ့်အသံလေး ဆိတ်နေခြင်းက ကောင်လေးကို တစ်စတစ်စ တည်ငြိမ်သွားစေပါလိမ့်မည်။ ဝဲယာနှစ်ဖက်မျက်ဆန်ရွှေပြီး မျက်ဝန်းထောင့်၌ ထင်လာသည့် သစ်ကိုင်းခြောက်လေးကို ဖျတ်ခနဲ ဆွဲယူပြီး သဲမြေမွမွပေါ်မှာ ကောင်လေးနာမည်ကို ရေးထိုးလိုက်သည်။

'လင်း...'

သေတ်ကို အဆုံးသတ်ရေးဆွဲပြီးချိန်မှာ နွယ့်နှလုံးသားလေးလည်း တုန်ယင်လှုပ်ခါသွားရသည်။

❏

'အယ် ညပ်... ညပ်...'

'ဟယ် ဒီကလေးညပ်တော့မှာပဲ'

အလန့်တကြား အာမေဋိတ်သံများနှင့်အတူ နွယ့်ဘယ်လက်သည် ရထားအဝင်ဝသို့ မျက်နှာမူနေသော ကလေးငယ်၏ ညာလက်ကို ဖမ်းဆွဲလိုက်သည်နှင့်တစ်ပြိုင်နက် ကလေးငယ်၏ဘယ်လက်ကို အခြား ညာလက်တစ်ဖက်ကလည်း ဆောင့်ဆွဲလိုက်သည်။ ထိုစက္ကန့်မျှခဏမှာ နွယ်တို့အကြည့်ချင်း ဆုံမိကြသည်။

နေ့စဉ်လိုလို နံနက်ခင်းရုံးတက်ချိန်တိုင်း၊ ညနေခင်းအလုပ်ပြန်ချိန်တိုင်း၌ ရထားသည် ခြေနှစ်ချောင်းစာနေရာအတွက်ပင် ခက်ခဲလှအောင် ကျပ်လွန်းလှသည်။ ဂိတ်စသုံးလေးဘူတာကတည်းက ပြည့်သိပ်လာသည်မှာ အလယ်ဘူတာလောက်မှ တက်သော နွယ်တို့လို သုံးစီးမြောက်၊ လေးစီးမြောက်မှသာ ရထားထဲဝင်လို့ရသည်မှာ ရိုးအီငြီးငွေ့ဖွယ် ဖြစ်စဉ်တစ်ခု။ ရထားသည် နှစ်မိနစ်ခြားတစ်ခါလာခြင်း၊ ဘတ်စ်ကားလိုမျိုး ယဉ်ကြောပိတ်ဆို့မှုမရှိသည့်အတွက် ဆိုက်ရောက်ချိန်၊ ထွက်ခွာချိန် တိကျခြင်းတို့ကြောင့်သာ စိတ်ကိုဆွဲဆန့်၍၊ အောင့်အည်းသည်းခံ၍ အခြားရွေးချယ်စရာဆီ ခြေဦးမလှည့်နိုင်ခြင်း ဖြစ်သည်။

ခုလည်း ကတ်ကတ်သတ်သတ် ရထားအဝင်ဝနေရာဆီ လှမ်းဝင်လာသော ကလေးငယ်သည် ဟန်ချက်မငြိမ်ခင် ရှေ့သို့ ပြုံအလဲ အချိန်စေ့၍ ရထားတံခါး အပိတ် နွယ်တို့ အထိတ်တလန့် လှမ်းဆွဲလိုက်ခြင်း ဖြစ်သည်။ မတော် တံခါး ညပ်သွားမှဖြင့်။ ထိုကလေးငယ်ကတော့...

'ရတယ်၊ ကိစ္စမရှိဘူး' တစ်ခွန်းပြောကာ သူ့အိုင်ပစ္စည်းမျက်နှာပြင်မှ မခွာတော့။

မနေနိုင်မထိုင်နိုင် အကဲပိုမိသော အစောက တစ်ယောက်နှင့်နွယ် အကြည့်ချင်း ထပ်ဆုံမိကြပြန်သည်။

ရထားသည် တစ်ဘူတာရပ်လိုက် ခရီးဆုံးသူကဆင်းသွားလိုက်၊ ခရီးသည်အသစ်များက တက်လာလိုက်၊ လိုရာမရောက်သေးသူများက ကျန်ခဲ့လိုက်။ လစ်လပ်သွားသော အတွင်းနေရာများသို့ ဖြည့်ဝင်သွားရင်း နွယ်နှင့်အစောကလူ ဘေးချင်းယှဉ်လျက် ဖြစ်သွားသည်။ ခဏကြာတော့ သူ့ရှေ့မှနေရာ လွတ်သွားသည့်အခါ နွယ့်ကို မေးဆတ်ပြသည်။

နွယ်လည်း ထိုင်ခုံမှာ ဝင်ထိုင်ရင်း ဖုန်းဂိမ်းတစ်ခုကို ဆော့နေလိုက်သည်။ မိနစ်နှစ်ဆယ်လောက်ကြာတော့ နွယ်ဆင်းရမည့် ဘူတာသို့ ရောက်သည်။

တစ်ခါတစ်ရံ မတော်တဆ တိုက်ဆိုင်မှု အမှုန်လေးများစုဖွဲ့ပြီး မေ့ဖျောက်ခက်သော အမှတ်တရများကို ဖန်တီးတတ်လေသည်။ အထူးသဖြင့် သံယောဇဉ် အတွယ်အတာကို ဥပေက္ခာပြုထားချင်သူ နွယ့်ကိုမှ ထိုလှိုင်းက တည့်မတ်စွာ ရိုက်ခတ်ခဲ့လေသည်။

'Hello ရှေ့က မမ... wait me please!'

ကျောဘက်ဆီမှ မြန်မာသံတစ်ဝက်၊ ဘိုသံတစ်ဝက် အသံတစ်သံ လွင့်လာပြီး အရိပ်တစ်ရိပ်လည်း နွယ့်ဘေး ဖျတ်ခနဲ ထိုးကျလာသည်။ မော့ကြည့်လိုက်တော့ အစောကလူ။ ခပ်ဖြူးဖြူးအပြုံးနှင့် မှတ်စုစာရွက်ပေါ်မှ လိပ်စာကိုညွှန်ပြသည်။

'You can follow with me ကောင်လေး'

အံ့ဩရိပ် ဖြတ်ပြေးသွားသောအကြည့်နှင့် တစ်စုံတစ်ခုကို သဘောပေါက်သွားသော ဝင်းလက်သွားသည့် အပြုံးကို နွယ် သတိထားဖြစ်မိအောင် သတိထားမိလိုက်သေးသည်။

မိုးပြာရောင် တီရှပ်နှင့် ဂျင်းပင်န်သည် ဖြူနုဝင်းမွတ်နေသည့် ကောင်လေးအသွင်အပြင်လေးနှင့် ဘယ်လောက်ပင် အရောင်တောက်လွန်းသည်ဆိုဆို အင်တာဗျူးလာသူအနေနှင့်တော့ တစ်ဆိတ် သိမ်ငယ်လွန်းသည်ဆိုချင်သည်။ ကောင်လေးက ရှေးအမွေအနှစ်တို့ ပေါင်းစုနေသည့် ဇာတိမြေ မြို့လေးအကြောင်း တဖွဲ့တနွဲ့ဆိုသည့်အခါ နွယ် အားလပ်ရက် ပြန်လျှင် သွားလည်မည့် စာရင်းထဲ တေးမှတ်ထားလိုက်သည်။

မေတ္တာရှံသည့် မိသားစု၏ အထွေးဆုံးသားလေးမို့ မန္တလေး နည်းပညာကျောင်းက ဘွဲ့ရကြောင်း၊ ဒီကျွန်းလေးမှာ အလုပ်ရှာနေသည်မှာ သုံးပတ်လောက် ရှိနေပြီဖြစ်ကြောင်း ကကြီးကနေ 'အ' သူ့အကြောင်းတို့ကို သူစိမ်းသူကျက်မရွေး သံသယကင်းယုံကြည်လွန်းစွာ အိတ်သွန်ဖာမှောက်ပြောနေလေသလားမသိ။ ကျောပိုးအိတ်ဘေးအိတ်ကပ်မှ ဖုန်းပြားလေးကို ထုတ်ပြီး နံပါတ်ချင်းတောင် ဖလှယ်ဦးမည်ဆိုသည်။

'ကောင်လေး...ဟိုးပန်းအိုးနား မြင်နေရတဲ့ ဓာတ်လှေကားကနေ ဆယ့်တစ်လွှာတက်သွားရင် မင်းကိုခေါ်တဲ့ ကုမ္ပဏီ အခန်းနံပါတ်ကို တွေ့လိမ့်မယ်..'

ဒါတောင် 'မ... ရုံးခန်းက ဘယ်အလွှာမှာလဲ' ဟု အမျှင်တန်းနေသေးသည်။

နွယ်ပြုံးရုံပြုံးကာ ကျောခိုင်းလိုက်ပြီး ဒီမနက်တော့ မြေညီထပ်က ကန်တင်းမှာ အချိန်ဖြုန်းရလိမ့်ဦးမည်။

နှစ်ပတ်လောက်ကြာသည့်အခါ ဓာတ်လှေကား ပန်းအိုးလေးဘေးမှာ စောင့်နေ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည့် ကောင်လေးနှင့် ဒုတိယအကြိမ် ဆုံစည်းစေသည့်ကံတရားကိုတော့ တစ်သက်လုံး နွယ် ကျေးဇူးတင်ရပေလိမ့်မည်။ ခြောက်ကပ် အထီးကျန် နွယ့်နေ့ရက်များသည် သေးသေးချိုချို ကောင်လေး အသံလေးများနှင့် စိုပြည်လာပြီး အမှတ်တရဆိုတာ ရင်ထဲ သိမ်းထည့်ထားရုံနှင့် ကြည်နူးစေမှန်း သိလာခဲ့သည်။ နောင်အခါ ယခုအလုပ်ကို ကောင်လေးက မျှော်မှန်းသစာထက် ဒေါ်လာငါးရာ လျှော့ပြီး လက်ခံခဲ့ကြောင်း သိရသည့်ခါ နှာသီးဖျားလေး ရှုန်းလာသည်ထိ လှိုက်ဖိုရင်ခုန်ရလေသည်။

'ပျော်ရွှင်ဖွယ် နံနက်ခင်းလေးပါ...မ'

တည်သည်လည်း မဟုတ်၊ ရယ်သည်လည်း မဟုတ် အရောင်မဲ့မျက်နှာသေနှင့် အလွှာနံပါတ် တစ်စုံတစ်ရာမရှိပဲ အလိုက်သင့်တက်လာသည့် နွယ့်ကို ကောင်လေး အံ့သြနေလိမ့်မည်။ ကောင်လေးရုံးခန်း၏ မျက်နှာခင်းထိုးအခန်းထဲ လက်ဗွေနှိပ်ဝင်သွားသည့် နွယ့်ကျောပြင်နောက်မှာတော့ 'အို...ဆိုး...လှပတဲ့ တိုက်ဆိုင်မှုလေးပါလား' ဆိုသည့် ရေရွတ်သံ တိုးတိုးလေးက ကပ်ပါလာသေးသည်။

'တကယ်တော့ မရဲ့ အပြင်အစားအစာဆိုတာ တစ်ခါတစ်ရံပဲ ကောင်းတာ။ အထူးသဖြင့် အငန်ဓာတ်မပါ၊ အချိုဓာတ်ပေါ့၊ ရေလုံပြုတ်သာသာ သူတို့အစားအစာထက် ရသာခြောက်ပါးလုံး အချိုးကျကျ ပေါင်းစပ်ထားတဲ့ လင်းတို့ အစာကမှ အာသာပြေတာ မဟုတ်လား။ ညနေခင်းတော့ မ,ချက်စားတယ် မဟုတ်လား'

ထိုသို့ အစပြု၍ အလုပ်စဝင်သည့် နေ့လယ်ခင်း ထမင်းစားချိန် ကန်တင်းမှာတင် မဖိတ်ခေါ်ပါဘဲ နွယ့်ရှေ့ဝင်ထိုင်၊ ယောကျ်ားလေးတန်မဲ့ ထမင်းဘူးလေးဖွင့်ပြီး ဟင်းချိုင့်ထဲက ငါးပိကြော် အနည်းငယ်ကိုလည်း ခွင့်မတောင်းပါဘဲ နွယ့်ပန်းကန်ထဲ ခပ်ထည့်ပေးသေးသည်။

ကောင်လေး နွယ့်ဘဝထဲ စိမ့်ဝင်လာပုံက ခေါင်းခါငြင်းဆန်နေရင်းက ကြည်နူးမက်မောစွာ သာယာမိသွားသလိုမျိုး။

'ကောင်လေး မင်းပေါင်းကျွေးတဲ့ ကောက်ညှင်းပေါင်းက အရသာသိပ် ရှိတာပဲ။ နွယ်က နှမ်းထောင်းနဲ့ပဲ တွဲစားဖူးတာ။ အဲလို မြေပဲထောင်းလေးနဲ့ ပဲပြုတ်အိအိလေးနဲ့ အရသာစိမ့်စိမ့်လေးဆိုတော့ လျှာမှာ စွဲနေတာပဲ'

'ဟာ...မ,ကလဲ ကောင်လေးလို့ မခေါ်ပါနဲ့ဆို။ လင်း...လင်းလို့ ခေါ်ပါ'

နှစ်နှစ်လောက် နောက်ကျ မွေးလာတာကို ကလေးတစ်ယောက်လို မမြင်ပါနှင့်။ ကမ္ဘာကြီးကို အုပ်စိုးမည့် အတွေးအခေါ်တို့ နှလုံးသားထဲအပြည့်ပါဟု သူ့ရင်ဘတ်ကိုပုတ်ကာ စိတ်ကောက်တတ်သည့် ကောင်လေး၏ ကလေးဆန်မှုကလည်း ချစ်စရာကောင်းလို့နေပြန်သေးသည်။

ဘူးသေးသေးလေးနှင့် နွယ့်အတွက် တစ်ယောက်စာ ကြက်သားငါးပိချက်လိုမျိုး၊ ချဉ်ပေါင်ကြော်လိုမျိုး ထည့်ယူလာတတ်သလို နံနက်ခင်း အဆာပြေစာ ပေါင်မုန့်ကြက်ဥကြော်၊ ပဲအီကြာလိုမျိုးလည်း တကူးတက လုပ်လာတတ်သေးသည်။

'အဲလို သူများတွေကိုလည်း ဟင်းတွေ မုန့်တွေ ကျွေးတာပဲလား'

နွယ်က နှုတ်ခမ်းစူချင်ယောင်ဆောင်သည့်အခါ 'မ,က ဝန်တိုတာလား။ တစ်ယောက်တည်း မှုပိုင်ခွင့်ရချင်တယ်ပေါ့' မေးစေ့ကိုပွတ် အထာကြီးစတိုင် ပဲများတတ်သေးသည်။

တိုတောင်းလှသည့် သိကျွမ်းမှုသက်တမ်း နှစ်လခွဲအတွင်းမှာ နွယ် ကျရှုံးခဲ့ပြီဖြစ်ကြောင်း သတိထားမိသည့်အခါ အံ့သြစွာ၊ ထိုမှတစ်ဖန် ရက်ရှရှစွာ တစ်ကိုယ်တည်း ပြုံးမိလေတော့သည်။

နံနက်တိုင်း ဓာတ်လှေကားရှေ့ ပန်းအိုးလေးဘေးကို အကြည့်ရောက်တတ်၍ ငါးနှစ်တာကာလအတွင်း ဒေါ်လာပိုက်ဆံသုံးပြီး လည်ပတ်သင့်သည်ဟု မသတ်မှတ်ခဲ့သည့် တိရစ္ဆာန်ရုံလို၊ ငှက်ဥယျာဉ်လိုနေရာမျိုးကို ရောက်ကာ နွယ့်မှုပိုင် အေးစက်စက်အကြည့်တို့ပင် စိုလက် အသက်ဝင်လာချေပြီ။

စနေ နေ့ဝက် ရုံးတက်ရတာချင်းတူသော နွယ်တို့သည် ရုံးဆင်းသည့်အခါ အိမ်မပြန်သေးဘဲ ရုံးနှင့် မနီးမဝေးက မြစ်ကမ်းဘေး လှေကားထစ်လေးများမှာ ထိုင်ရင်း အာလူးကြော်ဝါးလိုက်၊ အအေးသောက်လိုက် ရောက်တတ်ရာရာ ဆိုတတ်ကြသေးသည်။

'နွယ့်ကိုလေ မေမေ့ကိုယ်ပွားလေးလို့ ဖေဖေကိုယ်တိုင်ကရော၊ ဖေဖေ့အစ်မ နွယ့်ကြီးကြီးတွေကပါ သတ်မှတ်ကြတယ်။ နွယ့်မျက်နှာကျက မေမေနဲ့ တစ်ထပ်တည်းပဲကိုး။ ဒါပေမဲ့ ကောင်လေး မင်းသိလား။ နွယ်က မေမေ့လိုတော့ မဟုတ်ဘူး။ မေမေ့စရိုက်က လွတ်လပ်တာကိုကြိုက်တယ်။ အပေါင်းအသင်းမင်တယ်။ ကလပ်တက်တယ်။ ပါတီပေးတယ်။ ပျော်ပျော်ရွှင်ရွှင် နေတတ်တာက အတိုင်းအဆ လွန်ကဲသွားတော့ ပေါ့တဲ့ဘက် ရောက်သွားတယ်။ ဖေဖေက ရှေးဆန်တယ်။ သိုသိပ်တတ်တယ်။ ဖေဖေက မေမေ့ကို အမြင်မကြည်တိုင်း မင်းသမီးလည်း မင်းအချိုးတိုင်း လာမှာပဲလို့ နွယ့်ကို လျစ်လျူရှုတတ်လာတယ်။ ညီမရတဲ့ ဖြစ်ရပ်တွေရဲ့အဆုံးမှာ မေမေဟာ သူ့မာနကို ထိပါးတယ်ဆိုပြီး တခြားလမ်းကို လျှောက်သွားခဲ့တယ်။

'နွယ့်ကို မညှာဘဲ သူ့ဇီဇကို တစ်ထစ် မလျှော့တဲ့ မေမေ့ကိုလည်း နွယ် မုန်းတယ်။ မေမေ့ကို စိတ်နာပြီး နွယ့်ကို ဖယ်ထုတ်ချင်တဲ့ ဖေဖေ့ကိုလည်း မကျေနပ်ဘူး။ ချစ်ရဲ့သားနဲ့ ပြတ်လွယ်တဲ့ သူတို့သံယောဇဉ်ကို နွယ်မုန်းတယ်။ သူများမိသားစုတွေ သာယာနေတာမြင်ရင် အလိုလို မနာလိုဖြစ်လာရော။ အဲလိုမိသားစုမျိုး ပိုင်ဆိုင်ထားတဲ့ သူငယ်ချင်းနဲ့လည်း



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်း ဆက်မလုပ်တော့ဘူး။ ပြဿနာက အော်တိုတက်ရော။ ကြာလာတော့ နွယ့်မှာ အပေါင်းအသင်းရှားလာတယ်။

'ဒါတွေ ပြောပြနေတာ ကောင်လေး နွယ့်ကို သနားစေချင်လို့ မဟုတ်ဘူးနော်။ အဲလိုမိုက္ခယ်ရာ ပျောက်ဆုံးခဲ့ဖူးတဲ့ Problem girl နွယ်ဟာ နောက်တစ်ကြိမ် တွယ်ငြိမိတဲ့ အရာတစ်ခုကိုသာ ဆုံးရှုံးခဲ့မယ်ဆိုရင်...'

ကောင်လေးသည် နွယ့်ကို စကားဆက်ခွင့်မပေးဘဲ သူ့လက်ညှိုးနှင့် နွယ့်နှုတ်ခမ်းကိုပိတ်ကာ နွယ့်လက်ကို ဆုပ်ကိုင်အားပေးတတ်သည်။

ထိုညနေခင်းများတော့ နွယ်တို့နှစ်ယောက် ညဦးနက်မှ ဖြေဖျော်သည့် သံစုံတီးဝိုင်းကို ညစျေးတန်းပတ်ရင်း စောင့်ပြီး စိတ်ရှိသလောက် ခုန်ပေါက်အားပေးလိုက်ကြသည်။

နောက်ဆုံးရထားတောင် မမီတော့ပြီမို့ အငှားကားစီးကာ ကောင်လေးက နွယ့်အိမ်ပေါက်ဝထိ လိုက်ပို့သည်။

နွယ့်နဖူးဆီ ဖွဖွထိသည့် အနမ်းကတော့ နေထွက်လာမည့် မနက်ဖြန်တိုင်းအတွက် အားအင်အနမ်းများဖြစ်သည်။

❑

အကယ်၍ ဖုန်းအဝင်ကောလ်တစ်ခုကို ကောက်ကိုင်လိုက်ခြင်းသည် နွယ့်ရွှေရောင်စိတ်ကူးများကို ကြေမွစေမှန်းကြိုသိခဲ့လျှင် နွယ်မကြားချင်ယောင်ဆောင်ခဲ့မိမှာ သေချာသည်။

တစ်ခါတစ်ရံ မျှော်လင့်မထားသည့် ချိန်သားကိုက်မှု အခြေအနေများလည်း စောစီးစွာ ကြုံရတတ်သေးသည်။

စနေ နေ့လယ်ခင်း ကောင်လေးနှင့် ကော်ဖီဆိုင်ထိုင်နေတုန်း ကောင်လေးဖုန်းလေး မြည်လာခဲ့သည်။ ပေါ်နေသည့်နံပါတ်သည် မြန်မာနိုင်ငံကမို့ ကောင်လေး မုန့်နှင့် ကော်ဖီသွားယူနေတုန်း လိုင်းကျသွားမှာ စိုးရိမ်စိတ်ကြောင့် Accept ခလုတ်ကို နှိပ်လိုက်မိသည်။

'အလင်းရောင်...မင်း မေမေ့အရိပ်အောက်က လွတ်တာ လပိုင်းပဲရှိသေးတယ်။ ထင်ရာစိုင်းတတ်နေပြီလား။ ငယ်တယ်မဆိုနိုင်တဲ့ မင်း အသက်အရွယ်နဲ့ အဲဒီလောက်တော့ ထိန်းချုပ် ဆင်ခြင်နိုင်သင့်တယ်။ မင်း မွန်နေတုန်းတော့ လိမ့်လို့ကောင်းနေဦးမှာပေါ့။ ခုတွဲနေတဲ့ကောင်မလေးနောက်ကြောင်းကို မင်းကစိတ်မဝင်စားပေမဲ့ မေမေက မျက်နှာမလွှဲနိုင်ဘူး။ အဲဒီကောင်မလေးအမေက ပထမအိမ်ထောင်နဲ့ သဘောထားမတိုက်ဆိုင်လို့ ဒုတိယအရိပ်အောက်ခိုလှုံတယ်။ မေမေ အပြစ်မပြောလိုဘူး။ ဒါပေမဲ့ တတိယအရိပ်ကို ထပ်ပြီး ခိုဝင်တာတော့ ချောင်းရိုးမြောင်းရိုးသာ တိမ်ကောရင် တိမ်ကောမယ်၊ မျိုးရိုးကတော့... သား...'

နွယ် ကံကောင်းသည်ဆိုရမလား။ ဖုန်းလိုင်းသည် ပြောနေရင်း ပြတ်တောက်သွားခဲ့သည်။ ကောင်လေး မေမေလည်း ထပ်ခေါ်မရတော့သည်ဘဲလား၊ မှာတမ်းခြွေစရာ ကုန်သွားလို့လား ဖုန်းသံလည်း ထပ်မြည်မလာတော့။

'ကောင်လေး မင်းဘဝမှာ မိဘကို ဆန့်ကျင်ခဲ့ဘူးလား'

အဆက်အစပ်မရှိ နွယ့်မေးခွန်းကြောင့် ကောင်လေးမျက်ခုံးများ တွန့်တက်သွားသည်။ ကောင်လေးက မဖြေသေးဘဲ မုန့်နှင့်ကော်ဖီကို နွယ့်ရှေ့ချပေးသည်။

'မုန့်ကို ခဏထားပါဦး။ နွယ်မေးတာ ဖြေဦးလေ။ ဥပမာ အဖြစ်အပျက်တစ်ခုတည်းကိုပဲ ကိုယ့်ဘာသာမှန်ကန်နေတဲ့ ရပ်တည်ချက်တွေနဲ့၊ အဲလို ဆန့်ကျင်ဘက်ကလည်း ကိုယ့်ရဲ့ မိဘအထူးသဖြင့် အမေပေါ့။ ကောင်လေး ကြုံခဲ့ဖူးလား။ အရင်က မကြုံလည်း အနာဂတ်ဆိုတာ ကြိုမမြင်နိုင်ဘူးလေ'

'ဒီကကောင် ပြောရင်လည်း အိုဗာတင်းလို့ စွပ်စွဲဦးမယ်။ မ,ရဲလင်း အလင်းရောင်က သားလိမ္မာလေးပါဗျ'

ကောင်လေးက ရယ်ကျဲကျဲဆိုသော်လည်း နွယ့်ရင်ထဲ ငိုချေပြီ။

'တကူးတက ဖန်တီး၊ စကားနားထောင်ခဲ့တာတော့ မဟုတ်ဘူးဗျ။ လင်းမေမေကလည်း တစ်ခါဆိုတစ်ခါမှ တစ်ယူသန် တစ်ဖက်သတ် မဆန်ခဲ့သလို တကယ်လို့ တားမြစ်ခဲ့ရင်လည်း လင်းအတွက်ပဲလို့ လင်း ယုံတယ်။ မေမေက လင်းကို တအားချစ်တယ်။ လင်းကလည်း မေမေ့ကို ချစ်တာပဲလေ'

ကောင်လေးက တွေးတွေးဆဆ ဆိုပြန်သည်။

ထိုနေ့က 'ခေါင်းကိုက်တယ်၊ ပြန်ရအောင်' အကြောင်းပြကာ ကြည့်ရခဲ့သော မြန်မာ အဆိုတော်များ ရှိုးပင် လက်မှတ်အဆုံးခံလိုက်ပြီး အိမ်ပြန်ခဲ့သည်။ ကောင်လေးမေမေ စကားများက တရစ်ဝဲဝဲ။ ကောင်လေးပုံရိပ်များက တဝဲလည်လည်။ ကောင်လေးအတွက် ချိန်ခွင်လျှာညှိရမည့် နွယ့်ပြိုင်ဘက်သည် သူစိမ်းသာ ဖြစ်လိုက်စေချင်သည်။ တစ်လျှောက်လုံး မစွန်းထင်းခဲ့သည့် ဂုဏ်ပုဒ်သည် နွယ့်ကြောင့် အရောင် မပြောင်းစေချင်။ ထိုအတောအတွင်း ကောင်လေးဆီမှ တစ်ရုံတစ်ရာ ကြားလေမလား စိုးတထိတ်ထိတ်နှင့် နေ့ရက်တို့ကုန်လွန်သွားခဲ့သည်။ လွန်ခဲ့သည့်နှစ်က ငြင်းခဲ့သည့် အိန္ဒိယတိုင်းပြည်ရုံးခွဲသို့ စေလွှတ်မှုကို ဒုတိယအကြိမ်တောင်းဆိုခံလာရသည့်အခါတော့ မဆိုင်းမတွပင် ခေါင်းညိတ်ခဲ့မိသည်။ ကောင်လေးနှင့် နောက်ဆုံးဆုံခဲ့သည့် ညနေက အတည်တကျဖြစ်လျှင် လိပ်စာ၊ ဖုန်းနံပါတ်တို့ကို မေးလ်ပို့ပေးလိုက်မည်ဟု ကတိပေးခဲ့သော်လည်း ခုချိန်၌ ထိုအလင်းရောင်၏ ဖြာလင်းမှုစည်းဝိုင်းအတွင်းမှာ တစ်ကြိမ်တစ်ခါ ကြည်နူးခဲ့ဖူးရုံနှင့် လုံလောက်ပြီဟု သေချာ ဆုံးဖြတ်နိုင်ခဲ့ပြီမို့ နွယ့်အချစ်ကို ကောင်လေး အပါအဝင် မည်သူမှ နားမလည်သည့်တိုင်အောင်....။

ရင်ငြိမ်းသူ၊မော်စော်မြိုင်



www.burmeseclassic.com

www.burmeseclassic.com

အလင်းသစ်
စာပေ



**ခေါင်းဆောင်ကောင်းတို့၏အရည်အချင်း - ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ**

စီးပွားရေး၊ နိုင်ငံရေးနယ်ပယ်များနှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် ခေါင်းဆောင်ကောင်းဖြစ်လိုသူလူငယ်များနှင့် လူကြီးများအတွက် လိုက်နာ ကျင့်ကြံအားထုတ်နိုင်ရန် ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ ခေါင်းဆောင်ကောင်း တို့၏အရည်အချင်းကို ဗုဒ္ဓ၏အဆုံးအမ၊ လမ်းညွှန်ချက်ရှုထောင့်မှ ရေးသားထားခြင်းဖြစ်သည်။ ပင်ကိုအရည်အချင်း၊ ခေါင်းဆောင်ကောင်းတို့၏ အင်္ဂါရပ်များ၊ ခေါင်းဆောင်ကောင်းတို့၏ အပြောအဆို၊ စကားပြောနည်း၊ ခေါင်းဆောင် ကောင်းတို့၏ အမူအရာ၊ မြတ်စွာဘုရားနှင့် ဆရာတော်ကြီးများ၏ အတုယူဖွယ် အမူအရာများ စသဖြင့် ခေါင်းစဉ် ၂၅ ခုဖြင့် လက်တွေ့ကျကျ လိုက်နာကျင့်ကြံနိုင်ရန် လမ်းညွှန်ရေးသားထားသည်။

**မြတ်ဗုဒ္ဓတရားတော်များနှင့် မြန်မာစကားပုံများ - ဓမ္မာစရိယ ဦးအေးနိုင်(ဘီအေ)**



ဓမ္မအတွေ့အကြုံမှ ဖြစ်ပေါ်လာခဲ့သည့်စကားပုံများသည် ဗုဒ္ဓမြတ်စွာ၏တရားဒေသနာတော်များကို အသီးသီးဖော်ညွှန်း လျက်ရှိနေကြသည်။ စကားပုံများမှ ညွှန်ပြထားသော ဗုဒ္ဓတရားတော်များကို သိရှိလိုက်နာကျင့်ကြံ၍လောကီအကျိုး လောကုတ္တရာအကျိုးများရရှိရန် ရည်သန်ရေးသားထားသော စာအုပ်ဖြစ်သည်။ ဆုံးမဩဝါဒများကို ပေးလိုသည့်အခါ ရိုးရိုးစကားဖြင့် ဆုံးမဩဝါဒပေးသည်ထက် စကားပုံများကိုရွတ်ဆိုပြီး၊ သို့မဟုတ် ရေးသားပြီး ဆုံးမဩဝါဒပေးခြင်းက ပို၍ထိရောက်နိုင်စေကြောင်း လမ်းညွှန်ထားပါသည်။



**ဂျပန်နိုင်ငံ၏ အဓိကဘဏ်စနစ် - မောင်ကြည်သို(ပါဠိတ္ထ)**

ဒုတိယကမ္ဘာစစ်အပြီး ပြာပုံဘဝမှရုန်းထခဲ့ရသော ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အဓိကအကြောင်းရင်း တစ်ရပ်ဖြစ်စေခဲ့သော အဓိကဘဏ်စနစ်(Main Bank System) အကြောင်း ရေးသားထားသည်။ အဆိုပါ အဓိက ဘဏ်စနစ်သည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားစေရန် အဓိကမောင်းနှင်အားကို ဖြစ်ပေါ်စေနိုင်သည့် အသင့်လျော်ဆုံးစနစ်ဟုဆိုသည်။ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်များ လက်ပွန်းတတီး လက်တွဲဆောင်ရွက်ပုံကို အသေးစိတ် ဖော်ပြထားပြီး မြန်မာနိုင်ငံအတွက် လမ်းစတစ်ခု ဖော်ညွှန်း ထားသည်။ စီးပွားရေးလောကအတွင်းကျင်လည်ကြကုန်သူအားလုံး၊ အသိပညာ၊ အတတ်ပညာဖြန့်ဝေသူများ၊ ငွေကြေး ဈေးကွက်တွင် လှုပ်ရှားသူများ၊ စီးပွားရေးလုပ်ဆောင်သူများက ကြိုဆိုရမည့်စာတစ်အုပ် ဖြစ်သည်။

**အလင်းသစ်ရာထူးဝင်ခွင့်လမ်းညွှန် - အလင်းသစ်စာတည်းအဖွဲ့**



နည်းပြ၊ သရုပ်ပြများ၊ စီပံခန့်ခွဲရေးဝန်ထမ်း(၁)၊ ဥပဒေအရာရှိအဆင့်(၄)၊ အမြို့နယ်တရားသူကြီးများ၊ ဒု-ဦးစီးမှူးများ၊ ဒု-အကောက်ခွန်မှူးများ၊ ဒု-စီမံကိန်းမှူးများ စသည့် ဌာနဆိုင်ရာ အရာရှိငယ်များနှင့် မြန်တမ်းဝင်အရာရှိရာထူးအား လုံးအတွက် ရေးဖြေ၊ နှုတ်ဖြေဖြေဆိုရာတွင် လက်တွေ့ပြုနိုင်ရန်ပြုစုထားသည်။ အထွေထွေဗဟုသုတနှင့် မြန်မာစာ ဘာသာရပ်များပါဝင်သည်။ ရာထူးဝင် စာမေးပွဲဖြေဆိုမည့်သူများ၏လိုအပ်ချက်များအတွက် အချိန်တိုအတွင်းအကျိုး ပြုနိုင်အောင် စေတနာအရင်းခံဖြင့် ပြုစုထားသောစာအုပ်ဖြစ်သည်။



**သေရုပ်ခွဲမှုတောင့် - မင်းနန့်(မော်ကျွန်း)**

လူသားတစ်ယောက်၏ ဂုဏ်ရောင်ပြောင်ရှန်းသော ဘဝကောင်းဘဝမွန်ကိုရရှိရန် မြတ်ဗုဒ္ဓလမ်းညွှန်ချက်အတိုင်း မိမိ ကိုယ်တိုင် တိတိပပ လိုက်နာကျင့်သုံးသော ဓမ္မကသာ ဖန်တီးနိုင်ကြောင်း လမ်းညွှန်ရေးသားထားသည့် စာအုပ်ဖြစ် သည်။ သီလမှုမလုံခြုံလျှင် သမာဓိလည်းမဖြစ်၊ လောဘလည်းပါးလျားရှုံ့မလာ၊ ဘာတရားထူးမှုလည်းမရနိုင်၊ သော တာပန် ဖြစ်ဖို့ဆိုသည်မှာဝေးလေစွ၊ ထို့ကြောင့်လည်း အယူအမြင်မှန်ကန်ခြင်းနှင့် သီလစင်ကြယ်ခြင်းသည်ကောင်းမှု ကုသိုလ်တို့၏ အစအမွန်ဖြစ်ကြောင်း ဖော်ပြထားသည်။

**မြတ်ဗုဒ္ဓလက်ထက် ပါရမီရှင်အမျိုးသမီးများ**



အရာရာ၌ ယောကျ်ားများသာ စဉ်းစားဆုံးဖြတ်နိုင်သောအသိဉာဏ်ရှိသည်မဟုတ်၊ မိန်းမသားများသည်လည်း ထိုထို အရာ၌ ဆင်ခြင်ဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသည်သာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေရန် ဗုဒ္ဓမြတ်စွာလက်ထက် ထင်ရှားထူးချွန်သောပါရမီရှင်အမျိုးသမီး ၁၂ ဦး၏အကြောင်းကိုရေးသားထားခြင်းဖြစ်သည်။ မဟာပဇာပတိဂေါတမီ၊ ယသောဓရာဒေဝီ၊ ခေမာဒေဝီ၊ ပဋာစာရာ၊ မိဂါရ မာတာ ဝိသာခါ၊ အမ္ဗပါလီ၊ ရူပနန္ဒာ၊ သုမနာဒေဝီ၊ ဒီဃကောသီ၊ ဥတ္တရာနှင့် သိရိမာ၊ တပါ၊ ဥပ္ပလဝဏ္ဏာတို့ ပါဝင်ပါသည်။

အလင်းသစ်

အလင်းသစ်စာပေ၊ အခန်း-၆၀၁၊ အမှတ်-၁၇၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၀၄၀၉၇၊ ၂၀၄၀၉၈၊ လိုင်းခွဲ-၂၅၄၊ ၀၉ ၅၄၀ ၀၃၀၂။

လှုတ်ဖြ

Designed by Lynn Wunna

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# အတိတ်လမ်းသို့ အလွမ်းပြေ မြို့မကိုပေါ်

အမှတ် ၂၉၇၊ ဩဂုတ်၊ ၂၀၁၄

ရုပ်စုံမဂ္ဂဇင်း
အမှတ်တရစာစု

ဇရာချိန်ထိ ရောက်နေပါပြီ။ ဒီလိုပြောလိုက်ရလို့ စိတ်ဓာတ်လုံးလုံးကျဆင်းတဲ့ သဘောတော့မရှိပါ။ သူ့ ကျော်ဖြတ်ရမယ့်မှုတာ၊ တွေ့ကြုံရတဲ့မှုတာကို ပြောတာပါ။ ဘယ်လိုဖြစ်ဖြစ် ဇရာချိန်မို့လို့ ငယ်စဉ်ပျို့ရွယ်ကလို စိတ်နောက် လှ... မလိုက်နိုင်တော့တာ သေချာပါတယ်။ ခုချိန်မှာ စိတ်တစ်ခုရှိတယ်ပဲ ဆိုကြပါစို့။ ရုပ်ခန္ဓာအရဲ့ ငယ်တဲ့ကာလကလို စိတ်သွားတိုင်း ကိုယ် မပါနိုင်တော့ပါ။ ဒီအချိန်မှာ ကိုယ့်ဆရာတွေ၊ ကိုယ့်ကျေးဇူးရှင်တွေ၊ ကိုယ့်လက်တွဲဖော်ညီအစ်ကို သူငယ်ချင်းတွေလည်း ကုန်တန်သလောက်ကုန်နေပါပြီ။ ဒီတော့ အရင်တုန်းက ဘဝတွေ၊ ကာလတွေကို ပြန်တွေးမိတိုင်း ရင်ထဲမှာ ဝေဒနာတစ်မျိုးက ရှိနေရပါတယ်။ တွေးရင်းလည်း သတိရတယ်၊


www.burmeseclassic.com

www.burmeseclassic.com

မတွေးရင်းလည်း သတိရ ရနေတယ်။ လွန်ခဲ့ပြီဆိုပေမဲ့ ရင်ထဲမှာ ဘယ်တော့မှ မပျောက်နိုင်တော့ဘူးလေ။ ဒါကြောင့် ကျွန်ခဲ့တဲ့အချိန်လေးမှာ ရှိသမျှဝေဒနာတွေကို ဖောက်ထွက်ဖို့ စာရေးတဲ့အလုပ်ပဲ တတ်နိုင်ပါတော့တယ်။

ဒါဟာ '**အတိတ်လမ်းသို့ အလွမ်းပြေ** 'ပါပဲ။

မန္တလေးမြို့၊ ၈၄လမ်း(၈၄လမ်း၏အရှေ့ဘက်)၂၄×၂၅ ကြားမှာ ဒါးတန်းအရှေ့ဝင်းဆိုတာ ရှိပါတယ်။ အဲဒီဝင်းကြီးထဲမှာ ဦးသန့်ရဲ့မိဘများ ဆောက်လုပ်နေထိုင်တဲ့ တိုက်အကြီးစားကြီး ၂ တိုက်၊ တိုက်အလတ်စား ၁ တိုက်တို့နဲ့တကွ ဥယျာဉ်၊ ပန်းခြံ၊ ရေကန်တို့နဲ့ သာယာချမ်းမြေ့၊ ချမ်းသာသုခနဲ့ ပြည့်စုံစွာနေထိုင်ကြသူများ ဖြစ်သည့်အလျောက် စိတ်နေသဘောထားများမှာလည်း အပြစ်ကင်းစင်ပြည့်ဝသူများ ဖြစ်ကြပါတယ်။

အဲဒီ ဒါးတန်းဝင်းထဲမှာ နန်းတော်ရှေ့ရပ်မှ ရွှေပန်းထိမ်ဆရာကြီး ဦးခန့်ကလည်း လာရောက်ပြီး ရွှေပန်းထိမ်ဆိုင် ဖွင့်ထားပါတယ်။ ဦးသန့်တို့မိသားစုနဲ့ ခင်မင်ပေါင်းသင်းနေထိုင်ကြသူတွေထဲမှာ ကိုပေါ်၊ မလှဆိုတဲ့ ကျွန်တော့်မိဘများလည်း ပါဝင်နေထိုင်ကြပါတယ်။ အဲဒီ ဒါးတန်းအရှေ့ဝင်းထဲမှာပဲ ကျွန်တော့်ကို ၁၉၂၈ ခုနှစ်မှာ မွေးဖွားခဲ့ပါတယ်။ နေ့စဉ် နံနက်တိုင်း ဦးသန့်ရဲ့မိခင် အမေပုဟာ ဒီဝင်းထဲမှာပဲ ကျွန်တော့်မိခင်နဲ့အတူ လမ်းလျှောက်လေ့ရှိပါတယ်။ ဒီအချိန်မှာ နန်းတော်ရှေ့ဆရာတင်နဲ့ ဆရာဘကလေးတို့ ခြံဝင်းပေါက်မှ ဝင်လာကြတာတွေ့တော့ အမေပုက-

'မလှ ဟိုက လာနေတာ ဘယ်သူတွေတုံး'

ပွဲစားကုန်သည် မြို့မိမြို့ဖများ
ဈေးချိုသူဈေးချိုသားများကလည်း လှူကြမှာ ဖြစ်လို့
ငါပေးချင်တဲ့ နာမည်က'မြို့မ'လို့ပဲ ပေးချင်တယ်။
ဘာကြောင့်လဲဆိုတော့ ငါတို့ကို မြို့က'မ'နေလို့ပဲ။ ဒါ့ကြောင့်
'**မြို့မအပျော်တမ်းတူရိယာ အသင်း**'ဆိုတာ ငါ့အကြိုက်
နာမည်ပဲလို့ ပြောလိုက်တော့ အားလုံးက သဘောတူကြတယ်
တဲ့။ အဲဒီက စလို့ မြို့မ ဖြစ်လာတာပဲ။

'သြော်၊ နန်းတော်ရှေ့ဆရာတင်နဲ့ ဆရာဘကလေးတို့ပါ မမ'

'ဆရာတင် ရေးတဲ့ *အလှူ့ရှင်* သီချင်းဆိုတာ ကောင်းတယ်နော်။ နောက်ပြီး *မင်းဂံဘုတ်* ဆိုတာလည်း ရှိသေးတယ်၊ ကောင်းတာပဲ။ ဒါပေမဲ့ သူက တစ်ခါတလေ *ပိုက်ဆံရှားတာနားမလည်…* ဆိုပြီး အော်ချင်အော်နေတာ'

'မဟုတ်ဘူး မမ၊ အဲဒါလည်း သီချင်းပဲ'

'ဟုတ်လား၊ မသိပါဘူးအေ။ ငါက တစ်ပိုင်းတစ်စပဲ ကြားမိလို့ နေမှာပါ'

အဲဒီနောက် ဆရာတင်နဲ့ ဆရာဘကလေးတို့ ဦးသန့်ရှိရာ တိုက်နောက်ထဲကို သွားကြပါတယ်။ အဲဒီနောက် ဆရာညိန်းနဲ့ဦးရင်လေးတို့လည်း လာကြပြန်ပါတယ်။ အမေပုတို့ လမ်းလျှောက်တာနဲ့ဆုံတော့ ဦးရင်လေးက 'နေကောင်းတယ်နော်' လို့နှုတ်ဆက်ပြီး ဦးသန့်ရှိရာ တိုက်နောက်ထဲကိုပဲ ဝင်သွားကြပါတယ်။ ဒါကို ကြည့်ပြီးတော့ အမေပုက-

'အင်း၊ မောင်သန့်လည်း တစ်နေ့တစ်နေ့ ဒီလူတွေနဲ့ပဲ အလုပ်ရှုပ်နေတာကိုး' လို့ ပြောပြီး ကျွန်တော့် အမေကို-

'မလှ၊ ညည်းကတော့ လာသမျှလူတွေ အားလုံးကို သိတယ်နော်'

'ဟုတ်ကဲ့ မမ'

'စိန်ဗေဒါကြီးဆိုလည်း သိလိုက်တာပဲ ဟင်း…ဟင်း'

အဲဒီအချိန်မှာ မနက်ပိုင်း ကျောင်းသွားချိန်ဖြစ်လို့ ကျွန်တော်အမေ့ကို နှုတ်ဆက်ပြီး ကျောင်းကို ထွက်ခဲ့ပါတယ်။ နေ့စဉ်နံနက်တိုင်း ကျွန်တော် ကျောင်းကိုသွားတော့ ဒါးတန်းအနောက်ဝင်း(၈၄ လမ်းရဲ့အနောက်ဘက်ဝင်း)ထဲက ဖြတ်သွားရပါတယ်။ အဲဒီဒါးတန်းအနောက်ဝင်းထဲက စန္ဒရားဆရာကြီး ဦးဘဒင်ရဲ့အိမ်ကလေးမှာ 'မြို့မတူရိယာအသင်း' ဆိုပြီး ဖျော်ဖြေတီးဆိုကြတဲ့ ဂီတသမားတစ်စု အမြဲတမ်းဝိုင်းဖွဲ့တီးမှုတ်နေလေ့ရှိကြပါတယ်။ သူတို့ကတော့ နောင်အခါမှာ မြို့မငြိမ်းဖြစ်လာမယ့် ဆရာညိန်း၊ ဦးရင်လေး၊ ဦးဘဌေး (ရှုမဝ ပန်းချီဆရာ)၊ ဦးသိန်းတန်၊ ဦးလှဒင်စတဲ့ ဆရာညိန်းနဲ့ အပေါင်းအသင်း မိတ်ဆွေများဖြစ်ကြပါတယ်။ (နောက်ပိုင်း ကျွန်တော်လူလားမြောက်တဲ့အရွယ်ရောက်လာတော့ ဦးသန့်ရဲ့ နေရာထိုင်ခင်းပေးမှုကြောင့် ဒါးတန်းအရှေ့ဝင်းထဲကို ပြောင်းရွှေ့လာကြပြီး အသင်းတိုက်နဲ့ ဖြစ်နေပါပြီ။)

အဲဒီတုန်းက ကျွန်တော် နေ့စဉ်ကျောင်းသွားတိုင်း ဒီလူကြီးတွေနဲ့ ဆုံတွေ့နေရတော့ ခင်မင်နေတာပေါ့ဗျာ။ တစ်နေ့ ကျွန်တော် ကျောင်းသွားတော့ ဦးဘဒင်က ဦးသိန်းတန်ကို ပြောနေတာ ကြားလိုက်ပါတယ်။

'ဒီနေ့ မောင်ညိန်းက သီချင်းတိုက်မယ်တဲ့။ ဒီတော့ မင်း လူလိုက်ဆင့်လိုက်ပါဦး'တဲ့။

ကျွန်တော် နေ့ထမင်းစား ကျောင်းဆင်းချိန် အိမ်ပြန်လာတော့ ဆရာညိန်းတို့အဖွဲ့ သီချင်းတိုက်နေတာနဲ့ ကြုံလို့ ဝင်နားထောင်နေလိုက်တယ်။ ဦးလှဒင်က 'ဟော့ကောင်မလေး ခင်သန်း၊ ခဏလာပါဦး' လို့ခေါ်ပြီး ပြောပြနေတယ်။

'နင်က ပထမ စဆိုတဲ့အပိုဒ်မှာ ငါ ပြောပြမယ်။ *တူ… ကိုယ် တဲအိုပျက်မှာနေရ ရွှေဘုံပေါ်မှာစံရ ချစ်တာ ချစ်တာ*



www.burmeseclassic.com

www.burmeseclassic.com

*ပဒေနမို့ ဆိုချင်တယ်မောင်ရယ်*…(အေး…မောင်ရယ်ကို တင်ဆို၊ မချနဲ့။ ငါဆိုပြမယ်) *ချစ်တာ*… *ချစ်တာ ပဒေနမို့ ဆိုချင်တယ် မောင်ရယ်*…(မောင်ရယ်ကို တင်ဆို။ နောက်တစ်ခါ *ချစ်တာ ချစ်တာ ပဒေနမို့ ဆိုချင်တယ်မောင်ရယ်*… အဲဒီကျမှ ချဆို၊ ဟုတ်ပြီလား မှတ်ထားနော် ရှေ့ဆက်ပြီးပြောဦးမယ်)။

'*ခုလည်း ချစ်ကြမယ် နောင်လည်း ချစ်ကြပါစို့မောင်ရယ်*…(နှစ်ခေါက်၊ အဲဒါကောင်းတယ်) *ဘယ်သူဖျက်ပေမဲ့ မပျက်တယ် သက်လယ်စိတ်မှာမက်မပျယ်*…(နှစ်ခေါက်ပဲ၊ ဒါလည်း ကောင်းတယ်) *နောင်ရှိးလှသော်လည်း မောင်…တိုး လို့ကြင်မယ်*…(နှစ်ခေါက်) *တစ်ယောက်မျက်နှာ တစ်ယောက်မြင်ရင်* (ဒီမှာလာပြီကောင်မလေး သေသေချာချာနားထောင်နော် နင် ဆိုတာ မတင်းသိမ်သေးတယ်ဖြစ်နေတယ်။ မတင်းတိမ်နော် သိမ် မဟုတ်ဘူး။ နောက်ပြီးတော့ ထမင်းမြိန်သေးတယ်ဖြစ်နေတယ်။ ထမင်းမြိန်သေးတယ် မဟုတ်ဘူး။ ထမင်းမြိန်ဆေးသဖွယ် ဆေး…ဆေးနော်)။

'နင် ဆိုတာ ကောင်းပါတယ်။ သိပ်မလောနဲ့ တစ်ခါတလေ နင်ဆိုတဲ့နောက်ကို ငါတို့က လိုက်ရမလိုဖြစ်နေတယ်။ သိပြီနော်။ နင်က စိတ်ပါလာရင် လောဘကြီးတတ်တယ်။ သတိထား။ ကဲ…တစ်ခေါက်တိုက်ကြည့်မယ်။ ခုလည်း ချစ်ကြမယ်က စမယ်'

ဦးလှဒင်က အချက်ပေးလိုက်တော့ ကောင်မလေးက သီချင်း စဆိုပါတယ်။ ဦးဘဒင်က စန္ဒရားကို ခပ်ကျဲကျဲလေး လိုက်တီးပေးနေတယ်။

' *(ခုလည်းချစ်ကြမယ်…နောင်လည်းချစ်ကြပါစို့မောင်ရယ်…)၂ (ဘယ်သူဖျက်ပေမယ့် မပျက်တယ်သက်လယ် စိတ်မှာမက်မပျယ်)၂ (နောင်ရှိးလှသော်လည်း မောင်…တိုး လို့ကြင်မယ်…)၂ တစ်ယောက်မျက်နှာတစ်ယောက်မြင်ရင် မတင်းတိမ်သေးတယ် ထမင်းမြိန်ဆေးသဖွယ်၊ တစ်ယောက် မျက်နှာတစ်ယောက်မြင်ရင် ချစ်သမျှသဘော လှစ်ဟမပြော သိနိုင်တယ်*'

ဦးလှဒင်က-

'ဟုတ်ပြီ ရှေ့ဆက်မယ်'

ကောင်မလေးက-

'*ညချမ်းချိန်ခါဝယ်…မသန်း…*အဲဟုတ်ပေါင်'

'ကောင်မလေး လုပ်လိုက်ပြန်ပြီ၊ အဲဒါကြောင့် မလောနဲ့လို့ပြောတာ၊ စာလည်းသေသေချာချာကြည့်ပါဦးဟ၊ ဘာလို့ မသန်း ဖြစ်ရတာတုံး'

'ကျွန်မ…ကျွန်မက ညချမ်းဆိုတာနဲ့ မသန်းလို့ ယောင်ပြီး ဆိုလိုက်မိတာပါ'

'နှင့်နာမည် *ဒီလောက်ပါချင်ရင် ညချမ်းအချိန်ခါဝယ်၊ မသန်း ထမိန်(ထဘီ)မပါတယ်* လို့ ဆိုပါလား…ကဲ'လို့ ဦးလှဒင်က နောက်လိုက်တော့ ကောင်မလေးက ရှက်ပြီး-

'အို…ဦးလေးကလည်း ဘာမှန်းလဲမသိဘူး'ဆိုပြီး ဦးလှဒင်ရဲ့ ညာဘက်လက်မောင်းကို လှမ်းရိုက်လိုက်ပါတယ်။

ဆရာညိန်းကတော့ တဟားဟားနဲ့ ရယ်နေပါတယ်။ ဦးလှဒင်က ဆရာညိန်းရယ်နေတာကို ကြည့်ပြီးတော့-

'မောင်ညိန်းက ဘာရယ်တာလဲ မသန်းထမိန် မပါတာကြိုက်လို့ရယ်နေတာလား'လို့ မေးလိုက်တော့ ဆရာညိန်းက-

'မဟုတ်ဘူးကွ မဟုတ်ဘူး။ ကာရန်လေးက ကောင်းတယ်ကွ၊ ဟာ…မင်းကပါ လုပ်လာပြီ'

ဒီတော့ ကောင်မလေးက ဝင်ပြောတယ်။

'ကျွန်မကလည်း ညချမ်းဆိုတော့ စိတ်ပါလာပြီး မသန်းလို့ ယောင်ဆိုလိုက်မိတာပါ ဆရာ…'

'တော်ပါတော့ဟာ၊ နင်ပြောလိုက်မှ ပိုဆိုးလာတယ်။ ညချမ်းဆိုတာနဲ့ မသန်းကို ငါတို့က ဘာလုပ်ရမှာလဲ'

ဦးဘဒင်က ပြောလိုက်တော့ အားလုံးဝိုင်းရယ်လိုက်ကြပါတယ်။ ကျွန်တော်ကလည်း တခစ်ခစ်နဲ့ ရယ်တာပေါ့ဗျာ။ ဦးလှဒင်က ကျွန်တော် ရယ်နေတာမြင်တော့-

'မောင်ပေါ ကောင်လေး၊ မင်း သိပ်ရယ်မနေနဲ့ ကျောင်းနောက်ကျလို့ အရိုက်ခံနေရဦးမယ်။ သွားတော့၊ သွားတော့'လို့ ဆိုတော့ ကျွန်တော်လည်း ချက်ချင်းပဲ ကျောင်းတက်ခါနီးလို့ ပြေးရတာပေါ့ဗျာ။ မနက်စာ ထမင်းငတ်တာပေါ့။ ပိုက်ဆံတစ်ပြားပဲရှိတာ မုန့်ပျားသလက်ဝယ်စား၊ ရေအဝသောက်ရုံပဲ။

ညနေကျောင်းဆင်းလာပြီး အိမ်ပြန်ရောက်တော့ အမေက ကျွန်တော့်ကိုခေါ်ပြီး မေးတယ်။

'နင် ဒါးတန်း အနောက်ဝင်းထဲမှာ ဘာလုပ်နေတာလဲ'

'ဒါးတန်းအနောက်ဝင်းထဲမှာ နေတဲ့ စန္ဒရားတီးတဲ့ ဦးဘဒင်အိမ်မှာ မနက်တိုင်း လာကြတဲ့လူတွေထဲကဆိုရင် ကျွန်တော်သိတာ ဦးဘဒင်၊ ဦးသိန်းတန်၊ ဆရာညိန်း၊ ဦးရင်လေး၊ ဦးလှဒင်၊ ဦးဘငွေ။ အဲဒီလူကြီးတွေထဲက ဦးလှဒင်ဆိုတာ သိပ်ရယ်စရာကောင်းတယ်ဗျ။ သူက သီချင်းဆိုတဲ့ ကောင်မလေးကို သင်ပေးတာ ရယ်စရာကြီး။ ကျွန်တော် သိပ်ရယ်ချင်တာ'

'သွားမရယ်နဲ့၊ နင် အလုပ်ခံနေရဦးမယ် ဘာမှတ်လို့လဲ'

'မလုပ်ပါဘူး အမေရ ကျွန်တော့်ကိုခေါ်ရင် မောင်ပေါ ကောင်လေးတဲ့၊ ကောင်လေးက ဘာလို့ခေါ်ရတာလဲ၊ မောင်ပေါဆို ပြီးရောပေါ့'

'ဟဲ့ အဲဒါ နင့်ကို ချစ်လို့ခေါ်တာပေါ့။ ငါပြောပြမယ်။ အဲဒီ ကိုလှဒင်တို့၊ ကိုရင်လေးတို့ဆိုတာ နင် လေးဖက်သွားအရွယ်တုန်းက သူတို့ ကိုသန့် တိုက်ပေါ်မှာ လာပြီးသီချင်းတီးကြတဲ့အခါ ကိုရင်လေးကဆိုရင် နင့်ကိုချီချီခေါ်သွားတယ်။ ပြီးတော့ သူတို့နားမှာ ချထားပြီး သီချင်းတီးကြတိုက်ကြတာ'

အမေက ခဏစဉ်းစားလိုက်ပြီးမှ ဆက်ပြောပါတယ်။

'နင့်ကိုမမွေးခင် သုံးလေးနှစ်လောက်ကတည်းက သူတို့က ဗုဒ္ဓဝေယျာဝစ္စအသင်းနာမည်နဲ့ တီးမှုတ်လာခဲ့ကြတာ။ ညပိုင်းအချိန်တွေဆိုရင် ကိုယ့်အစုနဲ့လေးတွေနဲ့ကိုယ် ဖျာခင်း



www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းဖွဲ့ကြလို့ မယ်ဒလင်၊ ဘင်ဂျို၊ ဗျပ်စောင်းတွေနဲ့ ဝါသနာပါသူတွေ တီးကြဆိုကြရင်းက တစ်နေ့မှာ အပေါင်ဆိုင်ပိုင်ရှင် တရုတ်သူဌေး ဦးတော်လုံရဲ့တိုက်ရှေ့မှာ ခါတိုင်းလိုပဲ တီးကြဆိုကြတာပေါ့။ ဦးတော်လုံက သူတို့အဖွဲ့ကို အမြဲအားပေးနေသူလေ။ အဲဒီနေ့က သူတို့အဖွဲ့ ဆိုကြတီးကြပြီးပြန်မယ်လုပ်တော့ ဦးတော်လုံက ပြောတယ်တဲ့။ ဆရာညိမ်းတို့အဖွဲ့တီးတာ၊ ဆိုတာ အားလုံးကောင်းပါတယ်။ ဒါပေမဲ့ ဒီလိုဖျာဝိုင်းလေးနဲ့ပဲ ဝိုင်းဖွဲ့ပြီး အပျော်သဘောတီးနေမယ့်အစား ရန်ကုန်က မဟာဒုက်တို့လို တီးဝိုင်းဖွဲ့ပါလားလို့ အကြံပေးတယ်။ အဲဒီမှာဦးလှဒင်က တီးဝိုင်းထောင်ဖို့ဆိုတာ ငွေအများကြီး လိုမယ်ဆိုတဲ့အကြောင်း ရှင်းပြတော့ ဦးတော်လုံက အဲဒီသမှာပဲ တူရိယာပစ္စည်းတွေဝယ်ဖို့ဆိုပြီး ငွေတစ်ထောင် သူတို့အဖွဲ့ကို ချီးမြှင့်လိုက်တယ်တဲ့၊ သူတို့အဖွဲ့ ပျော်ပြီး ပြန်လာကြတာပေါ့။ အဲဒါ နင့်ကိုမွေးတဲ့နှစ်ပဲ။

'နောက် သိပ်မကြာပါဘူး။ ဦးသန့်ဆီမှာ ဝင်ထွက်နေတဲ့ ဗန်းမော်က ပြောင်းလာတဲ့ ညီအစ်ကိုသုံးယောက်က ဒီသတင်းကြားတော့ တူရိယာပစ္စည်းတွေဝယ်ဖို့ဆိုပြီး ငွေသုံးထောင် ထည့်သွားကြတယ်လို့ကြားရတယ်။ ဒီနောက် ဦးသန့်၊ ဆရာညိမ်းနဲ့ဦးရင်လေးတို့ ဦးစီးပြီး တူရိယာပစ္စည်းတွေ ဝယ်၊ ဝိုင်းဖွဲ့တီးမှုတ်နိုင်ဖို့ လုပ်ကြတယ်။ တီးဝိုင်းနာမည်ကိုလည်း 'မြို့မ' လို့ နာမည်ပေးလိုက်ကြတယ်။ အစကတော့ တစ်ယောက်တစ်မျိုးစီနာမည်တွေပေးကြတာပါ။ ဦးလှဒင်က 'ရတနာပုံ'၊နောက် ဦးသိန်းတန်က 'မန္တလေးတူရိယာအသင်း' တစ်ယောက်တစ်မျိုးပါပဲ၊ 'နေပြည်တော်' ဆိုတာလည်း ပါသေးတယ်။

စစ်ကြီးပြီးလို့ ဂျပန်တွေ ထွက်သွားတော့ ကျွန်တော်တို့
မန္တလေးမြို့သူမြို့သားများအားလုံး ကိုယ့်အိမ်၊ ကိုယ့်ရာ၊
ကိုယ့်နေရာကို ပြန်ရောက်လာကြပါတယ်
မြို့မအသင်းကတော့ စစ်ကြီးရဲ့ဘေးဒဏ်ကြောင့်
စိတ်ပန်းကိုယ်နွမ်းဖြစ်နေတဲ့ မြို့လူထုကို
အားသစ်လောင်းပေးတဲ့အနေနဲ့ ဆရာညွှာရဲ့ *ပြည်တော်ဝင်*
သီချင်းကို သီဆိုတီးမှုတ်ရင်း မန္တလေးကို ပြန်လာခဲ့ကြပါတယ်

'နောက်တော့ ဆရာညိမ်းကပြောတယ်တဲ့၊ ငါတို့တီးဝိုင်း အခြေအနေအရ ဦးတော်လုံက ငွေတစ်ထောင်ပေးတယ်၊ နောက်ပြီး ငါတို့မရည်ရွယ် မမျှော်လင့်ဘဲတွေ့ရတဲ့ ဗန်းမော်မြို့က ကိုကျော်ဝင်း၊ ကိုကျော်မင်း၊ ကိုစိန်ဝင်း ညီအစ်ကိုသုံးဦးက ငါတို့ကို ငွေသုံးထောင်လှူတယ်၊ နောက်ပြီး ပွဲစားကုန်သည် မြို့မိမြို့ဖများ၊ ဈေးချိုသူဈေးချိုသားများကလည်း လှူကြမှာဖြစ်လို့ ငါပေးချင်တဲ့ နာမည်က 'မြို့မ' လို့ပဲ ပေးချင်တယ်။ ဘာကြောင့်လဲဆိုတော့ ငါတို့ကို မြို့က 'မ' နေလို့ပဲ။ ဒါ့ကြောင့် **'မြို့မအပျော်တမ်းတူရိယာ အသင်း'** ဆိုတာ ငါ့အကြိုက်နာမည်ပဲလို့ ပြောလိုက်တော့ အားလုံးက သဘောတူကြတယ်တဲ့။ အဲဒီက စလို့ မြို့မ ဖြစ်လာတာပဲ။ မြို့က 'မ' တယ်ဆိုတဲ့ အဓိပ္ပာယ်အပြင် 'မ' ဆိုတာ မိခင်ဆိုတဲ့အဓိပ္ပာယ်ရော ဆောင်နေတော့ နိမိတ်ကောင်းတာပေါ့။

'အဲဒီက စလို့ သူတို့တစ်နေ့တစ်နေ့ အချိန်ရှိသရွေ့တီးဝိုင်းတီးဖို့အရေးကိုပဲ အာရုံစိုက်နေကြတော့တာပဲ။ နင် လေးဖက်သွားအရွယ်ရောက်တော့ တီးဝိုင်းတိုက်တဲ့အခါ နင့်ကိုခေါ်သွားပြီး သူတို့အနားချထားတာ။ ချထားတဲ့အတိုင်း နေတာပဲတဲ့။ တို့ကလည်း နင့်ကို မထိန်းအားဘူး။ နင့်ကို နာမည်ပေးတာတောင် သူတို့က ပေးထားတာ။

'နင့်ကို ငါ မွေးကတည်းက စကားမှပြောတတ်ပါ့မလားလို့ ငါ စိတ်မကောင်းလိုက်ရတာ။ ဘယ်ကလေးဖြစ်ဖြစ် နှစ်နှစ်အရွယ်လောက်ဆိုရင် ဖေဖေ၊ မေမေခေါ်တတ်တာပဲ့။ နင်ကတော့ အဖေအမေ ခေါ်ရကောင်းမှန်း မသိဘူး။ ငါထင်တယ် သုံးလေးနှစ်ထိ စကားမပြောဘူး။ ငါတို့က နင့်ကို 'တေမိ' လို့ ခေါ်ကြတာ။ တေမိ လာခဲ့ဆိုရင် လာတယ်။ နောက်တော့ ကဆုန်ညောင်ရေသွန်းပွဲမှာ မြို့မကြီး လှည့်လာတော့ နင့်ကို မောင်စံကချိုပြီး နာရီစင်နားထိ ခေါ်သွားပြီးတော့ပြတာ။ ကဆုန်ညောင်ရေအလှည့် မြို့မတီးတဲ့ရှေ့က အရုပ်ကြီးရဲ့ ရင်ဘတ်မှာ ပေါစံကြီးလို့ ရေးထားတာ။ နောက်တော့ ငါတို့ဝင်းထဲမှာ နင့်ကိုခေါ်ရင် ပေါစံကြီး၊ ပေါစံကြီးလို့ခေါ်ကြတာ။ နင် အရွယ်ရောက်လာတော့မှ မောင်ပေါ ဖြစ်သွားတာ။ ငါတို့ကလည်း နင့်ကိုကြည့်အားတာမဟုတ်တော့ မောင်ပေါခေါ်ခေါ်၊ မောင်ချော ခေါ်ခေါ် ခေါ်ချင်တာ ခေါ်ပေါ့။ မောင်ပေါ တွင်နေတော့လည်း နင်က ပေါတောတော မဟုတ်လို့ တော်သေးတာပေါ့၊ ဟဲ…ဟဲ..'

'ဟာ အမေကလဲဗျာ'

တစ်နေ့တော့ အမေက ကျွန်တော့်ကို ခေါ်ပြောပါတယ်။

'မောင်ပေါ အမေ ပြောဦးမယ်၊ နင်တို့ ကျောင်းစာမေးပွဲပြီးရင် အဲဒီကျောင်းက ထွက်တော့လို့'

'ဟာ အမေကလဲ ဘာပြုလို့လဲ'

'ငါ နင့်ကို ကျောင်းပြောင်းထားမလို့'

'ဘယ်ကျောင်းထားမှာလဲ'

'ငါနဲ့ခင်တဲ့ ကျောင်းရှိတယ်။ အင်္ဂလိပ်ကျောင်း၊ ကွန်ဗင့်ကျောင်း'

'အမေကလည်းဗျာ၊ အဲဒါ မိန်းကလေးကျောင်းဗျ'

'မိန်းကလေးကျောင်းမှန်း ငါသိတယ်။ အဲဒီကျောင်းက စစ္စတာကြီးကပြောတယ်၊ သူတို့ကျောင်းက ယောကျ်ားလေး



www.burmeseclassic.com

www.burmeseclassic.com

ဆိုရင် သုံးတန်းထိ နေလို့ရတယ်တဲ့'

'ဘာလုပ်မှာလဲ သုံးတန်းထိ'

'နေစမ်းပါဦး နင်လည်း မသိဘဲနဲ့။ အဲဒီကွန်ဗင့်ကျောင်းက ထွက်လာပြီး စိန့်ပီတာကျောင်းကို ထားချင်တယ်ဆိုရင် ဆရာတော်ကြီးက ဘရာသာကြီးတွေကို ပြောပေးမယ်တဲ့။ ဒီ့ပြင်လူတွေဆိုရင် မလွယ်ဘူးတဲ့'

'လွယ်လည်း မနေချင်ပါဘူးဗျာ။ တခြားကျောင်းတွေ ပေါလွန်းလို့။ အေဘီအမ်တို့၊ နေရှင်နယ်သံတဲကျောင်းတို့၊ သူတို့လည်း အင်္ဂလိပ်စာ သင်တာပါပဲ'

'ကဲ…တောမိ။ ခု နင် စကားတွေ သိပ်တတ်နေပါလား။ နင် မနေချင်ရင် ဘုန်းကြီးကျောင်း သွားနေ'

'အမေကလည်းဗျာ။ အမေနဲ့ခင်တဲ့ကျောင်းကို ကျွန်တော် နေပါ့မယ်။ အဲဒီကပြီးရင် ကျွန်တော်တို့ သူငယ်ချင်းတွေနဲ့ တိုင်ပင်ထားတာ ရှိပါတယ်'

'ကဲ…နင့်သဘောပဲ။ ငါ မပြောတော့ဘူး'

ဒီလိုနဲ့ အမေပြောသလို ဒေါ်ရီကျောင်းက ထွက်ပြီး ကွန်ဗင့်ကျောင်းကို ကျွန်တော် ပြောင်းနေလိုက်ပါတယ်။ ကွန်ဗင့်ကျောင်းကလည်း ကောင်းပါတယ်။ မိန်းကလေးကျောင်းဆိုတော့ ယောက်ျားလေးတွေကို သုံးတန်းထိပဲ ခွင့်ပြုထားတဲ့သဘော။ ကွန်ဗင့်ကျောင်းမှာလည်း ဆယ်တန်းထိ ရှိပါတယ်။ ဒါပေမဲ့ ယောက်ျားလေးတွေကျတော့ စိတ်မချရလို့ ကန့်သတ်ထားတယ်နဲ့ တူပါတယ်။ ကျွန်တော်တို့ အတန်းကိုပြတဲ့ ဆရာမက အင်္ဂလိပ်သီလရှင်ပါ။ စစ္စတာလို့ ခေါ်ရတာပေါ့၊ နာမည်က စစ္စတာမိုက်ကယ်တဲ့။ ကျွန်တော့်ကို သိပ်ချစ်ပါတယ်။

'မောင်ပေါ မင်း ဒီကျောင်းပြီးရင် စိန့်ပီတာမှာ ဆက်နေနော်'တဲ့၊ ကျွန်တော်က 'ဟုတ်ကဲ့'လို့ပဲ ပြောလိုက်ပါတယ်။ ဒါပေမဲ့ တကယ်တမ်း သုံးတန်းအောင်တော့လည်း ကျွန်တော် စိန့်ပီတာမှာ ဆက်မနေဖြစ်တော့ပါဘူး။

ကျွန်တော် နေ့စဉ် နံနက် ၇ နာရီခွဲအချိန် ကျောင်းသွားတော့ ဦးသန့်ရဲ့တိုက်ထဲက အင်္ဂလိပ်သီချင်းကို စန္ဒရားနဲ့ တီးနေတဲ့အသံ အမြဲကြားရလေ့ ရှိပါတယ်။ အဲဒီသီချင်းကို ကျွန်တော် သိပ်ကြိုက်တာ။ ဒါကြောင့် ကျွန်တော် မနက်တိုင်း အဲဒီသီချင်းဆုံးအောင် ရပ်နားထောင်ပြီးမှ ကျောင်းကိုသွားပါတယ်။ အဲဒီလို နံနက်တိုင်း နေ့စဉ်နဲ့အမျှ ကြားနေရတော့ ဒီသီချင်းကို အလွတ်တောင်ရနေပြီ။ အဲဒီလိုနဲ့ ကွန်ဗင့်ကျောင်းက ထွက်ခဲ့ပြီးနောက် တခြားကျောင်း မပြောင်းခင် တစ်ရက်မှာ ဦးသန့်က ကျွန်တော့်ကို ခေါ်ပြောပါတယ်။ မင်းကို အရွယ်ရှိတုန်း ငါ အလှူလုပ်ပေးမယ်။ မင်းမိဘတွေကို ပြောလိုက်ဆိုတော့ အမေ့ကိုပြောတော့ အမေကတော့ ဝမ်းသာတာပေါ့လေ။

ဒီလိုနဲ့ ဦးသန့်က သူ့မိတ်ဆွေ သစ်ကုန်သည်၊ သစ်စက်ပိုင်တွေနဲ့ ဒါးတန်းအရပ်တစ်ရပ်လုံးကို အလှူဖိတ်စာနဲ့ ဖိတ်ကြားပြီး အလှူပွဲကြီး ကျင်းပပြုလုပ်ပေးပါတယ်။ ဧည့်ပရိသတ်များကို စိန်ဗေဒါကြီးဆိုင်း၊ လေဘာတီမမြရင်၊ လူရွှင်တော်ဦးကျောက်နီ၊ ဦးညွှဘာ၊ ဦးမြမန်းတို့အငြိမ့်နဲ့ ဧည့်ခံဖျော်ဖြေပေးပါတယ်။ ကျွန်တော့်ကိုလည်း အလှူတော်အဝတ်အစားနဲ့ ဦးသန့်က ဓာတ်ပုံရိုက်ပေးပါတယ်။

အလှူကိစ္စပြီးတော့ ကျွန်တော့်သူငယ်ချင်း ဘဌေးဆီ သွားပါတယ်။ ဘဌေးနဲ့ သိန်းငွေတို့ကလည်း ကျွန်တော့်ကို မျှော်နေကြတာ အဆင်သင့်တွေ့လိုက်ရတော့ ကျွန်တော်တို့ ကျောင်းပြောင်းမယ့်ကိစ္စ တိုင်ပင်ရတာပေါ့။ ဘဌေးက-

'ခု ငါတို့နေမယ့်ကျောင်းက ဘုန်းကြီးကျောင်းပါပဲ'လို့ စကားစလိုက်တော့ ကျွန်တော်က-

'ဟ…ဒါဆို ငါ့အမေပြောလိုက်တဲ့စကား မှန်နေပြီပေါ့'

'မင်းအမေက ဘာပြောလိုက်လို့လဲ'

'အမေက စိန့်ပီတာကျောင်းနေဖို့ ပြောတာ၊ ငါက မနေဘူးဆိုလို့ ဒေါသဖြစ်ပြီး ဒါဖြင့် မင်း ဘုန်းကြီးကျောင်းမှာ နေချေလို့ပြောလိုက်လို့'လို့ပြောတော့ ဘဌေးက-

'ကောင်းတာပေါ့ကွာ၊ ငါတို့နေမယ့်ကျောင်းက ခင်မကန်တိုက် ဘုန်းကြီးကျောင်း။ စာသင်ပေးမယ့် ဆရာကလည်း ဦးဝိမလကိုယ်တော်၊ ဟုတ်ပေ့ကွာ။ မင်းကိုငါပြော ပြမယ်၊ ဦးဝိမလဘုန်းကြီးကို အထင်မသေးနဲ့၊ သင်္ကန်းမဝတ် ခင်က လူနာမည် ကိုအေးမောင်၊ ကောလိပ်ကျောင်းသား။ မနှစ်က တို့မန္တလေးမှာ မင်းလည်း သိမှာပါ။ နှစ်သစ်ကူးအပြီး တချို့ကျောင်းတွေမှာ အပ်တဲ့လူတွေကများတော့ လက်မခံချင်တာတွေ ရှိလာတယ်။ ဒါတွေကို မြင်တွေ့ခဲ့ရတော့ ကိုအေးမောင်က မခံချင်တာနဲ့ သင်္ကန်းဝတ်ပြီး ဘုန်းကြီးကျောင်းမှာ အင်္ဂလိပ်စာသင်တန်းကျောင်း ဆယ်တန်းထိ သင်ပေးမယ်လို့ ပြောတာ။ ကျောင်းသား လာချင်သလောက်လာ ငါ လက်ခံတယ်တဲ့။ ပြီးတော့ ငါတို့ တစ်ခုကံကောင်းတာ ရှိသေးတယ်၊ ဘာလဲဆိုတော့ ဦးဝိမလက ဒီဘုန်းကြီးကျောင်းမှာ ငါတို့ကို လေးတန်းက စပြီး သင်ပေးမှာတဲ့ကွ'

သိန်းငွေက-

'ကောင်းတာပေါ့ကွာ။ ငါတို့က ငွေကြေးတတ်နိုင်တာမှ မဟုတ်တာ။ ခုလိုဆိုတော့ ဦးဝိမလ သက်တော်ရာကျော်ရှည်ပါစေ၊ အလိုရှိအပ်တောင့်တအပ်သည်များ ပြည့်စုံပြီးသကာလ တရားဘာဝနာများ အားထုတ်နိုင်ပြီး နိဗ္ဗာန်မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်ပါစေ'လို့ ဆိုလိုက်တော့။ ဘဌေးက-

'သိန်းငွေရ ငါတို့ကိုလည်း ဆုလေးဘာလေး ပေးစမ်းပါဦး'လို့ဆိုတော့ သိန်းငွေက-

'ဘဌေးရာ မင်းနာမည်က ဘဌေး၊ လူကတော့ မွဲတေနေတာပဲ။ မောင်ပေါလည်း အတူတူပါပဲ။ နာမည်ကသာ မောင်ပေါ၊ ဘာမှလည်း မပေါဘူး၊ ဘာမှလည်း မရှိဘူး။ လူတောင်မှ ပေါတောတော မဟုတ်လို့ တော်သေးတာ'တဲ့။

ဒါနဲ့ ဘဌေးက သိန်းငွေကို-

www.burmeseclassic.com

'ငါတို့ကိုသာ မင်းက ပြောနေတာ။ မင်းကကော နာမည်ကသာ သိန်းငွေတဲ့ ပိုက်ဆံ တစ်ဆယ်တန်တောင် မြင်ဖူးလို့လား' လို့ ပြန်ပြောလိုက်ပြီး သုံးယောက်သား တစ်ပြိုင်တည်း ရယ်လိုက်ကြပါတော့တယ်။

ဒီလိုနဲ့ ကျွန်တော်တို့သူငယ်ချင်းသုံးယောက် ခင်မကန်တိုက်က ဦးဝိမလဘုန်းကြီးဆီမှာ စာသင်ကြဖို့ အတည်ပြုလိုက်ကြပါတယ်။ နောက်များ မကြာမီ မြို့မအသင်း ဒါးတန်းအရှေ့ဝင်းထဲကို ပြောင်းရွှေ့လာကြပါတယ်။

ကျွန်တော် အသင်းတိုက်ဘက် သွားလိုက်တော့ အသင်းသားတွေ ပျော်ပျော်ပါးပါး စကားပြောနေကြပါတယ်။ အသင်းအဆောက်အဦကတော့ လက်သမားများ အပြီးသတ်လုပ်ကိုင်နေကြပါတယ်။ အသင်းသား နှစ်ယောက်တိုးလာတာ တွေ့ရပါတယ်။ ဂီတာကိုဘသိန်းလို့ ခေါ်တဲ့လူက မြို့မဦးဘငွေရဲ့ယောက်ဖ တော်စပ်သူဖြစ်ပါတယ်။ နောက် ကိုဖူးအုံ ဆိုတဲ့လူကတော့ ဈေးချိုမှာ ကုန်စုံရောင်းတဲ့ဈေးသည်ပါပဲ။ သူကအဆိုဝါသနာပါသူ ဖြစ်ပါတယ်။ နောက်ကုလား တစ်ယောက်ကတော့ ရန်ကုန်က တူရိယာပစ္စည်းအရောင်းဆိုင်က ဘာရီတုန်း၊ ဆိုက်ဖိုဖုန်းကို တီးမှုတ်ပြသဖို့ မြို့မဦးသန့်က မှာထားလို့လာပြတဲ့လူပါ၊ အဲဒီ ဘာရီတုန်းဆိုတဲ့ ပစ္စည်းကို မြို့မကဝယ်ယူလိုက်ပါတယ်။ နောက်နေ့ ကုလားကြီးလည်း ရန်ကုန်ကို ပြန်သွားပါတယ်။

ကျွန်တော်တို့သူငယ်ချင်းသုံးယောက် ဈေးချိုနာရီစင်ကြီးနားမှာ ဆုံကြပြီး ကျောင်းကိုသွားကြမှာ ဖြစ်ပါတယ်။ ဓာတ်ရထားရောက်လာတော့ ဓာတ်ရထားစီးဖို့ တိုင်ပင်ကြတော့

ဦးသန့်ရဲ့တိုက်ကြီးပေါ်မှာ ဆရာညိန်း၊
ဦးရင်လေး၊ အဆိုတော်မြို့မခင်သန်း၊ လေဘာတီမမြရင်တို့
လာပြီးသီချင်းတီးကြ၊ တိုက်ကြလေ့ ရှိပါတယ်
တစ်ခါတလေ ဆရာညိန်း၊ ဦးရင်လေးတို့နဲ့အတူ
နန်းတော်ရှေ့ဆရာတင်၊ ဆရာ ဘကလေး
စိန်ဗေဒါကြီးတို့ လာတတ်ပါတယ်

ကျွန်တော်တို့မှာ အိမ်က မုန့်ဖိုးပေးတာမှ တစ်ပဲပဲ ရတာ။ ဓာတ်ရထားမစီးနဲ့ကွာ ဆိုပြီး ခြေလျင်လျှောက်သွားကြတယ်။ နောက်နေ့ ဓာတ်ရထားလာတော့ မေးကြည့်တော့ နာရီစင်မှ ရွာပိုင်းဈေးကို တစ်ပဲ၊ မဟာမြတ်မုနိဘုရားကြီးကို ၁၀ပြား၊ ဒီအနောက်လိုင်း နာရီစင်မှ ပွဲကုန်းကို ၂ ပြား၊ မြစ်ဆိပ်ကို တစ်ပဲ၊ ဒါနဲ့ နောက်တစ်နေ့ ကျွန်တော်တို့သုံးယောက် ဓာတ်ရထား စီးဖူးတယ်ရှိအောင်ဆိုပြီး ၂ ပြားပေးပြီး စီးလိုက်ကြပါတယ်။ နောက်နေ့ကစပြီး ကျွန်တော်တို့ မစီးကြတော့ဘူး။ ဈေးချိုထဲက ဖြတ်၊ အိမ်တော်ရာ၊ ငွေးချိုတိုက်တို့ကို ဖြတ်သွားပြီး ခင်မကန်တိုက်ကျောင်း ရောက်။ ဒီလိုနဲ့ ကျွန်တော်တို့ နေ့စဉ် ဖြတ်လမ်းက ခြေလျင်လျှောက်ပြီး ကျောင်းသွားနေကြတာ ၂ နှစ်လောက်တော့ ရှိမယ်။ ဂျပန်ဝင်တော့ ကျွန်တော်တို့ မန္တလေးမြို့သူမြို့သားတွေ စစ်ဘေးကဝေးရာ ပြေးကြရတာပေါ့ဗျာ။

မန္တလေးမြို့သူမြို့သားတွေကတော့ အများစုကဖြင့် စစ်ကိုင်းတောင်ရိုးကို စစ်ပြေးခိုလှုံကြပါတယ်။ ကျွန်တော်ကတော့ ဦးသန့်မိသားစုနဲ့အတူ နန်းတော်ရှေ့က ရန်ကင်းတောင်ကိုသွားတဲ့လမ်း၊ ဘူးကုန်းရွာ အရှေ့ဘက်က တစ်ထပ်တိုက်ကလေးမှာနေပါတယ်။ ဆရာညိန်းအပါအဝင် မြို့မအသင်းသားတွေလည်း စစ်ကိုင်းတောင်ရိုးကို စစ်ပြေးကြပါတယ်။ ဆရာညိန်းတို့ သူငယ်ချင်းတစ်သိုက်ကတော့ မန္တလေးဘက်ကို အမြောက်ကန်က ဗုန်းလာကြတာတွေ ကြားနေရပေမဲ့ မြို့မအသင်းကတော့ အပျက်မခံနိုင်ဘူးဆိုပြီး စစ်ပြေးဒုက္ခသည်တွေထဲက မင်္ဂလာဆောင်ကြတဲ့အခါ ဧည့်ခံတီးမှုတ်ပေးနေတယ်လို့ ကျွန်တော်တို့သတင်းရပါတယ်။ ဒီနောက် ဆရာညှာက *ပြည်တော်ဝင်* သီချင်းရေးပြီး မြို့မတီးဖို့ ပေးတယ်။ ဆရာငြိမ်းကလည်း *ရေချိုးဆိပ်* သီချင်းကို အဲဒီမှာ ရေးခဲ့ပါတယ်။ အဲဒီနောက်စစ်ကြီးပြီးလို့ ဂျပန်တွေ ထွက်သွားတော့ ကျွန်တော်တို့ မန္တလေးမြို့သူမြို့သားများအားလုံး ကိုယ့်အိမ်၊ ကိုယ့်ရာကိုယ့်နေရာကို ပြန်ရောက်လာကြပါတယ်။

မြို့မအသင်းကတော့ စစ် ကြီးရဲ့ဘေးဒဏ်ကြောင့် စိတ်ပန်းကိုယ်နွမ်းဖြစ်နေတဲ့ မြို့လူ ထုကို အားသစ်လောင်းပေးတဲ့အနေနဲ့ ဆရာညှာရဲ့ *ပြည်တော် ဝင်* သီချင်းကို သီဆိုတီးမှုတ်ရင်း မန္တလေးကို ပြန်လာခဲ့ကြပါတယ်။

စစ်ကြီးပြီးသွားလို့ အိမ်ပြန်ရောက်တယ်ဆိုရင်ပဲ တစ်နေ့မှာ အမေက ကျွန်တော့်ကို ပြောပါတယ်။

'စစ်ကြီး ပြီးသွားတော့လည်းစိတ်ချမ်းသာမှုလေးတော့ ရကြတာပေါ့ကွယ်။ ဒီတော့ မင်းလည်း စာပေနဲ့ပတ်သက်လို့ ရေးနိုင်ဖတ်နိုင်နေပြီပဲ။ ဒီတော့ မင်းကျောင်းလည်း သွားမနေပါနဲ့တော့။ အမေ ပြောချင်တာက ပညာရှေ့အိုး လူမခိုးတဲ့ စက်မှုလက်မှုပညာတစ်ခုခုတော့တတ်ထားမှ လူရာဝင်တာကွဲ့ မင်း ကျောင်းဆက်တက်နေဦးတော့ ၁၀ တန်းရောက်ဖို့ အဝေးကြီး။ ကောလိပ်ဆိုတာတော့ တွေးတောင် မတွေးဝံ့ဘူး ငွေကုန်လူပန်းဆိုတာမျိုး မလုပ်ပါနဲ့တော့ကွယ်။ ငါ့သား စိတ်ကူးမလွဲနဲ့၊ အမေတို့မှာကလည်း ပိုက်ဆံတတ်နိုင်တာ မဟုတ်ဘူးကွဲ့'

အဲဒီအချိန်တုန်းက အမေ ပြောတဲ့စကားတွေမိုတာ နား

www.burmeseclassic.com

ဆောင်နေရပေမဲ့ အမေတို့က သိပ်ရှေးရိုးဆန်လွန်းတယ်လို့ အောက်မေ့ပြီး ကျွန်တော် မျက်ရည်များတောင် လည်မိတယ်။ ဒါပေမဲ့ ကျွန်တော် ဘာမှပြန်မပြောတော့ပါဘူး။ အမေ ပြောသလိုပဲ ကျွန်တော် ကျောင်းမသွားတော့ပါဘူး။ အဲဒီနောက် တစ်နေ့မှာ အမေက-

'မင်း လက်မှုပညာ ဘာဝါသနာပါလဲ'တဲ့။

ကျွန်တော့်ဆီက အသံတိတ်နေတော့ အမေကပဲ ဆက်ပြီး-

'ပန်းထိမ်အလုပ် သင်ပါလားကွယ်။ ပန်းထိမ်ဆိုရင်တို့ ဝင်းထဲမှာပဲ ရှိတာ၊ ဘယ်မှတောင်သွားစရာ မလိုဘူး၊ ပြီးတော့ ပန်းထိမ်ဆရာကြီး ဆရာခန့်ဆိုတာ သိပ်တော်တာ၊ သဘောလည်း ကောင်းတယ်' ဆိုပြီးလက်မှုပညာသင်ဖို့ စကားစလာပါတယ်။

'ကျွန်တော် ဝါသနာပါတာကတော့ ပန်းချီဝါသနာပါတာ အမေရ'

'အမယ်လေး ဖြစ်ရလေ မောင်ပေါရယ်၊ ပန်းချီဆိုတာ ဖြူ၊ နီ၊ ညို၊ ပြာ ဆေးတွေသုတ်တဲ့ အလုပ်ပဲ။ လက်တွေလည်း ပေဦးမယ်။ အင်္ကျီတွေ လုံချည်တွေလည်း ပေ၊ ပြီးတော့ ရေနံဆီနဲ့ချွတ်ရ၊ ဓာတ်ဆီနဲ့ ချွတ်ရနဲ့ အလုပ်တောင် ရှုပ်သေးတယ်။ ပန်းထိမ်ဆိုတာက စိန်ရွှေရတနာ ကိုင်ပြီးလုပ်ရတာ။ မင်းလက်ကလေးတွေဟာဆိုရင် ဖြူစင်သန့်ရှင်းပြီး လှတောင်နေဦးမှာကွဲ့ သိလား'

'ကဲပါ အမေရာ အမေတို့ ဆန္ဒရှိရာကိုပဲ ကျွန်တော်လုပ်ပါ့မယ်'လို့ ပြောပြီး ပန်းထိမ်ဆရာခန့်ဆီမှာ ပန်းထိမ်ပညာ သင်ကြားပါတော့တယ်။ ကျွန်တော် ပန်းထိမ်ပညာ သင်ကြားရာမှာ ပါရမီဓာတ်ခံရှိတယ်လို့ ဆိုကြပါစို့။ ကျွန်တော်ကလည်း လိုလိုချင်ချင်ရှိတော့ ၆ လနဲ့ အထည်စုံ လုပ်နိုင်သွားတယ်။ ဘာကြောင့်လဲဆိုတော့ ပန်းထိမ်ဆရာကြီးဆရာခန့်က ကျွန်တော့်ကို သင်ပေးမယ့် ကိုမှတ်ကြီးဆိုတဲ့ဆရာထံမှာ အပ်ပြီး မြန်မြန်တတ်အောင်သင်ခိုင်းလို့ ကျွန်တော် ၆ လနဲ့ လက်ခစားအဆင့် ရောက်သွားတာ။ အစဉ်အလာအတိုင်းသာဆိုရင် မန္တလေး ပန်းထိမ်လောကမှာ စာဆိုရှိတယ်။ ပန်းထိမ်ပညာသင်ကြားရင် သုံးနှစ်သုံးမိုးသင်မှ တတ်တာဆိုပြီးတော့။ အမှန်မှာတော့ သုံးနှစ်သုံးမိုးဆိုတာက ဆရာပေါင်းစုံက လက်ဖက်ရည် ဝယ်ခိုင်း၊ ဓနိသွေးဝယ် ခိုင်း၊ ဖိုလာဆွဲပေးဦး၊ ဒီလိုကိစ္စတွေက ကြန့်ကြာစေတာလို့ ထင်ပါတယ်။ တကယ်သင်ရင် တကယ်တတ်ပါတယ်။

အမေပြောသလို ဆရာခန့်က တကယ့်ကို သဘောလည်း ကောင်းတယ်။ စည်းကမ်းလည်း ရှိတယ်၊ အလုပ်လည်း ကြိုးစားတယ်၊ စိတ်တည်ကြည်တယ်၊ အလုပ်ကို ရိုသေတယ်၊ ဆရာကြီးဘက်က ဘာမှပြောစရာမရှိပါဘူး။ ကျွန်တော့်ဘက်က ပြောမယ်ဆိုရင် ဘာမကောင်းတာလဲဆိုတော့ အလုပ်ကို သိပ်မလေးစားဘူး။ ဘောလုံးကန်သွားဖို့ရှိတဲ့နေ့ဆိုရင် ဘယ်သူ့မှ ပြောမနေဘူး။ အလုပ်သိမ်းပြီး ထွက်သွားတာပဲ။ အဲဒါ ကျွန်တော် အလုပ်ကို မလေးစားရာကျတယ်။ ညပိုင်းအချိန်ရောက်လာတော့ လုပ်ငန်းနဲ့ ပတ်သက်ပြီးကျွန်တော် တွေးကြည့်တယ်။ ငါ အခု လုပ်နေတဲ့အလုပ်ဟာ စိန်ရွှေကျောက်မျက်ရတနာတွေကိုင်ပြီးလုပ်နေရတော့ ရိုသေလေးစားဖို့ကောင်းတာတော့ အမှန်ပဲ။ ဒီတော့ လုပ်လက်စ အလုပ်ကိုအပ်ပြီး နောက်ထပ် အလုပ်မလုပ်သေးဘဲ နားလိုက်ဦးမယ်လို့ ဆုံးဖြတ်ပြီး နောက်နေ့မနက်ကျတော့ ပန်းထိမ်ဖိုကိုသွားတယ်။ ဆရာကြီးနဲ့ မတွေ့ပါဘူး။ ဒါနဲ့ ဆရာကတော်ထံမှာပဲ ကျွန်တော် လုပ်ပြီးတဲ့အထည်ကို ချိန်ခွင်မှာချိန်တွယ်ပြီး အပ်နှံလိုက်ပါတယ်။ ဆရာကတော်ကလည်း လက်ခပိုက်ဆံ ရှင်းပေးလိုက်ပါတယ်။

ကျွန်တော် ပန်းထိမ်ဖိုက ထွက်လာပြီး မြို့မအသင်းတိုက်ဘက်ကို ထွက်လာခဲ့တယ်။ သီချင်းတိုက်နေတာ နားထောင်ပြီး အိမ်ဘက်ကိုပြန်လာတယ်။ အဲဒီအချိန်က ကျွန်တော့်မှာ ချစ်သူရှိနေပါပြီ။ ထမင်းစားပြီးတော့ ကျွန်တော့်ချစ်သူခင်လေးနဲ့စကားပြောဖို့ ဈေးချိုကိုသွားတယ်။ ဈေးသိမ်းချိန်ရောက်တော့ ကျွန်တော်အိမ်ပြန်လာတယ်။ ဒါတွေဟာ နေ့စဉ်အလုပ်တွေ ဖြစ်လာခဲ့ပြန်ပါတယ်။ တစ်နေ့၊ မနက်ခင်းတစ်ခုမှာ ဦးသန့်က ကျွန်တော့်ကိုမြင်တော့ ဟေ့ကောင် မင်း ကျောင်းမသွားဘူးလားလို့ မေးတယ်။ ကျွန်တော်ကျောင်းက ထွက်လိုက်တဲ့အကြောင်းပြောတဲ့အခါ သူက ဒီလိုဆိုရင်လာကွာဆိုပြီး ကျွန်တော့်ကို တိုက်ကြီးရဲ့နောက်ကို ခေါ်သွားပြီး စန္ဒရားရှေ့က ခုံပေါ်မှာ ထိုင်စေပါတယ်။ အဲဒီနေ့က စပြီးတော့ ထံတျာ၊ သီတာ၊ သာယာက အစပြုလို့ သီချင်းကြီး သီချင်းခံတွေကို အင်တာနေရှင်နယ်မြူးဇစ်နုတ်(စ်)နဲ့ စနစ်တကျသင်ပေးပါတော့တယ်။ ကျွန်တော်ကလည်း ဘာမှပြန်မပြောရဲတော့ သင်ပေးတဲ့အတိုင်း လိုက်လုပ်ရတာပေါ့ဗျာ။ တစ်ခါပြထားပြီး သုံးလေးရက်လောက်ရှိရင် ကျွန်တော် သီချင်းများလေ့ကျင့်လို့ရပြီဆိုတာနဲ့ ဦးသန့်က ကျွန်တော့်ကို စန္ဒရားခလုတ်တွေပေါ်မှာ တီးမယ့်ပုံစံအတိုင်း လက်တွေ တင်ထားစေပြီးတော့ ကျွန်တော့်မျက်နှာကို အဝတ်နက်နဲ့စည်းလိုက်ပြီး ကဲတီးတော့လို့ ပြောပါတယ်။ ကျွန်တော် တီးပြပါတယ်။ ဒါပေမဲ့ စမ်းတဝါးဝါးဖြစ်ပြီး မရပါဘူး။ ဒီတော့ ဦးသန့်က-

'မင်းစန္ဒရားခလုတ်တွေကို မကြည့်ဘဲတီးနိုင်အောင် လေ့ကျင့်ဦး'လို့ ပြောပြီးထွက်သွားပါတယ်။ ဒီတော့မှ ကျွန်တော် သဘောပေါက်လာပြီး တအားကိုလေ့ကျင့်တော့တာပဲဗျို့။

နောက်တစ်ခါ ကျွန်တော်တီးပြမယ်ဆိုတဲ့ မနက်မှာ ဆရာညိန်းရောက်လာတယ်။ ဦးသန့်က ဆရာညိန်းနဲ့ စကားတွေ ပြောနေကြပြီးတဲ့နောက် ထုံးစံအတိုင်း ကျွန်တော့်မျက်နှာကို အဝတ်နက်နဲ့စည်းပြီး တီးတော့လို့အချက်ပေးလိုက်တယ်။ ဒီတစ်ခါတော့ မျက်နှာကိုအဝတ်စည်းပြီးတီးနေရပေမဲ့ ကျွန်တော့်ရှေ့မှာ သီချင်းသင်္ကေတနုတ်(စ်)တွေကို မြင်နေရသလို လွယ်

www.burmeseclassic.com

လွယ်ကူကူ တီးပြလိုက်ပါတယ်။ ဦးသန့်က သဘောကျသွားပြီး–

'မင်းကို နောက်တစ်ခါ စံရာတောင်ကျွန်းကြီး တက်ပေးမယ်'လို့ပြောပြီး ဆရာညိန်းနဲ့နှစ်ယောက် ထွက်သွားကြပါတယ်။ အဲဒီတုန်းကဆိုရင် ကျွန်တော်ဟာ ဆရာညိန်းနဲ့ ဦးသန့်တို့နှစ်ယောက်ကိုကြည့်ပြီး ဒီလူကြီးတွေ ဘယ်အရွယ်လောက်ကများ ဒီဂီတပညာတွေ သင်ထားကြတယ် မသိဘူး။ သိပ်တော်တာပဲလို့ အံ့သြအားကျနေမိတယ်။

မကြာမကြာဆိုသလို ဦးသန့်ရဲ့တိုက်ကြီးပေါ်မှာ ဆရာညိန်း၊ ဦးရင်လေး၊ အဆိုတော်မြို့မခင်သန်း၊ လေဘာတီမမြရင်တို့ လာပြီးသီချင်းတီးကြ၊ တိုက်ကြလေ့ရှိပါတယ်။ တစ်ခါတလေ ဆရာညိန်း၊ ဦးရင်လေးတို့နဲ့အတူ နန်းတော်ရှေ့ဆရာတင်၊ ဆရာ ဘကလေး၊ စိန်ဗေဒါကြီးတို့ လာတတ်ပါတယ်။ စိန်ဗေဒါကြီးကတော့ ဦးသန့်ကို ဆိုင်းသင်ပေးရင်း လာတာပါ။

မြို့မအသင်းတိုက်မှာ တီးလုံးတိုက်တိုင်း ကျွန်တော် သွားကြည့်တယ်။ အသင်းသားများအားလုံးနဲ့လည်း ရင်းနှီးခင်မင်နေတော့ ကျွန်တော်မြို့မအသင်းထဲဝင်ပြီး တီးချင်မှုတ်ချင်တာနဲ့ အသင်းသားအဖြစ် စာရင်းပေးထားလိုက်ပါတယ်။ အဲဒီတုန်းက ရွှေမန်းမောင်ရွေးပွဲအတွက် သီချင်းတိုက်နေကြတဲ့ အချိန်ဖြစ်ပါတယ်။

နေ့လယ် လက်ဖက်ရည်သောက်နားချိန်မို့ တီးလုံးတိုက်ခေတ္တရပ်ထားချိန်၊ အဲဒီအချိန်မှာ ဆရာညိန်း ရောက်လာပါတယ်။ ဆရာညိန်းက ထွန်းစိန်ထိုင်နေတဲ့နေရာဆီသွားပြီး ထွန်းစိန်ကို စာရွက်ကလေးတစ်ရွက်ပေးလိုက်တယ်။ ထွန်းစိန်က စာရွက်ကလေးယူပြီး ထွက်သွားတော့ ကျွန်တော် စပ်စုတာမဟုတ်ပေမဲ့ ထွန်းစိန်နောက်ကို လိုက်သွားတယ်။ ဒီဝင်းထဲမှာပဲနေတဲ့ ဦးသန့်ရဲ့ညီဝမ်းကွဲ ရတနာပုံဆီစက်ပိုင်ရှင် ဦးအေးမောင်ရဲ့ တိုက်ထဲဝင်သွားပြီး ခဏအကြာမှာ ပြန်ထွက်လာပါတယ်။ ကျွန်တော်ထွန်းစိန်ကို မေးကြည့်တော့ ဆရာညိန်းကအသင်းအတွက် သီချင်းရေးလာခဲ့တိုင်း ဦးအေးမောင်က ချီးမြှင့်ငွေပေးလိုက်တာလို့ ပြောပါတယ်။

(ဒီနေရာမှာ ကျွန်တော်ကြားဖြတ်ပြီး ပြောချင်တာ တစ်ခုရှိပါသေးတယ်။ တစ်နေ့က၊ ၂၀၀၄ခုနှစ်၊ မေလ ၂၁ ရက်နေ့ကပါ။ ဦးသန့်ရဲ့မြေးဖြစ်တဲ့ ကိုဇော်မြင့်တို့ခြံကို ကျွန်တော် အလည်သွားရာမှာ ဦးအေးမောင်ရဲ့နှမ ဒေါ်ကြင်သန်းနဲ့တွေ့တော့ ဆရာညိန်းကို အောက်မေ့လို့ အမှတ်တရပြောနေတာလေးတွေ နားထောင်ခဲ့ရပါသေးတယ်။ ဆရာညိန်း လိုရာသုံးဖို့အတွက်ဆိုပြီး မြို့မနာယကကြီး ဦးအေးမောင်က သူ့မန်နေဂျာ ဦးထွန်းလင်းကို မှာထားတာ ရှိပါတယ်တဲ့။

'ဆရာညိန်းလာရင် လစဉ်ထောက်ပံ့တဲ့အနေနဲ့ တစ်လကိုငွေသုံးရာထုတ်ပေးဖို့ ခွင့်ပြုထားတယ်။ အဲဒါ ဆရာညိန်းလာရင် မင်းတို့ ထုတ်ပေးလိုက်ကြ။ သုံးရာထက်ကျော်ရင် ငါ့ဆီကိုတင်တောင်းလို့ မှာထားတာ၊ ဒါပေမဲ့ ဆရာညိန်းက သုံးရာပြည့်အောင်ထုတ်တဲ့ လရယ်လို့ မရှိဘူးတဲ့။ နှစ်ရာ့ငါးဆယ်ထုတ်တာတောင် တစ်လနှစ်လထက် မပိုဘူးတဲ့၊ အများသောအားဖြင့်ငါးဆယ်၊ ရှစ်ဆယ်၊ တစ်ရာပဲ၊ တစ်ရာ့ ငါးဆယ်ခန့်တာ အများဆုံးပဲတဲ့။ အစ်ကိုကြီးတို့၊ ကိုကိုသန့်တို့ကလည်း ဆရာညိန်းကို ချစ်လည်းချစ်၊ ကြည်လည်း ကြည်ညိုလိုက်ကြတာ။ ဆရာညိန်းငွေတွေ ထုတ်ပါဦးလို့ ပြောရင်လည်း ကျွန်တော် သုံးလောက်ပါတယ်လို့ ပြုံးပြီး ပြောတာများ မျက်စိထဲကကို မထွက်ဘူး'လို့ ဒေါ်ကြင်သန်းက ပြောပါတယ်။

အစ်ကိုကြီးတို့၊ ကိုကိုသန့်တို့ကလည်း
ဆရာညိန်းကို ချစ်လည်းချစ်
ကြည်လည်း ကြည်ညိုလိုက်ကြတာ
ဆရာညိန်းငွေတွေ ထုတ်ပါဦးလို့ ပြောရင်လည်း
ကျွန်တော် သုံးလောက်ပါတယ်လို့ ပြုံးပြီး ပြောတာများ
မျက်စိထဲကကို မထွက်ဘူး

ဒါနဲ့ ကျွန်တော် တွေးကြည့်ဖြစ်တာပေါ့လေ။ ဆရာညိန်းက သူသီချင်းရေးစပ်စရာရှိတာ ရေးစပ်ပေးပြီးမှ သူ့လုပ်အားခအနေနဲ့ပဲ မလွှဲမရှောင်သာယူတဲ့ သဘောပါ။ အပိုအနေနဲ့ ယူရင်သူ့အနေနဲ့ အခွင့်အရေးယူရာ ကျမယ်လို့ ယူဆသူဖြစ်ပါတယ်။ ဆရာညိန်းက သူ့ကိုယ်ကျင့်တရားကို သူ အလွန်တန်ဖိုးထားတဲ့သူဖြစ်ပြီးပေးထားတဲ့ အခွင့်အရေးကိုတောင်မှ ပေးတိုင်း မယူတဲ့သူပါ။ ဒီတော့ သူ ထုတ်တဲ့ငွေဟာ သူ့လုပ်အားခလောက်ထုတ်တာလို့ ကျွန်တော် သုံးသပ်မိပါတယ်။) ဆရာညိန်း ပြန်သွားတော့ အသင်းသားများ လက်ဖက်ရည်သောက်နေကြတဲ့ အချိန်။ ထောင်ထားတဲ့ ဆိုက်ဗိုဖုန်းကို ကျွန်တော် ကောက်ယူမှုတ်ကြည့်လိုက်တယ်။ အသင်းသားများအားလုံးက ကျွန်တော့်ကို ကြည့်နေကြတယ်၊ ဦးဘသိန်းကတော့ ကျွန်တော့်ကို ပြုံးကြည့်လိုက်ပြီး–

'မင်း ဆိုက်ဗိုဖုန်း သင်မလား'လို့မေးပါတယ်။ ကျွန်တော်က 'သင်ချင်တယ်'လို့ပြောလိုက်တော့ ဦးဘသိန်းက ဆိုက်ဗိုဖုန်းရဲ့သံစဉ်တွေကို ပြောပြတယ်။ နောက်ပြီး သင်္ကေတနုတ်(စ်)တွေရေးပြီး လေ့ကျင့်ဖို့ပေးပါတယ်။ ကျွန်တော်က ဆိုက်ဗိုဖုန်းရဲ့ ခလုတ်တွေမှာ ဦးဘသိန်း ပြောပြထားတဲ့ CBAGFEDC ကို အပေါ်ကနေ စပြီး အောက်ကိုမှုတ်လိုက်ပါတယ်။ အဲဒါကို



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ၃ခေါက်လောက်မှတ်လိုက်ပြီး တစ်ခါအောက်ကနေ အပေါ်ကို CDEFGABC သုံးခေါက်လောက်မှတ်လိုက်ပြီး ဦးဘသိန်း သီချင်းတိုက်နေတဲ့ ရွှေမန်းမောင်ရွှေးပွဲသီချင်း နုတ်(စ်)တွေကို ကျွန်တော် ကြည့်ပြီးမှတ်ကြည့်လိုက်ပါတယ်။ သီချင်းလေးက-

*'ပင်ကိုယ်ချော လှဒေဝီ… ရွှေရည်ဝင်း ဝင်းပသည်၊ မြင်သူငေး ရှုတိုင်းကြည် ပြုံးဟန်ချို…'*

အဲဒီနေရာမှာ ဦးဘသိန်းက ကပျာကယာထလာပြီး-

'ဒီမယ်မောင်ပေါ မင်း အဲဒီဆိုက်ဖိုဖုန်းနဲ့ပဲ ငါတို့တီးလုံးတိုက်တဲ့အထဲ ဝင်သာမှုတ်ပေတော့ကွာ၊ အတော်ပဲ လူလိုနေတာနဲ့၊ ကဲဟော့ တီးလုံးတိုက်ကြမယ်' ဆိုပြီးသီချင်းတိုက်လိုက်ကြတာ အဲဒီရွှေမန်းမောင်ရွှေးပွဲက စလို့နောက်ပိုင်းမှာ ကျွန်တော်ဟာ မြို့မအသင်းရဲ့စိတ်ချရတဲ့အတီးသမားတစ်ယောက်အဖြစ် ခံယူလိုက်ရပါတော့တယ်။ ဒီနောက် မြို့မပွဲတီးတွေရှိတိုင်း ကျွန်တော် မပျက်မကွက် လုပ်အားပေးနေရပါတယ်။ ဦးရင်လေးက ကျွန်တော့်ကိုကြည့်ပြီး ဘာပြောလဲဆိုတော့-


'မင်း ငယ်ငယ်က ငါတို့ကိုသန့်တိုက်ပေါ်ကို သီချင်းတိုက်ဖို့လာကြတဲ့အခါ မင်းကိုငါရိုပြီး သီချင်းတိုက်တဲ့အနားချထားပြီး တီးလုံးတိုက်ကြတာ သွားသတိရတယ်။ ခုတော့ မင်းက ငါနဲ့တီးဖော်တီးဖက်ကြီးများတောင်ဖြစ်နေတာကို အံ့သြနေတာကွ' လို့ပြောပါတယ်။

ကျွန်တော်တို့ခေတ်နဲ့ကျွန်တော်တို့ ပွဲတီးရှိရင် သယ်ယူပို့ဆောင်ရေးက ရထားလုံးနဲ့သွားကြရတာ။ ရထားကို ၂ စီးငှားရတာ။ တစ်စီးက လေမှုတ်တူရိယာတွေတင်၊ တစ်စီးက အခြားအပစ္စည်းတွေလည်း တင်၊ လူက ၃ ယောက်လောက်လိုက်လို့ရတယ်။ ရထားအမိုးပေါ်ကို Bass တယောကြီးတင်ပြီးရထားနောက်က တစ်ယောက်ကမတ်တတ်ရပ်ပြီး တယောကြီးကို ကိုင်ထားပြီးလိုက်ရတယ်။ ဒါလောက်ဒုက္ခရောက်တာကို ကျွန်တော်တို့မှာ ပျော်နေကြတာ။ စန္ဒရားကတော့ တွန်းလှည်းနဲ့တင်ယူရပါတယ်။ တောက်တိုမည်ရ ပစ္စည်းတွေကျတော့ စက်ဘီးနဲ့လိုက်တဲ့သူတွေက လွယ်အိတ်ထဲထည့်ယူသွားကြရပါတယ်။ စဉ်းစားကြည့်ပါတော့ဗျာ၊ ပွဲတီးရှိတိုင်း ဒီပုံစံအတိုင်းကျွန်တော်တို့လုပ်ရတာ။ အသင်းသားတွေ အားလုံးကလည်း တက်ညီလက်ညီ ရှိကြပါတယ်။ ခိုခြင်းကပ်ခြင်းမရှိကြပါဘူး။ ခန်းမ ၂ ဆိုရင်စန္ဒရားကို ငှားထားတဲ့ လူနှစ်ယောက်နဲ့ အသင်းသားထဲမှ နှစ်ယောက် မ,တင်ကြရတာကို တဟီးဟီး တဟားဟားနဲ့လုပ်ကြတာ။ ဒါ့ကြောင့် မြို့မတည်မြဲနေတာပေါ့ဗျာ။ အဆိုမိန်းကလေးတွေကတော့ နှစ်ယောက်လောက်ကတော့ ပစ္စည်းတင်တဲ့ရထားနဲ့ ကြဲဖန်ပြီးလိုက်ကြရပါတယ်။ ကျန်တဲ့မိန်းကလေးနှစ်ယောက်လောက်ကတော့ စက်ဘီးနဲ့သွားတဲ့ လူတွေနဲ့လိုက်ကြရပါတယ်။

*(ဆက်လက်ဖော်ပြပါမည်။)*

■

မြို့မကိုပေါ

သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မူလပထမ"

ကွန်ပျူဗေဒသုခုမ

မှာ

အပ်နှံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ။

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကောင်းတိုးတက်အောင်မြင်စေမည့် နာမည်လှလှ ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း၊ နာမည်ပေးလမ်းညွှန်၊ ဗြိစက္ကဇာတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်။ (နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၈ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

ဒေါက်တာတင်ဗိုလ်ဗိုလ် (နာမက္ခရ ကျမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)

အမှတ်-၄၆၊ အခန်း(၆)၊ နံ့သာထိမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၂၀၆၆၅၊ ၀၉-၇၃၁၇၇၇၃၁၊ ၀၉-၅၁၇၄၂၂၆

Website: www.baydathukhuma.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ပိုးနန်းနှင့်ပန်းနု

သမီးက သူ့အဘိုးလေး
ဦးညာဏ်ပေါ်ကို
ဘိုးညာဏ်ဟု ခေါ်ပါသည်။
စကားမပီသေးသဖြင့်
မိုးနန်ဟုသာ အသံထွက်ပါသည်။
ဦးညာဏ်ကလည်း ကျွန်ုပ်မပေးသော
ပန်းနုဟူသည့် သမီးအမည်ကို
သိပ်သဘောကျပုံမရပါ။
သမီးလေး မွေးခါစ
ဖူးရည်ဟူသည့်နာမည်ကို
ရွေးပေးခဲ့သည်။ ကျွန်ုပ်က
မဖူးရည်ဆိုရင် ခေါ်ရတာ
မလှပါဘူး ဦးညာဏ်ရယ်ဆိုတော့
သူ့ထုံးစံအတိုင်း ခပ်ရွဲ့ရွဲ့
ပြုံးပါသည်။ သို့သော် သမီးလေး
မွေးကတည်းကပင် သူ့မှာ

ဒီမြေးကို ဂရုတစိုက်
ရှိလွန်းသည်မှာ သိသာလှပါသည်။
သမီးလေးနှင့် တရင်းတနှီးဖြစ်အောင်
သူ နေပါသည်။ကလေးပါးကို
ဆွဲပြီး ကိုယ်ထိလက်ရောက်
ကျီစယ်တာမျိုးကစပြီး
ကလေးအတွက်
ငွေ့ရာခေါင်းအုံးလေးတွေ
နှင်တို့ မဝယ်နဲ့ သိလား၊
ငါဝယ်ပေးမယ်ဆိုတာမျိုး
ကြင်ကြင်နာနာရှိတာ
သိသာလှသည်။ ဒီလိုနှင့်
အများအားဖြင့် တသီးတသန့်
ရှိသယောင် ထင်ရသော
ဦးညာဏ်ကို သူ၏ တူ၊ တူမများက
ချစ်ကြောက်ရိုသေရသော်လည်း
သမီးကမူ ခြင်းချက်အနေနှင့်



ရုပ်စုံမဂ္ဂဇင်း

ရသစာတမ်း

အမှတ် ၂၉၇၊ ဩဂုတ်၊ ၂၀၀၄



www.burmeseclassic.com

www.burmeseclassic.com

ဦးဉာဏ်အပေါ် အထူးပြောရေးဆိုခွင့်ရသူ ဖြစ်လာပါသည်။ ပန်းနု လုပ်တာ၊ ပန်းနု စားချင်လို့၊ ပန်းနုနဲ့သွားတာ အစရှိသဖြင့် သူ့သမီးများ ပြောသမျှကို ဦးဉာဏ်တစ်ယောက် ခွင့်လွှတ်ပြုံးနှင့် ခေါင်းညိတ်တတ်သည်က များလေသည်။

လမ်းလျှောက်တတ်ခါစ သမီးက ဦးဉာဏ် လက်နောက်ပစ်ပြီး လမ်းလျှောက်သည့်အတိုင်း တောက်တက်တောက်တက်နှင့် လျှောက်ပြလျှင် သူ့ကျေနပ်ပီတိ ဖြစ်နေတတ်သည်။ မြေးအဘိုးနှစ်ယောက် ရှေ့နောက်တွဲပြီး လျှောက်သည့်အခါ သူ့အဒေါ်တွေနှင့် ကျွန်မတို့မှာ ရယ်လို့မဆုံး။ သူ့မှာ လူရယ်စရာဖြစ်နေပြီဟု ဦးဉာဏ် မတွေးနိုင်တော့ပါ။ စကားပြောတတ်ပြီဆိုတော့လည်း သမီးကလေး ဦးဉာဏ်ဆီ အလည်သွားတိုင်း လုပ်တတ်တာတစ်ခုရှိသေးသည်။ လိုအပ်တယ်ဟု အကြောင်းပြပြီး ဦးဉာဏ်က သမီးကို ကလေးစားသည့် စီဗစ်ချိုချဉ်ကျွေးပါသည်။ ဒီအတိုင်းတော့မဟုတ်။ မကျွေးခင် ဗိုလ်ချုပ်ကိုအလေးပြုပြုဟုအော်ကာ အလေးပြုနိုင်းပြီးမှ ရော့ဟု စီဗစ်တစ်လုံး လက်ထဲထည့်ပေးပါသည်။ ဒီအစီအစဉ် ကြာကြာမခံပါ။ နောက်ပိုင်း သမီးက ဦးဉာဏ်အပြောကို မစောင့်တော့ဘဲ သံရှည်ဆွဲကာ စီဗစ်ဆိုပြီး သူ့ကို အလေးသွားပြုတော့ ဒီကောင်မ မလွယ်ဘူးဆိုပြီး ပန်းနုစီဗစ်ဟု စာကပ်ထားသည့်ဘူးထဲမှ စီဗစ်တစ်လုံးကို သွားယူပေးသည်။ သူ့အခန်းထဲက ဗီရိုလေးပေါ်တွင် မိသားစုအတွက် တသီးတသန့်တင်ထားသော ပစ္စည်းများ၊ ဆေးဘူးများထဲတွင် ပန်းနုစီဗစ်ဘူးကပါ နေရာယူထားပါသည်။ ဦးဉာဏ် စာရေးစာဖတ်နေချိန် ဒါမှမဟုတ် ရေဒီယိုနားထောင်နေချိန်ဆိုလျှင် အရေးတကြီးကိစ္စမရှိဘဲ သူ့အခန်းထဲ မည်သူမျှ မဝင်ရဲကြပါ။ သို့သော် သမီးကတော့ဖြင့် တဒုန်းဒုန်းနှင့်ပြေးဝင်သွားခွင့်ရှိပါသည်။ သမီးက ခြင်ထောင်အပြင်မှ ချောင်းကာ သူ့ကိုခေါ်လျှင် အပြင်ထွက်လာပြီး စီဗစ်

လမ်းလျှောက်တတ်ခါစ
သမီးက
ဦးဉာဏ်
လက်နောက်ပစ်ပြီး
လမ်းလျှောက်သည့်
အတိုင်း
တောက်တက်
တောက်တက်နှင့်
လျှောက်ပြလျှင်
သူ့ ကျေနပ်ပီတိ
ဖြစ်နေတတ်သည်
မြေးအဘိုးနှစ်ယောက်
ရှေ့နောက်တွဲပြီး
လျှောက်သည့်အခါ
သူ့အဒေါ်တွေနှင့်
ကျွန်မတို့မှာ
ရယ်လို့မဆုံး

တစ်လုံး ကျွေးပါသည်။ သမီးကလည်း စီဗစ်ရလျှင် သူ့အခန်းထဲမှ အေးအေးသက်သာ ပြန်ထွက်လာပါသည်။

တစ်ရက် သမီးကို ဦးဉာဏ်တို့အိမ် ကျွန်မသွားကြိုတော့ သူ့အဒေါ်က ‘ပန်းနုကို နာမည်ပြောင်းထားတယ်၊ သူ့အဘိုးပေးထားတာ၊ ဘယ်လိုခေါ်လဲ မေးကြည့်’ဟု ပြောပါသည်။ သမီးက ပြုံးစိစိနှင့် တစ်လုံးချင်း မဝင်းနိုင်ဟု ဖြေပါသည်။ ကျွန်သည့် ဦးလေး၊ အဒေါ်၊ အဘိုး၊ အဘွားတွေက နာမည်မေးတိုင်းလည်း မဝင်းနိုင်ဟုသာ ဖြေပါတော့သည်။ ကလေးက မကြာခဏ ဝမ်းပျက်ကြောင်း၊ ကျွန်မက စိတ်ပူကြောင်း စသဖြင့် ပြောပြမိရာ ဝမ်းနိုင်အောင် မဝင်းနိုင်လို့ နာမည်ပြောင်းထားတာကြားလားဟု သူ့အဘိုးက မြေးဖြစ်သူကို ကျွန်မကွယ်ရာတွင် သင်ပေးထားခြင်း ဖြစ်လေသည်။

တစ်ပတ်တစ်ရက် ဒါမှမဟုတ် အကြောင်းကိစ္စရှိ၍ မြို့ထဲသို့ ထွက်ဖြစ်သည့် အခါတိုင်းလည်း ဦးဉာဏ်မှာ သူ့မြေးအတွက် တစ်ခုမဟုတ်တစ်ခု ဝယ်လာတတ်သည်။ အသံမြည်သည့် တယ်လီဖုန်း၊ အစာကောက်သည့် ကြက်ကလေး၊ သီတင်းကျွတ် မီးပုံးတွန်းလှည်း၊ သကြံန် ရေပြွတ်သေနတ် စသည်ဖြင့် တစ်ကြိမ်နှင့်တစ်ကြိမ် ကစားစရာ မတူစေရပါ။ ဦးဉာဏ်တို့အိမ်မှ သမီးကို သွားပြန်ခေါ်လာတိုင်း တစ်ခုမဟုတ်တစ်ခု ပါလာတတ်လွန်း၍ ကျွန်မတို့က တော်ပါပြီ ဦးဉာဏ်ရယ်၊ မြို့ထဲကနေ ဘာမှ ဝယ်မလာပါနဲ့တော့ဟု ပြောရပါသည်။ သို့သော် ဦးဉာဏ်ကတော့ ကျွန်မတို့ စကားကို ဂရုမစိုက်ပါ။ သမီးအတွက်ဆိုလျှင် သာမန်ထက်ပင် ပိုပြီး ဂရုတစိုက်ရွေးကာ ဝယ်လာစမြဲ။ သူ့စိတ်နှင့်တွေ့လျှင် သုံးလေးမျိုး တစ်ခါတည်း ဝယ်ထားပြီး တစ်ရက်ခြား၊ နှစ်ရက်ခြား တစ်ခုချင်း ထုတ်ပေးတာမျိုးပင် လုပ်တတ်သေးသည်။

ကျွန်မတို့အိမ်နှင့် ဦးဉာဏ်တို့အိမ်မှာ သိပ်မဝေးလှ။ အားလပ်သည့်အခါတိုင်း သမီးကို သူ့အဒေါ်တွေ အိမ်အလည် လာခေါ်တတ်ကြသည်။ အဆင်သင့်လျှင် ကျွန်မတို့ကလည်း မှာစရာရှိတာမှာကာ ထည့်ပေးလိုက်စမြဲ။ နာရီဝက်၊ တစ်နာရီကြာမှ လိုက်ခေါ်ရသည်။ တစ်ရက် ကျွန်မသွားခေါ်တော့ ဦးဉာဏ်တို့အိမ်မှာ တိတ်ဆိတ်လွန်း[illegible] သည်ဟု ခံစားရသည်။ ဦးဉာဏ်[illegible] ဘက်ထရီအိုးနားမှာ အလုပ်ရှုပ်နေ[illegible] သမီးက သူ့အဒေါ်နှစ်ယောက်နှင့် အခန်း[illegible] ထဲမှာ။ ကျွန်မကို မြင်တော့ သမီး[illegible] ငိုမဲ့မဲ့။ သူ့အဒေါ်တွေက တိုးတိုး တိုးတိုး[illegible] ကျွန်မကို ပြန်ပြောင်း ပြောပြပါသည်။ သူတို့ မြေးအဘိုးနှစ်ယောက် အပြ[illegible] အလှန် အော်ဟစ်ကြသည့် အကြောင်း[illegible] ပင်။ ပန်းနု ဒီအနားမလာနဲ့ အန္တရာယ်[illegible] တယ်ဟု ပြောပြီး ဦးဉာဏ် ဘက်ထ[illegible] အိုး မိုးရေဖြည့်သည်မှ အစပြုကာ မြေး[illegible] အဘိုးနှစ်ယောက် ရန်ဖြစ်ကြခြင်း ဖြစ်[illegible] သည်။ ဦးဉာဏ်က သမီးကို အနေ[illegible] မပေးဟန်နှင့် ငါ့ကို ဒီလိုလုပ်လို့မရဘူး



www.burmeseclassic.com

www.burmeseclassic.com

ဟု ကျွန်မရှေ့မှာပင် ထပ်ကာ မာန်လိုက်သေးသည်။ သို့သော် ဦးဉာဏ် သူ့အခန်းဘက် ပြန်ထွက်သွားသည်နှင့် ကျွန်မတို့ညီအစ်မတစ်တွေနှင့် ပန်းနုမှာ ရယ်ကာမောကာ သူ့ကွယ်ရာ သူ့အတင်းတုတ်ကြပါသည်။ အဲဒီအကြောင်း ဖေဖေ့ကို ကျွန်မက ပြောပြတော့ ဖေဖေကလည်း အေး ကောင်းတယ် ဉာဏ်ပေါ့ကို ပြန်အော်နိုင်တာ ငါ့မြေးတစ်ယောက်ပဲ ရှိသေးတယ်ဟု ဩဘာပေးပါသည်။

သမီးက ထိုကိစ္စဖြစ်ပြီး သုံးလေးရက်အထိ ဦးဉာဏ်အိမ် မသွားပါ။ ဦးဉာဏ်က မုန့်ကျွေးပြီး သမီးကို ပြန်ချော့ပါသည်။ သမီးကွယ်ရာမှာ တစ်ယောက်တော့ရှိမှ၊ တစ်မျိုးလုံးမှာ တစ်ယောက်တော့ ကြောက်ဦးမှ၊ မရဘူး။ ငါ့ကို ဒီလိုလုပ်လို့ မရဘူးဟု ပြောပါသည်။ ကျွန်မတို့မှာ ရယ်ချင်စိတ်ကို ချိုသိပ်ထားရသည်။ ဒီနောက်ပိုင်း ကျွန်မတို့ လူကြီးများကို သမီး ပြန်ပြောတတ်လာသည့် စကားမှာ ငါ့ကို ဘာများ အောက်မေ့နေသေးလဲဟူ၍ ဖြစ်ပါသည်။ တစ်ခါတစ်ခါ ဦးဉာဏ်ပြောနေကျ ပုံစံအတိုင်း ခေါင်းကိုဆတ်ကာ အဲဒါပဲ၊ အဲဒါပဲဟုလည်း ပြောတတ်ပါသေးသည်။

မြေးအဘိုးနှစ်ယောက် တကျက်ကျက်နှင့် ရှိရင်းကပင် ဇဝနရပ်ကွက်ဘက်သို့ ဦးဉာဏ်တို့ ပြောင်းသွားသည့်အခါ ဦးဉာဏ်နှင့်သမီး အတွေ့ကျဲသွားပါသည်။ နေ့စဉ်နေ့တိုင်း မတွေ့ဖြစ်တော့။ သမီးက ကျောင်းတက်ရမည့်အရွယ်လည်း ရောက်လာသဖြင့် ကျောင်းပိတ်ရက်များမှသာ တွေ့ကြပါတော့သည်။ အိမ်ပြောင်းပြီးခါစတွင် ဆိုပါလျှင် ကျွန်မတို့မှာ တော်တော်နှင့် ရောက်ဖြစ်၍ သူ့မြေးကို မလာဘူးလား၊ မလာဘူးလား ခဏခဏ မေးပါသည်။ ပြီးလျှင် သောကြာလိုနေ့မျိုးမှာ သူ့အိမ်တွင်သာ သမီးကို သိပ်ပါသည်။ နောက်တစ်ရက်မှ သူ့သမီးတွေကို ပြန်ပို့ခိုင်းတတ်သည်။ ထိုသို့မဟုတ်ဘဲ ကျွန်မတို့က သွားကြိုသည်ဆိုပါလျှင် အိမ်ရှိရာ အတွင်းလမ်းမှ လမ်းမကြီးတိုင်အောင် သူကိုယ်တိုင် ပြန်ပို့ပေးပါသည်။ ထိုဝတ်ကို ဘာအကြောင်းရှိရှိ မဖျက်ပါ။ သူ့မြေး သူ့အိမ်အလည်လာလျှင် သူ့မှာ ပြုံးနေတတ်ပြီး သူ့မြေး သူ့အိမ်မှာရှိနေလျှင် သူ့မှာ အလွန်ကျေနပ်နေတတ်ပါသည်။

တချို့သော ကျောင်းပိတ်ရက်တွေမှာ ကျွန်မတို့က ကလေးချောင်းဆိုးနေလို့၊ ဖျားနေလို့၊ သွားစရာရှိလို့ ဆိုကာ သူ့အဒေါ်နှင့် မထည့်လိုက်လျှင် အပြန်မှာ ဦးဉာဏ်က ဟိုကောင်မ မပါဘူးလားဟု ဆီးမေးပါသည်။ သမီးကလည်း အဲဒီအိမ်ကို တစ်ပတ်ကနေ နှစ်ပတ်မသွားရလျှင် ဂျီကျ ပူဆာတတ်သည်။ ထိုအိမ်တွင် ရှိသမျှလူကုန်ကို သူ ဗိုလ်ကျ၍ ရသည်ကိုး။ အစားအသောက်အတွက် ဘွားရှန်က မညည်းမညူ အမျိုးအမည်စုံ လုပ်ကျွေးသည်။ ကျွန်မတို့ မကျွေးသော ဦးဉာဏ်ဝယ်ထားတတ်သည့် သရေစာတွေ စားရသည်။ ရုပ်သံကြည့်ရသည်။ သူ့စိတ်တိုင်းကျနေရသဖြင့် သူမပြန်ချင်သေးဘူးဟု အမြဲပြောတတ်ပါသည်။

သို့သော် ရုပ်သံလိုင်းခွဲတွေ ရွေးရာမှာတော့ သူတို့ မြေးအဘိုး လုရတတ်ပါသည်။ ကတောက်ကဆတ် မကြည်မလင် ဖြစ်ကြသည်ကလည်း မကြာခဏဆို သလိုပင် ဖြစ်ပါသည်။ သူမကျေနပ်လျှင် ဒီအိမ်ကိုလာတာ တီဗွီကြည့်ချင်လို့ သိရဲ့လား။ ကြည့်ချင်တာ မကြည့်ရရင် နောက်ဆို ဘိုးဉာဏ် သတိရတယ်ဆိုလည်း လာမခေါ်နဲ့ဟု ပြောတတ်ပါသည်။ နောင်မလုရအောင် ဦးဉာဏ်ခမျာ အိမ်တွင် ရုပ်မြင်သံကြားနောက်တစ်လုံး ဖြည့်ရပါလေသည်။

ထိုသို့ အဆင်ပြေအောင် မြေးအဘိုးတွေ နေကြလျက်နှင့်ပင် ပြဿနာက ဖြစ်မြဲ ဖြစ်လျက်ပင်။ တစ်ကြိမ်တွင် ကျွန်မတို့အိမ်၌ **ဓာတ်ခဲ** ရုပ်ရှင်ကားကို ပြန်ကြည့်ဖြစ်ကြပါသည်။ သမီးကလည်း သူ့ဦးလေးတွေ၊ အဒေါ်တွေပါသည့် ရုပ်ရှင်ကားမို့ ထိုင်ရာမထ အားပေးပါသည်။ ထို့ပြင် ရုပ်ရှင်ကားထဲမှ သူ့အဒေါ်အငယ်ဆုံး သရုပ်ဆောင်ပုံကို သဘောကျ၍ လူစုံချိန်တိုင်း၊ သတိရတိုင်း လုပ်ပြပါသည်။ ဦးဉာဏ်အိမ်ရောက်တော့လည်း ထပ်ကာထပ်ကာ လုပ်ပြပြီး ရယ်ပွဲဖွဲ့ကြပါသည်။ ပြီးတော့ သမီးက သူ့ဘာသာ ရုပ်သံကို မက်မက်မောမော ကြည့်နေပါတော့သည်။ ဦးဉာဏ်နှင့် ဒေါ်လေးရှန်က စကားပြောလိုက်၊ ရုပ်သံကြည့်လိုက် အတူရှိနေပါသည်။ သူတို့ စကားစပြတ်တိုင်း ဟဲ့ပန်းနု ဓာတ်ခဲထဲက ဘယ်နေရာကို နင်အကြိုက်ဆုံးလဲဟု သမီးဘက်လှည့်၍ မကြာမကြာ စစ်တမ်းလည်း ကောက်ပါသည်။ ရုပ်သံ အစီအစဉ်ကို အာရုံဝင်စားနေသဖြင့် သမီးက မေးတိုင်းပြန်မဖြေပါ။ ဦးဉာဏ်အနေနှင့်ကလည်း သူ့ဓာတ်လမ်းထဲမှာ ဘယ်ဓာတ်ကွက်ကို သူ့မြေးအကြိုက်ဆုံးလဲဆိုတာ အတော်သိချင်ပုံရပါသည်။ ထပ်ကာ ထပ်ကာ ဟဲ့ ပန်းနု၊ ဟဲ့ ပန်းနုဆိုတော့ သမီးက လှည့်ပြီး နားငြီးတယ်။ တိတ်တိတ်နေဟု အော်ပါလေတော့သည်။ ဦးဉာဏ်ခမျာ ဘာမျှမပြောနိုင်ပါ။ အငိုက်မိသွားသည့် ထိုခဏမှာ ဘွားရှန်ကလည်း ရယ်မိပါသည်။ ဒါကိုပင် သမီးက မရယ်နဲ့ဟု သူ့အဘွားကို ထပ်ဟောက်လိုက်သေးသည်။ သူ့အဒေါ်က အဘိုးအဘွားကို အဲဒီလို မပြောရဘူးဟုဆိုပြီး အပေါ်ထပ်ကို ချက်ချင်းခေါ်ထုတ်ကာ အခြေအနေကို အမြန်ဝင်ထိန်းလိုက်၍သာ တော်ပါတော့သည်။ ကျွန်မတို့မှာ သမီးကို ဆုံးမသွန်သင်ရသည်။ အဘိုးအဘွားများနှင့် အတူနေရ၊ ကြီးပြင်းရသော ထူးသည့်၊ ကောင်းသည့် ကုသိုလ်ကံအကြောင်း သူနားလည်လွယ်အောင် ရှင်းပြရပါသည်။

တစ်ရက်တွင် လမ်းမကြီးထိပ် ထမင်းဆိုင်မှ ခွေးမက ဦးဉာဏ်ကို ကိုက်လိုက်သည်ဟု ကျွန်မတို့ ကြားသိရသည်။ တယ်လီဖုန်းဆက်၍ ဦးဉာဏ်ကို သတင်းမေးရပါသည်။ ကျွန်မတို့က တော်တော်နှင့် မရောက်ဖြစ်ပါ။ ခွေးရူး



www.burmeseclassic.com

www.burmeseclassic.com

ကာကွယ်ဆေးထိုးပြီးကြောင်း၊ ကျွန်မတို့ သူ့အိမ်လာလျှင် ထိုခွေးကို သတိထားကြဖို့အကြောင်း ဦးဉာဏ်က မှာပါသည်။ သောကြာရက်တွင်တော့ ထုံးစံအတိုင်း ဦးဉာဏ်သမီး ယုယက ပန်းနုကို လာခေါ်ပါသည်။ စနေနေ့မှ ပြန်ရောက်ပါသည်။ ကျွန်မက သမီးကို သမီးရေ ဘိုးဉာဏ်ကို ခွေးကိုက်လိုက်တာ အတော်များ နက်သွားလား၊ ဒဏ်ရာများ ကြီးသလားလို့ ဆိုတော့ သမီးက စဉ်းစဉ်းစားစားပြုပြီး ပြန်ပြောသည်။ အနေတော်ပါပဲ မေမေတဲ့။ သူ့သမီးတွေကတစ်ဆင့် ဦးဉာဏ်ပြန်သိတော့ ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြုံးပြီး သြော် သူကတော့ အဲ့ဒီလို အဲ့ဒီလို ဟုသာ ဆိုနိုင်ပါသည်။

လွန်ခဲ့သည့် ခုနစ်လခန့်ကတော့ ဦးဉာဏ် အတော်လေး နေထိုင်မကောင်းကြောင်း ကျွန်မတို့ သိပါပြီ။ ထို့ကြောင့် ဦးဉာဏ်ဆေးခန်းသွားသည့် သောကြာရက်များမှလွဲ၍ သမီးကို ဂရုတစိုက် ပို့ပေးရပါသည်။ တယ်လီဖုန်းပြောဖြစ်အောင် ခေါ်ပေးရပါသည်။ ဘန်ကောက်သို့ တစ်လကြာ ဆေးစစ်သွားတော့လည်း အွန်လိုင်းမှတစ်ဆင့် တွေ့အောင် စီစဉ်ပေးရပါသည်။ မြေးအဘိုးနှစ်ယောက် အွန်လိုင်းပေါ်ကတစ်ဆင့် တွေ့ကြ၊ စကားပြောကြ၊ စကြနောက်ကြ၊ ပျော်ကြရတော့ ကျွန်မတို့မှာလည်း ပျော်ရွှင်ရပါသည်။ သူ့အဘိုးနှင့် သူ့အဒေါ်နှစ်ယောက်ကတစ်ဖက် ဘန်ကောက်မှာ၊ သူ့ဘွားရှန်နှင့် ကျွန်မတို့ကတစ်ဖက် ရန်ကုန်မှာ အမှတ်တရဖြစ်ရပါသည်။

ရန်ကုန်ပြန်ရောက်လာတော့ ဦးဉာဏ် သက်သာရဲ့လား၊ အဆင်ပြေရဲ့လား၊ သမီးကို လွှတ်လို့ ဖြစ်ပါ့မလား ကျွန်မကသာ တွေးပူသည်။ ဦးဉာဏ်က ငါနေကောင်းပါတယ်၊ ပန်းနုကို လွှတ်လိုက်ပါဟု မှာမြဲ။ ဆေးသွင်းနေသည့် ရက်မျိုးဆိုလျှင်တောင် ငါ့ကို သူက ထိတာမှ မဟုတ်တာ၊ ဘာမှမဖြစ်ဘူး ရတယ်ဟု ပြောမြဲ။ ဦးဉာဏ်တို့အိမ်မှ ပြန်

**ဦးဉာဏ်**
**ဘက်ထရီအိုး**
**မိုးရေဖြည့်သည်မှ**
**အစပြုကာ**
**မြေးအဘိုးနှစ်ယောက်**
**ရန်ဖြစ်ကြခြင်း**
**ဖြစ်ပါသည်**
**ဦးဉာဏ်က**
**သမီးကို**
**အလျှော့မပေးဟန်နှင့်**
**ငါ့ကို**
**ဒီလိုလုပ်လို့မရဘူး ဟု**
**ကျွန်မရှေ့မှာပင်**
**ထပ်ကာ**
**မာန်လိုက်သေးသည်**

လာသည့်တစ်ရက် သမီးက ကျွန်မကို မေမေ ဘိုးဉာဏ်ကိုလေ ဘွားရှန်က အသည်းပုံ ကြက်ဥကြော်ပေးတယ် သိလားဟု သတင်းပေးပါသည်။ ကျွန်မ နားမရှင်းတော့ ဆီဒယ်အိုးထဲက အသည်းပုံကွင်းကလေးထဲ ကြက်ဥကို ထည့်ကြော်လိုက်တာပေါ့ မေမေရဲ့ဟု ပြောပြသည်။ အဲဒီနေ့က ဦးဉာဏ်က ဗိုက်ဆာနေကြောင်း၊ သမီးကလည်း အရင်စားချင်ကြောင်း၊ ဘွားရှန်က ဦးဉာဏ်အတွက် အရင်ကြော်ပေးနေကြောင်း၊ ထို့ကြောင့် ဘိုးဉာဏ်က သူ့အတွက် အရင်လုပ်ပေးစေကြောင်း စီကာပတ်ကုံး ဆက်ကာ ဆက်ကာ ပြောပြနေပါသည်။

အာရုံကြောတွေပါ ထိခိုက်ကုန်သဖြင့် နောက်ပိုင်းတွင် ဦးဉာဏ် လမ်းကောင်းကောင်းမလျှောက်နိုင်ဘဲ ရှိသောအခါ သူ့အဘိုးကို ပန်းနုက စိတ်လိုလက်ရရှိလျှင် နှိပ်ပေးပါသည်။ သို့သော် နှိပ်ပေးသည့်အခါတိုင်း ညာဘက်ကို နှိပ်ခိုင်းလို့မရ။ ဒါကိုပင် ဦးဉာဏ်က ကလေးတွေမှာ အန္တရာယ်ကို အလိုလိုသိသည့် ဉာဉ်ကလေးရှိနေတတ်သည်ဟု ချီးမွမ်းစကား ဆိုပါသည်။ သူ့ကိုယ် ညာဘက်ခြမ်းက တစ်နေ့ထက်တစ်နေ့ အလုပ်လုပ်ရ ခက်ခဲလာပြီ မဟုတ်လား။ လူတွဲလိုလာပြီ မဟုတ်လား။ ကျွန်မမှာ မြေးအပေါ် သံယောဇဉ်ကြီးလွန်းလှသော ဦးဉာဏ်ကို ကြည့်ပြီး စိတ်မကောင်းဖြစ်ရုံသာ တတ်နိုင်ပါတော့သည်။

ဆေးရုံတွင် ပင်ပန်းလွန်း၍ မှိန်းနေသည့်တိုင် သမီးလုပ်သူက ပန်းနုဆီက ဖုန်းလာတယ် အဖေ၊ ပြောမလားဟု မေးလျှင် သူ့သမီးလက်ထဲမှ တယ်လီဖုန်းကို အတင်း လှမ်းယူတတ်ပါသည်။ ဆေးရုံဆင်းပြီးသည့်နောက် သူ့အိမ်တွင် ဦးဉာဏ်ရှိနေသည့်အခါ ဦးဉာဏ်ဆီ ကျွန်မတို့ တစ်ခါတစ်ရံ ရောက်ပါသည်။ ဆေးဝင်ဖို့ပင် ခက်ခဲလွန်းစွာ မှိုချနေရသော ဦးဉာဏ်ကို သမီးက ဘိုးဉာဏ် မှိုချလေ၊ မှိုချလိုက်ဟု ဝင်ပြောလျှင် မတွေ့တာကြာပြီဖြစ်သော မြေးကို အသံကြားသည်နှင့် အားယူပြီး မျက်လုံးဖွင့်ကြည့်ပါသည်။ ဝဲလာသည့် မျက်ရည်ကို ကောင်းစွာလှုပ်ရှားနိုင်သေးသော လက်နှင့်သုတ်သည့်ခဏ ကျွန်မရင်ထဲ၌ လှိုက်ခနဲ ဝမ်းနည်းလာမိသည်။ ဦးဉာဏ်နှင့်သမီး နောက်ဆုံးအနေနှင့် တွေ့ကြရခြင်း ဖြစ်ပါသည်။ ဦးဉာဏ်မကွယ်လွန်မီ နှစ်ရက်အလိုမှာ မြေးအဘိုး တယ်လီဖုန်းပြောဖြစ်ကြပါသည်။ သူ့ မြေးပြောသမျှကို နားထောင်ပြီး ပန်းနုကတော့ ငါ့ကို လုပ်ပြန်ပြီဟု ဆိုလိုဟန် မျက်နှာအမူအရာကို ဖော်ပြကြောင်း သမီးမကြားရသည့်တိုင် တယ်လီဖုန်းထဲမှ သမီးမေးသမျှကို လေသံသဲ့သဲ့ဖြင့် ပြန်ဖြေကြောင်း သိရပါသည်။ ထို့နောက်တွင်တော့ သူတို့ မြေးအဘိုး၏ အပြန်အလှန် ကျီစယ်ကြသော စကားများကို ကျွန်မတို့ ဘယ်သောအခါမှ ကြားကြရတော့သည် မဟုတ်ပါ။

ဝါ



www.burmeseclassic.com

www.burmeseclassic.com


လင်းလွန်းခင်စာပေတိုက်




# ပန်းဝက်ပါ

## ဗိုလ်ကလေးတင့်အောင်

၃၀၀၀ ကျပ်

ထွက်ပြီ

# ရွှေအမြုတေ

## ဘက်ရွေးစင်ဝတ္ထုရှည်စုစည်းမှု - ၄

ခင်ဝတ္တု၊ ကြူးနှစ်၊ မင်းလူ၊ ကိုငြိမ်း(မန္တလေး)၊
ချောင်းကုန်းညွှန့်မှူး၊ ဒေါင်းနေမင်း၊ မိချမ်းဝေ၊
ဉစိုး(ဆင်ဖြူကျွန်း)၊ မာန်(တောင်လုံးပြန်)၊
ထွန်းသစ်၊ မောင်နှင်းပန်း

၃၀၀၀ ကျပ်



ဖြန့်ချိရေး လင်းလွန်းခင်စာပေ

အမှတ် ၄၉၊ ပထမထပ် (ဝဲ)၊ လိပ်ကန်လမ်း ၊ ပုဇွန်တောင်မြို့နယ် ၊ ရန်ကုန်မြို့။

ဖုန်း -၀၁-၂၉၃ ၄၀၁ ၊ ၀၉ ၂၂၀ ၁၇၃၀ ၊ ၀၉- ၄၂၁၇ ၁၉ ၇၁၂


www.burmeseclassic.com

www.burmeseclassic.com

၁၁၆၁ ခုတွင် ဗဒုံမင်းတရား တောင်ငူသို့
သွားရောက်ရာ သားတော် တောင်ငူဘုရင်ခံက
အမိန့်တော်မရဘဲ တောင်ငူမြို့ကို အခိုင်အလုံ
မွမ်းမံကာ စစ်တပ်များ တိုးချဲ့ထားသည်ကို
တွေ့တော်မူသောကြောင့် သားတော်ကို
ဘုရင်ခံရာထူးမှ နုတ်ကာ အမရပူရ၌ နေစေသည်



www.burmeseclassic.com

www.burmeseclassic.com

# အမိုက်ထဲမှ ရွှေ

မောင်သန်းဆွေ၊ထားဝယ်၊

အန်တီခင်(စာရေးဆရာမကြီး ဒဂုန် ခင်ခင်လေး)နှင့် ပတ်သက်ခဲ့ရသည်မှာ စာရေးသူ ကလေးဘဝကတည်းက ဖြစ်ပါသည်။ သို့သော် ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရပြီး မဟာဝိဇ္ဇာအရည်ချင်းစစ်တန်း တက်နေစဉ်က ပို၍ နီးစပ်ခဲ့ရသည်။ ထိုစဉ်က သူ့ဘဝ၏ ဆည်းဆာအချိန်၊ လောကဓံလှိုင်း၏ ပြင်းပြင်းထန်ထန် ပုတ်ခတ်ခံရ၍ ပြင်ပလူများနှင့် မဆက်ဆံတော့ဘဲ သိမ်ဖြူလမ်း၊ အမှတ် (၁၉၉)၊ ကုလားသူဌေးတိုက်ကြီး (ကြယ်ငါးပွင့်ရုံးကြီးနှင့် မျက်နှာချင်းဆိုင်)ပထမထပ်တွင် တစ်ကိုယ်တည်းနေစဉ်က ဖြစ်သည်။ စာရေးသူကမူ အန်တီခင်နှင့် တစ်လမ်းတည်း ဘေးလွယ်ခုတ်လောက်တွင် ရှိသည့် ဝိုင်အမ်စီအေအသင်းတိုက် အဆောင်သစ်တွင် နေပါသည်။ တစ်ရက်တွင် အန်တီခင်က သူ၏ ဒရိုင်ဘာကို လွှတ်၍ ခေါ်ခိုင်းသည်။ စာရေးသူ သွားသောအခါ သူနေမကောင်း၍ လမ်းမထွက်နိုင်ကြောင်း၊ ငွေလိုနေ၍ သူ့လက်ဝတ်လက်စားထဲမှ ပစ္စည်းတစ်ခုကို စာရေးသူ့အဒေါ်ထံ ထုခွဲပေးရန် ပို့ခိုင်းခြင်း ဖြစ်ပါသည်။ ဤကိစ္စမျိုး လုပ်ပေးနေကျဖြစ်၏။ စာရေးသူ၏အဒေါ်နှင့် အန်တီခင်တို့သည် ညီအစ်မရင်းတမျှ ချစ်ခင်ကြသည်။ တစ်ခါတစ်ရံ အဒေါ်ကလည်း အန်တီခင့်ထံ ငွေသွားပို့ခိုင်းတတ်သည်။ ထိုစဉ်က စာရေးသူသည် ဘွဲ့လွန်တက်နေသဖြင့် ကိုယ်ပိုင်ကားနှင့်ဖြစ်ရာ အဆင်ပြေပါသည်။ ထိုနေ့ အန်တီခင့်အခန်းသို့ ရောက်စဉ်က အန်တီခင်သည် နေမကောင်း သော်လည်း လှဲမနေဘဲ စာရွက်စာတမ်းများကို ထိုင်၍





www.burmeseclassic.com

www.burmeseclassic.com

ရှင်းလင်းနေသည်။ မလိုအပ်သည့် စာရွက်စာတမ်းကို အမှိုက်ပုံးထဲသို့ ပစ်ရန်ဘေး၌ ပုံထားသည်။ စာရေးသူက အနီးတွင် ဝင်ထိုင်ပြီး ပစ်ရန် ပုံထားသည့် စာများထဲမှ လက်ရေးမူ စာရွက်နှစ်ရွက်ကို ယူဖတ်ကြည့်ရာ တစ်ရွက်မှာ 'မောင်ပြေစာဘုရား'ဟု ထိုးထားပြီး အထက်၌ 'မြတောင်မင်းသမီးနှင့် ပုဂံမင်းညီ၊ သန်လျင်မင်းသားတို့ တစ်ဦးကိုတစ်ဦး အလွန်ချစ်ကြည်၍ရှိနေသည့်အတွင်း တောင်ငူမင်းသားနှင့် မြတောင်မင်းသမီးကို ပေးစားတော်မူမည်ရှိဆဲတွင် သန်လျင်မင်းသားက မြတောင်မင်းသမီးကို ပေးသည့်စာ'ဟု ရေးထားပြီး နောက်တစ်ရွက်တွင် 'ဦးဘုန်းဆိုဘွဲ့'ဟု ခေါင်းစဉ်တပ်၍ အောက်၌ 'အမရပူရ ပထမမြို့တည်၊ နန်းတည်မင်းတရားကြီးဘုရား သမီးတော် မြတောင်မင်းသမီးကို မျက်တော်မူ၍ နိမ့်ကျထားရာ စာဆိုတော် ဦးဘုန်းရေး မြတောင်စုဖုရားဘွဲ့'ဟု ရေးထားသည့် စာရွက်နှစ်ရွက် ဖြစ်နေသည်ကို တွေ့ရပါသည်။ အခြားစာရွက်များလည်း ပါသေးသည်။ စာရေးသူက စာများကို ဖတ်ပြပြီး…

'အန်တီခင်၊ ဒီစာတွေက သမိုင်းဝင်စာတွေပဲ၊ လွှင့်ပစ်မလို့လား'ဟု မေးရာ–

'ဘိုးဘုရား လက်ထက်က စာတွေပဲ၊ ဒါပေမဲ့ ဘိုးဘုရားရဲ့လက်ရေးတော့ မဟုတ်ဘူး အန်တီခင့် စာအုပ်ထဲမှာ ကူးရေးပြီးပြီ၊ ဒါကြောင့် ဒီစာရွက်တွေကို လွှင့်ပစ်မလို့ထားတာ'ဟု ပြန်ဖြေပါသည်။ ဘိုးဘုရားဆိုသည်မှာ အန်တီခင်၏အဘိုး ဝက်မစွတ်ဝန်ထောက်မင်းကို ဆိုလိုပါသည်။

'ဒါဖြင့်ရင် ကျွန်တော် ယူသွားမယ်နော်'ဟု ပြောပြီး ယူလာခဲ့ပါသည်။ ထိုစာရွက် နှစ်ရွက်ကို စာအုပ်တစ်အုပ်ကြားတွင် ညှပ်၍ သိမ်းထားမိကာ မေ့သွားပါတော့သည်။ တစ်နေ့ကမှ စာရွက်နှစ်ရွက်ကို ထိုစာအုပ်ထဲမှ ပြန်တွေ့ရသည်။ တွက်ကြည့်လျှင် နှစ်

## ပုဂံမင်းသား၏ ညီတော် သန်လျင်မင်းသားနှင့် မြတောင်မင်းသမီးတို့သည် တစ်ဦးကိုတစ်ဦး မေတ္တာ သက်ဝင်နေကြသည် ထိုသည်ကို ခမည်းတော် ဗဒုံမင်းတရားကြီး (ဘိုးတော်ဘုရား)က မသိ၍ မုခဆိုးဖို တောင်ငူမင်းသားနှင့် မြတောင်မင်းသမီးတို့ စုံဖက်ပေးရန် ကြံသည်

ပေါင်း လေးဆယ်ကျော် ငါးဆယ်နီးပါး ဖြစ်ပြီ။ ထို့ကြောင့် ထိုစာနှစ်ရွက်ပါ စာသားများကို ဖော်ပြရင်းနှင့် သမိုင်းကြောင်းကို တင်ပြလိုပါသည်။ စိတ်ဝင်စားစရာ ကောင်းလှသည်။

'မောင်ပြေစာဘုရား'ထိုးထားသည့် ပထမစာရွက်မှ အကြောင်းကို ရှင်းပြလိုသည်။ စာရေးသူသည် ၂၀၀၀ ပြည့်နှစ်၊ မေလက ရန္တသစ်မဂ္ဂဇင်းတွင် 'မြတောင်ရှင်းတမ်း'ဆိုသည့် ဆောင်းပါးတစ်ပုဒ် ရေးဖူးသည်။ ထိုစဉ်က ဤစာရွက်ကို မေ့နေသဖြင့် မြတောင်ရှင်းတမ်းမှ ပထမမြတောင်မင်းသမီးအကြောင်းတွင် ဤအကြောင်းအရာကို ထည့်မရေးလိုက်ရပါ။ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလတွင် ရာပြည့်တိုက်မှ

'ကုန်းဘောင်ရှင်းတမ်း'စာအုပ်ကို ထုတ
ဝေရာ ဤမြတောင်ရှင်းတမ်း ဆောင်
ပါးသည် ထိုစာအုပ်၌ ပါခဲ့၏။ ကုန်
ဘောင်ဆက် ရာဇဝင်တွင် မြတောင်မြ
ကိုစားရသော ဘုရင့်သမီးတော်၊ ဘုရ
မြေးတော်၊ မင်းသမီးများနှင့် မိဖုရား
လွှတ်တော်ဝန်ကြီးများ ရှိခဲ့ကြသည်
မြတောင်မြို့စား မင်းသမီးလေးပါ
အထင်အရှားရှိခဲ့၏။ အထင်အရှားဟု
ပြောရခြင်းမှာ စစ်ကိုင်းမင်းနှင့် နန်း
မတော်ဘုရား(မယ်နု)တို့၏ တစ်ပါ
တည်းသော သမီးတော်(နောင် ဆင်ဖြ
မရှင်မိဖုရားဟု ဖြစ်လာသူ)သည်လည်
မင်းသမီးဘဝက မြတောင်မြို့စား ခေ
ဖြစ်ခဲ့သည်။ သာယာဝတီမင်း၏
အနောက်နန်းမိဖုရား မမြလေးသည်လည်
မြတောင်မြို့ကို စားခဲ့ရသေးသည်။

ကုန်းဘောင်ခေတ် မြတောင်မင်
သမီးအဖြစ် အထင်အရှားလေးပါးမှ
ပထမမြတောင်မြို့စား မင်းသမီးသည
ဗဒုံမင်းနှင့် မိုးမိတ်မြို့စား မိဖုရားတို့၏
သမီးတော်ဖြစ်သည်။ ဒုတိယ မြတော
မင်းသမီးမှာ ဗဒုံမင်း၏ သားတော် အိ
ရှေ့မင်းနှင့် ကိုယ်လုပ်တော် ရှင်ရွှေဂု
တို့၏ သမီးတော်ဖြစ်သည်။ ပုဂံမင်း၏
အနောက်နန်းမိဖုရားမှာလည်း မင်းသမီး
ဘဝက မြတောင်မြို့စားခဲ့၍ တတိယ
မြတောင်မင်းသမီးဟု ခေါ်ဆိုရမည်
စတုတ္ထမြတောင်မင်းသမီးမှာ မင်းတုန်း
မင်းတရားနှင့် ဆင်ဖြူမရှင်မိဖုရားကြီး
တို့၏ သမီးတော် စုဖုရားလတ်(သီပေ
မင်းတရား၏ မိဖုရားခေါင်ကြီး)ဖြ
သည်။ မောင်ပြေစာဘုရား ထိုးထာ
သည့် ပထမစာရွက်၌ 'မြတောင်မင်
သမီးနှင့် ပုဂံမင်းညီ သန်လျင်မင်းသာ
တို့ တစ်ဦးကိုတစ်ဦး အလွန်ချစ်ကြည်
ရှိနေသည့်အတွင်း တောင်ငူမင်းသာ
မြတောင်မင်းသမီးကို ပေးစားတော်
မည်ရှိဆဲတွင် သန်လျင်မင်းသား
မြတောင်မင်းသမီးကို ပေးသည့်စာ
ပတ်သက်၍ အရင်ရှင်းပြပါမည်။

ဤစာမှ မြတောင်မင်းသမီးသ
ပထမမြတောင်မင်းသမီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မင်း(ဘိုးတော်ဘုရား)နှင့် မိုးမိတ်စော်ဘွားသမီး၊ မိုးမိတ်မြို့စား မိဖုရား သီရိတိလောကဒေဝီတို့တွင် သားတော်သုံးပါး၊ သမီးတော်ခြောက်ပါးရှိရာ မြတောင်မင်းသမီးသည် ဒုတိယသမီးတော်ဖြစ်သည်။ ငယ်မည်မှာ မင်းပတ္တမြားဖြစ်၏။ ၁၁၄၈ ခုနှစ်တွင် ဖွားမြင်သည်။ ပထမ စက္ကုပါရွာကို စားရပြီးနောက် မြတောင်မြို့ကို စားရသည်။ နောက်ထပ် ဟန်လင်းမြို့၊ ဟင်္ဂမော်မြို့များကို စားရသော်လည်း မြတောင်မင်းသမီးဟူ၍သာ တွင်သည်။ ၁၁၅၂ ခုနှစ်တွင် သီရိရတနာစန္ဒာဒေဝီ၊ ၁၁၆၄ ခုနှစ်တွင် သီရိသုရတနာစန္ဒာဒေဝီဘွဲ့များကို ရသည်။ ဤမင်းသမီးသည် ကဗျာလင်္ကာဖွဲ့ဆိုရာ၌ ကျွမ်းကျင်လိမ္မာသည်ဟု အဆိုရှိသည်။

တောင်ငူမင်းသားသည် ဗဒုံမင်း(ဘိုးတော်ဘုရား)နှင့် ကိုယ်လုပ်တော်ရှင်မင်းစီတို့၏ သားတော်ဖြစ်သည်။ တောင်ငူမင်းသား၏ ပထမအိမ်ထောင်ဖက်မှာ ဆင်ဖြူရှင်မင်းတရားနှင့် သခင်မင်းရွှေပွင့်တို့၏ သမီးတော် မင်းခင်းမြို့စား သခင်မင်းမိဖြစ်သည်။ သခင်မင်းမိကို ၁၁၄၃ ခုနှစ်တွင် စဉ့်ကူးမင်းက မြနန်းရှင်သမုတ်၍ နန်းတင်သည်။ စဉ့်ကူးမင်း နန်းကျသောအခါ နန်းကျမိဖုရား သခင်မင်းမိကို ဗဒုံမင်းတရားကြီးလက်ထက် ၁၁၄၄ ခုနှစ်တွင် သားတော် တောင်ငူမင်းသားနှင့် စုံဖက်ပေးတော်မူသည်။ ၁၁၅၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်နေ့တွင် ဗဒုံမင်းတရားကြီးက တောင်ငူမင်းသားကို ဓေယျဝဒ္ဓနတိုင်း၊ ကေတုမတီတောင်ငူကို ဘုရင်ခံအဖြစ် ဆောင်နှင်းတော်မူသဖြင့် ဘုရင်ခံမင်းသားကြီး ဖြစ်ခဲ့သည်။ သို့သော် ၁၁၆၁ ခုတွင် ဗဒုံမင်းတရား တောင်ငူသို့ သွားရောက်ရာ သားတော် တောင်ငူဘုရင်ခံက အမိန့်တော်မရဘဲ တောင်ငူမြို့ကို အခိုင်အလုံ မွမ်းမံကာ စစ်တပ်များ တိုးချဲ့ထားသည်ကို တွေ့တော်မူသောကြောင့် သားတော်ကို ဘုရင်ခံရာထူးမှ နုတ်ကာ အမရပူရ၌

ထိုစဉ်က
စာမဖွဲ့ဆိုတတ်သော
မင်းသား၊ မင်းသမီးတို့ကို
နန်းတွင်း
စာဆိုတော်များက
စာဖွဲ့ဆိုပေးရသည်
မောင်ပြေဆိုသည်မှာ
ဗဒုံမင်းတရား
(ဘိုးတော်ဘုရား)
လက်ထက်တော် က
နန်းတွင်းစာဆိုတော်
ဖြစ်သည်

နေစေသည်။ သားတော်၏ အသိုက်အဝန်း ကျေးကျွန်များကို ကွပ်မျက်တော်မူသည်။

၁၁၆၆ ခုနှစ် သခင်မင်းမိ ကံကုန်တော်မူပြီးနောက် တောင်ငူမင်းသားသည် မုဆိုးဖိုဘဝနှင့် ဖြစ်နေသည်။ အခြား ကိုယ်လုပ်တော်များမူရှိ၏။

ဗဒုံမင်း(ဘိုးတော်ဘုရား)၏ တောင်ဆောင်တော် မိဖုရားတွင် သားတော်ပုဂံမြို့စား သီဟသူရမဟာဓမ္မရာဇာတစ်ပါး၊ ညီတော် သီရိသုဓမ္မရာဇာ သန်လျင်မြို့ကိုစားသည်တစ်ပါးနှင့် အခြားသမီးတော်နှင့် သားတော်ပေါင်း ၄ ပါး ထွန်းကားခဲ့သည်။ ထိုပုဂံမင်းသား၏ ညီတော် သန်လျင်မင်းသားနှင့် မြတောင်မင်းသမီးတို့သည် တစ်ဦးကိုတစ်ဦး မေတ္တာသက်ဝင်နေကြသည်။ ထိုသည်ကို ခမည်းတော် ဗဒုံမင်းတရားကြီး(ဘိုးတော်ဘုရား)က မသိ၍ မုဆိုးဖို တောင်ငူမင်းသားနှင့် မြတောင်မင်းသမီးတို့ စုံဖက်ပေးရန်ကြံသည်။ မြတောင်မင်းသမီးကလည်း သန်လျင်မင်းသားနှင့် မေတ္တာရှိနေကြရာ တောင်ငူမင်းသားနှင့် မစုံဖက်ချင်ပေ။ ခမည်းတော်ဘုရားအားလည်း မလျှောက်တင်ရဲဘဲ မထွေးနိုင် မအန်နိုင်ဖြစ်နေတော်မူစဉ် မောင်တော်သန်လျင်မင်းသားက မြတောင်မင်းသမီးကို ပေးသည့်စာဖြစ်သည်။ ထိုစဉ်က စာမဖွဲ့ဆိုတတ်သော မင်းသား၊ မင်းသမီးတို့ကို နန်းတွင်းစာဆိုတော်များက စာဖွဲ့ဆိုပေးရသည်။ မောင်ပြေဆိုသည်မှာ ဗဒုံမင်းတရား(ဘိုးတော်ဘုရား)လက်ထက်တော်က နန်းတွင်းစာဆိုတော်ဖြစ်သည်။ ထို့ကြောင့် စာဆိုတော် မောင်ပြေသည် သန်လျင်မင်းသားက မြတောင်မင်းသမီးကို ပေးသည့်စာကို သန်လျင်မင်းသားအနေဖြင့် ရေးပေးရသည်။ ထို့ကြောင့် 'မောင်ပြေစာဘုရား' ဟု ရေးထိုးထားခြင်းဖြစ်သည်။ စာမှာ-

*'မှိုင်းပင်သာစုတော့ ဗမ္ဘူရောင်*
*ရှက်တဲ့ ညောင်မျက်ရှင်။*
*လှစ်ထွန်းငယ်ပဒ္မူ၊*
*ရိုက်လွှင့်ငယ် ထူသည်။*
*ရှစ်ဆူပြန်ဖြန့်၊ ရန်လန်းခြံမယ်။*
*နန်းအသရေ၊*
*အောင်ပွဲလည်းခြွေစိမ့်လို့။*
*လှစ်ဖွေသံချို၊*
*ပြိုင်လှယ်လွဲဆိုဖူးတဲ့။*
*ခွန်ပိုက ပန်းရည်ကို၊*
*ဉာဏ်ဓာရည်သွေလို့*
*ပြောင်းမယ်လ။*
*ညောင်းလိမ့်ညာတင်။'*
*'လေးမည်ငယ် ကျွန်းသည့်၊*
*စက်စဉ်လှည့်လဲ။*
*မွန်းတည့်ဘန်မြတ်၊ သမ္ဘိန်နတ်ကို။*
*မှတ်မထူးလည်၊ မိန့်ဖူးသည်ကို။*
*သွေမည်ယွင်းကွက်၊*
*သုံးအတွက်ကို။*

www.burmeseclassic.com

*ဘုန်းဆက်တဲ့ဇာတ်၊*
*တူနေရုံ ညီပါအုံး။*
*သာကီသွင်ငယ်၊*
*သည်တွင်တမ်းဝေတော့မယ်လ။'*
*'တစ်သောင်းငယ် နှစ်ပြန်၊*
*လေးထောင်လျှံသည်။*
*နက်စံအနက်၊ ရေသမုတ်မှာ။*
*ဖွေထုတ်ကာယ်ဆွဲရန်၊ ပုလဲပျံ့ကို။*
*မဘန်ဘူးလည်၊ တင်လိမ့်မည်လို့။*
*ကြံစည်ညှိုးငယ်၊*
*ဗျာစိုးသာကြွယ်တော့တယ်။*
*တောင်းလှယ်မှဲ့ ညာသီငယ်၊*
*ဇာမြီကို ဖုံယုံကောင်းလေငဲ့။*
*အောင်းမေ့ပါရ။'*

ဟူ၍ ဖြစ်သည်(မူရင်းစာလုံးပေါင်းအတိုင်း)။ သို့သော်လည်း မြတောင်မင်းသမီးသည် တောင်ငူမင်းသားနှင့်ပင် စုံဖက်လိုက်ရသည်။

ဒုတိယစာရွက်မှ ခေါင်းစဉ် 'ဦးဘုန်း ဆိုဘွဲ့'အောက်တွင်-

'အမရပူရပထမမြို့တည် နန်းတည် မင်းတရားကြီးဘုရား သမီးတော် မြတောင်မင်းသမီးကို မျက်တော်မူ၍ နိမ့်ကျရာ၊ စာဆိုတော် ဦးဘုန်းရေး မြတောင်စုဖုရားဘွဲ့'ဟူ၍ ရေးထားပါသည်။

စစ်ကိုင်းမင်း(ဘကြီးတော်) နန်းတက်စ ၁၁၈၁ ခုနှစ်တွင် ဘထွေးတော်ပြည်စားနှင့် တောင်ငူမင်းသားတို့ မသင့်သောအကြံကို ကြံစည်တော်မူသည်။ အကြောင်းမှာ ဗဒုံမင်း(ဘိုးတော်ဘုရား) အနေဖြင့် သားတော်များကို ကျော်၍ မြေးတော်စစ်ကိုင်းမင်းသားကို ထီးနန်းလွှဲအပ်သောကြောင့် မကျေနပ်၍ မသင့်သောအကြံကို ကြံစည်တော်မူကြခြင်းဖြစ်သည်။ ထိုအခါ ဘုရင်သစ် စစ်ကိုင်းမင်းက-

'တောင်ငူစားမှာ ဗဒုံမင်း(ဘိုးတော်ဘုရား)လက်ထက်တော်ကလည်း မသင့်သောအကြံကို ကြံစည်ဖူးသည်။ ပြည်သူသတ္တဝါအပေါင်းတို့ကိုလည်း အနိုင်အထက် နှိပ်စက်ညှဉ်းပန်းသောအလေ့ရှိသည်။ အပြစ်ကို ငါ လွှတ်တော်မူသော်လည်း လွတ်နိုင်ရာသောအကြောင်း မရှိ၊ အသက်ရှည်သမျှ ဝန်လေးမည့်အကြောင်းသာဖြစ်သည်'ဟု အမိန့်တော်မူကြောင်း ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးတွင် အတိအလင်းရေးထားပါသည်။ သို့နှင့် တောင်ငူစားကို ထုံးစံနှင့်အညီ စီရင်တော်မူသည်။

ဘထွေးတော် ပြည်စားမှာမူကား စစ်ကိုင်းမင်းခမည်းတော်ဘုရား၏ ညီတော်ရင်းချာဖြစ်သည်က တစ်ကြောင်း၊ တစ်ကြိမ်တစ်ခါသာ မှားလေသည်ကို ထောက်တော်မူ၍ အထူးအမျက်တော်မရှိ၊ အပြစ်မှ လွှတ်တော်မူသည်။ ခေါင်းတည်အကြီးအမှူးပြုသူတို့ကိုမူကား ရွေးချယ်စိစစ်၍ ကွပ်မျက်တော်မူသည်။ ဘထွေးတော်ပြည်စားမှာ စစ်ကိုင်းမင်း၏အိမ်ရှေ့မိဖုရားဟောင်း ဆင်ဖြူရှင်မယ်၏ခမည်းတော်ဖြစ်နေ၍ ယောက္ခမတော်ဖူးသဖြင့် သက်ညှာဟန်တူ၏။ တောင်ငူမင်း ကွပ်မျက်ခံရသောအခါ တောင်ငူထိပ်ထား၊ မြတောင်မင်းသမီးမှာ အသက်မှ ချမ်းသာရရ၏။

ထိုအချိန်တွင် စာဆိုတော် ဦးဘုန်းက မြတောင်စုဖုရားဘွဲ့ကို အောက်ပါအတိုင်းရေးခြင်းဖြစ်သည်။

*'ထောက်လို့သာ တွေးတော့တယ်၊*
*နောက်ရှေးသော်မူနှင့် မျှော်ရှုကာ။*
*အရှေ့ငယ် မန်းမည်*
*နန်းကျော့တည်သည်။*
*ဇာနည်ဘောစစ်၊*
*မြတ်ဘိုးတော်ခေတ်မှာလ။*
*ရွှေရင်နှစ်ကာယ် ချစ်ဆုံးမယ်ပာ၊*
*ပယ်နယ်ဆိုင် ပြည်တိုင်းပိုင်မို့။*
*ချက်ပြိုင်ထီးရွှေ၊*
*ဘိတ်ညီးသာဝေတော့တယ်။*
*ရုံရွှေများ ဥကင်လဲ၊*
*ငါးပဥ္စင်ဆော်ငြိမ့်ညင်းငယ်နှင့်။*
*သလင်းဘုံ ညောင်လွှေမှာ၊*
*ဖြားလေ့သာယာ။*
*ခြယ်မဟာလ်ငယ်၊*
*ပြည်တန့်ရွှေဂူဒွါဒရနှင့်။*
*နဝမျက်စည်၊ ရွှေဘွဲ့ချည်လို့။*
*မည်ရည်ထူးပြတ်၊*
*ဘိတ်ညီးစေလျှက်ပါတဲ့။*
*ဗိုလ်တက်ကာယ်စီလျှည်၊*
*ရွှေဝေါယဉ်နှင့်။*
*အစည်ပတ်ခြံ၊*
*ဖြန့်တိုင်းဘဲ ရုံတော့ပ။*
*ကံဇာတာငယ်၊*
*ခုသာဂုဏ်အားနဲ့ ရှိပြန်ခဲ့။*
*လမ်းစဉ်ငယ်သိန်လျော့၊ ရိပ်မြိုင်'*

ဟုဖြစ်သည်။ (မူရင်းစာလုံးပေါင်းများအတိုင်း)

စာဆိုမောင်ပြေနှင့် ဦးဘုန်းတို့၏ အထက်ပါစာများသည် ပထမတန်းစားစာများဟု မဆိုနိုင်ပါ။ သို့သော် ထိုခေတ် ထိုအခါက ထိုကဲ့သို့ပင် ရေးစပ်ကြဟန်တူပါသည်။

အထက်ပါ အန်တီခင်(ဒဂုန်ခင်ခင်လေး)ထံမှ ရခဲ့သည့် စာရွက်နှစ်ရွက်ကို နှစ်ပေါင်း လေးငါးဆယ်ကြာမှ စာရေးသူက ပြန်တွေ့ခဲ့ရခြင်းဖြစ်သည်။ ထိုစာနှစ်ပုဒ်အကြောင်းကို အန်တီခင်က သူ့စာအုပ်ထဲတွင် ကူးထည့်ထားပြီးပြီဟု ဆိုသော်လည်း ယနေ့အထိ သူရေးခဲ့သည့် စာများတွင် ပြန်ကြည့်ရာ ဤအကြောင်းနှင့်ပတ်သက်၍ ဘာမျှ ဖော်ပြထားခဲ့ခြင်း မရှိသည်ကို တွေ့ရပါသည်။ သို့ကြောင့် စာရေးသူက ဤစာနှစ်ပုဒ်ဖြစ်သော စာဆိုတော်မောင်ပြေ၏ စာနှင့် စာဆိုတော် ဦးဘုန်း၏ စာတို့ကို အကြောင်းအရင်းဇာစ်မြစ်နှင့်တကွ ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

အကယ်၍ ထိုစာရွက်နှစ်ရွက်ကိုသာ စာရေးသူသည် ထိုစဉ်က အန်တီခင်ထံမှ မတောင်းခဲ့ပါမူ အမှိုက်ပစ်သည့်အထဲကို ပါသွားမည်သာ ဖြစ်သည်။ အန်တီခင်ကလည်း ထိုစာနှစ်ပုဒ်နှင့် ပတ်သက်ပြီး ဘာမျှ မရေးခဲ့သဖြင့် ပျောက်ပျက်သွားမည်သာ ဖြစ်သည်။ ■

**မောင်သန်းဆွေ၊ထားဝယ်**

**ကိုးကားချက်**

၁။ ဦးမောင်မောင်တင်(K.S.M.A.T.M)၏ 'ကုန်းဘောင်ခေတ်မဟာရာဇဝင်တော်ကြီး ဒုတိယတွဲ'

၂။ မောင်သန်းဆွေ(ထားဝယ်)၏ 'ကုန်းဘောင်ရှင်းတမ်း'


www.burmeseclassic.com

www.burmeseclassic.com

**အခန်း ၁။**

(သက်မောင်မောင်တို့၏ညှို့ခန်း)

တိုက်ခန်းဖြစ်သည်။ ခေတ်မီသော အိမ်ထောင်ပရိဘောဂများဖြင့် ဆင်ပြင်ခင်းကျင်းထားသည်။ ညှို့ခန်းဝဲဘက်(ပရိသတ်ဘက်မှအမြင်) ရှေ့ထိပ်ဝယ် ရာမာဟာ အမျိုးအစား စန္ဒရား တစ်လုံးရှိသည်။ အတွင်းကျကျတွင် အိမ်တွင်းဝင်သည့် တံခါးပေါက်ရှိပြီး ထိုတံခါးပေါက်အလယ်နံရံ၌ မေသက်ဆွေ၏ မိဘနှစ်ပါး တွဲရိုက်ထားသော ဓာတ်ပုံကြီး ချိတ်ထားသည်။ နံရံအလယ်တည့်တည့်တွင် ခေတ်မီနာရီတစ်လုံး၊ နာရီ၏ တစ်ဖက်တွင်မူ မေသက်ဆွေတို့ဇနီးမောင်နှံ မင်္ဂလာဆောင်စဉ်က ရိုက်ကူးထားသည့် ဓာတ်ပုံကြီးက နေရာယူထားသည်။ ညှို့ခန်းအတွင်းရှိ စားပွဲဝိုင်းကလေးပေါ်တွင်လည်းကောင်း၊ စန္ဒရားနှင့်ကျောဘက်နံရံကပ်ထားသော တယ်လီဖုန်းတင်စားပွဲရှည်ကလေးပေါ်တွင်လည်းကောင်း ပန်းအိုးလှလှလေးများနှင့် ထည့်ထားသည့် နှင်းဆီအနီများ ဝေလျက်ရှိသည်။ ယာဘက်ထိပ်တွင်မူ အပြင်သို့ ဝင်ထွက်ရသည့် တံခါးပေါက်ကြီးရှိသည်။ အချိန်မှာ ည ၇ နာရီထိုးပြီးစအချိန်။ ညှို့ခန်းမှာ မီးချောင်းမီးရောင်များဖြင့် ထိန်လင်းနေသည်။





www.burmeseclassic.com

www.burmeseclassic.com

ကန့်လန့်ကာဖွင့်လိုက်သော် မေသက်ဆွေနှင့် ဒေါ်လှခင်တို့နှစ်ဦး စကားပြောလျက်ရှိသည်။ မေသက်ဆွေမှာ အသက် ၂၅ နှစ်ခန့်ရှိပြီး ရုပ်ရည်ချောမောလှပသူဖြစ်သည်။ ခေတ်မီစွာ ဝတ်စားဆင်ယင်ထားသည်။ ဒေါ်လှခင်မှာမူ အသက် ၅၀ ကျော်ခန့်ရှိပြီး ပိန်ပိန်ပါးပါး၊ အရပ်ရှည်ရှည်ဖြစ်၏။

**မေသက်ဆွေ။** ။ မဖြစ်နိုင်ဘူး အန်တီခင်၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ကိုသက်အကြောင်း မေသက် သိပါတယ်။ မင်းသားဆိုတာမျိုးကတော့ အန်တီခင်ရယ် သူ့ကိုကြိုက်တဲ့လူတွေ ဝိုင်းဝိုင်းလည်နေတာပေါ့၊ သူ့ပွဲကရင် ပန်းစည်းပေးတဲ့လူနဲ့၊ အော်တိုအရေးခိုင်းတဲ့လူနဲ့၊ ဓာတ်ပုံတောင်းတဲ့ ဟာကလေးတွေ အများကြီးပဲပေါ့ အန်တီခင်၊ ဒါပေမဲ့ ကိုသက်ဟာ ဘယ်တော့မှ ဘယ်သူ့ကိုမှ စိတ်ဝင်စားတာ မဟုတ်ဘူးဆိုတာ မေသက် သိပါတယ်။

**ဒေါ်လှခင်။** ။ ဟဲ့ သက်သက်၊ ခုဟာက တစ်မျိုးဟဲ့။ သက်သက်လူဆီ ပန်းပို့ကြတာမျိုး မဟုတ်ဘူး။ သူက ပန်းပို့ရတာတဲ့။ ပန်းမှ သူကြိုက်တဲ့နှင်းဆီနီတွေတဲ့။ အဲဒီမိန်းမအိမ်မှာ အမြဲထိုးထားရသတဲ့။

**ဆွေ။** ။ မဟုတ်သေးပါဘူး အန်တီခင်ရယ်၊ ကိုသက်ဒါမျိုးလုပ်မယ့်လူစား မဟုတ်ပါဘူး။ ကိုသက်အကြောင်း မေသက် အသိဆုံးပါ။ လူက မင်းသားသာ လုပ်နေတာ၊ ဘယ်မိန်းကလေးကိုမှ မျက်နှာစေ့စေ့ ကြည့်ရဲတာ မဟုတ်ဘူး။ ပန်းပို့ဖို့ နေနေသာသာ။

**ခင်။** ။ အန်တီခင်က မဟုတ်တာ ဘာပြုလို့ ခုလို ညကြီးမင်းကြီးမှာ လာပြောမှာတုံး သက်သက်ရဲ့၊ အန်တီက သက်

ခုတော့ ကကြီးရေက ကစပြီး ပြောတော့မယ်
အေး တစ်ခုတော့ရှိတယ်။ သက်သက် သူ့ကို ခေါင်းအေးအေးနဲ့
ဖျောင်းဖျောင်းဖျဖျ ပြောဆိုပြီး ထိန်းပါ၊ ဒိန်းတလိန်းနတ်ပူးပြီး
ဝုန်းဒိုင်းကြဲလုပ်တာမျိုးတော့ မလုပ်စေချင်ဘူး

သက်ကို သနားလို့။ နောက်မှ မပြောမရှိ ဖြစ်မှာစိုးလို့ လာပြောရတာပဲ။ ခုနက အန်တီပြောသလိုပဲ သက်သက်မင်းသားက အဲဒီမိန်းမအိမ်ကို သွားသွားနေသတဲ့ အေ့။

**ဆွေ။** ။ အဲဒါကြောင့် ပြောတာပေါ့ အန်တီခင်ရဲ့၊ ကိုသက်မှာ ကားတွေရိုက်နေရတာက လက်ကို မလည်ဘူး။ ကားမရိုက်ရတဲ့နေ့ အသံသွင်းရတယ်။ ကားရိုက်မရှိ၊ အသံသွင်းမရှိလို့ နားရမလား အောက်မေ့ပါတယ်၊ ကက်ဆက်ဓာတ်လမ်းသွင်းရပြန်တယ်။ ကားတွေသိပ်ရိုက်ရတဲ့နေ့တွေမှာ နယ်မထွက်အားလို့ နယ်က သူ့ပြဇာတ်တွေ၊ ရုံသွင်းချင်တဲ့ ကန်ထရိုက်တွေကလည်း တန်းစီနေတယ် အန်တီခင်ရဲ့၊ ကိုသက်မှာ ယားလို့ မကုတ်နိုင်တာ ဘယ့်နှယ်လုပ်ပြီး အမြှောင်တွေ၊ အမြွက်တွေထားနိုင်မှာလဲ။ မဟုတ်သေးပါဘူး အန်တီခင်ရယ်။

**ခင်။** ။ အေး ညည်းက ယားလို့မှ မကုတ်နိုင်ဘူးလုပ်နေ၊ ညည်းကောင်က ညည်းကွယ်ရာမှာ တဖြင်းဖြင်းနဲ့ ကုတ်နေပြီ၊ ကုပ်ကမြင်းဆိုတာ ဒါမျိုးပေါ့အေ။

**ဆွေ။** ။ ကြံကြံဖန်ဖန် အန်တီခင်ရယ်၊ သူ ခုလို နာမည်ကြီးဖြစ်လာဖို့ ဖေဖေတို့က လုပ်ပေးခဲ့တာ။ သူဟာ အစက ဖေဖေတို့ကုမ္ပဏီမှာ စာရေးကလေးပဲ။ သူ့နာမည်အရင်းက ဘဖန်တဲ့။ သူ့အတွက် မင်းသားနာမည်ရွေးပေးတာတောင် သက်နာမည် တပ်ပေးလိုက်ကြတာ။ သူ မင်းသားပေါက်စကတည်းက မဂ္ဂဇင်းတွေ၊ စာစောင်တွေထဲမှာ အမျိုးမျိုးရေးပေးအောင် ဖေဖေတို့ကပဲ ဝိုင်းလုပ်ပေးခဲ့ကြတာ။ သူ့အရည်အချင်းက ဘာရှိတာမှတ်လို့။ ဒီလိုလူက သက်တို့ကို ဘယ်တော့မှ ကျေးဇူးကန်း လုပ်မှာ မဟုတ်ဘူး။

**ခင်။** ။ အေး ဒါက ညည်းထင်တာကိုး၊ ဒီမယ် သက်သက် ညည်းလူက အဲဒီမိန်းမအိမ်မှာ အန်တီခင်ကိုယ်တိုင်မျက်စိနဲ့ တပ်အပ်မြင်ခဲ့ပြီးပြီ။

**ဆွေ။** ။ ဘယ်လိုအန်တီခင်။

**ခင်။** ။ အန်တီခင် အစကတော့ သတိပေးရုံပါပဲ။ သက်သက်က ပေါ့တီပေါ့ဆနေမှာစိုးလို့။ ခုတော့ ကကြီးရေက ကစပြီး ပြောတော့မယ်။ အေး တစ်ခုတော့ရှိတယ်။ သက်သက် သူ့ကို ခေါင်းအေးအေးနဲ့ ဖျောင်းဖျောင်းဖျဖျ ပြောဆိုပြီး ထိန်းပါ၊ ဒိန်းတလိန်းနတ်ပူးပြီး ဝုန်းဒိုင်းကြဲလုပ်တာမျိုးတော့ မလုပ်စေချင်ဘူး။ ဒါတော့ ညည်း ကတိပေးရမယ်။

**ဆွေ။** ။ ပြောမှာပြောပါ အန်တီခင်ရယ်။

**ခင်။** ။ မဟုတ်ဘူး ညည်းတို့လင်မယားကြား အန်တီခင့် ပယောဂ မပါစေချင်ဘူး။ ဒီတော့ ညည်းသိရင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ အေးအေးဆေးဆေး ဖြစ်အောင်လုပ်၊ ဟုတ်လား။ ယတြာချေချင်တယ်၊ နတ်မေးချင်တယ်ဆိုရင် အန်တီခင့်ကိုပြော၊ အန်တီခင် လုပ်ပေးမယ်။

**ဆွေ။** ။ ကဲပါ အန်တီခင်ရယ်၊ ပြောမယ့်ဥစ္စာသာပြောစမ်းပါ။

**ခင်။** ။ အေး ညည်းခုလို ကတိပေးရင် အန်တီခင်ပြောမယ်၊ သက်မောင်မောင်အကြောင်းကို စကော့ဈေးထဲက ညွန့်ညွန့်တို့ဆိုင်မှာ စ,ကြားရတယ်၊ အန်တီခင် မယုံဘူး။ နောက်တော့ မြသီတာခြံထဲမှာလည်း ကြားရပြန်တယ်။ အဲဒီအထိ အန်တီ မယုံသေးပါဘူး။ မဖြစ်နိုင်ပါဘူးလို့ပဲ ပြောတဲ့လူတွေကို ပြောခဲ့ရသေးတယ်။

**ဆွေ။** ။ ဟုတ်ကဲ့ ပြောပါဦး။



www.burmeseclassic.com

www.burmeseclassic.com

**ခင်။** ။ နောက်တော့ ဟိုနားသွားလည်းကြား၊ ဒီနားသွားလည်းကြားနဲ့ ကြာတော့လည်း အန်တီခင်က ပြန်မငြင်းတော့ဘူးပေါ့ကွယ်။ သူတို့ပြောတာသာ နားထောင်နေလိုက်တော့တယ်။ ဟော တစ်လောကတော့ ခင်မမတို့အိမ် ဘုရားကိုးဆူမှာ အဲဒီဟာမကို ပက်ပင်းသွားတွေ့တယ်။

**ဆွေ။** ။ ဘယ်သူလဲ သူက။

**ခင်။** ။ နေဦး ပြောဦးမယ်လေ။ အန်တီခင်က မသိပါဘူး။ ခင်မမတို့က အသာလက်ကုတ်ပြလို့ သိရတယ်။ အံမယ် ကောင်မက ခပ်ချောချောအေ့၊ လုံးကြီးပေါက်လှပဲ။ ဝတ်ထားလိုက်တဲ့ စိန်တွေကလည်း ညွတ်လို့။ အသက်ကတော့ လေးဆယ်ဝန်းကျင်လောက် ရှိရောပေါ့။ တော်တော်လည်း မွန်ရည်တယ်၊ စကားပြောလည်း ကောင်းတယ်။

**ဆွေ။** ။ နေပါဦး သူက ဘယ်သူတဲ့လဲ၊ ဘယ်ကတဲ့လဲ။ အန်တီခင် ခုပြောတာတွေ တကယ်တွေနော်။

**ခင်။** ။ အို…တကယ်တွေပေါ့။ နေဦး နားထောင်ဦး။ အန်တီခင်က သူတို့စကားဝိုင်းထဲ ဝင်ထိုင်တော့ အမယ်လေး ကောင်မက မရှက်မကြောက် မြိန်ရေရှက်ရေ ပြောနေလိုက်တာ။ သက်မောင်မောင်က သူ့အိမ်မှာ အမြဲလိုလို ရှိနေသတဲ့အေ့။

**ဆွေ။** ။ ဟင်…ဟုတ်ကဲ့လား အန်တီခင်ရယ်။

**ခင်။** ။ သူပြောတာပဲအေ၊ သက်မောင်မောင်က သူ့ကို ဘယ်လောက်ချစ်တဲ့အကြောင်း၊ သက်မောင်မောင်က သူ့ဆီကို နေ့တိုင်း နှင်းဆီပန်းအနီတွေ ပို့တဲ့အကြောင်း၊ သူလာရင် တစ်အိမ်လုံးနီရဲပြီး နှင်းဆီပန်းနံ့ သင်းနေမှ ကြိုက်တယ်ဆိုတဲ့ အကြောင်း အို…စုံလို့ပါအေ။ အဲ အဲ ပြီးတော့ ပြောသေးတယ်။ သက်မောင်မောင်လာတိုင်း သူ နားထောင်ချင်တဲ့ သီချင်းကို သက်မောင်မောင်က စန္ဒရားနဲ့ ဆိုတီးပြတတ်သေးသတဲ့။

**ဆွေ။** ။ အန်တီခင်က ငါ သက်မောင်မောင်ရဲ့မိန်းမ မမေသက်ဆွေရဲ့အဒေါ်၊ ညည်းက ဘယ်ကကောင်မလဲ။ ညည်းပြောတာတွေ ငါ တစ်ခုမှ မယုံဘူးလို့ အန်တီခင်က ဝင်မပြောလိုက်ဘူးလားဟင်၊ ဝင်ပြောလိုက်ရောပေါ့။

**ခင်။** ။ ဘယ်ပြောလို့ ဖြစ်မလဲ သက်သက်ရဲ့။ အန်တီခင်က ဝင်ပြောချင်လိုက်တာလေ၊ ပါးစပ်ကိုယားလို့။ သူက ရေပက်မဝင် ပြောနေတာအေ့။ ပြီးတော့လည်း ဇကန်ဇကေ ပြောနေတော့ အန်တီခင်လည်း အသာနားထောင်နေလိုက်တယ်။

**ဆွေ။** ။ ကိုသက်ကိုကြိုက်ပြီး စိတ်ကူးယဉ်ပြောနေတာတွေ ဖြစ်ချင်ဖြစ်မှာပါ အန်တီခင်ရယ်။

**ခင်။** ။ အေးပေါ့အေ့၊ အန်တီခင်လည်း အစက ဒီလိုထင်ခဲ့တာ။ ဒါကြောင့်မို့လည်း ဘာမှ ဝင်မပြောဘဲ အသာ နားထောင်နေလိုက်တာ။ ဒါပေမဲ့ သူ ပြောတာတွေက ဟုတ်နေတယ် သက်သက်ရဲ့။ အန်တီခင်ကိုယ်တိုင် သက်မောင်မောင်ကို သူ့အိမ်မှာ မျက်စိနဲ့ တပ်အပ်တွေ့ခဲ့ရတယ်။

**ဆွေ။** ။ ဟင်… အန်တီခင်ကိုယ်တိုင် တွေ့တယ် ဟုတ်လား။

**ခင်။** ။ ဟုတ်တယ် သက်သက်၊ တစ်နေ့ညက အဲဒီမိန်းမအိမ်ရှေ့ အန်တီခင် ရောက်သွားတယ်။ အဲဒီမိန်းမအိမ် ပြတင်းပေါက်နားမှာ သက်မောင်မောင်နဲ့ အဲဒီမိန်းမ အကြည်ဆိုက်နေကြတာ အန်တီခင်ကိုယ်တိုင် တွေ့ခဲ့ရတယ်ကွယ့်။

**ဆွေ။** ။ ဟုတ်ရဲ့လား အန်တီခင်ရယ်၊ ကိုသက်မှ ဟုတ်ရဲ့လား။

**ခင်။** ။ သက်သက် ကိုသက်မှ သက်သက် ကိုသက်အစစ်၊ ဟော… အပေါ်အင်္ကျီက အနက်၊ အောက်က ရှပ်အင်္ကျီက အနီ၊ အိမ်က ပထမထပ်ဆိုတော့ လမ်းပေါ်က လှမ်းကြည့်ရင် မြင်နေရတယ်။ လမ်းမီးတွေကလည်း ထိန်လို့၊ အိမ်ထဲမှာလည်း မီးတွေကလင်းလို့၊ မမြင်ချင်အဆုံးဘဲ။

**ဆွေ။** ။ နေပါဦး တစ်နေ့ညကဆိုတော့ ဘယ်နေ့ကပါလိမ့်။ သြော် တနင်္လာနေ့ညက၊ အဲဒီညက ကိုသက် ကားရိုက်သွားပါတယ်။

**ခင်။** ။ အေး ကားက အဲဒီကောင်မအိမ် သွားရိုက်တယ်နဲ့ တူတယ်။

**ဆွေ။** ။ အဲဒီညက ကိုသက် မိုးလင်းမှ ပြန်လာတယ်။ သွားတုန်းကတော့ ဘောင်းဘီရှည်နဲ့ပဲ၊ ပြန်လာတော့ ဘာဝတ် ပြန်လာတယ် မသိဘူး။ သက် အိပ်နေတယ်။ ရှပ်အင်္ကျီကတော့ အနီပါပဲ။

**ခင်။** ။ အို…အေ ခြံထဲမှာ သူ့အဝတ်အစားတွေ ရှိမှာပေါ့။ အပေါ်အင်္ကျီ လဲဝတ်သွားတာ ဖြစ်မှာပေါ့။

**ဆွေ။** ။ အိမ်က ဘယ်မှာလဲဟင်၊ အဲဒီအိမ်က…

**ခင်။** ။ စပတ်လမ်းထဲမှာ အန်တီခင်တို့ လမ်း ၄၀ နဲ့ နီးတယ်မဟုတ်လား။ ည ရှစ်နာရီလောက်ပဲ ရှိဦးမယ်။ ရန်ကုန်အရှေ့ပိုင်းကို အန်တီခင့်တူမ မမူနဲ့ သွားတာ။ အဲဒီကောင်မအခန်းအောက်က ဖြတ်သွားရတာပေါ့အေ့။ အမယ်လေး ပြတင်းပေါက်ကလည်း ဖွင့်လို့၊ သက်မောင်မောင်က စန္ဒရားတီးနေတယ်။ စန္ဒရားသံလည်း ကြားရတယ်အေ့။ ကောင်မက အနားမှာရပ်လို့၊ မမူလည်း မြင်ရတာပဲ။ တခြား လမ်းသွားလမ်းလာတွေလည်း စန္ဒရားသံကို ကြားရတယ်။ သက်မောင်မောင်ကိုလည်း မြင်ရတယ်ဆိုတော့ မော့ကြည့်မော့ကြည့်နဲ့ သွားကြတာပေါ့အေ့။ တချို့က ရပ်များတောင် ကြည့်နေကြသေးတယ်။

**ဆွေ။** ။ ကိုသက်ဟာ သက်တို့အပေါ် ဒီလိုမလုပ်သင့်ပါဘူး။

**ခင်။** ။ ညည်း ကိုသက်က သစ်ငုတ်တို မဟုတ်ဘူးအေ့။ ယောကျ်ားလည်းဖြစ်ပြန်၊ နာမည်ကြီး မင်းသားလည်းဖြစ်ပြန်ဆိုတော့ မိန်းမတွေနဲ့ တွေ့ကြပြီပေါ့ကွယ်။

**ဆွေ။** ။ ကဲ အန်တီခင်၊ ခု အန်တီခင်ပြောတာတွေ တကယ်ပဲနော်။

**ခင်။** ။ ဟဲ့ သက်သက်ရဲ့ အန်တီခင်က မဟုတ်တာရုတ်

www.burmeseclassic.com

လီဆယ်ပြီး လာပြောပါ့မလား၊ မိုက်လိုက်တဲ့ ကလေးမ…။

**ဆွေ။** ။ တော်ပြီ၊ သက်ယုံပါပြီ အန်တီခင်၊ အဲဒီမိန်းမ အိမ်ကို သိတယ်နော်။

**ခင်။** ။ သိတာပေါ့အေ့။

**ဆွေ။** ။ အိမ်နံပါတ်ကော ပြောတတ်ပါ့မလား။

**ခင်။** ။ အိမ်နံပါတ်လည်း သိတယ်၊ ညည်းက ဘာသွားလုပ်ဦးမလို့လဲ။ ညည်းနော် ဟောဟောဒိုင်းဒိုင်း မလုပ်ပါနဲ့ ဆိုနေ။

**ဆွေ။** ။ နေပါ၊ အိမ်နံပါတ်ကိုလည်း မသိချင်ပါဘူး။ သိစရာလည်း မလိုတော့ပါဘူး။

**ခင်။** ။ သက်သက် ခေါင်းအေးအေးထား။ ဗေဒင်၊ ယတြာတို့ လုပ်ချင်ရင် အန်တီခင့်ကို ပြော။

**ဆွေ။** ။ အို ဘာမှ လုပ်စရာ မလိုပါဘူး အန်တီခင်ရယ်။ သက်ကိစ္စ သက်ရှင်းမှာပါ။

**ခင်။** ။ ညည်းက ဘယ်လိုရှင်းမှာလဲအေ့၊ ငါတော့ ပြောမိတာ မှားပြီထင်တယ်၊ ဒုက္ခပါပဲ။

**ဆွေ။** ။ မမှားပါဘူး၊ မမှားပါဘူး။ အန်တီခင့်ကိုလည်း သက်က ကျေးဇူးတင်ပါတယ်။ အန်တီခင့်မှာလည်း သိသမျှ သက်ကို ပြောဖို့ တာဝန်ရှိတာပဲ မဟုတ်လား။

(မသက်ဆွေသည် ပြောပြောဆိုဆို တယ်လီဖုန်းရှိရာသို့ ထသွားကာ တယ်လီဖုန်းနံပါတ်တစ်ခုကို လှည့်နေလေသည်။ ဒေါ်လှခင်က မသက်ဆွေအား အံ့အားသင့်ကာ ကြည့်နေသည်။ မသက်ဆွေသည် တယ်လီဖုန်းကို နား၌ ကပ်နားထောင်နေပြီး ခဏကြာသော်…)

ဟဲလို ပီတာလား၊ တို့ကို ပွဲပြမယ်ဆို။ ခုညပဲ… အို ဘာတွေညာတွေ မေးမနေနဲ့၊ ခုညဆို ခုညပဲ။ ရတယ် ရတယ်။ ဥမ္မာတို့ မေဘယ်လ်တို့ မပါလည်း လိုက်မှာပဲ…၊ မေးမနေနဲ့ သူ့ကို မသိဘူး။ အို မေးမနေပါနဲ့ဆို ဒါပဲ ဒါပဲ။ ရုံဝကသာ စောင့်နေ၊ ခုပဲ ထွက်ခဲ့မယ်။

**ခင်။** ။ ဟဲ့ သက်သက် ဒါက ဘာလုပ်တာလဲ၊ ဘယ်သွားမလို့လဲ။

**ဆွေ။** ။ အန်တီခင် အသာနေပါ၊ သူက ပါးကိုက်တော့ ကိုယ်က နားကိုက်ရုံပေါ့။

**ခင်။** ။ ဟဲ့ တူမရယ်၊ ဒီလိုမလုပ်ပါနဲ့ကွယ်။ အန်တီခင် ကတိတောင်းထားပါတယ်ကွယ်။ ဟောဟောဒိုင်းဒိုင်း မလုပ်ပါနဲ့လို့။ တယ်ပြီး အပြောရ ကျပ်ပါကလားနော်။

**ဆွေ။** ။ သင်းလိုကောင်က မေသက်ကို ဒီ အပေါက်မျိုး လာချိုးတာ ဘာရမလဲ။ သင်းလည်းလုပ်ချင်ရာလုပ်၊ မေသက်လည်း လုပ်ချင်ရာလုပ်မှာပဲ။

**ခင်။** ။ အန်တီခင် တောင်းပန်ပါတယ်ကွယ်။ စိတ်လိုက်မာန်ပါမလုပ်လိုက်ပါနဲ့။ သက်မောင်မောင်ကို သက်သက် မပြောချင်ရင် အန်တီခင် ပြောပါ့မယ်ကွယ်နော် ကလေးမ၊ တောင်တောင် မြောက်မြောက်တွေ လျှောက်မလုပ်ပါနဲ့ကွယ်။

**ဆွေ။** ။ အို… အန်တီခင် ဘာမှ ပြောနေစရာ မလိုဘူး။ ဒီလိုကောင်မျိုး ဘာမှ ခခယယ ပြောနေဖို့ မလိုဘူး။ သက်သက် ဘဝင်ကိုင်တာ၊ အရူးဘုံမြှောက် ချေးခြောက်ကောက်စားဆိုတဲ့ လူစားမျိုး၊ အလကားကောင်။

(ထိုစဉ်ပင် အိမ်ရှေ့ဆင်ဝင်အောက်ဆီမှ ကားတစ်စီးဝင်လာသံကြားရပြီး တီ တီဟု သံရှည်နှစ်ချက် ဆင့်တီးလိုက်သည့် ကားဟွန်းသံကိုပါ တစ်ဆက်တည်း ကြားကြရသည်)

ဟော သင်းပြန်လာပြီ၊ ဒီမယ် အန်တီခင် ဘာမှ ပြောမနေနဲ့နော်။ အန်တီခင်လည်း ပြန်တော့၊ မေသက်လည်း ပွဲသွားမယ်။

**ခင်။** ။ ဟဲ့… ဟဲ့ နေပါဦး၊ နေပါဦး။

(ဒေါ်လှခင်သည် ပြောပြောဆိုဆို နေရာမှထကာ မေသက်ဆွေ၏လက်ကို ဖမ်းဆွဲထားသည်။ ထိုအခိုက် ကားဟွန်းသံနှစ်ချက် ထွက်ပေါ်လာပြန် သည်။)

သက်သက်ရယ် အန်တီခင် ပြောတာကို နားထောင်ပါကွယ်။ ကြားထဲက အန်တီခင် မကောင်းဖြစ်နေပါ့မယ်၊ သက်မောင်မောင်ကလည်း ဒါလောက်ဆိုးမှာ မဟုတ်ပါဘူး။ အန်တီခင် မေးစမ်းကြည့်ပါဦးမယ်ဟုတ်လား။ တဖွတ်ထိုး စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ သက်သက်ရယ်။

(ဒေါ်လှခင်က မေသက်ဆွေ၏ လက်ကိုဆွဲကာ ပျာပျာသလဲပြောနေစဉ်ပင် သက်မောင်မောင်သည် မိတ်ကပ်ထည့်သားရေသေတ္တာကလေးကို ဆွဲလျက် ယာဘက်တံခါးပေါက်မှ အတွင်းသို့ ဝင်ရောက်လာသည်။ သက်မောင်မောင်ကား ရုပ်ရှင်မင်းသားပီသသည့် ရုပ်ရည်မျိုးနှင့်ဖြစ်သည်။ အရုပ်အမောင်းကောင်းသည်။ ဘောင်းဘီရှည်ကျပ်ကျပ်နှင့် စပို့ရှပ်ဝတ်ထားရာ ဖုထစ်နေသော လက်မောင်းကြွက်သားကြီးများ အထင်းသားပေါ်နေသည်။ ဆံပင်ရှည်ဖြစ်သော်လည်း သပ်ရပ်စွာ ဖြီးထားသည်။)

**သက်မောင်မောင်။** ။ ဟေး… အသက်၊ အမယ်လေးကွာ ဟွန်းတီးနေတာ မကြားဘူးလား။ ကိုသက်ဖြင့် ပွေ့ပိုက်ရတာ

သူပြောတာပဲအေ၊ သက်မောင်မောင်က
သူ့ကို ဘယ်လောက်ချစ်တဲ့အကြောင်း
သက်မောင်မောင်က သူ့ဆီကို နေ့တိုင်း နှင်းဆီပန်းအနီတွေ
ပို့တဲ့အကြောင်း၊ သူလာရင် တစ်အိမ်လုံးနီရဲပြီး
နှင်းဆီပန်းနံ့ သင်းနေမှ ကြိုက်တယ်ဆိုတဲ့ အကြောင်း
အို့…စုံလို့ပါအေ

www.burmeseclassic.com

အသက်များ နေမကောင်းလို့ ထွက်မကြိုတာလားလို့။ အန်တီခင်လည်း ရောက်နေတာကိုး။

**ဆွေ။** ။ အန်တီခင် ပြန်တော့။

(မေသက်ဆွေသည် ခပ်ပြတ်ပြတ် ပြောဆိုပြီး ဝဲဘက်အတွင်းပေါက်မှ အိမ်ခန်းအတွင်းသို့ ချာခနဲ လှည့်ဝင်သွားသည်။ သက်မောင်မောင်နှင့် ဒေါ်လှခင်တို့က ငေးကြည့်နေသည်။ ခဏကြာသော် သက်မောင်မောင်က လက်တွင်း၌ပါလာသော မိတ်ကပ်သေတ္တာကို တယ်လီဖုန်းစားပွဲပေါ်သို့ သွားရောက်တင်လိုက်ကာ ဒေါ်လှခင်ဘက်သို့ လှည့်လာသည်)

**ခင်။** ။ ပြန်လိုက်ဦးမယ်ကွယ်။ အန်တီခင် ရောက်နေတာ ကြာပြီ။

**မောင်။** ။ ထိုင်ပါဦးလေ။

**ခင်။** ။ မထိုင်တော့ပါဘူးကွယ်၊ ပြန်ဦးမှ…။

**မောင်။** ။ ထိုင်ပါဦးဆို အန်တီခင်၊ ကျွန်တော်က ထိုင်ပါဦးဆို ထိုင်မှပေါ့။

(ဒေါ်လှခင်သည် ကြောက်ကြောက်လန့်လန့်နှင့်ပင် ပြန်ထိုင်သည်။)

**မောင်။** ။ ကဲ… ဆိုပါဦး အသက် ဘာဖြစ်သလဲ။

**ခင်။** ။ မသိဘူးလေ၊ သက်သက် ဘာဖြစ်လို့လဲ။

**မောင်။** ။ မဟုတ်ပါဘူးလေ၊ ကျွန်တော် မေးနေတာက အသက် ဘာဖြစ်သလဲလို့။

**ခင်။** ။ မသိဘူးကွယ့်။

**မောင်။** ။ အန်တီခင် သိပါတယ်လေ။

(သက်မောင်မောင်သည် မေသက်ဆွေ ထသွားသည့်နေရာတွင်ပင် ဝင်ထိုင်လိုက်သည်။)

**ခင်။** ။ အန်တီခင်က ဘာသိရမှာတုံးကွယ့် သက်မောင်မောင်ရဲ့။

**မောင်။** ။ အသက်ဟာ ကျွန်တော်ပြန်လာလို့ ဟွန်းတီးလိုက်ရင် အိမ်ဝက ထွက်ကြိုတယ်။ ဟွန်း နှစ်ခါ မတီးရဘူး။ သူဘာလုပ်နေနေ အပြေးအလွှား ထွက်လာတာပဲ၊ ခုမလာဘူး။ အိမ်ထဲ ကျွန်တော်ရောက်လာတော့လည်း ကျွန်တော့်ကို စကားမပြောဘူး။ မျက်နှာလည်း မကောင်းဘူး။ အခန်းထဲ ချာခနဲ လှည့်ဝင်သွားတယ်။ အန်တီခင်လည်း ရောက်နေတယ်။ အန်တီခင်ကပဲ ပြောတယ်၊ ရောက်နေတာ ကြာပြီတဲ့။ အဲဒီတော့ အသက်ဘာဖြစ်သလဲဆိုတာ အန်တီခင် သိရမှာပဲ။ အဲဒါကို ကျွန်တော်က မေးနေတာ၊ ကဲ အန်တီခင် ပြောပါ။

**ခင်။** ။ အန်တီခင်လည်း ဘာမှ မသိရပါလားကွယ်။ သက်သက်က အန်တီခင်နဲ့ စကားပြောနေတာ အကောင်းပါပဲကွယ်။ မင်းတို့ဘာသာ မင်းတို့ ဘာဖြစ်နေကြသလဲမှ မသိတာ။

**မောင်။** ။ ကျွန်တော်တို့ ဘာမှ မဖြစ်ကြဘူး အန်တီခင်။ မနက်က ကျွန်တော် ကားရိုက်ထွက်သွားကတည်းက ဘာမှမဖြစ်ဘူး။ နေ့လယ်က တစ်ခါ၊ ညနေစောင်းက တစ်ခါ အသက်ဆီကို ကျွန်တော် ဖုန်းဆက်တယ်။ အသက်ကလည်း ကျွန်တော့်ဆီ ဖုန်းဆက်တယ်။ ဘာဆို ဘာမှ မဖြစ်ကြဘူး။ ခု အန်တီခင် လာမှဖြစ်တာ။

**ခင်။** ။ အမယ်လေး မောင်မင်းကြီးသားရယ်၊ ဟီးနိုးချင်းတိုက်တာ သုံးဘီးကားကို ဆွဲမထည့်ပါနဲ့၊ အန်တီခင်လာလို့ ဖြစ်ကြတာ မဟုတ်ပါဘူး။

**မောင်။** ။ နို့မို့ရင် ဘာလို့ဖြစ်ကြတာလဲ။

**ခင်။** ။ အန်တီခင် ဘယ်သိပါ့မလဲကွယ်။

**မောင်။** ။ အန်တီခင် သိကိုသိရမယ်၊ ပြောပါ။

(မေသက်ဆွေသည် အဝတ်အစားများလဲလှယ် ဝတ်ဆင်ထားကာ အခန်းတွင်းမှ ထွက်လာသည်။ လက်မောင်းပေါ်တွင် အနွေးအင်္ကျီတစ်ထည်ကို တင်လျက် မည်သူ့ကိုမျှ မကြည့်ဘဲ တောက်လျှောက်ပင် ယာဘက်ထိပ် တံခါးပေါက်ကြီးဆီသို့ လျှောက်သွားသည်။)

**ခင်။** ။ ဟဲ့ သက်သက်၊ ငါလည်း လိုက်မယ်လေ၊ အန်တီခင့်ကို လိုက်ပို့ပါဦး။

(ပြောပြောဆိုဆိုပင် ထိုင်ရာမှ ထလိုက်ရာ သက်မောင်မောင်က လက်ကို ဖမ်းဆွဲထားပြီး)

**မောင်။** ။ ကျွန်တော် လိုက်ပို့မှာပေါ့၊ ဟေး အသက် ဘယ်လဲ၊ ဘယ်သွားမလို့လဲ။ အချိန်မဟုတ် အသက်ရယ်။ ကိုသက် လိုက်ပို့မှာပေါ့။

(မေသက်ဆွေသည် ဒေါ်လှခင်က အပြောလိုက်တွင် တံခါးပေါက်၌ ခေတ္တတန့်လိုက်သော်လည်း သက်မောင်မောင်က သူ့ကို လှမ်းမေးလိုက်သည်တွင်မူ ဘာမှ ပြန်မပြောတော့ဘဲ တံခါးပေါက်မှထွက်၍ သွားလေသည်။ မကြာမီပင် ဆင်ဝင်အောက်မှ ကားထွက်သွားသံ ကြားကြရသည်။)

ကဲ ကြည့်တော့ အန်တီခင်၊ အသက် ဘာဖြစ်နေသလဲဆိုတာ ကဲ ပြောပါဦး၊ အသက်ဘာတွေဖြစ်နေသလဲဆိုတာ…။

**ခင်။** ။ (ပြန်ထိုင်ကာ) သက်မောင်မောင်ကလည်းကွယ်၊ ခက်လိုက်ပါဘိတော့။ အန်တီခင် ဘာမှ မသိရပါဘူးလို့ ဆိုနေမှ…။

**မောင်။** ။ အန်တီခင့်အကြောင်းကို ကျွန်တော် မသိဘူးမှတ်နေလို့လား။ အန်တီခင်တို့လို တစ်ခုလပ်လိုလို၊ မုဆိုးမလိုလို အဘွားကြီးတွေဟာ တစ်အိမ်တက်ဆင်း သူများအတင်းလိုက်ပြောနေတဲ့ အဘွားကြီးမျိုးတွေပဲ။ အန်တီခင့်ကို ကျွန်တော် သိတာနေတယ် မုဆိုးမလား၊ တစ်ခုလပ်လားဆိုတာ ခုထိ မသိပါဘူး။ သိလည်း မသိချင်ပါဘူး။ အသက်တို့ မိဘတွေ လက်ထက်ကတည်းက ဝင်ထွက်နေတဲ့ အဘွားကြီးတစ်ယောက်လို့သာ ကျွန်တော် သိထားတာပါ။ ဒါပေမဲ့ ပြောပုံဆိုပုံနဲ့ ရုပ်ကြည့်ကတည်းက ဟိုအိမ် ဒီအိမ် စကားတွေ ဖလှယ်၊ ရန်တိုက်ပေး၊ မြှောက်ထိုးပင့်ကော်လုပ်၊ ညာဝါးစားသောက်နေတဲ့ အဘွားကြီးမျိုးဆိုတာတော့ ကျွန်တော် သိတယ်။ ခုလည်း အသက်ကို ဘာလာပြီး ကုန်းတိုက်တယ်


www.burmeseclassic.com

www.burmeseclassic.com

မသိဘူး။ ကျွန်တော် ပြောတာ ဟုတ်သလား မဟုတ်ဘူးလား ပြောမှန်မှန်။

**ခင်။** ။ (ဝုန်းခနဲ ထတဲ့၍) သယ်…မင်းကများ ငါ့ကို ပြောလိုက်တာ ပက်ပက်စက်စက်။ ဟေ့ ဒီမယ်၊ ဘယ်သူ၊ ဘဖန်၊ အဲ… ဘဖန် မင်းအကြောင်းတွေ ငါအကုန်ပြောလိုက်တာပေါ့။ မင်းက နဂိုမရှိဘဲနဲ့ နဂိုင်းထွက်ရတဲ့ အကောင်ပါ။ ဘာအခုမှ ကြီးကြီးကျယ်ကျယ် လုပ်လို့။

**မောင်။** ။ (ဒေါ်လှခင်နည်းတူ ထိုင်ရာမှထ၍) ဒီမှာ ခင်ဗျားကြီး ဘာ ကျုပ်အကြောင်းတွေ ပြောလိုက်တာလဲ၊ ကျုပ်က ဘာလုပ်လို့လဲ၊ ကျုပ်က ဘာဖြစ်လို့လဲ၊ ပြောစမ်း ပြောစမ်း။

**ခင်။** ။ ဩော် မင်းအကြောင်း မင်း မသိဘူးလား။ ဟို စပတ်လမ်းက နုနုဆိုတဲ့ကောင်မနဲ့ ရှုပ်နေကြတာလေ။ သက်သက်ကလွဲလို့ တစ်လောကလုံး သိနေကြတာ၊ ငါ့မှာ တာဝန်ရှိတယ်ဟဲ့၊ ငါ့မှာ တာဝန်ရှိတယ်။ ခု ငါလာပြောလို့ မင်းမိန်းမ သိသွားပြီဟေ့ သိသွားပြီ။ အဲဒါ မင်းက ဘာလုပ်ချင်သလဲ ဟင်း။ ငါ နာမည်ကြီးမင်းသားဆိုပြီးတော့ မင်းလုပ်သမျှ သက်သက်နဲ့ တို့က ခံမတဲ့လား။ မင်း ဘယ်ဘဝက တက်လာတယ်ဆိုတာလည်း တို့မသိရင် ခက်မယ်။ ဖယ် သွားမယ်။

(ဒေါ်လှခင်သည် သူ့ရှေ့တွင် ကြောင်ပြီး ရပ်နေသော သက်မောင်မောင်ကို တွန်းဖယ်ကာ ကုလားထိုင်များအကြားမှ ထွက်လိုက်သည်။ သက်မောင်မောင်က ကြောင်ပြီး ငေးနေရာမှ သတိရလာဟန်ဖြင့် ဒေါ်လှခင်၏ လက်ကို ဖမ်းဆွဲပြန်သည်)

**ခင်။** ။ ဖယ် ငါ့လက်ကို မဆွဲနဲ့(သက်မောင်မောင်၏ လက်ကို ပုတ်ချသည်။)

**မောင်။** ။ (ဒေါ်လှခင်အား ရှေ့မှကာထားပြီး) အန်တီခင်ရယ် ကျွန်တော် ဘာမှ မသိရပါကလား။ အန်တီခင့်ကို ကျွန်တော် ပြောမိတာ ကျွန်တော် တောင်းပန်ပါတယ်။ ခုနက အန်တီခင်ပြောတဲ့ မိန်းမဆိုတာလည်း ကျွန်တော် မသိရပါကလား ပြောစမ်းပါဦး၊ ဘယ်ကနေ ဘယ်လို သတင်းတွေလွင့်လာတာလဲ။

**ခင်။** ။ ဩော်…မင်းက ခုမှ တောင်းပန်သလေး ဘာလေးနဲ့၊ မင်းပြောချင်တိုင်းပြောလို့ အားရမှ၊ တယ်တော်… ဟင်း။

ညည်း ကိုသက်က သစ်ငုတ်တို မဟုတ်ဘူးအေ့
ယောက်ျားလည်းဖြစ်ပြန်
နာမည်ကြီးမင်းသားလည်း ဖြစ်ပြန်ဆိုတော့
မိန်းမတွေနဲ့ တွေ့ကြုံပြီပေါ့ကွယ်

**မောင်။** ။ ကျွန်တော် ရှိခိုးတောင်းပန်ဆို တောင်းပန်ပါ့မယ် အန်တီခင်ရယ်။ ခုနက မိန်းမဆိုတာ တကယ်လား အန်တီခင်၊ ကျွန်တော် လုံးဝ ဘာမှ မသိရပါကလား။ ဘယ် မိန်းမနဲ့မှလည်း ခုချိန်ထိ အပေါင်းအသင်း မလုပ်ခဲ့ပါဘူး။ အဲဒီမိန်းမနဲ့ ကျွန်တော်နဲ့ ဘာရှုပ်တာတဲ့လဲ အန်တီခင်။

**ခင်။** ။ မင်းက ခုမှ မသိချင်ယောင်ဆောင်ပြီး မေးနေတာပေါ့လေ။ တော်စမ်းပါ၊ ဖယ်ပါ၊ ငါ့လမ်းငါ အေးအေးဆေးဆေး ပြန်ပါရစေ။ မင်းတို့ အရှုပ်အယှက်တွေထဲ ငါ မပါပါရစေနဲ့။

(ဒေါ်လှခင်က ရှေ့တိုး၍ ယာဘက် တံခါးပေါက်ဆီသို့ သွားနေသည်ကို သက်မောင်မောင်က ရှေ့မှ နောက်ဆုတ် နောက်ဆုတ်ဖြင့် ကာဆီးကာဆီးလုပ်ရင်း…)

**မောင်။** ။ ကျွန်တော့်ကို ပြောခဲ့ပါ အန်တီခင်၊ ပြောခဲ့စမ်းပါ။ ဘယ်လိုဘယ်လို ရှုပ်တာတဲ့လဲ၊ သူက ဘယ်သူတဲ့လဲ။

**ခင်။** ။ မင်းနဲ့ညားနေတယ်၊ မင်း အဲဒီမှာ သွားသွားအိပ်နေတယ်။ ဒါရှုပ်တာပေါ့ဟဲ့။ အဲဒါ အဲဒီကောင်မက တစ်မြို့လုံး လိုက်ပြီး ကြေညာနေတာ။

**မောင်။** ။ အဲဒီမိန်းမက ဘယ်သူလဲ၊ ဘယ်မှာနေတာတဲ့လဲ။

**ခင်။** ။ (ရှေ့သို့ တိုးသွားနေရာမှရပ်ကာ) ဩော်… ကိုယ့်မယားငယ်အိမ်ကိုတောင်မှ မင်းက မသိတော့ဘူးတဲ့လား။ စပတ်လမ်းက နံပါတ်(၉၀၉) ပထမထပ်က မင်းကောင်မ နုနုအိမ်ကိုမှ မင်းက မသိတော့ဘူးတဲ့လား သွားစမ်းပါ။

**မောင်။** ။ ခု အသက်က အဲဒီအိမ်ကို သွားတာပေါ့နော်၊

**ခင်။** ။ ဘယ်က သွား မှာလဲ၊ ဗီတာဆိုလား၊ ဗီတက်ဆိုလား အဲဒီကောင်နဲ့ ပွဲကြည့်တဲ့ဟေ့၊ ပွဲကြည့်တဲ့သွားလေရဲ့၊ ကဲ…ကိုယ်တော် ကျုပ်ရှေ့က ဖယ်ပါ၊ ကျုပ် ပြန်မယ်။

(သက်မောင်မောင်သည် ဒေါ်လှခင်အား ရှောင်ပေးလိုက်သည်။ ဒေါ်လှခင်လည်း ဆောင့်ကြီးအောင့်ကြီးနှင့် ယာဘက် တံခါးပေါက်မှ ထွက်ခွာသွားသည်။ သက်မောင်မောင်သည် အတန်ကြာ ရပ်တန့် စဉ်းစားနေသည်။ သူ့ပါးစပ်မှလည်း တိုးတိုးနှင့် ရေရွတ်နေသည်။)

**မောင်။** ။ စပတ်လမ်းက နုနု၊ စပတ်လမ်းက နုနု ၉၀၉ ပထမထပ်၊ ၉၀၉ ပထမထပ်(အသံကျယ်လာကာ သိကြရောပေါ့ကွာ။ သိကြရောပေါ့ စပတ်လမ်းက နုနုငေ ဖြတ်လမ်းက ကြိတောသွားဖို့သာ ပြင်ပေတော့။

(ပြောပြောဆိုဆို သက်မောင်မောင်သည် ယာဘက်တံခါး



www.burmeseclassic.com

www.burmeseclassic.com

မှပင် ပြေးထွက်သွားသည်။ သက်မောင်မောင်အခန်းတွင်းမှ ထွက်သွားလျှင်ပင် ဇာတ်ခုံမီးများ တဖြည်းဖြည်းနှင့် မှိန်ပျောက် ငြိမ်းသွားကာ တဖြည်းဖြည်းချင်းပင်ပြန်၍ မှိန်လင်းလင်း လာသော်…)

❑

**အခန်း ၂။**

**နုနု၏ဧည့်ခန်း**

တိုက်ခန်းအိမ်များ၏ အတွင်းခန်းဖြစ်သည်။ ဝင်ပေါက် တံခါးမှာ ယာဘက်အတွင်းဘက်တွင် ရှိသည်။ ဧည့်ခန်းကို ရင်ပေါင်တန်းသစ်သားလိုက်ကာ နှစ်ချပ်ဖြင့် အခန်းဖွဲ့ထား သည်။ ရွှေဝါရောင်ဖိတ်ဖိတ်တောက်နေသော ပေါလစ်သုတ် ကျွန်းသားလိုက်ကာ အပေါ်ပိုင်းတွင် ဇာဖြူအခန်းဆီး တပ် ထားသည်။ အိမ်ခန်းအတွင်းသို့ အောက်လှေကားမှ တစ်စုံ တစ်ဦး တက်လာပြီး ဝင်လာသော် ဧည့်ခန်း၏ နောက်ဘက် သို့ ရောက်ရှိလာပြီး ဇာခန်းဆီးမှတစ်ဆင့် ထိုသူ၏ ပခုံး အထက်ပိုင်းကို မြင်နေရသည်။ လိုက်ကာ နှစ်ချပ်၏ကြား ဧည့်ခန်းအလယ်ကျကျတွင် ဧည့်ခန်းအတွင်းဝင်လာရသည့် အပေါက်ရှိသည်။ အခန်းဆီးတပ်မထား၊ ထို လိုက်ကာတစ် ဘက်ခြမ်း၏ရှေ့တွင် ပရိသတ်ကို မျက်နှာမူလျက် နှစ်ယောက် ထိုင် ဆိုဖာကြီးရှိရာ ထိုဆိုဖာကို ပြာလွဲ့လွဲ့လာဗင်ဒါရောင် အောက်ခံတွင် နှင်းဆီပွင့် အနီကလေးများ အဆုပ်လိုက် ဖော်ပြ ထားသော အဖုံးစွပ်ထားသည်။ ဆိုဖာကြီး၏ အစွန်းတွင် အလားတူ အဖုံးများဖြင့် တစ်ယောက်ထိုင် ဆိုဖာနှစ်လုံး ဘေး တိုက်ချထားသည်။

လိုက်ကာ၏ ဝဲဘက်ခြမ်းအောက်ခြေတွင် နှစ်ဆင့်မှန်ဗီ ရိုအရှည်ကလေးရှိရာ စာအုပ်များ လှပညီညာစွာ စီတန်းထည့် သွင်းထားသည်။ ဗီရိုပေါ်တွင် အမ်ပက်အမျိုးအစား ကက်ဆက် အကြီးစားတစ်လုံး ရှိသည်။

ထိုဗီရိုကလေး၏ရှေ့တွင် မည်းပြောင်နေသည့် စတိန်း ဘက်စန္ဒရားအသစ်တစ်လုံး ရှိသည်။ စန္ဒရားပေါ်တွင်လည်း ကောင်း၊ ဗီရိုကလေးနှင့် ဆိုဖာကြီးရှေ့ရှိ စားပွဲဝိုင်းကလေး ပေါ်တွင်လည်းကောင်း ကြွေပန်းအိုးရှည်ကလေးများတွင် နှင်းဆီပန်းအနီပွင့်များ စိုက်ထိုးထားသည်။

ဧည့်ခန်းအလယ်တွင် မျက်နှာကြက်မှ ဆွဲထားသော ဖန် မီးဆိုင်းရှိရာ ဖယောင်းတိုင်သဏ္ဌာန် မီးပွင့်အနီကလေးများက နီကြင်ကြင်ကလေးသာ လင်းနေသည်။ အခြားမီး အလင်း ရောင်မရှိသဖြင့် တစ်ခန်းလုံး နီလွင်လွင် မှုန်ဝါးဝါးသာ မြင်နေ ရသည်။

နုနုသည် ရိုဘီယာရုံသား အဝါရောင် အင်္ကျီလက်ရှည်၊ ထိုင်းကော်တွန်လုံချည် အဝါရောင်နှင့် တစ်ပတ်လျှိုဆံပင်ဆံ မြိတ်ကို ရှေ့မှာချထားပြီး နှင်းဆီပန်းနီတစ်ပွင့်ကို ပန်ထား သည်။ သူသည် ဆိုဖာလက်တန်းပေါ်၌ အနီရောင်ဖဲဖုံတစ်ခု ကိုတင်ကာ ခေါင်းကိုမှီထားပြီး မျက်စိမှိတ်ကာ သီချင်းသံကို နားထောင်နေသည်။ နုနုသည် အသက် လေးဆယ်နီးပါးရှိပြီး အချိုးအဆစ် ကျနစွာ ယဉ်ယဉ်ကလေး ချောမောသူ ဖြစ်သည်။

သက်မောင်မောင်၏ နာမည်ကြီး ရုပ်ရှင်ကားတစ်ကား ဖြစ်သော **အဝေးမြို့သူ** ဇာတ်ကားမှ *ချစ်သူ ခင်သူ ကြင်နာ သူသက်ထား* ဆိုသည့် သီချင်းသံက စန္ဒရားသံနှင့်အတူ ငြိမ့် ငြိမ့်ကလေး ပျံ့လွင့်နေသည်။ စန္ဒရားရှေ့တွင် 'သက်မောင် မောင်'။ သူသည် **အဝေးမြို့သူ** ဇာတ်ကားတွင် စန္ဒရားတီးစဉ် က ဝတ်စားထားသည့်အတိုင်းပင် ကော်လာနှင့်ရှပ်အနီရဲ။ အပေါ်အင်္ကျီအနက်၊ မရုန်းစေ့ရောင် ကြိုးကြီးချိတ်လုံချည် ဝတ်ဆင်ထားသည်။

အတန်ကြာသော် အပြင်မှ တံခါးခေါက်သံကြားကြရ သည်။ နုနုက မလှုပ်၊ စန္ဒရားနှင့် သီချင်းသံတွင် နစ်မျော နေသည်။ နာနီသည် ဝဲဘက်အတွင်းမှ ထွက်လာကာ ဧည့်ခန်း အပေါက်ကို ဖြတ်လျက် တံခါးပေါက်ရှိရာသို့ သွားနေသည်။ နောက်တံခါးပေါက် ချောင်းကြည့်ပေါက်မှကြည့်ကာ အပြင် မှလူနှင့် တစ်စုံတစ်ရာ ပြောကြားနေပြီး ပြန်ဝင်လာခဲ့သည်။ ဧည့်ခန်းအတွင်းရှိ နုနုအနီး ရောက်လာသည်တွင် -

**နာနီ။** ။ ဧည့်သည်လာနေတယ် အနု၊ ဖွင့်ပေးလိုက်ရ မလား။

**နုနု။** ။ အို… နာနီကလည်း ဘယ်ကဧည့်သည်လဲ အချိန်မတော်ကြီးမှာ။

**နီ။** ။ အရေးကြီးလို့ အနုကို တွေ့ချင်လို့တဲ့။

**နု။** ။ အို… အနုမအားဘူး၊ ဒီမယ် သီချင်းနားထောင် နေတယ်၊ သွားပြောလိုက် နာနီ။ အရေးကြီးလို့ တွေ့ချင်ရင် မနက်လာလို့။

**နီ။** ။ ပြောလို့ရမှာ မဟုတ်ဘူး။ ဖွတ် တွေ့ဖို့ပြောနေ တယ်။ အနုရဲ့ နာနီလည်း ပြောပါတယ်။

**နု။** ။ နေပါဦး၊ ဘယ်ကဧည့်သည်လဲ၊ ဘယ်သူတဲ့လဲ။

**နီ။** ။ သက်မောင်မောင်တဲ့။

**နု။** ။ (ငေါက်ခနဲ ထထိုင်ကာ) ဟင်… ဘယ်သူ။

**နီ။** ။ မင်းသား သက်မောင်မောင်တဲ့၊ အတင်း ဖွင့်ပေး ဖို့ ပြောနေတယ်။

**နု။** ။ (ရုတ်တရက် ထရပ်လိုက်ပြီး) အဲ… အဲ နာနီ လုပ်ပါဦး။ ဖွင့်ပေးလိုက်၊ ဖွင့်ပေးလိုက်။ အဲ… အဲ မဖွင့်နဲ့ဦး၊ မဖွင့်နဲ့ဦး၊ ကြည့်စမ်းပါဦး။ အနုကို ဘာများလိုနေသလဲလို့။ (နုနုသည် သူ့အင်္ကျီစကို ဆွဲဆန့်၊ ရှေ့မှ ဆံမြိတ်ကို ခပ်ဖွဖွ ကလေး ပြန်လုပ်၊ နားထင်မှ ဆံပင်များကို လက်ချောင်းလေး ချောင်းဖြင့်သပ် စသည်ဖြင့် ပျာယာခတ်နေသည်) ကဲ…ကဲ သွားဖွင့်၊ သွားဖွင့်။ နေဦး နေဦး (ဆိုဖာပေါ်မှ ဖုံများကို နေရာတကျရှိအောင် ထားပြန်သည်။ နာနီမှာ နုနုအမိန့်ဖြင့် သွားလိုက်ရပ်နေလိုက် ဖြစ်နေသည်) ကဲ… သွားဖွင့်ချေတော့၊ နာနီ ဧည့်ခန်းက မီးတွေလည်း ဖွင့်လိုက်။ ဩော်… ကက်ဆက်ကိုလည်း ပိတ်သွားပါဦး။

*စာမျက်နှာ(၂၅၀)သို့…*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ချစ်ကြည်သမီးအား
## ချစ်ဦးနိုင်




'ဖေဖေ သား
ပြောစရာ ရှိလို့'
'အေး ဘာပြောမှာလဲ
သား၊ ပြောလေကွာ'
သား လင်းရောင်ဆီက
သူ့အမေတူသူ၊
မြဲ့စိစိ အေးစက်စက်နှင့်
ပြောလိုသောစကားကို
မလိုအပ်လျှင်
မျက်လုံးအကြည့်၊
မျက်နှာအမူအရာလောက်
နှင့်သာ တစ်ဖက်လူကို
သိစေတတ်သူ။
ပေါ့ပေါ့ပါးပါး
စကားမျိုးကတော့
သားအဖနှစ်ယောက်ကြား
ဘာအခံမှ မလိုဘဲ
ပြောနေကျမို့ ခုလိုသားက
ကျွန်တော်နှင့်စကားပြောရန်
ပလ္လင်ခံလာခဲ့ပြီဆိုတော့
ဒါဟာ တော်တန်ရုံ
စကားမဟုတ်နိုင်ပါ။
တနင်္လာ-သောကြာလို
နေ့များမှာသားအဖနှစ်ယောက်
လုံး အဆင်ပြေသလို ကြုံသလို
ညစာစားတတ်ခဲ့ကြပေမဲ့
အလုပ်ပိတ်ရက် စနေ၊
တနင်္ဂနွေတွေမှာတော့
မီးဖိုချောင်အတူဝင်ကာ ချက်ပြုတ်
စားသောက်တတ်ကြမြဲမို့
အိမ်မှာအတူရှိနေတတ်ကြ
တာများပါသည်။ သည်တော့
သားနှင့်ကျွန်တော့်အကြား

www.burmeseclassic.com

www.burmeseclassic.com

> ကျွန်မနဲ့ မောင်က ဝေးသွားကြပြီ ဆိုတော့မှ တစ်ယောက်နဲ့ တစ်ယောက် မခွဲနိုင်လောက်အောင် သံယောစဉ် ရှိနေမိကြမှန်း ပိုလို့ သေချာသွားခဲ့တော့တာ

ရင်းနှီးမှုက သားနှင့်အဖေဆိုတာထက် အများကြီး ပိုလွန်ပါသည်။

သားက အတန်ကြာ နှုတ်ဆိတ်နေပြီးမှ ဆုံးဖြတ်ပြီး ဟန်နှင့် (စိတ်လှုပ်ရှားပုံတစ်စက်ကလေးမှ မပြဘဲ) ပြောလိုသော၊ စကားကို တောက်လျှောက်ပြောချလိုက်လေသည်။

'သားကို မိန်းမ လိုက်တောင်းပေးပါ ဖေဖေ'

'ဟေ'

မျက်ခုံးများ မြင့်တက်လျက် အံ့ ဩမှုအပြည့် ကျွန်တော့်မျက်နှာကို သား က မျှော်လင့်ထားပြီးဖြစ်သော ပုံမျိုးနှင့်သာ တုံ့ပြန်လေသည်။

'ဟ ငါ့သားရာ ဒီခေတ်ကြီးထဲမှာ သားကို ဖေဖေက မိန်းမလိုက်တောင်းပေးနေဖို့ လိုသေးလို့လားကွာ၊ နေပါဦး။ သား ဆိုလိုချင်တာက သားတို့လူငယ်ချင်း အဆင်ပြေနေပြီ၊ ဖေဖေက မိဘချင်း လိုက်နားဖောက်ပေးဖို့ အဲလိုလား'

'မဟုတ်ဘူးဖေဖေ၊ သူ သားကို ပြန်မဖြေသေးဘူး။ မိဘ သဘောကျရင်တော့ သူလက်ခံပါမယ်တဲ့'

'ဟေ'

ကျွန်တော့်နောက်တစ်ကြိမ် 'ဟေ' မှာတော့ သားမျက်နှာက အနည်းငယ်နီချင်လာလျက် စိတ်အလှုပ်အရှားစွက်သော သားလက်ချောင်းလေးတွေက ကုလားထိုင်လက်တင်ပေါ် တီးခတ်နေချင်ဟန်ကွေးလှုပ်လို့ နေခဲ့သည်။

သားရဲ့ခေါင်းကို ကျွန်တော့် လက်ဝါးဖြင့် သာသာအုပ်ကိုင်လျက် ကြင်နာစွာ ကြည့်မိတော့ သားမျက်ဝန်းတို့က စွတ်စိုလာသယောင်ရှိလေ၏။ တစ်ချိန်တည်းမှာပင် လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်ခန့်က မင်းကျော်စွာဆိုသော လူငယ်ကလေးကို မျက်စိထဲပြန်မြင်က ကျွန်တော့်နှုတ်ခမ်းမှ စကားတို့ သားအတွက် တရစပ်ထွက်ကျ စီးဆင်းလာခဲ့လေတော့သည်။

❑

အဖြစ်အပျက်အားလုံးတို့သည် မင်းကျော်စွာက နိုင်လဲ့ရည်ကိုမြင်မြင်ချင်း မေတ္တာသက်ဝင်ခဲ့မိရာက စ,သည်ဟု ပြောရမည်ထင်ပါသည်။

သူ ဘာကိုမှမတွေးနိုင်တော့ပါ။ နိုင်လဲ့ရည်ကို သူ ဘယ်လိုနည်းနဲ့မှ အဆုံးရှုံးမခံနိုင်။ နိုင်လဲ့ရည်မိဘများထံမှာ တောင်းရမ်းပေးဖို့ကိုသာ သူ့မိဘများကို တွင်တွင်ပူဆာမိတော့၏။ မငြင်းနိုင်သော အကြောင်းတရားများစွာတို့ကြောင့် သူ့မိဘများ၏ ကမ်းလှမ်းချက်ကို နိုင်လဲ့ရည်မိဘများက လက်ခံလိုက်ပြီး ချိန်တွင်မူ သူ့ဘဝတစ်ခုလုံး အရာရာပြီးပြည့်စုံ လေပြီဟု သူ နှစ်လိုအားရပျော်ရွှင်ခဲ့လေသည်။ တကယ်လည်း သူ ပျော်ရွှင်ခဲ့ရပါသည်။ သူ ချစ်မြတ်နိုးလှသော နိုင်လဲ့ရည် သူ့အနားမှာ အစဉ်ရှိနေခြင်းကပင် သူ့အတွက် အရာရာ ကုံလုံစွာ။

နိုင်လဲ့ရည်သည် မချက်တတ်မပြုတ်တတ်သော မိန်းကလေး၊ မိဘမျက်စိအောက်မှာ ကလေးလို နေထိုင်ကြီးပြင်းလာရသော မိန်းကလေးဖြစ်သည်မို့လားမသိ အိမ်ထောင့်တာဝန်များကို ဘာမှ မလုပ်မကိုင်တတ်ခဲ့။ ကိစ္စမရှိပါ။ သူ့အတွက်တော့ သူ့အနားမှာ နိုင်လဲ့ရည် ရှိနေလျှင် လုံလောက်ပြီ။

အခါများစွာပင် သူ အလုပ်ကပြန်လာမှ နှစ်ယောက်သားအတူ မီးဖိုချောင်ဝင်၊ ချက်ပြုတ်ကြရသည်။ ငါးမကိုင်တတ်သော နိုင်လဲ့ရည် တစ်ယောက် ငါးတစ်ကောင်နှင့် ထိုင်ငိုမတတ်ဖြစ်နေသည်ကို သူမှာ ကြည့်ရင်းက ရယ်လည်းရယ်ချင်၊ သနားလည်း သနားကာ သူကိုယ်တိုင်ပဲ ငါးကိုခုတ်ပိုင်း၊ ဆား၊ ဆနွင်း၊ ငံပြာရည်နယ်လျက် ဆီသတ်ချက်ပြုတ်ပြရတတ်လေသည်။

အဝတ်အထည်များကို စက်ထဲလုံးထွေးထည့်လျှော်မိ၍ အရောင်စွန်းသွားသော သူ့ရုပ်အဖြူများကြောင့် မကြာခဏကြေကွဲခဲ့ရ၊ မီးအေးအေးနှင့်တိုက်ရမည့် အထည်စတို့ကို မီးပြင်းနှင့်တိုက်မိသောကြောင့် မီးပူကပ်သွားသည့်အတွက် သူ့မှာ နှမြောလွန်းခဲ့ရပူးသည်။ သို့သော် နိုင်လဲ့ရည်ကို သူ မဆူရက်ပါ။ ချစ်သောစိတ်တစ်ခုအပြင် အရုပ်ကလေးလို တကြည့်ကြည့်နှင့် မြတ်နိုးလွန်းရသော နှစ်လိုစိတ်ကြောင့်သာ နိုင်လဲ့ရည်အပေါ် ဘာတစ်ခုမျှ အပြစ်မြင်၍ မရခဲ့။

သားကလေး မွေးအပြီး၊ တီတီကျူကျူဆိုရသော် သားကလေး သုံးနှစ်သားလောက်ကျမှ နိုင်လဲ့ရည်က သားသည်မိခင်တစ်ယောက်၊ အိမ်ထောင်ရှင်မတစ်ယောက် အဖြစ် အိမ်မှုကိစ္စများကို နိုင်နင်းလာခဲ့တာ ဖြစ်လေသည်။ သူ့ဘဝကြီးမှာလည်း အရင်ကထက် ပိုမိုစိုပြည်လာသယောင်ရှိခဲ့သည်။ ဇနီးနှင့် သားနှင့်၊ အိမ်အပြန်ဇနီးသည် ချက်ပြုတ်ထားသော ထမင်းဝိုင်းကအသင့်၊ သားကလေး၏ချစ်စဖွယ် တီတီတာတာများနှင့်ပေါင်းသော် သူ့တစ်နေ့တာ ပင်ပန်းသမျှတို့ ပြေပျောက်ခဲ့ရသည်ပင်။

သို့ရာတွင် စိတ်၏ချမ်းသာခြင်းတို့သည် သူ့ထံ ရေရှည်မတည်တံ့ခဲ့။ သားကလေးဆယ်နှစ်အရွယ်မှာ



www.burmeseclassic.com

www.burmeseclassic.com

အပျော်ဟူသမျှတို့ သူ့ဘဝကြီးထဲက နုတ်ယူခံလိုက်ရလေတော့သည်။ နိုင်လဲ့ရည် သားအိမ်ခေါင်းကင်ဆာနှင့် ဆေးရုံတက်ရချိန်မှာ စခဲ့သည်။ သားကတော့ ဘာမှမသိတတ်သေး။ သူ့မှာသာ ဆုပ်လည်းရူး၊ စားလည်းရူး မည့်အဖြစ်က သူ့ထံမှာ နေ့နေ့ညည ဝင်စားလျက် တအုံနွေးနွေး ပူလောင်ခဲ့ရသည်ပေ။

နိုင်လဲ့ရည်၏ဒိုင်ယာရီကို ခေါင်းအုံးအောက်မှာ တွေ့ခဲ့ကတော့ ဘာရယ်မဟုတ်၊ နိုင်လဲ့ရည် နေ့စဉ်မပျက် ရေးသားပါစေဆိုသည့်စိတ်နှင့် ဆေးရုံယူသွားရကောင်းနိုး၊ ခေါင်းအုံးအောက်က ထုတ်ယူခဲ့မိခြင်းသာ ဖြစ်လေသည်။

❑

မောင်

ကျွန်မ ဒီနေ့ မဂ္ဂဇင်းထဲမှာ မောင့်ဝတ္ထုတိုလေးတစ်ပုဒ်ဖတ်လိုက်ရတယ်။ ကောင်မလေးက သူ့ကောင်လေးကို ရေးလိုက်တဲ့စာလေးတဲ့။

မောင် စိတ်ညစ်သွားမှာပါ။ ကျွန်မက မိန်းမ မပီသဘူး။ သိမ်မွေ့ယဉ်ကျေးလေသူ မဟုတ်သလို၊ ချိုသာစွာသော စကားကို ဆိုတတ်သူလည်း မဟုတ်ဘူးမောင်။ ကျွန်မ နှုတ်ထွက်စကားတွေဟာ အရောင်မဲ့နေတတ်တယ်။ မလိုအပ်ဘူးထင်ရင် ကျွန်မက ဘာစကားအပိုတွေမှလည်း ပြောနေတတ်သူ မဟုတ်ဘူး။ အတူနေကြလို့ ကြာလာတဲ့အခါ မောင် ကျွန်မကို သေချာပေါက် စိတ်ပျက်သွားမှာပါလေ။

ကျွန်မက မောင့်ကို အမုန်းနဲ့ လမ်းမခွဲချင်သူရယ်၊ မေ့လိုက်ကြပါစို့ မောင်ရာ။

မောင်ရဲ့

N

ကျွန်မ မောင့်ကို ပြောခဲ့ဖူးတာပဲ။ အဲဒီစာပိုဒ်က မောင် ကျွန်မကို ရည်ရွယ်ရေးခဲ့တာမဟုတ်လားဟင် မောင်။

နိုင်-၂၀ ဖေဖော်ဝါရီ

❑

မောင်ရေ

သဘာဝတရားကြီးရဲ့ ကုသမှုအောက်မှာ ဒဏ်ရာတွေဟာ အလိုလိုအနာဖေးတက် ကျက်သွားတတ်သတဲ့။ အပေါ်ယံအရေပြားပေါ်က ဒဏ်ရာတွေကို ဆိုလိုဟန်ရှိပါရဲ့လေ။ အတွင်းလှိုက်စားနေတဲ့ အသေများစွာတွေကျတော့ ဘယ်လိုကုကု၊ ဘယ်လိုထွက်ပြေးပြေး မလွတ်မြောက်နိုင်ပြန်ဘူးနော်။

နိုင်-၂၇ ဖေဖော်ဝါရီ

❑

ဘာနဲ့များ လှည့်စားမေ့ဖျောက်ထားရပါ့မလဲ။ မောင် အနားမှာရှိမနေတဲ့ ကျွန်မ လက်ရှိဘဝထဲက နေ့စဉ်တွေကိုလေ။ မောင်ရေးသမျှ စာတွေကို ကျွန်မက မျက်စိနဲ့ဖတ်၊ နားနဲ့ကြားရင်း နှလုံးသားနဲ့ အသေအချာ ခံစားနားလည်နေမိတတ်တော့ ပိုလို့နာကျင်ဖွယ်။ ကျွန်မနဲ့မောင်က ဝေးသွားကြပြီဆိုတော့မှ တစ်ယောက်နဲ့တစ်ယောက် မခွဲနိုင်လောက်အောင် သံယောဇဉ်ရှိနေမိကြမှန်းပိုလို့ သေချာသွားခဲ့တော့တာ။ အတူတူဆိုတဲ့စာလုံးပေါင်းကို မေ့ဖို့က အတော်ခက်လှချည့်။ မေ့ချင်ယောင်ဆောင်ထားလည်းပဲ အချိန်ကျရင် သွေးတွေက တစ်ပတ်ကျော့လာပြန်။ မောင်ရယ်...။

ဟင့်အင်း နောက်ဘဝဆိုတာကို ကျွန်မ မယုံဘူးမောင်။

နိုင်-၀၃ ဧပြီလ

❑

မောင်ရေ

မောင့်လုံးချင်း တစ်အုပ်ကို ရုပ်ရှင်ရိုက်ဖို့ ဝယ်လိုက်တယ်လို့ ကျွန်မ ကြားရတယ်။ ဝမ်းသာလိုက်တာ မောင်ရယ်။ မောင် တကယ်ပဲ အောင်မြင်နေပြီပေါ့နော်။

မောင် ဆက်လက်အောင်မြင်ပါစေလို့ ကျွန်မ ဆုတောင်းနေပါတယ် မောင်။ ဖြစ်နိုင်ရင် မောင့်အနားမှာ မောင့်လက်ကို ဆုပ်ကိုင်ရင်း ပြောပြချင်လိုက်တာ။

ခုတော့ ရင်ထဲကပဲ ဆုတောင်းပေးနေပါရစေ။ မောင် ကြားနိုင်မှာမဟုတ်ပေမဲ့လည်းလေ။

နိုင်-၀၇ မေလ

❑

မောင်ရေ

ကျွန်မ သားကလေး ဒီနေ့ မူကြိုကျောင်းသွားရပြီ။ သိလား။ သူများကလေးတွေ ငိုယိုနေချိန်မှာ သားက သူ့အဖေကိုရော၊ ကျွန်မကိုရော နှုတ်ဆက်ပြီးတာနဲ့ ကျောင်းခန်းထဲချာခနဲ လှည့်ဝင်သွားလိုက်တာများ။ သံယောဇဉ်ပြတ်ပဲ မောင်ရယ်။ ကျွန်မနဲ့ သူ့အဖေမှာ ငိုရမလို ရယ်ရမလိုရယ်။ သားက သံယောဇဉ်မထားတတ်တဲ့သူများလား၊ ဒါမှမဟုတ် မောင့်လိုခင်တွယ်မှုကိုထုတ်မပြတတ်တဲ့ သွေးအေးသူကလေးများလား။ စိတ် မောရတယ် မောင်ရယ်။ အဲဒီအခိုက်အတန့်ကလေးမှာ ကျွန်မ မောင့်ကို သတိရနေမိပါရဲ့။

နိုင်-၀၃ ဇွန်လ

❑

တချို့ရက်တွေ မှာတော့ နိုင်လဲ့ရည်က သားကလေးအကြောင်း၊ သူ့ကျန်းမာရေးအကြောင်း၊ ကျွန်တော့်အကြောင်းနဲ့ ဈေးစာရင်းတွေ၊ အိမ်သုံးစရိတ်စာရင်းတွေသာ ရေးမှတ်ထားခဲ့သည်။ တချို့စာမျက်နှာတွေမှာတော့ သူ့စာရေးဆရာရဲ့ စာအပိုင်းအစလေးတွေကို မျဉ်းသားကာ ဖြတ်ညှပ်လို့၊ နေ့စွဲထိုးကာ ကပ်ထားတတ်သေး၏။

နိုင်လဲ့ရည် ဒိုင်ယာရီပေါ် ကျွန်တော့်မျက်ရည်တွေ ပေါက်ခနဲကျတော့မှပင် သတိပြန်ဝင်လာကာ ဘေးဘီကို ငဲ့ကြည့်လိုက်မိတော့ သားက ကျောင်းသွားဖို့ ကားစောင့်နေရာက ကျွန်တော့်မျက်နှာကို ငေးစိုက်ကြည့်နေခဲ့လေသည်။ ဘာမှ မဖြစ်သလို မျက်ရည်တွေကို မသိမသာသုတ်လိုက်ကာ ဒိုင်ယာရီကို စားပွဲပေါ်တင်လျက် သားနှင့်အတူ ကျောင်းကားစောင့်ရန် ခြံရှေ့ အုတ်ခုံပေါ် အသိမဲ့ထိုင်နေခဲ့မိသော နေ့တစ်နေ့ပါပေ။

❑

ဆရာဝန် ပြောစကားအရ နိုင်လဲ့ရည်၏လက်ကျန်ရက်များက လက်ငါးချောင်းပင် မပြည့်ချင်တော့။ တစ်ခုခုကို ကျွန်တော့်စိတ်ထဲ သေချာသိနေခဲ့သည်။ ညနေစောင်းလောက်မှာ ကျွန်တော် မျှော်လင့်ထားသော ဖုန်းတစ်ခုဝင်လာကာ သူ့ကိုယ်သူ မိတ်ဆက်စကားပြောလာခဲ့သူ၊ နိုင်လဲ့ရည်၏ စာရေးဆရာ။



www.burmeseclassic.com

www.burmeseclassic.com

သူတို့ ကျွန်တော့်ရှေ့မှာပင် စကားပြောကြသည်။ စကားပြောကြသည်ဆိုခြင်းထက် တစ်ယောက်နှင့်တစ်ယောက်မျက်လုံးအကြည့်များဖြင့်သာ ပြောဆိုနေကြခြင်းသာ။ နိုင်လှဲ့ရည်မှာ လေသံမျှပြောထွက်နိုင်တော့ သူ။ စာရေးဆရာက နိုင်လှဲ့ရည်၏ လက်ချောင်းကလေးများကို ထွေးဆုပ်ကြင်နာချင်ပုံရသည်။ နိုင်လှဲ့ရည်၏ ညာဘက်မျက်ဝန်းထောင့်စွန်းမှ မျက်ရည်တစ်စက် သူမနားထင်ပေါ် လိမ့်ခနဲအဆင်းမှာ မေးကြောတွေတင်းနေအောင် အံကြိတ်ထိန်းထားသည့် စာရေးဆရာ၏မျက်ဝန်းများ စိုစွတ်တောက်ပလာနေသည်ကို ကျွန်တော် တွေ့လိုက်ရလေ၏။

ကျွန်တော်အခန်းထဲမှ ထထွက်လာခဲ့မိတော့သည်။ စာရေးဆရာက အားနာကြည့်တစ်ချက် ကျွန်တော့်ဆီလှမ်းပို့စဉ် ကျွန်တော်က ရပါတယ်ဗျာ၊ ပြောစရာရှိတာသာ ပြောကြပါဆိုသော နားလည်မှုမျက်ဝန်းတွေနှင့် ပြန်ကြည့်ပေးခဲ့ရသေးသည်ပဲ။

ခုချိန်ကျမှ သေလုမြောပါးမိန်းမတစ်ယောက်ကို ပခုံးမှကိုင်လှုပ်ကာ မင်းကွာ ဆိုပြီး ပြစ်တင်စကားဆိုရမှာလား၊ လုပ်ရက်တဲ့မိန်းမ၊ မင်းစိတ်ထဲမှာ ဒီလူ တစ်ချိန်လုံးရှိနေတယ်ပေါ့လေဟုတ်လားဆိုပြီး နာကြည်းပစ်လိုက်ရမှာလား ကျွန်တော် မသိတော့ပါ။ နိုင်လှဲ့ရည်နောက်ဆုံးအချိန်မှာ သူမ အနားရှိနေစေချင်သော သူဟာ ကျွန်တော်မှ ဟုတ်ပါလေစ။ လောကကြီးထဲက အချိန်မရွေးထွက်ခွာ

**မောင်**
**ဆက်လက်**
**အောင်မြင်ပါစေလို့**
**ကျွန်မ**
**ဆုတောင်း**
**နေပါတယ်**
**မောင်**
**ဖြစ်နိုင်ရင်**
**မောင့်အနားမှာ**
**မောင့်လက်ကို**
**ဆုပ်ကိုင်ရင်း**
**ပြောပြချင်**
**လိုက်တာ**

သေဆုံးသွားနိုင်သည့် မိန်းမတစ်ယောက်၏နောက်ဆုံးဆန္ဒကရော ဘာများဖြစ်နိုင်ပါမည်လဲ။

မချစ်မနှစ်သက်သောယောကျ်ားတစ်ယောက်ကို သမီးလိမ္မာအမည်ခံဖို့သက်သက် လက်ထပ်ခဲ့လေသလား၊ ငြင်းပယ်ရန် မစွမ်းနိုင်သောအကြောင်းတရားတို့ရှိခဲ့၍ပဲလား၊ သို့တည်းမဟုတ် မျက်စိဖွင့်ပြီး ရွေးချယ်နေလို့သာပါအေ၊ မျက်စိမှိတ်ထားရင် ယောကျ်ားတွေဟာအားလုံးအတူတူပါပဲလို့များ နိုင်လှဲ့ရည်၏မိခင်က တရားချခဲ့လေသလား၊ ကျွန်တော် မသိပါ။ နိုင်လှဲ့ရည်၏ သစ္စာတရားအပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုသိခွင့်ရလျှင်ဖြင့် ကျွန်တော်သိချင်ပါသေးသည်။

ကျွန်တော် အခန်းထဲပြန်ဝင်လာတော့ နိုင်လှဲ့ရည်မျက်ဝန်းများမှာ မှေးမှိန်လျက်၊ စာရေးဆရာက သူမကို အနတ္တလက္ခဏာသုတ် ရွတ်ဖတ်ပြနေခဲ့လေသည်။

❑

နိုင်လှဲ့ရည်ဆုံးသွားချိန်မှာ ရောက်မလာခဲ့သလို၊ နိုင်လှဲ့ရည် အသုဘချသောနေ့ကလည်း ပေါ်မလာခဲ့သောစာရေးဆရာသည် နောက်တစ်လအကြာမှာ ကျွန်တော့်ဆီဖုန်းဆက်လာခဲ့လေသည်။

'နိုင်က ဒိုင်ယာရီ အမြဲရေးလေ့ရှိတယ်။ ကိုမင်းကျော်စွာအတွက် မလိုအပ်ရင် ကျွန်တော်များ သိမ်းထားခွင့်ရမလားခင်ဗျာ'

နိုင်လှဲ့ရည်မသေခင်မှာသွားခဲ့လေသလား၊ ကျွန်တော် မသေချာပါ။ ဇနီးဖြစ်သူရဲ့ဒိုင်ယာရီကို မလိုအပ်တဲ့ ခင်ပွန်း ရှိနေလိမ့်မယ်လို့ ဘယ်လိုသေချာစိတ်တွေနဲ့များ ခင်ဗျားပြောနိုင်ရတာပါလိမ့်၊ စိတ်ထဲမှချက်ချင်းပင် ခွန်းတုံ့ပြန်လျက်၊ ကျွန်တော့်နှုတ်မှ စကားတို့ကတော့ ယဉ်ကျေးပျူငှာစွာ ပြောထွက်နိုင်ခဲ့လေသည်။

'ကျွန်တော့်မိန်းမ အသုဘချတော့ အခေါင်းထဲထည့်ပေးလိုက်တယ်ဗျ။ သူအမြဲရေးလေ့ရှိတဲ့ ဒိုင်ယာရီလေးမို့လို့လေ'

စာရေးဆရာ ဖုန်းချသွားတော့မှ ကျွန်တော့်အိပ်ရာဘေးက အပေါ်အံဆွဲလေးကို ဖွင့်ကြည့်ရင်း တစ်ကိုယ်တည်းကျေနပ်စွာ ပြုံးလိုက်မိလေသည်။

❑

ကျွန်တော့်ဇာတ်လမ်းရှည်ကြီးအဆုံးမှာ သားကသက်ပြင်းမောတစ်ခုလေးဖင့်စွာချသည်။ လူတစ်ယောက်အပေါ် ချစ်ပိုင်ခွင့်ဟူသည် တစ်ဖက်သတ်ချည်နှောင်၍မရစကောင်းသလို၊ ကျွန်တော့်ဆိုလိုရင်းမှာ အချစ်မပါသောအိမ်ထောင်ကို မထူထောင်စေချင်သည်မှန်း သားကောင်းစွာသဘောပေါက်ပါလိမ့်မည်။

သားစိတ်ထဲတော့ 'မိန်းမတွေဟာ အိမ်ထောင်ကျပြီးတဲ့အခါ လင်ယောကျ်ားအပေါ် ချစ်သွားတာပဲဆို' ဟု ဆင်ခြေတက်ကောင်းတက်နေပေမည်။ သို့သော် ထိုမရေရာသော ထင်မြင်ယူဆချက်တစ်ခုတည်းနှင့် သားဘဝတစ်ခုလုံးကို လောင်းကြေးထပ်လဲလှယ်ဖို့ရန်မှာ မတန်ရာလှပေ။ ကျွန်တော်ကတော့ သားကို ဒုတိယ မင်းကျော်စွာ အဖြစ်မခံနိုင်ပါ။

ကျွန်တော် ပြောပြခဲ့သော အဖြစ်အပျက်ထဲမှ ထိုသုံးပွင့်ဆိုင်တို့သည် မင်းကျော်စွာ၊ နိုင်လှဲ့ရည်နှင့် စာရေးဆရာတို့ဖြစ်ကြောင်း နာမည်တပ်၍ မပြောခဲ့သလို ကျွန်တော့်ထံ၌ သားမေမေ နိုင်လှဲ့ရည်၏ ဒိုင်ယာရီလေး ခုချိန်ထိ ရှိနေသေးကြောင်းကိုလည်း သားကို ကျွန်တော် ဘယ်တော့မှ ပြောပြဖြစ်လိမ့်မည် မဟုတ်ပါ။ ■

ချစ်ကြည်အေး

www.burmeseclassic.com

www.burmeseclassic.com

# ဝါသရုပ်ဆောင်သင်တန်းရဲ့ က်သစ်လေး

# ရွှေမှုန်ရတီ

3 Days Interview မှ



ရွှေမှုန်ရဲ့အနုပညာပျိုးခင်းအကြောင်း ပြောပါဦး။
အနုပညာပျိုးခင်းက ပြိုင်ရတာ မဟုတ်ပါဘူး။
ဆရာဂျွန်လွင့်သင်တန်းမှာ သင်တန်းတက်နေတုန်း
လာပြီးရွေးချယ်သွားတာပါ။ ဒါရိုက်တာဗိုင်းက
လာရွေးသွားတာပါ။ မော်ဒယ်လ်တွေအကုန်လုံးကို
သင်တန်းမှာ လာကြည့်ပြီး ရွေးသွားတာပါ။

**ဘယ်လို talent တွေ ပြရသေးလဲ။**
**ဘာမှ မလုပ်ပြရပါဘူး။ ဆရာဗိုင်းက စံကားဝါသရုပ်ဆောင်**
**သင်တန်းမှာ ရွှေမှုန်တက်တုန်းက ကိုယ့်ဆရာလည်းဖြစ်နေတယ်။**
**သရုပ်ဆောင်သင်တန်းလည်း**
**တက်ထားတယ်ဆိုတော့ ရွေးလိုက်တာပါ။**

သင်တန်းကရော ဘယ်လိုတက်ဖြစ်တာလဲ။
ပထမက ဆယ်တန်းလောက်မှ တက်မယ်လို့
ရည်ရွယ်ထားတာပါ။ ဒါပေမဲ့ ခုနစ်တန်းလောက်က
စတက်ဖြစ်ခဲ့တာ။ သင်တန်းတက်တာက
သုံးလ၊ ရုပ်ရှင်သရုပ်ဆောင်သင်တန်းထဲမှာက
ငါးလ။ ရိုးလျှောက်တာလည်း ရှိသေးတယ်။

**ဇာတ်ကားရိုက်မယ်ဆိုတော့**
**သရုပ်ဆောင်သင်တန်းတက်ခဲ့တာနဲ့**
**ကွက်တိပဲပေါ့ဟုတ်လား။**
**ဟုတ်ကဲ့ ရိုက်ကွင်းက ရွှေမှုန့်အတွက် စိမ်းမနေဘူး။**
**အနုပညာအခြေခံရှိထားတော့ လုပ်ရတာအဆင်ပြေတယ်။**
**သင်စရာလည်း မလိုဘူး။ သင်တန်းမှာကတည်းက**
**ခေါင်းစခြေအဆုံး ဆရာတွေက သင်ပေးတာဆိုတော့**
**သင်စရာမလိုတော့ဘူး။ အနုပညာပျိုးခင်းထဲဝင်ပြီး**
**ရိုက်ကွင်းတွေ လိုက်ကြည့်ဖြစ်တယ်။**
**အဲဒီအတွက် ရိုက်ကွင်းတွေကို ရွှေမှုန်ကြုံဖူးတော့**
**မစိမ်းတော့ဘူး။ ကြောက်လန့်နေတာလည်း မရှိဘူး။**

ခုနွေဦးအထူးပညာဒါန
သရုပ်ဆောင်(အခြေခံ)
သင်တန်းသို့
တက်ရောက်လိုသူများ
ဆက်သွယ်တက်ရောက်
နိုင်ပါပြီ။

**ရွှေပုပ္ပါးဦးအုံးနိုင်(တာဝန်ခံ)**
**စံကားဝါသရုပ်ဆောင်သုတေသနသင်တန်း**
အမှတ် ၂၊မိုးကောင်းလမ်း၊စံကားဝါအိမ်ရာ၊စံကားဝါခန်းမ၊ ရန်ကင်း
ဖုန်း – ၅၄၁၀၀၂ (ရွေးချယ်လက်ခံပါမည်)
လိုက်လှဲသော စေတနာဖြင့် နွေးထွေးစွာ ကြိုဆိုလျက်။
(မည်သည့်ငွေကြေး တစ်စုံတစ်ရာမျှ ကောက်ခံမည် မဟုတ်ပါ)
Browser ထဲက facebook.com မှာ

www.burmeseclassic.com

www.burmeseclassic.com

ရှီအန်းမြို့ (Xian) ၏လေယာဉ်ကွင်းသစ်မှာ အတော့်ကို အထိုင်ကျသွားပြီဖြစ်သည်။ ယခင်အကြိမ်များကနှင့် မတူတော့။ ဖွင့်ပြီးစကမူ လေယာဉ်ကွင်းတွင် မက်ဒေါနယ်ဆိုင် တစ်ဆိုင်သာရှိသေးသည်။ ထိုစဉ်က မနက်စာစားချိန်တွင် ရှီအန်းသို့ ရောက်ကြသည်။ ဒကာမကြီးက 'တရုတ်နိုင်ငံ လာပြီး မက်ဒေါနယ်မှာ စားရတယ်ဆိုရင်တော့လည်း လူကြားလို့ သိပ်မကောင်းဘူး' ဟု ဆိုသည်။ ပတ်လည်တွင် လယ်ကွင်းများနှင့် စက်ရုံအချို့သာ ရှိသေးသည်။ လယ်သမား ယာသမား များ စားကြသော အိမ်ဆိုင်ကလေး တစ်ဆိုင်နှစ်ဆိုင်သာ ရှိသေးသည်။ ထိုဆိုင်ကလေးတစ်ခုတွင် စားကြသည်။ မြို့ကြီး ပြကြီးများမှ ခမ်းနားသောစားသောက်ဆိုင်ကြီးများထက် အရသာရှိသည်။ အရပ်ဓလေ့အစားအစာများ ဖြစ်သည်။ ရင်းနှီးလှသည်။ ထိုဆိုင်ကလေးတွင် စားဖြစ်သည်မှာ လင်ဒါ၏ ကျေးဇူးကြောင့်ဖြစ်သည်။ လင်ဒါမှာ ကျွန်တော်တို့အား လိုက်လံ စောင့်ရှောက်ရသော အမျိုးသမီးကလေး ဖြစ်သည်(သူ့ တရုတ်နာမည်ရင်းမှာ မှတ်ထားရန် ခက်သဖြင့် ကျွန်တော်တို့ လွယ်လွယ် ခေါ်နိုင်သောနာမည်ကို ပေးလိုက်ရခြင်း ဖြစ်သည်)။ ကားမောင်းသော ရဲဘော်ကြီးတုန်ကမူ ထိုဆိုင်ကလေးတွင် မစားစေချင်။ သူ့ ကားနက်ကြီးကို ဆိုင်ရှေ့တွင်ရပ်ထားသော မော်တော်ဆိုင်ကယ်ကလေး နှစ်စီးသုံးစီးနှင့် ထော်လာဂျီအကြားတွင် ရပ်ချင်ပုံမရ။ သူတို့လူမျိုး၏သိက္ခာကျမည်ကိုလည်း စိုးပုံရသည်။ ရဲဘော်ကြီးတုန်မှာ သူ့နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို အလွန်ဂုဏ် ယူသော ယဉ်ကျေးမှုတော်လှန်ရေး လွန် တရုတ်တစ်ယောက်ဖြစ်သည်။ သူ့မြေ၊ သူ့ရေကို တန်ဖိုးထားသူ ဖြစ်သည်။ ကျွန်တော်ကတော့ သူ့ကို ပို့(စ)မော်ဒန် တုန်ဟု ခေါ်လေ့ရှိသည်။ ယခုအကြိမ် ရှီအန်းသို့ လာခဲ့ကြသည်မှာ






www.burmeseclassic.com

www.burmeseclassic.com

# လမ်းဆုံးခရီးသည် ကာဗျာတစ်ပုဒ်နှင့် ငန်းရိုင်းစေတီကြီး

မြင့်သန်း



ပြောပလောက်သောအကြောင်းမရှိ။ အချိန်ပိုကလေးများလည်း ရှိနေပြီး၊ ရှိအန်းရောက်တိုင်း ဝင်ရောက်ကြည့်ရှုရန် မေ့နေခဲ့သော နေရာနှစ်ခုလည်း ရှိနေသည်ကတစ်ကြောင်းတို့ကြောင့်သာ ဖြစ်သည်။ ထိုနှစ်ခုအနက်တစ်ခုမှာ ငန်းရိုင်းစေတီကြီး/ တရင်းထာ ဖြစ်သည်။ 'ကြီး' ဟု ဆိုရသည်မှာ ရှိအန်းတွင် ငန်းရိုင်းစေတီ'အသေး'/ရှောင်ရင်းထာ လည်း ရှိသဖြင့် ဖြစ်သည်( အသေး/အငယ်)။ ငန်းရိုင်းစေတီကြီး၏နောက် အနှစ်ငါးဆယ်သာသာကြာမှတည်သော စေတီဖြစ်သည်။ ရဲဘော်ကြီး တုန်ကမူ ခင်ဗျားလာတိုင်း ကျွန်တော်ပြောသားပဲ။ မြို့နဲ့အဝေးကြီးကိုတော့ သွားကြည့်တယ်။ မြို့နားက သမိုင်းမှာ အရေးကြီးတာကိုတော့ မကြည့်ဘူးဟု အပြစ်တင်သည်။ အပြစ်တင်လည်း တင်စရာပင်။ ကျွန်တော်တို့ကလည်း အချိန်ရသည်နှင့် မြို့ပြင်တွင် ကြည့်စရာရှိသည်များ လိုက်ကြည့်လေ့ ရှိတတ်သည်။ ရှိအန်းတွင် ကြည့်စရာ အစုံပင် (ရှိအန်းမှသာမဟုတ်။ တရုတ်နိုင်ငံက အမြို့မြို့တွင် ကြည့်စရာ (အထူးသဖြင့် သမိုင်းအခြေခံဖြင့်ကြည့်စရာ)အစုံစုံပင်။ ဖေတော့မောင်တော့၊ ဖန်ဆင်းခံသမိုင်းပစ္စည်းမျိုး မဟုတ်ပါ)။ တရုတ်နိုင်ငံကို စုစည်းခဲ့သော ကျင်မင်းဆက်မှ ပထမဆုံးသော ဧကရာဇ်မင်းမြတ် ရှီဟောင်ဒီ၏ ဂူလည်း ရှိအန်းမြို့၏ အရှေ့မြောက်ဘက်ဆီမှ လင်တုန်မြို့အနီးတွင် ရှိသည်။ ၎င်းမှ မလှမ်းမကမ်းတွင် မြေအောက်မှ တူးဖော်ရရှိသော ရွှံ့စေးမီးဖုတ်အရုပ်စစ်သည်များ (Tarracotta worriers)မှာ ကမ္ဘာကျော်ပင်။ စိတ်ဝင်စားသဖြင့် စောစောပိုင်းနှစ်ကာလများကတည်းက သွားရောက်ကြည့်ရှုလေ့လာခဲ့ဖူးသည်။ ရှိအန်း၏ အနောက်မြောက်ဘက်တစ်ကြော ရှီအန်ယန်းမြို့ပတ်ဝန်းကျင်တွင် သမိုင်းဝင်သင်္ချိုင်းတော်ကြီးများလည်း ရှိသေးသည်။ တော်ရုံတန်ရုံ ကြည့်စရာရှိသည်များကိုသာ လိုက်လံကြည့်မည်ဆိုလျှင်ပင် ရှိအန်းတွင် အနည်းဆုံး တစ်ပတ်၊ ဆယ်ရက်ခန့် အချိန်ပေးရန်လိုမည်။ ထပ်မံတူးဖော်နေကြသော ရှေးဟောင်းသင်္ချိုင်းများမှာလည်း အပုံကြီး။

ရှိအန်းမြို့ (လူဦးရေ ၉ သန်းကျော်ရှိပါသည်။)မှာ တရုတ်နိုင်ငံ၏ အလယ်ပိုင်းမှ ရှန်းရှီ (Shaanxi) ပြည်နယ်(လူဦးရေ ၃၉ သန်းကျော်ရှိပါသည်။)တွင် ရှိပါသည် (ရှန်ရှီ (Shanxi) နှင့် မရောထွေးစေချင်ပါ။ ရှန်ရှီပြည်နယ်၏ မြို့တော်မှာ တိုင်ယွမ်းဖြစ်ပါသည်။ မြို့တော် လူဦးရေမှာ ၄ သန်းမျှသာ ရှိသည်။)။ ရှိအန်းမြို့၏ ထူးခြားချက်တစ်ရပ်မှာ ဘာသာရေးအခြေခံအမြင်မတူသူတို့၊ သမမျှတစွာ နေထိုင်နိုင်ကြခြင်းဖြစ်သည်။ တရုတ်ဗုဒ္ဓဘာသာဝင်များ၊ တောက်(တာအိုဟု မြန်မာအချို့က ခေါ်သည်။) အမြင်လက်ခံသူများနှင့် မွတ်စလင်ဘာသာဝင် အများအပြားနေထိုင်ကြသောမြို့ကြီးတစ်မြို့ ဖြစ်သည်။ ပိုးလမ်းမကြီး စတင်ခဲ့ရာအရပ်ဖြစ်သဖြင့် မွတ်စလင်လူမျိုးတို့၏ ရပ်ကွက်များရှိလေသည်။ တရုတ်နိုင်ငံ အရှေ့ဘက်ပိုင်းတွင် ကျွန်တော် မြင်ခဲ့ဖူးသော ဗလီများအနက် ရှိအန်း

www.burmeseclassic.com



ဗလီကြီး မှာ အတော်ပင်ကြီးသည်ဟု ဆိုချင်သည်။ ထိုဗလီကြီးမှာ တစ်ဆယ့်ရှစ်ရာစုနှစ်ကတည်းက တည်ထောင်ထားခဲ့သော ဗလီကြီးဖြစ်၏။ ဗလီကြီး အနားဆီမှ လမ်းကြားကလေးများမှ စားသောက်ဆိုင်များတွင်ရသော (မြန်မာ အရပ်သုံးစကားအရသော်) ကုလားစာများမှာ မြန်မာနိုင်ငံတွင် စားရလေ့ရှိသော ကုလားစာမျိုး မဟုတ်။ အိန္ဒိယ၊ ရှရီလက်ာ…အစာမျိုးမဟုတ်။ အရှေ့အလယ်ပိုင်းစာများ ဖြစ်သည်။ သူတို့၏ ဆိတ်ရိုးစွပ်ပြုတ်နှင့် နံပြားမှာ လျှာစွဲသော အစားအစာမျိုး။ တစ်ချိန်တည်းမှာပင် ရှန်းရှီပြည်နယ်အတွင်း၌ တရုတ်နိုင်ငံ၏ မျက်မှောက်ခေတ်သမိုင်းတွင် ထည့်သွင်းဖော်ပြရမည့် နေရာတစ်ခုရှိနေသည်။ ယင်းမှာ ယန်အန်ဖြစ်သည်။ ယန်အန်မှာ ရှီအန်းမြို့၏ မြောက်ဘက် မိုင်တစ်ရာ့ငါးဆယ်သာသာတွင် ရှိသည်။ ၁၉၃၆ ခုနှစ်က ခရီးရှည်ချီတက်ပွဲမှာ ရှန်းရှီပြည်နယ် မြောက်ဘက်ပိုင်းမှာ ဝူကျီတွင် ပြီးဆုံးခဲ့ပြီးနောက် မကြာမီ ယန်အန်သို့ တရုတ်ကွန်မြူနစ်များ ရွှေ့ပြောင်းအခြေချခဲ့ကြသည်။ ပညာရှင်များ ယနေ့တိုင် လေ့လာဆွေးနွေးနေကြရသော ဥက္ကဋ္ဌကြီး မော်၏ ယန်အန်စာတမ်းများ ထွက်ပေါ်လာခဲ့ရာမြို့ဖြစ်သည်။ ကမ္ဘာအရပ်ရပ်မှ ကွန်မြူနစ်များနှင့် ပညာရှင်များ ယနေ့ကာလတိုင် သွားရောက်ဦးခိုက်ကြရသော နေရာ တစ်ခုဖြစ်သည်။


ယခုအကြိမ်တွင် ရှီအန်းမှ ငန်းရိုင်းစေတီအား သွားရောက်ကြည့်ရှုချင်သည်မှာ ဘုန်းတော်ကြီး ရွှန်ကျ (Xuanzang)ကြောင့်ဖြစ်သည်ဟု ဆိုချင်သည်(ရွှန်ကျကို ရွှန်ကျန့်၊ ရွှန်ကျ(န)ဟု ရေးနိုင်ပါသည်။ ဤတွင် ရွှန်ကျဟု၍သာ ရေးပါမည်။)။ ရွှန်ကျကို အလွန်လေးစားမိသောကြောင့် ဖြစ်သည်။ ကျွန်တော်သည် ဘာသာရေးနှင့်ပတ်သက်၍ နင်ငါသွား နေသူသာဖြစ်ပါသည်။ သာမန်လူတစ်ယောက်အနေဖြင့် ဘာသာရေးနှင့် ဘာသာတရားအမျိုးမျိုး (သက်ဝင်ယုံကြည်မှုအခြေခံအမြင်အမျိုးမျိုး)တို့၏ ရှိနေခြင်းကို လက်ခံပါသည်။ သို့သော် သာမန်လူတစ်ဦးတစ်ယောက်၏ နေ့စဉ်ဘဝအတွက် 'လိုအပ်မှုတစ်ခု'ဟူ၍ကား မမြင်။ ဘုန်းတော်ကြီး ရွှန်ကျန့်ကို လေးစားမိသည်မှာ သူ၏ လူပုဂ္ဂိုလ်တစ်ယောက်၏ ဖြစ်ရှိနေခြင်းအတွင်းမှ စွမ်းနိုင်သမျှတို့၏ အဆုံးစွန်အထိအားထုတ်စွမ်းဆောင်သောကြောင့် ဖြစ်သည်။ သူ့အကြောင်းကို ယခင်က မသိခဲ့ပါ။ တစ်နေ့ ပေကျင်းမြို့မှ စန်လီထွန်းအရပ်တွင် မိတ်ဆွေတချို့တို့နှင့်အတူ ညနေစာ စားသောက်နေကြပြီး တရုတ်နိုင်ငံ၏ ကုန်းတွင်းပိုင်းဒေသများအကြောင်း ပြောဆိုဖြစ်သွားပါသည်။ ကျွန်တော်ကလည်း ကုန်းတွင်းပိုင်းမှ ပြန်လာစဖြစ်သဖြင့် အတွေ့အကြုံဖလှယ်ဖြစ်ကြပါသည်။ ဤတွင် နိုင်ငံခြားသတင်း ဗျူရိုတစ်ခုအတွက် လာရောက်အလုပ်လုပ်နေသူတစ်ဦးက ဘာန်စတိုင်း (Richard Bernstein) စာအုပ် ဖတ်ဖူးသလားဟု မေးသည်။ ကျွန်တော် မဖတ်ဖူးပါ။ ထို



www.burmeseclassic.com

www.burmeseclassic.com

စာအုပ်တွင် ဘာန်စတိုင်းက ဘုန်းတော်ကြီး ရှန်ကျုသွားခဲ့သော ခရီးအတိုင်း ခြေရာကောက်သွားခဲ့သော အတွေ့အကြုံဖြစ်သည်။ ဘာန်စတိုင်းကိုယ်တိုင်မှာလည်း ပေကျင်းတွင် သတင်းသမားတစ်ဦးအဖြစ် လာရောက်နေထိုင်ခဲ့ဖူးသူဖြစ်သည်။ ဘာန်စတိုင်း၏ စာအုပ်ကို ကျွန်တော့်မိတ်ဆွေက သူ့လက်ဝယ်တွင် ရှိထားသောစာအုပ်ကို ထိုညကပင် ပေးခဲ့ပါသည်။ သို့ရာတွင် မဖတ်ဖြစ်ခဲ့သေးပါ။ ပေကျင်းမြို့ရှိ ပီကင်းတက္ကသိုလ်လက်အောက်မှ နိုင်ငံခြားဘာသာစာ/ စကားတက္ကသိုလ်မှ ဆရာကြီးများနှင့် စကားစမြည်ပြောရင်း စားသောက်ကြစဉ် ဆရာကြီး



ဦးမိုး(Li Mou) နှင့် ဦးညဏ်(Wang Danian) တို့က ခင်ဗျားသွားလေ့ရှိတဲ့ ရှိအန်းမှာ ရှန်ကျုရုပ်တုနဲ့ ငန်းရိုင်းစေတီကြီး ရှိတယ်။ ဝင်ကြည့်သွားပါလားဟု ဆိုကြသည်(ဆရာကြီး ဦးမိုးနှင့် ဦးညဏ်တို့မှာ မြန်မာစာပါမောက္ခ ဦးအေးမောင်လက်ထက်က ရန်ကုန်တက္ကသိုလ်သို့လာရောက်ကာ မြန်မာစာသင်ယူခဲ့သူ များဖြစ်သည်။ ၂၀၀၇ ခုနှစ်က ဆရာကြီးဦးညဏ်ပြုစုသော The Comparative Study on the Sino-Tibetan Family form Micro-perspective ဟူသော ကျမ်း(ISBN 978-7-80040916-5) ပုံနှိပ်ထုတ်ဝေခဲ့သည်။) ဤတွင်မှ လက်ဆောင်ရထား သောစာအုပ်ဖတ်ဖြစ်ခဲ့ပြီး ရှန်ကျုအကြောင်းကို ဆက်လက်လေ့လာခဲ့မိလေသည်။ ထိုအခါ ရှန်ကျု၏ အားထုတ်မှုကို တန်ဖိုးမထားဘဲ မနေနိုင်တော့ပါ။

ရှန်ကျုမှာ ၆၂၉ ခုနှစ်ကက 'အနောက်ဘက်'သို့ ခရီးထွက်ခဲ့သော ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်ပါသည်။ 'အနောက်'ဟု ဆိုသည်မှာ အိန္ဒိယကို ဆိုလိုပါသည်။ 'အနောက်'ဟု ဆိုရပြန်သည်မှာ ထိုစဉ်က မင်းနေပြည်ဖြစ်သော ချန့်အန် (Chang'an) (ယနေ့ကာလ ရှိအန်မြို့)၏ အနောက်ဘက်အရပ်ဖြစ်သောကြောင့်ဖြစ်သည်။ ကာလအားဖြင့် ထန်မင်းဆက် စိုးစံသောကာလဖြစ်၏။ မြန်မာနိုင်ငံတွင် ရုပ်မြင်သံကြားမှပြသဖူးသော **မျောက်**ဇာတ်လမ်းမှာ ရှန်ကျု၏ ခရီးစဉ်အပေါ်တွင် အခြေတည်ကာ 'မင်း'မင်းဆက်လက်ထက်တွင် ဝူးချန့်အန် ရေးသားသော **အနောက်ဘက်သို့ ခရီးထွက်ခြင်း** ဝတ္ထုကို ဇာတ်လမ်းပြုထားခြင်းဖြစ်လေသည်။ စင်စစ် ရှန်ကျုမှာ ဗုဒ္ဓဘာသာဝင်တစ်ယောက်အဖြစ် မွေးဖွားလာခဲ့သူတစ်ယောက် မဟုတ်။ ဘိုးအေဖြစ်သူမှာ 'ကျီ'မင်းဆက်လက်ထက်က ပညာရှိတစ်ဦးဖြစ်ခဲ့သည်။ ဆိုရသော် ကွန်ဖြူးရှပ်(စ) (တရုတ်တွေးခေါ်ရှင်ကြီးကောင်းဇ)၏ အတွေးအခေါ်စနစ်နှင့် သက်ဝင်ယုံကြည်မှုကို လက်ခံသူ ဖြစ်ခဲ့သည်။ သို့ဖြစ်လေရာ ရှန်ကျုမှာ ကွန်ဖြူးရှပ်(စ) အတွေးအခေါ်စနစ်အောက်တွင် ကြီးပြင်းလာခဲ့ရသူဖြစ်လေသည်ဟု ဆိုနိုင်သော်လည်း ရှန်ကျု ကြီးပြင်းလာသောကာလတွင် ကွန်ဖြူးရှပ်(စ)၏ အတွေးအခေါ်မှာ အထိုက်အလျောက် မှေးမှိန်စပြုနေခဲ့သည်။ စစ်မက်ထွန်းကားသော ကာလတစ်ခုဖြစ်နေသည်။ 'ဆူ(အီ)'မင်းဆက် လက်ထက်ဖြစ်သည်။ ရှန်ကျု တစ်ဆယ့်နှစ်နှစ်သားအရွယ်တွင် မင်းနေပြည်ပြုထားရာ လူ(အို)ယန်မြို့ရှိ မဟာယာန ဗုဒ္ဓဘာသာကျောင်းတိုက်၌ သင်္ကန်းဝတ်ဖြင့် ဗုဒ္ဓစာပေနှင့် တရားဓမ္မကို လေ့လာရန် လူငယ် တစ်ဆယ့်လေးဦးလိုအပ်ကြောင်း နိုင်ငံတော်က ကြေညာလေသည်။ လျှောက်ထားကြသူ ရာပေါင်းများစွာအနက် ရှန်ကျု အရွေးချယ်ခံရသည်။ အရွေးချယ်ခံရပုံမှာလည်း ထူးခြား၏။ ကျောင်းတိုက်အဝနားဆီတွင် ဟိုကြည့်ဒီကြည့် လုပ်နေသော ရှန်ကျုကို နိုင်ငံတော်မှ စေလွှတ်လိုက်သော ကိုယ်စားလှယ်တော်ကြီးက တွေ့လိုက်မိသည်။ ကိုယ်စားလှယ်တော်မှာ လျှောက်ထားသူများကို လူတွေ့စိစစ် ရွေးချယ်ရန်လာခဲ့ခြင်း ဖြစ်သည်။ ရှန်ကျုအား ကျောင်းတော်အပေါက်ဝမှာပင် 'မင်းနာမည်က ဘယ်သူတုံး'၊ 'မင်းအသက်က ဘယ်လောက်ရှိပြီတုံး' စသည်ဖြင့် မေးမြန်းရာ ရှန်ကျုက သူ့အမည် သူ့အသက်ကို ဖြေပြီး၊ သူ့အနေဖြင့် အလွန်ပင် သင်္ကန်းဝတ်လိုကြောင်းပြောလေသည်။ 'ဘာလို့တုံး'ဟု ကိုယ်စားလှယ်တော်ကြီးမေးလေရာ 'တထာဂတ (ဗုဒ္ဓ)ဘာသာရေးကို လေ့လာဖြန့်ဖြူးဖို့ဟာ ကျွန်တော့်ဘဝရဲ့ တစ်ခုတည်းသော ဦးတည်ချက်ပဲ'ဟု ဖြေလေသည်။ ကိုယ်စားလှယ်တော်ကြီးလည်း ရှန်ကျုကို ချက်ချင်းပင် ရွေးလိုက်တော့သည်။ ဤသို့ဖြင့် ရှန်ကျုမှာ ကျောင်းတိုက်ကြီးတွင် နောက်ထပ် ငါးနှစ်ကြာ မဟာယာန ဗုဒ္ဓဘာသာကိုလေ့လာဆည်းပူးရလေသည်။ သို့ရာတွင် ၆၁၈ ခုနှစ်တွင် ဆူ(အီ)မင်းဆက် ပျက်လေသော် စစ်မက်ကို ရှောင်ရှားရင်း ထန်မင်းဆက်တို့က မြို့တော်ပြုထားရာ ချန့်အန်းသို့ ပြေးကြသည်။ သို့ရာတွင် အန္တရာယ်မကင်းသေးသဖြင့် (ယနေ့ကာလတရုတ်နိုင်ငံ) အနောက်ဘက် ဆစ်ရှွမ်ပြည်နယ်မှ ချန့်တုမြို့အထိ ပြေးခဲ့ကြရပြန်သည်။ ၆၂၂ ခုနှစ်တွင်မှ ချန့်အန်းသို့ ပြန်လာခဲ့လေသည်။ ထိုအခါ ရှန်ကျုမှာ အသက် နှစ်ဆယ်ပြည့်ခဲ့ပြီဖြစ်၍ ရဟန်းဘဝ ရောက်ခဲ့ပေပြီ။

www.burmeseclassic.com

ရှန်ကျဲမှာ ချန်အန်း၊ ချွန်တု၊ လူ(အို)ယန်မြို့များတွင် ဗုဒ္ဓစာပေကျမ်းဂန်များနှင့် ဘာသာစကားများကို လေ့လာခဲ့ရပြီးနောက် ဘဝင်မကျဖြစ်နေခဲ့သည်။ အဓိကအကြောင်းတစ်ချက်မှာ သူကိုယ်တိုင်က ဘာသာစကားများကို ကျွမ်းကျင်စွာတတ်မြောက်လာခဲ့ခြင်းကြောင့်ဟု ဆိုရမည်။ ဘာသာစကားကျွမ်းကျင်စွာတတ်မြောက်လာခဲ့ခြင်းကြောင့် တရုတ်ဘာသာသို့ ပြန်ဆိုထားသော ဗုဒ္ဓဘာသာစာပေကျမ်းဂန်များအပေါ် သံသယရှိလာမိသည်။ ကျမ်းရင်းမှ တိမ်းချော်လမ်းလွဲချက်များ ရှိနေမည်ဟု သူ့စိတ်တွင်းဖြစ်နေမိသည်။ သို့ဖြစ်လေရာ ကျမ်းရင်းများရှိရာ(အိန္ဒိယ)သို့ သွားရောက်ပြီး ကိုယ်တိုင်ကိုယ်ကျ ဖတ်ရှုစစ်ဆေးကာ ကူးယူလိုပေသည်။ အထူးသဖြင့် တရုတ်နိုင်ငံတွင် ပျံ့နှံ့နေသည့် အသံဃနှင့် ညီဖြစ်သူ ဝသုဗန္ဓုတို့ ထူထောင်ထားခဲ့သော ယောဂစာရကျင့်စဉ်များကို အသေးစိတ် လေ့လာစိစစ်ကြည့်လိုခြင်းဖြစ်သည်။ သွားရမည့် ခရီးမှာ ဝေးလှသည်သာမက ကြမ်းတမ်းသော ခရီးစဉ်လည်းဖြစ်သည်။ ထာခလာမာဂန်သဲကန္တာရ 塔克 拉玛干沙漠 Taklamakan တစ်ကြောဆီမှမုန်တိုင်းများ၊ တောင်ကြားတောင်ရိုးမှ ဆီးနှင်းများ စသည့် သဘာဝအတားအဆီးများအပြင် သဲကန္တာရတစ်ကြောနှင့် ဂင်္ဂါမြစ်တစ်ကြောဆီမှ သူခိုးဓားပြများ၏ ဘေးရန်များလည်း ရှိနေသည်။ ထိုစဉ်က စိုးစံတော်မူသော ဧကရာဇ်မင်းမြတ် ထန်ထိုက်ကျုံ 唐太宗 / (Tang Taizong) (၆၂၆-၆၄၉)ကလည်း ရှန်ကျဲကို ခရီးမသွားစေချင်။ မသွားစေချင်ရသည်မှာ အန္တရာယ်များသောကြောင့် ဖြစ်သည်။ ထိုစဉ်ကသော် ဧကရာဇ်မင်းမြတ်တို့က သက်ဦးဆံပိုင်စနစ်အရ အုပ်ချုပ်နေကြသည်ဖြစ်ကြရာ မင်းမိန့်ကိုဆန့်ကျင်ကာ ခရီးထွက်ခြင်းဖြင့် ရှန်ကျဲမှာ ခေါင်းပြတ်သွားနိုင်သည်။ သို့ရာတွင် ၆၂၉ ခုနှစ်၏ တစ်ခုသောညအခါ၌ ရှန်ကျဲက အနောက်ဘက်သို့ တိတ်တဆိတ် ခရီးထွက်ခဲ့လေသည်။ ထိုသို့ မင်းနေပြည်တော်မှ ထွက်ခွာလာနိုင်သောအကြောင်းတစ်ရပ်မှာ ရာသီဥတု ဖောက်ပြန်ရာမှ မင်းနေပြည်တော်တွင် စားရေရိက္ခာရှားပါးလာခြင်းကြောင့် ရဟန်းရှင်လူတို့ တရုတ်နိုင်ငံအရပ်ရပ်သို့ လှည့်ပတ်သွားရောက်နေထိုင်ကြရန် မင်းမိန့်ထုတ်ပြန်လိုက်သောကြောင့် ဖြစ်သည်။ ထိုအချက်ကို အခွင့်ကောင်းယူကာ ရှန်ကျဲ ထွက်လာခဲ့လေသည်။ လအတန်ကြာလတ်သော် ထန်ဧကရာဇ်မင်းမြတ်၏ပိုင်နက်အတွင်းမှ ကင်းစောင့်မျှော်စင် ငါးခုကို ဖြတ်ကျော်လာနိုင်ခဲ့သည်။ ထန်ဧကရာဇ်မင်းမြတ်၏ နောက်ဆုံးပိုင်နက်ဖြစ်သော ယူမာန်တောင်ကြား 玉门关 (Yumenguan) (ကျောက်စိမ်းတံခါးမကြီးဟုလည်း အမည်တွင်သည်။)ကို ကျော်လွှန်လာနိုင်ခဲ့သည်။ ရှန်ကျဲ၏ ခရီးစဉ်မှာ ချောမောလှသည်မဟုတ်။ သဲကန္တာရအတွင်း လမ်းပျောက်ကာ အစာရေစာပြတ်သည့်ဒုက္ခနှင့် ကြုံရသည်သာမက သူခိုးဓားပြများနှင့်လည်း အကြိမ်ကြိမ် ရင်ဆိုင်ခဲ့ရသေးသည်။ စိတ်ရင်းကောင်းကြသော နယ်စားပယ်စားကြီးများကမူ အကူအညီပေးကြသည်။ လမ်းခရီးတွင် အနောက်ဘက်တာ့(ခ) (Western Turk)၂ တို့၏ခေါင်းဆောင် ခန်းမင်းတရားကြီး[၃] နှင့်လည်း တော့မှာ့(ခ) (Tokmak) (ယနေ့ ကဇာတ်စတန် သမ္မတနိုင်ငံ) အရပ်တွင် ဆုံတွေ့ကြသေးသည်။ ခန်းမင်းကြီးမှာ ဗုဒ္ဓဘာသာအပေါ် သဘောထားကြီးကြီးဖြင့်လက်ခံသူတစ်ဦးဖြစ်သည်။ နောက်ဆုံးတွင် ရှန်ကျဲသည် သူ၏ ဦးတည်ရည်မှန်းချက်အတွင်း အိန္ဒိယနိုင်ငံသို့ ရောက်ရှိခဲ့ပြီး ဗုဒ္ဓဂါယာနှင့် နာလန္ဒာတက္ကသိုလ်တို့တွင် ဗုဒ္ဓစာပေများကို လေ့လာကူးယူနိုင်ခဲ့လေသည်။

ရှန်ကျဲ၏ မှတ်တမ်းအလိုအရ ခရီးတာ လီ(Li)ငါးသောင်း (၅၀၀၀၀) သွားခဲ့ကြောင်း သိရသည်(တစ်လီမှာ ခေတ်သစ်အတိုင်းအတာဖြစ်သော 'မိုင်'အရ တစ်မိုင်၏ ငါးပုံတစ်ပုံဖြစ်လေရာ မိုင်ပေါင်း တစ်သောင်း(၁၀၀၀၀)ဟု ဆိုနိုင်သည်။ ပညာရှင် ကွတ်(က)) A.B Cook ကမူ တစ်လီမှာ တစ်မိုင်၏ သုံးပုံတစ်ပုံဟု ဆိုသည်။ သို့ဖြစ်လျှင် မိုင်ပေါင်း တစ်သောင်းခြောက်ထောင်ကျော် ရှိမည်ဟု ယူဆနိုင်သည်။)။ ထိုခရီးစဉ်တွင် ရှန်ကျဲမှာ ခြေလျင်တစ်လှည့်၊ မြင်း၊ ကုလားအုတ် စသည်တို့ဖြင့် ကြုံလျှင်ကြုံသလို ခရီးသွားခဲ့ရခြင်း ဖြစ်သည်။ အိန္ဒိယသို့ အသွားအပြန်ခရီးတစ်ခုလုံးမှာ တစ်ဆယ့်ခြောက်နှစ်ကြာခဲ့ လေသည်။ ၆၄၃ ခုနှစ်တွင် ချန်အန်းသို့ အပြန်ခရီးစခဲ့သည်။ ခရီးစစဉ်က အသက် နှစ်ဆယ့်ခုနစ်နှစ်သာရှိသေးသော ရှန်ကျဲမှာ ချန်အန်သို့ပြန်ရောက်သောအခါ အသက်လေးဆယ့်သုံးနှစ် ရှိနေခဲ့ပေပြီ။ အပြန်ခရီးတွင် အိန္ဒိယနိုင်ငံမှ ဗုဒ္ဓစာပေကျမ်းဂန်များကို သယ်ဆောင်လာခဲ့လေသည်။ အပြန်ခရီးမှာ အသွားထက် အဆင်ပြေသည်။ အဆင်ပြေရသည့်အကြောင်းတစ်ခုမှာ အလာခရီးတွင်ဖြတ်သန်းလာခဲ့သော နိုင်ငံနှင့် ဒေသဝန်းကျင်များအတွင်း ရှန်ကျဲကို မည်သူမည်ဝါဟု သိထားကြပြီးဖြစ်သောကြောင့် ဖြစ်လေသည်။ အလာခရီးတွင် အနောက်ဘက် တာ့(ခ)တို့၏ ခန်းမင်းကြီးကိုသာမက တာဖန် (Turfan)ဘုရင်၊ စမာခန် (Samarkand)ဘုရင်တို့နှင့် တွေ့ဆုံနီးနှောခဲ့ရသည်။ ထိုမျှသာမဟုတ်သေး။ အခြားသော အငယ်စားပြည့်ရှင်မင်းများ၊ စော်ဘွားစောကန်များ၊ ဘာသာရေးခေါင်းဆောင်များနှင့်လည်း တွေ့ဆုံခဲ့ရသည်ဖြစ်ရာ ရှန်ကျဲ၏ အပြန်လမ်းခရီးမှာ ပိုမိုအဆင်ပြေသည်ဟု ဆိုရမည်ဖြစ်သော်လည်း အန္တရာယ်ကင်းလှသည်ဟူ၍ကား မဆိုနိုင်။ အိန္ဒိယမှ ပြန်မည်အပြု ၆၄၂ ခုနှစ်တွင် ဘုရင် ဟာသျှ[၄] (Harsha)က တောင်းပန်လျှောက်ထားသည်နှင့် ဘာသာရေးမျိုးစုံ ဆွေးနွေးပွဲကြီးသို့ တက်ရောက်နေရသဖြင့် ကြန့်ကြာသွားခဲ့ရသေးသည်။ ထိုဘာသာစုံ ဆွေးနွေးနှီးနှောဖလှယ်ပွဲဖြစ်မြောက်ရသည်မှာ နာလန္ဒာတွင် ရှန်ကျဲပြုစုသော 'အဝိဇ္ဇာ၏ ဖျက်ဆီးမှု' ကျမ်းကို ဖတ်ရှုပြီးနောက် ဘုရင်ဟာသျှက ဝမ်းမြောက်သဖြင့် စီမံပြုလုပ်ပေးသောပွဲဖြစ်၏။ ဘုရင်ဟာသျှက သူ၏ မှူးကြီးမတ်ရာတို့အား 'နေထွက်လာသည့်အခါ ပိုးစုန်းကြူးတို့၏ အလင်းရောင် ပျောက်ကွယ်ရချေသည်။ ကောင်းကင်ယံမှ မိုးကြိုးပစ်သံကြား

www.burmeseclassic.com

ရောက်သည့်အခါ တူသံပေသံတို့ ငြိမ်သက်သွားတော့သည်။ ထို့အတူပင် ဆရာအရှင်၏ တရားလမ်းစဉ်နှင့် ယှဉ်လေသော် အခြားသောလမ်းစဉ်တို့မှာ ပျက်စီးချုပ်ငြိမ်းသွားရတော့သည်' ဟု ပြောကြားခဲ့ဖူးသည်။ ၆၄၃ ခုနှစ်[၁] အိန္ဒိယမှအပြန်တွင် ဘုရင်ဟာသျှနှင့် အာသံဘုရင်တို့ကိုယ်တိုင် မြင်းစီးကာ ရွှန်ကျကို နယ်စပ်အထိ လိုက်လံပို့ဆောင်ကြလေသည်။

သို့ရာတွင် အပြန်ခရီးမှာ လုံးဝချောမောလှသည်ဟု မဆိုနိုင်။ သူခိုးဓားပြများကို ရင်ဆိုင်ရ နည်းသွားသော်လည်း သဘာဝတရားကို လွယ်လွယ်မကျော်လွှားနိုင်။ အိန္ဒိယနိုင်ငံမှ အထွက် အိန္ဒုမြစ်ကိုဖြတ်အကူးတွင် မြစ်လယ်တွင် မုန်တိုင်းနှင့် တိုးသဖြင့် ကူးယူလာသော ပိဋကတ်တော်အချို့ မြစ်ထဲကျသွားခဲ့လေသည်။ ထို့ကြောင့် ရွှန်ကျက သူနှင့်အတူ အိန္ဒိယမှ လိုက်ပါလာသော ရဟန်းအချို့ကို ဥဒယနသို့ပြန်ခိုင်းပြီး ကူးယူစေခဲ့ရပြန်သည်။ ထို့နောက် ကက်ရှဂါ (Kashgar) (ယနေ့ တရုတ်နိုင်ငံ၏ အနောက်ဘက်အစွန်ဒေသ။ ဝီဂါ (Uygur) လူမျိုးအများစုနေထိုင်ရာ ရှင်ကျန့်ပြည်နယ်။)မှတစ်ဆင့် တောင်ဘက်ပိုင်း ပိုးလမ်းမကြီးအတိုင်း ပြန်ခဲ့လေသည်။ ထာခလာမာကန်သဲကန္တာရ၏ တောင်ဘက်ပိုင်းလည်း ဖြစ်သည်။ ထိုလမ်းကြောင်းမှာ နောက်ပိုင်း၌ မာကိုပိုလိုက တရုတ်နိုင်ငံသို့ သွားရာတွင် အသုံးပြုခဲ့လေသည်။ ကက်ရှဂါသို့ မရောက်မီ လမ်းခရီးမှာ အဓိကပြဿနာဖြစ်သည်။ ပြဿနာမှာ (ယနေ့ ကာလ အာဖဂန်နစ္စတန်နိုင်ငံတွင် ရှိနေသော) ဟိန္ဒူ ကွတ်(ရှ) တောင်တန်း (Hindu Kush)ကို ဖြတ်ရခြင်းဖြစ်သည်။ ထိုဒေသကို ပါမီးယားချည်ထုံးဟု ခေါ်ကြသည်။ အကြောင်းမှာ ပါမီးယားတောင်တန်း (Pamir mountains)နှင့် အခြား တောင်ရိုးများကို ချည်ထုံးထားသကဲ့သို့ ဖြစ်နေသောကြောင့် ဖြစ်သည်။ ကျဉ်းသည့်တောင်ကြားကို အသုံးပြုကာ ဖြတ်သန်းသွားလာကြသည်ဖြစ်စေ၊ တောင်တက်တောင်ဆင်းများကို ကျော်လွှားကြရသည်ချည်း။ တောင်တက်တောင်ဆင်း မရှိဘဲ သွားနိုင်သော လမ်းမရှိ။ သို့ဖြစ်လေရာ တောင်ရိုးကို ကျော်ပြီးသော် တာ့(ရှ)ကာခန်မြို့ (Tashkurghan)တွင် တစ်လနီးပါး ရွှန်ကျ နားနေလိုက်ရသည်။ တာ့(ရှ)ကာခန်မှ ကက်ရှဂါသို့ အသွားတွင် ဓားပြများနှင့် တိုးပြန်သည်။ ပြေးရင်းလွှားရင်း အိန္ဒိယနိုင်ငံမှ ဘုရင်ဟာသျှ လှူဒါန်းလိုက်သော ဆင်ကြီးမှာ ချောက်ထဲကျ သေဆုံးသွားရပြန်သည်။ ကက်ရှဂါတွင် ဟီနယာန ဗုဒ္ဓဘာသာဝင် အများစုရှိလေသည်။ ထို့နောက် ကုန်သည်များသွားရာ ကုန်သည်လမ်းကြောင်းအတိုင်း ကက်ရှဂါမှ ခိုတန် (Khotan)သို့ ခရီးဆက်ပြန်သည်။ ခိုတန်တွင် မဟာယာန ဗုဒ္ဓဘာသာဝင် များသည်။ ဘုန်းကြီးကျောင်းပေါင်း တစ်ရာခန့်ရှိပြီး သင်္ကန်းဝတ် ငါးထောင်ခန့်ရှိလေသည်။ ခိုတန်တွင် ရှိနေစဉ် ခိုတန်ပြည့်ရှင် (ခိုတန်မှာ ထိုစဉ်က သီးခြား မင်းနေပြည် မြို့ပြနိုင်ငံတစ်ခု ဖြစ်သည်။ တရုတ်(ထန်မင်းဆက်)လက်အောက်ခံ မဟုတ်။)နှင့်တကွ သင်္ကန်းဝတ်များ၊ အရပ်သူ အရပ်သားများကို နေ့စဉ်လိုပင် ဟောပြောခဲ့ရလေသည်။

ခိုတန်တွင် ရောက်နေစဉ် ချန်အန်းသို့သွားမည့် ကုန်သည်တစ်စုနှင့် ဆုံလေရာ ရွှန်ကျက ထန်ဧကရာဇ်မင်းမြတ်အား ဆက်သရန် စာတစ်စောင်ပေးလိုက်သည်။ သူ ထွက်လာခဲ့စဉ်က ဧကရာဇ်မင်းမြတ်၏ တားမြစ်ချက်ကို လက်မခံဘဲ ထွက်လာခဲ့သည်ဖြစ်ရာ သူ့အနေဖြင့် အသိပေးလိုက်သည့်သဘော ဖြစ်သည်။ ထိုစာတွင် ထန်ဧကရာဇ်မင်းမြတ်၏ နိုင်ငံတော်အတွက် ဗုဒ္ဓကျမ်းဂန်များ သယ်ယူလာခဲ့ကြောင်းလည်း ပါသည်။ ထန်ဧကရာဇ်မင်းမြတ်မှာ ထိုစဉ်က အိန္ဒိယနိုင်ငံမှ ဘုရင်ဟာသျှနှင့်လည်း သံတမန်ဖလှယ်နိုင်သည့် အနေအထား ရောက်ရှိနေခဲ့ပြီဖြစ်ရာ ရွှန်ကျ၏ အခြေအနေကို သိနှင့်ခဲ့ပြီး ဖြစ်လေသည်။ စာကြဲပါးလိုက်သည့် ကုန်သည်မှာ ခိုတန်သို့ ခုနစ်လ၊ ရှစ်လခန့်အကြာတွင် ပြန်ရောက်လာခဲ့သည်။ ထန်ဧကရာဇ်မင်းမြတ်ထံမှ ရွှန်ကျအတွက် စာကြဲပြန်ပါလာခဲ့လေသည်။ ထိုစာတွင် အပြန်လမ်းခရီးတွင် ဘုန်းတော်ကြီး ရွှန်ကျ ဖြတ်သန်းမည့် အရပ်ဒေသများမှ အုပ်ချုပ်သူများထံ ထန်ဧကရာဇ်မင်းမြတ်က လိုအပ်သည်များကို ကူညီထောက်ပံ့ကြရန် ညွှန်ကြားထားကြောင်းပါသည်။ ထန်ဧကရာဇ်မင်းမြတ်ထံမှစာကို လက်ခံရပြီး မကြာမီ ခိုတန်မှ ရွှန်ကျထွက်ကာ အိမ်အပြန်ခရီး ဆက်လေသည်။ ခိုတန်မှ ထွက်သော် ထာခလာမာကန် သဲကန္တာရကို ဖြတ်ရတော့သည်။ သဲကန္တာရ၏ တောင်ဘက်အဖျားပိုင်းဟု ဆိုရမည်။ အသွားခရီးတွင် သဲကန္တာရကို မြောက်ဘက်မှ ပန်း၍လာခဲ့သည်ဖြစ်ရာ ဂိုဘီ/ဂဘိ သဲကန္တာရ戈壁沙漠 (Gobi Desert)၏တောင်ဘက်ပိုင်းမှ ဖြတ်လာခဲ့ရသည်။ ထာခလာမာကန်သဲကန္တာရမှာ 'အဝင်သာရှိသည်၊ အထွက်မရှိ'ဟု တွင်သော သဲကန္တာရ။

ရွှန်ကျရေးခဲ့သော ခရီးသွားမှတ်တမ်းတွင် ထာခလာမာကန်သဲကန္တာရမှ အတွေ့အကြုံကို ဤသို့ရေးခဲ့သည်-

*သဲများမှာ နေရာအနှံ့။ လေသယ်ရာနောက်သို့ပါပြီး စုပုံနေသည်။ ခရီးသွားတို့ သွားခဲ့သော ခြေစလက်စ လမ်းရာဟူ၍ မရှိ။ လမ်းပျောက်ကြသဖြင့် လမ်းပြလမ်းညွှန်မရှိဘဲ ဟိုဘက်ဒီဘက် စိတ်ထင်ရာသွားကြရင်း လမ်းပျောက်ကြရပြန်သည်။ ရေမရှိ။ သစ်ပင်ချုံနွယ်မရှိ။ လေပူများသာ မကြာခဏ တိုက်ခတ်နေသည်။ လေအားကောင်းလာသော် လူရော တိရစ္ဆာန်များပါ ဘာလုပ်ကြရမည်ကို မသိတော့။ မသွားတတ် မလာတတ်ဖြစ်ကုန်ကြတော့သည်။ ညည်းတွားသံများ၊ ကြေကွဲစရာကောင်းသည့် အသံများကို လေထဲတွင် မကြာခဏ ကြား လာရတတ်သည်။ သဲကန္တာရထဲမှ ထွက်ပေါ်လာသော အသံ များ၊ မြင်ကွင်းများကြောင့် ဘယ်သွားရမည်ကို မသိကြ။ သို့ဖြင့် ခရီးသွားအများမှာ သဲကန္တာရထဲတွင် ပျောက်ဆုံးသွားကြရကုန်တော့သည်။*

ထိုအချက်ကို မာကိုပိုလို ရေးခဲ့သော မှတ်တမ်းနှင့် ယှဉ်ကြည့်သင့်သည်ဟု ထင်သည်။ မာကိုပိုလိုက-

www.burmeseclassic.com

*လေထဲတွင် အသံများကြားနေရတတ်သည်။ သူတို့၏ ခရီးသွားဖော်များအသံဟု ထင်ရသည်။ သူတို့၏ နာမည်များ ကိုပင် ခေါ်နေသယောင် ကြားလာရသည်။ အသံကြားရာ နောက်သို့လိုက်ရင်း လမ်းပျောက်သွားရကာ အစာမရှိ၊ ရေ မရှိဖြင့် သေဆုံးသွားကြရတော့သည်။ တစ်ခါတစ်ရံ တူရိယာ မျိုးစုံဖြင့် တီးမှုတ်နေသံမျိုးကို လေထဲတွင် ကြားလာရတတ် သည်။*

ထာခလာမာကန်သဲကန္တာရမှာ လှည့်ဖြားတတ်သော သဲကန္တာရတစ်ခုဟု တွင်လေသည်။ ရှန်ကျသည် မာယာပေါသော ထာခလာမာကန်သဲကန္တာရကိုဖြတ်ကာ နီယာ(ယနေ့ခေတ်အခေါ် ကျင့်ကျူ)မြို့မှတစ်ဆင့် ထန်ဧကရာဇ်မင်းမြတ်၏ အင်ပါယာ အတွင်းရှိ တန်ဟောင်သို့ ရောက်လေ၏။

တန်ဟောင်မှာ ပိုးလမ်းမကြီး၏ လမ်းဆုံတစ်နေရာဟု ဆိုရပေမည်။ တန်ဟောင်၌ ရှိနေစဉ် ရှန်ကျက ထန်ဧကရာဇ် မင်းမြတ်ထံ စာတစ်စောင် ရေးသားပေးပို့ခဲ့ပြန်သည်။ အဓိက အချက်မှာ သူသယ်ဆောင်လာသော ဗုဒ္ဓကျမ်းဂန်များနှင့် ရုပ်တုတော်များကို နိုင်ငံတော်အတွက် လှူဒါန်းလိုကြောင်း ဖြစ်သည်။ ချန်အန်းသို့ ရှန်ကျ ပြန်ရောက်သည့်အခါက ဧကရာဇ်မင်းမြတ်မှာ မြောက်ဘက်ဒေသသို့ စစ်ထွက်နေသည် ဖြစ်ရာ သူ၏ မင်းကြီးသက်တော်ရှည်တစ်ဦးအား ကြိုဆိုရန် တာဝန်ပေးထားခဲ့သည်။ စစ်မြေပြင်မှ ပြန်ရောက်လာသည်နှင့် ဧကရာဇ်မင်းမြတ်က ရှန်ကျကို ပင့်ဖိတ်တွေ့ဆုံစကားပြော လေသည်။ ထန်မင်းနေပြည်တော်၏ ဒုတိယမြို့တော်ဖြစ်သော လူ(အို)ယန်တွင် ရှန်ကျနှင့် တွေ့ဆုံရာ၌ 'ခင်ဗျား(အိန္ဒိယကို)

**ငန်းရိုင်းစေတီကြီးမှာ ရှိအန်းမြို့တွင် ယနေ့တိုင် ရှိနေသေးသည်။ သက်န်းဝတ်များ သီတင်းသုံးရာ ကျောင်းတိုက်ကြီးမှာ အဝင်ဝ၏ ညာဘက်ထဲတွင် သီးခြားဝင်းတစ်ခုအတွင်း၌ ရှိသည်။ ယခုအခါ စေတီ၏ ရှေ့ဘက်(စေတီရှိရာဝင်း အတွင်းသို့ မဝင်မီ)တွင် အနောက်ဘက်သို့ ကြွလှမ်းဟန်ပြနေသော ရှန်ကျရုပ်တုကြီး ထုလုပ်ထားရှိသည်**

ခရီးထွက်သွားတာ ကျုပ်ကို ဘာလို့ အသိမပေးသလဲ'ဟု ဧကရာဇ်မင်းမြတ် ထန်ထိုက်ကျုံက မေးသည်။ 'ကျုပ် ခရီး မထွက်ခင် ပြင်ဆင်နေတုန်း အရှင်မင်းကြီးထံ စာ အကြိမ်ကြိမ် ပို့ခဲ့ပါတယ်။ ကျုပ် ခရီးစဉ်ဟာ ပြောပလောက်အောင် ကြီး ကျယ်တဲ့ကိစ္စ မဟုတ်လေတော့ နိုင်ငံတော်က စာတစ်တန် ပေတစ်တန်နဲ့ ခွင့်ပြုချက်ရယူနေစရာ မလိုဘူးထင်တယ်။ ကျုပ် ဟာ တရားမွေနဲ့ ဥပဒေသများကို ရိုးရိုးသားသားနဲ့ ဖွေရှာနေတဲ့ လူသားဖြစ်လို့ တိုးတိုးတိတ်တိတ်ပဲ ထွက်ခွာသွားတာပါ။ မင်းတရားကြီးအနေနဲ့ ကျုပ်ကို ခွင့်လွှတ်ပါ'ဟု ရှန်ကျက ဖြေလေသည်။ ထိုအခါ ထန်ဧကရာဇ်မင်းမြတ်က 'ခင်ဗျားဟာ သင်္ကန်းဝတ်။ လူဝတ်ကြောင်မဟုတ်တော့ ဒီကိစ္စဟာ တစ်မျိုး တည်းမဟုတ်ဘူး။ ဒီပြင် ခင်ဗျားဟာ အသက်ကိုစွန့်ပြီး လူ အများရဲ့ အကျိုးစီးပွားအတွက် တရားမွေနဲ့ ဥပဒေသတွေ ရှာဖွေရအောင် ခရီးထွက်သွားခဲ့တာ။ ဒီတော့ ကျုပ်ကို ခွင့် လွှတ်ပါလို့ ခွင့်တောင်းနေစရာ မလိုဘူး'ဟု ဖြေလေသည်။

ဤတွင် ရှန်ကျကို ပိုမိုတန်ဖိုးထားရန်၊ လေးစားရန် အကြောင်းတစ်ခု ပေါ်လာပြန်သည်။ ထန်ဧကရာဇ်မင်းမြတ် ထန်ထိုက်ကျုံမှာ ဗုဒ္ဓဘာသာဝင်တစ်ဦး မဟုတ်။ ကွန်ဖြူ ရှပ်(စ)/ဆရာကြီးကောင်းဇ၏ အမြင်၊ သင်ကြားပို့ချမှုများကို လက်ခံထားသူဖြစ်သည်။ သို့ရာတွင် ရှန်ကျနှင့် တွေ့ဆုံဆွေး နွေးပြီးနောက် ဗုဒ္ဓဝါဒအကြောင်း စာအုပ်ရေးရန် တိုက်တွန်း ခဲ့လေသည်။ ထိုမျှသာမက ရှန်ကျအား နိုင်ငံတကာ ဆက်သွယ် ရေး၊ စစ်မက်အရေးတို့တွင် အကြံပေးရန် စကားဆိုသည် (ယနေ့ခေတ်စကားအရသော် အကြံပေးအရာရှိခန့်လိုသည်။)။ ရှန်ကျက လက်မခံ။ သူသည် ငယ်စဉ်တောင်ကျေးကတည်း က သင်္ကန်းဝတ်ဖြင့်နေလာခဲ့သူဖြစ်သဖြင့် ဧကရာဇ်မင်းမြတ် အား အကြံပေးရမည်ဆိုသော် လူဝတ်လဲရပေမည် (သင်္ကန်း ဝတ်က လူ့ကိစ္စများတွင် ပါဝင်ပတ်သက်ရန် မလိုဟု၊ ဝိနည်း နှင့်အညီ နေလိုသူသာဖြစ်ကြောင်းကို ဆိုသည်။)။ စစ်ရေး နိုင်ငံရေး၊ လူမှုဆက်ဆံရေး စသော တိုင်းရေးပြည်ရေးကိစ္စများ မှာ သင်္ကန်းဝတ်၏ အလုပ်မဟုတ်ဟု မြင်သည်။ ထိုသို့ပြုသော် လှေကို ရေထဲက ဆွဲယူလာပြီး ကုန်းပေါ်တင်ထားသည်နှင့်သာ တူပေမည်ဆိုလေသည်။ ထိုမျှသာ မဟုတ်သေး။ အရှေ့ဘက် ဒေသများသို့ စစ်ထွက်ရာ အပြန် ဧကရာဇ်မင်းမြတ်က သူ ကမ်းလှမ်းဖူးသော ရာထူး လက်ခံရန် ထပ်မံပြောကြားပြ သေးသည်။ ရှန်ကျက လက် မခံ။ ဤအချက်မှာ အလွန်လေး စားထိုက်သောအချက်ဖြစ်သော သည်။ သက်ဦးဆံပိုင်စနစ် ထွန်း ကားရာကာလတွင် ဧကရာဇ် မင်းမြတ်တို့၏ အကြံပေး ပုဂ္ဂိုလ် ဖြစ်ရသည်မှာ ဧကရာဇ်မင်းတစ်ပါးဖြစ်ရခြင်းနှင့် အတူတူ ဟု အဆိုရှိလေသည်။ ရှန်ကျကမူ သင်္ကန်းဝတ်တစ်ဦးအနေဖြင့် သူလုပ်ကိုင်ရန် ဦးတည်ရည်ရွယ်ထားသော ဗုဒ္ဓကျမ်းဂန်များ အား ဘာသာပြန်ရန်နှင့် ပြန့်ပွားအောင် လုပ်ဆောင်ရန်ကိုသာ သူ့အလုပ်ဟု မြင်သည်။ သူ့တာဝန်ဟု ခံယူသည်။ သူသည် သာသနာ့ဝန်ထမ်းတစ်ဦးသာ ဖြစ်သည်။ ပရိယတ်၊ ပဋိပတ် တို့ဖြင့် သာသနာကို ထိမ်းကျောင်းပြန့်ပွားစေသည်။ သာသနာ က သူ့ဝန်ကိုထမ်းရန် မလို။ ဆိုလိုသည်မှာ ဘာသာရေး အသုံးချကာ(ခုတုံးလုပ်ကာ)သူ၏ ပုဂ္ဂလိက အကျိုးစီးပွား



www.burmeseclassic.com

www.burmeseclassic.com

ကြီးပွားရာကြီးပွားကြောင်း၊ အောင်မြင်ရာ အောင်မြင်ကြောင်း၊ ဩဇာအာဏာကြီးထွားကာ မင်းရေး၊ ပြည်ရေးများတွင် လွှမ်းမိုးနိုင်အောင်လုပ်ရမည့်အကြောင်းများကို လုပ်ရန်မလိုဟုသောအမြင်ကို လက်ခံထားခြင်းဖြစ်သည်။ မင်းမိန့်၊ မင်းအာဏာကို အသုံးပြုကာ တိုင်းရေးပြည်ရေးတွင် ဝင်ရောက်ခြယ်လှယ်ရန်ဆိုသည်မှာ သင်္ကန်းဝတ်တစ်ဦး၏ အလုပ်မဟုတ်ဟု လက်ခံထားသောအမြင်ပင် ဖြစ်သည်။

ရှန်ကျုသည် သင်္ကန်းဝတ်ထားသော 'လူသား'တစ်ဦးအနေဖြင့် သူလျှောက်ချင်သည့်လမ်း၊ သူ့ဦးတည်ရည်မှန်းချက်ရှိသည့်အတိုင်း လမ်းဆုံးအထိ လျှောက်ခဲ့ပေသည်။ လမ်းဆုံးလျှောက်သည့်ခရီးသည်ဖြစ်သည်။ တစ်ဆယ့်ခြောက်နှစ်ကျော်ကြာအောင် ခရီးသွားခဲ့ပြီးနောက် ချန့်အန်းတွင် သူသယ်ဆောင်လာသောကျမ်းဂန်များကို ဘာသာပြန်လေသည်။ သူသည် ခရီးသည်ဆိုကာမျှ မဟုတ်၊ အပနှင့်အတွင်း ခရီးနှစ်ခုလုံး သွားခဲ့သောသူသာဖြစ်သည်။ ခရီးနှစ်ခုစလုံးမှာ အဆုံးအထိသို့ သွားရသောခရီးများသာ ဖြစ်ပေသည်။ ၆၄၈ ခုနှစ်တွင် ချန့်အန်းမြို့၏ အနောက်တောင်ဘက်တွင် မိခင်မေတ္တာဟု အမည်ပေးထားသော စံကျောင်းကြီးတစ်ခု ဆောက်လုပ်ပြီးစီးခဲ့သည်။ ထိုကျောင်းတိုက်ကြီးတွင် ရှန်ကျုကို ဆရာတော်ကြီး ခန့်အပ်ရန် အိမ်ရှေ့စံမင်းသားက စီစဉ်သော်လည်း ရှန်ကျုက ငြင်းသည်။ သူ၏ ဘာသာပြန်လုပ်ငန်း၌ပင် ကျေနပ်အားတိမ်နေလေသည်။ နောက်နှစ် (၆၄၉ခုနှစ်)တွင် ထန်ဧကရာဇ်မင်းမြတ် ထန်ထိုက်ကျုံ နတ်ရွာစံလေသည်။ ထိုအခါ သူ၏ နဝမမြောက်သားသော် လိကျို 李治 က ထန်ဂေါက်ကျုံ 唐高宗 ဘွဲ့ခံကာ ဧကရာဇ်မင်းမြတ် ဖြစ်လာလေသည်။ ထန်ဂေါက်ကျုံအား ကျောင်းဝင်းကြီးအတွင်း၌ စေတီတစ်ဆူတည်ဆောက်ရန် ရှန်ကျုက ပန်ကြားလေသည်။ အဓိကအကြောင်းတစ်ခုမှာ အိန္ဒိယနိုင်ငံမှ သယ်ဆောင်လာခဲ့သော ကျမ်းဂန်များနှင့် ရုပ်တုတော်များကို ထားသိုနိုင်ရန်ဖြစ်သည်။ ဧကရာဇ်မင်းမြတ်မှာ သူ့ဖခင်ကဲ့သို့ ဗုဒ္ဓဘာသာတွင် စိတ်ဝင်စားလှသည် မဟုတ်သော်လည်း ရှန်ကျု၏ ပန်ကြားချက်ကို လက်ခံခဲ့သည်။ သူ့မယ်တော်ကို အမှတ်တရဖြစ်စေရန် ရည်၍တည်သည်ဟု အဆို ရှိခဲ့သည်(ရှန်ကျုက သူ့ကြောင့်ဟူ၍လည်း မဖြစ်စေခဲ့)။ ရှန်ကျုက အိန္ဒိယနိုင်ငံတွင် တွေ့ခဲ့ရသောစေတီပုံစံအတိုင်း တည်စေသည်။ စေတီတည်သောအခါ ရှန်ကျုက ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်ပြီး အုတ်သယ်လေသည်။ ထိုစေတီမှာ ငန်းရိုင်းစေတီ အကြီးဖြစ်လေသည်။ နှစ်နှစ်အကြာတွင် ပြီးစီးလေသည်။ ၆၆၄ ခုနှစ်တွင် ဘုန်းတော်ကြီး ရှန်ကျု ခန္ဓာဝန်ချတော်မူသည်။ မင်းဧကရာဇ်နှင့် ပြည်သူတို့က အသုဘအခမ်းအနားကို အကြီးအကျယ်လုပ်လိုသော်လည်း အပည့်တပန်း သင်္ကန်းဝတ်များက လက်မခံကြ။ ရှန်ကျု၏ အမှာစကားရှိခဲ့သည်နှင့်အညီ ရုပ်အလောင်းကို သာမန်ဖျာလိပ်ပတ်ကာ မင်းနေပြည်နှင့် ဝေးရာ၊ ကျောင်းသင်္ချိုင်းများနှင့် ဝေးရာ တောင်ကျချောင်းကလေးတစ်ခုအနီးတွင် မြှုပ်နှံလိုက်ကြလေသည်။ သို့ဖြစ်လေရာ ယနေ့ကာလတွင် ရှန်ကျု၏ ဂူသင်္ချိုင်းဟူ၍ ပြစရာ မရှိတော့ချေ။

ငန်းရိုင်းစေတီကြီးမှာ ရှီအန်းမြို့တွင် ယနေ့တိုင် ရှိနေသေးသည်။ သင်္ကန်းဝတ်များ သီတင်းသုံးရာကျောင်းတိုက်ကြီးမှာ အဝင်ဝ၏ ညာဘက်ထဲတွင် သီးခြားဝင်းတစ်ခုအတွင်း၌ ရှိသည်။ ယခုအခါ စေတီ၏ ရှေ့ဘက်(စေတီရှိရာဝင်းအတွင်းသို့ မဝင်မီ)တွင် အနောက်ဘက်သို့ ကြွလှမ်းဟန်ပြနေသော ရှန်ကျုရုပ်တုကြီး ထုလုပ်ထားရှိသည်။ စေတီ၏ ပရိဝုဏ်အတွင်းရှိ ကရုဏာရှင်မယ်တော်/ကွမ်ရှီရင် 观世音 ကျောင်းဆောင်တွင် ရှန်ကျု၏ ရုပ်တုများ၊ ပိုးသားဖြင့် ရက်ထားသော ရှေးလက်ရာ ပန်းချီကားများကို ထိမ်းသိမ်းစောင့်ရှောက်ထားသည်ကို တွေ့ရနိုင်သည်။ ကျွန်တော်တို့ သွားရောက်ကြည့်ရှုသောနေ့က လာရောက်ကြည့်ရှုသူ၊ ဖူးမြော်သူ အထိုက်အလျောက်သာ ရှိသည်။ လင်ဒါ၏ အပြောအရ တရုတ်များ ခရီးအသွားအလာများသောကာလဖြစ်သည့် နှစ်သစ်ကူးရက်များ၊ မေလ အလုပ်ပိတ်ရက်များတွင်သော် အတွင်းသို့ဝင်ရန် လက်မှတ်ရဖို့ပင် မလွယ်လှဟု ဆိုသည်။ တစ်မနက်စာနီးပါး ကျောင်းဝင်းကြီးထဲတွင် အချိန်ပေးကြည့်ရှုမိသည်။ ငန်းရိုင်းစေတီကြီး၏ မလှမ်းမကမ်းတစ်နေရာ၌ရှိသော ရေကန်ကလေးအနီးတွင် ထိုင်ကာ နားနေကြစဉ် လားမားတစ်သိုက်နှင့် သူတို့၏လမ်းပြ/စကားပြန်တစ်ဦးလည်း ကျွန်တော်တို့ အနားသို့ ရောက်လာပြီး ထိုင်ခုံလွတ်ကလေးများတွင် ထိုင်ကာ နားနေကြသည်။ ငန်းရိုင်းစေတီကြီးအပေါ် လားမားများက မည်သို့မြင်ကြကြောင်း သိချင်သဖြင့် လင်ဒါမှ တစ်ဆင့် သူတို့လမ်းပြ/စကားပြန် လူငယ်အား မေးကြည့်ခိုင်းလိုက်မိသည်။ အဆင်ပြေသွားသောတစ်ချက်မှာ လားမားကြီးတို့၏ လမ်းပြ/စကားပြန်မှာ အင်္ဂလန်တွင် ပညာသင်ခဲ့ဖူးသူဖြစ်သဖြင့် အင်္ဂလိပ်လို ကောင်းကောင်းပြောနိုင်သူဖြစ်နေခြင်းပင်။ ထို့ပြင် လားမားများအနက် လူလတ်ပိုင်းအရွယ် လားမားတစ်ဦးမှာ အထိုက်အလျောက် အင်္ဂလိပ်စကား ပြောနိုင်သည်။ ထိုလားမားမှာ ဘုရားကျောင်းတော်များကို ထိန်းသိမ်းစောင့်ရှောက်ရသော အဖွဲ့ဝင် လားမားဖြစ်သဖြင့် ဗိသုကာပညာ၊ ရသပညာတို့ကို တီးမိခေါက်မိပုံ ရသည်။ သူက 'ခင်ဗျား အထဲမှာ ဘာတွေ့ခဲ့သလဲ'ဟု မေးသဖြင့် 'ပြောပလောက်တာ ဘာမှ မတွေ့ခဲ့ဘူး'ဟု ကျွန်တော်က ဖြေလိုက်သည်။ ထိုအခါ သူက 'ရှန်ကျုတွေ့စေချင်တာ အဲဒါပဲဖြစ်မယ်။ သုညတရဲ့ သဘောပဲ။ တစ်ဆယ့်ခြောက်နှစ် ခရီးသွားတယ်။ တစ်ဆယ့်ကိုးနှစ် ဘာသာပြန်တယ်။ ပို့ချတယ်။ အဲဒီအကြောင်းတွေကို သူက ဘာမှမပြောခဲ့ဘူး'ဟု ဆိုသည်။ မှန်၏။ ဝိဂါလူမျိုးတို့၏ ဘာသာစကားဖြင့် ရေးသားထားသော ရှန်ကျုအကြောင်းမှအပ အခြားအရေးအသားများတွင် ရှန်ကျု၏ ဘဝဇာတ်ကြောင်းများကို များစွာ မတွေ့ရ။ ထို့ပြင် ကျွန်တော် ဖတ်ရှုဖူးခဲ့သော စာအုပ်

www.burmeseclassic.com

တစ်အုပ်တွင် ရေးသားထားသော အချက်ကို သတိရလိုက်မိသည်။ အိန္ဒိယပုံစံ စေတီတော်များ၏ အတွင်းသဘောအကြောင်း ဖြစ်သည်။ ထို လားမားအမြင်နှင့် တစ်ထပ်တည်းပင်။ 'ရွှန်ကျုဟာ ရိုးသားမှု၊ ရိုးစင်းမှုကို အင်မတန် တန်ဖိုးထားတဲ့ ပုဂ္ဂိုလ်ဖြစ်လေတော့ ဒီပုံစံနဲ့ ဘုရားတည်ခိုင်းတာကိုက ရိုးစင်းမှုကို ဖော်ထုတ်ချင်တဲ့ သဘောပဲ'ဟု လားမားက ထပ်မံပြောပါသည်။ တစ်ဆယ့် ငါးမိနစ်ခန့် ကျွန်တော်တို့ စကားပြောဖြစ်ကြသည်။ ယနေ့ ကာလ၏ ဘာသာရေးနှင့် ယဉ်ကျေးမှု အခြေခံထိန်းကျောင်းမှုအကြောင်းကိုပင် တို့တို့တိတိ ပြောဖြစ်လိုက်ကြသေးသည်။ သူတို့ ထပြန်ခါနီးတွင် လားမားက 'ခင်ဗျားကသာ စိတ်ဝင်စားနေတာ၊ ဟို သစ်ပင်ရိပ်အောက်က ကလေးတွေကဖြင့် ရွှန်ကျု မပြောနဲ့ ငန်းရိုင်းစေတီကြီးရဲ့ နာမည်တောင် သိချင်မှ သိမှာ'ဟု ပြောကာ ရယ်လေသည်။ ကျွန်တော်တို့လည်း ရယ်လိုက်မိကြသည်။ သစ်ပင်ရိပ်အောက်ဆီမှ ဆယ်ကျော်သက်အရွယ် ကျောင်းသူ၊ ကျောင်းသားကလေးတစ်သိုက်မှာမူ လားမားပြောသလို ငန်းရိုင်းစေတီကြီးဆိုသည်မှာ အပျင်းပြေလာစရာနေရာ တစ်ခုဟူ၍သာ ထင်မှတ်ထားကြပုံရသည်။

ကျွန်တော်တို့လည်း အတော်ကြာအောင် ဆက်ပြီး ထိုင်နေမိကြသည်။ ထိုင်နေရင်း မျက်မှောက်ခေတ် တရုတ်လူမျိုး ကဗျာရေးသမား ဟန်တုန်၏ 'ငန်းရိုင်းစေတီကြီးနဲ့ အတော့်ကို ပတ်သက်လို့' 攸关大雁塔 (Great Concern of the Big Wild Goose Pagoda/Concerning the Big Wild Goose Pagoda ကဗျာက ကျွန်တော့်ဦးနှောက်ထဲဆီ ခုန်ပျံဝင်ရောက်လာသည်။ ဟန်တုန်၏ ကဗျာမှာ ဤသို့ဖြစ်သည်။

***ငန်းရိုင်းစေတီကြီးနဲ့ အတော့်ကို ပတ်သက်လို့***

*ငန်းရိုင်းစေတီနဲ့ပတ်သက်လို့*
*ငါတို့ ဘာများ သိနိုင်မှာတဲ့လဲ*
*အဝေးကနေ ဒီကို အပြေးကလေးလာပြီး*
*တက်နေကြပုံက*
*လူစွမ်းကောင်းတစ်ကြိမ် ဖြစ်လိုက်ရသလို*
*လူစွမ်းကောင်းနှစ်ကြိမ် ဖြစ်လိုက်ရသလို*
*မဟုတ်လဲ၊ အကြိမ်ကြိမ်ပဲ*
*ဖြောင့်ဖြောင့်မတွေးနိုင်သူတွေ*
*ဝတုတ်ကြီးတွေ*
*အကုန်လုံး တက်လိုက်ကြတော့တာက*
*လူစွမ်းကောင်း တစ်ကြိမ် ဖြစ်လိုက်ကြရသလို။*
*နောက်တော့ ပြန်ဆင်းလာကြပြီး*
*လမ်းပေါ်ရောက်တော့ ပျောက်သွားကြရော။*
*စွန့်ရဲတဲ့ လူတချို့က တစ်ချီတည်း ခုန်ချလိုက်တော့*
*ပန်းနီနီတစ်ပွင့် ဖြစ်သွားကရော၊*
*လူစွမ်းကောင်းတစ်ယောက် ဖြစ်သွားရော၊*
*ငါတို့ခေတ်ကာလရဲ့ လူစွမ်းကောင်းတွေပဲ။*
*ငန်းရိုင်းစေတီနဲ့ပတ်သက်လို့*
*ငါတို့ ဘာများ သိနိုင်ကြသလဲ။*
*ငါတို့ကတော့ အပေါ်တက်*
*ရှုခင်းကြည့်*
*ပြီးတော့၊ ပြန်ဆင်းလာကြသပေါ့။*

ဟန်တုန်၏ ကဗျာမှာ ကနေ့ကာလ၏ အနေအထားကို ဖော်ထုတ်ထားခြင်း ဖြစ်သည်။ ငန်းရိုင်းစေတီကြီးကို ဇဟိုပြကာ ဖန်တီးတည်ဆောက်ထားခြင်း မှန်သော်လည်း ငန်းရိုင်းစေတီကြီးအကြောင်းမဟုတ်။ ငန်းရိုင်းစေတီကြီး၏ ရုပ်ပိုင်းဆိုင်ရာနှင့် သမိုင်းအရ တည်ရှိနေခဲ့ခြင်းအကြောင်းကို မပြော။ မပြောဟု ဆိုသော်လည်း ငြင်းဆိုသည့်သဘော မဟုတ်။ ကဗျာထဲက အသံမှာ ကျွန်တော်နှင့် လားမားဘုန်းကြီးတို့၏ အနေအထားမျိုးမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ကဗျာက 'ရှိနေခြင်း'နှင့် 'ဖြစ်နေခြင်း'နှစ်ခုစလုံးကို 'ပြ'ထားလေသည်။ 'ဖြစ်သင့်ခြင်း'ကို မပြောခဲ့။ ကဗျာဖတ်သူအတွက် ထားရစ်ခဲ့သည်။ ရေးသားထားပုံမှာ 'ပြရုံပြ၊ ရှင်းမနေနဲ့(ရေးပြီး ရှင်းပြမနေနဲ့)' Show, don't tell ဆိုသော ဖော်ထုတ်တင်ပြမှုစနစ်ဖြစ်သည်။ ငန်းရိုင်းစေတီကြီးမှာ တစ်နည်းအားဖြင့် ရွှန်ကျုကို ကိုယ်စားပြုထားသော ရုပ်ဝတ္ထုအခြေခံ အဆောက်အအုံတစ်ခုသာ ဖြစ်သည်။ ရွှန်ကျုကို တရုတ်များသာမက အခြားလူမျိုးများကပါ လူစွမ်းကောင်းဟု လက်ခံထားကြသည်။ သို့ရာတွင် 'မော်'လွန်ကာလတွင် လူစွမ်းကောင်းဆိုသော အသုံးအနှုန်းကို အနက်ယူ မှားလာခဲ့ကြသည်။ လူတိုင်းက လူစွမ်းကောင်းဖြစ်ချင်လာကြသည်။ ရွှန်ကျုမှာ လူစွမ်းကောင်းဖြစ်ချင်သူမဟုတ်။ သူ လုပ်သင့်သည်ဟု လက်ခံထားသည်ကိုသာ လုပ်ကိုင်ခဲ့သူဖြစ်သည်။ သို့သော် ထိုအပြုအမူနှင့် အားထုတ်မှုတို့ကို ယနေ့လူများ မသိကြ။ ထို့ကြောင့်ပင် ကဗျာ၏ ခေါင်းစဉ်၌ 攸关 (Of great concern ။ ဤနေရာတွင် concern ကို စိတ်ပူတယ်ဟု အနက်မယူပါ။)ကို ထည့်ထားလေသည်။ ကဗျာထဲ၌ 'ငန်းရိုင်းစေတီနဲ့ပတ်သက်လို့/ ငါတို့ဘာသိနိုင်ကြသလဲ၊ …'ဆိုသည်ကို ဆင့်ကဲ မေးထားလေသည်။ ကဗျာထဲကအသံ '…သိနိုင်သလဲ'သည် ယနေ့ကာလ၏ လူများကို သရော်နေကြောင်း ကျယ်ကျယ်လောင်လောင် ကြားရနိုင်သည် (သိခဲ့ကြသလား၊ သိခဲ့သည်လား၊ သိကြသလား၊ သိကြရဲ့လား… ဟု မဆို။)။ သိနိုင်သည်များ ရှိနေသော်လည်း မသိကြခြင်းက 'သာ'ဖြစ်ရှိနေသည်။ အားထုတ်ခြင်း ကင်းမဲ့နေကြသည်ကို ဖော်ထားသည်။ ယနေ့ကာလ လူများအနေဖြင့် ရှိပင်ရှိနေလင့်ကစား သိစရာရှိသည်များကို မသိကြ။ အားထုတ်မှု နည်းပါးကြကုန်ပြီ ဖြစ်၏။ အများစုမှာ (ကဗျာထဲတွင် ရေးသားထားသည့်ကဲ့သို့) ငန်းရိုင်းစေတီကြီး အပေါ်တက်။ အပေါ်မှလှမ်းပြီး ရှုခင်းကြည့်။ ပြန်ဆင်းလာ။ ထို့ထက် မပိုတော့။

ကျွန်တော့်အတွက်မှာမူ ဟန်တုန်၏ ကဗျာက ငန်းရိုင်း

www.burmeseclassic.com

စေတီကြီးနှင့် ရှန်ကျတို့ကို ပိုပြီး စိတ်ဝင်စားလာစေခဲ့သည်။ ရှန်ကျ၏စိတ်ထားကိုလည်း တန်ဖိုးထားကာ လေးစားနေမိသည်။ ဘာသာရေးကို အခွင့်အရေးတစ်ရပ်အဖြစ် သုံးစွဲကာ မိမိ၏ ပုဂ္ဂလိက ကိုယ်ကျိုးစီးပွားကို (အခွင့်အရေးရသည့်တိုင်)မတည်ဆောက်ခဲ့သော ရှန်ကျကို တန်ဖိုးမထားဘဲ လေးစားဘဲ မဖြစ်နိုင်။ လမ်းဆုံးအထိ ခရီးထွက်ခဲ့သော ရှန်ကျကို ကိုယ်စားပြုနေသော ငန်းရိုင်းစေတီကြီးမှာ လူများစွာတို့အတွက် သတိတရား တစ်စုံတစ်ရာကို ဖြစ်စေနိုင်သော (တစ်နည်း ပြန်လည် ဖော်ထုတ်လာစေနိုင်သော) အဆောက်အအုံကြီး(အဆောက်အဦ မဟုတ်ပါ။) တစ်ခုဖြစ်ပေသည်။ ခင်စစ် သမိုင်း၏ 'ဖြစ်-ရှိ'နေခြင်းနှင့် ဖြစ်-ရှိနေခဲ့ခြင်း အလုံးစုံတို့၏ အတွင်းမှ လူသားတစ်ဦး၏ အတွင်းနှင့်အပ နှစ်ခုစလုံးတွင် လမ်းဆုံးအထိ သွားခဲ့ပုံကို 'အပြ'ဖြင့် တည်ဆောက်ထားခဲ့သော အထောက်အထားတစ်ခုဟု ဆိုရပေတော့မည်။

■

## မြင့်သန်း

*၁။ မြန်မာ့သမိုင်းတွင်သော် ပုပ္ပါးစောရဟန်းလက်ထက်။ (ကြည့်ပါ။ မှန်နန်းရာဇဝင်တော်ကြီး၊ ပထမတွဲ။ မိဘဂုဏ်မှူ။ မိတ္ထီလာမြို့။ ၁၉၅၇။ စာ၊ ၂၃၈-၉။ History of Burma. G.E Harvey.Frank Cass & Co.,Ltd.Londan. ၁၉၆၇။ စာ၊ ၁၆။)*

*၂။ ဤတွင် မြန်မာ-တရုတ်ပညာရှင် ချင်ရည်စိန်(၁၉၂၄-၂၀၀၅)၏ အယူအဆတစ်ခုမှာ စိတ်ဝင်စားစရာဖြစ်သည်။ Turk ၏ အသံထွက်အမှန်မှာ Trook ဟု ဆိုသည်။ တိဗက်ဘာသာစကားအရ ဒရုဂ် (Drug)ဖြစ်သည်။ ထို့ကြောင့် မြန်မာတို့ခေါ်ဆိုနေကြသော 'တရုတ်'ဆိုသော စာလုံး/စကားလုံးမှာ ထိုစကားလုံးမှ ဆင်းသက်လာခြင်းဟု ဆိုသည်။ အကျယ်ကို 'ခရစ် ၈၀၂ ခုနှစ်၊ တရုတ်နိုင်ငံရောက် ပျူသံအဖွဲ့'။ ဦးရည်စိန်း၏ လက်ရွေးစင် စာတမ်းများ။ ရွှေမင်းသားပုံနှိပ်တိုက်၊ ရန်ကုန်။ ၂၀၀၇။ စာ၊ ၉၄။ အလားတူပင် 'ရှင်ဒိသာပါမောက္ခ ငြိမ်းချမ်းရေးမစ်ရှင်'။ နိုင်ငံသမိုင်း သုတေသနစာစောင် ၁။ စာပေဗိမာန် ပုံနှိပ်တိုက် ရန်ကုန်။ ၁၉၇၇၊ စာ ၄၉ တွင်လည်း တွေ့ရသည်။ 'ရှင်ဒိသာ ပါမောက္ခ ငြိမ်းချမ်းရေးမစ်ရှင်'တွင်သော် ချင်ရည်စိန်က '…ဖြစ်တန်ရာသည်။'ဟု စကားခံရေးခဲ့သည်။ ချင်ရည်စိန် ဆိုလိုခဲ့သော Trook မှာ Turuk များဖြစ်ပေမည်။ Turuk များမှာ မွန်ဂိုလျဒေသတွင် အလယ်ခေတ် ၆ ရာစု၊ ၇ ရာစုကပင် နေထိုင်ခဲ့သော Gok Turk များဖြစ်သည်။ တစ်နည်းအားဖြင့်သော် 'အရှေ့ဘက်မှ တာ့ခ်' (The Eastern Turk)များဟု သတ်မှတ်ခေါ်ဆိုခံကြရသည်။ တာကစ်ရှ် (Turkish) (တူရကီဟု မြန်မာဘာသာစကားတွင် ခေါ်ဝေါ်သော)ဘာသာစကား အခြေခံကို သုံးစွဲသော ယူရေးရှ (ဥရောပ-အာရှ Eurasia)ဒေသတစ်ကြောမှ အင်ဒို-ယူရိုပီယံ (Indo-European များဟု နောက်ပိုင်းတွင် ပညာရှင်များက သတ်မှတ်လာခဲ့ကြသည်။ ကေရာဇ်မင်းမြတ် ထန်ထိုက်ကျုံက ၆၃၀ ခုနှစ်တွင် မွန်ဂိုလျဒေသကို ချင်းနင်းဝင်ရောက်တိုက်ခိုက်ကာ အရှေ့ဘက် တာ့ခ်များကို နှင်ထုတ်ပြီး နယ်မြေများကို သိမ်းပိုက်ခဲ့သည်။ အရှေ့ဘက် တာ့ခ်များမှာ ထန်ဧကရာဇ် မင်းမြတ်လက်အောက်သို့ ကျရောက်သွားရတော့သည်။ ၇၂၀ ခုနှစ်တွင် ထန်မင်းဆက်ကို တော်လှန်ကြကာ ပြည်နယ်ကလေးများ ပြန်လည်ထူထောင်လာကြသော်လည်း တာ့ခ်များအနေဖြင့် မဟုတ်တော့။ ၇၄၅ ခုနှစ်တွင် ဝီဂါနှင့် အော်ဂ်ဟုများ ပူးပေါင်းကာ ဝီဂါအင်ပါယာကို ထူထောင်လာကြသည်။ ၉၀၀ ခုနှစ်ကျော်ကပင် Gok Turk/Turuk များ သမိုင်းဖြစ်စဉ်အတွင်းမှ ပျောက်ဆုံးသွားခဲ့သည်။ အော်တိုမန်အင်ပါယာများ (Ottoman Empires) ကို ထူထောင်ခဲ့ကြသည်မှာ တာ့ခ်များမဟုတ်။ အော်ဂ်ဟု(Oghuz) များသာ ဖြစ်သည်။ မြန်မာပညာရှင်တို့ ဆက်လက် စူးစမ်းနိုးနှောသင့်သော အချက်တစ်ခု ဖြစ်သည်။*

*၃။ ဤတွင် ဆိုလိုသော 'အနောက်ဘက် ခန်မင်းတရားကြီး'မှာ အများသိထားကြသော ဂျင်ဂစ်ခန် မဟုတ်သေး။ ဂျင်ဂစ်ခန်က နှစ်ပေါင်း ငါးရာနီးပါး နောက်ကျသည်။ ရှာပေါ်လော်ကာအ်ဟာန်/ရှာပေါ်လောခန် 沙鉢羅可汗 (Shaboluo Qaghan)ဖြစ်ဖွယ်ရှိသည်။ ၆၃၈-၆၃၉ ခုနှစ်မှစပြီး အနောက်ဘက် တာ့ခ်များကို ပြန်လည်စည်းရုံးခဲ့သူဖြစ်ပြီး တရုတ်ပိုင်နက်များကို ဝင်ရောက်တိုက်ခိုက်ခဲ့သေးသည်။ သို့ရာတွင် ၆၅၈ ခုနှစ်တွင် တရုတ်စစ်သူကြီး စုတင်ဖန်က လက်ရဖမ်းဆီးမိခဲ့သည်။*

*၄။ ဘုရင် ဟာသျှမှာ သမိုင်းတွင် ဟာသျှဝါဒနေဟု တွင်သည်။ ပွတ်သျှဘုတိ မင်းဆက်မှဖြစ်သည်။ တစ်ဆယ့်ခြောက်နှစ်သားအရွယ်ကပင် မဟာရာဇာဖြစ်လာခဲ့သူ ဖြစ်၏။ အိန္ဒိယနိုင်ငံ မြောက်ပိုင်းကို ၆၀၆ မှ ၆၄၇ ခုနှစ်အထိ အုပ်စိုးခဲ့သည်။ သူ၏ ဩဇာအာဏာ အထွတ်အထိပ်သို့ ရောက်နေစဉ်က ယနေ့ အိန္ဒိယနိုင်ငံ၏ ပန်ဂျပ်၊ ရာဂျစ်စတန်၊ ဂူဂျရပ်၊ ဘင်္ဂါ၊ အော်ဓိသျှ ပြည်နယ်များအားလုံးကို အုပ်စိုးခဲ့လေသည်။ နမဒမြစ်၏ မြောက်ဘက်တစ်ခြမ်းလုံး ပါဝင်သည်။ ဟာသျှက ကွဲပြားနေခဲ့သော ပြည်နယ်များကို စုစည်းနိုင်ခဲ့သည်။ နောက်ပိုင်းတွင် ဗုဒ္ဓဘာသာ လက်ခံလာခဲ့သည်။ ဘုန်းတော်ကြီး ရှန်ကျကို အလွန်ရိုသေသူဖြစ်သည်။ ထန်ဧကရာဇ်မင်းမြတ်နှင့် သံတမန် အဆက်အသွယ်ရှိခဲ့သူဖြစ်သည်။ ဟာသျှ နတ်ရွာစံသော် သူ စုစည်းတည်ထောင်ထားခဲ့သော အင်ပါယာလည်း ပြိုကွဲပျက်စီးသွားရတော့သည်။*

*၅။ မြန်မာ့သမိုင်းတွင်သော် ထွန်းချစ်၏သား ရွှေအုန်းသီးမင်းဖြစ်ချိန်။ (ကြည့်ပါ။ မှန်နန်းရာဇဝင်တော်ကြီး၊ ပထမတွဲ။ မိဘဂုဏ် မှူ။ မိတ္ထီလာမြို့။ ၁၉၅၇။ စာ၊ ၂၃၉-၄၀။)။*



www.burmeseclassic.com

www.burmeseclassic.com



တင်းလွန်းသော
လေညှို့မှတစ်ဆင့် အပေါ်သို့
ပစ်လွှတ်တင်လိုက်သော
မြားတစ်စင်း၏သွားရာအတိုင်း
ကျွန်မ တည့်မတ်စွာ ရှိနေသည်။
တောင်ပံနှစ်ဖက်ကို
သစ်ခုံသားခက်၍ အဆုံးမှစ၍ထိ
ကျယ်ပြောနက်ရှိုင်းသော
နိုးကောင်းတင်သို့ ထိုးဖောက်
ဝင်ရောက်နေခြင်းဖြင့်
တိမ်များပေါ်သို့ ကျွန်မ
ရောက်ရှိသွားသည်။
တိမ်လိပ်လွှာများကို
ကျွန်မ စားပါသည်။ အပေါ်သို့
တက်နိုင်သမျှ တက်၍ တိမ်၏
ငွေရောင်အနားကွပ်များကို
မြင်ရပြီးသည့်အချိန်တွင်
မြေပြင်နှင့် ဆန့်ကျင်ဘက်
အရှိန်တစ်ခုသည်
ကျွန်မ ... သွားခဲ့သည်။
ကျွန်မပါးစပ်မှ
ပေကျံနေသောတိမ်စများကို
သယ်ဘက်တောက်ပဖြင့်
ပွတ်သပ်ဖယ်ထုတ်ပြီးသည့်နောက်
ကျွန်မမေ့ကိုယ်သည်လည်း
လေထဲ၌လုံးဝငြိမ်သက်သွားသည်။
ထိုတဒင်္ဂငြိမ်သက်မှုကို



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ အမှန်တကယ်ပင် ဖမ်းဆုပ်နိုင်ပါသည်။

ထို့နောက် လေပေါ်တွင် ကျွန်မ၏လားရာကို လျင်မြန်စွာ ပြောင်းလဲပစ်လိုက်သော အခါ ကျွန်မ၏မြင်ကွင်းသည် ဖြူပြာရောင် မိုးသား မဟုတ်တော့ပါ။ တိမ်တေလေများကို ပြန်လည်ဖြတ်သန်းပြီးသည့်နောက် ကျွန်မ မြင်ရသည်မှာ ခပ်စိမ်းစိမ်းတောအုပ်ကလေးထဲရှိ သစ်ပင်များ၏ ဝေဝါးပုံရိပ်များသာဖြစ်သည်။

ခေါင်းသည် အရှိန်ဖြင့် အောက်ငိုက်စိုက်ကျသွားပြီ။ ဘယ်သောအခါမှ မရပ်တန့်နိုင်တော့ဟု ထင်ရလောက်အောင် အရှိန်ပြင်းပါသည်။ တောင်ပံနှစ်ဖက်၊ ပါးစောင်နှစ်ခု၊ မျက်လုံးနှစ်လုံးတို့သည် လေ၏တိုးဝှေ့မှုကြောင့် ပုံပန်းသဏ္ဌာန် ပျက်မတတ် ထင်ရလောက်ပါသည်။ သို့သော် ကျွန်မ မနာကျင်ပါ။ အကြိမ်ကြိမ် လေ့ကျင့်ထားသော သမ္မာရင့်ငှက်တစ်ကောင်၏ မြေပေါ် ဆင်းသက်နည်းဖြင့် ကျွန်မ ဆင်းနေပါသည်။

ယခု ကျွန်မရောက်တော့မည်။ လေသည် ကျွန်မ နားရွက်များအနီးမှ အဟုန်ဖြင့် ဖြတ်သွားနေပြီ။ သို့သော် မြေသင်းရနံ့ကို ရှူရှိုက်နေရပြီဖြစ်သော်လည်း ရပ်တန့်နိုင်မည့် လှုပ်ရှားမှုတစ်ခုတလေမှ ကျွန်မ မပြင်ဆင်သေးပါ။ သစ်ပင်များ၏ အပေါ်ဘက်တွင် ပျံသန်းနေကြသော ငှက်စုပ်သေးသေးလေးများသည် အရှိန်ဖြင့်ထိုးကျလာသော ကျွန်မကို အံ့သြတကြီးကြည့်နေကြလိမ့်မည်။ သူတို့က ကျွန်မ ခန္ဓာကိုယ်သည် မြေပြင်နှင့် အရှိန်ပြင်းစွာ ရိုက်ခတ်သွားမလားဟူ၍ စိတ်ဝင်တစား စောင့်ကြည့်နေသည်။

> ကျွန်မက ရိုးစင်းသော အတွေးအခေါ်များ နှင့် ရှင်သန်နေသည့် ခပ်ပေါ်ပေါ် ငှက်မတစ်ကောင် မဟုတ်ကြောင်း တစ်တောလုံး သိအောင် ကြေညာခဲ့ဖူးသည် ကျွန်မ၏ ရေးအလားအလာ နေ့ရက်များ အတွက် တိကျခိုင်မာသော ကျွန်မ အကြွင်းမဲ့ ယုံကြည် လက်ခံထားသော နေထိုင်မှုပုံစံ တစ်ခုရှိပြီးသားပင်

လေထဲတွင်ပင် ကျွန်မ ပြုံးလိုက်ပါသည်။ တော၏ အမြင့်ဆုံးဖြစ်သော သစ်တစ်ပင်၏ထိပ်ဖျားအညွန့်အခက်များသို့ရောက်ခါနီးတွင် ကျွန်မသည် ဝပ်ထားသောတောင်ပံနှစ်ဖက်ကို ကျွမ်းကျင်ပိုင်နိုင်စွာဖြန့်ကားလိုက်သည်။ လေသည် ကျွန်မရင်တွင်းသို့ ခိုလှုံပြီးသည်နှင့် တစ်ပြိုင်နက် ကျွန်မ အရှိန်ကို သတ်နိုင်ခဲ့သည်။

နေပြောက်မထိုးသော သစ်ပင်ကြားတွင် နားနေကြသော ငှက်စုပ်သေးလေးများ၏ တီးတိုးရေရွတ်လိုက်သံကို ကြားလိုက်ရသည်။ ဟိုတစ်စဒီတစ်စ အုပ်စုဖွဲ့၍ ရပ်နေကြသော ငှက်များသည် ကျွန်မကို အံ့သြတကြီး ကြည့်နေကြသည်။ တောင်ပံနှစ်ဖက်ကို ခပ်ဖွဖွခတ်၍ သူတို့နှင့် ဝေးရာသို့ ပျံသန်းသွားသောအခါ ရယ်မောလိုက်သံတစ်ခုကို ကြားလိုက်ရသည်။ ကျွန်မ ဥပေက္ခာပြုနိုင်ပါသည်။

ထိုမှနေ၍ ခပ်အုပ်အုပ် သစ်ပင်လေး၏ အထက်နားလေးမှ မြက်ရိုင်းအိမ်ကလေးသို့ ရောက်သောအခါ မနီးမဝေးသစ်ပုပ်ပင်တွင် ကျွန်မကို စောင့်မျှော်ကြည့်နေသူများကို တွေ့လိုက်ရသည်။ ပျော့ပျောင်းနူးညံ့၍ သိမ်မွေ့နက်ရှိုင်းသော၊ ငှက်ပိန်းများ လုံးဝနားမလည်နိုင်သောတေးသီချင်းများကို သီဆိုတတ်သည့် ငှက်ကောင်လေး တစ်ကောင်သည် ကျွန်မ နားဆင်ဖို့တေးသီချင်းများကို စဆိုရန် နှုတ်သီးတပြင်ပြင် ဖြစ်နေလေပြီ။ ခပ်လှမ်းလှမ်းရှိ သစ်ပင်တန်းများတွင် အားပျော့စွာ မှီတွယ်ရပ်နေသော မြက်ငှက်ကလေးတစ်ကောင်မှာတော့ အနားမကပ်ရဲရှာ။

စိမ်းပြာသော အမွေးအတောင်များရှိသည့် ငှက်လုလင်တစ်ကောင်မှာလည်း ကျွန်မကို အစွမ်းကုန် ဖြားယောင်းနေပါသည်။ နီထွေးထွေး သူ့နှုတ်သီးများကြားတွင် ချစ်စဖွယ် ချိုချဉ်အသီးကလေးများကို ကိုက်ချီ၍ ကျွန်မစိတ်ကို ဆွဲဆောင်နေပါသည်။ သူ သွေးဆောင်ရာ ကျွန်မ လိုက်ပါရန် သို့မဟုတ် သူ့ကို အနမ်းပေးရန် မျှော်လင့်ထားပါလိမ့်မည်။ ဝေးသောအရပ်ဒေသတစ်ခုမှ ဆွေမျိုးမိဘများကိုပစ်၍ ကျွန်မ ရင်ခွင်တွင် မှေးစက်နေရန် သူ ရည်ရွယ်ခဲ့ပုံပေါ်သည်။

'မမက သိပ်လှတာပဲ'တဲ့။

သူ့စကားကြောင့် ရှက်သွေးဖြာ၍ မျက်လွှာချရ လောက်အောင် ကျွန်မ ရင်မခုန်တာ သေချာပါသည်။ ကျွန်မသည် ပုရိသငှက်တစ်ကောင်၏စကားကြောင့် စိတ်ကစားတတ်သူတော့ မဟုတ်ပါ။ တေးဆိုတတ်ရုံနှင့်အနမ်းပေးဖို့၊ သေတစ်ပန် သက်ဆုံး ကျွန်မရင်ခွင်ထဲမှာ သူ့ကို ချော့သိပ်နေဖို့အတွက် လုံးဝ မဖြစ်နိုင်ပါ။ (သူ့ရင်ခွင်ထဲမှာ ကျွန်မ ခိုဝင်နေဖို့ရော။) ဤ အရာက ပိုပြီး ဖြစ်နိုင်ခြေ နည်းပါသည်။

ကျွန်မက ရိုးစင်းသော အတွေးအခေါ်များနှင့် ရှင် သန်နေသည့်ခပ်ပေါ်ပေါ်ငှက်မ တစ်ကောင်မဟုတ်ကြောင်း တစ်တောလုံးသိအောင် ကြေ ညာခဲ့ဖူးသည်။ ကျွန်မ၏ရေး အလားအလာနေ့ရက်များ အတွက် တိကျခိုင်မာသော ကျွန်မ အကြွင်းမဲ့ယုံကြည် လက်ခံထားသောနေထိုင်မှုပုံ တစ်ခုရှိပြီးသားပင်။ ကျွန်မ ဘဝ၏ ဖြစ်တည်မှုတွင် အကောင်းဆုံးနေ့ရက်များသာ ဖြစ်လာစေရန် ကျွန်မ အ အမြဲကြိုးစားနေပါလိမ့်မည်။ ထိုအတွက် ကျွန်မမှာ အ မလိုပါ။ လိင်ဆက်ဆံနည်း များကို စိတ်မဝင်စားသော ကျွန်မအတွက် အဖော် သည်မှာ နည်းနည်းမှ



www.burmeseclassic.com

www.burmeseclassic.com

နေပါ။

အချို့က ကျွန်မကို ပုံမှန် မဟုတ်သော ခပ်ကြောင်ကြောင် ငှက်မတစ်ကောင်ဟု သတ်မှတ်ထားကြပါသည်။ ကျွန်မ လက်ခံနိုင်ပါသည်။ ရှေးရှိသရွေ့အချိန်များတွင် ငှက်တစ်ကောင်၏ အမြင့်ဆုံး ခြင်းစွမ်းကိုသာ စဉ်းစားတွေး ခေါ်နေသော ကျွန်မသည် သူတို့ရွတ်ဆိုသော လေးလုံး စပ်ကဗျာများကို လုံးဝစိတ် ဝင်စားနိုင်ပါ။ ကျွန်မက အသက်တွေ့ကိုသာ သဘောကျ နှစ်သက်သူဖြစ်ကြောင်း သူ တို့တစ်ကောင်ချင်းစီကို ပြော ခဲ့ဖူးသည်။

'ကျွန်မ အနားမှာ တစ် သက်လုံးနေပါရစေ' တဲ့။

'ကျွန်မ ယုံကြည်သလို သူ ယုံကြည်ပါမယ်' တဲ့။

စူးရှသော မျက်လုံးများ ရှိသည့် သစ်လုံးငှက်က ထို စကားကိုပြောစဉ် ကျွန်မ နည်းနည်းစိတ်လှုပ်ရှားသွား ကြောင်း ဝန်ခံပါသည်။ ထို အတွက် ကျွန်မကိုယ်ကျွန်မ နက်ချင်းအပြစ်တင်မိပါသည်။ သူပဲ ရှုံးညှုံ့သော သူ့တောင် ပံများကိုမြင်မိရုံနှင့် သူ့အခြေ အနေကို ကျွန်မ အကဲခတ် မိခဲ့ကောင်းသည်။

သူသည် ကြမ်းတမ်း သော အထက်လေ၏ ပွတ် တိုက်အားများကို ခံစားဖူးသူ မဟုတ်နိုင်ပါ။ ဆားငွေ့များ ပြည့်နေသော ပင်လယ်၏ အထက်နားဆီမှ ပျံသန်းဖူးသူ ဖြစ်နိုင်ပါ။ တိမ်ခိုးတိမ်မျှင်၊ တိမ်နွယ်တိမ်ခက်များကို နင်း နှံရသော ခံစားမှုကို သူ သိမည်မဟုတ်ပါ။ မြေပြင် ပေါ်တွင်ပင် လျှပ်တိုက်ပျံ

> လိုင်ဆက်ဆံနည်းများကို စိတ်မဝင်စားသော ကျွန်မအတွက် အဖော်မလို သည်မှာ နည်းနည်းမှ ထူးဆန်းမနေပေ။ အချို့က ကျွန်မကို ပုံမှန် မဟုတ်သော ခပ်ကြောင်ကြောင် ငှက်မတစ်ကောင် ဟု သတ်မှတ်ထားကြ ပါသည် ကျွန်မ လက်ခံနိုင်ပါသည်

သန်းပြီး သစ်မြစ်များကိုသာ ပေါက်စားတတ်သော ငှက် တစ်ကောင်သည် ကျွန်မ ယုံ ကြည်ရာပျံသန်းခြင်း အတတ် ပညာများကို ယုံကြည်ဖို့နေနေ သာသာ ဘယ်လိုလုပ်နား လည်နိုင်မလဲ။ လောကဓာတ် တရားလေးပါးကြောင့် အသက် ရှင်နေရသည့် လောကသား ချင်းတူသော်လည်း သူနှင့် ကျွန်မက ခြားနားလွန်းလှပါ သည်။

ကျွန်မက လေ၏အရ သာကို စိတ်ဝင်တစား ရှာဖွေ သုံးဆောင်သူပါ။ မြေသင်း ရနံ့ကို ကျွန်မမုန်းသည်။ မြေ ကြီးနှင့် မြက်ရိုင်းအိမ်သည် ကျွန်မ ခေတ္တနားခိုရာ ဒုတိယ အိမ်များသာ ဖြစ်သည်။ ကျွန်မ၏ စစ်မှန်သောအိမ်မှာ ဝေဟင်သာဖြစ်သည်။

ဝေဟင်တွင် တောင်ပံ ကို တဖျပ်ဖျပ်ခတ်၍ ပျံ သန်းခြင်း အတတ်ပညာများ ကို ကျွန်မ အစဉ်အမြဲ လေ့ လာသင်ယူနေပါသည်။ ပျံ သန်းခြင်းသည် ကျွန်မ၏ ဘဝပင်ဖြစ်သည်။ အတတ် ပညာတစ်ခုသည် ဘယ်သော အခါမှ အဆုံးမရှိဟု ဆိုရိုးရှိ ထားသော်လည်း ထိုအဆုံး မရှိသော အတတ်ပညာများ ကို အဆုံးမရှိကြိုးစားမှုဖြင့် ကျွန်မ ရယူချင်ပါသည်။

ငှက်တစ်ကောင် အတွက် အဆင့်မြင့်မြင့် ပျံ သန်းခြင်းအတတ်ကို တတ် မြောက်အောင်မြင်အောင် ကြိုး စားနေသည်မှလွဲ၍ မည်သည့် အလုပ်များက ပို၍အဓိပ္ပာယ် ရှိနိုင်ပါမည်နည်း။ မြင့်သ ထက်မြင့်အောင် တက်၍ ကျွန်မခြေဖဝါးအောက်မှ သက်ရှိတို့၏မြင်ကွင်းကို ကျယ်နိုင်သမျှ ကျယ်အောင် ချဲ့ထွင်ခြင်းသည် ငှက်တစ် ကောင်အတွက် မှန်ကန်သော ဘဝနေထိုင်နည်းဟု ကျွန်မ ယုံကြည်ပါသည်။

'တို့အတူတူ နေကြရ အောင်' တဲ့။

'ကြည်နူးသာယာတဲ့ အိမ်ကလေးတစ်ခု တည် ဆောက်ရအောင်' တဲ့။

ထိုစကားများကို ကျွန်မ ဟားတိုက်ရယ်မောလိုက်သော အခါ ငှက်စူးတစ်ကောင်သည် ခေါင်းခါသွားခဲ့ဖူးသည်။ လျှပ်စစ်စီးကြိုးများတွင် ပြေးလွှားကလူကျီစယ်နေကြ သော ငှက်ရည်းစားများကို တွေ့လျှင်ပင် နှာခေါင်းရှုံ့မိ သော ကျွန်မသည် သူနှင့် အတူ အချစ်အိမ်တစ်ခုကို တည်ဆောက်ဖို့ ဘယ်လိုဖြစ် နိုင်မည်လဲ။

ကျွန်မမှာ အချစ်မရှိပါ။ ကျွန်မမှာ တောက်ပံနှစ်ဖက် သာ ရှိသည်။ သူတို့ ပြောပြော နေကြသော အချစ်က ကျွန်မ တောင်ပံတွေပိုပြီး သန်မာလာ ဖို့ထက် ဘယ်လိုလုပ် စိတ်ဝင် စားစရာကောင်းနေနိုင်မလဲ။

'ဒီမှာ ငှက်တစ်ကောင် ဖြစ်ရခြင်းရဲ့ ရည်ရွယ်ချက်က တောင်ပံတွေကို အသုံးချပြီး ပျံသန်းခြင်း အတတ်ပညာကို အဆုံးမဲ့တတ်မြောက်ဖို့ပဲ'

ကျွန်မ၏ ဘဝခံယူချက် သည် ဘယ်သောအခါမှ ပျက်သွားမည် မဟုတ်ပါ။ ပုရိသတန်မဲ့ ပန်းစည်းကြိုး များကို ခက်ခက်ခဲခဲ ထိုး၍ မနက်တိုင်း ကျွန်မကို လာပေး တတ်သော ထိုငှက်၏ အပြု အမူကို ကျွန်မ မုန်းသည်။ ညောင်နာနာ အသံကလေးဖြင့် ကျွန်မနားသို့ တီးတိုးလာပြော တတ်သော ထိုငှက်ကို ကျွန်မ အတောင်ပံနှင့် ခတ်ထုတ်ရိုက် ပုတ်ပစ်လိုက်သည်မှာ နှစ် ကြိမ်ရှိပြီ။

ဟုတ်သည်။ ကျွန်မ အကြိုက်နဲ့ နည်းနည်းလေးမှ မတူသော၊ ကျွန်မခံယူချက် နှင့် ပြောင်ပြောင်ကြီး ဆန့် ကျင်နေသော သူတို့ကို ကျွန်မ ဘာလို့ လက်ခံရမည်လဲ။ သူ တို့က တွေးခေါ်မြော်မြင်မှု သိမ်ဖျင်းသော ပုရိသငှက်များ ပင်။ ကျွန်မလောက်မှ မတွေး ခေါ်နိုင်ချေ။

'ကဲ စမ်းကြည့်လေ၊

www.burmeseclassic.com

ကျွန်မထက် ဘယ်သူမြင့်မြင့် ပျံနိုင်မလဲ၊ ဘယ်သူက မြန်မြန်ပျံနိုင်မလဲ၊ ကြိုက်တဲ့ကောင် ထွက်ခဲ့’

ထိုလို ကျွန်မ အတောင်ပံခတ် စိန်ခေါ်သောအခါ ခေါင်းပုသွားသော သစ်လုံးငှက်များ၊ ရှက်ရွံ့သွားသော မြက်ငှက်များ၊ နောက်ဆုတ်သွားသော ငှက်စူးများ၏ အဖြစ်သည် အလွန် ရယ်စရာကောင်းပါသည်။ သူတို့ကို ကျွန်မ ဘယ်လိုယုံကြည်လေးစားရမလဲ။ ကျွန်မကို မပြိုင်ရဲသော၊ ကျွန်မလောက်မှ မြင့်မြင့် မပျံသန်းနိုင်သော ပုရိသငှက်တစ်ကောင်ကို ကျွန်မအနားမှာ ယုံကြည်စွာထားဖို့ လက်မခံနိုင်ပါ။

ပုရိသဆိုသော သဘာဝတရား၏ သတ်မှတ်ချက်တစ်ခုကြောင့်သာ ကျွန်မကို တဏှာရာဂနှင့် ဆွဲဆောင်သိမ်းသွင်းပြီး ကျွန်မဘဝကို အပိုင်သိမ်းခြယ်လှယ်စိုးမိုးလို့ ဘယ်ရနိုင်မလဲ။ ကျွန်မက ဘဝပေးအခြေအနေကြောင့် ငှက်မတစ်ကောင် ဖြစ်နေရသော်လည်း သူတို့ထက် ကျွန်မပိုတော်သည်မှာ ထင်ရှားသည်။ ကျွန်မက သူတို့ထက် ပိုပြီး မြင့်မြတ်သည်။

သူတို့ ယုံကြည်ထားသောငှက်တစ်ကောင်၏ ဘဝအဓိပ္ပာယ်မှာ အခြားငှက်တစ်ကောင်နှင့်အတူ ပျော်ပျော်ရွှင်ရွှင်နေထိုင်၍ သားမွေးဥချခြင်းကို ဆောင်ရွက်ကြရန်သာဖြစ်သည်။ ပျော်ပျော်ရွှင်ရွှင်ဆိုသော စကားကို သူတို့ သုံးနှုန်းတတ်ကြသည်မှာ ကျွန်မအတွက် မှားသည်။ တဏှာကိုမက်မောရူးသွပ်တဲ့ ခပ်ပိန်း

**စူးရှသော**
**မျက်လုံးများ**
**ရှိသည့်**
**သစ်လုံးငှက်က**
**ထိုစကားကို**
**ပြောစဉ်**
**ကျွန်မ နည်းနည်း**
**စိတ်လှုပ်ရှား**
**သွားကြောင်း**
**ဝန်ခံပါသည်**
**ထိုအတွက်**
**ကျွန်မကိုယ်ကျွန်မ**
**ချက်ချင်း**
**အပြစ်တင်မိပါသည်**
**လှပ၍ နူးညံ့သော**
**သူ့တောင်ပံများကို**
**မြင်မိရုံနှင့်**
**သူ့အခြေအနေကို**
**ကျွန်မ**
**အကဲခတ်မိဖို့**
**ကောင်းသည်**

ပိန်းငှက်မတစ်ကောင်ကသာ ပျော်ရွှင်နိုင်လိမ့်မည်။

‘သွားစမ်းပါ၊ ရိုးရှင်းသော ပျော်ရွှင်မှု ဟုတ်လား။ အဲဒါတွေကို ကျွန်မ လုံးဝမယုံဘူး’

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ကျွန်မသည် ကျွန်မမျိုးနွယ်များ မည်သူမျှ မသိနိုင်သော၊ မည်သူမျှ မရရှိခဲ့ဖူးသော ပျံသန်းခြင်း အတတ်ပညာများကို တတ်မြောက်အောင်မြင်ရပါမည်။ ပျင်းရိစဖွယ် ဥချနေရသော ငှက်မတစ်ကောင်သည် ဤအချက်များကို စဉ်းစားနေနိုင်မည် မဟုတ်ပါ။ ကျွန်မအတွက်တော့ လင်ယူသားမွေးရခြင်းသည် သိမ်ဖျင်းသော၊ သမားရိုးကျဆန်သော ကိစ္စတစ်ခုပင်။ ကျွန်မဘဝကို သစ်ငုတ်တိုလို ဖြစ်စေပြီး ကျွန်မ၏ ပျံသန်းခြင်းအတတ်ပညာများကို ပိတ်ပစ်လိုက်ခြင်းသာ ဖြစ်သည်။ တစ်နည်းအားဖြင့် ကျွန်မ တောင်ပံများကို ရိုက်ချိုးပစ်လိုက်ခြင်းသာ ဖြစ်သည်။

ထိုသို့ ကျွန်မ၏ ကိုယ်ပိုင်အယူအဆကို လိုအပ်လာသည့်အခါ ဖွင့်ဟကြေညာသောအခါ ကျွန်မကို အဖော်မဲ့တဲ့ သင်းကွဲငှက်ဟု ကဲ့ရဲ့ကြပြန်သည်။ ကျွန်မသည် ငှက်တို့အုပ်စုမှ ခွဲထုတ်ခံရသော ငှက်တစ်ကောင် မဟုတ်ပါ။ ကျွန်မကသာ ခွဲထွက်ခဲ့ခြင်း ဖြစ်သည်။ ကျွန်မကိုယ်တိုင်က အဖော်မရှာခြင်း ဖြစ်သည်။ တစ်ခါတစ်ရံ မည်သည့်ငှက်မှ မရခဲ့သော ခံစားမှုများကို ကျွန်မ ရခဲ့သည်ကို သူတို့ မသိနိုင်ကြပေ။ သူတို့နှင့်သာ ကျွန်မ တူညီခဲ့လျှင်၊ သူတို့တွေးတောသလိုသာ ကျွန်မတွေးခဲ့လျှင် တိမ်များပေါ်သို့ပင် ကျွန်မ ရောက်ရှိမည် မဟုတ်ပါ။ တော၏ သစ်ပင်ထိပ်ဖျားများနှင့် မလှမ်းမကမ်းတွင်သာ ပျံပြေးနေရမည်သာ။

ယခုတော့ အချိန်များသည် ကျွန်မ၏ တောင်ပံများပေါ်၌ ဖြတ်သန်းသွားသော်လည်း မာကျောပြန့်ကားသော တောင်ပံနှစ်ဖက်ဖြင့် လေကို မည်သို့ ထိန်းသိမ်းပဲ့ကိုင်ရမည်ကို ကျွန်မ အစဉ်အမြဲ လေ့လာသင်ယူဆဲပင်။ ပျံသန်းခြင်းနည်းအသစ်များကို တဖြည်းဖြည်း တီထွင်

ကြံဆရင်း နေ့စဉ်နှင့်အမျှ တိုး
တက်အောင် ကြိုးစားနေမြဲပင်

ကျွန်မ၏ တွေးခေါ်မြော
မြင်မှုများသည်လည်း တ
ဖြည်းဖြည်း ထက်ရှလာသည်
ဟု ထင်မိပါသည်။ စိမ်းပြ
ရောင် တောင်တန်းများပေါ်
အချိန်ပေါင်းများစွာ မရပ်
မနား ပျံသန်းပြီးသောအခါ
တောင်ပံခတ်လိုက်ချိန်တွင်
ကြာမြင့်သော အချိန်ကလေး
တစ်ခုချင်းစီကို ကျွန်မ အ
လိုက်နိုင်ခဲ့ပြီ။

တစ်နေ့ထက်တစ်နေ့
၍ ရှုပ်ထွေးလာသော ကျွန်
၏ မြက်ရိုင်းအိမ်ကလေးက
လည်း လုံးဝဂရုမစိုက်နိုင်
ဝေဟင်ထဲတွင်ပင် တိမ်များ
ကို နင်းခြေရင်း ခန္ဓာကိုယ်
စက်ရဟတ်ကဲ့သို့ လည်ပတ်
နေအောင် ပျံသန်းတတ်လာ
ပြီးသည့်နောက်ပိုင်းတွင်
အနိုင်းမဲ့ ကျွမ်းကျင်မှုများနှ
ကျွန်မ နီးကပ်လာပြီဟု ထင်
ပါသည်။ မြေပြင်သို့ သ
ဆင်းနားခိုချိန်သည် တစ်နေ့
ထက်တစ်နေ့ နည်းလာ
မဟုတ်လား။ မည်သည့် ငှ
တစ်ကောင်မှ မရောက်နိုင်
သော နေရပ်များသို့လည်း
ကျွန်မ ရောက်ခဲ့ရပြီ။

တစ်ခါတစ်ရံ ကျွန်
မျက်လုံးများ မှေးမှိတ်
မဖြစ်နိုင်တော့သော ဉ
သန်းခေါင်အချိန်တို့တွင် နှ
ရည်တို့ စိုစွတ်နေသော တော
ပန်းရနံ့များကို ရှူရှိုက်မိသော
အခါ ကျွန်မရင်တွင်း
အမျိုးအမည်မသိနိုင်သော
ခံစားမှုတစ်ခုဝင်ရောက်
သည်မှလွဲ၍ ယခုအချိန်
ကျွန်မ အားလုံး အဆင်
ပါသည်။ ■ **နေပင်သယ်**



www.burmeseclassic.com

www.burmeseclassic.com


စိန်ဟသ်ာဆေးတိုက်မှထုတ်လုပ်သော

# သင့်
အမှတ်တံဆိပ်
အနာလိမ်းဆေး

**အနာစမ်းမှန်လျှင်အမြစ်ပါမကျန်စေရ**




ပြည်တည်နာ၊ မွေးကျွတ်နာ၊ အနာစိမ်း၊ ရေဝဲစား၊ ပွေး၊ ဝဲ၊ သဲဝဲစား။ ခြင်၊ ပုရွက်ဆိတ်၊ ပိုးမွှားကိုက်၊ အကျိတ်အပု၊ ဆီပူ၊ မီးပူ၊ ရေနွေးပူလောင်ခြင်းနှင့် အရေပြားပေါ်တွင် ဖြစ်တတ်သော အနာအမျိုးမျိုး ပျောက်ကင်းစေပါသည်။ ဆီးချိုရောဂါသည်များဖြစ်တတ်သော အနာ အမျိုးမျိုး အထူးပျောက်ကင်းသည်။

ပင်ရင်းဖြန့်ချိရေး
ဦးမြင့်ဆွေ၏သား ကိုအေးထွန်းဆေးဆိုင်
အမှတ် C/264၊ မြေအောက်ထပ်၊ သိမ်ကြီးဈေး D ရုံ၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၂၆၃၀၇

လေထိုးလေအောင့်ခြင်း၊ ဗိုက်နာခြင်း၊ ချောင်းဆိုးရင်ကျပ်သလိပ်ကပ်ခြင်းများကို ရှောက်ရည်(သို့)သံပရာရည်နှင့်သောက်ပါ။
အစာမကြေ ရင်ပြည့်ရင်ကယ်ဖြစ်ပါက အချိန်မရွေး ရေနွေးနှင့်သောက်ပါ။
ဆီးချုပ်၊ ဝမ်းချုပ်ခြင်း၊ အကြောတက်ညောင်းညာသူများ ညအိပ်ရာဝင်တိုင်း ရေနှင့်သောက်ပါ။

# ရန်ပုံခွင်း
# အစာအိမ်လေနိုင်ဆေး





ပင်ရင်း
အမှတ်-၁၄၂၊ ၄-လွှာ၊ ၂၆လမ်း၊ ပန်းဘဲတန်းမြို့နယ် ရန်ကုန်။ ဖုန်း-၇၃၀၁၃၆၀၄၇၊ ၇၃၀၄၈၇၆၁

www.burmeseclassic.com





ရွှေအမြုတေ အမှုဆောင်စာတည်း မသီတာ(စမ်းချောင်း)နဲ့အတူ…



စာရေးဆရာ မှူးဆက်ပိုင်(ရွှေတောင်)၊ စာရေးဆရာ ရင်ခွင်ဦး(ဟံဇား)၊ စာရေးဆရာ မင်းဝေဟင်၊ စာရေးဆရာ သတိုး၊ စာရေးဆရာ ညီငယ်လေးတို့နဲ့အတူ…

# ရေငတ်ပန်းလေး လန်းရသည်

www.burmeseclassic.com

www.burmeseclassic.com



ရွှေအမြုတေ စာတည်းချုပ် ဦးဝင်းငြိမ်း၊ စာရေးဆရာ ရင်ခွင်ဦး(ဟံဇား)နဲ့အတူ စာရေးဆရာ နော်(ကျောက်တိုင်)



ရွှေအမြုတေ တာဝန်ခံစာတည်း ဦးမျိုးမြင့်ညိမ်းနဲ့ စာရေးဆရာ နော်(ကျောက်တိုင်)



စာရေးဆရာ ရင်ခွင်ဦး(ဟံဇား)၊ စာရေးဆရာမ စုသဲမွန်၊ စာရေးဆရာ မင်းဝေဟင်တို့အနဲ့အတူ အမှတ်တရ

ကြိုမနေဖြစ်တယ်။ နောက်တော့ သူစိတ်ရှည်တဲ့ပုံနဲ့ နေဦးဆိုပြီး ဆရာဦးဝင်းငြိမ်း ရဲ့ဆီကို ဖုန်းဆက် ခေါ်ပြတယ်။ သူ ဖုန်းပြောသွားတဲ့အထိ ကျွန်တော့်မှာ ခေါင်းငုံ့လို့။

ဖုန်းဆက်ပြီး ပြန်လာတော့ ပေါ့ပါးပါးနဲ့။ မြင်ကွင်းအားလုံးက ဗလာသက်သက်။ ဆေးလိပ်ဖွာတဲ့ ရောက်နေတဲ့ကလေးတွေကို မမြင်ဘူး။ ဆရာမတွေကို မမြင်ဘူး။ ပညာရှင်ကျွန်ုပ်ဆုပေးပွဲကို ဘယ်အချိန်စလို့ ဘယ်သူတွေရတယ် သတိမထားဖြစ်ဘူး။ အတွေးထဲမှာ ဆရာမောင်ခင်မင်ထွန်းရဲ့စကားတွေက ဝှေ့ဝိုက်ဝိုက်။ ယုံရမလိုလို၊ မယုံချင်သလိုလို။

နေမှိုင်တော့ တော့ အဲဒါလေးတွေနဲ့ ပြီးတော့သွားဖြစ်တယ်။ ဒါပေမဲ့ ဒီရက်ဆိုတာ ပြီးခဲ့တဲ့လအတွက် အသစ်လုပ်နေရတဲ့ရက်။ နောက်လထုတ်ကို ဘယ်မှာ ချက်ချင်း ရှာရမလဲ။ သိရက်နဲ့လာခဲ့မိတာကိုက ကိုယ့်အမှား။

ကြိုးစားရတော့ ဖုန်းဆက်မေးရမလား တွေးမိသေးတယ်။ ဒါပေမဲ့ ဒီလိုကျတော့လည်း မပြောရမှာမဟုတ်ဘူး။ ဆရာရာကို ကိုယ်တိုင် မြင်တွေ့ကြုံကြိုက်ပြီးမှ ယုံကြည်လော်တဲ့ ယုံကြည်ချင်တဲ့ ကိုယ့်အကျင့်က ဒီတစ်ခါ တော်တော်ဒုက္ခပေးတယ်။

အဲဒီနောက် မတွေး၊ မငဲ့ဘူး ရောက်နေကြတဲ့ ကိုယ့်တပည့်လေးတွေကို ရွှေနှလုံးသားဆုစာရင်းကြည့်ပေးဖို့ ကူညီတောင်းဖြစ်တယ်။ ဆရာရဲ့ ဝါသနာ၊ အခက်အခဲတွေကို သိနေတဲ့ တပည့်လေးတွေကလည်း ကြည့်ပေးကြပါတယ်။ ဖုန်းဆက်ပြီးလည်း ပြောကြတယ်။ 'ဆရာ၊ ဆရာမပါဘူး။ ဆရာ မြတ်သျှိုင်းသွင်'တဲ့။ မြစ်ကိုအလျား လိုက်ကူးခဲ့ရတဲ့ရက်တွေပေါ့။

တပည့်လေးတွေက ကိုယ့်ကို အားနာလို့ ကြည့်ပေးကြပေမဲ့ စာဖတ်ဝါသနာနည်းတော့ ဘယ်နေရာ၊ ဘာခေါင်းစဉ်၊ ဘာအမျိုးအစားဆိုတာ တောင် သိကြတာမဟုတ်တော့ စိတ်ရှည်စွာပဲ စာအုပ်ရောက်တဲ့အထိ စောင့်ခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

၁၈ ရက်နေ့မှာတော့ ရွှေက ကိုယ့်လက်ထဲဆိုက်ဆိုက်ကြီး ရောက်လာပါတယ်။ တုန်နေတဲ့လက်နဲ့ဖွင့်တော့ ပေးစာကဏ္ဍမှာ ဆရာရဲ့စာလေးတစ်ကြောင်းတွေ့တယ်။ ဘာလဲ၊ ဘယ်လိုလဲပေါ့။ နှစ်စဉ်နှစ်တိုင်းက စာတစ်မျက်နှာနဲ့ သီးခြားဖော်ပြပေးတာဆိုတော့ မနေနိုင်လို့ ဖုန်းဆက်ပြီး မေးဖြစ်တယ်။ အဲဒီတော့မှ 'ဟုတ်ပါတယ်။ သေချာပါတယ်'တဲ့။ 'စာဖောင်ပိတ်တဲ့အချိန် မမီလိုက်လို့ ကျန်ခဲ့တာပါ'တဲ့။ နောက်လထည့်ပေးမှာပါတဲ့။ ရင်းနှီးသူတွေကို ကြွား ဖြစ်လိုက်တယ်။

အဲဒီနောက်ရက်တွေမှာတော့ ဒီကိစ္စကို မေ့လုလုဖြစ်ခဲ့ရတယ်။ ကျောင်းပိတ်ရာသီနီးပြီမို့ ထုံးစံအတိုင်း စာမေးပွဲကိစ္စတွေ၊ ကလေးတွေရဲ့ အမှတ်စာရင်းတွေ၊ အောင်-ရှုံးတွေ၊ ကျောင်းလုပ်ငန်းတွေနဲ့ မအားမလပ် ဖြစ်ရတယ်။ ပြီးတော့သန်းခေါင်စာရင်းသင်တန်း။ သန်းခေါင်စာရင်းကာလထမ်းဆောင်ရမယ့် တာဝန်တွေ ခေါင်းထဲရောက်ပြီး စာပေအကြောင်းတွေ ခဏမေ့ထားခဲ့ရတယ်။

သင်္ကြန်ရက်အတွင်းမှာလည်း လူမှုရေးလုပ်ငန်းလေးတွေနဲ့ အားလပ်ချိန် မရှိခဲ့ဘူး။ သင်္ကြန်ပြီးတော့ သင်တန်းတစ်ခုနဲ့ တိုးပြန်ရော။

တကယ့်ကို ဘုရားတခဲ့ရတယ်။ ဟိုတစ်နှစ်လိုသာ ဆရာ့မွေးနေ့ရှေ့တိုးလိုက်ရင် ကျွန်တော်သွားပြီ။ ဘဝမှာ လွဲချော်မှုတစ်ခုအဖြစ် ထာဝရအမှတ်ရနေတော့မှာ သေချာတယ်။ အခုတော့ ကျွန်တော် ကံကောင်းသွားတယ်။ တိုက်ကို ဖုန်းဆက်မေးတော့ မအေးမြတ်မြတ်ချိုက ၂၈ ရက်ပါတဲ့။ ကျွန်တော် ရင်အေးခဲ့ရတယ်။

သင်တန်းက ၂၅ ရက်နေ့ ပြန်ရောက်ပါတယ်။ ၂၆ ရက်နေ့ ရန်ကုန်ဆင်းခဲ့တာပဲ။ အဖေနဲ့အမေကို ဦးဆောင်ပြီး စာပေဆုယူဖို့ လှမ်းခဲ့တဲ့ခြေလှမ်းတွေက ဝင့်ကြွားမှုအပြည့်ပေါ့။ တစ်ရွာလုံးဝမ်းပန်းတသာ။ အမျိုးတွေကလှိုက်လှိုက်လှဲလှဲ။ ရွာလမ်းတစ်လျှောက် ဆုဆု

> မနက်စောစောစီးစီး
> ဘယ်ကလဲတွေးပြီး
> 'ဟယ်လို' ဆိုတော့
> ပြည်က
> ဆရာမောင်စိမ်းလွင်ပေါ့
> 'ဒီမှာ၊ မင်း
> ပရိသတ်အကြိုက်ဆုံး
> ရွှေနှလုံးသား ဆုရတယ်
> ဆရာဦးဝင်းငြိမ်း
> ဆက်သွယ်ပြီလား'တဲ့
> သူပြောတာ
> တိုးတိုးလေးပါ
> ဒါပေမဲ့ နားစည်ကို
> တဒိန်းဒိန်းခေတင့်ပြီး
> နှလုံးသားထဲ
> တဒိုင်းဒိုင်းဝင်တယ်

ညံညံကိုဖြစ်လို့။ ကားစောင့်နေတော့ အမေက အနားကပ်မေးတယ်။ 'မောင်လေး သေချာပါတယ်နော်'တဲ့။ အမေ ကျွန်တော့်ကို အခုထိ မယုံသေးဘူး။

၂၇ ရက်နေ့ ရန်ကုန်မြေကို ခြေချနိုင်ခဲ့တယ်။ အမောဖြေ၊ ရေချိုး၊ ခဏနားပြီး အဖေနဲ့အမေကို ဘုရားတွေ လိုက်ပို့ဖြစ်တယ်။ ကျွန်တော် ဆုရရင် ဘုရားစုံလိုက်ပို့ပေးမှာဆိုတဲ့ စကားက လက်တွေ့ဖြစ်လာတော့ ရင်မှာပီတိနဲ့ ကြည်နူးရတယ်။

ဖိတ်စာဝင်ယူဖို့ တိုက်ကိုသွားတဲ့အခါ ၂၁/၂၃ ဆိုတဲ့ ဂဏန်းအနီလေးတွေကြည့်ပြီး အသက်တဝရှူဖြစ်တယ်။ လှမ်းတက်ဆဲခြေလှမ်းတွေက ဆတ်ခနဲ ဆတ်ခနဲ။ '**ရွှေအမြုတေ၊ အလင်းတန်း**' ဆိုတဲ့ စာလုံးလေးတွေမြင်တော့ ရင်က တဒိန်းဒိန်း။

ရန်ကုန်ရောက်ဖို့ခက်သလို မဂ္ဂဇင်းတိုက်ဆိုတာလည်းကိုယ့်အတွက်တော့ ကွင်းစိမ်းတစ်ခုပေါ့။

အချိန်တော်တော်ကြာ အားယူပြီးမှ တံခါးကိုဖွင့်ဖြစ်တယ်။ ဝင်ရမှာ မဝံ့မရဲ။ ဝန်ထမ်းဆရာမလေးက 'ဝင်ခဲ့ပါ' ပြောမှ ခြေလှမ်းရွေ့တယ်။ 'ကျွန်တော်နော်(ကျောက်တိုင်)ပါ'ပြောတော့'ဟုတ်ကဲ့၊ ထိုင်ပါဦးရှင်'ဆိုပြီး ဖိတ်စာထဲရှာတယ်။

နံရံပေါ်က ဆရာ့ဓာတ်ပုံကြီးတွေ၊ စားပွဲပေါ်က ဂျာနယ်တွေ၊ ရွှေအမြုတေရဲ့ မျက်နှာဖုံးပုံတွေအားလုံးမှာ ဆရာ့အငွေ့အသက်တွေ မွှမ်းထုံနေသလို ခံစားရတယ်။

ဖိတ်စာရတော့ အားလုံးကို နှုတ်ဆက်ပြီး ပြန်ဆင်းခဲ့တယ်။ ဆရာ၊ ဆရာမတွေ အပြင်သွားကြလို့ မတွေ့ရပေမဲ့ မနက်ဖြန်တွေ့ရမှာပဲဆိုတဲ့ အသိ ကြောင့် အားလုံးက ပြည့်စုံနေတယ်။

ဖိတ်စာလေး ကြည့်ပြီး တသိမ့်သိမ့်။ နာမည်လေး ကြည့်ပြီး တစိမ့်စိမ့်။ မျှော်လင့်ခဲ့ရတာကိုက ၁၀ စုနှစ် တစ်ခု နီးပါး။

အခမ်းအနားက ၆ နာရီ စမှာမို့ ၅း၃၀ မှာ ကျွန်တော် ထွက်ခဲ့တယ်။ ယာဉ်တန်း ရှည်ကြီးတွေ၊ မီးနီတွေကို ဖြတ်ပြီး ခန်းမရှေ့ရောက်တော့ ၆ နာရီ ထိုးဖို့ ၅ မိနစ်အလို။ ဖိတ်စာလေး ကိုင်ပြီး လှမ်းဝင်ရမှာ မဝံ့မရဲ။

ကိုယ့်စိတ် ကိုယ့်အတွေးနဲ့ဆို အိပ်မက်တောင် မမက်တတ်ခဲ့တဲ့နေရာ။

ဖိတ်စာပြတော့ ရွှေမိသားစုအားလုံးက နွေးနွေးထွေးထွေး ဆီးကြိုကြတယ်။ ခန်းမထဲအထိ လိုက်ပို့ကြတယ်။ 'စောသေးလို့ လူမစုံသေးဘူး'တဲ့။ 'အဆင်ပြေတဲ့ နေရာထိုင်ပါ'တဲ့။

ခန်းမကြီးတစ်ခုလုံးကို ဝေ့ကြည့်ဖြစ်တော့ အကြိုက်ဆုံးတစ်နေရာကို တွေ့တယ်။ ဝင်ပေါက်နဲ့ အနီးဆုံး၊ စင်မြင့်ကို မျက်နှာမူထားတဲ့ နောက်ဆုံးထောင့်ခုံလေးမှာ နေရာယူလိုက်တယ်။ ကျွန်တော့်နောက်မှာ နံရံပဲ။ မီးရောင်နဲ့ ဝေးပြီး မှိန်ပျပျပဲလင်းလို့ သဘောကျတယ်။ တစ်ဝိုင်းလုံးပတ်လည်ဝန်ထမ်းတွေချည်း။ ပြုံးပြနှုတ်ဆက်ရကလွဲလို့ အတွေးသမား ကိုယ်က နှုတ်ဆိတ်နေမြဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ရွှေမဂ္ဂဇင်းကို ၁၀ စုနှစ်တစ်ခု ကျော်နှလုံးသားထဲ သိမ်းထားခဲ့သူဆိုတော့ ဘယ်လမှာ ဘယ်သူ့ကိုမျက်နှာဖုံး တင်တတ်တယ် ဆိုတာကအစ၊ ဘယ်စာမျက်နှာ၊ ဘယ်ကဏ္ဍဆိုတာ အဆုံးအားလုံးကို အလွတ်လောက်ရနေခဲ့တယ်။ ဒါကြောင့် ရွှေရဲ့ထူးခြားချက်တစ်ခုဖြစ်တဲ့ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ထုတ်ဝေသူတွေကို အလေး တစားနေရာပေး ဖော်ပြခဲ့တာလည်း သိတယ်။ ပြောရရင် မဂ္ဂဇင်းလောကသား အားလုံးနီးပါးကို ရွှေကြောင့် ကျွန်တော် သိခဲ့တယ်။

လူကိုယ်တိုင် ငုတ်တုတ်ကြီး ထိုင်နေတာတောင် အိပ်မက်သလားထင်မိတာတော့ နည်းနည်းကြောင်တယ်။ ဘာကြောင့်ဆို တစ်ချိန်က ဓာတ်ပုံထဲမှာ၊ စာထဲ မှာ၊ မဂ္ဂဇင်းတွေထဲမှာ မြင်ခဲ့၊ ကြည့်ခဲ့ရသူတွေကို ကိုယ့်ရှေ့ တစ်ကမ်းမှာကိုယ်တိုင်မြင်ရတော့ မယုံချင်သလိုပဲ၊ ဘာလိုလို။

ဖတ်ခဲ့ဖူးတဲ့ စာတွေကြောင့်စိတ်ခံစားမှုက ရင်းနှီးလွန်းနေတယ်။ ဒါကြောင့် ဆရာ၊ ဆရာမ တစ်ယောက်ဝင်လာတိုင်း ထနှုတ်ဆက်ဖို့ ကြိုးစားမိတယ်။ ဒါပေမဲ့ စိတ်သွားရာ ကိုယ်မပါခဲ့ပါဘူး။

ရွှေစင်မြင့်က တက်လာသူတွေမြင်တဲ့အခါ သံယောဇဉ်က ပိုတယ်။ ဆရာ မင်းဝေဟင်၊ ဆရာ နိုင်မြင့်၊ ဆရာ ညွှန်းတောက်ထွဋ်(သချာ)၊ ဆရာမ ဆု(စီးပွားရေးတက္ကသိုလ်)၊ ဆရာမချောအိမာန် (မန္တလေး)၊ ဆရာမ အဖြူရောင်(ရွှေ)၊ ဆရာမောင်နှင်းပန်း၊ ဆရာမောင်အချမ်း၊ ဆရာ အောင်ဖြိုးကျော်(ပခုက္ကူ)၊ ဆရာ ညီငယ်လေး၊ ဆရာ မာန်(တောင်သုံးပြန်)၊ ဆရာမ ယုယ၊ ဆရာမ ခင်သန္တာ၊ ဆရာမ စုသဲမွန်၊ ဆရာ မှူးဆက်နိုင်(ရွှေတောင်)၊ ဆရာ သတိုး၊ ဆရာ ရင်ခွင်ဦး(ဟံသာ)၊ ဆရာ ချမ်းထက်ဟန်။ အားလုံးကို ကျွန်တော် သိနေတယ်။ ကျွန်တော့်ရှေ့ဝိုင်းမှာ ဆရာ မောင်စိမ်းနီတို့ ရှိတယ်။ ကျွန်တော့်ဘေးဝိုင်းမှာ ဆရာမဖေမြင့်တို့ရှိတယ်။ အားလုံးသော ဆရာတွေကို ကျွန်တော် သိတယ်။

ဒါ ကျွန်တော့်ကို စင်တင်ပေးတဲ့ ဆရာမ မသီတာ(စမ်းချောင်း)၊ သူ့ဘေးမှာ ရွှေဆရာ၊ ဆရာမတွေ ဝိုင်းလို့။ ကျွန်တော် ထိုင်နေဆဲ။

ဆရာ ဦးဝင်းငြိမ်းဝင်လာတော့ အလိုလို ရပ်မိသွားတယ်။ ဝိုင်းပြီး နှုတ်ဆက်နေသူတွေကို ကျွန်တော် ငေးကြည့်နေသေးတယ်။ တော်တော်လေးကြာပြီး လူရှင်းသွားမှ ထနှုတ်ဆက်ဖြစ်တယ်။ 'ကျွန်တော် နော်(ကျောက်တိုင်) ပါ'ဆိုတော့ 'နော်(ကျောက်တိုင်)'ဆိုပြီး ဆရာ ထပ်ရွတ်တယ်။ ပြီးမှ 'တော်တော်ငယ်သေးတာပဲ'တဲ့။

ဆရာ ဆုပ်ကိုင်ခံရတဲ့ ကျွန်တော့်လက်က ခွန်အားတစ်ခုအဖြစ် ရင်ထဲစီးဝင်တယ်။ ပီတိတွေနဲ့ တသိမ့်သိမ့်၊ ကြည်နူးခြင်းတွေနဲ့ တစိမ့်စိမ့်။

ဆရာမ မသီတာဆီ သွားပြီး နှုတ်ဆက်ပြန်တယ်။ စာအုပ်ထဲမှာထက် ပိုချောတဲ့ ဆရာမက ကျွန်တော့်လက်ရေးကို သိတယ်ဆိုတော့ ဝမ်းသာမိပြန်ရော။

ဒီလိုနဲ့ အခမ်းအနားစတယ်။ ရင်က စိမ့်ခနဲ၊ ဖြန်းခနဲ။

ဘဝမှာ ပထမဆုံး တက်ရတဲ့စာပေပွဲဆိုတော့ ရင်ခုန်သလိုလို၊ တုန်သလိုလို။ စိတ်ရဲ့တည်ငြိမ်ရာ မရဘူး။ လူက ထိုင်နေပေမဲ့ စိတ်က ပြေးပြေးလွှားလွှား။

'ဆရာနော်(ကျောက်တိုင်) ဆုယူရန် စင်မြင့်ထက်သို့ ကြွပါ'ဆိုတဲ့ ဆရာညီမင်းညီအသံကို ကျွန်တော် ကြားရုံပဲ။

မီးရောင်တွေ အားလုံး က ရှေ့မှာချည်းမို့ ကျွန်တော် လျှောက်ရာလမ်းတစ်လျှောက်က မှောင်နေတယ်။ စင်ပေါ်ရောက်မှ လင်းသွားတယ်။

ဆရာ ဦးမျိုးမြင့်ညိမ်းထံမှ ဆုလက်ခံယူတော့ အာရုံမှာ အသံတွေကြားနေရတယ်။

'ရေးမနေပါနဲ့ မောင်လေးရေ။ တောကြိုအုံကြားက ရေးနေတဲ့ နင့်စာတွေကို ဘယ်သူမှ ဂရုစိုက်ဖတ်မှာမဟုတ်ဘူး။ အကုန် ခြင်းထဲရောက်မှာ။ တို့သေတောင် ပါမှာ မဟုတ်ဘူး'

အမေ့စကားတွေ။

'လျှောက်လွှာတွေ ကုန်၊ ဘောလ်ပင်တွေ ကုန်နဲ့ အလကား'

အဖေ့စကားတွေ။

'ဆရာမ ဒီမှာ မောင်စန်းရယ် ရည်းစားစာတွေ ရေးနေပါတယ်'

သူငယ်ချင်း တင်ဦးကို ဝတ္ထုလေးရေးပြီး ဖတ်ပြနေတုန်း သူငယ်ချင်း စိုးလှိုင်တိုင်လို့ ပြေးခဲ့ရတဲ့ခြောက်တန်းကျောင်းသားလေးတွေ။

စာစီစာကုံးကို ရိုးရိုးမရေး။ မင်းသား၊ မင်းသမီး ဇာတ်ကောင်တွေ ထည့်ရေးလို့ ဆရာမ ကိုယ်တိုင်ခေါ်ပြောခံရတဲ့ ရှစ်တန်းကျောင်းသားလေးရဲ့ဘဝ။

အားလုံးက ရုပ်ရှင်ပြကွက်တွေလို အာရုံမှာတစ်ကွက်ချင်း ထင်နေတယ်။

ဆုယူပြီး ပြန်ဆင်းတော့ ဝိုင်းပြီး နှုတ်ဆက်ကြတယ်။

ဆရာ မင်းဝေဟင်ဆို လက်ဆောင်ပေးဖို့စာအုပ်နဲ့အတူ ကျွန်တော်ထိုင်နေတဲ့ နောက်ဆုံးခုံအထိ လာနှုတ်ဆက်တယ်။ ဆရာ အောင်ဖြိုးကျော်(ပခုက္ကူ)၊ ဆရာမ ခင်သန္တာ၊ ဆရာမ ယုယ၊ ဆရာမ မေ(လားရှိုး) အားလုံးပဲ လာနှုတ်ဆက်ကြတယ်။ ခန်းမကြီးရဲ့ နောက်ဆုံးအထိ လာကြရတာဆိုတော့ ကျွန်တော့်မှာ အားနာစရာ ဖြစ်လို့။

အချင်းချင်းဆုပ်ကိုင်မိခဲ့တဲ့ လက်တွေက သာမန်မဟုတ်မှန်း သိတယ်။

ဒီလက်တွေမှာ ခွန်အားတွေ ရှိတယ်။ မေတ္တာဓာတ်တွေ စီးတယ်။ မုဒိတာတွေ လက်တယ်။

တောကြိုအုံကြားက တက်လာတဲ့ ကန္တာရပန်းတစ်ပွင့်ဟာ အဲဒီညဆရာ့စေတနာနဲ့ လန်းခဲ့ရတယ်။ မွှေးရနံ့တွေ သင်းခဲ့ရတယ်။ ပန်းစုံတောကြီးထဲ ပျော်ခဲ့ရတယ်။

ဘဝမှာ အမှတ်ရစရာ မများခဲ့တဲ့ ကျွန်တော့်အတွက် အဲဒီညကတော့ ကြည်နူးပျော်ရွှင်ခြင်းတွေနဲ့ မှတ်မှတ်ရရ လန်းခဲ့ရပါတယ်လေ။ ■

**နော်၊ကျောက်တိုင်၊**



www.burmeseclassic.com

www.burmeseclassic.com



သုသာန်ထဲက သွပ်တပြောင်ပြောင်ဖြင့်
ခံ့ညားထည်ဝါသစ်လွင်နေသော
ဇရပ်ကိုကြည့်ပြီး ကျွန်တော် ဝမ်းသာရမလား၊
ဝမ်းနည်းရမလား မသိအောင်
ဒွိဟတွင်တွင်ဖြစ်နေသည်။
ဆရာတော်တွေကို ရေစက်ချပြီး
ဆင်းလာသော အဖေက ဘုရှီးတစ်ချက်
ရှီးပြီး ဇရပ်ပေါ်တွင် သိမ်းစရာရှိတာတွေကို
သိမ်းတော့ဆည်းတော့ဟူသောအကြည့်ဖြင့်
ကြည့်သွားသေး၏။ ကျွန်တော်က-
'ဟို၊ အဖေပြန်တော့မှာလား'
ဖေဖေက တစ်ချက်တွေ၍ရပ်ပြီး အမေ့ကို
လှမ်း ကြည့်ကာ ဇဝေဇဝါဖြင့်-
'မပြန်လို့ ငါက ဒီမှာ နေရမှာလားကွ'
'ဟို မဟုတ်ဘူးလေ။ ဘိုးဘွားတွေရည်စူးပြီး
အလှူရှင်နာမည်နဲ့အပ်ထားတဲ့ ကမ္ပည်းစာက
တော်ကြာမှ ရောက်မှာမို့ပါ။ အဲ့ဒါ
ကောင်းမြတ်တို့ ပြန်အလာထိ
စောင့်ဦးမလားလို့ပါ'
အဖေ့မျက်နှာ ချက်ချင်းရဲတက်သွားပြီး
ဒေါသအငိုးအငွေ့များ ဆူပွက်ကာ
အထွတ်အထိပ်ရောက်သွားတာ


# ဇရပ်ဒဏ္ဍာ

**ကိုးနှောင်းမိုး**

ကျွန်တော် သိလိုက်သည်။
အချိန်တိုလေးအတွင်းမှာပဲ
အလျှင်အမြန်အဖေ့နားက ကျွန်တော်
ရွှေ့လိုက်ရ၏။ မလစ်လျှင်
အဖေရဲ့ငါးပိဿာလောက်ရှိသောလက်သီး
ကျွန်တော့်မျက်နှာပေါ်
ကျောက်ချသွားနိုင်သည်။
'ဟော့ကောင် အောင်သူထက်'
အဖေ့အသံ အတော်ကျယ်၏။ အနားက
လူများပင် လန့်သွားသည်။
တာလမ်းပေါ်မှာ လျှောက်ပြန်သွားသော
ဆရာတော်များပင် လှည့်ကြည့်၏။
အမေက အဖေ့ကို လက်ဆွဲ၍
ခေါ်သွားသည်။ အဖေ့ပါးစပ်က



www.burmeseclassic.com



ထိုနေ့မှစပြီး
ကျွန်တော့်နာမည်
'အောင်သူထက်'ထက်
'ဇရပ်ဒကာ'ဆို
လူတိုင်း သိ၏
အခုတော့ အဖေက
ကုသိုလ်ရတာကိုတောင်
ဒေါသက ထွက်နေသေးသည်
ဘိုးဘွားဝိညာဉ်တွေက
သူတို့အတွက် ရည်စူးပြီး
ဇရပ်အသစ်ကလေး
ရေစက်ချ အလှူဒါနကို
ဘယ်လောက်တောင်
ကျေနပ်နေလိမ့်မလဲ

၂၀၁၄ ဩဂုတ် ရွှေအမြုတေ [illegible]

www.burmeseclassic.com

ခွေးကောင်ဆိုတာတွေ ဆဲရေးမှုတွေ ငါလခွီးထပ်နေ၏။ ကျွန်တော့်ဘော်ဒါဘော်ချက်တွေကတော့ ဇရပ်ပေါ်က ပစ္စည်းပစ္စယတွေကို ထိတ်လန့်စွာ သိမ်းနေသည်။ အဖေ့ဒေါသကို သူတို့လည်းအသိ။

ကျွန်တော် ယခု ရောက်နေသောနေရာက သချိုင်းကုန်းဖြစ်သည်။ အလှူတော့ အလှူဇရပ် ရေစက်ချသောအလှူ။ ဘုန်းကြီးကိုပင် မနည်းပင့်ယူရ၏။ ကျောင်းတွင် ရေစက်ချလို့ရသားပဲ ဆိုပေမဲ့ ကျွန်တော်က ဒီနေရာမှာပဲ လုပ်ချင်သောကြောင့် ပို၍ခက်ခဲခြင်းလည်းဖြစ်သည်။ အကျွေးအမွေးကို ဘယ်သူမျှ မစားရဲ။ ဧည့်သည်တွေဖိတ်တော့မလာ။ ကိုယ့်ဆွေမျိုးနှင့် ကိုယ်ဝန်းဝိုင်းလိုက်ရ၏။ ဘော်ဒါတွေပင် မနည်းခေါ်ရသည်။

အဖေ ဒေါသဖြစ်မည်ဆိုလျှင် ဖြစ်ချင်စရာ။ အလှူအတန်းမပြုအပ်သော နေရာတော့ မဟုတ်၊ စည်စည်ကားကား မရှိသင့်သောနေရာတွင် ကျွန်တော်က အလှူလာလုပ်သလို ဖြစ်နေသည်။ ယခုနေရာက မြို့မဟုတ်တောရပ်။ အယူရှိကြ၏။ မထူးတော့ ပေါက်တဲ့နဖူး မထူးတော့ဘူးဟု ဆိုကာ အဖေနှင့်အမေတို့က ဖွတ်လုပ်ပေးရတော့၏။ လုပ်မပေးလို့လည်း မရ။ မင်းမှာ ကတိလူမှာသစ္စာ၊ စိတ်ထဲတွင်တော့ မိဘနှစ်ဦးစလုံး အလိုကျလိမ့်မည်ဟု မထင်။

ဟုတ်လည်း ဟုတ်သည်။ ကျွန်တော့် လုပ်ပုံကလည်း ကြည့်ဦး။ သချိုင်းကုန်းတွင် အလှူလာလုပ်သည်။ တစ်မြို့လုံးပြောစမှတ်တွင်သွား၏။ မြို့ဆိုပေမဲ့တိုက်နယ်ဆိုတော့ တောဆန်သည်။ တရားပေးတဲ့ ဆရာတော်တောင် ဆွမ်းမစားဘူး။ ဆွမ်းဟင်းတွေ ကျောင်းမှာပဲ ကပ်ခဲ့တဲ့။ တရားပေးပြီး ဇရပ်ရေစက်ချသည်။ ပြီးတာနှင့်တန်းပြန်ကြွသွား၏။

တစ်မြို့လုံး သြချပြီး ဖိတ်စာ ၃၀၀ လောက်ရိုက် ဖိတ်တာ လူလေး ၁၅ ယောက် မပြည့်ချင်။ ကျွန်တော်ကတော့ အောင်သူထက်ဆိုသည့် နာမည်ပျောက်သွားသည့်အပြင် ဇရပ်ဒကာဆိုသည့် ဂုဏ်ထူးလေးက ကြက်တစ်ပွင့်လို လင်းလက်တောက်ပလာခဲ့၏။

ကောင်မလေးတွေကတောင် ဇရပ်ကိုကိုတဲ့။ ဖြစ်ပုံက ဒီလို။

❑

နွေရာသီကျောင်းပိတ်ရက်ဆိုလျှင် သားကိုတို့ညီအစ်ကို၊ ကျော်လေးတို့ ညီအစ်ကို၊ ညီအစ်မတွေပါ နယ်မြို့လေးကို ပြန်လာကြသည်။ ကျွန်တော်ငယ်ငယ် နှပ်ချေးတွဲလောင်းအရွယ်ကတည်းက ညီအစ်ကိုဝမ်းကွဲတွေ နွေကျောင်းပိတ်ရက်တိုင်း နယ်မြို့လေးတွင် ဆုံကြသည်။

နယ်မြို့လေးက ချစ်စရာကောင်းသည်။ ပြည်မြို့နှင့် ၁၂ မိုင်ခန့်သာ ဝေး၏။ သစ်ကြီးဝါးကြီးများရှိသောကြောင့် လည်းကောင်း၊ နွေစပါးကို နယ်မြို့လေးပတ်ဝန်းကျင်လယ်ကွင်းများ၌ စိုက်ပျိုးသောကြောင့် လည်းကောင်း လေက နွေလေပူ မဟုတ်၊ မြမြအေးရှိန်းနေသည်။

ကျွန်တော်က နယ်မြို့လေးတွင် နေသောကြောင့် နယ်ခံ။ ကျွန်တော့်အိမ်တွင် ညီအစ်ကိုတွေစုံနေကြသည်။ ဆုံကြသည်။ အဘွားအိမ်နှင့် အဒေါ်အိမ် ကူးချည် သန်းချည်ဖြင့် ပျော်စရာ ကောင်းသည်။ ဈေးနှင့်နီးသောကြောင့် သရေစာလည်း ပေါကြွယ်ဝသည်။ ကျွန်တော်တို့ခြံဝန်းထဲ၌ ဆန်စက်ရှိသောကြောင့် ဖွဲပုံရှိသည်။ နွားမွေးသောကြောင့် ကောက်ရိုးပုံလည်း ရှိသည်။ ထိုအရာများက ကျွန်တော်တို့အတွက် တကယ့် Happy World ပဲ။ စက်မလည်သောရက်တို့တွင် စက်ထဲ၌လည်း မျောက်ရှုံးအောင် ဆော့ကြသည်။

မာလကာပင်၊ သရက်ပင်၊ မန်ကျည်းပင်စုံ၍ သရေစာလည်း ပေါသည်။ မြို့က လူတွေ လာမည်ဖြစ်သောကြောင့် ကျေးလက်မုန့်ပဲသရေစာ မပြတ်သလို မြို့ကယူလာသောမုန့်တွေလည်း အလျှံအပယ်။ စက်ဘီးကိုယ်စီဖြင့် လျှောက်သွားကာ ငှက်ပစ်၊ လယ်ကွင်းထဲ ပုစွန်လုံးနှိုက်ရသောအရသာကလည်း ထူးခြားပျော်ရွှင်ဖို့ကောင်းသည်။

ကျွန်တော်တို့ကို ဦးလေးအငယ် ကိုပေါက်က ထိန်းရ၏။ ကိုပေါက်က လူပျိုကြီးဖိုးသမားဆိုတော့ မုန့်ဖိုးထဲက ကော်မရှင်ယူ၍ ကျွန်တော်တို့ကို လွှတ်ထားတာများသည်။ ဦးလေးကိုပေါက်က ရီဝေဝေဖြင့် အရိပ်ကောင်းကောင်းတွင် နှပ်နေတာက များ၏။

ကျွန်တော်က မြို့တွင် ခြင်းခတ်၊ ဘောလုံးကန် ဘောလီဘောပုတ် အစုံပ သည်။ မသိသူ မရှိ။ ပွဲရေ ပြီဆို ကျွန်တော် ပါပြီးသား မြို့တွင်းတစ်နှစ်တစ်ခါလှည့် သော ပွဲတော်တွင်သီချင်းဆ ဂစ်တာတီးသေး၏။ တီးဝိုင် ခေါင်းဆောင်။ ဒါ့ကြောင့် အောင်သူထက်ကို မြို့က မသိသူမရှိ။

မျက်နှာပုဆိုးခြုံလမ် လျှောက်တောင် တစ်မြို့လုံ က အောင်သူထက်ဟု သိကြ ၏။ ညမှောင်မှောင်အသံကြာ ရုံဖြင့် အောင်သူထက် အသံ ဟု လူတိုင်းသိကြသည်။ မြို့ က ကျဉ်းကျဉ်းလေး ကျွန်တော်က ထိုကဲ့သို့သော အောင်သူထက်ဖြစ်သည်။ ပြီး တော့ ကျွန်တော်က တိုင် ကျော်ပြည်ကျော် အောင်သူ ထက်လည်းဖြစ်သေးသည် ဆိုကြမယ် ပျော်ကြမယ် ဂီတတံခါးလေး ဖွင့်ပါဦး သည့် ရုပ်/သံအစီအစဉ်ရေ မှာလည်း ဝင်ပြိုင်ဖူးတာ အဲဒီတော့ ဒီမြို့လေးမှာ အ အမှတ်ပြုအောင် သိထိုက် သူထဲ အော်တို ကျွန်တော် ပါပြီးသား။

❑

ယခုနှစ်တော့ ဆ တန်း ၃ နှစ်ဖြေပြီးအော သောနှစ်ဖြစ်သည်။ ကျွန်တော ထက် အနည်းငယ်ငယ်သော သားကိုနှင့်အတူတူ ဆယ် အောင်သည်။ တက္ကသိုလ် တန်းအောင်သည်ဟု တော့။ ကျွန်သည်တွေ

www.burmeseclassic.com

အစမှ ရှစ်၊ ကိုး၊ တစ်ဆယ်။ ကျွန်တော်နှင့် သားကို သာ ကျောင်းမတက်ရသေးသော ချက်, ကွင်း,ကင်းတွေ။

စာမေးပွဲပြီးသောအခါ သင်္ကြန်နှစ်တွေလိုပဲ ရောက်လာကြ၏။ ယခုကဲ့သို့ ရောက်လာကြပေမဲ့ အရွယ်တွေက လူပျိုပေါက်တွေဖြစ်နေတော့ သိပ်မဆော့တော့။ လက်ဖက်ရည်ဆိုင်ထိုင်သည်။ Game ကစားသည်။ အင်တာနက်ဆိုင်သည်။ ခွေကြည့်သည်။ ဘောလုံးပွဲကြည့်သည်။ဆိုင်ကယ်ပတ်စီးသည်။ ညနေဆိုလျှင် ခြင်းခတ် ဘောလုံးကန်သေးတာတော့ ရှိသေး၏။

နေ့ခင်းနေ့လယ်၌ သည်းကောင်း၊ ညပိုင်း၌ သည်းကောင်း မန်ကျည်းပင်ရိပ်တွင် ဘယ်သူ့ကိုရည်ရွယ်ပြီးဆိုသော မသိခြင်းသီချင်းများဖြင့် ဂစ်တာတဒေါင်ဒေါင်လုပ်သည်။ ကောင်မလေးတွေကို စိတ်ဝင်စား၍ မိန်းကလေးတွေအကြောင်းပြောသည်။ ဆေးလိပ်ခိုးသောက်သည်။ ကျွန်တော်တို့အန်တာတိတ်မန့်ချီတွေထဲမှာ ဆော့ကစားခြင်းက ပါးလျားသွား၏။

ထိုကဲ့သို့ ပါးလျားသွားပေမဲ့ ညနေတိုင်း ၂ သင်းခွဲ၍ ဂျပန်ဂိုးကျဉ်းကန်သည်။ အရွယ်တို့၏ ပြောင်းလဲမှုတွင် ကျွန်တော်တို့အသက်ရှင်နေထိုင်မှုကလည်း ရွေ့လျားပြောင်းလဲသွားကြ၏။ ဘကြီးအိမ်က စာကြည့်ခန်းထဲက စာအုပ်တွေယူဖတ်သည်။ မဂ္ဂဇင်းဟောင်းတွေထဲ ကဗျာတွေ စာတွေဖတ်ပြီး ကဗျာတွေကို ရင်ခုန်ကာ ကဗျာလေးတွေနှင့် စာစပ်သင်ချင်နေသည်။ သားကိုက ကျွန်တော်တို့ညီအစ်ကိုထဲတွင် အသိပို၏။ ဉာဏ်ကြီးသည်။ ဆေးတက္ကသိုလ်တက်မည့်သူဆိုတော့ ဦးဆောင်နိုင်ပြီး စီမံခန့်ခွဲနိုင်၏။

သူ့ကြောင့် ကျွန်တော်သည် နိုင်ငံခြားသီချင်းတွေ နားထောင်ကာ စကားလုံးတွေ အစားသွင်း၍ ဂစ်တာတစ်လက်ဖြင့် သံစဉ်ရှာရင်း သီချင်းရေးနေသည်။ ထိုကဲ့သို့ ရေးပြီးသောသီချင်းကို ညပိုင်း၌ ညီအစ်ကိုတွေဝိုင်းပြီးဆိုကြသည်။ ပျော်ဖို့တော်တော်ကောင်း၏။ အရသာရှိသည်။

အဲဒီလိုကနေ သားကိုကပဲ အရက်ကို အနည်းငယ်တော့ စမ်းသောက်သင့်သည်ဟူသော အဆိုကိုပြုလာသောကြောင့် အမျိုးတစ်ဦးအိမ်တွင် ခိုး၍ သောက်ကြည့်ကြသေး၏။ ထိုကဲ့သို့သော ကိစ္စမျိုးကို ဦးလေးကိုပေါက်ဖြင့် ညှိနှိုင်းတိုင်ပင်မှ အဆင်ပြေသည်။ ဒီကိစ္စက ဦးလေးကိုပေါက်၏ မေဂျာ။ ကျွန်တော်တို့ အရက်ခိုးသောက်မည့်အစီအစဉ်အား ဦးလေးကိုပေါက်ပဲ စီစဉ်ပေး၏။

လူတွေ မူးလိုက်သည့်ဖြစ်ခြင်း။ စပြီးဝယ်ကတည်းက လေဘာကြီးပြီးတစ်ယောက်တစ်လုံးနှုန်းနှင့် ဝယ်တာ။ အမြည်းကလည်း ကောင်းသလား မမေးနှင့်။ ကြက်သားဟင်းချက်။ မူးလိုက်တာမှ ကျွမ်းထိုးမှောက်ခုံ။

လူကြီးတွေ သိတော့ ဆူသည်။ ရိုက်မောင်းပုတ်မောင်းတော့မဟုတ်။ တောအရပ် အရက်သောက်တာ မဆန်း။ ကျွန်တော့်အဖေနှင့် သားကို့အဖေက အဲဒီလိုမဟုတ်ဘူး၊ ဒီလိုကွဆိုပြီး လက်တွေ့ဆန်ဆန် အရက်သောက်နည်းသောက်ပုံ အယူအဆတွေကို ပွင့်ပွင့်လင်းလင်းရှင်းပြသည်။ ဒီလိုစမ်းသပ်ရတယ်ဆိုပြီး အယူအဆအသိအမြင်တွေကိုလည်း ရှင်းပြသည်။ သူတို့က တောင်အရက်သောက်တာ ကောင်းလား၊ မကောင်းဘူးလား မေးသေး၏။

'အရက်သောက်တာ မကောင်းဘူးဆိုတာ သိရင် မသောက်နဲ့။ ဒါပေမဲ့ မှတ်ထား အရက်ဆိုတာ သောက်တတ်စားတတ်ရင် ဘယ်တော့မှ အရက်သမားမဖြစ်ဘူး။ သောက်တတ်ရင် ဆေး၊ မသောက်တတ်ရင် ဘေးတဲ့။ အကောင်းဆုံးကတော့ မသောက်တာ အကောင်းဆုံးပဲ။ အရက်သောက်ခြင်းမှာ ကောင်းကျိုးမရှိဘူး၊ ဆိုးကျိုးတွေချည်းပဲ။ အခုပဲ ကြည့်၊ မင်းတို့ အရက်သောက်လို့ လေးလံထိုင်းမှိုင်းပြီး ခေါင်းတွေ ကိုက်နေတယ်မို့လား ထပ်သောက်ရင် ပျောက်သွားရော။ နောက်မသောက်ဘဲ မနေနိုင်တော့ဘူး။ မင်းတို့ ဦးလေးကိုပေါက်ကိုကြည့် အရက်စွဲနေတာ တွေ့လား အရက်သမားပဲ။ အဲဒါအရက်ရဲ့မကောင်းခြင်းတွေထဲက တစ်ခု'

ကျွန်တော့် အဖေက ကျွန်တော်တို့ညီအစ်ကို တစ်သိုက်ကို ထိုကဲ့သို့ ဆုံးမ၏။ သားကို့အဖေကလည်း ဥပမာ၊ ဥပမေယျတွေနှင့် ဗာရာဏသီချဲ့နေသည်။ နိဒါန်းတွေကို တော်စမ်းပါဟု ပြောယူရ၏။ ဦးလေးကိုပေါက်က ကျွန်တော်တို့အတွက် ပြယုဂ်ဖြစ်နေသည်။ အစ်ကိုကြီးတွေကို ကြောက်လို့သာငြိမ်နေသည် လျှို့နေသည်။ စိတ်ထဲထဲကတော့ ကျေနပ်ပုံမရ။ ယခုအနေကတော့ အရက်က သူ့အတွက်ကောင်းနေတာကို။

ဦးလေးကိုပေါက်က အရက်သာသောက်သည် သူ့ကို ဖိုးသမား အရက်စွဲနေသူဟု ပြောလျှင် မကြိုက်။ ကျွန်တော့်အဖေ၊ သားကို့အဖေ သူ့အစ်ကိုတွေကြောက်လို့သာ ခံနေတာ။ သူက ဒီအထဲမှာ အကြီးဆုံး၊ အပြစ်ကလည်း ရှိနေ၏။ ကျွန်တော်တို့ကို အရက်သောက်ဖို့ စီစဉ်ပေးတာကြောင့် အပြစ်က ကြီးနေသည်။ အဘွားနှင့်အဒေါ်က ဆူ၏။

ဆူပူပြီး သုံးလေးရက်ပဲ ကြာသည်။ သားကိုက အဆိုတစ်ခုတင်သွင်းလာ၏။

'အောင်သူထက်ရေ၊ အရက်သောက်တာ မင်း ဘယ်လိုခံစားရလဲ'

'ဟာ သားကို ငါမရဘူး။ လုံးဝလန်ထွက်နေအောင် ခံစားရတယ်ကွာ။ သေလုမြောပါးပဲ။ ဒီကြားထဲ ဘိုးတော်ကြီးတွေ တော်ကီကို နားထောင်ရတာလဲ မချောင်ဘူး။ တော်စမ်းပါဆိုတဲ့ လေက ရှည်သေးတယ်။ နားကိုပူရော။ အဲဒီအချိန် တဲတွေးနဲ့

www.burmeseclassic.com

နားကို ဆွတ်ကြည့်ရင်တောင် ရှဲခနဲမြည်သွားမယ်'

'ဟုတ်တယ်ကွ။ ငါလည်း အဲဒါစဉ်းစားနေတာ'

'မင်းက ဘာကိုစဉ်းစားတာလဲ'

'ဒီလိုကွာ အရက်မသောက်တဲ့ ထန်းရည်သောက်ရင် ကောင်းမလားလို့'

ကျွန်တော် နည်းနည်းစဉ်းစားသွားသည်။ ကျွန်တော်က တောသားပဲ ထန်းရည်တော့ လေး၊ ငါး၊ ခြောက်တန်းကတည်းက သောက်ဖူးတာ။ မူးတယ်ကို မရှိပါဘူး။ ကျွန်တော်တို့မြို့ ပတ်ဝန်းကျင်ကလည်း ထန်းတောချည်းပဲ။

'အေး ထန်းရည်ဆို မဆိုးဘူး။ လူကြီးတွေလည်း မာန်မယ်မထင်ဘူး။ သူတို့လည်း တစ်ခါတလေသောက်နေတာပဲ။ ဦးလေးကိုပေါက် မေးကြည့်လေ'

သားကိုက အေးဟုတ်တယ်ဆိုပြီး ဦးလေးကိုပေါက်ကိုသွားတိုင်ပင်၏။ ဒီတစ်ခေါက်တော့ ဦးလေးကိုပေါက် လက်လွှတ်စပယ် မလုပ် လူကြီးတွေကို အသိပေးသည်။ လူကြီးတွေက ထန်းရည်ဆိုတော့ ခွင့်ပြု၏။ ဦးလေးကိုပေါက်ကို ပိုက်ဆံပေး၍ သွားဝယ်ခိုင်းသည်။ ထန်းရည်နှင့် ကြွက်ကြော်၊ ပဲလှော်သုပ်၊ ငါးပိဖုတ် စုံ၏။ အဖေက သူကိုယ်တိုင်ကြက်သွန်ဖြင့် အာပွဲခြောက် ငါးနီတူတို့ကိုပါ ထပ်သုပ်ပေးသည်။ ကျွန်တော် အဖေနှင့် သားကို့အဖေတောင် တစ်ခွက်တစ်ဖလားဆိုပြီး ဝင်သောက်သွားသေးသည်။

သူတို့ထွက်သွားမှ ကျွန်တော်တို့ ညီအစ်ကိုတွေ လွတ်လပ်စွာ စကားပြောရတော့၏။ ဦးလေးကိုပေါက်ကတော့ ကျွန်တော်တို့နှင့်အတူတူရှိနေသည်။ လူကြီးတွေက စောင့်ခိုင်းတာပဲ ဖြစ်လိမ့်မည်။

ထန်းရည်မူး ကျွဲခိုးပေါ် ဆိုသလို ကွယ်လွန်သွားပြီဖြစ်သောဘိုးဘွားတွေ အကြောင်း ရောက်သွားသည်။ ထန်းရည်မူးပြီး ရီဝေလာတာနှင့်အမျှ သားကိုနှင့် ကျော်လေးက တစ်စခန်းထလာသည်။

'ဦးလေးကိုပေါက် ဘိုးဘွားအုတ်ဂူကို သိလား'

'သိတာပေါ့ကွ'

'သေချာတယ်နော်'

'သေချာတယ်။ ဂူတွေ တန်းထားတာ တို့အမျိုးတွေချည်းပဲ သီးသန့်'

သားကိုက ဘာလုပ်မှာလဲလို့ ကျော်လေးကို မေးသည်။ ထိုအခါ ကျော်လေးက ကန်တော့ချင်လို့ဟု ဆို၏။ ကျန်သည့်ကလေးတွေက နားထောင်သူသက်သက်။ အဲဒီမှာ ကိုပေါက်က-

'ကောင်းတယ်။ ဒါပေမဲ့ သင်္ချိုင်းကုန်းကို သွားရမှာဆိုတော့ ငါ မသွားရဲဘူး။ မင်းတို့ပဲ အောင်သူထက်နဲ့ သွား။ နာမည်တွေနဲ့ နေရာ ငါ ညွှန်လိုက်မယ်။ တချို့ ဒီကောင်လည်း သိတယ်'

ဦးလေးကိုပေါက်က အရက်သာသောက်သည်၊ သရဲတစ္ဆေကျကြောက်၏။ ကျွန်တော်တို့က ဘိုးဘွားတွေ အုတ်ဂူကို တစ်နှစ်တစ်ခါ ဝါဝင်သည်နှင့် မြက်ရှင်းရင်လိုက်ပြီးကူရ၏။ အမေတို့ အဖေတို့ ဒေါ်လေးတို့နှင့် ဖြစ်သည်။ ဦးလေးကိုပေါက်က ဘယ်တော့မှ မလိုက်။ သရဲကြောက်၍ အကြောင်းအမျိုးမျိုးဖြင့် ကျန်နေခြင်းဖြစ်သည်။ ရဲဆေး ဘယ်လောက်တင်တင် ကိုပေါက် ကြောက်တတ်သည်။

'အောင်သူထက် မင်းသိတာ သေချာတယ်နော်'

'သေချာပါတယ်ကွာ။ ငါက နှစ်တိုင်း မြက်ရှင်းလိုက်နေကျ။ သန့်ရှင်းရေး အမြဲလုပ်ရတယ်။ ဒါဆို ယုံပြီလား'

ရီဝေမှုတန်ခိုးဖြင့် သွားရန်အတွက် စိုင်းပြင်းနေသည်။ ငယ်သည့်သူတွေကလည်း လိုက်မည်ဟုဆို၏။ ထိုစဉ်မှာပဲ ကျွန်တော်က-

'ဒီအတိုင်း လက်ချည်းသွားလို့ မကောင်းဘူး။ ဝိညာဉ်တွေက ငါတို့ကို ငြိုငြင်နေလိမ့်မယ်။ အဲဒီတော့ တရုတ်ကားတွေထဲက တရုတ်တွေလို အမွှေးတိုင်၊ ဖယောင်းတိုင်ထွန်း ကန်တော့မှာ ဖြစ်မှာ'

သားကိုနှင့်ကျော်လေး ထောက်ခံသည်။ ဦးလေးကိုပေါက်က မျက်ရည်ဝဲလျက်-

'ငါကွာ တာဝန်မကျေဘူး။ ဒါပေမဲ့ သိတတ်တဲ့ မင်းတို့ဦးလေးဖြစ်လို့ ကျေနပ်တယ်'

'ဘာကြောင့်'

'ဘိုးဘွားတွေကို ရိုသေသိတတ်တဲ့ မင်းတို့ရဲ့ဦးလေးဖြစ်လို့။ အောင်သူထက်ပြောသလို ဘိုးဘွားတွေရဲ့ဝိညာဉ်တွေက မင်းတို့ကို ချီးကျူးကျေနပ်နေမှာပါ'

ဦးလေးကိုပေါက်က ကျွန်တော်တို့ကို မကြည့်ဘဲ အဝေးကို ငေးရီပြီး တကယ့်ခံစားချက်ဖြင့် ပြောနေသည်၊ ကျွန်တော့်ရင်ထဲ၌ သိတတ်သော ငါကွ ဆိုသော အားတွေဖြစ်လာကာ မြောက်ကြွမြောက်ကြွဖြစ်သွား၏။

'လာသွားကြမယ်။ ငါလိုက်ပို့မယ်။ သင်္ချိုင်းကုန်းထိတော့ မဟုတ်ဘူး။ ဘုန်းကြီးကျောင်းထိပ်က စောင့်နေမယ်'

ကျွန်တော်တို့ ညီအစ်ကို တူဝရီးတစ်သိုက် ဘိုးဘွားတွေကန်တော့ဖို့ ရီဝေသောခြေလှမ်းများဖြင့် သွားကြသည်။ ဦးလေးကိုပေါက်က သူ့စကားအတိုင်း ဘုန်းကြီးကျောင်းနားတွင် ကျန်ခဲ့၏။ ကျွန်တော်တို့ ညီအစ်ကိုတွေ သင်္ချိုင်းကုန်းဆီ ဆက်သွားကြသည်။ ဟိုရောက်တော့ ညီအစ်ကိုတစ်သိုက် အမွှေးတိုင် ဖယောင်းတိုင်ထွန်း၊ ကန်တော့ကြသည်။ ကန်တော့ကြပြီး ခေါင်းပြန်မော့တော့ ဟာခနဲဖြစ်သွား၏။

အငယ်ကောင်လေးက ပဲ-

'ဟာ ကိုကြီး အောင်သူထက်၊ ကိုကြီး သားကို မီးတွေ'

နွေမို့ဖယောင်းတိုင်က လဲပြီး ဂူဘေးရှိမြက်ခြောက်ကို စွဲလောင်သွားသည်။ ကျွန်တော်တို့ ငြိမ်းသတ်သော သည်။ မရ။ ဆောင်းအကုန် နွေအကူးနေ၏ သွေ့ခြောက်မှုဖြင့် ခြောက်သွေ့နေသော မြက်ခြောက်များက တဖ ကို မီးက လောင်ချ



www.burmeseclassic.com

www.burmeseclassic.com

သားကိုက-

'ထားတော့ အောင်သူထက်။ မြက်တွေမီးလောင်သွားတော့ တို့ဘိုးဘွားတွေ ချုံတွေထဲမှာ မနေရတော့ဘူးပေါ့ကွာ။ မြက်တွေ ချုံတွေ ရှင်းရတာတောင် သက်သာသေးတယ်'

သားကို အတွေးကို ကျွန်တော်လက်ခံလိုက်သည်။

တကယ်ကို ချွန်မြကြည်လင်သန့်စင်သော အတွေးအခေါ်ပင်ဖြစ်သည်။ ဒါကြောင့်လည်း ကျွန်တော့်တို့ညီအစ်ကိုတစ်တွေထဲမှာ သားကိုက ဆေးကျောင်းရောက်တာ။

အေးဆေးစွာပဲ သချိုင်းကုန်းကို ကျောခိုင်းပြီး ပြန်လာကြသည်။ ဘုန်းကြီးကျောင်းထိပ်ကို ရောက်တော့ ဦးလေးကိုပေါက် မရှိတော့။ မီးက မြက်ပင်ခြောက်တွေကို တဝကြီး ဝါးမျိုနေတာကို ဘုန်းကြီးကျောင်းထိပ်က ကျွန်တော်တို့ ညီအစ်ကိုတွေ တစ်ချက်လောက် လွမ်းဆွတ်ဂုဏ်ယူစွာ ငေးကြည့်ခဲ့သေးသည်။

❑

အိမ်ရောက်တော့ ညီအစ်ကိုတွေထဲက တချို့ အိပ်သူအိပ်နေကြသည်။ ကျွန်တော်ကတော့ မအိပ်ချင်တာနဲ့ ဆိုင်ကယ်ဆွဲ၍ ပိုက်ကျော်ခြင်းခတ်ဖို့ ပြင်နေသည်။ ထိုစဉ်မှာပဲ မီးသတ်ကားသံကြားရ၏။ ဘယ်မှာလောင်တာလဲလို့ မေးကြည့်လိုက်တော့ သချိုင်းကုန်းက ဇရပ်မီးလောင်တာတဲ့။ ထိုအခါ အိပ်ရာကနိုးလာတဲ့ ညီအစ်ကိုတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရုံမှလွဲပြီး ဘာမှမတတ်နိုင်တော့ဘူး။ ဦးလေးကိုပေါက်က ရေချိုးနေရင်း ကျွန်တော်တို့ ညီအစ်ကိုတွေကို ကြောက်ရွံ့ထိတ်လန့်စွာလှမ်းကြည့်သည်။ ထိတ်ပျာလန့်ဖျပ်သော အကြည့်။

သူ့အကြည့်က အဓိပ္ပာယ်တစ်ခုကို ညွှန်ကြားပြောပြနေသလို။

❑

'ကိုအောင်သူထက် စခန်းကို လိုက်ခဲ့ပါဦး'

ရဲတပ်ဖွဲ့ဝင် တချို့နှင့် မီးသတ်တပ်ဖွဲ့ဝင်တချို့။ ပြီးတော့ ရပ်ကွက်လူကြီးတွေလည်းပါလာသည်။ ဇရပ်မီးရှို့တဲ့ အမှု။ ငြင်းမရတော့။ ကျွန်တော်ကိုယ်တိုင်ပင် ဘိုးဘွားတွေ အုတ်ဂူကန်တော့ရင်း မတော်တဆ မီးလောင်သွားကြောင်း ဝန်ခံလိုက်ရ၏။ စခန်းရောက်သောအခါ စခန်းမှူးနဲ့ ဒုရဲအုပ်က သားကို့အဖေ၊ ကျွန်တော်တို့ဦးလေး တပည့်ဖြစ်ဖူးတော့ တော်သေးသည်။

ကျွန်တော့်အဖေက ဇရပ်ကို အသစ်ပြန်ဆောက်ပေးပါမည်ဟု ဝန်ခံကတိ လက်မှတ်ထိုးပေးခဲ့ရသည်။ သားကို့အဖေကလည်း သူပါ ပါဝင်လှူဒါန်းပေးမည်ဟုဆို၏။ သူတို့ညီအစ်ကိုချင်းက ညီညွတ်သည်။ ကျွန်တော့်အဖေကလည်း 'ရပါတယ်ကွာ။ ကုသိုလ်ရတာပဲ။ ငါပဲ ဘိုးဘွားတွေအတွက် လှူလိုက်မယ်'ဟု ဆိုသည်။ ဒါကို ကျွန်တော်က ငြိမ်မနေဘဲ 'ဟုတ်တယ်။ ဘိုးဘွားတွေက အဖေတို့ အလှူအတွက် ဂုဏ်ယူနေမှာပါ'လို့ ဝင်ပြောလိုက်မိတော့ မိုးမွှန်အောင် ကျွန်တော့်ကို ဆဲတော့သည်။

ဦးလေးကိုပေါက်က ထိုနေ့ညနေမှာပဲ ပျောက်သွားက ရွာဘက်ရှိ ဘုန်းကြီးကျောင်းတစ်ကျောင်း၌ ရဟန်းခံသွားသည်။ ဘာပဲပြောပြော ကျွန်တော်တို့ဇရပ်မီးရှို့မှုမှာ ဦးလေးကိုပေါက် ဓိုးသမားက ကျွတ်ပြီး ဘုန်းကြီးဝတ်သွားတာက အမြတ်။

ဇရပ်ကို မီးရှို့တာ ကျွန်တော်တို့ကြောင့်ဆိုတာ ဘယ်သူမှ မသိကြဘူး။ ဂရုမပြုမိကြဘူး။ တောမီးလို့ပဲ ထင်ကြတာ။ ဒါပေမဲ့ သိသည့်သူတစ်ဦးက ရှိနေ၏။ ထိုသူက ဘုန်းကြီးကျောင်းက ကပ္ပိယကြီး။ ကျွန်တော်တို့ အားလုံးထဲက ကျွန်တော် တစ်ယောက်ကိုပဲ သူက သိနေတာ။ ကပ္ပိယကြီးက ကျွန်တော့်ကို သိနေသည်။ TV မှာ သီချင်းဆိုတဲ့ကောင်လေးပါတယ်လို့ သူက ဝင်ပြောသောကြောင့် သဲလွန်စရသွားခြင်းလည်း ဖြစ်သည်။

TV မှာ သီချင်းဆိုသည့် ကောင်လေးဆိုတော့ တစ်မျိုးဖြစ်သွား၏။ နောက်တော့မှ ပွဲတော်မှာ သီချင်းဆိုသည့် ကျွန်တော်ဆိုတာ သဘောပေါက်သွား၏။ ပုံစံနှင့်အနေအထားကိုပြောတော့ ဒီမြို့မှာ TV သီချင်းဆိုတာဆိုလို့ ကျွန်တော်တစ်ယောက်တည်းပဲရှိတာကိုး။

ဒါကြောင့် ကျွန်တော့်ကို တန်းပြီးလာဖမ်းခြင်းဖြစ်သည်။

ထိုနေ့မှစပြီး ကျွန်တော့်နာမည် 'အောင်သူထက်' ထက် 'ဇရပ်ဒကာ' ဆို လူတိုင်း သိ၏။ အခုတော့ အဖေက ကုသိုလ်ရတာကိုတောင် ဒေါသက ထွက်နေသေးသည်။ ဘိုးဘွားဝိညာဉ်တွေက သူတို့အတွက် ရည်စူးပြီး ဇရပ်အသစ်ကလေး ရေစက်ချ အလှူဒါနကို ဘယ်လောက်တောင် ကျေနပ်နေလိမ့်မလဲ။ အဖေ အခုလိုဒေါသထွက်ပြီး တရှူးရှူးလုပ်နေတာကို သူတို့က မြင်တွေ့နေရလျှင် စိတ်ကောင်းမည်မဟုတ်။ စိတ်သောကရောက်နေမည်မှာ အမှန်။

ကျွန်တော်ကတော့ ဘိုးဘွားတွေအတွက် ရည်စူးပြီး တည်ဆောက်ထားသော သွပ်တပြောင်ပြောင်ဖြင့် သစ်လွင်နေသော ဇရပ်အသစ်ကြီးကို ကြည့်လျက် သူငယ်ချင်းဘော်ဒါအပေါင်းဖြင့် ကမ္ပည်းစာတန်းကို ချိတ်လိုက်သည်။ စတီးဘုတ်ကြီးဖြင့် ခံ့ညားလျက်။

'ဘိုးဘွားများအား ရည်စူး၍ တစ်မျိုးလုံးဝိုင်းလှူကြသည့် အောင်သူထက်ကောင်းမှု' ဆိုသော စာတန်းကြီးသာ မျက်လုံးထဲက တခြားစာသားများကို ပြောင်းပြီး အစားသွင်းဖတ်နေမိပါသည်။ ဇရပ်ဒကာ အောင်သူထက်လို့သာ ကမ္ပည်းတင်လိုက်လျှင် အဖေ ကျွန်တော့်ကို ဘယ်လောက်များ ဆဲဆိုကြိမ်းမောင်းလိုက်မလဲဟု တွေးရင်း ဘုန်းကြီးကျောင်းနားရောက်နေပြီဖြစ်သော အဖေ့ကို လှမ်းကြည့်ကာ ကြောက်ဒူးတုန်ရင်း ပြုံးနေမိပါတော့သည်။ ■

**တိုးနှောင်မိုး**



www.burmeseclassic.com

www.burmeseclassic.com



'နွေနှောင်းရက်ကျန်×××
ဝသန်ပေါ်ဦးခါ၊ အုံ့ပျမှိုင်းဆန်း
ယုဂန်ဇွဲမြနန်းမှာ×××
ရွှေလျှံလျှပ်နွယ်ခွေကာ၊
မိလ္လာချုပ်ဆင့် ဝေမင်မှောင်ပြာ
×××တိမ်တိုက်ရွှေပြောင်း
လေလျှင်လောင်းရာ၊
ကြွေကာ ကြွေကာ မြေမှာကြဲလျက်၊
ပုလဲရည်ငွေစက်၊ ဖျန်းပက်ဇွေရွှာ၊
မြူမှုန်လိမ်းကျံတဲ့၊
ညိုးပျောင်းရွက်ညှာ ရွှေရောင်ရော်ဝါ၊
သန္တာလို မြညိုရောကာ၊
ကြွေလျော့ကျန်လှ၊ ပရစ်နုညှာချို
×××နှောင်းနွေသန်လှ စက်ရာသီမှာ၊
လေယူဆောင်နှင်း၊
မြေဆီ မြေသင်းနံ့သာ၊
စိန်ခြူးအုံကြွ×××ကြာညှောင်သစ္စာ၊
ပန်းကြိုတဲ့ ဖဲစက်ရာမှာ၊
မယ့်ကိုယ်စား မွှေးမြလေသလား×××
ထင်မြင်ယောင်တွေးမိများကာ၊
သည်းအူခြာကြွေအောင်ဖန်လာ×××
သက်လျာဓာတုရဲ့ မြင်လှည့်ပါ×××'
၁၉၅၀ ခုနှစ်၊ မြန်မာနိုင်ငံ
စာရေးဆရာအသင်း ဥက္ကဋ္ဌအဖြစ်
စာရေးဆရာ၊ ကဗျာဆရာကြ
ဆရာ ဒဂုန်တာရ
ဆောင်ရွက်စဉ်ကာလ နှစ်စဉ်နှစ်တိုင်
နတ်တော်လဆန်း ၁ ရက
(စာဆိုတော်နေ့)ကျရောက်သည
အခါတိုင်းတွင် မြန်မာစာပေ
ပညာရှင်ကြီးများအား
ဂုဏ်ပြုသည့်အနေဖြင့် ပြဇာတ်များက
စာရေးဆရာ၊ ဆရာမများကိုယ်တို
ပါဝင်တင်ဆက် ကပြခဲ့ကြသည
အစီအစဉ်အရ ထိုနှစ်တွင်လည်း
မြန်မာနိုင်ငံ စာရေးဆရာအသင်း



www.burmeseclassic.com

www.burmeseclassic.com



# နွေနှောင်းဝသန်
## အရှုပ်တော်ပုံ

ဟိန်းဆက်သျှင်

ကြီးမှူး၍ ကာဌေးရုံတွင် ကပြခဲ့ကြသည့် 'နတ်သျှင်နောင်' ပြဇာတ်အတွက် မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ တာဝန်ပေးချက်အရ *ရတုဘုရင်* နှင့် *နွေနှောင်းဝသန်* သီချင်း နှစ်ပုဒ်ကို ဂီတနက်သန် ကိုစောညိန်းက ရေးစပ်ပေးခဲ့သည်။ ထိုသီချင်းနှစ်ပုဒ်အနက် *ရတုဘုရင်* သီချင်းမှာ ပြဇာတ်တွင် မပါဝင်ဖြစ်ခဲ့ဘဲ *နွေနှောင်းဝသန်* သီချင်းတစ်ပုဒ်သာ ဇာတ်ဝင်တေးအဖြစ် နတ်သျှင်နောင်၏ လက်စွဲတပည့်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သော ဆရာ ဦးသုခက သီဆိုခဲ့သည်။ မူလက နတ်သျှင်နောင်အဖြစ် သရုပ်ဆောင်သည့် မင်းသား ရွှေညာမောင်(ဦးချင်းစိန်)ကိုယ်တိုင် သီဆိုရန်ဖြစ်သော်လည်း ကိုစောညိန်း စိတ်တိုင်းကျ ဆိုဟန်ဆိုပေါက်အတိုင်း မသီဆိုနိုင်သဖြင့် ဆရာ ဦးသုခက



www.burmeseclassic.com

www.burmeseclassic.com

ဝင်ရောက်သီဆိုပေးမည်ဆိုရာ ကိုစောညိန်း ကိုယ်တိုင် သီချင်းတက်ပေးခဲ့ကြောင်း မှတ်သားခဲ့ဖူးသည်။

ထိုမှစ၍ *နွေနှောင်းဝသန်*သည် အနုပညာအရ အတိုင်းအဆမဲ့ အောင်မြင်ခဲ့သည်ဟု ဆိုရပေမည်။ ထိုစဉ်က ဂီတပညာရှင် ဆရာ ဗစောကြည်က *နွေနှောင်းဝသန်* သီချင်းကို နားထောင်အပြီးမှာ 'ချစ်စရာကောင်းလိုက်တဲ့ သီချင်းလေးဗျာ၊ ခင်ဗျားရဲ့ ကြိုးစားမှုကို ကျုပ် ချီးကျူးပါတယ်။ ဒါပေမဲ့ ဒီသီချင်းမျိုးချည်းသာ ရေးမယ်ဆိုရင်တော့ လက်ရှိဂီတလောကမှာ ငတ်မှာဘဲ'ဟူ၍ ကိုစောညိန်းအား မှတ်ချက်ပေးခဲ့သလို သီချင်းအတွက် ကိုယ်တိုင် 'နတ်စ်'ထုတ်ပေးခဲ့ကာ မြန်မာ့အသံတွင် စန္ဒရားကိုယ်တိုင်တီး၊ သီချင်းကိုယ်တိုင်ဆိုလျက် ကိုစောညိန်းအား ဂုဏ်ပြုသည့်အနေဖြင့် အသံသွင်းပေးခဲ့သော ထိုအချိန်က(ဗမာနိုင်ငံတော် ကာလပေါ်တူရိယာ ဂီတအဖွဲ့ချုပ်ဥက္ကဋ္ဌ) ဆရာ ရွှေပြည်အေးကလည်း 'ရှားပါတယ်ဗျာ ဒီလိုလူတော့၊ ကျုပ်ထက်ငယ်ပေမဲ့ ဆရာတင်ပါတယ်'ဟူ၍ ချီးမွမ်းဂုဏ်ပြုခဲ့သလို ထိုကာလက မြန်မာနိုင်ငံ စာရေးဆရာ အသင်းဥက္ကဋ္ဌ ဆရာ ဒဂုန်တာရာကိုယ်တိုင်က *နွေနှောင်းဝသန်* သီချင်းအတွက် ဂီတနက်သန် ကိုစောညိန်းအား 'အနုပညာဂုဏ်ထူးဆောင်'လက်မှတ်ကို ကိုယ်တိုင် လက်မှတ်ထိုးပြီး ဂုဏ်ပြုချီးမြှင့်ခဲ့သည် မဟုတ်ပါလား။

နတ်သျှင်နောင်ပြဇာတ်မှ စတင်၍ မြန်မာ့ဂီတလောကတွင် လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားခဲ့သော အထက်ပါ *နွေနှောင်းဝသန်* ခေါ် *နွေနှောင်းရက်ကျန်* သီချင်းသည် ကျွန်တော်နှင့် ရင်းနှီးခဲ့သည်မှာ ကြာခဲ့ပါပြီ။ မူရင်းသီဆိုသူ ဆရာ ဦးသုခ၊ မြန်မာ့အသံတွင် စန္ဒရားကိုယ်တိုင်တီး၊ ကိုယ်တိုင်ဆိုကာ အသံသွင်းခဲ့သော ဆရာ ရွှေပြည်အေး၊ မြန်မာ့အသံတွင်ပင် အသံလွှင့်ခဲ့သူ စာရေးဆရာ သန်းဆွေတို့၏ဆိုပာန်များကို နားဆင်ခွင့် မရခဲ့သော်လည်း ဓာတ်ပြားအဆိုတော် မောင်မောင်ညွှန့်၊ ရေနံ့သာ စိုးလှိုင်၊ တက္ကသိုလ် မျိုးချစ်၊ ကိုတင်လှိုင်၊ မင်းသား ဝင်းဦး၊ ကျောက်ပန်းတောင်း ကျော်လွင်၊ မန္တလေး သိန်းဇော် စသည့် နာမည်ကျော် အဆိုတော်များစွာ ပြန်လည်သီဆိုခဲ့ကြသော *နွေနှောင်းဝသန်* သီချင်း၏ သီဆိုပာန်အမျိုးမျိုးကိုမူ ချစ်မက်မြတ်နိုးစွာ နားဆင်ဖြစ်ခဲ့သည်။

ယခုလို နွေရာသီအကုန် မိုးဦးကာလ ရက်စွဲများတွင် '*ပုလဲရည်ငွေစက် xxxဖျန်းပက်ရွှေရွာ၊ မြူမှုန်လိမ်းကျံတဲ့၊ ညှိုးပျောင်းရွက်ညာ၊ ရွှေရောင်ရော်ဝါ xxxသန္တာလိုမြည်ိုနှောကာ*' စသည့် *နွေနှောင်းဝသန်* သီချင်းစာသားတို့ကို ကျွန်တော်သည် လွမ်းတမြတ်နိုးစွာ ရွတ်ညည်းဖြစ်သည်။

*နွေဦး၊ ငွေဝန်းသော်တာ၊ နွေနှောင်းဝသန်* စသည့် သီချင်းများကို စတင်နားထောင်ဖြစ်ခဲ့ရာမှ ဂီတနက်သန် သီချင်းများအား ချစ်မက်စွဲလမ်းခဲ့ရသော ကျွန်တော်သည် ကံအားလျော်စွာ ဂီတနက်သန် ဒုတိယခေတ် ပွဲကိုင်ရှင် ဂီတနက်သန် ဦးအုန်းလွင်နှင့် အချစ်ဂျာနယ်အတွက် အခန်းဆက်အင်တာဗျူးရှည် မေးမြန်းရေးသား ဖြစ်ပြီး နောက်ပိုင်း ဂီတနက်သန်နှင့် ပို၍ပို၍ ကျွမ်းဝင်လာခဲ့၏။

ထိုအခါ ယခင်က ကြားဖူး၊ သိဖူးရုံ ရှိခဲ့သော ဂီတနှင့် စာပေနယ်တွင် ယခုအချိန်ထိတိုင် ပဟေဠိသဖွယ် ဖြစ်နေသေးသော *နွေနှောင်းဝသန်* ၏ အရှုပ်တော်ပုံနှင့် ပတ်သက်၍ စိတ်ဝင်စားမှု အားကြီးခဲ့သည်။

ထို့ကြောင့် လက်လှမ်းမီသမျှ လေ့လာ၊ မှတ်သား၊ မေးမြန်းပြီး ကိုယ်တိုင်တွေးဆဆင်ခြင်ရင်း *နွေနှောင်းဝသန်* အပေါ် စိတ်ဝင်စားမှုသည် တစ်စတစ်စ ကြီးထွားလာခဲ့တော့သည်။

လွန်ခဲ့သော ၁ နှစ်ခန့်ကတည်းက *နွေနှောင်းဝသန်* အရှုပ်တော်ပုံနှင့် ပတ်သက်၍ ဆောင်းပါးတစ်ပုဒ် ရေးသားမည်ဟု ကြံစည်ဖြစ်ခဲ့သော်လည်း အထောက်အထား အချက်အလက် မပြည့်စုံခြင်း၊ အမှားအမှန် ဆင်ခြင်ဆုံးဖြတ်နိုင်မှု အတွေးအမြင် နုနယ်ခြင်း မိမိလက်ကို မိမိမယုံကြည်ခြင်း စသည့် အကြောင်းပြချက်များဖြင့် ရေးမည်ရေးမည်နှင့် မရေးဖြစ်ခဲ့။ *နွေနှောင်းဝသန်*သည် ကျွန်တော့်အသည်းနှလုံး၌ အမြဲတွယ်နေပါ၏။ မကြာခဏဆိုသလို တတ်သိနားလည်သူများနှင့် ထိုကိစ္စအား မေးမြန်းဆွေးနွေးဖြစ်သည်။ သို့သော် မရေးဖြစ်ခဲ့။

တစ်နေ့က (ရွှေအမြုတေမဂ္ဂဇင်းနှင့် အလင်းတန်းဂျာနယ်အယ်ဒီတာချုပ်) ဆရာ ဦးဝင်းငြိမ်းနှင့် နွေနှောင်းဝသန် အကြောင်း ဆွေးနွေးမေးမြန်းဖြစ်ပြီး နောက်ပိုင်း နှလုံးသား၌ အမြစ်တွယ်နေခဲ့သည့် *နွေနှောင်းဝသန်* အရှုပ်တော်နှင့်ပတ်သက်၍ လက်လှမ်းမီသမျှ မိမိ လေ့လာမှတ်သားထားသော ဗဟုသုတများ၊ အချက်အလက်များ၊ စာအုပ်စာတမ်း၊ ဓာတ်ပုံအထောက်အထားများမှ ထုတ်နုတ်ကိုးကားလျက် အနီးစပ်ဆုံး အမှန်တရားတစ်ခုကို ချပြရန် စိတ်အားထက်သန်လာသဖြင့် ဤစာဝါကျများအား ချရေးဖြစ်ပါသည်။

တချို့က *နွေနှောင်းဝသန်* သီချင်းသည် ဂီတနက်သန် ကိုစောညိန်း၏ လက်ရာဖြစ်သည်။ တချို့က ဆရာကြီး ဒဂုန်တာရာ၏လက်ရာဖြစ်သည်၊ တချို့က ကိုစောညိန်းကစာသားရေးပြီး ဆရာ ဒဂုန်တာရာက အသံထည့်သည်၊ တချို့က ဆရာ ဒဂုန်တာရာက စာသားရေးပြီး ကိုစောညိန်းက အသံထည့်သည်၊ တချို့က ပညာရှင်နှစ်ဦးပေါင်းပြီး ဖန်တီးခဲ့ကြသည် စသည်ဖြင့် နတ်သျှင်နောင်ပြဇာတ်မှ စတင်မွေးဖွားလာခဲ့သော *နွေနှောင်းဝသန်* သီချင်း၏ မူရင်းဖန်တီးရှင်သည် မည်သူဖြစ်သနည်းဟူသော မေးခွန်းများ၊ ထင်မြင်ယူဆချက်



www.burmeseclassic.com

www.burmeseclassic.com

များမှာ စာပေနှင့် ဂီတလောကဝယ် ၁၉၅၀ ကျော်ကာလမှစ၍ ယနေ့ကာလ (နှစ်ပေါင်း ၆၀ ကျော်)အထိ အငြင်းပွားဖွယ် ပြဿနာတစ်ရပ် ဖြစ်နေခဲ့သည်။ နောက်ပိုင်းတွင် မရေရာသော အချက်အလက်များ၊ လိုရာဆွဲပြောသော ခန့်မှန်းချက်များဖြင့် ဤသီချင်းစာသားများသည် ဆရာ ဒဂုန်တာရာ၏ ကိုယ်ပိုင်စာသားများဖြစ်ကာ ဂီတနက်သန် ကိုစောညိန်းမှ စာသားခိုးယူသူလိုလို သဘောသက်ရောက်သည့် အပြောအရေးများဖြစ်သောအခါ စာမျက်နှာများထက်တွင် နှစ်ဖက်အယူအဆကွဲလွဲမှုများဖြင့် အပြန်အလှန် ချေပရေးသားလာကြသည်။

ထိုသီချင်းသည် တောင်ငူဘုရင် နတ်သျှင်နောင်၏ ရတုများထဲမှ ကောင်းနိုးရာရာ စကားလုံးများကို ရွေးချယ်ပြီး ကိုစောညိန်းကိုယ်တိုင် ရေးစပ်ခဲ့သော သီချင်းတစ်ပုဒ်ဖြစ်ကြောင်း ကျွန်တော် အထောက်အထားများစွာနှင့် တကွ တင်ပြချင်ပါသည်။

ဦးစွာ ဂီတနက်သန် ကိုစောညိန်းမှ သူ၏တပည့်လေးတစ်ဦးထံ ပေးစာ သက်ရေးမူမှ ကိုစောညိန်း ရေးထားသော စာအချို့ကို ထုတ်နုတ်ဖော်ပြရလျှင် 'ဥပမာ-စာရေးဆရာအသင်းကြီးက ကပြတဲ့ နတ်သျှင်နောင် ပြဇာတ်ကွန်းက ကျွန်တော် ရေးခဲ့တဲ့ *နွေနှောင်းဝသန်* သီချင်းထဲက *သန္တာလိုမြည်နှော ... ××× ကြွေလျှောကုန်လှ* ဆိုတဲ့ နေရာမှာ သစ်ရွက်ကလေးတွေ ကြွေပုံကို စာသားနဲ့ မဖော်ခဲ့ဘူး၊ ကြွေလျှောကုန်လှဆိုပြီး ရိုးရိုးပဲ ရေးခဲ့တယ်။ ဒါပေမဲ့ သစ်ရွက်ကလေးတွေ ဘယ်လိုကြွေတယ်ဆိုတာကို အသံနဲ့တော့ ဖော်ထားတဲ့ ဒီနေရာမှာ' ဟူ၍ တွေ့ရသည်ကြောင့်သည်းကောင်း…။

*နွေနှောင်းဝသန်* သီချင်းကို မြန်မာနိုင်ငံ စာရေးဆရာအသင်း မူပိုင်အဖြစ် ရေးသားပေးခဲ့သော ကိုစောညိန်းအား မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ ဂုဏ်ပြုပေးအပ်ခဲ့သည့် ပြည်ထောင်စု ဗမာနိုင်ငံ စာရေးဆရာအသင်း Letter Head စာတန်းပါ ဂုဏ်ထူးဆောင်လက်မှတ်အရ…

'၁၃၁၂ ခု၊ နတ်တော်လဆန်း ၁ ရက်၊ စာဆိုတော် အမျိုးသားစာပေနေ့ကြီးတွင် ဆင်ယင်ကျင်းပသော နတ်သျှင်နောင်ပြဇာတ်တွင် တေးသီချင်းများဖြင့် ကူညီသော (ကိုစောညိန်း)အား စာရေးဆရာအသင်းကြီးမှ သူ၏ ဂီတအနုပညာကို လေးစားဂုဏ်ပြုသောအားဖြင့် အနုပညာအတွက် ဂုဏ်ထူးဆောင်လက်မှတ်ကို နှင်းအပ်ရပေသည်။

နတ်သျှင်နောင်ပြဇာတ်သည် တောင်ငူခေတ် ရတုစာဆို နတ်သျှင်နောင်၏ ရတုကဗျာကို ပြန်လည်ဆန်းသစ်လာအောင် ဖော်ပြသော စာပေပြဇာတ်ဖြစ်ရာ ကဗျာလင်္ကာ ဂီတအရသာတို့ကို ပေါ်လွင်အောင် ဖော်ပြနိုင်စွမ်းရှိရပေမည်။

ယခုပြဇာတ်၌ ဂီတတေးသီချင်းစပ်ဆိုသူသည် နတ်သျှင်နောင်သီကုံးသော ရတုကဗျာ၏ အနက်အဓိပ္ပာယ်နှင့် သူ၏ လှပဆန်းသစ်သော စကားလုံးများကိုပါစီခြယ်ကာ တေးသံထည့်သွင်းစပ်ဟပ်နိုင်စွမ်းရှိသည်။ နတ်သျှင်နောင်၏ ကဗျာအလှတို့ကို တေးသံအလှတို့ဖြင့် ဖက်စပ်ပေးနိုင်စွမ်းရှိသည်။ ထိုသို့သော တေးသီချင်းဖြင့် နတ်သျှင်နောင်၏ ရတုကဗျာကိုဖော်ပြကာ ဂီတတေးသံဖြင့် ပြန်လည်ဆန်းသစ်သော သူ၏ ဂီတအနုပညာကို ဂုဏ်ပြုသောအားဖြင့် စာရေးဆရာအသင်းကြီးမှ ဤအနုပညာ ဂုဏ်ထူးဆောင်လက်မှတ်ကို နှင်းအပ်ရပေကြောင်း..'

ဟူ၍ ဆရာ ဒဂုန်တာရာကိုယ်တိုင် လက်မှတ်ရေးထိုး ဂုဏ်ပြုပေးအပ်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့်လည်း ကောင်း…။

လွန်ခဲ့သော ၂ နှစ်ခန့်က ရန်ကုန်မြို့၊ Orchid Hotel တွင် လျှပ်တစ်ပြက်ဂျာနယ် အယ်ဒီတာချုပ် ဆရာ ဦးမြတ်ခိုင် ဦးဆောင်၍ ကျင်းပခဲ့သည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် *နွေနှောင်းဝသန်* ၏ ပဟေဠိနှင့် ပတ်သက်၍ စာနယ်ဇင်းဆရာတစ်ဦး မေးမြန်းသော မေးခွန်းကို ဖြေကြားခဲ့သည့် ဂီတနက်သန် ဦးအုန်းလွင်(အသက် ၂၇ နှစ်၊ ၇ လအရွယ်တွင် လူမှား အရိုက်ခံရ၍ ကွယ်လွန်ခဲ့ရသော ဂီတနက်သန် ပထမခေတ်ဦးပဲ့ကိုင်ရှင် ဂီတနက်သန် ကိုစောညိန်း၏ မိတ်ဆွေရင်း ဂီတရောင်းရင်း၊ ဂီတနက်သန်အဖွဲ့ကို စတင်ဖွဲ့စည်းစဉ်ကတည်းက ပါဝင်ခဲ့ကာ ကိုစောညိန်း ဆုံးပြီးနောက် ဂီတနက်သန်အမည်ကို အမွေခံယူလျက် ဂီတနက်သန် ဒုတိယခေတ်ကို ဆက်လက် စောင့်ရှောက်ထိန်းသိမ်းခဲ့သူ)က…

'*နွေနှောင်းဝသန်* သီချင်းရဲ့ လက်ရာရှင် ဘယ်သူလဲဆိုတဲ့ မေးခွန်းဟာ ပန်ချာပီ ခေါင်းပေါင်းလို ဖြစ်နေတာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ ကျွန်တော် ကိုစောညိန်းအပေါ် သစ္စာစောင့်သိသလို တစ်ဖက်က စာရေးဆရာ၊ ကဗျာဆရာ ဆရာဒဂုန်တာရာဆိုရင်လည်း ကျွန်တော်နဲ့ ခင်မင်လေးစားရတဲ့ ပုဂ္ဂိုလ်ကြီးပါ။ နှောင်းလူငယ်တွေကတော့ ဆရာ ဒဂုန်တာရာ ရေးတာလို့ပဲ ယုံကြည်နေပါတယ်။ အခုတော့ ကျွန်တော်လည်း သက်ရှိထင်ရှားရှိနေဆဲမို့ တစ်ခါတည်း အမှန်းခံပြီး ဖြေပါ့မယ်။ နောက်ထပ် ဒီမေးခွန်းကို ထပ်မံမေးမြန်းခြင်း မပြုဖို့ ဆရာများကို မေတ္တာရပ်ခံပါတယ်။ *နွေနှောင်းဝသန်* သီချင်းကို ဆရာ ကိုစောညိန်း ရေးတာပါ'

ဟူ၍ ကိုစောညိန်း ကွယ်လွန်ပြီး နှစ်ပေါင်း ၆၀ ကျော်အထိ ထိုကိစ္စနှင့် ပတ်သက်၍ ရေငုံနှုတ်ပိတ်နေခဲ့သော်လည်း အမှန်တရားအတွက် ဖွင့်ဟချိန်သင့်ပြီဟု ယူဆကာ ရှင်းပြခဲ့သော စကားကို ထောက်၍လည်းကောင်း…။

အချစ်ဂျာနယ်အတွက် ဦးအုန်းလွင်ထံ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com

သည့် နောက်ပိုင်း မြန်မာ့ဂီတကို ချစ်မြတ်နိုးသော ကျွန်တော်သည် တိမ်မြုပ် ပျောက်ကွယ်လုနီးပါး ဖြစ်နေသည့် ဗမာဂီတာတီးခတ်ခြင်း အတတ်ကို အဘ ဦးအုန်းလွင်ထံမှ တပည့်ခံသင်ယူရင်း အဘနှင့် ဆရာတပည့်လိုတစ်မျိုး၊ မြေးအဘိုးနယ်တစ်ဖုံ ချစ်ခင်ရင်းနှီးခဲ့ကာ အဘထံမှ သိလိုသမျှကို မကြာခဏ မေးမြန်းမှတ်သားရင်း တစ်နေ့တွင် အဘ မကြိုက်မှန်းသိလျက် အရဲစွန့်ကာ *နွေနှောင်းဝသန်* ပြဿနာကို မေးမြန်းခဲ့၏။ ထိုအခါ အဘ ဦးအုန်းလွင်က…

'*နွေနှောင်းဝသန်* သီချင်းကို ကိုစောညိန်းကိုယ်တိုင် အဘရှေ့မှာ ရေးခဲ့တာပါ။ ကိုစောညိန်း သီချင်းရေးတဲ့အခါမှာ ဒီနေရာ ဒီစာသားဆို ပိုလှမလား၊ ဒီစာသားဆို ဒီအသံနဲ့ဆို ပိုလိုက်မလား စသဖြင့် အဘနဲ့ တိုင်ပင်ပြီး ရေးလေ့ရှိတယ်။ တစ်ခါတလေ အဘလည်း ပတ္တလားနဲ့ အသံကူရှာပေးရတယ်။ ဘယ်သူ ဘယ်လိုပြောပြော *နွေနှောင်းဝသန်*ဟာ အသံရော စာသားပါ ကိုစောညိန်း ရေးစပ်ခဲ့တာပါ။ ဒါကို ဘုမသိဘမသိလူတွေက လျှောက်ပြောနေကြတာ။ Orchid Hotel မှာလုပ်တဲ့ ပွဲတုန်းက အဘ အပြတ်ပြောခဲ့ပြီးပြီ။ နောက် ဘယ်သူမေးမေး မပြောတော့ဘူးလို့လည်း ကြေညာခဲ့ပြီးပြီ။ မင်းမို့လို့ ထပ်ပြောပြတာ။ အဘ စိတ်ကုန်နေပြီကွာ။ ခွေးဟောင်တိုင်း ထမကြည့်တော့ဘူး၊ အိပ်ရေးပျက်တယ်။ အသက်တွေလည်း ကြီးပြီ။ အိပ်ရေးပျက်မခံချင်တော့ဘူး ငါ့သားရယ်'

ဟူ၍ ပြတ်သားစွာ ရှင်းပြခဲ့သည့် စကားကို ကိုယ်တိုင်ကြားခဲ့ရသည်ကို ကြည့်ခြင်းဖြင့်လည်းကောင်း…။

(၁၈. ၂. ၂၀၁၄)ရက်က မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ ကြီးမှူးကျင်းပခဲ့သော ဆရာ မော်ဝန်းကြည်မြတ်၏ ဂီတနက်သန် ဂန္ထဝင်ရေစီး စာတမ်းဖတ်ပွဲကို ကျွန်တော်လည်း တက်ရောက်ဖြစ်ခဲ့ရာ ထိုစာတမ်းဖတ်ပွဲအဆုံး နိဂုံးတွင် ဆရာ မော်ဝန်းကြည်မြတ်မှ 'လွန်ခဲ့သော ၂ နှစ်ကျော်က Orchid Hotel ၌ စာနယ်ဇင်းများ၏ မေးခွန်းများကို(အမှန်းခံ၍) *နွေနှောင်းဝသန်* သီချင်းကို ဂီတနက်သန် ကိုစောညိန်း တစ်ဦးတည်းရေးသားခြင်းဖြစ်ကြောင်း တရားဝင် ရှင်းလင်းတင်ပြခဲ့သည့် ဆရာ ဦးအုန်းလွင်အား စာပေဂီတမြတ်နိုးသူများအားလုံးကိုယ်စား ကျေးဇူးအထူးတင်ရှိကြောင်း တင်ပြခဲ့သည်ကို နားနှင့် ဆတ်ဆတ် ကြားခဲ့ရခြင်းကြောင့်လည်းကောင်း…။

ရွှေအမြုတေမဂ္ဂဇင်းနှင့် အလင်းတန်းဂျာနယ် အယ်ဒီတာချုပ် ဆရာဦးဝင်းငြိမ်း၏အဆိုအရ 'ဆရာ ဒဂုန်တာရာ ရှိစဉ်ကရော၊ ဆရာ ဦးသုခ ရှိစဉ်ကပါ ဒီကိစ္စနဲ့ပတ်သက်ပြီး ဦးလည်းမေးခဲ့ဖူးတယ်။ ဒါပေမဲ့ သူတို့က Yes or No တိတိကျကျ မဖြေခဲ့ကြဘဲ ပြုံးပဲပြုံးနေကြတယ်။ *နွေနှောင်းဝသန်* ရဲ့ နောက်တစ်မျိုးအခေါ်က *နွေနှောင်းရက်ကျန်* လို့ လူသိများတယ်။ ဒါပေမဲ့ ဆရာ ဒဂုန်တာရာက *နွေနှောင်းရက်ကျန်* မဟုတ်ဘူး၊ *နွေနှောင်းရွက်ကျန်*သာ ဖြစ်တယ်လို့ ရှင်းပြခဲ့ဖူးတယ်။ ဒီသီချင်းအပြင် ပဟေဠိဖြစ်ခဲ့ရတဲ့ သီချင်းတွေလည်း အများကြီး ရှိဖူးပါတယ်။ ဥပမာ တစ်ခုပြရရင် ဆရာ ဦးသုခနဲ့ မေသစ်ဆိုခဲ့တဲ့ *ဘဝသံသရာ* သီချင်း၊ *နွေနှောင်းဝသန်* လိုပဲ ရေးသူအစစ်အမှန် အတိအကျ မပြောခဲ့ကြဘူး။ နှစ်ဦး နှစ်ဖက်စလုံးကလည်း ဂီတ၊ စာပေ၊ ရုပ်ရှင်နယ်မှာ ကျော်ကြားသူတွေဆိုတော့ နှစ်ဖက်စလုံးက ဒီသီချင်း မိမိရေးသားတယ်ဆိုပြီး ဖွင့်ဟကြေညာတာ၊ ဝန်ခံတာ မရှိခဲ့ကြဘူး။ နှစ်ဖက်စလုံး ကွယ်လွန်ပြီး နောက်ပိုင်းမှ သီချင်းရေးသူရဲ့ မိသားစုတွေက သက်သေနဲ့တကွ ဖွင့်ဟကြေညာခဲ့ကြတယ်။ တစ်ခုရှိတာက *နွေနှောင်းဝသန်* ဟာ ကိုစောညိန်းရေးတာလား၊ ဆရာ ဒဂုန်တာရာ ရေးတာလားဆိုပြီး ဆရာ ဦးသုခကို ဦး မေးခဲ့တုန်းက ဆရာ ဦးသုခက ဘယ်သူလို့ တိုက်ရိုက် မဖြေခဲ့ဘူး။ ဒါပေမဲ့ ကိုစောညိန်း အကြောင်းတွေကိုပဲ အများကြီး ပြောပြသွားခဲ့တယ်။ ဒီတော့ ဦး အမြင်အရ ဆရာ ဦးသုခဟာ ကိုစောညိန်း ရေးတာပါလို့ သွယ်ဝိုက်သောနည်းနဲ့ အဖြေပေးခဲ့တယ်လို့ ယူဆပါတယ်'

ဟူသော သုံးသပ်ချက်အရလည်း ကောင်း…

*နွေနှောင်းဝသန်* သည် ဂီတနက်သန် ကိုစောညိန်း၏ လက်ရာစစ်စစ်သာ ဖြစ်ကြောင်း ကျွန်တော် တင်ပြလိုပါ သည်။

ဤနေရာတွင် ဆရာကြီး ဒဂုန်တာရာဘက်မှ အမြင်များကိုလည်း ရေး သားရန် လိုအပ်လိမ့်မည် ထင်ပါသည်။ ဆောင်းပါးရှင် ဆရာ မိုးမြင့်ဝင်း(သိပ္ပံ နည်းပညာ)ရေးသားခဲ့သော **နွေနှောင်း ရက်ကျန်လော၊ နွေနှောင်းဝသန်လော ဆရာ ဒဂုန်တာရာ၏ ရှင်းလင်းချက်** ဆောင်းပါးမှ ဆရာ ဒဂုန်တာရာ၏ ကိုယ်ပိုင်စကား ခေါင်းစဉ်အောက် ဖော် သားမှ ထုတ်နုတ်ပြရလျှင်…

'*နွေနှောင်းရက်ကျန်* ရဲ့ နောက်ဆုံး စာပိုဒ်ဖြစ်တဲ့ '*လေယူဆောင်နှင်း××× မြေဆီမြေသင်းနံ့သာ××× စိန်ခြူးအုံ ×××ကြာညောင်သဉ္ဇာ၊ ပန်းကြာ ဖဲစက်ရာမှာ၊ မယ့်ကိုယ်စား မွေးမြ သလား×××ထင်မြင်ယောင် တွေးမိ ကာ×××သည်းအူချာ ကြွေအောင်ဖန် ×××သက်လျာခေတ္တရဲ့ မြင်လှည့်ပါ*' ဆိုသော စာသားကိုတော့ နတ်သျှ နောင် ရတုက ထုတ်နုတ်တာ မဟုတ် ဆရာ ဒဂုန်တာရာရဲ့ ကိုယ်ပိုင်စာသာ ဖြစ်ကြောင်း (၂၅. ၁. ၂၀၁၁)နေ့ ဆရာ ပြောပြလို့ အချက်အလက်တိ မှတ်သားရပါတယ်'

ဟူသော ဖော်ပြချက်ကို ဖတ်ရှု သည်။

ထိုအချက်ကို ကျွန်တော် ထော ပြချင်ပါသည်။ ထောက်ပြသည်ဆို ကျွန်တော် လေးစားရသော စာ ကဗျာ၊ ဂီတ ပညာရှင်တစ်ယော သည့် ဆရာကြီး ဒဂုန်တာရာအား



www.burmeseclassic.com

www.burmeseclassic.com

ကျစေလိုသော ဆန္ဒစေတနာဖြင့် ထားခြင်းမဟုတ်ဘဲ အမှန်တရား ခုကို ခိုင်လုံသော သက်သေ ကာက်အထားနှင့်တကွ ဖော်ပြခြင်း ဖြစ်ပါကြောင်းနှင့် ကျွန်တော့်စာ များကြောင့် ဆရာကြီး အဘိုး တာရာ၏ ဂုဏ်သိက္ခာ ထိခိုက်မှု တစ်ရာ ရှိသွားမည်ဆိုပါက ဤ မှ လေးစားရိုသေစွာ တောင်းပန် ကြောင်း ဦးစွာ ပြောချင်ပါသည်။

အထက်က ဆိုခဲ့သော ဆောင်းပါး *နွေနှောင်းရက်ကျန်* ၏ အဆုံးပိုဒ်မှ သားများသည် ဆရာကြီး ဒဂုန်တာရာ ကိုယ်ပိုင်စာသားဟု ရေးသားထား သော်လည်း ဂီတဝိသောဒနီကျမ်းတွင် ရှိသည့် မြဝတီမင်းကြီး ဦးစ ရေးခဲ့ သော *စက်လဲမရှင်၊ ကျမျက်ရည် တွေတွေ ဆင်း၊ ငွေနှင်းလည်တို့သွင်* အစချီ 'စက်လဲမရှင်' အလွမ်းပတ်ပျိုးကလေး *'မကြံ မကြံပါနိုင်၊ ယိမ်းယိုင်ခွေကာ နှင်းပါလို့လေး။ ပန်းကြိုတဲ့ ဖဲစက်ရာ၊ စာသာယှဉ်လို့ မှိုင်မိသေး'* ဆိုသည့် စာသားများထဲမှ ပန်းကြိုတဲ့ ဖဲစက်ရာ သော စာသားသည် မြဝတီမင်းကြီး ဦးစ၏ ကိုယ်ပိုင်စာသားဖြစ်နေကြောင်း တွေ့ရှိရပါသည်။

မဟာဂီတသီချင်းကြီးမှလည်း ကောင်း၊ နတ်သျှင်နောင်၊ မြဝတီမင်း ကြီး ဦးစ စသည့် ရှေးစာဆိုကြီးများ၏ ရတုကဗျာ သီချင်းများမှလည်းကောင်း၊ စာသားအချို့ကို ယူငင်သုံးစွဲ၍ ရေး သော၊ ကိုယ်တိုင်ဖန်တီးရေးဖွဲ့သော သစ္စာ၊ ပွင့်ဦး၊ ငွေဝန်းသော်တာ၊ ချစ်ပြုံး နှင်းဆီ၊ မိုးသက်လေနှင်၊ ဝသန်ခါဦး၊ ရတုဘုရင်၊ စိန်၊ သည်ဆောင်းဟေမာန်၊ ရွှေဦး၊ ဝဏ္ဏပဘာ၊ ဆည်းဆာ၊ နွေနှောင်း သသန် အပါအဝင် ဂီတနက်သန် ကိုစော ညိန်း ဖန်တီးရေးစပ်ခဲ့သော သီချင်း အပုဒ် ၅၀ ကျော်တို့အနက် ကျွန်တော် လွှာဖွေခံစား နားဆင်ခဲ့ဖူးသော သီချင်း အပုဒ် ၃၀ ခန့်အရ ဂီတနက်သန် ကိုစောညိန်းသည် မဟာဂီတ သီချင်း များနှင့်လည်းမတူ၊ ထိုခေတ် ကာလပေါ် တေးသီချင်းများနှင့် စာသားရော အသံ ထည့်ပုံပါမတူ၊ တစ်မူဆန်းသစ် ကွဲပြား သော တေးသီချင်းများကို ဂီတနက်သန် ဟန်အဖြစ် ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း၊ *နွေနှောင်းဝသန်* သီချင်းမှာလည်း သံစဉ် ရော စာသားပါ ဂီတနက်သန်ဟန်ဖြင့် ဖန်တီးထားခြင်းသာဖြစ်ကြောင်း သုံး သပ်ယူဆလိုပေသည်။

*ဝသန်ခါဦး* သီချင်းဖြင့် ဂီတလော ကသို့ စတင်ဝင်ရောက်ခဲ့ပြီး *နွေနှောင်း ဝသန်* ခေါ် *နွေနှောင်းရက်ကျန်* အမည်ရှိ မိုးနှင့်ပတ်သက်သော သီချင်းဖြင့် ဂီတ လောကဥ္စ နာမည်တစ်လုံးရခဲ့ကာ သူ၏ နောက်ဆုံးလက်ရာ *မိုးသက်လေနှင်* သီချင်းနှင့်အတူ အသက် ၂၇ နှစ် ၇ လ အရွယ်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ သည့် ဂီတနက်သန် ကိုစောညိန်းအား 'မိုးအစ၊ မိုးအလယ်၊ မိုးအဆုံး'ဟူ၍ စာပေ၊ ဂီတ ပညာရှင်များ အောက်မေ့ တသ ဂုဏ်ပြုခဲ့ကြသည် မဟုတ်ပါလား။

*နွေနှောင်းဝသန်* ဖြင့် ကျော်ကြား အောင်မြင်ခဲ့သော ကိုစောညိန်းသည် ထို သီချင်းကို ရေးဖွဲ့ခဲ့စဉ်က 'ငါ အောင်မြင် ကျော်ကြားဖို့'ဟူသော ရည်ရွယ်ချက် ဖြင့် ရေးခဲ့လိမ့်မည်မထင်။

သို့သော် *နွေနှောင်းဝသန်*သည် ဂန္ထဝင်တေးတစ်ပုဒ်အဖြစ် ယနေ့ထိတိုင် အောင်မြင်ကျော်ကြားနေသော ဂီတနက် သန် သီချင်းတစ်ပုဒ် ဖြစ်ခဲ့ပါသည်။

အကယ်၍များ ဂီတနက်သန် ကိုစောညိန်းသည်သာ ငယ်ငယ်ရွယ် ရွယ်ဖြင့် မကွယ်လွန်ခဲ့ဘဲ အသက်ရှည် ကျန်းမာစွာဖြင့် စာပေဂီတတာဝန်များ အား ထမ်းဆောင်ရင်း ယနေ့ထိတိုင် ရှိနေ ပြီး *နွေနှောင်းဝသန်*၏ ပဟေဠိဆန်ဆန် အရှုပ်တော်ပုံ အဖြစ်ကို ကြားသိမြင်တွေ့ ရမည်ဆိုပါက မည်သို့ ဆုံးဖြတ်မည် နည်းဟူသော အဖြေကို ကျွန်တော် တွေး နေမိသည်။

နှစ်ပေါင်း ၆၀ ကျော် ကြာမြင့်ခဲ့ ပါပြီ။

*နွေနှောင်းဝသန်* သီချင်းနှင့် အဓိ က ပတ်သက်သူများဖြစ်ကြသော ဂီတ နက်သန် ကိုစောညိန်း၊ ဆရာကြီး ဒဂုန် တာရာ၊ ဆရာ ဦးသုခ၊ ဂီတနက်သန် ဦးအုန်းလွင်၊ မင်းသား ရွှေညာမောင်၊ ရေနံ့သာ စိုးလှိုင်၊ စာရေးဆရာ သန်းဆွေ တို့အထဲတွင် ဂီတနက်သန် ဦးအုန်းလွင် တစ်ယောက်သာ သက်ရှိထင်ရှား ကျန်ရှိ ပြီး ကျန်သူအားလုံးမှာ အသီးသီး ကွယ် လွန်အနိစ္စ ရောက်ခဲ့ကြကုန်ပြီဖြစ်သည်။

သို့သော် *နွေနှောင်းဝသန်*သည် ယနေ့ထိ အောင်မြင်ကျော်ကြားနေဆဲ၊ ယနေ့ထိ စာပေဂီတ မြတ်နိုးသူများ၏ အတွေးတွင် ပဟေဠိတစ်ပုဒ်နှယ် ကျန် ရစ်နေဆဲ ဖြစ်ပါသည်။ ■

**ဟိန်းဆက်သွင်**

**ကျမ်းကိုး**

ဂီတကို ကဗျာမှုပြုသူ ကိုစောညိန်း (စောနိုင်ဦး)

ဂီတဝိသောဒနီကျမ်း

ဂီတနက်သန် ဂန္ထဝင်ရေစီးစာတမ်း (မှော်ဝန်းကြည်မြတ်)

ဆရာ ဒဂုန်တာရာ၊ ဂီတနက်သန် ကိုစောညိန်းနှင့် *နွေနှောင်းဝသန်* သီချင်း (မှော်ဝန်းကြည်မြတ်)

ချစ်ထိတ်ဗျာရှင်(သန်းဆွေ)

ဂီတနက်သန် ကိုစောညိန်း၏ ငွေ ရတုကျင်းပစဉ်က(ကြည်ဦး)

ဂီတနက်သန် ကိုစောညိန်း၏ စာပေစာတမ်း(အောင်နိုင်-တက္ကသိုလ်)

တေး၏ကြေးမုံ(မြန်မာ့အသံ-ဦး သန်းမြင့်)

နွေနှောင်းရက်ကျန်လော၊ နွေ နှောင်းဝသန်လော၊ ဆရာ ဒဂုန်တာရာ ၏ ရှင်းလင်းချက်(မိုးမြင့်ဝင်း၊ သိပ္ပံ/ နည်းပညာ)

မဟာကဗျာဆရာကြီး ဒဂုန်တာရာ (သို့မဟုတ်) နွေနှောင်းဝသန် သီချင်း၏ ဖခင် (၉. ၃. ၂၀၀၄(တနင်္ဂနွေ)ထုတ် စံတော်ချိန် သတင်းစာပါ ဆရာ အုန်း ကျော်နီ(ဘီအီးဒီ)၏ ဆောင်းပါး)

ဂီတနက်သန် ဦးအုန်းလွင် (ကိုယ် တိုင်အင်တာဗျူး)

ဆရာ ဦးဝင်းငြိမ်း (ကိုယ်တိုင်အင် တာဗျူး)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အနန္တစကြဝဠာ၊ အနန္တ သတ္တဝါတို့…ဖော်ရှင်

*'ယဿာနုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘီသနံ၊ ယမှိ စေဝါနုယုဥ္ဇန္တော၊ ရတ္တိန္ဒိဝ မတန္ဒိတော'*

မေတ္တာသုတ်ရွတ်ဖတ် သရဇ္ဈာယ်သံတွေကြောင့် မေသက်တစ်ယောက် လက်ထဲက လုပ်လက်စ စာရွက်စာတမ်းများကို ဘေးခဏချထားပြီး၊ သူ့ရုံးခန်းထဲမှ အရှေ့ဝရန်တာရှိရာဆီသို့ အပြေးထွက်လာခဲ့၏။ သူကဲ့သို့ အပြေးထွက်လာ၍ ဝရန်တာဆီသွားနေသူများကိုလည်း တွေ့ရ၏။ ဝရန်တာ ရောက်တော့ ရုံးက ဝန်ထမ်းအတော်များများသာမက၊ ရုံးတွင် အလုပ်ကိစ္စဖြင့် ရောက်နေသည့် ဧည့်သည်များဖြင့်ပါ




ပြည့်၍နေ၏။ မေသက်လည်း အများကြားတွင် တိုးဝှေ့၍ အသံလာရာ လမ်းမကြီးဆီသို့ ကြည့်လိုက်မိ၏။ အသံများသည် ရုံးရှေ့ရှိ သက်တမ်းရင့် ကုက္ကိုပင်ကြီး၏ စိမ်းမြမြအရွက်အခက်များအကြား ညီညာဖြဖြ စီးမျောလာသည့် ရွှေဝါရောင်သံဃာတော်များဆီမှ ဖြစ်သည်။ မြင်ကွင်း ပိုမိုပီပြင်သွားစေရန်အတွက် မေသက်က ခြေဖျားလေးကို ထောက်၍ ကြည့်လိုက်မိ၏။

ကမ်းနားလမ်းဘက်မှ အရွယ်စုံသံဃာတော်များ တညီတညာတည်း ရွတ်ဖတ်သရဇ္ဈာယ်ရင်း မေသက်၏ အလုပ်တည်ရှိရာ ဗိုလ်အောင်ကျော်လမ်းမကြီးဆီသို့ ချီးကြွလာ၏။ ဘေးမှ ကပ်ပါလာသည့် လူအုပ်နှင့်ပေါင်း လိုက်မည်ဆိုလျှင် မနည်းမနောပေ။

*'သဗ္ဗေသုသကောစ သု ဘရောစ၊ အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ…'*

နှုတ်မှလိုက်ပါ၍ ဖွဖွရွတ်မိရင်းက မေသက် အလိုလို လက်အုပ်ချီမိသွားသည်။ မေသက်ကဲ့သို့ ဝရန်တာရှိ အခြားဝန်ထမ်းများလည်း အလားတူပင်။ သံဃာတော်များ၏ ညီညာဖြဖြ မေတ္တာသုတ် ရွတ်ဖတ်နေသံများက ကြက်သီးမွေးညင်း တဖြန်းဖြန်းထလာစေ၏။ ဝိတောက်ပင်ကြီးပေါ်မှ ကျီး

www.burmeseclassic.com

**ပန်းဆိုးတန်း ကုန်းတံတားပေါ်သို့ တက်ရန် လမ်းကူးချိန်တွင် မတော့ ပန်းဆိုးတန်း အထက်လမ်းမကြီး အပြည့် သံဃာအဖွဲ့လိုက် နှင့်တကွ အတူရှိနေသည့် လူငယ် တော်တော် များများ ကိုပါ တွေ့လိုက်ရ၏**

များက ရုတ်တရက် ချိန့်ကိုက် ထပြိုသည်။ သြော် သံဃာတော်များပင် လမ်းမထက် ဆင်းလာရချေပြီ။ မတည်မငြိမ်အခြေအနေတွေက ဒီ ရက်ပိုင်းမှ ရုတ်ရုတ်သဲသဲမို့ အားလုံး၏နှုတ်ဖျားမှာ ဒီ အကြောင်းပဲ ပြောဖြစ်နေကြသည်။ မေသက်တို့ တက္ကသိုလ်ပထမနှစ်တုန်းက ကဲ့သို့ ၈၈ အရေးအခင်းကြီးမျိုး နောက်တစ်ကြိမ် ထပ်မံဖြစ်မှာကို မေသက် စိုးရိမ်မိသည်။ ထိုစဉ်အခါက တက္ကသိုလ်ကျောင်းသူတစ်ဦးမို့ အများနည်းတူ တတ်နိုင်သမျှ စိတ်လွတ်ကိုယ်လွတ် ပါဝင်နိုင်ခဲ့သော်ငြား၊ အခု အချိန်အခါမှာတော့ မေသက်ကို လှုပ်မရအောင် ခိုင်ခိုင်နှောင်တည်းထားသည့် ကြိုးမျှင်များက မနည်းပေ။ စိတ်ကရှိသည်ဆိုဦး ခန္ဓာကိုယ်က လှုပ်မရပြီ။ လုပ်ငန်းခွင်၏ တာဝန်ဝတ္တရားများ၊ အရွယ်မရောက်သေးသည့် လူမမည်သားဖြစ်သူ ဖွဲ၏ မိခင်ဘဝ၊ အသက် ခုနစ်ဆယ်ကျော် ဖခင်ကြီးကို စောင့်ရှောက်ရမည့်တာဝန်နှင့်ဝတ္တရားစသည်များက မေသက်ကို အရင်လို စိတ်သွားတိုင်း ကိုယ်ပါခွင့် မပေးတော့ပေ။

'မမမေသက် ဆရာ့ဆီက ဖုန်းလာနေတယ်··'

ဝန်ထမ်း ညီမလေးတစ်ဦးက လာပြောသဖြင့် မေသက် အလုပ်စားပွဲရှိရာဆီသို့ ပြန်ပြေးရ၏။

'အခြေအနေက ဘာမှန်း ပြောလို့မရဘူး ဒေါ်မေသက်၊ လမ်းတွေ နေရာတော်တော်များများမှာ ပိတ်ထားတယ်။ ဝန်ထမ်းတွေ အိမ်ပြန်ရ ခက်နေလိမ့်မယ်၊ ဒီတော့ အားလုံးကို ရုံးစောဆင်းခိုင်းလိုက်တော့။ အခန့်မသင့်လို့ ရုံးတွေ ပြန်တက်ဖို့ အခြေအနေမပေးခဲ့ရင် စိတ်ချရအောင် မီးခံသေတ္တာထဲက ငွေတွေပါ ဒေါ်မေသက်အိမ်ကို အကုန်သိမ်းသွား၊ အရေးအကြောင်း ငွေလိုရင် ကျွန်တော် ဖုန်းဆက်ပြီး အိမ်မှာလာယူမယ်။ ရုံးတံခါးတွေ သေချာပိတ်ပြီးမှ ရုံးဆင်းချေ။ ခင်ဗျား အိမ်ပြန်ရင် ငွေတွေနဲ့ အန္တရာယ်များတယ်။ ဒီဘက်မှာလည်း ကားလမ်းတွေ ပိတ်နေလို့ ရုံးကားကို ပြန်မလွှတ်တော့ဘူး။ အဲ့ဒီကနေပဲ တက္ကစီငှား ပြန်လိုက်ပါ'

တစ်ဖက်ရုံးချုပ်မှာ အမြဲထိုင်တတ်သည့် သူဌေးဖြစ်သူမှ မေသက်ကို တရစပ် ညွှန်ကြား၏။ လုပ်သက်ဆယ်နှစ်ကျော် အတွေ့အကြုံမှနေ၍ဘဝဖြင့် ရုံးခွဲတွင် သီးသန့်တာဝန်ယူထိုင်ခိုင်းထားသည့် မေသက်ကို စိတ်ချစွာဖြင့် သူဌေးက မှာကြားနေ၏။ ဖုန်းထဲမှ သူဌေး၏အသံက စိုးရိမ်သံလွှမ်းနေ၏။ သူဌေး ဖုန်းချသွားလျှင် ဝန်ထမ်းအားလုံး အိမ်သို့ အမြန်ပြန်ဖို့နှင့် အိမ်ပြန်ရောက်သည်နှင့် ပြန်ရောက်ကြောင်း ဖုန်းဆက် သတင်းပြန်ပို့ရန် မှာရသည်။ သို့နှင့် တစ်ရုံးလုံး အိမ်ပြန်ဖို့ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြ၏။ မီးခံသေတ္တာထဲက မြန်မာငွေလက်ကျန်များ၊ ငွေလာချေထားသည့် အမေရိကန် ဒေါ်လာအချို့နှင့် အက်ဖ်အီးစီများ အားလုံးကို အိတ်တစ်လုံးဖြင့် လုံခြုံအောင် အထပ်ထပ် ထုပ်ပိုးလိုက်၏။ ပိုက်ဆံထုပ်က မေသက်၏လက်ကိုင် အိတ်နှင့် မဆံ့သည်မို့ အထုပ်လိုက်သာ ရင်ခွင်ထဲ ပိုက်၍ ပြန်ရပေမည်။ ရုံးမှ မထွက်ခွာမီ နောက်ဆုံးအနေဖြင့် ရုံးတံခါးများ သေချာပိတ်မပိတ်ကို သေချာလိုက်စစ်မိ၏။ သူဌေးပြောသကဲ့သို့ ရက်ရှည် ရုံးမတက်ရသည်မျိုးမဖြစ်နိုင်ဟု မည်သူပြောနိုင်ပါသနည်း။ အခြေအနေက မကောင်း။ သံဃာတော်များ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်တွင်ရှိစဉ် အပစ်ခံရသည့်သတင်းထွက်ပေါ်လာပြီးကတည်းက ဒီ ရက်ပိုင်း သတင်းမှန်များရော၊ ကောလာဟလသံများပါ ညံစီနေသည်။ စားသောက်ကုန်တွေ ရုတ်ခြည်းဈေးထိုးတက်ကုန်ပြီး ဆိုင်တိုင်းမှာ ရက်ရှည်စားသောက်ကုန်များအား ကြိတ်ကြိတ်တိုးဝယ်ယူသူများဖြင့် စည်ကားကုန်၏။

ဝန်ထမ်းအားလုံး ပြန်ကုန်ကြပြီ။ မေသက်လည်း ရုံးတံခါးမကြီးကို သော့အထပ်ထပ်ခတ်ပြီး ခြေလှမ်းခပ်သွက်သွက်ဖြင့် ကားငှားရန် လမ်းမပေါ် လျှောက်လာခဲ့သည်။ ရုံးတော်တော်များများ စောစောဆင်းသွားပုံရသည်။ လမ်းမကြီးတစ်ခုလုံး လူများဖြင့် ရုံးစုရုံးစုရှိနေ၏။ မေသက်၏အလုပ်က ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်းမကြီး၏ အောက်ဘက်တွင် တည်ရှိသည်။ လက်က နာရီကို ကြည့်လိုက်တော့ ညနေ ငါးနာရီပင် ထိုးတော့မည်။ လူခြဲမရှိသည့် မေသက်တို့၏အိမ်မှာ ယခုအချိန်ဆိုလျှင် အသက်ခုနစ်ဆယ်အဖေနှင့်မူကြိုအရွယ်သားတစ်ယောက်သာ ရှိနေမည်။ မေသက် ရင်တွေပူလာ၏။ ဖြစ်ချင်တော့ လမ်းမကြီးတစ်လျှောက် မည်သည့်အငှားကားမျှလာသည်ကို မတွေ့ရ။ မြို့ထဲရှိအချက်အချာကျသည့် လမ်းမကြီးများကို သက်ဆိုင်ရာက ပိတ်ထားလိုက်လေပြီ။ လူအားလုံးက ကတ္တရာလမ်းမပေါ်မှာ ကိုယ့်ဖာနှင့်ကိုယ် သုတ်သုတ်လျှောက်နေကြ၏။ အလုပ်ကိစ္စဖြင့် အထက်မြန်မာပြည်သို့ ခရီးထွက်နေသည့် ခင်ပွန်းဖြစ်သူကို အားကိုးတကြီး သတိရလိုက်မိသည်။ ရင်ခွင်ထဲပိုက်

www.burmeseclassic.com

www.burmeseclassic.com

စားရသည့် ပိုက်ဆံထုပ်၏ အဝန်ကလည်း မေသက်ကို ဖိစီးစေပြန်၏။

မေသက်တို့အိမ်က ပန်းဆိုးတန်း ကုန်းတံတားကြီး၏ အစ်ဖက်ရှိ မြို့နယ်လေးတွင် တည်ရှိသည်။ မဟာဗန္ဓုလ လမ်းဘက် ပန်းဆိုးတန်းကား မှတ်တိုင်ရောက်တော့ အိမ်ပြန်သည့်လူများဖြင့် တိုးမပေါက် ဖြစ်နေသည်ကို တွေ့ရ၏။ မေသက် စဉ်းစားလိုက်၏။ ပန်းဆိုးတန်းလမ်းမကြီးတစ်လျှောက် ကုန်းတံတားကို ဖြတ်၍ ခြေလှမ်းသွက်သွက် လျှောက်မည်ဆိုလျှင် မိနစ်အစိတ်လောက်မျှ လျှောက်ရပေမည်။ တွေဝေနေရမည့် အချိန် မဟုတ်။ မေသက် ဆုံးဖြတ်ချက်ချလိုက်သည်။ ကားမရလျှင် လမ်းလျှောက်ပြန်၍ရသည်။ လာ၊ မလာ မသေချာသည့် ကားနှစ်မှတ်တိုင်ခန့် ခရီးအကွာအဝေးကို စောင့်စီးမနေတော့ဘဲ အိမ်အရောက် လမ်းလျှောက်ပြန်တော့မည်။ မဟုတ်လျှင် ကားစောင့်ရုံမျှဖြင့် မိုးချုပ်သွားနိုင်သည်။ အိမ်မှာ စိတ်ပူစွာ မျှော်နေမည့် မေသက်၏ အဖေနှင့်အတူ သားဖြစ်သူ၏မျက်နှာကို မှန်းမြင်ယောင်လိုက်တော့ မေသက် ရင်ထဲ အပူလုံးက ဆောင့်တက်လာပြန်၏။

မဟာဗန္ဓုလလမ်းမှ ပန်းဆိုးတန်းလမ်း အလယ်ဘလောက်ဘက်သို့ မေသက် ဦးတည်လိုက်၏။ ပန်းဆိုးတန်းလမ်းဘက်သို့ မချိုးကွေ့မီ ဆူးလေဘုရား မြို့တော်ခန်းမဘက်မှ ဆင်းလာရန် တာစူနေသည့် သံဃာအဖွဲ့လိုက်ကြီးကို ဘွားခနဲ တွေ့လိုက်ရပြန်၏။ မေသက်ရင်တွေ ဒိန်းခနဲ ခုန်လာ၏။ အုံ့ခဲကြည့်နေသူတွေကလည်း မနည်းချေ။ ပိုက်ဆံထုပ်ကိုပိုက်လျက် ခြေလှမ်းအစုံကို မေသက် သွက်သွက်လှမ်း လိုက်မိသည်။ လမ်းတစ်လျှောက်ကြားလာရသည်က အမျိုးမျိုး။ သို့သော် မေသက် ဘာကိုမျှအာရုံမဝင်စားနိုင်။ လတ်တလော အိမ်အမြန် ပြန်ရောက်ရန်သာ အဓိကဖြစ်သည်။ လမ်းပေါ်တွင် ကားများ မတွေ့ရတော့။ လူများဖြင့်သာရှိ၏။ မေသက်ကဲ့သို့ အိမ်ကို လမ်းလျှောက်ပြန်နိုင်သူများအဖို့ တော်သေးသည်ဟု ဆိုရမည်။ ဤသို့ ကားလမ်းတွေ ပိတ်ထားခံရပုံမျိုးနှင့် ခရီးဝေးပြန်ကြရမည့်သူများ မည်သို့မည်ပုံ အိမ်ပြန်ကြမည်လဲဟု မေသက် တွေးနေမိသည်။

ပန်းဆိုးတန်းတစ်လျှောက် အနော်ရထာလမ်းကိုကျော်လွန်၍ ပန်းဆိုးတန်း ကုန်းတံတားပေါ်သို့ တက်ရန် လမ်းကူးချိန်တွင်မတော့ ပန်းဆိုးတန်းအထက်လမ်းမကြီး အပြည့် သံဃာအဖွဲ့လိုက်နှင့်တကွ အတူရှိနေသည့် လူငယ် တော်တော်များများကိုပါ တွေ့လိုက်ရ၏။ လူငယ်များက နဖူးစည်းများ၊ လက်ပတ်များ စည်းလျက်။ လက်ထဲတွင် ဗိုလ်ချုပ်အောင်ဆန်း ဓာတ်ပုံမှန်ပေါင်များ မြှောက်ကိုင်လျက်။ မေသက်စိတ်ထဲ ရုတ်ခြည်းတက္ကသိုလ်ကျောင်းသူဘဝ ၈၈ အရေးအခင်းကာလဆီရောက်သွားပြန်၏။ တစ်ခဏတွင်းမှာပင် မေသက် စိတ်က ပစ္စုပ္ပန်သို့ ပြန်ကပ်၍ အိမ်မှာ ကျန်နေခဲ့သည့်သားဖြစ်သူနှင့် အဖေအိုဆီ ပြန်ရောက်သွား၏။ မေသက် ခြေလှမ်းအရှိန်ကို မြှင့်လိုက်သည်။ ပန်းဆိုးတန်း ကုန်းတစ်ဖက်ကို ဖြတ်ကျော်ပြီး ငါးမိနစ်မျှ လျှောက်လိုက်လျှင် မေသက်၏အိမ်သို့ သေချာရောက်ပြီ။ ထိုစဉ် ကုန်းပေါ်သို့ဦးတည်နေသည့် မေသက်၏မြင်ကွင်းထဲတွင် တွေ့လိုက်ရသည်က သေနတ်ကိုင်စစ်သားများ။ ထိုသူများက ကုန်းတံတား၏လမ်းမအပြည့် ရင်ပေါင်တန်းလျက် ပန်းဆိုးတန်းဘက်ဆီသို့ တရွေ့ရွေ့ ဆင်းလာနေကြ၏။ သံဃာတော်များ၏မေတ္တာသုတ် ရွတ်ဖတ်သရဇ္ဈာယ်သံက ပိုမိုကျယ်လောင်လာ၏။

ထိုစဉ် ရှူးရှူးနှင့်နှင့် အော်သံနှင့်အတူ မေသက်ရှိနေသည့် လမ်း၏ညာဘက်အခြမ်းမှ သံဃာအဖွဲ့၏အရှေ့နားတွင် ရှိနေသော လူငယ်များထဲမှ မိန်းမပျိုတစ်ယောက်သည် ပန်းဆိုးတန်းကုန်းပေါ်သို့ တစ်ဟုန်ထိုး ပြေးတက်သွား၏။

'သေနတ်ကို ကြောက်တဲ့သူ မဟုတ်ဘူး၊ သတ္တိရှိလို့ လမ်းပေါ်ထွက်လာတာ'

မချိတင်ကဲ အော်ဟစ်သံနှင့်အတူ အမှတ်မထင် လွတ်ထွက်သွားသော ထိုမိန်းမပျိုလေး၏နောက်သို့ သူငယ်ချင်းများဖြစ်ဟန်တူသော ယောကျ်ားလေးနှစ်ယောက်က တစ်ဖက်တစ်ချက်မှ အပြေးအလွှား လိုက်ဆွဲ၏။ အော်ဟစ်ကြွေးကြော်သံများ၊ ဆဲဆိုမြည်ကျူးသံများ ညံစီလို့သွားသည်။ မေသက်ကိုယ်တိုင်ပင် သွေးတွေ ဆူပွက်လာသလို ခံစားလိုက်ရပြီး ကြက်သီးမွေးညင်းများပင် ထလာရ၏။

'ဖောက် . . . ဖောက် . . . ဖောက်'

'ပစ်ပြီ . . . ပစ်ပြီ . . . ပစ်တယ်ဟေ့'

အခြေအနေက ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။ ကုန်းပေါ်မှ သူတို့က သေနတ်ဖြင့် လူအုပ်ထဲပစ်လိုက်သည်။ မေသက် ခေါင်းလေးပု၍ ပလက်ဖောင်းပေါ်က မီးစက်နံဘေးအကွယ်တွင် ဝပ်ပြီး ထိုင်ချလိုက်သည်။ မီးစက်အကွယ်မှ မေသက် သူတို့ကို သဲသဲကွဲကွဲ မြင်နေရသည်။ သူတို့က တကယ်လုပ်မည့်သူများဟု မေသက် ယုံသည်။ ၈၈ အရေးအခင်းတုန်းက ကုန်သွယ်ရေးမှ ကျောင်းသားများထဲသို့ သူတို့ပစ်ခတ်ချိန် မေသက်တို့သူငယ်ချင်း တစ်သိုက် ကိုယ်လွတ်ရုန်း ပြေးခဲ့ရဖူးသည်။ ခုနကလေး မ၏ခံစားချက်ကို မေသက် နားလည်နိုင်သည်။ သို့သော် ယခုမူ မေသက် သေနတ်မှန်မှာကြောက်၏။ မေသက် မသေချင်သေး။ သေ၍ မဖြစ်သေးပေ။ မေသက်မှာ မေသက်၏ဘဝဟုပင် ဆိုနိုင်သည့် ဥမည် စာမမြောက် သားလေးဖွဲ့နှင့် စောင့်ရှောက်ရမည့် အဖေအိုကြီး ရှိနေသေးသည်။ မျက်စိဝေ့ကြည့်လိုက်တော့ မေသက် ဝပ်ပြီးပုန်းနေသည့်မီးစက်နှင့်တည့်တည့်


www.burmeseclassic.com

www.burmeseclassic.com

တွင် တိုက်လှေကားတစ်ခု ရှိနေသည်။ လောလောဆယ် ကျည်ဘေးလွတ်ရန် ထိုတိုက်လှေကားပေါ်သို့ ပိုက်ဆံထုပ်လေးပိုက်လျက် မေသက် အပြေးတက်ခဲ့၏။ မေသက်၏အနောက်မှ ပြေးတက်လာသူတွေလည်း ရှိနေ၏။ သူတို့က မေသက်ကို ကျော်လွန်၍ အပေါ်ထပ်အထိ ဆက်တက်သွား၍ ဤတိုက်တွင် နေထိုင်သူများဟု ယူဆရသည်။ ဖြစ်ချင်တော့ ပထမထပ်လှေကားတစ်ဆစ်ချိုးကွေ့တွင် မေသက် ခြေခေါက်ပြီး ချော်လဲကျသွား၏။ မေသက်၏ ကတ္တီပါညှပ်ဖိနပ်လေးတစ်ဖက် ခေါင်ကနေ ပြတ်ထွက်သွားသည်။ ဒူးခေါင်းတွင် ချော်လဲသည့်အရှိန်ဖြင့် ပွန်းပဲ့သွားပုံရသည်။ မတ်တတ်ရပ်လိုက်စဉ် ဒူးက စူးစူးနင့်နင့် နာလာ၏။

'အစ်မ... ဒီမှာ...'

ချော်လဲစဉ် လွင့်ထွက်သွားပုံရသည့် မေသက်၏ ပိုက်ဆံထုပ်ကို ကောက်ယူပေးသူက အမျိုးသားကြီးတစ်ယောက်။ ကျေးဇူးတင်ပါတယ်ဟု မေသက် ပြောလိုက်မိ၏။ သူ့ဦးခေါင်းပေါ်တွင် ဘာသာရေးဆိုင်ရာ ဦးထုပ်လေး ဆောင်းထားသည်။ သူ့အသွင်အပြင်က ဘာသာခြားတစ်ယောက်ဆိုတာ သိသာနေ၏။

'လှေကားတံခါး သော့ခတ်ထားလိုက်...'

သူက နောက်ကတက်လာသူ သူ့လို အမျိုးသားတစ်ဦးကို လှမ်းအော်ပြောလိုက်၏။ မေသက် ရင်ထိတ်ထိတ်ခနဲ ဖြစ်သွားရ၏။

**လှေငယ်များက
နဖူးစည်းများ
လက်ပတ်များ
စည်းလျက်
လက်ထဲတွင်
ဗိုလ်ချုပ်
အောင်ဆန်း
ဓာတ်ပုံမှန်ပေါင်များ
ပွေ့ပိုက်လျက်
မေသက်
စိတ်ထဲ
ရုတ်ခြည်း
တက္ကသိုလ်
ကျောင်းသူဘ၀
၈၈
အရေးအခင်း
ကာလဆီ
ရောက်သွားပြန်၏**

လက်ဖျားများ အေးလာပြီး လည်ချောင်းထဲ ခြောက်သွေ့လာရ၏။ အဖြူအမည်း မသဲကွဲသည့် ယခုအချိန်မျိုးတွင် မိမိကိုယ်မှလွဲ၍ မေသက် မည်သူ့ကိုမျှ မယုံကြည်နိုင်ပါ။ ရုံးပိုက်ဆံများ တစ်ခုခုကြောင့် ဆုံးပါးသွားခဲ့မည်ဆိုလျှင် မေသက်တွင် ပြန်လည်အလျော်ပေးနိုင်သည့် အခြေအနေ မရှိပါ။ သို့ဖြင့် ရင်ခွင်ထဲက ပိုက်ဆံထုပ်ကို ကျစ်ကျစ်ပါအောင် တိုး၍ ပွေ့ထားလိုက်မိသည်။ သို့သော် ထိုသူက မေသက်ကို ကျော်လွန်၍ အပေါ်သို့ လှေကားထစ်များအတိုင်း တက်သွားရင်းက အခန်းတံခါးကို ခေါက်လိုက်၏။ ထိုသူ၏ဇနီးဟု ယူဆရသူ အမျိုးသမီးတစ်ယောက် တံခါးလာဖွင့်ပေးစဉ် သူတို့ဘာသာစကားဖြင့် အချင်းချင်းပြောရင်း အိမ်ထဲသို့ ဝင်သွားကြ၏။ တံခါးချက်ပိတ်လိုက်သံ ကြားလိုက်ရမှ မေသက် သက်ပြင်းမောကို ဟူးခနဲ ချလိုက်မိ၏။ ထိုစဉ် ဖောက်ခနဲ သေနတ်သံတစ်ချက် ထပ်မံကြားရပြန်သည်။ ဝေါခနဲ လူသံတွေနှင့်အတူ ကြွေးကြော်သံတွေလည်း ဆူညံသွားပြန်၏။ မေသက်၏ နှလုံးခုန်သံများ တဒိန်းဒိန်း မြန်လာပြန်၏။ ပင့်ကူမျှင်များ၊ ဖုန်မှုန့်များဖြင့် မှုန်ဝါးနေသည့် လှေကားထိပ် မှန်ကူကွက်လေးမှတစ်ဆင့် လမ်းမသို့ ချောင်းကြည့်လိုက်တော့ အခြေအနေမကောင်း။ လူတွေက လမ်းမကြီးပေါ်တွင် ရုတ်ရုတ်သဲသဲ ပြေးပြေးလွှားလွှား။ မေသက် ဘာဆက်လုပ်ရမည်နည်း။

တံခါးပွင့်သံ ကျွီခနဲ ကြားလိုက်ရသည်နှင့်အတူ စောစောက အခန်းတံခါးပြန်ပွင့်သွား၏။ မေသက် ထိတ်ခနဲ ထပ်ဖြစ်ရပြန်သည်။ ဝတ်ရုံခေါင်းမြီးခြုံထားသည့် စောစောက အမျိုးသမီး ပြန်ထွက်လာ၏။ သူ့လက်တစ်ဖက်တွင် သောက်ရေဖန်ခွက်တစ်ခွက်နှင့် ကျန်တစ်ဖက်တွင် တစ်ပတ်နွမ်း ဖိနပ်အပါးလေးတစ်ရန်ပါလာ၏။ သူကမ်းပေးသည့် သောက်ရေကို မေသက် မငြင်းနိုင်တော့ဘဲ ယူသောက်မိ၏။ အေးမြသည့်ရေက လည်ချောင်းတစ်လျှောက် ဖြတ်စီးသွားချိန် 'ဖိနပ်ပြတ်သွားတယ် မဟုတ်လား... ဒီဖိနပ်စီးသွားပါ' ဆိုပြီး လက်ထဲမှ ဖိနပ်ကို ကမ်းပေးပြန်၏။ မေသက် အားနာသွားသည်။ သို့သော် မေသက် မငြင်းနိုင်ပါ။ အိမ်အထိ ခြေထောက်မှာ ဖိနပ်မပါဘဲ ပြန်ရန်မဖြစ်ချေ။ သူ့ဖိနပ်အနွမ်းလေးကို အားနာနာနှင့်ပဲ ယူစီးလိုက်ရသည်။

အိမ်သို့စိတ်က ပြန်ရောက်သွားသည်နှင့် မေသက် စကားစလိုက်၏။

'ကျွန်မ အပြင် မြန်မြန်ပြန်ထွက်မှ၊ အိမ်မှာ ကလေးနဲ့ ကျွန်မအဖေ နှစ်ယောက်တည်း ကျန်ခဲ့တယ်'ဟု ပြောရင်း လှေကားထစ်အတိုင်း ဆင်းလိုက်တော့ အမျိုးသမီးက အနောက်မှလိုက်လာရင်း လှေကားအောက်ခတ်ထားသည့်သော့ကို လိုက်ဖွင့်ပေး၏။

'ပစ်ခတ်နေတုန်း ကျွန်မတို့ အခန်းထဲ ခဏဝင်ထိုင်နေပြီး အေးဆေးသွားချိန်မှ ပြန်တာမဟုတ်ဘူး' ဟု သော့ဖွင့်ပေးနေစဉ် ဆိုပြန်၏။ သူ၏ ဝတ်ရုံအောက်မှ မျက်လုံးအစုံပေါ်တွင် နှစ်လိုဖွယ်ရာအသွင်ကို မေသက် မြင်ရ၏။ 'ကျွန်မ ပြန်မှဖြစ်မှာ..' ဟု ပြောရင်း သူ၏ ဖော်ရွေမှုနှင့်အတူ အကူအညီပေးမှုအတွက် ကျေးဇူးစကားလေးလေးနက်နက်ပြောမိ၏။

လမ်းမပေါ် ပြန်ရောက်ချိန်မှာတော့ အခြေအနေ တစ်ဖက်နှင့်တစ်ဖက် တင်းမာနေဆဲရှိသည်။ သွေးစွန်းနေသည့် သံဃာတစ်ပါး လူအချို့ ပွေ့ချီသွားတာ



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရ၏။ ပန်းဆိုးတန်းကုန်းအတိုင်း တက်ဖို့က မလွယ်။ ဒီတော့ ၃၅လမ်းထဲက ဖြတ်ပြီး ဗိုလ်ချုပ်လမ်းမပေါ်မှ တစ်ဆင့် ပန်းဆိုးတန်းကုန်းကျော်တံတားကို ဘေးလှေကားမှ ပတ်တက်သွားမည်။ ဘုတာကြီးဘက်အခြမ်း လူသွားလမ်း အမိုးအောက်ကနေ ဖြတ်သွားလျှင်လည်း ရသည်ဟု မေသက် စိတ်ပိုင်းဖြတ်လိုက်သည်။ အချိန်က မနည်းတော့။ ငါးနာရီတောင် ခွဲနေပြီ။

၃၅ လမ်းထဲအဝင် 'အစ်မမေသက်' ဟု ငိုသံပါကြီးဖြင့် လှမ်းခေါ်လိုက်သည့် အသံကြားလိုက်ရ၏။ ကြည့်လိုက်တော့ မာလာ။ မာလာက မေသက်တို့အိမ်မှာ အဝတ်လျှော် မီးပူတိုက် လာလုပ်ပေးနေသည့် တစ်လမ်းကျော်က ကလေးသုံးယောက်မိခင် ဟိန္ဒူကုလားလေး။ မာလာ့ကြည့်ရသည်မှာ ကြောက်ရွံ့စိတ်လွန်ကဲစွာ တုန်ယင်နေပြီး၊ ကာချယ်ညီးနက်နေအောင်ဆိုးထားသည့် သူ့မျက်ဝန်းဝိုင်းကြီးအစုံတွင် မျက်ရည်စများ ခိုတွယ်လျက်ရှိ၏။

'အိမ်မှာ ကလေးတွေချည်းပဲ ကျန်ရစ်ခဲ့တယ် အစ်မရယ်၊ သိတဲ့အတိုင်း အငယ်ကောင်လေး ဝမ်းသွားနေတာကလည်း အခုထိ မရပ်ချင်သေးဘူး၊ အိမ်ကို ကျွန်မ အရမ်း စိတ်ပူနေတယ်။ သူတို့အဖေကလည်း ဒဂုံမြို့သစ်အထိ အလုပ်သွားဆင်းရတာ၊ ဒီအချိန် ပြန်ရောက်မယ် မထင်ဘူး။ မြို့ထဲက အိမ်တစ်အိမ်မှာ အဝတ်လာလျှော်ရင်း အိမ်ကို ဘယ်လိုပြန်ရမယ် မသိဘူး ဖြစ်နေတာ။ ကြောက်လည်း ကြောက်တယ်၊ သွားလည်း မသွားရဲဘူး'

တတွတ်တွတ် ပြောရင်းနဲ့မှ မာလာ့မျက်ဝန်းမှ မျက်ရည်များ ယိုစီးကျလာ၏။ ဝတ်ထားသည့် ဆာရီစဖြင့် မျက်ရည်စများကို မာလာက တို့သုတ်လိုက်သည်။ မာလာ့အပူက မေသက်၏အပူပေါ်သို့ ထပ်ဆင့်လာပြန်သည်။ မေသက်ရင်ထဲ နင့်လာရသည်နှင့်အတူ အိမ်အရောက်ရအောင်ကို ပြန်မယ်ဆိုသည့် စိတ်က ခိုင်ခိုင်မာမာ ဝင်လာ၏။ မေသက်စိတ်ထဲ စောစောက ကြောက်ရွံ့မိသည့် စိတ်များအစား သတ္တိများက တစ်ဖန် ပြန်လည်ခိုတွယ်လာ၏။

'ကဲ… မာလာ… ဒီလိုငိုနေလို့ မဖြစ်ဘူး၊ တို့ အတူတူ အိမ်ရောက်အောင် ပြန်ကြမယ်၊ နင်မငိုနဲ့။ တို့နှစ်ယောက် အိမ်ပြန်ရောက်ကို ရောက်ရမယ်··လာ··'

မာလာ့လက်ကို ခပ်တင်းတင်း လှမ်းဆွဲလိုက်၏။ ချွေးစေးများနှင့် မာလာ၏ လက်သေးသေးမည်းမည်းလေးကို မေသက်လက်ထဲ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျှောက်ရင်း နှစ်ယောက်သား ဗိုလ်ချုပ်လမ်းထိပ် ရောက်လာ၏။ ဗိုလ်ချုပ်လမ်းပေါ်မှာတော့ လက်နက်အပြည့်အစုံဖြင့် လုံခြုံရေးများ အပြည့်နေရာယူထားလေပြီ။ ဗိုလ်ချုပ်လမ်းမကြီးပေါ် မည်သူ့ကိုမျှ ဖြတ်လျှောက်ခွင့် မပေးတော့သဖြင့် မေသက်ရင်ထဲ အမောဆို့သွားရသည်။ ဗိုလ်ချုပ်လမ်းမကြီး၏ ညာဘက်ကို ကြည့်လိုက်တော့ အေးရှားပလာဇာအကျော် လောက်တွင် ဒိုင်းကာလုံထိန်းများ စီတန်းလျက် တစ်ဖက်မှလူအုပ်ကြီးအား ဝင်မလာနိုင်အောင် တားနေသည်ကို တွေ့ရ၏။ ပန်းဆိုးတန်းကုန်းတံတား၏ တစ်ဖက်အဆုံး အောင်ဆန်းကွင်းဘက်တွင် အတော်ကို ပစ်ခတ်နေကြသည်ဆိုပြီး ၃၅လမ်းထိပ်က လူများ အချင်းချင်းပြောနေသံက နားထဲ တိုးဝင်လာပြန်သည်။ မေသက်နှင့်မာလာတို့နှစ်ယောက်လုံး ဂနာမငြိမ်နိုင်တော့ပေ။ မေသက် တွေဝေစဉ်းစား၍ အချိန်ဖြုန်းမနေနိုင်တော့ပေ။ ရှေ့ခြေလှမ်း ဆယ်လှမ်းစာလောက်တွင်ရှိနေသည့် အရာရှိဟု ယူဆရသူ ယူနီဖောင်းဝတ် ဗိုလ်မှူးဆီသို့ ဦးတည်လိုက်၏။

'အစ်မ ကျွန်မကြောက်တယ်၊ ဘာသွားလုပ်ဦးမလို့လဲ' ဟု ပြောရင်း ကြောက်လန့်နေသည့် မာလာလည်း မေသက်နှင့် အတူတူ လက်တွဲမဖြုတ်ဘဲ တန်းလန်းပါလာ၏။

'ကျွန်မအိမ်က ဒီကုန်းတံတားဆင်းလိုက်တာနဲ့ ဟိုဘက်ငါးမိနစ်ဆို ရောက်ပြီ၊ အိမ်မှာ ကလေးအငယ်ကျန်ခဲ့တော့ ကျွန်မ ပြန်မှဖြစ်မယ်၊ ဒီကုန်းတံတားရဲ့ ဘေးလှေကားကနေ တက်သွားချင်တယ်၊ ခွင့်ပြုပေးပါ'

အသက်ဝဝရှူလိုက်ပြီး မျက်လုံးချင်း ရဲရဲရင်ဆိုင်၍ မေသက် စကားကို တစ်လုံးချင်းပြောလိုက်၏။ ရင်တွေ တထိတ်ထိတ်ခုန်နေသည့် မေသက်၏ လက်ဖဝါးထဲမှာတော့ မာလာ့လက်ဖဝါးလေးက ချွေးချေးတို့ဖြင့် စိုအိလျက်။

'ဒါဆို မြန်မြန်သွား၊ ဟော့·· သူတို့နှစ်ယောက်ကို ပေးတက်လိုက်'

တံတားပေါ်တက်သည့် လှေကားရင်းမှ လက်နက်ကိုင် လုံခြုံရေးအစောင့်ကို လှမ်း၍ အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက်တည်း မေသက်လည်း လက်တစ်ဖက်က ပိုက်ဆံထုပ်ကို ပိုက်၊ ကျန်လက်တစ်ဖက်က မာလာ့လက်ကိုဆွဲ၍ အုတ်လှေကားလေးအတိုင်း တံတားပေါ် အပြေးတက်ခဲ့၏။

လှေကားအတိုင်း ပြေးတက်ခဲ့သည့် မေသက်တို့ကို ရင်နှင့်ဖွယ်မြင်ကွင်းက ဆီးကြိုနေ၏။ အရောင်မတူ၊ ပုံစံမတူ၊ ဘယ်ညာမစုံသည့် ဖိနပ်လေးများက လှေကားတစ်လျှောက် အနှံ့ ပြန့်ကျဲလျက်။ သွေးစသွေးနများက လှေကားထစ် အင်္ဂတေအခင်းပေါ်မှာ ဟိုသည်တစ်ကွက်။ ဤလှေကားထစ်များ၏ ကြိုဆိုနေပုံက မေသက်တို့နှစ်ယောက်အတွက် သွေးပျက်ချင်စရာ။ သို့သော် ရွေးချယ်စရာမရှိ။ အိမ်သို့ အမြန်ဆုံး ပြန်ရောက်ရန် ဒီတစ်လမ်းသာရှိ၏။ လှေကားအဆုံး လူသွားလမ်းစကြံ်ထိပ်အရောက် မေသက်တို့နှစ်ယောက်ကို ဆီးကြိုနေသည်က မလှမပ အခြေအနေ။

'ငုတ်တုတ်ထိုင်ချ၊ ခေါင်းပေါ် လက်တင်ထား'

မျက်စိထဲ စာအုပ်ထဲ

www.burmeseclassic.com

ဖတ်ထားဖူးသည့်ဂျပန်ခေတ်က ဂျပန်ကင်ပေတိုင်များကို မေသက် ရုတ်ခြည်းမြင်ယောင်မိလိုက်၏။ အခုက ဂျပန်မဟုတ်၊ မြန်မာအချင်းချင်း။ မြန်မာအချင်းချင်းမှ စောစောအိမ်ထောင်ကျ၍ စောစောသားသမီးမွေးခဲ့လျှင် ကိုယ့်သားအရွယ်လောက်သာသာဟု မေသက် တွေးမိ၏။ ဝတ်စုံပြည့်နှင့် သူ့လက်ထဲက သေနတ်ထိပ်ဖျားတွင်မတော့ မြဲနေသည့် ဘက်နက်နှင့်။

'ထိုင်ဆို ထိုင်လေ နားမလည်ဘူးလား'

မာလာက ကြောက်လန့်ပြီး ဆတ်ခနဲ ထိုင်ချလိုက်ရာ သူနှင့်လက်တွဲထားသည့် မေသက်လည်း ကြမ်းပေါ် ဖင်ထိုင်ကျသွားတော့၏။ မေသက် အံကို တင်းတင်းကြိတ်လိုက်မိသည်။ စောစောက ဘက်နက်ကိုယ်တော်လေးအား စကြီ ဟိုးတစ်ဖက်ဆီမှ အလားတူ ကိုယ်တော်လေးတစ်ယောက်က လှမ်းခေါ်လိုက်သဖြင့် မေသက်တို့ကို ကျောခိုင်းပြီး ခေါ်ရာဘက်သို့ ထွက်သွား၏။ အိမ်ကို အမြန်ဆုံး ပြန်ရောက်ချင်မှ တံတားပေါ် ချောင်ပိတ်မိနေပြီ။ ပြဿနာက အကြီးကြီး တက်လေပြီ။ ပုံစံထိုင်ရင်း 'ကျွန်မတို့တော့ အဖမ်းခံရပါပြီ' ဆိုပြီး ချုံးပွဲချ ငိုနေသည့် မာလာ့ခေါင်းပေါ် တင်ထားသည့် ပုံစံလက်ကို မေသက်ဆွဲယူဖြုတ်ချလိုက်မိ၏။

'ထိုင်တာတောင် လွန်လှပြီ၊ နင့်လက်ကို ခေါင်းပေါ်တင်မထားနဲ့'

မေသက်အသံက နည်းနည်းမာသွားမည်လား မပြော

> မေသက်၏
> မြင်ကွင်းထဲတွင်
> တွေ့လိုက်ရ
> သည်က
> သေနတ်ကိုင်
> စစ်သားများ
> ထိုသူများက
> ကုန်းတံတား၏
> လမ်းမအပြည့်
> ရင်ပေါင်
> တန်းလျက်
> ပန်းဆိုးတန်း
> ဘက်ဆီသို့
> တရွေ့ရွေ့
> ဆင်းလာနေကြ၏
> သံယာတော်များ၏
> မေတ္တာသုတ်
> ရွတ်ဖတ်
> သရဇ္ဈာယ်သံက
> ဖိဖိ
> ကျယ်လောင်လာ၏

တတ်။ မာလာပင် မျက်လုံးလေးဝိုင်းလျက်က တအိအိ ငိုသံတိတ်သွား၏။ မေသက်တို့က ဘာအတွက်ကြောင့် ပုံစံထိုင်ရမည်နည်း။ ဟုတ်သည်။ မေသက်တို့က ခွဲချက်တင်ခံထားရသည့် တရားခံတွေမဟုတ်။ လွတ်လပ်သည့်ပြည်သူတွေ မဟုတ်လား။ မေသက်တို့ကို တရားခံတွေကဲ့သို့ ထိုင်ခိုင်းထားသင့်ပါသလား။ မေသက်တစ်စက္ကန့်လေးမျှပင် မထိုင်နိုင်ပါ။ တလိမ့်လိမ့် ရှန်းကြွတက်လာသည့် ဒေါသကို ချုပ်ထိန်းရင်း ပတ်ဝန်းကျင်ကို မေသက် အကဲခတ်လိုက်၏။

မေသက်တို့နှင့် ဆန့်ကျင်ဘက် စကြီတစ်ဖက်စွန်းတွင် လူဦးရေ သုံးလေးဆယ်ခန့် ရှိနေ၏။ ဘက်နက်တရွယ်ရွယ်နှင့် ကိုယ်တော်လေးများ၏ အမိန့်ပေးမှုအောက် ခေါင်းပေါ်လက်တင်၍ ပုံစံထိုင်နေကြရရှာသည့် အရွယ်စုံ ကျား၊ မများ။ ကြည့်ရသည်မှာ စိတ်မချမ်းသာလှပေ။ ကုန်းတံတားအလယ်သို့ အကြည့်ရွှေ့လိုက်စဉ် တွေ့ရသည်က တင့်ကားတစ်စီး။ ထို့ပြင်မှက ဒိုင်နာကားနှစ်စီးအပြည့်နှင့် အရပ်ဝတ်များ။ ထိုအရပ်ဝတ်များ၏ ရုပ်ရည်အသွင်အပြင်နှင့် ထိုသူတို့လက်ထဲက လက်ကိုင်တုတ်များ။ သတင်းတွေထွက်နေသည့် စွမ်းအားရှင်ဆိုသူများကို မေသက်တစ်ယောက် မျက်ဝါးထင်ထင် တွေ့နေရပြီကော။ မေသက်တို့က သေရေးရှင်ရေးဖြစ်နေချိန် သူတို့က ကုန်းတံတားပေါ်မှာ ရယ်ပွဲဖွဲ့နေနိုင်သေးသည်ကို မြင်ဖြစ်အောင်မြင်နေရသေးသည်။ ပန်းဆိုးတန်းဘက် တံတားအောက်သို့ အသာထ၍ မျှော်ကြည့်လိုက်တော့ သံဃာများနှင့် လူအများရှိနေကြဆဲ။

အချိန်မရှိတော့ပေ။ မှောင်ရီပျိုးလာချေပြီ။

'မာလာ နင် ကြောက်မနေနဲ့၊ ငါ့ပုံစံအတိုင်း အနောက်ကနေ လိုက်ခဲ့၊ ဘာမေးမေး ငါပဲဖြေမယ်၊ ကဲ စမယ်..'

ပြောပြောဆိုဆို ငုတ်တုတ်ထိုင်နေရာမှ အခြေအနေကြည့်ရင်း မေသက် ထိုင်လျက်အနေအထားဖြင့် ခုန်ဆွခုန်ဆွ နောက်သို့ ဖြည်းဖြည်းရွှေ့၏။ ထိုသို့ရွှေ့ရင်း လှေကားထိပ်ရောက်သော် လာရာလမ်းအတိုင်း ကစဉ့်ကလျားရှိနေသော ပိုင်ရှင်မဲ့ ဖိနပ်လေးများကို ကျော်ဖြတ်၍ လှေကားမှ အလျင်အမြန် ပြန်ပြေးဆင်းခဲ့သည်။ မာလာကလည်း မေသက်အနောက်မှ ထက်ကြပ်မကွာ လိုက်လျက်။ တံတားအောက်ရောက်လျှင် စောစောက မေသက်တို့ကို တံတားပေါ် သွားခွင့်ပြုခဲ့သည့် အရေးရှိဆိုသူနှင့် ထပ်မံဆုံရပြန်၏။ သူစကားမစခင် မေသက်ကပင် ဦးအောင်ပြောလိုက်၏။

'ကျွန်မတို့ကို ပေးမဖြတ်ဘူး၊ အပေါ်မှာ အသွားအလာတွေ အကုန် ပိတ်ထားလို့ ပြန်ဆင်းလာခဲ့တာ'

'အဲ့ဒါဆို ခုနထွက်လာတဲ့ လမ်းကြားထဲ ပြန်ဝင်'

မေသက် ဝန်းကျင်ကို အမြန် အကဲခတ်လိုက်သည်။ ဗိုလ်ချုပ်လမ်းမတစ်လျှောက်လုံး အသွားအလာမရှိတော့။ ယူနီဖောင်းဝတ် လက်နက်ကိုင်များဖြင့်သာ နေရာအပြည့် ယူထား၏။

'ဗိုလ်မှူး ကျွန်မ အဲဒီလမ်းထဲ ပြန်မဝင်ချင်ဘူး၊ ကျွန်မတို့ ဒီဘက်အခြမ်းကနေ သမ္မတရဲ့ကုန်းအတိုင်း ထွက်သွားချင်တယ်၊ ခွင့်ပြုပေးပါ..၊ အိမ်မှာ ကလေးတစ်ယောက်တည်း ကျန်ခဲ့လို့ပါ'

'တွေ့တဲ့အတိုင်း ဒီလမ်းမပေါ် ဘယ်သူ့မှ ဖြတ်သွားခွင့် မပေးတော့ဘူး၊ ခင်ဗျားတို့ သိပ်အလျင်လို



www.burmeseclassic.com

www.burmeseclassic.com

နေလည်း ပလက်ဖောင်းဘေး အကွယ်ကနေ နောက်ပြန်လှည့်မကြည့်ဘဲ မြန်မြန်သွက်သွက်ကပ်ပြီးသွား၊ ပြေးခွင့်မပေးဘူးနော်၊ ပြေးရင် ကိုယ့်ထိုက်ကိုယ့်ကံပဲ'

စကားလည်းအဆုံး မေသက်နှင့်မာလာနှစ်ယောက် ပလက်ဖောင်းဘေး ရုပ်ရှင်ရုံတန်းဘက်မှကပ်ပြီး တစ်ကြိမ်တည်း အမြန် လျှောက်တော့သည်။ လက်နက်ကိုင်များအား တစ်ယောက်ပြီးတစ်ယောက် ဖြတ်ကျော်လာချိန်တွင် တစ်ယောက်ယောက်များ လှမ်းတားလိုက်လေမလား၊ သို့တည်းမဟုတ် သေနတ်ဖြင့် နောက်ကျောကနေ လှမ်းပစ်လိုက်လေမလား ဟူသည့် သံသယစိတ်ဖြင့် တုန်လှုပ်နေမိတာ အမှန်ပင်။ ကံကောင်းထောက်မစွာ မေသက်နှင့်မာလာ တစ်ယောက်လက် တစ်ယောက်တွဲလျက် အပြေးတစ်ပိုင်းဖြင့်လျှောက်လိုက်သည်မှာ သမ္ဗုဒ္ဓရုံကုန်းတံတားအလယ်သို့ လွတ်လွတ်ကျွတ်ကျွတ် ရောက်ခဲ့ချေပြီ။ လမ်းတစ်လျှောက် ရပ်ထားသည့် ကားများဖြင့် ပြည့်နေ၏။ ကုန်းပေါ်သံဆန်ခါကွက်မှ လူတချို့ အသက်အန္တရာယ်ပင်မမှုနိုင်တော့ဘဲ ရထားသံလမ်းဆီသို့ တွယ်ဆင်းနေကြသည်ကို တွေ့ရ၏။ မြို့ပတ်ရထားစီးပြီးပြန်မည့် ခရီးသည်များ ဖြစ်တန်ရာ၏ဟု မေသက် တွေးမိသည်။ မေသက်နှုတ်မှ အားလုံး ဘေးသီရန်မခဖို့ တရွရွဆုတောင်းနေမိ၏။ မာလာကလည်း 'အောင်ဆန်းကွင်းဘက်မှာဘာအစောင့်အကြပ်မှမရှိဘဲ သွားလို့ရပါစေ' ဟု ဆုတောင်းနေ၏။ မာလာစိတ်ပူမည်ဆိုလျှင်လည်း ပူချင်စရာ။ မဟုတ်လျှင် အိမ်ရှိရာလမ်းဘက်ကို ပတ်ဝင်ရန်လမ်းက အင်မတန်မှ ဝေးသွားလေပြီ။ အောင်ဆန်းကွင်းဘက်သို့ နှစ်ယောက်သားချိုးကွေ့လိုက်စဉ် လမ်းကြောင်းရှင်းနေသဖြင့် ဝမ်းသာသွားရ၏။

မေသက်တို့ နှစ်ယောက်မရှက်နိုင်တော့ပါ။ ထိုအချိန်တွင် မည်သူမည်သူမျှလည်း ဂရုစိုက်နိုင်မည် မဟုတ်ကြပါချေ။ မေသက် ထဘီကိုတိုတို ပြန်ပြင်ဝတ်လိုက်၏။ ပြီးသည်နှင့် အိမ်သို့ တစ်ကြိုးတည်းပြေးတော့သည်။ မာလာ့ခများလည်း ဆာရီတလွှားလွှားဖြင့်။ ယခုအချိန်မှာ နှစ်ယောက်လုံး၏ပန်းတိုင်က အိမ်တွင် ကျန်နေခဲ့သူများအတွက်ဖြစ်သဖြင့် ရည်ရွယ်ချက်ချင်း တူနေကြသည်။ လမ်းထိပ်ရောက်တော့ မေသက်တို့နှစ်ယောက် နှုတ်ဆက်ရင်း လမ်းခွဲကြ၏။ အိမ်မှာ ကလေးများက မာလာပြန်အလာကို မျှော်နေကြပေမည်။ ထို့အတူ မေသက်၏အိမ်တွင်လည်း…။

မေသက်တို့အိမ်က ခြောက်ခန်းတွဲခြောက်ထပ်တိုက်ခန်းတွဲ ဖြစ်သည်။ လူမျိုးပေါင်းစုံ နေသည်ဟု ပြော၍ရသည်။ မြန်မာများသာမက ထားဝယ်၊ ကရင်၊ ရခိုင်၊ ချင်း၊ တရုတ်၊ ဟိန္ဒူ၊ ခရစ်ယာန် စသည် ဖြင့် အတော်စုံသည်။ အိမ်ရောက်တော့ တိုက်အောက်တွင် အောက်ဆုံးထပ်မှ ဘွားစောကြည်က 'ညည်းအဖေ ခုနတင် အဲ့ဒီဘက် ထွက်သွားတယ်၊ မတွေ့ခဲ့ဘူးလား။ အဘိုးကြီးက တားမရ ဆီးမရ၊ မသွားနဲ့ အိမ်ကနေစောင့်တာမဟုတ်ဘူးဆို ပြောတာ ရအောင်သွားတယ်၊ အခုတော့ သမီးကပြန်ရောက်တော့ လွဲပြီ' ဟု ကရင်အမျိုးသမီးကြီးပီပီ ပွင့်ပွင့်လင်းလင်း စိုးရိမ်စိတ်ဖြင့် ပြော၏။ ဘွားစောကြည်ပြောမှ ဖွဲတစ်ယောက် အိမ်မှာ အဘိုးမရှိဘဲ ဘယ်လိုပုံစံနဲ့ ကျန်ခဲ့လေမလဲ ဟု တွေးမိ၏။ မေသက် လှေကားထစ်များကို မည်သို့ကျော်လွှားတက်ခဲ့သည်မသိ။ အခန်းရှေ့ရောက်လျှင် အပေါ်ထပ် ခရစ်ယာန်အိမ်မှ သူနာပြုဆရာမကြီး ဒေါ်ကျိန်နီးနှင့်အတူ ဘေးခန်းထားဝယ်အိမ်မှ ကလေးများလည်း မေသက်တို့အခန်း၏ ဝရန်တာတွင်ရှိနေ၍ စည်စည်ကားကားဖြစ် နေကြသည်။

'သားရော… ဖွဲရေ… သား..'

ပြောပြောဆိုဆို လူတွေကြားထဲမှ အခန်းထဲ တိုးဝင်လိုက်တော့ ဝရန်တာရှိ ခွေးခြေတွင် ထိုင်နေသည့် သားတော်မောင် ဖွဲကို မျက်ရည်စက်လက်ဖြင့် မေသက် တွေ့လိုက်ရ၏။ သားကို ရင်ခွင်ထဲဆွဲသွင်း၊ မျက်ရည်စများ သုတ်ပေးရင်း တစ်လမ်းလုံး အကြောက်တရားတွေကြားက မထွက်ကျခဲ့သည့် မျက်ရည်စက်များ မေသက်၏မျက်ဝန်းမှ စိမ့်ထွက်လာ၏။ ဖွဲက မေသက်မျက်ရည်စက်များကို သူ့လက်ဖဝါးသေးသေးလေးဖြင့် သုတ်ပေး၏။

'အဘိုး အောက်ကိုဆင်းသွားတော့ တစ်ယောက်တည်း ငိုနေလို့ ချော့ရင်းဝိုင်းစောင့်ပေးနေကြတာ၊ အိမ်တံခါးကလည်း ဟောင်းလောင်းကြီး ပွင့်နေတော့ ရုတ်ရုတ်ရုတ်ရုတ်အချိန် မသမာသူဝင်လာပြီး အန္တရာယ်ပြုသွားရင် ခက်မယ်လေ၊ နေဝင်ရီတရော အဖြူအမည်းဘာမှ မသဲကွဲချိန် မဟုတ်လား'

ဘေးခန်း ထားဝယ်အိမ်မှ ဦးလေးက ရှင်းပြတော့ မေသက်လည်း ရင်ခွင်ထဲမှ သားကို ကြည့်ရင်း မျက်ရည်စများဖြင့် တစ်ယောက်ချင်းစီကို 'ကျေးဇူးတင်ပါတယ်'၊ 'ကျေးဇူးတင်ပါတယ်'ဟုသာ တွင်တွင်ပြောနေမိတော့၏။

ထိုအချိန် အားလုံး၏အနောက်မှ အိမ်ထဲ ဝင်ရောက်လာသူကို ကြည့်လိုက်တော့ မေသက်၏အဖေ။

'အဖေ…'

မေသက်၏ အဖေခေါ်သံက ရင်ခေါင်းသံပင် ထွက်သွားလေမည်လား မပြောတတ်ပေ။

'အဖေက ဘာလို့ အိမ်ထဲမှာမနေဘဲ ဒီလိုအချိန်မှာ အပြင်ကို ထွက်ရတာလဲ၊ သမီးတစ်လမ်းလုံး အဖေနဲ့ ဖွဲအတွက် ဘယ်လောက်များ စိတ်ပူလာရတယ်မှတ်သလဲ၊ အိမ်ထဲမှာ အေးအေးဆေးဆေး မနေဘဲ ဒီလောက် ပစ်နေခတ်နေချိန် အပြင်ထွက်ရတယ်လို့၊ တစ်ခုခုဆို လူတွေကြားထဲ ဘယ်လိုပြေးမလဲ၊ သမီးတောင် မနည်းပြန်လာရတာ၊ ပြီးတော့ ကလေးတစ်ယောက်


www.burmeseclassic.com

www.burmeseclassic.com

တည်း အိမ်တံခါးကြီး ဖွင့်ထားသွားခဲ့သေးတယ် အဖေရယ်… တကယ်ပဲ…'

'အို… အချင်းချင်းတွေပဲ အားနာစရာမလိုပါဘူး'

'စိတ်မချစရာလည်း မလိုဘူး။ ဒီတိုက်ထဲ အတူတူနေနေကြသူတွေပဲ၊ စောင့်ရှောက်ရမှာပေါ့'

'ခုမှ သိကြတာတွေလည်း မဟုတ်ဘူး၊ အတူတူနေလာတာ နှစ်တွေတောင်ချေးနေပြီ၊ အရေးကြုံရင် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်ကူညီရမှာပေါ့'

အားလုံး တစ်ယောက်တစ်ပေါက် ဝိုင်းဖျောင်းဖျပြောသဖြင့် မေသက်၏စိတ် တဖြည်းဖြည်း အေးဆေးလာရ၏။

' အဖေ မကျိန်နီးတို့နဲ့ အိမ်ကို အပ်ထားပြီးမှ သွားတာပါ။ ကားလမ်းတွေလည်း ပိတ်ထားတယ်၊ ပစ်ခတ်သံတွေလည်း ကြားနေရတော့ သမီးအတွက် အဖေစိတ်ပူပြီး လမ်းထိပ်ထွက်ကြည့်မိတာပါကွယ်'

အဖေ့၏မျက်နှာကို လှမ်းကြည့်မိတော့ သမီးအပေါ် ဘယ်လောက်စိတ်ပူနေသလဲဆိုသည့် အဖေ့၏အပူမီးကို မေသက် စာနာနားလည်သွားရ၏။

ထိုစဉ် ခင်ပွန်းသည်ထံမှ ဖုန်းဝင်လာသဖြင့် စိတ်ပူနေသည့်ခင်ပွန်းသည်အား အိမ်မှာ အားလုံးရှိနေကြောင်း စိတ်အေးအောင် ပြောပြဖြစ်သည်။ ဒီနေ့အတွက် မေသက်ကို စိတ်ရောကိုယ်ပါ အကူအညီပေးခဲ့သူများအကြောင်းကိုတော့ ခင်ပွန်းသည် ခရီးက ပြန်ရောက်မှ သေသေချာချာ ပြန်ပြောပြရဦးမည်။ ဖြစ်နိုင်လျှင် သူတို့အားလုံးကို ကျေးဇူးစကား ထပ်မံဆိုချင်သေးသည်။ အနည်းဆုံး မေသက်နှင့်လမ်းတစ်လျှောက် အတူပြန်လာသည့် မာလာ့ကိုပင် ကျေးဇူးတင်ရန် မေသက် မမေ့ပါချေ။ သူ၏တွန်းအား တစ်စိတ်တစ်ပိုင်းကလည်း မေသက်ကို ဦးဆောင်လိုစိတ်နှင့်အတူ၊ ဆုံးဖြတ်နိုင်သည့် အသိနှင့် သတ္တိကိုပါ မွေးဖွားပေးခဲ့သည် မဟုတ်ပါလော။

နေဝင်လျှင် အဖေက ဘုရားခန်းထဲတွင် ပြုမြဲအတိုင်း ဆီမီးပူဇော်နေ၏။ မေသက် တစ်ယောက် ရုံးမှဝန်ထမ်းများ အိမ်ပြန်ရောက်ကြောင်း သတင်းပြန်ပို့သည့် ဖုန်းခေါ်ဆိုမှုများကို တစ်ခုပြီးတစ်ခု လက်ခံနားထောင်နေရသည်။ တစ်ရုံးတည်းနှစ်ရှည်လများ အတူလုပ်ကိုင်ခဲ့ကြသည့် လုပ်ဖော်ကိုင်ဖက်များ အိမ်ကို ချောချောမောမော ပြန်ရောက်ကြောင်း သိရချိန်မှာတော့ မေသက် စိတ်ထဲ အေးသွားရ၏။ တစ်ခဏနေလျှင် အဖေ့ဆီမှ မေတ္တာပို့ဆုတောင်းသံက ဘုရားခန်းထဲမှတစ်ဆင့် မေသက်တို့သားအမိရှိနေရာ ဧည့်ခန်းဆီသို့ ပျံ့လွင့်လာ၏။

*'အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ၊ အနန္တသတ္တဝါတို့…*

*ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊*

*ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊*

*ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊*

*နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ'*

လမ်းတစ်လျှောက် သံဃာတော်များ၏ မေတ္တသုတ်ရွတ်ဖတ်သံကို မေသက် ကြားနာခဲ့ရသည်။ ယခု အဖေ့၏ မေတ္တာပို့သံကလည်း မေသက်၏ရင်ထဲ စိမ့်ဝင်လို့သွားရ၏။ အနှီ မေတ္တာပို့သံများကို မေသက်တို့၏အိမ်အတွင်းမှာ သာမက မေသက်တို့၏မြန်မာနိုင်ငံ တစ်နိုင်ငံလုံး၊ ထို့ထက်ပို၍ ကမ္ဘာတစ်ဝန်းလုံးသို့ဖြန့်ကြက်ပျံ့နှံ့သွားစေချင်လှ၏။ မေတ္တာတရား၏အရိပ်အာဝါသသည် အလွန်ကြီးမား၏။ မေတ္တာတရား၏ ငြိမ်းချမ်းမှုကို မေသက်တို့ သက်ရှိလူသားတွေသာမက တိရစ္ဆာန်များပင် နှစ်ခြိုက်စွာ စားသုံးလိုကြသည် မဟုတ်ပါလော။ သို့သော် မေသက်တို့က စားသုံးရုံသာ စားသုံးတတ်ပြီး တစ်ဖန်ပြန်လည်၍ အချင်းချင်း မေတ္တာတုံ့ပြန်ပေးဖို့ရာ ဝန်လေးနေမိ၊ မေ့လျော့နေမိ၊ စာနာစိတ်ကင်းမဲ့မိနေကြသည်ကတော့ အဟိတ်တိရစ္ဆာန်များနှင့် ဘာမျှမခြားနားပါချေ။

အမှန်တွင် မေသက်တို့ အားလုံး ကွဲပြားခြားနားခြင်း မရှိ။ အားလုံးအတူတူပင်။ ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်ကြသည့်၊ ခံစားတတ်သည့်နှလုံးသားများ၊ ဆင်ခြင်ဉာဏ်ဦးနှောက်များ ပိုင်ဆိုင်ထားကြသည့် လူသားများပင် မဟုတ်တုံလော။

လူကို လူ… ဟုသာ မေသက် မြင်ချင်လှပါသည်။

■ မြသွေးနီ

ရုပ်စုံမဂ္ဂဇင်း

**အယ်ဒီတာအဖွဲ့**

အခန်း (၃-၀၃)
တိုက်အမှတ် ၂၁/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁၅
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com


**ဆရာကျော် မဟိဒ္ဓိတိုင်းရင်းဆေး (ထုတ်လုပ်ရေး) မြစ်မွှားနာ ရင်သား၊ သားအိမ်၊ ဆီးကျိတ်၊ လည်ပင်း အကျိတ်အဖုများအတွက် နာမည်ကျော် တပင်တိုင်မြနန်းအနီ၊ နေ့ဆေး ညဆေး သုံးမျိုးတွဲနှင့် ထူးထူးခြားခြား ဆေးစွမ်းကောင်းများ**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၀၁၁ YR၃၇၀၉

မဟိဒ္ဓိဆေး

**ဆရာကျော် ဆေးသုံးမျိုးတွဲ ကြိုတင်ကာကွယ် သောက်သုံးပါ။**



မသံမရပ်နိုင်အောင်နာကျင်ကိုက်ခဲ ကျောက်ရုံးနာများ လေးဘက်နာ၊ ကိုးလေးပါး လေဖြတ် လေထုံး ကိုယ်တစ်ခြမ်းသေခြင်းများနှင့် ဆီးနိုက်ကိုက်ခဲ ကြောတက်ခြင်းများ ဖြစ်နေလျှင်

မဟိဒ္ဓိဆေး ရှုဆေး၊ လိမ်းဆေး

အထူးထုတ်

''ဘိုးဘိုးရေ ...ဘိုးဘိုး''

''သဲသဲပါလား။ မတွေ့တာတောင်ကြာပြီနော်''

''မတွေ့ဆို သမီးရဲ့ဖေဖေမှာ အဖုအကျိတ်တွေထွက်နေလို့ ဘိုးဘိုးရဲ့ သမီးတို့မိသားစု စိတ်ဓာတ်ပူနေကြတယ်''

''အဖုအကျိတ်တွေထွက်တိုင်း စိတ်မပူပါနဲ့ကွယ်၊ အဖုအကျိတ် မြစ်မွှားနာနိုင်တဲ့ဆေး မဟိဒ္ဓိဆေးတိုက်မှာရှိတယ်။ ဘိုးဘိုး လိပ်စာပေးလိုက်ပါ့မယ်''

ကျွန်မလည်း ဖေဖေ့ကိုခေါ်ပြီး မဟိဒ္ဓိဆေးတိုက်သို့သွားရာ ထိုဆေးတိုက်တွင် ဆရာကြီး ဆရာကျော်၊ ဆရာမကြီးဒေါ်ခင်ဌေးကြည်တို့ကို တွေ့ရပါသည်။ ဆရာကြီး ဆရာကျော်သည် ဖေဖေ့ကို သေချာစွာကြည့်ရှုပြီးနောက် ဆေးများပေးကာ အောက်ပါအတိုင်း ရှင်းပြပါသည်။ ''ဒီဆေးကတော့ အဖုအကျိတ် မြစ်မွှားနာ၊ သားအိမ်အလုံး ရင်သားအကျိတ်အနာစိုနာဆွေး၊ ဝက်ခြံကြီးများ၊ ကိုယ်တွင်းနာများကို အနိုင်ဆုံးဖြစ်တဲ့ တပင်တိုင်မြနန်းနီ ဆေးပင်ဆေးဥ စစ်စစ် ၁၀၀ ရာခိုင်နှုန်းပါဝင်တဲ့ ဆေးပြားဖြစ်တယ်။ တပင်တိုင်မြနန်းဆေးပင်ဟာ အဖြူ၊ အနီနှစ်မျိုးရှိတဲ့အနက် အနီမျိုးက ပိုမိုဆေးစွမ်းထက်ပြီး ကင်ဆာအကျိတ်ဖြစ်ကာစကိုပင် ပျောက်ကင်းကြောင်း ကျန်းမာရေးဌာနကထုတ်တဲ့ ''လက်တွေ့အသုံးချ ဆေးဖက်ဝင်အပင်များ''မှာ ဖော်ပြထားပြီးဖြစ်ပါတယ်။ အဖုအကျိတ်အနာတွေကို သွေးလိမ်းပေးရုံနဲ့ ပျောက်ကင်းကြောင်း ဆိုထားပါတယ်။ အဖုအကျိတ်မြစ်မွှားနာ ဝေဒနာရှင်တွေဟာ တပင်တိုင်မြနန်းအနီဆေးနဲ့အတူ ဆရာကြီးတို့ ဆေးတိုက်ကထုတ်လုပ်တဲ့ ရုပ်လုံသွေးသန့်ဆေးအေး၊ ဝမ်းပျော့အကြောပြေ လေဆေးတို့ကိုပါ နေ့ဆေး ညဆေးအဖြစ် တွဲသောက်ရင် အချိန်တိုအတွင်း ထိထိရောက်ရောက် သက်သာပျောက်ကင်းစေကြောင်း တွေ့ရှိရပါလိမ့်မယ်''

''ဟုတ်ကဲ့ ဘာကြောင့်ထိရောက်သလဲဆိုတာ ရှင်းပြပေးပါဆရာကြီး ရှင်''

တပင်တိုင်မြနန်းက အဖုအကျိတ်အနာကို ချေဖျက်ပေးတယ်၊ အခိုးအငွေ့ကို ဖွင့်ပေးတယ်။ ရုပ်လုံသွေးသန့်ဆေးအေးက သွေးသားကို သန့်စင်ပြီး ခန္ဓာကိုယ်အပူအအေးကို ထိန်းညှိပေးတယ်။ ဝမ်းပျော့အကြောပြေလေဆေးက (မလ)အညစ်အကြေးတွေဖြစ်တဲ့ ဝမ်းပုပ်၊ ဆီးပုပ်၊ သွေးပုပ်၊ လေပုပ်တွေကို ထုတ်ပေးပြီး အကြောပြေ ပေါ့ပါးလန်းဆန်းစေပါတယ်။ ဆေးသုံးမျိုးကို အဖုအကျိတ် မြစ်မွှားနာ မဖြစ်ရလေအောင် ကာကွယ်ဆေး (သက်ရှည်နုပျိုဆေး)အဖြစ်နဲ့ နေ့စဉ်မှန်မှန် မှီဝဲသုံးဆောင်ပေးနိုင်ရန် အကောင်းဆုံးပါပဲ။ မြစ်မွှားနာအဖုအကျိတ်အပြင် နှလုံးသွေးဖက်နာရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဝမ်းလျှောဝမ်းပျက်၊ လိပ်ခေါင်း၊ အသည်းရောဂါ၊ ဆီးချိုရောဂါ အမျိုးမျိုးကိုလည်း ကုသပေးနေပါတယ်။

''မဟိဒ္ဓိဆေးတိုက်ကထုတ်လုပ်တဲ့ ဆေးစွမ်းကောင်းများကိုလည်း သိပါရစေရှင့်''

''ဆေးပင်ပုံပါတဲ့ အစိမ်းရောင်စက္ကူဘူးအထူးထုတ် တပင်တိုင်မြနန်းအနီစစ်စစ် ဆေးပြား၊ လတ်ဆတ်တဲ့ ဆေးနီဥစစ်စစ်၊ သွေးသားကို သန့်ရှင်းစင်ကြယ်စေပြီး အသားအရေလှပနုပျိုစေတဲ့ သီရိဝပုနရုပ်လှ သွေးသန့်ဆေးအေး၊ ညတစ်ကြိမ်သောက်ရုံနဲ့ ဝမ်းပျော့အကြောပြေ အဆီကျပြီး လေမဖြတ်အောင် ကာကွယ်ပေးတဲ့ ဝမ်းပျော့အကြောပြေလေဆေး၊ အဆင့်မြင့်မြင့်နဲ့ အကောင်းဆုံးလိမ်းရှုဆေး (Roll On) သွေးတိုးကိုသာ ကျစေပြီး သွေးပေါင်ထိုးကျစေခြင်းမရှိတဲ့ သွေးတိုးကျဆေး၊ အစာအိမ်ရောဂါပျောက်ဆေး၊ ဝမ်းလျှောဝမ်းပျက်ရောဂါဆေး၊ ချောင်းဆိုးပျောက်ဆေး၊ အသည်းဆေး၊ အဆုတ်ကုဆေး၊ နှလုံးအားတိုးဆေး၊ မျက်စိကြည်ဆေး၊ ရှားပါးသစ်ခေါင်းပျားရည်၊ ရိုးမပျားရည်၊ ရခိုင်ပန်းမြောင်ပုံညင်းဆီ စတဲ့ အကောင်းဆုံးဆေးပစ္စည်းများ ရရှိနိုင်ပါတယ်။

''သိပ်ကောင်းတဲ့ဆေးတွေပဲ။ ဒါပေမဲ့ ဆရာကြီးဆီကို မလာနိုင်တဲ့ သူများအတွက် ရနိုင်မယ့်နေရာကိုပါ ညွှန်ပြပါဦး''

ပင်ရင်းဆိုင်ကတော့ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၀၁၊ အခန်း ၃၊ ၁၂ လုံးတန်း၊ ရန်ရှင်းလမ်းမကြီးပေါ်မှာရှိတဲ့ မဟိဒ္ဓိဆေးတိုင်းရင်းဆေးထုတ်လုပ်ရေး၊ တစ်ပြည်လုံးဖြန့်ချိရေး ဦးမြင့်ဆွေနှင့်သားများ၊ သိမ်ကြီးဈေး၊ City Mart ရန်ကုန်-မန္တလေး ဆိုင်ခွဲများအားလုံး၊ စိန်မြန်မာဆေးဆိုင်၊ လှထုမေတ္တာဆေးဆိုင် ၂၄ လမ်း၊ သိမ်ကြီးဈေး၊ ကိုဝင်းမြင့်+ မဘောဘီ ၁၅ လမ်း၊ ရွှေညာသားဆေးဆိုင်တို့မှ အဓိကဖြန့်ချိပေးပါတယ်။

ဆန်းဦးအောင်မြန်မာဆေးဆိုင်၊ လှထုမေတ္တာဆေးဆိုင်၊ ကိုလှစိုးဆေးဆိုင်၊ စိန်စိန်မြန်မာ ၁၃ လမ်းစေတနာဆေးဆိုင်၊ စူပါဝမ်းကုန်တိုက်၊ စိန်ဂေ ဟာစူပါစင်တာ၊ ဗစ်တိုးရီးယားကုန်တိုက်၊ ရွှေဘုံသာလမ်း ကိုမောင်စိန်၊ ဆေးကမ္ဘာ၊ ဆေးရာဇာ(ဦးလှမြင့်)၊ ရွှေမိုးဆေးဆိုင်၊ ကယားဆေးဆိုင်၊ မန္တလေးမှာ စိန်ကြည်စတိုး၊ အောင်ရတနာဆေးဆိုင်၊ ဈေးချိုမှာရှိတဲ့ ပင်မ ဆေးဆိုင်၊ မတူးမစူးဆေးဆိုင်၊ မြင်ဦးလွှင်နာရီစင်အနီး အောင်မိသားစု ဆေးဆိုင်၊ စစ်တွေမှာ ကေရာဇ်၊ မြစ်ကြီးနားမှာ တစ်ဦးတည်းကိုယ်စားလှယ် ဆရာရန်နိုင်ကုန်းမြင့်ဆေးကုခန်း၊ မော်လမြိုင် ရွှေအုန်းသီးဆေးဆိုင်၊ ပဲခူး ဦးဘဌေး၊ ဒိုးသွားလေးဆေးဆိုင်၊ ပုသိမ်မှာ ရွှေစွန်ညို၊ ရွှေစီးကွက်၊ အေး ချမ်းဆေးဆိုင်၊ လောကနတ်ဆေးဆိုင်တို့ ဖြစ်ပါတယ်။ အသေးစိတ်သိချင် ရင်တော့ ဖုန်း-၅၅၇၁၃၇ ကို ဆက်သွယ်ပါ။ မေတ္တာဖြင့် တိုင်ပင်ဆွေးနွေး ကုသပေးပါတယ်။

**ဆရာကျော် မဟိဒ္ဓိတိုင်းရင်းဆေးထုတ်လုပ်ရေး ၂၀၁/၃၊ ရန်ရှင်းလမ်း၊ ရန်ကင်းမြို့နယ်။**
**ဖုန်း ၀၁- ၅၅၇၁၃၇**


www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ကိုးဖြာသော သဲဝဲမှာ နစ်မြုပ်၊ နှိုက်ဗျ်မရ ဘဝများစွာ...

## ကိုကောင်းသော်

### ၊ ကျော်အညွှ ၊

'ဆွမ်းတော်ဖျို' မနက် မနက် ဆွမ်းခံထွက်တိုင်း အော်နေကျ ကျုပ်အသံက အခုတလော ဟိုတုန်းကနဲ့ မတူတော့ဘူး။ ဒါကို ဘဘုန်းကြီးက 'မင်း ကြီးကောင်ဝင်စပြုနေပြီ' တဲ့။ သစ်တန်တွက်နည်း၊ ကိုးကျောင်းတွက်၊ ပရိတ်ကြီး ၁၁ သုတ်စာတွေ ကုန်စင်အောင် သင်ခဲ့ပြီးတဲ့ ကျုပ်ကို တစ်နေ့မှာ ဘဘုန်းကြီးက ကျောင်းကထွက်စေပြီး ရွာထဲက ဦးစံခအိမ်မှာ အပ်နှံအလုပ်လုပ်ခိုင်းတော့တယ်။ ရေထမ်း၊ ထင်းပေါက်၊ မြက်ရိတ်၊ ထွန်ထယ်ရင်း ဦးစံခအိမ် မှာ နှစ်နှစ်လောက် ကြာသွားတယ်။ တစ်နေ့ ကပွဲယကြီး ဦးဘငွေက ကျုပ်ကို လာခေါ်လို့ ကျောင်းလိုက်သွားတယ်။ ကျောင်းရောက်တော့ ဘဘုန်းကြီးက–

'ကျောက်ဒိုး မင်းမိဘနှစ်ပါး မျက်စိမှိတ်သွားကတည်းက မင်းကို

တစ်ခါမှာတော့ ပွဲကတော်က သူ့ငွေရှင်းကောင်တာ အခန်းထဲ ကျုပ်ကို ခေါ်ပြီး မျက်ရည်လေး စမ်းစမ်းနဲ့ သူ ပွဲစားအပေါ် မကျေနပ်ချက်တွေကို ရင်ဖွင့်တယ်



www.burmeseclassic.com

www.burmeseclassic.com

လူလားမြောက်အောင် ကျွေးမွေးစောင့်ရှောက်ခဲ့ပြီးပြီ။ အခု လူတစ်လုံး၊ သူတစ်လုံးဖြစ်အောင် ဆက်ပြီး စီစဉ်ပေးရဦးမယ်။ ကြီးပွားတိုးတက်ဖို့ ကိစ္စမှာတော့ မင်းရဲ့ကံ၊ ဉာဏ်၊ ဝီရိယပေါ်မူတည်တယ်။ ဒီတော့ မြို့ထဲက ငါ့ဆွမ်းဒကာ ပွဲစားကြီး ဦးကြင်မြဆိုတာ ရှိတယ်။ သူ့သမက် ပွဲရုံမှာ မင်း အလုပ်လုပ်ဖို့ ငါပြောခဲ့ပြီ။ ဒီတော့ အဲဒီသွားပေတော့။ အထူးမှာချင်တာက ဆရာသမားကို ရိုသေ၊ သစ္စာစောင့်သိ၊ ကံငါးပါး လုံအောင်ထိန်း၊ လောကီအလုပ်ပဲလုပ်လုပ်၊ လောကုတ္တရာအလုပ်ပဲလုပ်လုပ် သူတစ်ပါးအကျိုးမဲ့စေမယ့် အပြုအမူ အပြောအဆိုမှန်သမျှ ရှောင်။ ဒါတွေအားလုံး မမေ့နဲ့ ကျောက်ဒိုး ကဲ ကဲ သွားပေရော့'

ကျုပ် ရိုသေစွာ၊ ဝမ်းနည်းစိတ်မကောင်းခြင်း ကြီးစွာနဲ့ ဘဘုန်းကြီးကို ကန်တော့တယ်။

'အေး သာဓု သာဓု သာဓု ငါ့သားကြီး လူတစ်လုံး၊ သူတစ်လုံးဖြစ်ပြီး ကြီးပွားတိုးတက်ပါစေကွယ်'

ဘဘုန်းကြီး ဆုပေးသံ အဆုံး ကျုပ် ကျောင်းအောက်ဆင်းပြေးပြီး ကပ္ပိယကြီး ဦးဘငွေရှေ့မှာ ငိုချပစ်လိုက်တယ်။

'အိမ်း သံယောဇဉ်ကတယ်ကြီးသကိုးကွယ်။ ငါ့တူကြီးလည်း တရားသဘောတွေ သိနေတာပဲ။ ဘယ်သူမဆို တစ်နေ့နေ့မှာ သေကွဲ၊ ရှင်ကွဲ ကြုံကြရမှာပဲ။ သတိလက်လွတ်မဖြစ်စေနဲ့။ ငါ့တူကြီး စိတ်ချလက်ချသာ သွားပါကွယ်။ မင်းဘဘုန်းကြီး ဝေယျာဝစ္စတွေကို ငါတို့ နှစ်ဆတိုးပြုစုဆောင်ရွက်ပေးပါ့မယ်'

ကျုပ် ဘာစကားမှ ပြန်မပြောနိုင်တော့ဘဲ ကပ္ပိယကြီးကိုဦးချကန်တော့လိုက်တယ်။

'သာဓု သာဓု သာဓု စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာလို့ လိုအင်ဆန္ဒတွေ ပြည့်စုံပါစေကွယ်'

❑

**အစဉ်သဖြင့် ချိုနေတဲ့ ပွဲကတော် ခေါ်သံအဆုံးမှာ ကျုပ် ပွဲကတော်ရှေ့ ရောက်သွားတယ် သူ့ရှေ့ရပ်နေပေမဲ့ ဘာမှမပြောသေးဘဲ သူ့မျက်လုံး ရွဲကြီးတွေနဲ့ ကျုပ်ကို မော့ကြည့်နေတယ် အကြာကြီးဆို အကြာကြီးပဲ**

ပွဲရုံရောက်စမှာတော့ မျက်နှာငယ်ပေမဲ့ လုပ်ဖော်ကိုင်ဖက်တွေက ရိုင်းပင်းကြပါတယ်။ အစပိုင်းမှာ အောက်ခြေသိမ်းအလုပ်တွေ လုပ်ရတယ်။ နောက်တော့ သူတို့လုပ်သလို လိုက်လုပ်ခဲ့တယ်။ တဖြည်းဖြည်းနဲ့ သင့်တင့်တဲ့ လုပ်ငန်းကျွမ်းကျင်မှုတွေ ရလာတယ်။ ကြာတော့ သူတို့၊ အထူးသဖြင့် ပွဲကတော် အခိုင်းကို စောင့်မနေတော့ဘူး။ လုပ်စရာမှန်သမျှ ထလုပ်ပစ်လိုက်တယ်။ ပွဲကတော်ကတောင် ကျုပ်ကို ဖင်ပေါ့လို့တဲ့ ပွဲစားကို ရယ်ရယ်မောမောပြောနေသံကြားရသေးတယ်။

'ကျောက်ဒိုးရေ ငါ့ကို ဝက်အူချောင်း ဝယ်ပေးပါဦး'

'ကျောက်ဒိုးရယ် ငါ့ကို တို့ဟူးသုပ်ဝယ်ပေးစမ်းပါကွယ်၊ ချဉ်ငန်စပ်ကလေးနော်'

အဲသလို အဲသလို ပွဲကတော်က ကျုပ်ကို မကြာမကြာ ခေါ်ခိုင်းတတ်တယ်။ နောက်ပြီး-

'ကျောက်ဒိုးရေ ရှေ့မှာ လက်လီတွေလာဝယ်နေတယ်၊ ချိန်ပေးလိုက်ပါဦး'

ကျုပ်တို့ပွဲရုံက လက်လီ လက်ကား မှတ်ပုံတင်ရထားတော့ လက်လီတွေလည်း ရောင်းတယ်။ သီးနှံမျိုးစုံ ရောင်းဝယ်တော့ တောင်သူ သုံး၊ ပဲ၊ နှမ်း၊ ပြောင်း၊ ငရုတ်ကအစ အစုံရှိတယ်။ ပွဲရုံလုပ်ငန်းအပြင် လက်လီလက်စတွေပါ အကုန်လုပ်ပေးရတာ။ ဖင်ပေါ့တယ်ဆိုတဲ့ ကျုပ် အရှေ့ပြေးရ၊ အနောက်ဝင်ရနဲ့ ထမင်းစားချိန်လေးမှာပဲ ထိုင်ရတော့တယ်။ ဒါပေမဲ့ ကျုပ် မညည်းဘူး၊ ပျော်နေတယ်။ ဒီလိုနဲ့ ရက်ကာလတွေ ကြာလာတော့ လုပ်ငန်းကျွမ်းကျင်လာတာနဲ့အမျှ ကျုပ်မှာ ရောဂါတစ်ခုလည်း မဝယ်ဘဲ ရလာတယ်။

တစ်နေ့ ကျုပ် ပွဲရုံမှာ နှမ်းတွေ ခေါက်နေတယ်။ နှမ်းအမျိုးမျိုး ရောစပ်ထားတော့ တစ်မျိုးတစ်စားတည်း ဖြစ်အောင် သမနေတာပေါ့ အင်း ပြောစရာတစ်ခုက ကျန်ခဲ့လို့ ပြောဦးမယ်။ ပွဲရုံကို ဦးစီးတာ ပွဲစားဆိုပေမဲ့ ပွဲကတော်ရဲ့ခြေလက်က များတယ်။ အခု ပွဲစားဆိုတာ ပွဲစားမျိုးရိုးထဲက မဟုတ်ဘူး။ ပွဲစားကြီးသမီး၊ အခု ပွဲကတော်နဲ့ ရမှ ပွဲစားဖြစ်လာတာ။ အချိန် အတွယ်၊ ကတ္တား၊ အလေးတင်း၊ တောင်းကအစ ပွဲကတော်အလေးဖြတ်၊ ဈေးဖြတ်တာများတယ်။ စာရေးဆိုတာ ကျုပ် မရောက်ခင်က ရှိသေးတယ်တဲ့။ အဲဒီစာရေးက ကုန်သည်တစ်ယောက်နဲ့ ပေါင်းပြီး အလေးချိန်လိမ်တဲ့ကိစ္စ ပေါ်သွားလို့ ထုတ်ပစ်တယ်လို့ ပြောတာ ကြားရတယ်။ ပွဲစားဆိုတာက မန္တလေးကို ကုန်ပို့၊ ငွေခံကိစ္စတွေနဲ့ အသွားအလာ များတယ်။ များသောအားဖြင့် ပွဲစားက ပွဲရုံမှာ အထိုင်နည်းတယ်။ ပြောရရင် ပွဲကတော်နဲ့ ကျုပ်တို့ အလုပ်သမားတွေပဲ ပွဲရုံမှာ ရှိနေကြတာ များတယ်။

တချို့နေရာတွေမှာ ပွဲစားက ဩဇာညောင်းတယ်။ ညနေဘက်ရောက်ရင်တော့ ပွဲစားက အာစလျှာစတွေ ပေးလာပြီး ပွဲကတော်ကို နိုင်ငွေ့ ရှိတယ်။ ဆူပူကြိမ်းမောင်း လေ့ရှိတယ်။ ဒီအခါမှာ ပွဲကတော်က ကျိတ်ပြီး မျက်ရည်ကျတာ တွေ့ရတယ်။ ကျုပ်ရောက်ပြီးမှ ပွဲကတော် မျက်ရည်ကျတာ နှစ်ခါ သုံးခါလောက်ရှိပြီ။ တစ်ခါမှာတော့ ပွဲကတော်က ငွေရှင်းကောင်တာအနီးသို့ ကျုပ်ကိုခေါ်ပြီး မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com

[illegible] စမ်းစမ်းနဲ့ သူ ပွဲစား [illegible]ပေါ် မကျေနပ်ချက်တွေကို [illegible]ဖွင့်တယ်။ အဲဒီနေ့က [illegible] ဘယ်လိုဖြစ်သွားတယ် [illegible]သိဘူး။ တစ်နေကုန် အလုပ် [illegible]ပ်တာ အယောင်ယောင် [illegible]မှားနဲ့ ည ဝတ်တက်နေ [illegible] မေတ္တာပို့နေကျတွေ [illegible]ောင် အမြီးအမောက် [illegible]တည့်ချင်တော့ဘူး။ မိန်းမ [illegible]စ်ယောက်ရဲ့ မျက်ရည်ဆို [illegible] နဖူးတွေ့ ဒူးတွေ့ တွေ့ဖူး [illegible] ဒါ ပထမဆုံးပဲလေ။

'ကျောက်ဒိုး မင်း [illegible]သတိထားနော်၊ တစ်ခါက [illegible]မှတ်ဆိုတဲ့ကောင်လေး တစ် [illegible]ယောက် ဒီပွဲရုံမှာ ရှိခဲ့ဖူးတယ်။ [illegible]င်းလိုပဲ၊ မင်းလိုပဲ ဖင်ပေါ့ [illegible]သလောက် လိမ္မာရေးခြား [illegible]သည်း ရှိတယ်။ မင်းက သူ့ [illegible]ထက် လူရည်သန့်တော့ ပို [illegible]သတိထားရမယ်။ နောက် [illegible]တော့ အဲဒီကောင်လေး အလုပ်ထွက်သွားပြီး ဘဝ [illegible]ျက်သလောက်ကို ဖြစ်သွား [illegible]တာ။ အဖတ်ဆယ်လို့ မရ [illegible]တော့ဘူး။ လူကလည်း ငယ် [illegible]သကိုးကွ၊ တစ်နေ့ မြို့လယ် [illegible]ားမှာတွေ့တော့ ငမှတ်ဆို [illegible]တာ လူရုပ်ကို မပီတော့ဘူး။ [illegible]ါ့မှာ စိတ်မကောင်းလွန်းလို့ [illegible]င်းကို ကြိုပြီးသတိပေးရတာ'

နောက် တစ်နေ့ကျတော့ အဘကြွယ်က သတိပေး [illegible]စကား ဆိုတယ်။ ကျုပ် ဘာ [illegible]ကို သတိထားရကောင်းမှန်း [illegible]မသိဘူး။ အဘကြွယ်ဆိုတာ [illegible]ဒီပွဲရုံမှာ လုပ်သက်အကြာဆုံး၊ သမ္မာရင့် လေးစားထိုက်တဲ့ ကျုပ်လို အလုပ်သမားပဲ။

❑

'ကျောက်ဒိုးရေ ခဏ [illegible]ကွယ်'

ရေစိုလုံချည်နဲ့
ပွဲကတော်ရဲ့
ဝင်းမွတ်နေတဲ့
အသားအရေဟာ
အလှကြီး
လှနေတယ်
ရုတ်တရက်
မြင်လိုက်ရတဲ့
ကျုပ်
ပါးစပ်ထဲ
အာစေး
ထည့်ထားသလို
ဘာမှ
ပြန်မပြော
နိုင်တော့ဘူး

အသံချိုသလို မျက်နှာလည်း အစဉ်သဖြင့် ချိုနေတဲ့ ပွဲကတော် ခေါ်သံအဆုံးမှာ ကျုပ် ပွဲကတော်ရှေ့ ရောက်သွားတယ်။ သူ့ရှေ့ရပ်နေပေမဲ့ ဘာမှ မပြောသေးဘဲ သူ့မျက်လုံးရွဲကြီးတွေနဲ့ ကျုပ်ကို မော့ကြည့်နေတယ်။ အကြာကြီး ဆို အကြာကြီးပဲ။ ကျုပ်လည်း မျက်လုံးမလွှဲမိဘူး။ ကျုပ် တစ်ကိုယ်လုံး ပူထူသွားတယ်။ ကျုပ် ဒူးတွေ မခိုင်တော့ဘူး၊ ယိမ်းယိုင်လဲမလို ဖြစ်သွားတယ်။

'ရှော့ ပိုက်ဆံယူသွား၊ နင့်မုတ်ဆိတ်တွေ ရိတ်ချေစမ်း။ နင့်မေးလုံးလုံးလေးက လှနေလျက်နဲ့ မုတ်ဆိတ်တွေ ဖုံးနေတော့ ဘယ်ကြည့်ကောင်းမလဲ'

ကျုပ် အခန်းထဲက ထွက်လာတော့ လက်ထဲမှာ တစ်ထောင်တန်လေးကိုင်ပြီး တုန်တုန်ယင်ယင် ဖြစ်နေတယ်။ ဒါကို အဘကြွယ်က လှမ်းမြင်ဖြစ်အောင် မြင်ပြီး 'ရှော့ လူလေး ရေသောက်လိုက်'တဲ့။

ကျုပ် အခုတလော အလုပ်လုပ်ရတာ အမြီးအမောက် မတည့်သလို စိတ်လည်း မဖြောင့်တော့ဘူး။ ဒါကို အလုပ်လုပ်ဖော် ကိုခင်မောင်ရင်က 'ကောင်လေး ဆေးမိနေပြီ၊ သတိထား'တဲ့။ လာပြန်ပြီ တစ်ယောက်။ ဘာသတိထားရမှန်းကို မသိဘူး။

တစ်နေ့ ကျုပ် ပဲထည့်ဖို့ သုံးတင်းဝင်အိတ်ခွံတွေ ရွေးထုတ်နေတုန်း ပွဲရုံအနောက်က ပွဲကတော်ခေါ်သံကို ကြားလိုက်ရတယ်။ 'ဗျာ'လို့ ထူးသံနဲ့အတူ ကပ်ပါသွားတဲ့ ကျုပ်ကိုယ်ခန္ဓာဟာ ပွဲကတော် ရေချိုးနေတဲ့ ရေကန်ဆီကို ရောက်သွားတယ်။

'ကန်ထဲ ဆပ်ပြာကျသွားလို့ မင်း ဆင်းဆယ်ပေးဦး ဟင်း ဟင်း ဟင်း'

ကျုပ်လေ ကျုပ် ကျုပ် တစ်ကိုယ်လုံး တင်းတောင့်သွားတယ်။ ရေစိုလုံချည်နဲ့ ပွဲကတော်ရဲ့ ဝင်းမွတ်နေတဲ့ အသားအရေဟာ အလှကြီး လှနေတယ်။ ရုတ်တရက် မြင်လိုက်ရတဲ့ ကျုပ် ပါးစပ်ထဲ အာစေးထည့်ထားသလို ဘာမှပြန်မပြောနိုင်တော့ဘူး။ ပွဲကတော်ကလည်း မျက်လုံးရွဲကြီးနဲ့ ပြုံးပြုံးကြီး ကြည့်နေတယ်။ ကျုပ်လေ ကျုပ် မထားစဖူး စိတ်ရိုင်းတွေ ဝင်လာတယ်။ နောက် အဘကြွယ်ရဲ့ 'လူကလေး သတိထား'ဆိုတဲ့ မျက်နှာ၊ ကိုခင်မောင်ရင်ရဲ့ အာလုတ်သံကြီးနဲ့ *'ဟိုအစ်ကိုကြီးရဲ့ မခင်နှင်းဆီ'* ဆိုတဲ့ သီချင်းသံကို လှမ်းကြားလိုက်တော့မှ ဘဘုန်းကြီးရဲ့ ကံငါးပါးဆိုတာတွေက ရုတ်တရက် သတိရလိုက်ချိန်၊ စိတ်နဲ့ကိုယ်၊ ကျုပ်စိတ်နဲ့ ကျုပ်ကိုယ် ဆပ်ပြာစမ်းရှာနေတဲ့ ကျုပ်လက်တွေ၊ ကျုပ်လက်တွေ ပွဲကတော်ကိုယ်လုံးလေးဆီ ရောက်လုရောက်ခင်မှာ ရေကန်ပေါင်နဲ့ လွဲရိုက်ပစ်လိုက်တယ်။

'အား…'

ထုံကျဉ်နာကြည်းသွားတဲ့လက်က ကျုပ်ရဲ့ မူလစိတ်ကို ပြန်ပြီး တည့်မတ်ပေးလိုက်တယ်။

❑

အဲဒီညက ဘုရားဝတ်တက်၊ မေတ္တာပို့ဖို့ကို သတိမရတော့ဘူး။ အိပ်လို့လည်း မပျော်ဘူး။ ညစာဆိုတာလည်း မေ့သွားတယ်။ ကျုပ်လေ ကျုပ် ကျုပ် ပွဲရုံလမ်းထိပ်က ကိုဘသစ်ဘုံဆိုင်မှာ မသောက်စဖူး အရက် တစ်အာတာ အကုန်မော့ပစ်လိုက်တယ်။ အား မူးလိုက်တာဗျာ။ ကျုပ် မရက်တော့ဘူး။ ကျုပ် ငိုနေတယ်။ ဘယ်သူ့ကို တိုင်တည်ရမလဲ။ ဘယ်သူ့ကို ရင်ဖွင့်ရမလဲ၊ ကျုပ်ကကော ဘာဖြစ်နေတာလဲ၊ ကျုပ် ကျုပ် ရူးသွားပြီ ထင်တယ်။

ကျုပ် ရောဂါကို ဘယ်လို ကုထုံးသစ်တွေနဲ့ ဘယ်လိုကု၊ ကု ပျောက်မယ် မထင်ဘူး။ ကျုပ်စိတ်တွေ ယိမ်းယိုင်နေပြီ။ ဘယ်သွားသွား၊ ဘာလုပ်လုပ် မျက်စိထဲမှာ ပွဲကတော်မျက်နှာချည်း မြင်နေတယ်။ ကျုပ် အလုပ်လုပ်

www.burmeseclassic.com

နေတုန်း ကျွန်ုပ် ရှေ့မှာ လာရပ်ပြီး ပြုံးပြနေတဲ့ ပွဲကတော်မျက်နှာကို ကြည့်မဝသလို ဖြစ်လာတယ်။

အဆီပြင်တွေနဲ့ နီရဲပြည့်အင်နေတဲ့ ပွဲစားမျက်နှာကြီးက ကျွန်ုပ်နဲ့ ပွဲကတော် မျက်လုံးချင်းဆုံသွားရင် တစ်ဦးချင်းကို လိုက်ကြည့်လေ့ ရှိတယ်။ ဒီနေရာမှာ ကျွန်ုပ် မျက်နှာလွှဲနေလိုက်တယ်။ ဒါပေမဲ့ ကြာ ကြာနေလို့ မရဘူး။ ကျွန်ုပ်က မမြင်မြင်အောင် ခိုးကြည့်သလို ပွဲကတော်ကလည်း တစ်ခုခုခိုင်းသလိုနဲ့ ကျွန်ုပ်နဲ့ မျက်နှာချင်းဆိုင်တယ်။ ဘာလိုလိုနဲ့ ကျွန်ုပ် ကံငါးပါးထဲက နှစ်ပါးတောင်ကျိုးသွားပြီပဲ။ တစ်ပါးက သေရည်သောက်မိပြီ။ တစ်ပါးက မကြံစည် မပြစ်မှားအပ်တဲ့ အမှုကို စိတ်ထဲမှာ သိုလှောင်ပိတ်ကျပ်ထားမိပြီ။

အခု ကျွန်ုပ် ပွဲကတော်ကို မမြင်ရင် မနေနိုင်တော့ဘူး။ ကျွန်ုပ်တို့ လျှင်သလို မိုက်ရှုံရှုံနဲ့ ပွဲစားကလည်း ခန္ဓာကိုယ်နဲ့ မလိုက်အောင် လျှင်ပါ့ဗျာ။ ကျွန်ုပ် ခင်းကြီး၊ ခင်းလေး သွားတာကအစ နောက်က ခိုးပြီး လိုက်ကြည့်တယ်။ ကြာတော့ ကျွန်ုပ်အတွက် နေစရာကမ္ဘာကျဉ်းလာတယ်။ ကျွန်ုပ်မှာ ရိုးဖြောင့်မှန်ကန်တဲ့စိတ် တစ်ရွေးသားမှ မရှိတော့ဘူး။ သူတစ်ပါး မပေးတဲ့ဥစ္စာကို လိုချင်တပ်မက်မှုတွေရှိလာပြီ။

ကနေ့လည်း ကုန်ပစ္စည်းကိစ္စနဲ့ဆိုပြီး ပွဲစားမန္တလေး သွားတယ်။ ကျွန်ုပ် မေးစရာ မလိုဘူး။ ပွဲကတော် မျက်လုံးတွေက ပြောနေတယ်။ ဝင်းဝါစိုပြည်နေတဲ့ ပွဲကတော်ရဲ့ အသားအရေဟာ အမြဲဝတ်လေ့ရှိတဲ့ နွေအထည်ပါးပါးအောက်မှာ အလှတွေ ထုတ်ပြနေသလို ဖြစ်နေတယ်။ လက်လီလက်ကားရောင်းရင်း ငွေအအမ်းအတောလုပ်နေတုန်း ကုန်းလိုက်၊ မော့လိုက်နဲ့ ပွဲကတော်လေ ကျွန်ုပ်ရဲ့အရှုံးစိတ်တွေကို ပိုသွပ်သွားအောင် လုပ်နေသလိုပဲ။

'ဘယ်လောက် ယူရမလဲ ကျောက်ဒိုး'

'သုံး ပြည် တစ်ခွက်ဖိုး ယူရမှာ ပွဲကတော်'

'ရော့ အမ်းငွေ'

ကျွန်ုပ် ငွေပေး၊ ငွေယူတဲ့အခါတိုင်း ဒီလောက်ကြီးတဲ့ငွေစက္ကူကြီး ကြားခံထားတာကိုပဲ ပွဲကတော်လက်နဲ့ ကျွန်ုပ်လက်က မကြာမကြာ ထိထိနေတော့ နွေးခနဲ၊ အေးခနဲ ဖြစ်သွားတဲ့ ကျွန်ုပ် အခုမှ မဟုတ်ပါဘူးလေ။ ကျွန်ုပ် ရောက်စကတည်းက ဖြစ်ခဲ့တာဆိုတော့ ကြာရင် ကျွန်ုပ် စိတ်မီးတောင်ကြီး ပေါက်ကွဲတော့မယ် ထင်ပါရဲ့။

❑

ကနေ့ လူသစ်ကလေး ဖိုးချို ရောက်လာတယ်။ ပွဲစားက လက်ခံချင်ပုံ မရပေမဲ့ ပွဲကတော်က လက်ခံလိုက်တယ်။ နောက်တစ်နေ့မှ ပွဲရုံမှာ အလုပ်ဆင်းရမှာဆိုတော့ အတူနေဖို့ ပွဲကတော်က ညနေအလုပ်သိမ်းချိန်မှာ ကျွန်ုပ်နဲ့ ထည့်လိုက်တယ်။ သူကလည်း ကျွန်ုပ်လို အဝေးကပဲ။ ကျွန်ုပ်က ပွဲရုံနဲ့ လမ်းနှစ်ပြလောက်ဝေးတဲ့ ဘောဂဝတီရပ်ထဲက ပွဲစားတို့ အမွေရထားတဲ့ အိမ်ကြီးမှာ ရောက်ကတည်းက နေခွင့်ရခဲ့တာ။ ဒီကောင်က ကျွန်ုပ်နဲ့ သက်တူလောက်ရှိပေမဲ့ ကျွန်ုပ်ကို 'အစ်ကို'တဲ့။ ရတယ်လေ၊ ဘယ်လိုပဲ ခေါ်ခေါ်ပေါ့။

ဖိုးချိုရောက်လာမှ ပွဲကတော်က ကျွန်ုပ်ကို အခေါ်ကျဲကျဲလာတယ်။ 'ဖိုးချိုရေ ဖိုးချို ဖိုးချို'နဲ့။ ကြာတော့ ကျွန်ုပ် နားကြားပြင်းကတ်လာတယ်။ ကျွန်ုပ်ကို ပွဲကတော်က မျက်နှာချင်း ဆိုင်လာတာတောင် ကျွန်ုပ် မျက်နှာလွှဲပစ်လိုက်တယ်။ သူခိုင်းရင်လည်း အရင်လို မသွက်တော့ဘူး။ ကြာတော့ ဖိုးချိုမှ ဖိုးချို ဖြစ်နေတော့တယ်။ ညဆိုရင် ကျွန်ုပ်နဲ့ဖိုးချိုက ကြမ်းတစ်ပြေးတည်းအိပ်ကြတော့ အိပ်ရာချင်းက ကပ်နေတယ်။ တစ်ည။

'ပွဲကတော်က သဘောကောင်းတယ်နော် အစ်ကို၊ ချောလည်း ချောတယ်ဗျ။ ဟိုတစ်နေ့က ဘာခိုင်းချင်လို့လဲ မသိဘူး။ ကျွန်တော့်ကို ခေါ်ပြီး စကားလည်း မပြောဘဲ အကြာကြီး စိုက်ကြည့်နေတယ်။ ကျွန်တော် ဘာလုပ်ရမှန်း မသိတော့ဘဲ တစ်မျိုးကြီးဖြစ်သွားတယ်'

ကျွန်ုပ် ဒီကောင့်ကို ဒေါပွရမလား၊ ပွဲကတော်ကို သွားသတ်ရမလား၊ ကျွန်ုပ်စိတ်တွေ ဆူဝေလာပြီ။ ဒါတောင် ဒီကောင်က မလျှော့သေးဘူး။

'ကျွန်တော် ငွေအမ်း၊ ငွေယူရင်း ပွဲကတော်လက်ကလေးနဲ့ ခဏ ခဏ ထိထိနေတယ်ဗျ၊ သိပ် နူးညံ့တာပဲဗျာ'တဲ့ ကွန့်တာလေ၊ ကွန့်တာ ကွန့်တာ။

'တောက်'

ကျွန်ုပ် တက်ခေါက်တော့ ကျွန်ုပ်ကို နားမလည်သလိုကြည့်ပြီး ဖိုးချို ကြောင်နေတယ်။ ၄ ပေမီးချောင်းအောက်မှာ ပွဲရုံရောက်ပြီး သုံးလလောက် ရှိဦးမယ်။ အရင်က နေလောင်ထားပုံရတဲ့ ဖိုးချိုအသားတွေက လတ်လာတယ်။ ရေထမ်း၊ ထင်းပေါက်၊ မြက်ရိတ်၊ ထွန်ထယ်ခဲ့တဲ့ ကျွန်ုပ်လောက်တော့ ကိုယ်လုံးကိုယ်ထည်က ဖန့်ဖန့်ရန့်ရန့် မရှိပေမဲ့၊ သူ့ပုံက ယဉ်စစနဲ့တစ်မျိုးကြည့်ကောင်းနေပေမဲ့ ကျွန်ုပ် သူ့ကို ကြည့်ပြီး 'နှစ်တစ်'နဲ့ ထရိုက်ပစ်ချင်စိတ်တွေ ပေါက်လာတယ်။ ကျွန်ုပ် ဘာလုပ်ရမလဲ။ မမေ့ဘူး၊ မမေ့ဘူး။ လမ်းထိပ်ကကိုဘသစ် ဘုံဆိုင်သွားပြီး ကျွန်ုပ် စိတ်ထွက်ပေါက်ရှာလိုက်တယ်။

အပြန်လမ်းမှာ ကျွန်ုပ်တို့ ပွဲရုံက 'ခေါက်တို' ကုန်တင်နေကျ ဆိုက်ကားဆရာကိုကျောက်ညိုနဲ့ တွေ့တယ်။ ကျွန်ုပ် အမူးလွန်နေလို့ဆိုပြီး ကျွန်ုပ်ကို သူ့ဆိုက်ကားပေါ် တင်ပြီး လိုက်ပို့တာ။ ကျွန်ုပ်နေတဲ့အိမ်ကို မပို့ဘဲ၊ ပွဲရုံကိုများပို့ပေးတယ်။ ပွဲရုံရှေ့ရောက်တော့ ပွဲစားနဲ့ပွဲကတော် စကားများနေသံ ကြားလိုက်ရတယ်။ ပွဲစား မူးနေမှန်း ကျွန်ုပ်သိတယ်။ ပွဲကတော်ရဲ့ 'အား' ခနဲ အော်သံကြားတော့ ကျွန်ုပ် ဘယ်လိုလုပ်ပြီး သူတို့ကြား ရောက်သွားတယ် မသိဘူး။ ကျွန်ုပ် အဲဒီညက အမူးလွန်သွားတယ်ဆိုတာ မနက်ရောက်မှ သိတော့တယ်။

❑

မနက်က ပွဲရုံကို ကျွန်ုပ် ရောက်နေကျ အချိန်ထက် နောက်ကျမှ ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com

တယ်။ မျက်ထောက်နီနဲ့ ပွဲစားက ပွဲရုံတံခါးဝရှေ့မှာ ခါးထောက်ပြီး ရပ်နေတာကို လှမ်းမြင်နေရတယ်။

'ကျောက်ဒိုး မင်းအလုပ်နားတော့'

'ဗျာ'

'ငါပြောတာက မင်း ငါ့ပွဲရုံလုပ်နေတာတွေ ရပ်နားပြီးပြီတော့လို့ ပြောနေတာကွ'

ကျုပ် ပွဲစားကို စေ့စေ့စပ်စပ်ကြည့်လိုက်တယ်။ ပွဲစားရဲ့လက်ဝဲဘက်မျက်ကွင်းတစ်ခုလုံး ညိုမည်းကွက်နေတယ်။

'ပွဲ…စား…ကြီး'

'ဟေ့ မင်းမျက်နှာကို ငါ မမြင်ချင်ဘူး၊ သွားဆို သွားကွာ'

ကျုပ် ဘာလုပ်ရမလဲ၊ ကျုပ် ဘယ်သွားမလဲ၊ ကျုပ် ပွဲကတော်ကို ရှာကြည့်သေးတယ်၊ လုံးဝမတွေ့ဘူး။ ကျုပ်ရင်ထဲမှာ လှိုက်ခနဲ ဆို့တက်သွားတယ်။ ကျုပ် ပွဲရုံရှေ့က ချာခနဲ လှည့်အထွက် လွင့်စဉ်ကျသွားတဲ့ ကျုပ်မျက်လုံးထဲက မျက်ရည်တစ်ပေါက်ဟာ ပွဲရုံရှေ့က ပလက်ဖောင်းပေါ်မှာ အခုထိ အရှင်လတ်လတ်ကြီး ကျန်နေခဲ့သေးတယ်။ ကျုပ် အိတ်ကပ်ထဲကို စမ်းကြည့်လိုက်တော့ ကိုယ်နဲ့မကွာ တမြတ်တနိုးသိမ်းထားခဲ့တဲ့ တစ်ခါက ပွဲကတော်ပေးခဲ့တဲ့ 'တစ်ထောင်တန်' ငွေစက္ကူလေးပဲ ပါခဲ့တယ်။

❑

နာကြည်းကြေကွဲ၊ ဝမ်းနည်းစိတ်၊ ခံစားရခက်တဲ့ ဝေဒနာတွေလွယ်ပိုးပြီး၊ မသွားစဖူး မြို့လယ်ဘားဘက်ကို ကျုပ် ထွက်ခဲ့တယ်။ ဆိုင်ထဲရောက်တော့ အိပ်ကပ်ထဲက တစ်ထောင်တန် ငွေစက္ကူလေးကို ပုလင်းရှေ့မှာ မရမကထောင်ပြီး တစိမ့်စိမ့် ကြည့်နေလိုက်တယ်။

'ဟေ့ကောင် ကျောက်ဒိုး'

'ဟာ ကိုခင်မောင်ရင် ခင်ဗျားကော အလုပ်မဆင်းဘူးလား'

'အေး မဆင်းဘူး၊ ယောက္ခမကြီးကို ဆေးခန်းပို့စရာရှိလို့ နားလိုက်တာ။ မင့်အကြောင်းကြားရတာ စိတ်မကောင်းလိုက်တာကွာ။ မင်း အဲဒီညက တော်တော် အမူးလွန်နေတာ။ မပြောသင့်တဲ့ စကားတွေပြောတော့ ပွဲကတော်လည်း တော်တော် ရှက်သွားတာ'

'ကျုပ် ဘာပြောမိလို့လဲဗျာ'

'မင်းက ပွဲကတော်ကို ချစ်တဲ့အကြောင်းတွေပြောတော့ သူ့ခမျာ ယောကျ်ားရှေ့လည်း ဖြစ်ပြန်၊ နောက်ပြီး အော်ကြီးဟစ်ကျယ်နဲ့ ဆိုတော့ မင်းကို တော်တော်မုန်းသွားပုံရတယ်။ မင်းနာမည်နဲ့စပ်တာမှန်သမျှ ဘာမှ မပြောနဲ့လို့ ပိတ်ထားတယ်'

'ဗျာ'

'ဒါတင်ဘယ်ကမလဲ ပွဲစားက ပွဲကတော်ကို ထပ်ရိုက်ဖို့ လက်ရွယ်နေတုန်း မင်းက ဘာမပြော၊ ညာမပြောနဲ့ ကြားထဲက ဝင်ပြီး ပွဲစားကို ဆွဲထိုးတာ ပွဲစား တစ်ချက်တည်းမှောက်သွားတော့တာပဲ'

'ဗျာ'

'မင်း သောက်နေတာ ကြာပြီလား၊ အကျင့်မလုပ်နဲ့ ငါ့လူ။ အဖတ်ဆယ်မရ ဖြစ်နေဦးမယ်'

'စောစောကပဲ ရောက်တာပါဗျာ၊ ဒါထက် ပွဲ…က… တော် ကော'

'အဲ ဟိုတ်ကောင် ငါလာခါနီး မနက်က ပွဲရုံ ခွင့်သွားတောင်းတော့ ပွဲကတော်က ဖိုးချိုကို အနောက်ခေါ်ပြီး ကန့်ရေဖြည့်ခိုင်းနေတာ ကြားခဲ့ရသေးတယ်'

'ဩော်'

'ဂွန်း ချလွမ်း… လွမ်း'

ကျုပ်တို့ နောက်ကျောပေးနေတဲ့ စားပွဲဆီက ပုလင်းဖန်ခွက်တွေနဲ့အတူ လဲပြိုသံတစ်ခု ကြားလိုက်ရတယ်။ ဆံပင်ညှဉ်းသိုးသိုးနဲ့ လူတစ်ယောက်။ ချည့်နဲ့တဲ့ ကိုယ်ခန္ဓာက ဆိုင်အတွင်း ကြမ်းပြင်သမံတလင်းမှာ တစ်သားတည်းလို ဖြစ်နေတယ်။ တစ်ယောက်တည်း လာသောက်ပုံရတဲ့ ဒီလူကို နံဘေးက လူတွေက ဆွဲထူပေးနေကြတယ်။ မျက်ကွင်းတွေ ညိုမည်းနေပြီး၊ ပါးရိုးတွေချောင်ကျနေတဲ့ သူ့မျက်နှာဟာ တစ်ချိန်က ကြည့်ပျော်ရှုပျော် ရှိခဲ့ပုံရတယ်။

'ဟာ ငမှတ် ညီလေး ဒီလောက်သောက်ရသလား ငါ့ညီရာ'

'အာ ကို.. ခင်.. မောင်..ရင် ကျွန်တော်.. မမူးပါဘူးဗျ'

'ကျောက်ဒိုး ဒါ ဒါ ငါတို့ ပြော ပြောနေတဲ့ ငါတို့ ပွဲရုံက ထွက်သွားတဲ့ ငမှတ် ဆိုတာလေကွာ'

'ဗျာ'

■ **ကိုကောင်းသော်၊**
**ကျောက်ဆည်၊**

**အယ်ဒီတာအဖွဲ့**

အခန်း (၃-၀၃)
တိုက်အမှတ် ၂၀/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁၅
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com




**ဘာသာစကား၏ အခြေခံ လက္ခဏာများ**

ကမ္ဘာပေါ်ရှိ ဘာသာစကား အားလုံးတွင် တူသော လက္ခဏာတစ်ခုမှာ **အသံထွက်၍ ပြောဆိုရခြင်းဖြစ်သည်။** အနည်းငယ်ချဲ့၍ပြောရလျှင် လူတို့၏ ပါးစပ်ထဲက ထွက်လာသော အသံများဖြင့် လူမှုကိစ္စများကို ရည်ညွှန်းပြောဆိုရခြင်းဖြစ်သည်။ ဤသို့ဆိုလျှင် 'လူတွေပဲ အသံထွက်တာလား၊ တခြားသတ္တဝါတွေကော အသံမထွက်ဘူးလား' ဟု မေးစရာရှိသည်။ မှန်ပါသည်။ ကုန်းနေ၊ ရေနေ၊ လေနေ သတ္တဝါအားလုံး လူတွေလိုပဲ အသံထွက်ပါသည်။ ပါးစပ်က အသံထွက်ခြင်းသည် လူများသာ ပိုင်ဆိုင်သော အရည်အသွေး မဟုတ်ပါ။ သို့သော် လူတို့အသံထွက်၍ ပြောဆိုသော ဘာသာစကားသည် အခြားသတ္တဝါများ အသံထွက်၍ ဆက်သွယ်ပုံနှင့် များစွာ ခြားနားပါသည်။

အခြားသတ္တဝါများ အသုံးပြုသည့် အသံများသည် အရေအတွက် အလွန်နည်းပါသည်။ 'ခွေး' ဆိုပါစို့။ ခွေးတစ်ကောင်သည် အသံအမျိုးအစား ဘယ်နှမျိုး အသုံးပြုပါသလဲ။ ရန်သူတွေ့လျှင် မာန်ဖီသည့်အသံ၊ ကြောက်လျှင် အူသည့်အသံ၊ သခင်နှင့်တွေ့လျှင် ရှင်မြူးသည့်အသံ၊ ဆန့်ကျင်ဘက်လိင်နှင့် တွေ့လျှင် မြူသည့်အသံ၊ စားစရာတွေ့လျှင် ပျော်သည့်အသံ စသည်ဖြင့် ငါးမျိုးခြောက်မျိုးထက် မပိုကြောင်း တွေ့ရပါသည်။ ကြက်တို့တွင် ရန်သူနှင့် ဝေးသည့်အခါ၊ ရန်သူနှင့်နီးသည့်အခါ၊ ရန်သူသည် လူဖြစ်လျှင်၊ ရန်သူသည် သိမ်းငှက်၊ စွန်ရဲ စသည်တို့ဖြစ်လျှင် အချက်ပေးသံ တစ်မျိုးစီကို သုံးလေ့ရှိကြောင်း ထိုအသံ လေးသံသည် အခြေခံ ကြောင်း၊ စားသောက်ရန်၊ အဖိုအမ ရန် စသည်တို့တွင်သုံးသော အခြားအ ခြောက်သံရှိကြောင်း ပညာရှင်များ သုတေသနပြု၍ ဖော်ပြကြသည်။

လူတို့၏ ဘာသာစကားတွင် အသုံးပြုသော အသံများသည် တိရစ္ဆာန် တို့၏ အသံများနှင့် မယှဉ်သာအောင် အရေအတွက်များပြားသည်။ အခြေ အသံများကို အမျိုးမျိုးတွဲစပ်သုံးနိုင် သည့်အတွက် သိမ်မွေ့ထွေပြားသည် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရာ အသံဖြင့် မဟုတ်ဘဲ အခြားနည်း လည်း ဆက်သွယ်နိုင်သည့်ကိုယ်

www.burmeseclassic.com

တာဝတိံသာက
နတ်သားတစ်ပါး
တိုင်ထိပ်မှာ
အခုံသားထိုင်ပြီး
အင်တာနက်
ကြည့်နေတယ်'
ဟုပြောလျှင်
ထိုဝါကျသည်
ဘယ်သူမှ မပြောဖူးသော
ဝါကျအသစ်ဖြစ်ဖို့
သေချာပါသည်။
ဝါကျအသစ်စက်စက်
ဖြစ်သော်လည်း
နားထောင်သူများ
အဓိပ္ပာယ်
နားလည်နိုင်ပါသည်

အမူအရာဖြင့် ဆက်သွယ်ခြင်း၊ မီးဖြင့်အချက်ပြ၍ဆက်သွယ်ခြင်း စသည်တို့ဖြစ်သည်။ ကိုယ်ဟန်အမူအရာဖြင့် ဆက်သွယ်ရာတွင် ကျွမ်းကျင်သော သတ္တဝါတစ်မျိုးမှာ ပျားဖြစ်သည်။ ပျားတစ်ကောင်သည် ပန်းဝတ်ရည်ရှိသည့်နေရာကိုတွေ့ခဲ့လျှင် အခြားပျားများထံ ပျံလာပြီး 'ကပဟန်' အမူအရာ အမျိုးမျိုးပြကာ ပန်းဝတ်ရည်ရှိမည့်နေရာကို အချက်ပြလေ့ရှိသည်ဟု ဆိုသည်။ လူတို့သည်လည်း ခြေဟန်လက်ဟန်ဖြင့် ဆက်သွယ်နိုင်ကြသည်ပင် ဖြစ်သည်။ သို့သော် အသံဖြင့် ဆက်သွယ်သည့်နည်းက အခြားနည်းများထက် ပို၍ ထိရောက်သည်။ အမူအရာတို့၊ မီးတို့နှင့် ဆက်သွယ်လျှင် မြင်နိုင်သည့်နေရာ ဖြစ်ရမည်။ ကြားမှာ အတားအဆီး မရှိစေရ။ မှောင်ထဲမှာ အချက်ပြဆက်သွယ်၍ မရ။ အာရုံစိုက်၍လည်း ကြည့်နေရမည်။ အသံဖြင့်ဆက်သွယ်လျှင်မူ မမြင်ရလျှင်လည်း ဆက်သွယ်၍ရသည်။ ကြားမှာ အတားအဆီးရှိနေလျှင်လည်း အသံကြားနိုင်သည်။ ဤသို့အသံဖြင့် ဆက်သွယ်ရာတွင် လူတို့၏ဘာသာစကားများတွင် အသုံးပြုသော အသံများမှာ အသုံးရလွယ်သလောက် ထိရောက်သည်။ ဆက်သွယ်ဖို့ ဘာပစ္စည်းမှ ရှာစရာမလိုဘဲ ကိုယ့်ပါးစပ်ထဲက ထွက်လာသောအသံများကို အသုံးပြု၍ အလွယ်တကူ ဆက်သွယ်နိုင်သောကြောင့် ဖြစ်သည်။

ဘာသာစကား၏ နောက်လက္ခဏာတစ်ခုမှာ **စကားနှင့် ထိုစကားဖြင့် ရည်ညွှန်းသော အညွှန်းခံတို့ ကြောင်းကျိုးဆက်သွယ်မှု မရှိခြင်း** ဖြစ်သည်။ ဘာသာစကားတွင် လူမှုကိစ္စများကို စကားသံများဖြင့် ရည်ညွှန်းပြောဆိုခြင်းဖြစ်သည့်အလျောက် ထိုစကားသံများသည် လူမှုကိစ္စများကို ရည်ညွှန်းသော သင်္ကေတများဖြစ်သည်။ လူမှုကိစ္စများသည် စကားသံသင်္ကေတများဖြင့် ရည်ညွှန်းသော အညွှန်းခံများဖြစ်သည်။ သင်္ကေတနှင့် အညွှန်းခံသည် သဘာဝအတိုင်း ကြောင်းကျိုးဆက်သွယ်နေသည် မဟုတ်ပါ။ ဘယ်အကြောင်းအရာကို ဘယ်စကားသံဖြင့် သင်္ကေတပြုခေါ်ဆိုမည်ဟူ၍ စိတ်ကူးဖြင့် သတ်မှတ်ထားခြင်းသာဖြစ်သည်။ ဆိုပါစို့။ ကောင်းကင်က ထွက်လာသော နီနီလုံးလုံးကြီးကို မြန်မာတို့က 'နေ' ဆိုသော စကားသံဖြင့် သင်္ကေတပြုသည်။ အင်္ဂလိပ်က 'Sun' ဆိုသော စကားသံဖြင့် သင်္ကေတပြုသည်။ ပါဠိက 'သူရိယ' ဆိုသော စကားသံဖြင့် သင်္ကေတပြုသည်။ အခြားအခြားသော ဘာသာစကားများကလည်း မိမိတို့စိတ်ကူးရရာ စကားသံများဖြင့် သင်္ကေတပြုကြမည်ပင် ဖြစ်သည်။ ထို့ကြောင့် စကားသံ သင်္ကေတနှင့် အညွှန်းခံတို့၏ဆက်သွယ်မှုသည် စိတ်ကူးဖြင့် သတ်မှတ်ချက်သာ ဖြစ်သည်။ ထိုသို့ စိတ်ကူးရရာ သတ်မှတ်ခြင်းကို **အတ္တနောမတိ** သဘောဟု ခေါ်သည်။ ထို့ကြောင့် ကောင်းကင်က နီနီလုံးလုံးကြီးနှင့် 'နေ' ဟူသော မြန်မာစကားတို့ ကြောင်းကျိုးဆက်သွယ်မှု မရှိသလို ထိုနီနီလုံးလုံးကြီးနှင့် 'Sun' ဆိုသော အင်္ဂလိပ်စကားသည်လည်း ကြောင်းကျိုးဆက်သွယ်မှု မရှိပါ။ အတ္တနောမတိသဘောဖြင့် သတ်မှတ်ခြင်းသာ ဖြစ်သည်။

တိရစ္ဆာန်တို့တွင်မူ ထိုဆက်သွယ်မှုမျိုး မရှိပါ။ ခွေးတစ်ကောင်သည် ရန်သူမြင်၍ ဟောင်သည်ဆိုလျှင် ထိုဟောင်သံသည် ရန်သူကိုမြင်ခြင်းနှင့် သဘာဝအတိုင်း ကြောင်းကျိုးဆက်သွယ်နေပါသည်။ လူတို့ကမူ တကယ်မကြောက်ဘဲလည်း 'ကြောက်တယ်'ဟု ပြောနိုင်ပါသည်။ ဘွဲ့မရဘဲလည်း ဘွဲ့ဝတ်စုံကိုဝတ်ပြီး ဓာတ်ပုံရိုက်နိုင်ပါသည်။ သင်္ကေတနှင့် အညွှန်းခံတို့ ကြောင်းကျိုးဆက်သွယ်မနေကြောင်း ဤသာဓကများဖြင့် သိသာနိုင်ပါသည်။

ဘာသာစကား၏ နောက်လက္ခဏာတစ်ခုမှာ သင်ယူရန် လိုအပ်ခြင်းဖြစ်သည်။ တိရစ္ဆာန်များသည် ဆက်သွယ်မှုနည်းလမ်းများကို မျိုးရိုးစဉ်ဆက်အမွေခံ၍ တတ်မြောက်ခြင်းဖြစ်သည်။ သင်ယူရသည့်အပိုင်းမှာ အနည်းအကျဉ်းသာဖြစ်သည်။ လူတို့၏ဘာသာစကားတတ်မြောက်ရန်မှာမူ သင်ယူရန်လိုအပ်သည်။ ကလေးတစ်ယောက်ကို မွေးမွေးချင်း လူများနှင့်အဆက်အသွယ်ဖြတ်ပြီး တိရစ္ဆာန်များကြားတွင် မွေးထားလျှင် ထိုကလေးသည် လူစကားမတတ်တော့ကြောင်း လက်တွေ့စမ်းသပ်မှုများရှိသည်။ ထို့အတူ မွေးမွေးချင်း လူမျိုးခြားများက မွေးထားမည်ဆိုလျှင်လည်း ထိုကလေးသည် မိခင်ဘာသာစကား မတတ်တော့ဘဲ ထိုလူမျိုးခြားဘာသာစကားကိုသာ တတ်မြောက်ပြီး ကြီးပြင်းလာမည်ဖြစ်သည်။ ကလေးတစ်ယောက်၏ဘာသာစကားတတ်မြောက်မှုသည် မိဘနှင့်ပတ်ဝန်းကျင်မှ သင်ယူရုံသက်သက်တော့ မဟုတ်ပါ။ ကလေးများတွင် ဘာသာစကားဖန်တီးနိုင်သည့် မွေးရာပါ အစွမ်းသတ္တိပါလာမြဲဖြစ်သည်။ ပတ်ဝန်းကျင်တွင် လူကြီးမိဘများ ပြောဆိုနေသော ဘာသာစကားနှင့် ထိတွေ့ရပြီး အဆင့်ဆင့်သင်ယူခြင်းဖြင့် ဘာသာစကားဖန်တီးနိုင်သည့်မွေးရာပါ



www.burmeseclassic.com

www.burmeseclassic.com

စွမ်းရည်ဖွံ့ဖြိုးလာပြီး တတ်မြောက်လာခြင်းဖြစ်သည်။

**အလွှာနှစ်လွှာဖြင့် ဖွဲ့စည်းထားခြင်းသည်** ဘာသာစကား၏ လက္ခဏာတစ်ခုဖြစ်သည်။ တိရစ္ဆာန်များ၏ အသံမှာမူ တစ်လွှာသာ ရှိသည်။ တိရစ္ဆာန်များသည် အခြေခံအသံအရေအတွက် အမျိုးမျိုးကွဲပြားသည်။ နွားတစ်ကောင်တွင် အခြေခံအသံ ဆယ်မျိုးအောက်ရှိသည်။ ကြက်တွင် အခြေခံအသံ ဆယ်သံခန့်၊ မြေခွေးတွင် အခြေခံအသံ သုံးဆယ်ခန့်ရှိသည်ဟု ဆိုသည်။ လင်းပိုင်များ၊ ချင်ပင်ဇီမျောက်ဝံများ၊ ဂေါ်ရီလာမျောက်ဝံများတွင် အခြေခံအသံနှစ်ဆယ်မှ သုံးဆယ်အတွင်း ရှိသည်ဟုဆိုသည်။ တိရစ္ဆာန်များသည် ထိုအခြေခံ အသံများကို တစ်သံချင်းသာ ထွက်နိုင်စွမ်းရှိကြသည်။ အသံချင်းပေါင်းစပ်၍ ထွက်နိုင်စွမ်း မရှိ။ ထို့ကြောင့် တိရစ္ဆာန်များ၏ ဆက်သွယ်မှုမှာ ထိုအခြေခံအသံများ၏ ကန့်သတ်ချက်အတွင်းသာ ဆက်သွယ်နိုင်သည့်အတွက် နယ်ကျဉ်းသည်။ လူတို့၏ ဘာသာစကားမှာမူ အလွှာနှစ်လွှာရှိသည်။ ပထမအလွှာမှာ တိရစ္ဆာန်တို့၏ အခြေခံအသံများနှင့် သဘောချင်း တူသည်။ **သံရင်း** ဟုခေါ်သော အခြေခံအသံများဖြစ်သည်။ အရေအတွက် သုံးဆယ်မှ လေးဆယ်အတွင်းရှိသည်။ ထိုသံရင်းများသည် တစ်သံချင်းအနေနှင့် အဓိပ္ပာယ်မရှိပေ။ ထိုအသံများ အချင်းချင်းတွဲစပ်လိုက်သောအခါကျမှ အဓိပ္ပာယ်ရှိသော အစိတ်အပိုင်းများဖြစ်လာသည်။ ယင်းသည် ဒုတိယအလွှာဖြစ်သည်။ ဤအလွှာတွင် **ရုပ်ရင်းများ၊ စကားလုံးများ** ပါဝင်သည်။ သာဓကအားဖြင့် ပထမအလွှာမှ f,g,d,o ဟူသော အခြေခံအသံများကို တွဲစပ်၍ ဒုတိယအလွှာတွင် fog, dog, god ဟူသော စကားလုံးများ ဖန်တီးခြင်းမျိုး၊ ပထမအလွှာမှ 'တ၊ ပ၊ အူ၊ အောင်' ဟူသော အခြေခံအသံများ တွဲစပ်၍ ဒုတိယအလွှာတွင် 'တူ၊ တောင်၊ ပူ၊ ပေါင်' ဟူသော စကားလုံးများဖန်တီးပုံမျိုး ဖြစ်သည်။

ကြောင်တစ်ကောင်ကို
'ရော့၊
ငါးကြော်လာစား' ဟု
ပြောပြီး
ငါးကြော်
ချက်ချင်း
ချကျွေးလျှင်
လာစားမည်ဖြစ်
သော်လည်း
'မနက်ဖြန်
ငါးကြော်လာစား' ဟု
ပြောလျှင်
ထိုကြောင်
နားလည်မည်မဟုတ်ပေ

လူ့ဘာသာစကားတွင်သာ အလွှာနှစ်လွှာရှိသည်ဟု ယခင်က ယူဆကြသော်လည်း ယခုအခါတွင် ငှက်သံများတွင်လည်း အလွှာနှစ်လွှာရှိကြောင်း၊ အခြေခံအသံများတွဲစပ်၍ အဓိပ္ပာယ်ရှိသော တေးသွားများဖန်တီးနိုင်ကြောင်း ဖော်ပြကြသည်။

**လတ်တလော ဖြစ်ပျက်သော အကြောင်းအရာထက် ကျော်လွန်သည့် မျက်ကွယ်အကြောင်းအရာများကို ဖော်ညွှန်းနိုင်ခြင်းသည်** ဘာသာစကား၏ နောက်လက္ခဏာတစ်ခုဖြစ်သည်။ တိရစ္ဆာန်များမှာမူ လတ်တလောဖြစ်သည့် အကြောင်းများနှင့် ပတ်သက်၍သာ ဆက်သွယ်နိုင်စွမ်းရှိသည်။ ငှက်တစ်ကောင်သည် လတ်တလော အန္တရာယ်ကြုံတွေ့မှသာ အထိတ်တလန့်ဟစ်အော်မည်ဖြစ်သည်။ ထိုအချိန် ထိုနေရာမှာ လတ်တလော ပေါ်ပေါက်လာခြင်းမဟုတ်သော အန္တရာယ်အတွက် ဟစ်အော်အသိပေးနိုင်စွမ်း မရှိပေ။ မနေ့က ကြုံခဲ့ရသော အန္တရာယ်အကြောင်းကိုလည်း ငှက်အပေါင်းအသင်းများကို အသံဖြင့် ထုတ်ဖော်ပြနိုင်စွမ်း မရှိပေ။ ကြောင်တစ်ကောင်ကို 'ရော့၊ ငါးကြော်လာစား' ဟု ပြောပြီး ငါးကြော် ချက်ချင်းချကျွေးလျှင် လာစားမည်ဖြစ် သော်လည်း 'မနက်ဖြန် ငါးကြော်လာစား' ဟု ပြောလျှင် ထိုကြောင် နားလည်မည်မဟုတ်ပေ။ ပျားက ပန်းဝတ်ရည် တွေ့ခဲ့ကြောင်း အဖော်များကို အကဖြင့် အချက်ပြခြင်းကဲ့သို့ မျက်ကွယ်အကြောင်း အရာကို ဖော်ပြခြင်းမျိုးအတန်အသင့် သော်လည်း ပန်းဝတ်ရည်အကြောင်း သာ အသိပေးနိုင်စွမ်းရှိပြီး အခြား အကြောင်းအရာများကို အသိမပေးနိုင် ပေ။ လူ့ဘာသာစကားမှာမူ ထိုကန့် သတ်ချက်များကို ကျော်လွှားနိုင်သည် ရှိနေသော အကြောင်းအရာ၊ မရှိသော အကြောင်းအရာ၊ အတိတ်က အကြောင်း အရာ၊ အနာဂတ်မှာဖြစ်မည့်အကြောင်း အရာ၊ ဖြစ်ချင်သောအကြောင်းအရာ မဖြစ်နိုင်သောအကြောင်းအရာ စသည် စသည်တို့ကို ဘာသာစကားဖြင့် ကျယ် ပြန့်သိမ်မွေ့စွာ ဖော်ပြနိုင်စွမ်းရှိသည်။

**ဖန်တီးနိုင်စွမ်းရှိခြင်းသည်** ဘာသာစကား၏ လက္ခဏာတစ်ရပ်ဖြ သည်။ တိရစ္ဆာန်များက အသံဖြင့်ဆက် သွယ်ရာတွင် အသံအရေအတွက်ရော အသုံးပြုပုံမှာ ကန့်သတ်ချက်ရှိသည် ထိုအသံများကိုပင် ထိုအကြောင်းများ အတွက် ပုံသေသုံးသည်။ ထပ်ကာထ ကာ သုံးသည်။ အသစ်တိုးပွား မလာ ပါ။ လူ့ဘာသာစကားမှာမူ အသ အသစ် ဖန်တီးနိုင်စွမ်းရှိသည့်အတွက် လူတစ်ယောက်သည် မိမိတစ်ခါမှမပြော ဖူးသော ဝါကျအသစ်များကို ဖန်တီး ပြောဆိုနိုင်စွမ်းရှိသကဲ့သို့ ထိုသို့ပြော သော ဝါကျများကိုလည်း နားလည်နိုင် စွမ်းရှိသည်။ 'တာဝတိံသာက နတ်သား တစ်ပါး တိုင်ထိပ်မှာ အခုံသားထိုင်ပြီး အင်တာနက်ကြည့်နေတယ်' ဟုပြောလျှ ထိုဝါကျသည် ဘယ်သူမှ မပြော သော ဝါကျအသစ်ဖြစ်ဖို့သေချာပါသည် ဝါကျအသစ်စက်စက် ဖြစ်သော်လည်း နားထောင်သူများ အဓိပ္ပာယ်နားလည် နိုင်ပါသည်။

**မောင်ခင်မင်**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# မိုးမြင့်ထက်မျှားဒီ

ရွှေအိမ်စည်လေ



တစ်နေ့ကျတော့
စာသင်ခန်းထဲမှာ ဆရာမက
ကျောင်းသားတစ်ယောက်ကို
ထခိုင်းပြီး
မေးခွန်းတစ်ခု မေးတယ်။
မင်း ကြီးလာရင်
ဘာဖြစ်ချင်သလဲတဲ့။
ကျောင်းသားလေးက ထရပ်ပြီး
ဆရာမကို အကြာကြီး
စိုက်ကြည့်နေတယ်။ ပြီးမှ
လေသံတိုးတိုးလေးနဲ့ ဖြေလိုက်ပါရဲ့
(နားထောင်စမ်းပါ)
ကျွန်တော် ခြေတစ်ဖက်ဆာနေတဲ့
ကောင်လေးတစ်ယောက်
ဖြစ်ချင်ပါတယ်တဲ့။
ဆရာမက တအံ့တသြနဲ့
ကျောင်းသားလေးကို
ကြည့်ကာ ဘာဖြစ်လို့လဲ သား တဲ့
ထပ်ပြီး မေးလိုက်တယ်။ ဒီတော့
ကျောင်းသားလေးက အရည်လဲ့နေတဲ့
မျက်လုံးကို ပုတ်ခတ်ပြီး
ဦးခေါင်းကို ငုံ့ကာ ဆရာမ ကြားနိုင်ရုံ
တိုးတိုးလေး ပြောလိုက်တယ်။
ကျွန်တော့် ညီမလေးက ခြေတစ်ဖက်
မသန်ဘူး ဆရာမတဲ့။
နော်။

☐

စပ်ဝေးဝေး သတ္တရာစ်များက
ဖတ်ခဲ့ဖူးသောကဗျာတစ်ပုဒ် ဖြစ်ပါသည်။
ဖတ်ပြီးပြီးချင်း အဆုံးမဲ့နက်ရှိုင်းသော
ချောက်ကမ်းပါးထဲ လွင့်စဉ်သွားခဲ့ရသလို
ခံစားမိခဲ့ရသော ကဗျာလည်း
ဖြစ်ပါသည်။ ကလေးငယ်၏
အဖြေစကားကို မေးသူ ဆရာမ
ဆွံ့အ,သွားရလောက်အောင်
မျက်ရည်ဝဲသွားခဲ့သည်လား။ ဖတ်သူ
ကျွန်မမှာတော့ မျက်ရည်တွေစို့ခဲ့လို့။
ကဗျာဆိုတာ ဒါပါပဲကွယ်။
နှလုံးသားတွေကို
သိမ်းကျုံးညှို့ယူသွားခဲ့တာ
စာကြောင်းရေ မများလှသော
စကားလုံးဆန်းဆန်း မပါလှသည့်
ရိုးရိုးရှင်းရှင်း ကဗျာလေးမှာ

www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုတစ်ယောက်၏ ညီမတစ်ယောက်အပေါ်ထားသော မေတ္တာတရားကို အထင်းသား မြင်တွေ့နေရပါသည်။ ညီမလေးနှင့်အတူတူ ညီတူညီမျှ မျှဝေခံစားချင်သတဲ့ လားကလေးရယ်…။

သက်ပြင်းဖွဖွ တစ်ချက်ချမိသည်။ လက်တွေ့၌ ကျွန်မ ခြေတစ်ဖက်ဆာမနေခဲ့ပါ။ ကျွန်မ ခြေတစ်ဖက်ဆာနေခဲ့လျှင် လိုက်လံခြေထောက်သိမ်နေချင်ခဲ့သော အစ်ကိုတစ်ယောက်ကော…အင်း မရှိပါ။ မျက်ဝန်းကို ယောင်ယမ်းမှိတ်မိစဉ် ပုံရိပ်တချို့ကို မြင်ယောင်မိသည်။ နှစ်ပေါင်း ၂၄ နှစ်ကြာမြင့်ပြီဖြစ်ရကား စုတ်ချက်တို့က မပီမသပင်။

လေးနှစ်ပြည့်တတ်မပြည့်တတ် ကလေးမလေးတစ်ယောက်က စီးထားသော ဖိနပ်ကို ခြေဆောင့်ကာ လွှင့်ပစ်နေသည်။ ဘေးမှအဖြူအစိမ်းဝတ်လူငယ်လေးတစ်ဦးက ထိုဖိနပ်ကလေးတွေကို ပြန်ကောက်သည်။ ကလေးမလေးက အကောက်မခံဘဲ တစ်ဖန်ပြန်လွှင့်ပစ်ပြန်သည်။ သုံး၊ လေးကြိမ် ပဋိပက္ခဖြစ်ကြပြီးနောက် လူငယ်လေးက ထိုဖိနပ်လေးတွေကို သူ လွယ်ထားသော လွယ်အိတ်ထဲသို့ သေသေသပ်သပ်ထောင်လျက်ထည့်သည်။ ထို့နောက် ကလေးမလေးကို ဆွဲခနဲ မချီကာ ကုပ်ပေါ်သို့ တင်လိုက်လေသည်။ စူပုပ်ကောက်နေသော ကလေးမလေး၏ မျက်နှာချက်ချင်းလိုလို ပြုံးရွှင်သွားပြီး 'ဟေး' ခနဲ အော်လိုက်သံကို ကြားလိုက်ရမှ စိတ်ရှုပ်

သတ္တရာဇ်တွေ
တရွေ့ရွေ့
ကုန်ဆုံးသွားခဲ့သည့်
အလုပ်
တစ်ခုမှတစ်ခု
ရွှေ့ပြောင်း
ကျင်လည်ရင်း
ကျွန်မ
အိမ်ပြန်ချိန်တွေ
နောက်ကျလိုက်
စောလိုက်
အရာရာ
ကျင့်သား
ရလာသည့်တိုင်
ကျွန်မ
နှလုံးအိမ်၌
စိတ်အင်အားကို
လုံခြုံမှု
ပေးနိုင်မည့်
အရိပ်တစ်ခုကို
တမ်းတမြ

နေဟန်ပေါက်နေသောလူငယ်လေး၏မျက်နှာပါ ပြုံးယောင်သန်းသွားသည်။

ထိုနေ့မှစ၍ မနက်ကျောင်းသွားချိန်တိုင်း အိမ်ထဲမှ အတူတူလမ်းလျှောက်ထွက်လာကြသော မောင်နှမနှစ်ယောက်သည် အိမ်၏ အကွယ်လမ်းထောင့်ချိုးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် အလုပ်များကြတော့သည်။ မူကြိုကျောင်းလေးသို့ ရောက်သည်အထိ အစ်ကိုလုပ်သူ၏ လည်ကုပ်ပေါ်၌ ပြုံးပြုံးရွှင်ရွှင်လိုက်ပါရင်း ကျောင်းကြောက်သည့်စိတ်ကိုလည်း ညီမလေးက ဖျောက်ဖျက်နိုင်ခဲ့သည်။ သူ တက်ရောက်ရမည့်အထက်တန်းကျောင်းသို့ ဆက်လက်ထွက်ခွာသွားသည့် အစ်ကိုလုပ်သူ၏ ကျောပြင်ကို ငေးကြည့်ရင်း လက်သေးသေးနှစ်ဖက်ကို ဝှေ့ယမ်းကာ မမောနိုင်၊ မပန်းနိုင်တာ့တာ ပြရသည်မှာလည်း ညီမကလေးပင်။

ကြာတော့ ကြာခဲ့ပါပြီ။ ယခုအခါ ထိုနေ့ကလေးထိန်းကျောင်းလည်း မရှိတော့ပြီ။ ကျွန်မတို့အိမ်သည်လည်း ယခင်လမ်းကလေး၌ မဟုတ်တော့ပြီ။ ကျွန်မတို့မောင်နှမတွေ အစဉ်အဆက်တက်ရောက်ခဲ့ကြသော အ.ထ.က ၂ အမျိုးသားကျောင်းကြီးကတော့ ယခင်ကနှယ် ခံ့ခံ့ထည်ထည်ရှိနေဆဲ။ အသစ်အသစ်သော ပြင်ဆင်မွမ်းမံမှုတွေဖြင့် တောက်ပဝင့်ကြွားနေဆဲပင်။ ကျွန်မတို့မိသားစုအတွင်း၌လည်း ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်ဖြင့် ယခင်ကအတိုင်း လှုပ်လှုပ်ရွရွ ရှိနေဆဲပင်။ သို့သော် အစ်ကိုကတော့ ဟိုးဝေးဝေးသို့ ထွက်ခွာသွားခဲ့ပြီ။ သူ့ဘဝ တိုးတက်ရာတိုးတက်ကြောင်း ရှာဖွေရင်း ကျောင်းပို့ကြိုစရာ မလိုတော့သော ညီမလေးကို သူ မေ့လျော့သွားခဲ့ပြီ။ ထမင်းစားတိုင်း သူ ငါးအရိုးထွင်ပေးခဲ့ရသော၊ အိပ်ရာဝင်ခါနီးတိုင်း ပုံပြောပြပြီး ကျောပုတ်သိပ်ခဲ့ရသော၊ သူ အိမ်အပြန်နောက်ကျ၍ ဟင်းမရှိတော့သဖြင့် မြင်းခွာရွက်တွေကို မညီမညာလှီးကာ သုပ်ပေးခဲ့ဖူးသော ညီမလေးကို သူ သတိရမည် မထင်တော့ပါ။

တစ်ခါတစ်ရံ၌ ငယ်သူငယ်ချင်းအချို့နှင့် ပြန်တွေ့ပါသည်။ တာဝန်တွေအသီးသီးလှုပ်ရှားရုန်းကန်နေရသော သူ့ဘဝ၊ ကိုယ့်ဘဝ အပြန်အလှန်စပ်စုမေးမြန်းကြရင်း သူတို့အားလုံးထံမှ တူညီသောမေးခွန်းတစ်ခုကို ကျွန်မ လက်ခံရရှိရပါသည်။

'နင့် အစ်ကိုကော'

ထိုအချိန်တွင် အဓိပ္ပာယ်ဆင်ဆင်တူသည့်အဖြေများကိုသာ ထပ်ကာတလဲလဲ ကျွန်မ ပြန်ဖြေခဲ့ပါသည်။

'ဘယ်ရှိတော့မလဲ။ သူ့လမ်းသူလျှောက်တာပေါ့'

'နင်တို့ကို သတိမရဘူးလား။ နင်တို့ကကော…'

'ဩော်…ကိုယ့်ဘဝနဲ့ကိုယ်ပဲဟာ'

ထိုအချိန် ပြန်ဖြေခဲ့သော ကျွန်မစိတ်နှလုံးသည် အလွမ်းတချို့တလေမှ ကပ်ငြိမနေခဲ့ပါ။ ကျောင်းနှင့်အလုပ်လွန်းထိုးနေရသော ဘဝသည် လွမ်းဆွတ်မှုတွေကိုလည်းကောင်း၊ သံယောဇဉ်တို့ကိုလည်းကောင်း သတိမရစေရန် သင်ကြားလေ့ကျင့်ပေးခဲ့သည် ထင်ပါသည်။ ဘဝက ကြမ်းတမ်းလာလေ အတ္တတွေများ ပိုမွေးဖွားလာလေ ဖြစ်နေခဲ့သည်လား။ ကျွန်မ တော်ရုံမပြုံးတတ်ခဲ့သလို၊ မျက်ရည်လည်း မကျတတ်ခဲ့ပြန်။ မိုးကောင်းကင်အောက်တွင် ရှင်သန်ဖို့ ကျွန်မ လက်အစုံ မနားတမ်းလှုပ်ရှားနေမှ ဖြစ်မည်ဟူ၍ပင် တထစ်ချ သတ်မှတ်ထားခဲ့ပါသည်။ 'တာဝန်' ဟူသည့် အသိတစ်ခုသာရှိသော ကျွန်မအတွက် မေတ္တာတရားသည်လည်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်း၊ သံယောဇဉ်ဟူသည် သည်းကောင်း မေ့လျော့ချန် ထားခဲ့မိသော ဘာသာဗေဒ တစ်ခုသာဖြစ်ခဲ့ပါသည်။

ကျွန်မ ဖြတ်သန်းခဲ့ရာ အတိတ်တစ်လျှောက်တွင် အလုပ်တွေနှင့်သာ ပြည့်နှက် ကျက်ရှိပါသည်။ ကိုယ်ပိုင် စာသင်ကျောင်းတွင် ဆရာမ အဖြစ် တာဝန်မထမ်းဆောင် ခင် အချိန်က နေ့ခင်းဘက် တွင် စာအုပ်ခြင်းတောင်းကို ကော်ဘီးနောက်တွင်တင်ကာ လမ်းတကာလှည့်၍ စာအုပ် ငှားသူအဖြစ်လည်းကောင်း၊ ညဘက်ဈေးတွင် ပြက္ခဒိန်၊ ပို့စတာများ ရောင်းသူအဖြစ် လည်းကောင်း လုပ်ခဲ့ဖူးပါ သည်။ ညဘက်ဈေးသိမ်းပြီး ပြန်လာချိန်သည် ၁၀း၃၀၊ ၁၁း၀၀ နာရီဝန်းကျင်သာဖြစ် သည်။ ထိုအခါ ခြောက်သွေ့ သောရာသီဥတုများတွင် မိမိ ဘာသာ အေးအေးသက်သာ ပြန်လာတတ်သော ကျွန်မ သည် မိုးရာသီရောက်သော အခါတွင်မူ အနည်းငယ်ကသိ ကအောက် ဖြစ်လာသည်။ မိုး ရွာလျှင် လမ်းပေါ်၌ လူရှင်း တတ်သော ထုံးစံအတိုင်း ကျွန်မ အိမ်ပြန်ချိန်များသည် ညဉ့်နက်လုလုဖြစ်သည့်အခါ အိမ်အပြန်လမ်းမတစ်လျှောက် ၌ တိတ်ဆိတ်မှောင်မိုက်နေ သည်က များပါသည်။ 'မိုး တွေညို့လာရင် လွမ်းရိပ်ဆင် သတဲ့'ဟုတ်လေသည်လား၊ မဟုတ်လေသည်လား မသိ ပါ။ သို့ပေမဲ့ ကျွန်မ အားငယ် တတ်လာပါသည်။

မိုးသည်းသည်းထန် ထန်ရွာကာ တစ်ကိုယ်လုံး ချမ်းအေးလာလျှင် ငိုချင်

မိုးကောင်းကင်သို့ မော့ကြည့်မိတိုင်း ကျွန်မ ညင်ညင်သာသာ ပြုံးမိပါသည် သဘာဝတရားက ပေးသော ကောင်းကင် တစ်ခုကို အခြား သက်ရှိလူသားများ နည်းတူ ကျွန်မ ပိုင်ဆိုင်ခွင့် ရခဲ့ပြီးပြီပဲ

သလို၊ ရယ်ချင်သလိုဖြစ်လာ သည်။ နောက်တစ်ကြောင်း မှာ မည်သည့်အရာကိုမျှ ဂရု မစိုက်ဘဲ တစ်ယောက်တည်း သွားလာနေတတ်သော ကျွန်မ သည် မိုးခြိမ်းသံနှင့် လျှပ်စီး များကို အလွန်အမင်းကြောက် တတ်ခြင်းပင်။ မိုးတစ်ချက် ခြိမ်းလျှင် ထိတ်ခနဲ ဖြစ်ကာ လျှပ်စီးတစ်ချက်လက်လျှင် မျက်လုံးတွေပြာ၍ ခြေဖျား လက်ဖျားအေးအောင် တုန် လှုပ်တတ်ပါသည်။ ကြောက် ရွံ့မှုတွေ ဆက်တိုက်လာသော အခါ မျက်ရည်က အလည် မခေါ်ဘဲ တသွင်သွင်ကျလာ

သည်။ ထိုအချိန် ကျွန်မ အိမ်ပြန်လမ်းတစ်လျှောက်၌ သက်ရှိ လူသားတစ်ယောက် တလေကိုမြင်တွေ့ရဖို့ တောင့် တမိပါသည်။ မည်သူမျှ မရှိ သောလမ်းမထက်ဝယ် ကျွန်မ တစ်ယောက်တည်းဟူသော အသိက ပို၍ချောက်ချားစေ သည်။ လူသည် တစ်ဦးတစ် ယောက်တည်း ရှင်သန်ရပ် တည်၍ မရသည်ကို ထိုအခါ မှ ကျွန်မ စတင်သဘော ပေါက်လာသည်။

ဘယ်ဆီရောက်နေပြီ မှန်း မသိသော ကျွန်မအစ်ကို ကို ထိုအချိန်မှစတင်၍ ကျွန်မ လွမ်းဆွတ်စပြုလာသည်။ ကျောင်းနေစဉ်ကာလများက ကျွန်မကို သူ့ပခုံးထက်တင်၍ ကျောင်းအပို့အကြိုလုပ်ခဲ့သော အစ်ကိုသည် သူသာရှိနေခဲ့ မည်ဆိုလျှင် ဤသို့ ကျွန်မကို တစ်ယောက်တည်းသွားလာ စေမည် မထင်ပါ။ ကျွန်မ အဖေ၏ ကျန်းမာရေးအခြေ အနေကြောင့် လာမကြိုစေဖို့ ကိုယ်တိုင်ပိတ်ပင်ထားမြစ်ခဲ့ သော ကျွန်မသည် 'အစ်ကို သာရှိခဲ့လျှင်'ဟူ၍ တမ်းတ တတ်လာသည်။ ကျွန်မ အားငယ်ကြောက်လန့်ချိန်များ တွင် အစ်ကိုဟူသော အရိပ် ကို မားမားမတ်မတ်ရပ်တည် နေစေရန် တောင့်တမိပါ သည်။ 'လူဟူသည် အလိုရှိ မှ တမ်းတတတ်သည်'လား မပြောတတ်ပါ။ သေချာ သည်မှာ မိုးသည်းသောည များတွင် ဝမ်းနည်းအားငယ် စိတ်များနှင့် မျက်ရည်ဖြိုင် ဖြိုင်ကျခဲ့ပါသည်။ တစ်ခါ တစ်ရံ တစ်ယောက်တည်း မိုက်ရူးရဲဆန်ဆန် ဖြေရှင်းရ

သော ကိစ္စများတွင်လည်း ဆုံးမပေးမည့်၊ ရှေ့က မတ် မတ်ရပ်တည်ပေးမည့် အစ်ကို ကို ကျွန်မ မျှော်လင့်တတ်လာ ပါသည်။ သို့ငြား အစ်ကိုက တော့ ဟိုးဝေးဝေးမှာလား၊ မသေချာပါ။

သက္ကရာဇ်တွေ တရွေ့ ရွေ့ကုန်ဆုံးသွားခဲ့သည်။ အလုပ်တစ်ခုမှ တစ်ခုရွှေ့ ပြောင်းကျင်လည်ရင်း ကျွန်မ အိမ်ပြန်ချိန်တွေနောက်ကျ လိုက်၊ စောလိုက်။ အရာရာ ကျင့်သားရလာသည့်တိုင် ကျွန်မ နှလုံးအိမ်၌ စိတ်အင် အားကို လုံခြုံမှုပေးနိုင်မည့် အရိပ်တစ်ခုကို တမ်းတမြဲ။

တစ်ခုသော ဆောင်းရာ သီ၏ ညနေခင်းတစ်ခုတွင်မူ ၂၄ နှစ်ကြာ ကွဲကွာခဲ့သော အစ်ကို့ကို ကျွန်မ ပြန်လည် တွေ့ဆုံရပါသည်။ ပြန်ဆုံချင် တော့လည်း ရိုးရိုးလေးပင်။ ငယ်စဉ်က နေခဲ့သောလမ်း မှာ မဟုတ်သည့် ကျွန်မတို့ အိမ်ကို အစ်ကိုရှာဖွေမေးမြန်း လာရပုံပေါ်ပါသည်။ ဒါက စဉ်းစားနေရန် သိပ်အရေး မကြီးလှပါ။ အစ်ကိုရောက် လာတော့ ကျွန်မတို့ တစ်အိမ် သားလုံး အံ့အားတသင့်။ ဝဖိုင့်ကာ အသားတွေဖြူဖွေး နေသည့် အစ်ကို့ကို ကျွန်မ ခပ်တောင့်တောင့် ငြိမ်သက် ရင်းငေးစိုက်ကြည့်နေမိသည်။ အဖေနှင့် ရယ်ကာမောကာ၊ ဖြတ်သန်းခဲ့ရာ ဘဝတစ်လျှောက် အကြောင်းပြောပြနေသော အစ်ကို့ သွင်ပြင်သည် ကျွန်မ တမ်းတခဲ့ရသော အစ်ကိုနှင့် မတူတော့ပြန်။ အစ်ကို့သွင် ပြင်သည် ကျွန်မအတွက် အေးစက်စိမ်းသက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ညှို့သည်တစ်ယောက် အိမ်လာလည်နေသလိုပဲ။ ဒါ ကျွန်မ၏ အစ်ကိုလား။

ယင်းအခိုက် အစ်ကိုက ကျွန်မကို မေးဆတ်ကာ 'မိငယ်လေး'လားတဲ့။ ပြုံးချိုနေသည့် အစ်ကို့ကို ပြန်လည်ပြုံးပြဖို့ ကျွန်မ ကြောင်ငေးနေသည်။ အစ်ကို့အပြုံးတွေသည် ဟိုးယခင်ကလို ရှင်းသန့်မနေတော့ပါ။ စိတ်ရောင်စုံ၊ ဘဝရောင်စုံတွေကြား အစ်ကိုသည် သွက်သွက်လက်လက် ကူးခပ်နိုင်ခဲ့ပြီထင်သည်။ ဆက်လက်၍-

'ငယ်ရုပ်အတိုင်းပဲ။ ကောက်တေးမလေး ရုပ်ပဲ' ဟု အစ်ကိုပြောသောအခါ ကျွန်မ အနည်းငယ်ဝမ်းနည်းသွားပါသည်။ အစ်ကိုရေ… ဒီစကားမျိုးက သူစိမ်းညှို့သည်တွေ ပြောလေ့ပြောထရှိတဲ့စကားမျိုးလေ။ သက်ပြင်းတစ်ချက်နှင့်အတူ ကျွန်မ 'ဟုတ်ကဲ့'တစ်ခွန်းသာ လိုက်ပေးလိုက်ပါသည်။ နှစ်ပေါင်း ၂၄ နှစ်ကျော်ကွဲကွာနေခဲ့သော မောင်နှမတွေ၊ မိသားစုတွေ ပြန်လည်တွေ့ဆုံပွဲက ကျွန်မ မျှော်လင့်ခဲ့သလောက် နွေးထွေးကြင်နာမှု၊ လုံခြုံမှုအားအင်တွေ ဖြစ်တည်မလာပါ။ တစ်မုဟုတ်ချင်း လွမ်းဆွတ်တမ်းတမှုတွေကို ကျွန်မ သံသယ ရှိချင်လာသည်။ အချို့ လွမ်းဆွတ်မှုတွေသည် ဝေးဝေးက လွမ်းနေရတာမှ ပို၍ အဓိပ္ပာယ်ရှိနိုင်မည်ဖြစ်နေရော့သလား။

ဘဝတစ်လျှောက်လုံး အတမ်းတဆုံး၊ အတွေ့ချင်ဆုံးသူကို မျက်ဝါးထင်ထင် မြင်တွေ့ပြီးသည့် ကျွန်မ ရင်သည်လစ်ဟာမှုဖြင့် အေးစက်စိမ့်သက်သွားသည်။ လိပ်စာတစ်ခု၊ ဖုန်းနံပါတ်သုံးခု၊ အီးမေးလ်လိပ်စာ၊ ဓာတ်ပုံတွေ တစ်ထပ်ကြီးနှင့် ကန်တော့ပစ္စည်း၊ လက်ဆောင်ပစ္စည်းတွေ ထားရစ်ခဲ့ပြီး အစ်ကိုပြန်သောအခါ ရင်းနှီးသောညှို့သည်များကို နှုတ်ဆက်သည့်အတိုင်း ကျွန်မ ပြုံးပြနှုတ်ဆက်နိုင်ခဲ့ပါသည်။ အစ်ကိုက ကျွန်မကို ရန်ကုန်မှာ အလုပ်လုပ်ရန်၊ သူ အသစ်ရှာဖွေတည်ထောင်ထားသော မိသားစုနှင့် အတူနေရန် ပြောခဲ့သော်လည်း ကျွန်မ အသာအယာ ခေါင်းယမ်းပြနိုင်ခဲ့ပါသည်။ အနေဝေးခဲ့ပြီဖြစ်သော အစ်ကို၏ အမျိုးသမီးသည် ကျွန်မအတွက် အစ်မတစ်ယောက် ဖြစ်လာနိုင်မည် မထင်တော့ပါ။ ကမာရွတ်မြို့နယ်ဟူ၍ အစ်ကိုပေးခဲ့သော ကျွန်မလက်ထဲရှိ လိပ်စာကတ်ကလေးသည်လည်း ကျွန်မ အသုံးပြုဖြစ်တော့မည် မဟုတ်ပါ။ ရန်ကုန်မြေသည် ရေးမဆွကလိုပင် ကျွန်မအတွက် သူစိမ်းတို့၏ နေရာသာဖြစ်တော့သည်။ ဟိုစဉ်အခါက သူငယ်ချင်းများ မေးလာခဲ့လျှင် ပြန်ဖြေခဲ့မိသလို ကျွန်မ အစ်ကိုကား အမှန်တကယ်ကိုပင် သူ့လမ်းသူလျှောက်ခဲ့လေပြီတကား။

မိုးကောင်းကင်သို့ မော့ကြည့်မိတိုင်း ကျွန်မ ညင်ညင်သာသာ ပြုံးမိပါသည်။ သဘာဝတရားကပေးသော ကောင်းကင်တစ်ခုကို အခြားသက်ရှိလူသားများနည်းတူ ကျွန်မ ပိုင်ဆိုင်ခွင့်ရခဲ့ပြီးပြီ ပဲ။ ကျွန်မကို သီးသန့်လုံခြုံနွေးထွေးမှုပေးနိုင်မည့် ကောင်းကင်မျိုးကို မတမ်းတတတ်တော့ပါ။ အချိန်ကာလ၊ နေရာဒေသကို လိုက်၍ ကောင်းကင်၏ အရိပ်တွေ ပုံသဏ္ဌာန်အမျိုးမျိုး၊ အရောင်အသွေးအမျိုးမျိုးပြောင်းလဲတတ်ကြောင်း ယခုတော့ ကျွန်မ နားလည်ခဲ့ပါပြီ။

သူ့ဘဝနှင့်သူ ပျော်ရွှင်နေခဲ့ပြီဖြစ်သော အစ်ကို၏ သွင်ပြင်သည်လည်းကောင်း၊ ကျွန်မအပေါ် ယုံကြည်အားကိုးကာ ချစ်ခင်နားလည်ပေးခဲ့ကြသော ကျွန်မ မိဘများ၏ သွင်ပြင်သည်လည်းကောင်း တစ်လှည့်စီ မြင်ယောင်မိပါသည်။

မိန်းမငယ် တစ်ယောက်အဖို့ မိသားစုဟူသော အရိပ်အာဝါသရှိလျှင် လုံခြုံမှုအတွက် လုံလောက်ပြီဖြစ်သည်။ လောကခံ၏ လှိုင်းတံပိုးများကို ကြံ့ကြံ့ခံရင်ဆိုင်နိုင် ရန်ဆိုသည်မှာ မိမိကိုယ်တိုင်၏ အားအင်ပင်ဖြစ်ကြောင်း ကျွန်မ သိရှိသဘောပေါက်ခဲ့ပြီ။ မိသားစု ပြည့်စုံခြင်း၊ မပြည့်စုံခြင်းဆိုသည်မှာ အခြေအနေ၊ အချိန်အခါတို့ ပေါ်တွင်လည်း မှီတည်နေကြပါသည်။ ကျွန်မ လိုအပ်သော နွေးထွေးမှု၊ ကြင်နာမှု၊ လုံခြုံမှုတို့ရရှိဖို့ရာ ကြိုးစားရမည်မှာ ကျွန်မသာလျှင်…။ ယခုတော့ ဟိုးဝေးဝေးက မိုးမြင့်ထက်ဖျားဆီ ကျွန်မ စောင့်မျှော်ငေးမောမနေတော့ပါ။

■

**ရွှေအိမ်စည်မေ**

ရုပ်စုံမဂ္ဂဇင်း

**အယ်ဒီတာအဖွဲ့.**

အခန်း (၃-ဝ၃)
တိုက်အမှတ် ၂၀/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-ဝ၁-၉ဝ၁ဝ၁၁၅
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့တဲ့ ၅ ရက်လောက်က
အမေရိကားမှာရှိတဲ့
သူငယ်ချင်းရဲ့ညီမဖြစ်သူက
ကျွန်တော့်ဝတ္ထုနဲ့ဆင်တဲ့
ဝတ္ထုတစ်ပုဒ် ရွှေအမြုတေ
ဒီဇင်ဘာလထုတ် ၂၀၁၃ မှာ
ပါလာတဲ့အကြောင်း
ဖုန်းဆက်လာပါတယ်။
ဆက်လာတဲ့အချိန်ကလည်း
ည ၂ နာရီပါ။ ကံကောင်းတာက
ခါတိုင်းဆိုရင် ကျွန်တော်
ညဘက်မှာ ဖုန်းပိတ်ပြီး
အိပ်လေ့ရှိပါတယ်။ ဒါပေမဲ့
မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေသူများနှင့်
ဖြန့်ချိသူများအသင်းက
ဦးဆောင်ကျင်းပခဲ့တဲ့
စာပေအလုပ်ရုံ ဆွေးနွေးပွဲတွေကို
တာဝန်ယူပြီး အသံဖိုင်တွေ
လက်ရေးနဲ့ ပြန်ရေး
ပေးနေရတာကြောင့်
မေ့ပြီး ဖုန်းမပိတ်ဖြစ်ပါဘူး။
သူကတော့ ဒါ ဘယ်လိုဖြစ်တာလဲ၊
သည်းမခံနိုင်လို့ ပြောလာပါတယ်။
အဲဒီလမှာ ကျွန်တော့်ဝတ္ထုလည်း
ပါတာကြောင့် သူပြောတဲ့
စာရေးဆရာမရဲ့ဝတ္ထုကို
ဖတ်ကြည့်မိပါတယ်။ တကယ်တော့
သူထင်သလို လုံးလုံးမဟုတ်ပါဘူး။
စာရေးဆရာမက မကျည်းတန်
(လှိုင်ကော်)ဆိုတဲ့ ဝါရင့်သမ္မာ
စာရေးဆရာမဖြစ်တာမို့ ဒါမျိုးဟ
ဖြစ်လေ့ဖြစ်ထရှိတဲ့ ကိစ္စပါပဲ၊
ဆရာမ မကျည်းတန်
(လှိုင်ကော်)ရဲ့
ဝတ္ထုဇာတ်ကောင်ကလည်း
မြနဒီ၊ စင်တင်တေးဂီတမယ်
ဘဝကနေ ကီပင် မကျတကျနဲ့
ယောက်ျားတွေကို ကစားရင်း၊
ရှုံးတစ်လှည့် နိုင်တစ်လှည့်
ရပ်တည်နေသူ။
ဇိမ်မယ်တစ်ပိုင်းပေါ့လေ။
အဘိုးကြီးတစ်ယောက်နဲ့
ငြိပြီး မယားကြီးဖြစ်သူက

ဝတ္ထုတွေ ဆင်တူတယ်
ဇာတ်ကားတွေ ဆင်တူတယ်ဆိုရင် ကျွန်တော် ဘာမှ
အပူစိတ်နဲ့ မတွေးမိအောင် နေပါတယ်
ကျွန်တော်နဲ့ တူတာဖြစ်ဖြစ်၊ ကျွန်တော်က
တူတာဖြစ်ဖြစ် ဖြစ်လေ့ဖြစ်ထရှိတဲ့ မသိစိတ်ရဲ့
အစွဲတွေပါလို့ မှတ်ယူပြီးသားပါ





www.burmeseclassic.com

www.burmeseclassic.com



# ရွှေလမင်းမိုးသော ဝတ္ထုများနှင့် ဆင်တူယိုးမှား ပြဿနာ

မာန် | တောင်ဆုံးပြန်

မြနှဒီတိုက်ခန်းမှာ လာတွေ့တာကို အဓိကဇာတ်ကြောင်းဖွဲ့ထားတာပါ။ ကျွန်တော် လွန်ခဲ့တဲ့ ၂၀၁၂၊ ဖေဖော်ဝါရီ၊ ပေဖူးလွှာမှာ ရေးဖူးတဲ့ ဝတ္ထုကလည်း ဇာတ်ကောင်အမျိုးသမီးက မြနှဒီ၊ စင်တင်တေးဂီတမယ်၊ အဘိုးကြီး တစ်ယောက်နဲ့ ငြိတယ်။ မယားကြီးနဲ့ ပြဿနာတက်ပြီး ထောင်ကျတယ်။ ထောင်ကလွတ်တော့ အဘိုးကြီးနဲ့ ပြန်တွဲတယ်။ ဒါကို ဇာတ်ကြောင်းပြောသူ တက္ကသိုလ်စီမောင်းသမား လူပျိုကြီးက စာဖွဲ့ ပြောသွားတာပါ။ ဘာပဲဖြစ်ဖြစ် ဒီလို ဆင်တူယိုးမှား ပြဿနာတွေက ရှိနေကြတာပါပဲ။ လွန်ခဲ့တဲ့ ၆ နှစ်ကျော်တုန်းကလည်း ဒါရိုက်တာ မင်းထင်ကိုကိုကြီး ရိုက်ကူးတဲ့ **နောက်ဆုံးကဗျာ** ဆိုတဲ့ ဗီဒီယိုကား ရှိပါတယ်။ မင်းသားက လွင်မိုးပါ။ ကဗျာဆရာ ပြန်ဝင်စားတဲ့ ဇာတ်မျိုးထင်ပါတယ်။ အဲဒီ **နောက်ဆုံးကဗျာ**ဆိုတဲ့ ခေါင်းစဉ်နဲ့ ဝတ္ထုကို လွန်ခဲ့တဲ့ ၇ နှစ်က ရွှေအမြုတေ ဇွန်လ ၂၀၀၇ ခုနှစ်မှာ ကျွန်တော် ရေးခဲ့ဖူးပါတယ်။ ဝတ္ထုထဲမှာတော့ လွန်ခဲ့တဲ့ နှစ် ၂၀ ကျော်က ပျောက်ဆုံးသွားတဲ့ ကဗျာဆရာကို ရှာပုံတော်ဖွင့်ခိုင်းတဲ့ အမျိုးသမီးကြီးအကြောင်းပါ။ ဒါရိုက်တာ မင်းထင်ကိုကိုကြီးကို ဆရာမ ခင်လေးမြင့် အင်တာဗျူးတော့ ဒီဇာတ်ကားဟာ သူ့ရဲ့ကိုယ်ပိုင်အနုပညာလို့ ရဲရဲဝံ့ဝံ့ ဖြေသွားပြီးပါပြီ။ ကျွန်တော့်ဝတ္ထုနဲ့ ၁ နှစ်ခြားပေမဲ့ ကျွန်တော် လုံးဝသံသယ မရှိပါဘူး။ ဆင့်ပွားအနုပညာ ကူးစက်မှုဆိုတာ ကျွန်တော်လည်း မကင်းနိုင်တာ သိနေလို့ပါပဲ။





www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကလည်း အစ်ကို မြအေးရဲ့လုံးချင်းဝတ္ထု ထွက်လာတော့ ကျွန်တော် ဖတ်ဖြစ်ပါတယ်။ သူ့ဇာတ်ကောင်က မိုးအောင်ပါ။ အင်မတန် ကိုယ်ကျိုးစွန့် အနစ်နာခံသူပါ။ ဇိမ်မယ်ဘဝနဲ့ ငွေရှာစားနေရှာတဲ့ မိန်းကလေးဇာတ်ဆောင်လည်း ပါပါတယ်။ ကျွန်တော် **မြို့ဂျပိုး**ကို ရေးတုန်းကလည်း ဇာတ်ကောင်က မိုးအောင်ပါ။ တက္ကစီသမား၊ ပွေပွေရှုပ်ရှုပ်သမား။ ဇိမ်မယ်တွေနဲ့ ခင်မင်ရင်းနှီးသူ။ ဇိမ်မယ်တွေရဲ့ ဘဝစရိုက်တွေနဲ့ ရေးခဲ့ပါတယ်။ ဒါကြောင့် ဆင့်ပွားအနုပညာဆိုတာ ရှိနေတာပါပဲ။ ဒါကို ပုံတူကူးချတယ်လို့ ဘယ်လိုမှ ပြောလို့မရပါဘူး။

ကျွန်တော် **မြို့အနမ်း** ဝတ္ထုရေးပြီးလို့ ၆ နှစ်လောက်ကြာမှ ကျွန်တော် ဘာတွေကို စွဲလမ်းပြီး ရေးဖြစ်တယ်ဆိုတာ ပြန်သိရတာ လက်တွေ့အဖြစ်ပါ။

ဟိုတုန်းက ဖတ်ခဲ့ရတဲ့ ဆရာမကြီး စမ်းစမ်းနွဲ့(သာယာဝတီ)ရဲ့ **ခေါက်ထီးလေး မလှံ့တလုံ**၊ ဟိုတုန်းက ကြည့်ရတဲ့ **ဂန္ဓဝင် အဖြူအမည်း** ရုပ်ရှင်ကားကြီးတို့ကို စိတ်ထဲမှာ ကိန်းအောင်းနေရာကနေ ဝတ္ထုရေးတော့ပါသွားခဲ့ပါတယ်။ ဒါကို နောက် ၅ နှစ်ကျော် ၆ နှစ်ကြာမှ အဲဒီဝတ္ထုတွေ၊ ဇာတ်ကားတွေ ပြန်ကြည့်ပြီး ကိုယ့်ကိုယ်ကို သိခဲ့ရတာပါ။ အဲဒီဝတ္ထုတွေ၊ အဲဒီဇာတ်ကားတွေကို ပြန်ဖတ်ပြန်ကြည့်ဖြစ်ရင်း…သြော် ငါရေးတဲ့ဝတ္ထုဟာ ဒါတွေကို စွဲလမ်းရာကဖြစ်ခဲ့တာပါလားလို့ ဝန်ခံအသိ သိဖြစ်ခဲ့ပါတယ်။

ဖန်တီးတာကတော့ ကျွန်တော့်ကိုယ်ပိုင်ဖန်တီးမှုပါ။ ဒါပေမဲ့ စိတ်မှာ စွဲလမ်းနေတာကို ပြန်ဖော်ပြီး ရေးမိမှန်း ဘယ်လိုမှ မသိခဲ့ပါဘူး။ တိုက်ဆိုင်တော့မှ ဒါက ဒီလိုပါလားလို့သိရတာပါ။

နောက်တစ်ခုကတော့ ရှေ့ကဝတ္ထုကို လုံးဝ မဖတ်ဖူးပါဘဲလျက်နဲ့ ရေးမိတဲ့ဝတ္ထုမျိုးပါ။ **စည်းအပြင်ကလူ** ကို ကျွန်တော် လုံးဝမဖတ်ဖူးပါဘူး။ **ဒရမ်ဆရာ**ဆိုတဲ့ ပထမဆုံး လုံးချင်းကို **စည်းအပြင်ကလူ** ကို မိုးတယ်လို့ပြောတော့ ကျွန်တော် တအံ့တသြဖြစ်ပြီး **စည်းအပြင်ကလူ**ကို ဖတ်ပါတယ်။ ကျွန်တော် ဘာမှ မတတ်နိုင်တဲ့ ပြဿနာပါ။ **ဒရမ်ဆရာ**ဟာ ဆရာ မြသန်းတင့် ဘာသာပြန်တဲ့ လေလွင့်သူကို အားကျလို့ လိုက်ရေးကြောင်း ဝန်ခံထားပြီးသားပါ။ ဝတ္ထုမှာကို ထည့်ရေးထားတာပါ။ **စည်းအပြင်ကလူ** ကိုတော့ တကယ်ကို ကျွန်တော် မသိခဲ့ရတာပါ။

**မြို့ဂျပိုး**ကိုလည်း ဆရာ မောင်သာရရဲ့ **မတ်တပ်ရပ်၍ လမ်းမှာငို**ဖတ်ပြီး ရေးတာလားလို့ မေးကြပါတယ်။ ဒါကတော့ ကျွန်တော် အသာလေး ဖြေနိုင်ပါတယ်။ ဆရာ မောင်သာရရဲ့ တခြားဝတ္ထုတွေကို ကျွန်တော် ဖတ်ဖူးတယ်။ အဲဒီဝတ္ထုကိုတော့ မဖတ်ဖူးပါဘူး။ **မြို့ဂျပိုး**ဟာ ကျွန်တော့်ကိုယ်တွေ့ အများစုကိုဆိုတာ ကျွန်တော့်ဝန်းကျင်တစ်ခုလုံးသိသလို အခုထက်ထိ အဲဒီထဲက ဇာတ်ကောင်တွေ အပြင်မှာ ကျင်လည်နေကြတုန်းမို့ ဘာမှ မခံစားရပါဘူး။

အံ့သြစရာကောင်းတာက **လန်းဖိုင်စာသိုက်**ပါ။ အဲဒီဝတ္ထုဟာ 'ပြည်တော်ပြန် အကျဉ်းသား'ဆိုတဲ့ နာမည်နဲ့ စိစစ်ရေးမှာ ၅ နှစ်ကျော် ဆိုင်းငံ့ခံထားရတဲ့ ဝတ္ထုပါ။ ညွှန်မှူး ပြောင်းသွားချိန်ကျမှ နာမည်ပြောင်းပြီး ပြန်တင်တော့ လွတ်လာပါတယ်။ 'ပြည်တော်ပြန် အကျဉ်းသား'ဆိုတဲ့ ဒေါ်စုကို ရည်ညွှန်းသလိုဖြစ်နေလို့ပါဆိုပြီး စိစစ်ရေးက မပေးတာပါ။ တကယ် ဝမ်းနည်းစရာ အတိတ်ဆိုးပါပဲ။ ကျွန်တော်လည်း ဘာမှမတတ်သာလို့ **လန်းဖိုင်စာသိုက်** နာမည်နဲ့ပဲ ထွက်ခဲ့ပါတယ်။ အံ့သြစရာက ဘယ်သူမှဘာမှမပြောကြတဲ့ကိစ္စက ကျွန်တော့် ဆရာလေးသူရဲ့ ဆရာ ဦးလှဝင်းရဲ့ 'ပါပီလွန် ဗင်ဂို'ကို အားကျပြီး ရေးဖြစ်တာကို မပြောကြတာပါပဲ။ မူလ ခေါင်းစဉ်ကိုက 'ပြည်တော်ပြန် အကျဉ်းသား'ပါ။ ပါပီလွန်ဗင်ဂိုကိုဖတ်ပြီး အိပ်လို့မရအောင် တနုံ့နုံ့ စွဲကျန်နေရာကနေ အားကျစိတ်နဲ့ ရေးဖြစ်ခဲ့တာပါ။

ဒါကြောင့် ဝတ္ထုတွေ ဆင်တူတယ်။ ဇာတ်ကားတွေ ဆင်တူတယ်ဆိ ရင် ကျွန်တော် ဘာမှ အပူစိတ်နဲ့ မတွေး မိအောင် နေပါတယ်။ ကျွန်တော်နဲ့ တူ တာဖြစ်ဖြစ်၊ ကျွန်တော်က တူတာဖြစ် ဖြစ် ဖြစ်လေ့ဖြစ်ထရှိတဲ့ မသိစိတ်ရဲ့ အဖ တွေပါလို့ မှတ်ယူပြီးသားပါ။

ကြုံလို့ ကျွန်တော် ပြောရပါဦး မယ်။ လုံးချင်းဝတ္ထု ၁၅၀ ကျော် ရေ ပြီးနေတဲ့ စာရေးသူတစ်ဦးက ကျွန်တော် လက်ကိုဆွဲပြီး သူ့မှာ ပေးစရာဝတ္ထုမရှ တော့လို့၊ စာချုပ်ကလည်း မိနေလို ကျွန်တော့်ရဲ့ဘယ်ဝတ္ထုကိုတော့ သူ့နည် သူ့ဟန်နဲ့ ရေးပါရစေလို့ လာပြောတ ရှိခဲ့ပါတယ်။ သူ မလုပ်လို့ မရလို့ပါတဲ့ အရင်က ကျွန်တော့်ကို မသိခဲ့လို့ ဘ တွေလည်း သူ အဲဒီလို လုပ်ထားမိပ တယ်ဆိုတာ ပြောပြပါတယ်။ သူ့ကို ကျွန်တော် အများကြီးနားလည်ပါတယ် နောင်လည်း ကြိုက်သလိုသာ မိုးပါလို့ ခွင့်ပြုပေးခဲ့ပါတယ်။ ဒါကို စာရေးဆရ ဓနုတ် ကိုကိုဇော်ကိုယ်တိုင် မိတ်ဆက် ပေးခဲ့တာမို့ သက်သေရှိပါတယ်။ ဒီလ ဝမ်းစာရှာတာကို ကျွန်တော်တို့ဘာပြေ လို့ဖြစ်မှာလဲ။ သူ့ကလောင်နဲ့ နာမည် လည်း ကျွန်တော် မေ့နေပါပြီ။ သူ ဘာတွေ ဆက်ရေးနေသလဲဆိုတာလည် မသိတော့ပါဘူး။ အပျော်ဖတ်လော လည်း ချုံးချုံးကျသွားပြီကိုး။

ကျွန်တော် ဒါတွေပြောနေတာဟာ တချို့ ဖြောင်ယူ ဖြောင်လုပ်တာကို ခွ ပြုပေးဖို့ဘက်က ပြောနေတာ မဟုတ်ပ ဘူး။ **'သူ့လိုလူ'**ဆိုတဲ့ နာမည်နဲ့ ဗီဒီယ ကြော်ငြာတွေ့တော့ ကျွန်တော်ကိုယ တိုင် ကာယကံရှင်တွေဆီကို တစ်ဆင့် အကြောင်းကြားခိုင်းခဲ့တာပါ။ ဒီလို ဖေ ကားတာမျိုးကို လုံးဝ မကြိုက်ပါဘူ အစဉ် ကန့်ကွက်နေမှာပါ။

အနုပညာကို အားထုတ်နေသူချင် ဆင့်ပွားလွှမ်းမိုးမှု ရှိတယ်ဆိုတာမျိုး ရှင်းပြနေခြင်းသာ ဖြစ်ပါတယ်။ ဒါတွေ ဟာ နားလည်ပေးလို့ ရတယ်ဆိုတ သဘော မျိုးဖြစ်ပါတယ်။

**မာန်၊တော်လှုံးပြ**



www.burmeseclassic.com

www.burmeseclassic.com


ရန်ကုန် ဆရာမြင့် (ခ) ဆရာဩဘာ



**နက္ခတ္တဗေဒ၊ လက္ခဏာ အထူးကျွမ်းကျင်ပညာရှင်**

မေးကြည့်လျှင် ပြေးကြည့်သလို မှန်ရမည်။

အမှတ် (၄၈)၊ ဆူးလေဘုရားအဝိုင်း၊ မြို့တော်ခန်းမအနီး၊ ရန်ကုန်မြို့။

Ph : 09 420034597



ပုံနှိပ်တိုက်

စာအုပ်အမျိုးမျိုးကို စာမူပေးပြီးပါက စာအုပ်ဖြစ်သည်ထိ အစဖိတာဝန်ယူ လုပ်ဆောင်ပေးပါသည်။

- Calendar
- Pamphlet
- Name Card
- Table Calendar
- Box
- Voucher
- File Holder
- Booklet
- Letter Head
- Lable အမျိုးမျိုးကို စိတ်တိုင်းကျ အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်ပေးနေပါသည်။

ကော်ကပ်ချုပ်စက်ဖြင့် စာအုပ်အမျိုးမျိုးကို ချုပ်လုပ်ပေးပါသည်။

အမှတ် ၁၃၃၊ မြေညီထပ်၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၃၉၈၂၂၀




www.burmeseclassic.com

www.burmeseclassic.com



# အသံတူရွေး ဆောင်ရာချမ်း

အခုတလော သူ့နားရွက်ကြောင့် သောကရောက်နေရသည်။ သူ့နားရွက်ကို သူ ဒေါသထွက်နေရသည်။ နားရွက်ကြောင့် နေ့ဘက်တွင် နေမထိ ထိုင်မသာ၊ ညဘက်တွင် အိပ်မပျော်ဖြစ်နေရသည်။ တစီစီအသံများက ဒုက္ခကြီးစွာ ပေးနေသည်။ တဗွီဗွီ၊ တဂီးဂီးအသံများကို အချိန်တိုင်းလိုလို ကြားနေရသည်။ တချို့အသံများက ညကိုအားတင်း၍ အိပ်ပျော်နေစဉ်တွင်ပင် အိပ်မက်ထဲ၌ ကြားနေရပြန်သည်။

'ကိုယ် အခုရက်ပိုင်း နေရထိုင်ရ ကျပ်နေတယ်ကွာ' ဟု သူ့မိန်းမကို ဖွင့်ဟပြောမိတော့ သူ့မိန်းမက တွေတွေငေးငေးကြည့်ကာ သက်ပြင်းဖွဖွချသည်။ ထို့နောက်- 'ကျွန်မ သတိထားမိတာကြာပြီ။

www.burmeseclassic.com

www.burmeseclassic.com



ညဘက်တွေလည်း အိပ်ရာထဲမှာ ဟိုဘက်လူး၊ ဒီဘက်လိုမျိုး အိပ်ပျော်ပုံလည်း မရဘူး။ နေ့ခင်းဘက်လည်း အလုပ်ကပင်ပန်းနဲ့ ရှင့်စိတ်ထဲ ဘာတွေဖြစ်နေလဲ မသိရဘူး။ စိတ်ညစ်တာပဲ'

ဟု ညင်သာတိုးဖျော့စွာ ပြောသည်။ သူ့ခေါင်းတွေ မိုက်ခနဲဖြစ်လာသည်။ သူ့မိန်းမနှင့် စကားပြောနေစဉ်တွင် တစ်ချိန်တည်းမှာပင် ကြားနေကျအသံပေါင်းများစွာက ပဲ့တင်ထပ်စွာ ...က်ဟည်းနေသည်။ သူ့နားရွက်ကို သူ အထိတ်တလန့် ဆွဲကိုင်မိသည်။ နှုတ်ဖျားမှလည်း အထစ်ထစ် အငေါ့ငေါ့နှင့် စကားလုံးအချို့ခုန်ပေါက်ထွက်ကျလာသည်။

'နားထဲမှာ၊ ကိုယ့်နားထဲမှာ'

မပီမသ တုန်ခါတိုးဖျော့နေသော စကားစုတချို့။

သူ့မိန်းမက သူ့ကိုကြည့်နေသော အကြည့်တွင် အထူး



www.burmeseclassic.com

www.burmeseclassic.com

အဆန်းသက်ရှိသတ္တဝါတစ်ကောင်ကို မြင်လိုက်ရသည့်နှယ်။

'ရှင် ဘာဖြစ်နေတာလဲ။ ခက်တော့တာပဲ၊ အိပ်ရေးပျက်တာတွေ များပြီး ကယောင်ကတမ်းဖြစ်နေပြီ ထင်တယ်'

သူ့မျက်ကွင်းတွေက တွင်းနက်နက်တစ်ခုလို ဟောက်ပက်။ မျက်နှာပြင်တစ်ခုလုံးလည်း သွေးမရှိသလို ဖြူရော်အက်ကွဲနေသည်။ အသားများ တဆတ်ဆတ် တုန်ခါနေသည်။ သူ့နားရွက်တွေကို ဒုတိယအကြိမ် အယောင်ယောင်အမှားမှား ဆွဲဆုပ်ထားမိပြန်သည်။ နား၀နှစ်ဖက်လုံးကို အလန့်တကြား ပိတ်ထားမိသည်။ သူ့မိန်းမကတော့ 'ကျွတ်' ခနဲတစ်ချက် စုတ်သပ်ကာ သူ့အနားမှ ထွက်သွားလေပြီ။

❑

အသံများက ထူးကိုထူးဆန်းလွန်းသည်။ သွေးဆာနေဟန် တဖွေသရဲပေါင်းများစွာ၏ အော်သံများ၊ နာနာကျင်ကျင် ညည်းညူနေသော တစ်ဆို့ဆို့ရှိုက်သံများ။ တစ်ခါတစ်ရံ တချို့အသံများက ဆာလောင်မွတ်သိပ်မှုကို အံကြိတ်နေသော အသံများပမာ၊ တစ်ချက်တစ်ချက်တွင်ကြားရသော အသံများက ခက်ထန်မောက်မာစွာ ကြမ်းတမ်းနေသည်။

'ပေါင်မုန့်တစ်လုံးလောက်ပေးပါ။ ကျွန်တော် (ကျွန်မ)တို့ကို ပေါင်မုန့်တစ်လုံးလောက်ပေးပါ။ ပေါင်… မုန့်…တစ်…လုံး…လောက်'

ထိုကဲ့သို့ အက်ကွဲကြမ်းရှနေသော အသံမျိုးများထဲတွင် သူ့နားရွက်များ ပူလောင်

> မခံဆိုးနိုင်သော
> အသံများကို
> သူ
> တရကြမ်း
> ချရေးနေမိသည်
> တဖြည်းဖြည်း
> သူ့စိတ်သည်
> လွင့်မျော
> ပေါ့ပါးလာ၏
> သူ့မျက်လုံးများ
> သည်
> တဖြည်းဖြည်း
> စင်းစင်းလာ၏
> ဒီညတော့
> သူ
> နှစ်နှစ်ခြိုက်ခြိုက်
> အိပ်ပျော်တော့မည်
> ထင်သည်

လာသည်။ နှုတ်ခမ်းများ တဆတ်ဆတ် တုန်ယင်လာသည်။ မျက်ဝန်းများ စိုထိုင်းလာသည်။

'အား…'

သူ့စိတ်တွင်းမှ အော်ဟစ်လိုက်သောအသံက လည်ချောင်း၀ရောက်လုရောက်ခင်မှာပဲ တစ်စုံတစ်ရာက ပိတ်ဆို့လိုက်သကဲ့သို့ တိမ်ငုပ်ပျောက်ကွယ်သွားသည်။ အိပ်ရာဘေးက နာရီလေးကို ဖျတ်ခနဲ ကြည့်မိသည်။ ည ၂ နာရီထိုးရန် ဆယ်မိနစ်အလို။ နံဘေးတွင် ယှဉ်တွဲအိပ်စက်နေသော ဇနီးသည်ကို ကြည့်မိပြန်သည်။ တစ်ခါ လှစ်ခနဲပြန်အကြည့်က မျက်နှာကြက်ကိုရွေ့သွားပြန်သည်။

'မဖြစ်တော့ဘူး။ အသံတွေ…အ…သံ…တွေ'

သူ့နှုတ်ခမ်းလွှာများ ကျယ်လောင်စွာ ပွင့်ဟအန်ထွက်လာသည်။ ဗလုံးဗထွေး စကားသံတချို့က ညဘက်အိပ်ခန်းလေးထဲတွင် ပဲ့တင်ထပ်စွာ။ စိတ်သည် ကယောင်ချောက်ချားဖြင့် ကွဲအက်ဝေရီ။

'ရှင်…ရှင်…ဘာဖြစ်နေပြန်လဲ။ အိပ်မပျော်ပြန်ဘူးလား။ ခက်တော့တာပဲ တော်ပြီ တော်ပြီ။ ကျွန်မလည်း အခန်းပြောင်းအိပ်တော့မယ်။ ရှင်နဲ့အိပ်ရတာ လန့်လန့်လာပြီ။ ဘာတွေဖြစ်နေလဲ မသိ။ ခက်တော့ခက်နေပြီ'

အိပ်မှုန်စုံမွှားဖြစ်နေဟန် သူ့မိန်းမ၏တိုးတိုးဖျော့ဖျော့စကားသံတချို့က သူ့နားတွင် ကြားတစ်ချက်၊ မကြားတစ်ချက်။ အဝေးမှ အသံများက တုန်ခါကျယ်လောင်စွာ သူ့နားစည်ထဲသို့ ရိုက်လွင့်လာပြန်သည်။ သူ ငူငူငိုင်ငိုင်ဖြင့် အိပ်ရာပေါ်တွင် ထထိုင်လိုက်သည်။ သူ့မိန်းမကတော့ သူ့ကို စိတ်ပျက်လက်ပျက်ကြည့်ကာ ခေါင်းအုံးနှင့်စောင်ယူ၍ အခန်းအပြင်သို့ ထွက်သွားလေပြီ။ သူ တစ်ယောက်တည်းသာ တတွတ်တွတ်ဖြင့် အပိုင်းအစအသံများကို ရေရွတ်နေမိသည်။

'မဖြစ်တော့ဘူး၊ မဖြစ်တော့ဘူး၊ အား ဘာလုပ်ရမလဲ၊ ဘာလုပ်ရပါ့မလဲ'

အိပ်ရာကထကာ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိသည်။ အသံပေါင်းများစွာက နားထဲသို့တိုးဝှေ့၀င်လာဆဲ။ ပြတင်းပေါက်မှအပြင်ဘက်သို့ အလန့်တကြား သူ လှမ်းကြည့်မိပြန်သည်။ ညသည် သည်းထန်အုံ့မှိုင်းစွာ မှောင်ရီပြာဝေနေသည်။ စိတ်ကိုစိတ်က ကုတ်ခြစ်လာသံတွေ တဖျင်းဖျင်း။

'မဖြစ်တော့ဘူး၊ မဖြစ်တော့ဘူး'

သူ့နှုတ်ဖျားမှ ကြိမ်ဖန်ထပ်စွာ ရေရွတ်နေမိပြန်သည်။

ဖျတ်ခနဲအတွေးတစ်ခေါင်းထဲသို့ လက်ခနဲဝင်လာသည်။ သူ အထက်တန်းကျောင်းသားဘဝက သင်ယူခဲ့ရသော အိပ်ပျော်ခြင်းနှင့် အိပ်မက်များ စာစုထဲမှ အိပ်မက်များကို ပျော်ရွှင်သော အဆုံးသတ်ဖြစ်စေရန် ကြိုးစားနည်းတစ်ခုကို သတိရသွားသည်။ အိပ်ရာဘေး စားပွဲမှ အံဆွဲများကို ဒရောသောပါးဖွင့်လိုက်သည်။ လက်တွေကို တုန်ယင်ခါယမ်းနေသည်ကို သူကိုယ်တိုင် သတိထားမိသည်။ စာရွက်အလွတ်တစ်ရွက်ကို တွေ့တော့ သူ အလွန်အမင်း ပျော်ရွှင်တက်ကြွသွားရသည်။ စားပွဲပေါ်တွင် အသင့်ရှိသော ဘောပင်ကိုယူ၍ နားထဲတွင် ကြားနေရသော အသံပေါင်းများစွာကို ချရေးမိသည်။ သိပ်မကြာမီ စာရွက်တစ်ရွက်လုံး ရှုပ်ထွေးမည်းညစ်လာ၏။

'မြင်းခွာသံများ၊ တိမ်စိုင်တိမ်ခဲတို့၏ ပြေးလွှားသံများ၊ သေနတ်သံများ၊ ရေစီးသံများ၊ ပွရောင်းရောင်းရယ်သံများ၊ အမှောင်ထုထည်အစိုင်အခဲတို့ ပွတ်တိုက်သံများ၊ ထစ်အနေသော စီဒီ



www.burmeseclassic.com

www.burmeseclassic.com

ခွေတစ်ခွေမှ ရှော့ခ်သီချင်းကြမ်းကြမ်းများ၊ တဝုန်းဝုန်းမြည်နေသော ပေါက်ကွဲသံများ၊ ကလေးငယ်တို့၏ ငိုသံများ'

သူ ချရေးလိုက်သော စာရွက်တွင် အသံပေါင်းများစွာ ပြည့်ကျပ်လာ၏။ တချို့အသံများက အလံဖြူလွှင့်နေသည်။ တချို့အသံများက သွေးပွက်ပွက်ထလုအနီရောင်အလံများကို ထူမတ်ထားသျှက်။ တဖြည်းဖြည်းအသံများ တိုးတိုးလာ၏။ ထို့နောက် ဝေး၍ဝေး၍ သွားသည်။ ပြီးနောက် နား နားတွင် ကပ်အော်သကဲ့သို့ ကျယ်လောင်ကွဲရှလာပြန်၏။ ပီပြင်ရှင်းလင်းစွာ ကြားရစေရန် သူ သေချာနားထောင်အာရုံစွင့်နေမိသည်။

(ငိုသံများ၊ ငိုသံများ… ငိုသံများ။ အဆုံးအစ မရှိသော ငိုသံများ)

(ငိုသံများ၊ တဖျစ်ဖျစ်လောင်နေသော မီးတောက်ကြမ်းကြမ်းတို့၏အသံများ၊ အော်ဟစ်အမိန့်ပေးသံများ၊ တောင်းပန်ရှိုက်ကြီးသံများ၊ မျှော်လင့်ချက်ယဲ့ယဲ့ဖြင့် တောင်းဆိုသံများ၊ ငိုညည်းသံများ)

(ဆာလောင်မွတ်သိပ်သံများ၊ ခြိမ်းခြောက်ကြိမ်းမောင်းသံများ၊ ကတိစကားသံများ၊ သက်ပြင်းချသံများ)

စာရွက်ပေါ်တွင် ပြည့်ကျပ်နေသော နေရာများပေါ်မှ ထပ်ရေးလိုက်သည်။ ဟုတ်သည်။ သူ ပီပီသသကြားလိုက်ရသည်က ငိုသံများ ဖြစ်သည်။ ငိုသံများသည် ရောထွေးပြွတ်သိပ်နေ၏။ ငိုသံ

သူ ခြစ်ကုတ်၍
အော်ဟစ်
လိုက်မိသည်
သူ့ပတ်ဝန်းကျင်ကို
သူ
ကြောက်လန့်
တကြား
ကြည့်မိသည်
အမှောင်များက
ထုထည်ကြီးစွာ
ညကို
အုပ်မိုး
ဝိုင်စီးထားဆဲ
နားစည်ထဲတွင်
ပူလင်း
ပြင်းထန်သော
အသံလှိုင်းများ
တောင်းဆို
ဆာလောင်သံ
များက
ဆက်တိုက်

များကို ဖုံးလွှမ်းသွားသော ပြင်းထန်စွာပေါက်ကွဲနေသည့် အသံနက်များကို ထပ်မံကြားရပြန်သည်။ သူ အလန့်တကြား အော်မိပြန်သည်။

'အား…'

(ပေါက်ကွဲလွင့်စဉ်သံများ၊ ပစ်ခတ်နေသောလက်နက်ပေါင်းများစွာ၏ အသံများ၊ ငိုသံများ၊ တောင်းဆိုကြေကွဲနေကြသော အသံများ၊ ကျယ်လောင်စူးရှသော သေနတ်သံများ)

သူ့နားရွက်များ ထူပူလာလေပြီ။ သူ့နားရွက်သူ ဖြတ်ချင်စိတ်ပေါက်လုပင် ကျယ်လောင်သောအသံများကို သူ သည်းခံနိုင်စွမ်းမရှိတော့ပါ။ ဇော့ဝိုက်ပျံ့လွင့်လာသော အသံတို့သည် ပို၍ပို၍ပင် စူးနက်လှိုင်းထလာ၏။ သူ့လည်ချောင်းသည်လည်း ချစ်တောက်ပူနွေးနေလေပြီ။ အနီးရှိ အဝတ်စတစ်ခုကို ဆွဲယူ၍ နားရွက်ထဲသို့ အတင်းထိုးသိပ်နေမိသည်။ ထို့နောက် အသံတို့သည် တဖြည်းဖြည်း တိုးဖျော့၍ သွားပြန်သည်။ သူ မျက်လုံးများကို အားနှင့်အင်နှင့် မှိတ်၍ထားသည်။ မကြာမီပင် တစ်ချက်တစ်ချက် ညည်းညူကာ သူ အိပ်ပျော်သွားတော့သည်။

❑

'ရှင် အဆင်ပြေရဲ့လား။ ညက အိပ်ပျော်သေးလား'

မနက်ခင်းတွင် ကော်ဖီသောက်ရင်း သူ့မိန်းမက အေးစက်စက်မေးသည်။ သူ မပြုံးမရယ်၊ တွေဝေပျော့အိသော အကြည့်တစ်ခုနှင့် ဖျတ်ခနဲကြည့်ရင်းသာ သူ့မိန်းမမေးခွန်းကို ခေါင်းညိတ်ဖြေလိုက်သည်။ ကော်ဖီသောက်ရင်း သူ တစ်စုံတစ်ခုကို လှစ်ခနဲ သတိရလာသည်။ ရုတ်တရက် ဝုန်းခနဲထကာ သူ့အိပ်ခန်းအတွင်းသို့ ပြေးဝင်သွားသည်။ သူ့မိန်းမကတော့ နားမလည်ဟန်၊ ပူပန်ဟန်ဖြင့် ကျန်ခဲ့သည်။

သူ့အိပ်ခန်းအတွင်းသို့ ရောက်သော် ရှုပ်ပွနေသည့် စားပွဲပေါ်တွင် သူ တစ်စုံတစ်ခုကို အပြင်းအထန်ရှာသည်။ ဒေါက်ခနဲ ကြမ်းပြင်ပေါ်သို့ ဘောပင်တစ်ချောင်း ပြုတ်ကျသွား၏။ တွေ့ပြီ။ သူ ဝမ်းသာအားရဖြင့် အားပါးတရ ရယ်မောလိုက်သည်။ စာရွက်။ ညတုန်းက သူ ရေးခဲ့သည့်စာရွက်။ နောက် သူ အထိတ်ထိတ် အပျာပျာဖြစ်လာဟန်ဖြစ်၍ အရယ်ရပ်မိသည်။ သူ သွေးဆုတ်ဖြူရော်သောအကြည့်၊ ဝေခွဲမရသော အကြည့်ဖြင့် စာရွက်ပေါ်ကို ပြူးကျယ်စွာ ကြောင်ငေးကြည့်နေမိသည်။

'အသံတွေ၊ အသံ… တွေ၊ ဘယ်ပျောက်ကုန်လဲ။ ငါ့အသံတွေ၊ ငါတို့အသံတွေ'

ထူးဆန်းစွာပင် သူ ရေးသမျှအသံ တစ်ခုမျှမရှိတော့။ စာရွက်က အဖြူထည်သက်သက်။ သူ အထိတ်တလန့်ဖြစ်လာ၏။ အသံများ၊ မွတ်သိပ်နေသောအသံများ၊ ဆူညံနေသောအသံများ ဘယ်ပျောက်ကုန်သလဲ။ သူ့စိတ်တွင်းမေးခွန်းပေါင်းများစွာ သိုင်းခြုံလာ၏။ ထို့နောက် 'အား…'ဟု ကျယ်လောင်ပြင်းပြစွာ အော်ဟစ်လိုက်ပြန်သည်။ သူ ကြားနေရပြန်လေပြီ။ သူ့နားရွက်သည် ဒုက္ခပေးလာပြန်ပြီ။ အသံများစွာ တိုးကာကျယ်ကာ ကြားရပြန်သည်။ အေးစက်စက်လက်တစ်စုံ သူ့ပခုံးကို သိုင်းဖက်လိုက်သောကြောင့် သူ အလန့်တကြား ကြည့်မိသည်။

'ရှင် ဆေးခန်းသွားဖို့ လိုပြီ ထင်တယ်။ ရော့ အိပ်ဆေးသောက်လိုက်။ ဒီနေ့ အလုပ်မသွားနဲ့တော့။ ပြန်အိပ်လိုက်တော့'

ဟု ကြင်ကြင်နာနာ ညင်သာစွာ ပြောဆိုသည့်သူ့မိန်းမ။ ကမ်းပေးလာသည့် ဆေးကို ပါးစပ်ထဲပစ်ထည့်ကာ အလျင်အမြန်ပင် သောက်ချလိုက်သည်။ သိပ်မကြာမီပင် သူ



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးတွေ စင်းလာကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွား၏။ အိပ်မက်ထဲတွင်တော့ ကြားနေကျအသံပေါင်းစွာကို သူ ကြားနေဆဲ။

❑

သူ အိပ်ရာနိုးတော့ ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေ၏။ နာရီက ညဆယ်နာရီထိုးလုထိုးခင်။ သူ နာရီပေါင်းများစွာ အိပ်ပျော်သွားပါကော။ ပြတင်းပေါက်မှ ပတ်ဝန်းကျင်ကိုကြည့်မိတော့ ညစစ်စစ်အတိုင်း မည်းပြာအုံ့မှိုင်းနေ၏။ သူ့အသိဉာဏ်က ကြားနေကျအသံများကို ရုတ်တရက် သတိရသွား၏။ တစ်ပြိုင်နက်ပင် အသံပေါင်းများစွာ ဝုန်းဒိုင်းကြဲဝင်လာကြ၏။

'စာ...ရွက်...၊စာ...ရွက်...။ ဘောပင်... ဘော...ပင်...ဘောပင်'

သူ သွေးရူးသွေးတန်း ညည်းတွားရင်း စာရေးစားပွဲသို့ မောဟိုက်နွမ်းလျစွာ ပြေးလွှားသွားသည်။ ထို့နောက် နားထဲတွင် အူခဲပိတ်ဆို့နေသောအသံများကို သုတ်သီးသုတ်ပျာ ချရေးနေမိတော့သည်။

(မွတ်သိပ်မှုအသံများ၊ ငိုသံများ၊ အိပ်မက်နတ်ဆိုးများ၏ ပွရောင်းရောင်း ရယ်သံများ၊ ကလေးငယ်တစ်ဦး နို့တိုက်ကျွေးရန် တောင်းနေသံများ၊ တောင်းပန်ရှိုကြီးသံများ၊ ခက်ထန်မာကျောနေသောအသံများ၊ မီးတောက်များ တဖျစ်ဖျစ်လောင်ကျွမ်းနေသော အသံများ၊ ပူလင်းပြင်းရှနေသော ပေါက်ကွဲသံများ၊ ကတိစကားသံများ၊ အူလှိုက်သည်းလှိုက်ရယ်မောသံများ၊ ရှိုက်ကြီးတငင်ငိုကြွေးသံများ၊ မျက်ရည်စက်တို့၏ နာကျင်ကွဲအက်သံများ)အသံများ။ မဆုံးနိုင်သော အသံများကို သူ တရကြမ်းချရေးနေမိသည်။ တဖြည်းဖြည်း သူ့စိတ်သည် လွင့်မျောပေါ့ပါးလာ၏။ သူ့မျက်လုံးများသည် တဖြည်းဖြည်းစင်းစင်းလာ၏။ ဒီညတော့ သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တော့မည်ထင်သည်ဟု သူ အားတင်းတွေးနေမိသည်။ ရုတ်တရက် ဝုန်းခနဲ၊ ဒိုင်းခနဲ အသံများက ထပ်မံဆောင့်ဝင်လာသောအခါ စင်းနေသော သူ့မျက်လုံးများ ပြူးကျယ်လန့်ထိတ်လာပြန်သည်။ နှလုံးခုန်သံများ တဖြည်းဖြည်း မြန်မြန်လာ၏။ တဖြည်းဖြည်း မောမောလာသည်။ အသံများက ပို၍ပို၍ ကျယ်လောင်လာသည်။

'အား...'

သူ ခြစ်ကုတ်၍ အော်ဟစ်လိုက်မိသည်။ သူ့ပတ်ဝန်းကျင်ကို သူ ကြောက်လန့်တကြား ကြည့်မိသည်၊ အမှောင်များက ထုထည်ကြီးစွာ ညကို အုပ်မိုးပိုင်စီးထားဆဲ။ နားစည်ထဲတွင် ပူလင်းပြင်းထန်သော အသံလှိုင်းများ၊ တောင်းဆိုဆာလောင်သံများက ဆက်တိုက်။ သူ့စိတ်များသည် စိမ်းစိုသောမြက်ခင်းများ၊ ကြည်လင်သောစမ်းချောင်းလေးများ တဖိတ်ဖိတ်လှဲနေသောကြယ်များကြား ရောက်ရှိချင်နေပါသည်။ နှစ်ခြိုက်စွာ အိပ်ပျော်ရန် ကြိုးစားနေမိပါသည်။ သို့သော် အသံလှိုင်းများစွာကို ကူကယ်ရာမဲ့စွာ ကြားနေဆဲ။ သူ မျှော်လင့်တောင့်တနေသော မြက်ခင်းစိမ်းများ စမ်းချောင်းနုနုလေးများသည် သူနှင့်ဝေး၍ ဝေး၍ မှုန်ဝါးမှိန်ဖျော့နေဆဲသာ။ ■

**မောင်ရေချမ်း**


ဘာသာစကား သင်တန်း

**English Language Classes**

**U San Lin Tun**

B.E (Metallurgy),Y.I.T
M.A(Thesis),ITBMU

**Basic English Conversation**
**Vocabulary Enrichment Course (Basic)**
**Phonetics**
**Basic Writing Course (Academics)**
**Advanced English/Creative Writing Course**

**Chinese Language Classes**

**Daw Moe Moe Lwin**

B.A (History)
Dip in Chinese ( Y.U.F.L )

နိုင်ငံခြားသွားမည့်သူများအတွက် စကားပြော (၂) လနှင့် ပုံမှန် (ရေး၊ ဖတ်၊ ပြော ) တန်းခွဲသစ်ရှိသည်။
ကျောင်းသူ၊ ကျောင်းသား၊ ရုံးဝန်ထမ်းများအတွက် တရုတ်စာ **4 skills** တတ်မြောက်စေရန် သင်ကြားပေးသည်။

သင်တန်းတည်နေရာ

၃၃၇ (စတုတ္ထထပ်)၊ မဟာဗန္ဓုလလမ်း၊ (လမ်း- ၄၀ထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
✆ 01 245211, 01 251850, 09 49329071, 09 250280028




www.burmeseclassic.com

www.burmeseclassic.com



၂၀၁၄ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့မှာ ကျွန်တော့်ဖခင် ဦးကျားဘညိမ်းကွယ်လွန်ခဲ့တာ ၃၅ နှစ်ပြည့်မှာ ဖြစ်ပါတယ်။ အဖေကွယ်လွန်ခြင်း ၃၅ နှစ်ပြည့်နဲ့ တိုက်ဆိုင်စွာ ရေးသားပေးပို့လာတဲ့ ဆရာ ဖိုးသံ(လူထု)ကို လှိုက်လှဲစွာ ကျေးဇူးတင်ပါတယ်။


■

ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com




# ဦးလေးကျားဘညိမ်း

## မိုးမိုး(အင်းလျား)

တစ်ခါက အမေ ရေးဖူးပါတယ်။ ရွှေမန်းတင်မောင်စာအုပ်အမှာစာမှာလား၊ ဘယ်မှာလဲ မမှတ်မိပါ။ အဲဒါက ဦးလေး ကျားဘညိမ်းက အမေ့ကို သူ့(ဦးလေးကျားဘညိမ်း)အကြောင်း အတင်းရေးခိုင်းတယ်ဆိုတဲ့အကြောင်းပါ။ အမေက 'ကိုဘညိမ်းနှယ် လူကြီးငုတ်တုတ်ရှိနေလျက်နဲ့ အရေးခိုင်းတာ ကျွန်မက ဘယ်လိုရေးရမှာလဲ' ဆိုတဲ့ သဘောမျိုး ရေးပြပါတယ်။ ဟုတ်ပါတယ်၊ အမေ့ရဲ့ **ပြည်သူချစ်သော အနုပညာသည်** စာအုပ်က အရမ်းအောင်မြင်သွားတော့ ဦးလေးကျားဘညိမ်းက အမေ့ကို လူရင်းပီပီ အတင်းလာ အပူကပ်တာ ဖြစ်ပါတယ်။ ပြန်ပြောရရင် အဲဒီတုန်းက ကျွန်တော်တို့ လူထုသတင်းစာ ထွက်နေတုန်းဖြစ်ပြီး ကျွန်တော်လည်း အမေ့အနားမှာ ရှိနေပါတယ်။ ဦးလေးကျားဘညိမ်းက 'မမမာ လုပ်ပါဗျ၊ ရေးပါဗျ' လို့ မောင်တစ်ယောက်က အစ်မတစ်ယောက်ကို ပူဆာသလိုပြောတာ ပြန်တောင်ကြားယောင်မိပါတယ်။ ဒါ့အပြင် သူက သူ့ဓာတ်ပုံအယ်လ်ဘမ်ကြီး နှစ်အုပ်၊ သုံးအုပ်လည်း ယူလာပါတယ်။ အဲဒီအထဲက တစ်အုပ်က အဖုံးမှာ ကျားရုပ်ကြီးတွေနဲ့ အင်မတန် လှပါတယ်။ သူ နိုင်ငံခြားက (ရောမက ထင်ပါတယ်) ဝယ်လာတဲ့၊ ပြည်တွင်းမှာ ဝယ်မရတဲ့ မြန်မာနိုင်ငံမှာ အဲဒီခေတ်က ရှားရှားပါးပါး အယ်လ်ဘမ်ကြီးမျိုးဖြစ်ပါတယ်။ အထဲမှာ သူ့ဓာတ်ပုံတွေချည်းပါ။ ရာခိုင်နှုန်း ၉၀ လောက်ဟာ သူ့လက်ရှေ့ သက်တမ်းထဲက သမိုင်းဝင်ပုံတွေဖြစ်ပါတယ်။ ကျွန်တော် တွေ့ဖူးတာတွေလည်းပါ၊



www.burmeseclassic.com

www.burmeseclassic.com

မတွေ့ဖူးတာတွေလည်း ပါပါတယ်။

အဲဒါ ဦးလေးကျားဘညိမ်းနဲ့ ကျွန်တော့်အမေအကြောင်းပါ။ တစ်လောကတော့ အင်တာနက်ပေါ်မှာ ဦးလေးကျားဘညိမ်းရဲ့သားတစ်ယောက်နဲ့ဆက်သွယ်မိတော့ ကျွန်တော်က သူ့အဖေဦးလေးကျားဘညိမ်းဟာ ကျွန်တော့်ရဲ့ငယ်ငယ်က ဟီးရိုးဖြစ်တဲ့အကြောင်း စကားစပ်မိသွားပါတယ်။ အဲဒီအခါမှာ သူက ကျွန်တော့်ကို သူ့အဖေအကြောင်း ရေးပါလို့ တိုက်တွန်းပါတယ်။ အင်တာနက်ပေါ်မှာမို့ ကျွန်တော် ပြုံးမိတာကို သူ မြင်မှာ မဟုတ်ပါဘူး။ ကျွန်တော်က ကြိုးစားကြည့်ပါမယ်လို့သာ မတင်မကျ ပြန်ပြောလိုက်တယ် ထင်ပါတယ်။ ကျွန်တော့်မိဘတွေသာရှိနေရင် ဘယ်လိုပြောမလဲ။ ကျွန်တော့်အဖေနဲ့အမေတို့ တပြုံးပြုံးပြောနေကြမှာ မြင်ယောင်မိပါတယ်။ ဘာကြောင့်လဲဆိုတော့ နံပါတ်တစ် - ဦးလေးကျားဘညိမ်းဟာ ကျွန်တော်တို့အိမ်သားတစ်ယောက်လိုဖြစ်နေလို့ပါ။

ကျောင်းစာမဟုတ်တဲ့အထဲက ကျွန်တော့်ဘဝမှာ အစောဆုံး၊ အများဆုံးဖတ်တဲ့စာတွေဟာ ဆရာကြီးရွှေဒေါင်း၊ ဆရာကြီး ဒဂုန်ရွှေမျှားနဲ့ ဦးလေး ကျားဘညိမ်းတို့ရဲ့စာတွေ ဖြစ်ပါတယ်။ ဦးလေး ကျားဘညိမ်းဟာ အဲဒီတုန်းက လူထုဂျာနယ်ရဲ့ပင်တိုင်အားကစား (လက်ဝှေ့)ဆောင်းပါးရှင် ဖြစ်ပါတယ်။ သူရေးတဲ့အထဲက ‘ကျွန်တော် ညံ့သလား’ဆိုတဲ့ ဆောင်းပါးမျိုးဆိုရင် အခုတောင် ပြန်မှတ်မိနေပါသေးတယ်။

ဦးလေးကျားဘညိမ်းရဲ့ အစ်ကို ဦးဘသိန်း(စာရေးဆရာချစ်ညို)ဟာ လူထုသတင်းစာထောင်ခါစကတည်းက အယ်ဒီတာအဖွဲ့ဝင်ပါ။ ဒါကြောင့် ဦးလေးကျားဘညိမ်းနဲ့ လူထုတိုက်ဟာ ခွဲမရအောင် ရင်းနှီးခဲ့ပါတယ်။ ကွမ်းတမြုံ့မြုံ့၊ အပြုံးတဝေဝေနဲ့ အာဝဇ္ဇန်းရွှင်လှတဲ့ ဦးလေး ကျားဘညိမ်းမို့ ဝင်လာပြီဆိုရင် လူထုတိုက်ထဲရှိ စားပွဲတိုင်းက သူ့ကို ကြိုဆိုကြပါတယ်။ သူ့

> ပြည်တွင်းပြည်ပ
> လက်ဝှေ့ပွဲတွေမှာ
> ရရှိခဲ့တဲ့
> သူ့ရဲ့အောင်မြင်မှုတွေ
> အပြင်
> မန္တလေးတောင်ဘက်
> အမရပူရမြို့နယ်
> အတွင်းက
> ဘုံးအိုးရွာကြီးမှာ
> မျက်နှာဖြူ
> လက်ဝှေ့သမားအပေါ်
> အနိုင်ယူလိုက်တာစတဲ့
> ပုံပြင်သဖွယ်
> သူ့ဇာတ်လမ်းတွေဟာ
> သူ့ကျွန်ဖြစ်နေရတဲ့
> မြန်မာနိုင်ငံသားတွေကို
> အားတက် အာသာ
> ပြေစေတာ အမှန်ပါပဲ

အပြော၊ သူ့ဟာသတွေဟာ ဖြူစင်အပြစ်ကင်းပြီး ဝိုင်းတိုင်းပွဲကျစေတဲ့ သူ့အတွေ့အကြုံတွေပါ။ အဲတော့ သူက တစ်ဝိုင်းပြီးတစ်ဝိုင်းကူးပြီး တပြုံးပြုံးနဲ့ပြောပြပါတယ်။ ကျွန်တော့်မိဘများရဲ့ စားပွဲတွေ အပါအဝင်ပါ။ သဘာဝကျစွာပဲ သူ့ဟာသကို ရယ်ကြတယ်ဆိုရင် သူလည်း ပျော်တာပေါ့။ ဒါကြောင့်လည်း သူ့မိတ်ဆွေတွေဟာ မကြာခဏပဲ ‘ကိုဘညိမ်းလေမိနေလို့ နောက်ကျသွားတယ်’ဆိုတဲ့အဖြစ်နဲ့ ကြုံကြရပါတယ်။

သူ့ကို စကားဝိုင်းတွေက ကြိုဆိုကြတဲ့အကြောင်းရင်းတွေထဲမှာ တစ်ခုကတော့ စကားပြောလည်းကောင်း (ဒါကြောင့် စာရေးလည်းကောင်း)၊ အတွေ့အကြုံတွေလည်း ကြွယ်ဝပါတယ်။ နောက်ပြီး သူ့ကို ငယ်ကတည်းက ကျွန်တော် သတိထားမိ၊ သဘောကျမိတဲ့အချက်တစ်ချက်က စာဖတ်တာပါ။ အားကစားသမားတော်တော်များများဟာ စာဖတ်ဝါသနာ မပါလှပါဘူး။ ဒါပေမဲ့

သူကဖတ်တယ်၊ ဖတ်တာမှ ဗမာစာအုပ်ရော၊ အင်္ဂလိပ်စာအုပ်ရောကို ဖတ်ပါတယ်။ သူလာရင် သူ့လက်ထဲမှာ အမေရိကန်ကထုတ်တဲ့ ကြိုးဝိုင်းမဂ္ဂဇင်း(**The Ring magazine**) နှစ်အုပ်၊ သုံးအုပ်အမြဲလိုလို ပါလာပါတယ်။ ကျွန်တော်တို့က သူ့ဆီကတောင်းပြီး အရုပ်ကြည့်ကြပါတယ်။ ခတ်ပုံစာလောက်တော့ဖတ်တတ်ပါတယ်။ အင်တာနက်ခေတ်နဲ့အများကြီးလှမ်းသေးတဲ့ အဲဒီခေတ်မှာ ဦးလေး ကျားဘညိမ်းဟာ အားကစားအထူးသဖြင့် လက်ဝှေ့သတင်းအပြည့်အစုံဆုံး သိရှိနေတဲ့လူတစ်ယောက်ဆိုရင် မမှားပါဘူး။ သူ အဲဒီလိုစာတွေဖတ်လို့လည်း သူက လက်ဝှေ့ပွဲတစ်ပွဲအကြောင်းရေးတယ်ဆိုရင် သူ့သုံးသပ်ပြပုံတွေဟာ နည်းစနစ်အရရော၊ သတင်းပေးပို့တဲ့နည်းနာအရရော အဆင့်မြင့်လှပါတယ်။

ကျွန်တော့်ကိုတွေ့ရင်တော့ သူက တစ်မျိုးပါ။ သူက ‘ဖိုးသံချောင်း ထိုးစမ်းကွာ’ဆိုပြီး သူ့ခါးကိုကိုင်း၊ သူ့မျက်နှာကို ရှေ့ထိုးပေးပြီး သူ့ကိုထိအောင်ထိုးခိုင်းပါတယ်။ ကျွန်တော်ကလည်း သူ သင်ပေးထားတဲ့အတိုင်း ခြေခင်းလက်ထားကို ပုံစံကျကျ ဘယ်လက်ညာခြေရှေ့ထုတ်ပြီး သူ့ကိုလိုက်ထိုးပါတယ်။ သူက တပြုံးပြုံးနဲ့ ရှောင်တိမ်းပြီး အဆုံးမှာ ‘မင်း ငါ့ဆောင်းပါးဖတ်ပြီးပြီလား’ဆိုတဲ့ စကားမျိုးနဲ့ တူဝရီးနှစ်ယောက်ရဲ့လက်ဝှေ့ပွဲဟာ ပြီးဆုံးသွားတတ်ပါတယ်။

လက်ဝှေ့အကြောင်းပြောမယ်ဆိုရင် အဲဒီခေတ်က မြန်မာနိုင်ငံသားတွေရဲ့အမျိုးသားရေးလှုပ်ရှားမှုနဲ့ ဆက်နေတယ်လို့ပြောရမှာပါ။ အပြောက ကြီးကျယ်လှချေကလားလို့ ဆိုလာရင်လည်း ဒါအမှန်ပဲဗျလို့ အစချီပြီး ရှင်းပြရမယ် ထင်ပါတယ်။ သိမီသူများ မှတ်မိကြမလားမသိပါဘူး။ မြန်မာနိုင်ငံ လွတ်လပ်ရေးရခါနီးနဲ့ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးခါစ ကာလတွေတုန်းက မြန်မာနိုင်ငံမှာခေတ်အစားဆုံး အားကစားနည်း၊ နိုင်ငံတကာပြိုင်ပွဲတွေမှာ မြန်မာနိုင်ငံသား



www.burmeseclassic.com

www.burmeseclassic.com

အအောင်မြင်ဆုံး အားကစားနည်း ဟာ လက်ဝှေ့နဲ့အလေးမတို့ ဖြစ်ပါတယ်။ ပစ်ကိုလွှတ်တယ်ဆိုရင် ဒီနှစ်မျိုးက အားကစားသမားတွေ အများဆုံးဖြစ်ပါ တယ်။ ဒါဟာ အကြောင်းမဲ့ တိုက်ဆိုင်မှု မဟုတ်ပါဘူး။

မြန်မာနိုင်ငံသားတွေဟာ သူ့ကျွန် ဖြစ်ရတော့မှ အနောက်တိုင်းက အား ကစားတွေကိုထိတွေ့၊ မြင်ဖူးရတာပါ။ ဒီတော့ ဓမ္မတာပဲ ဒီအားကစားနည်းတွေ မှာ အဖြူတွေ၊ အနောက်တိုင်းသားတွေနဲ့ ယှဉ်ပြိုင်တယ်ဆိုတိုင်း ကိုယ်ချည်းရှုံး၊ သူတို့ချည်းနိုင်ဆိုသလို ဖြစ်နေခဲ့ပါတယ်။ သာမန်လူတစ်ယောက်အနေနဲ့ စဉ်းစား လိုက်ရင် အဲဒီတုန်းက မြန်မာနိုင်ငံသား တွေအနေနဲ့ ကိုလိုနီလာပြုသူတွေကို သူတို့သယ်ဆောင်လာတဲ့ အားကစားမှာ နိုင်ရတာလောက် အရသာရှိတာ မရှိဘူး လို့ မြင်မှာပါပဲ။ အထူးသဖြင့် လက်ဝှေ့ ဆိုဟာပါ။ ကိုယ်ထိလက်ရောက် ပြန် ဆုံးမ၊ လက်စားချေရတယ်လို့ အဓိပ္ပာယ် ရောက်တယ် မဟုတ်ပါလား။ အဲဒီလို ဖြစ်လာအောင် မန္တလေးက အမျိုးသား ကျောင်းမှာ ဆရာကြီး ဦးရာဇာတ်က ကျောင်းသားတွေကို မွေးမြူလေ့ကျင့် ပေးခဲ့ပါတယ်။ ဦးလေး ကျားဘညိမ်း ဟာ အဲဒီအထဲက အအောင်မြင်ဆုံးတစ် ယောက် ဖြစ်ပါတယ်။ ပြည်တွင်းပြည်ပ လက်ဝှေ့ပွဲတွေမှာ ရရှိခဲ့တဲ့ သူ့ရဲ့အောင် မြင်မှုတွေအပြင် မန္တလေးတောင်ဘက် အမရပူရမြို့နယ်အတွင်းက ဘုံးအိုးရွာ ကြီးမှာ မျက်နှာဖြူလက်ဝှေ့သမားအပေါ် အနိုင်ယူလိုက်တာစတဲ့ ပုံပြင်သဖွယ် သူ့ ဇာတ်လမ်းတွေဟာ သူ့ကျွန်ဖြစ်နေရတဲ့ မြန်မာနိုင်ငံသားတွေကို အားတက်အာ သာပြေစေတာ အမှန်ပါပဲ။

နောက်ပြီး ဒေသစွဲဆန့်ဆန့် စွဲလမ်း သူတွေ မပြောမဖြစ်တဲ့ ကိစ္စလေးတစ်ခု လည်းရှိပါသေးတယ်။ အဲဒါကတော့ လက်ဝှေ့လောကမှာ မန္တလေးသားတွေ လက်မထောင်နိုင်အောင် သူစွမ်းဆောင် ခဲ့တာတွေပါ။ ဟိုတစ်ခေတ်က တချို့ မန္တလေးသားတွေရဲ့ စိတ်ထဲမှာ ရန်ကုန် နဲ့ ပခုံးချင်းပြိုင်ချင်တဲ့စိတ်ဓာတ်လေး တွေရှိတယ်လို့ ထင်ပါတယ်။ မန္တလေး က မင်းနေပြည်ဖြစ်ခဲ့ဖူးတော့ ရွှေထီး ဆောင်းခဲ့တဲ့နေ့ရက်တွေကို ပြန်သတိရ ကြတာဟာ မဆန်းဘူးလို့လည်း ပြော နိုင်ပါတယ်။ အဲဒီလိုကာလမှာ ကျား ဘညိမ်းနဲ့ သူ့ခေတ်ပြိုင်တွေ၊ သူမွေး ထုတ်ခဲ့တဲ့ ရွှေကျားလက်ဝှေ့အသင်းက လက်ဝှေ့ကျော်တွေဟာ ရန်ကုန်က လက် ဝှေ့ကျော်တွေကို ယှဉ်နိုင်ရုံသာမက အနိုင် ထိုးသတ်နိုင်ခဲ့တာတွေ ရှိတဲ့အတွက် မန္တလေးရဲ့ဂုဏ်ဆောင်တဲ့လူတွေလို့လည်း မန္တလေးသားတွေက ပြောစမှတ်ပြုကြ ပါတယ်။ အခုထက်ထိ ကျွန်တော့် မျက်စိထဲမှာ သူ့တပည့်တွေအကြောင်း သူရေးတဲ့ဆောင်းပါးတွေနဲ့ သူ့တပည့် တွေဖြစ်တဲ့ ရွှေကျားအဖွဲ့ ရဲချစ်၊ ရဲဆွေ၊ ရဲတင့်(နာမည်တွေ ရှေ့မှာ 'ကို'၊ 'ဦး' မတပ်တာ နားလည်ပေးပါ) စသူတွေ ထိုးသတ်ပုံတွေကို မြင်ယောင်နေပါ တယ်။ သူကိုယ်တိုင် ပြိုင်ပွဲတွေ ထိုးနေ တုန်းကတော့ ကျွန်တော့်အသက်က သိပ်ငယ်သေးလို့ မကြည့်ဖူးခဲ့ပါဘူး။

ဦးလေးကျားဘညိမ်းနဲ့ ပတ်သက် လို့ တခြားသူတွေပြောတာ မဖတ်ဖူး သေးပေမဲ့ ကျွန်တော့်စိတ်ထဲမှာ စွဲစွဲမြဲမြဲ ယုံကြည်နေတဲ့အချက်တစ်ချက်ကိုလည်း အခုကြုံတုန်းမှာ ရေးလိုက်ချင်ပါတယ်။ အဲဒါကတော့ မြန်မာ့ရိုးရာလက်ဝှေ့ကို တောကြိုအုံကြားကနေ မြို့ကြီးပြကြီး တွေက စင်ပေါ်ကိုရောက်အောင် တင် ပေးခဲ့တာပါပဲ။ တကယ်တော့ အဲဒီအခါ တုန်းက ဗမာ့ရိုးရာလက်ဝှေ့ဟာ ပြည်မ မှာ ပျောက်ကွယ်လုနီးပါးလောက် ဖြစ် နေပါပြီ။ ဘုရားပွဲလေး ဘာလေးရှိမှ ကြိုးကြားကြိုးကြား တွေ့ရတာပါ။ တကယ်တမ်းကျန်ရှိနေတာက ကရင် ပြည်နယ်နဲ့ တနင်္သာရီတိုင်း (အခုမွန်ပြည် နယ်)တစ်ဝိုက်မှာပဲ ဖြစ်ပါတယ်။ မြို့နေ ပညာတတ်တော်တော်များများက တော သားတွေ ထိုးသတ်တဲ့ခပ်ရိုင်းရိုင်းလက် ဝှေ့ထင်နေကြတဲ့ အဲဒီရိုးရာလက်ဝှေ့ကို လူ့ရိုသေရှင်ရိုသေ ရိုးရာကိုယ်ခံပညာ ရပ်တစ်ခုအဖြစ်သာမက တစ်နိုင်ငံလုံး စိတ်ဝင်စား အလေးထားလာအောင် လုပ်ခဲ့တာဟာ ကျားဘညိမ်းပဲလို့ ဆိုချင် ပါတယ်။ တခြားပုဂ္ဂိုလ်တွေ ကူညီဝိုင်း ဝန်းကြတာတွေ မရှိဘူးမဟုတ်၊ ရှိပါ တယ်။ ဒါပေမဲ့ အဓိကနဲ့ အများဆုံး လှုပ်ရှားခဲ့တာကတော့ ဦးလေး ကျား ဘညိမ်းပါပဲလို့ ကျွန်တော် အခိုင်အမာဆို ချင်ပါတယ်။

အဲဒီတုန်းက သူဟာ ကျန်းမာရေး နဲ့အားကစားဌာနမှာ အလုပ်လုပ်နေတာ ပါ။ လခ အင်မတန်နည်းပါတယ်။ ဒီ ခေတ်လို ဘောပေါက်လည်း မရှိပါ။ သူက ဘောပေါက်ရှာတဲ့လူစားမျိုး လည်း လုံးဝမဟုတ်ပါ။ လက်ဝှေ့ပညာ (နိုင်ငံတကာရော၊ ရိုးရာကိုပါ)ကို ကိုယ် ခံပညာရပ်အနေနဲ့ လေးလေးစားစား၊ မြတ်မြတ်နိုးနိုး တန်ဖိုးထားတာပါ။ သူ့ ဘဝမှာ လက်ဝှေ့ကလွဲပြီး ဘာမှ မရှိဘူး လို့တောင် ဆိုနိုင်မယ်ထင်ပါတယ်။ အဲဒီ လိုကြားထဲက သူဟာ သူများတွေ အငြို ငြင်ခံ၊ အထင်သေးခံပြီး ကိုယ့်စရိတ် ကိုယ်စိုက်လို့ တောတွေတောင်တွေဖြတ်၊ နယ်စပ်တွေအထိသွားပြီး ဗမာ့ရိုးရာ လက်ဝှေ့ကို သစ်ပင်အောက်ကနေ စင် ပေါ်ရောက်အောင်လုပ်ခဲ့တာ ဖြစ်ပါ တယ်။ နိုင်ငံတကာ လက်ဝှေ့လောကမှာ ကပ်စီးယပ်စ်ကလေးနဲ့ ဂျိုးဖရေဇီယာတို့ ပွဲကို တစ်ကမ္ဘာလုံးက လူတွေ အများ ကြီး ကြိုတင်ပြီး လည်တဆန့်ဆန့် မျှော် လင့်ခဲ့သလို တိုးလုံနဲ့ ဗိုလ်ကျော်တို့ရဲ့ လက်ဝှေ့ပွဲကိုလည်း မြန်မာတစ်နိုင်ငံလုံး က လည်တဆန့်ဆန့် စိတ်ဝင်စားအောင် လုပ်ခဲ့သူဟာ ဦးလေး ကျားဘညိမ်းပါ။

သူ့အဖို့ လက်ဝှေ့ဟာ ဝါသနာ၊ ကိုယ်လက်လှုပ်ရှားမှုသာ မဟုတ်ပါ ဘူး ယုံကြည်မှုတစ်ခုပါ။ အဲဒီယုံကြည် မှုအတွက် သူဟာ အစွမ်းကုန် ကြိုးစား အားထုတ်ခဲ့ပါတယ်။ နောင်းလူတွေ ရေ ကြည်သောက်ကြရပါတယ်။

သူလည်း သူ့တာဝန်ကို ကျေသွား တဲ့လူလို့သာ ကျွန်တော်တော့ ပြောချင် ပါတယ်။

■ ဖိုးသံ၊လူထု၊



www.burmeseclassic.com

www.burmeseclassic.com



လှလှခင်တို့ နေတဲ့ရွာဟာ
အ္ဘနုနုဒီမြစ်ညာပိုင်းက
ရွာတစ်ရွာရယ်ပါ။
ရွာတည်နေပုံက
မြစ်ကမ်းနံဘေးမှာ
တောင်မြောက်သွယ်တန်း
လဲလျောင်းလျက်ရှိနေတယ်။
သူတို့ရွာအပါအဝင်
အခြားရွာတွေကလည်း
ဥယျာဉ်ခြံမြေစိုက်ကြ၊
လယ်ယာလုပ်ကြ၊
ကိုင်းထွန်ကြနဲ့ပေါ့။
လယ်ယာဆိုပေမဲ့
လယ်က နည်းနည်းပဲ
ရှိတယ်။ လယ်မရှိရင်
ယာလုပ်ကြတယ်။
ဆောင်းသီးနှံကိုတော့
အ္ဘနုနုဒီမြစ်ကောမှာ
သယ်ပိုးထားတဲ့ ကျွန်းမှာ
မြေပဲအပါအဝင် သီးနှံတွေ
စိုက်ပျိုးအသက်မွေးကြရဲ့။
လုပ်စားစရာ
မြေမရှိသူတွေမှာတော့
လှေတစ်စီးနဲ့
မြစ်အောက်ပိုင်းကိုဆင်းပြီး
မိမိဒေသထွက်
သီးနှံတွေကို
ရောင်းစားကြတယ်။
အချို့ဆိုရင် ဆလုံတွေလို
လှေပေါ်မှာပဲ မိုးနေ့ဆောင်း
ရာသီမရွေး
နေထိုင်သူတွေလည်း
ရှိကြတယ်။
အချို့ကတော့ အထူးသဖြင့်
တက်လူလူငယ်လေးတွေက
ဝါးဖောင်စီး
အလုပ်လုပ်ကြတယ်။
အ္ဘနုနုဒီမြစ်နေ
ပြည်သူတွေဟာ
မြစ်ဖျားကိုတက်၊
သစ်ဝါးခုတ် ရောင်းဝယ်
ဖောက်ကားတတ်ကြတယ်။
ဒီထဲမှာ လှလှခင်တို့

ရွာကတော့
မျိုးရိုးစဉ်လာအရ
ဝါးလုပ်ငန်းလုပ်သူတွေ
ရှိတယ်။ အထူးသဖြင့်
ရခိုင်မြောက်ပိုင်း
တစ်ခွင်အတွက်
ဝါးဟာ
အ္ဘနုနုဒီမြစ်ညာကပဲ
ထွက်တာကလား။
ဒီဝါးတွေကို
မြို့ပေါ်တက်ပြီး

ရောင်းဝယ်
ဖောက်ကားတာက
လှလှခင်တို့ရွာက
လူတွေသာဖြစ်တယ်။
ငွေကြေး အတော်အတန်
အရင်းအနှီးရှိသူတွေဟာ
ဝါးအရောင်းအဝယ်လုပ်တဲ့
အလေ့အထဟာလည်း
လှလှခင်တို့ရွာရဲလေ့တစ်ခု
ဆိုပါတော့။
ဒီမှာ လှလှခင်တို့ဟာ

အစဉ်အလာအရ
ဝါးလုပ်ငန်းလုပ်သူထဲမှာ
ပါတယ်။ လယ်ယာမရှိပေ
ကိုင်းကတော့ ရှိတယ်၊
ဥယျာဉ် ရှိတယ်။
ဒါနဲ့ရွာအတိုင်းအတာအရ
လူကုံထံစာရင်းဝင်ထဲမှာ
ပါတယ်လို့ ဆိုရမှာပါပဲ။
လှလှခင်တို့မှာ
မွေးချင်းငါးယောက်ရှိတ
သမီးမိန်းမချည်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာဖွဲ့စည်းပုံ
ထွားကျိုင်းတဲ့
မျိုးဗီဇကြောင့်
အရွယ်နဲ့မလိုက်
ကြီးထွားနှုန်းမြန်တယ်။
ဒါကြောင့်
လှလှခင်တို့အစ်မတွေဟာ
စောပြီး
အိမ်ထောင်ကျသွားရော
ဆိုပါတော့။
လှလှခင်ကတော့



www.burmeseclassic.com

www.burmeseclassic.com

အငယ်ဆုံး၊ အထွေးဆုံးမို့လို့ ရွာက တွဲဖက်အလယ်တန်းကျောင်းမှာ ရှစ်တန်းလောက်ကို သင်ယူပြီး ပညာရေးနိဂုံးချုပ်သွားတယ်။ ရွာက စက်ချုပ်ဆရာမဆီမှာ စက်ချုပ်သင်တယ်။ လက်မှုပညာဘက်မှာ လှလှခင်တစ်ယောက် အတော့်ကိုသွက်လက်တယ် ဆိုရမယ်ထင်ပါရဲ့။ စက်ချုပ်တာစောပြီးပြီးသွားတယ်။ ဆရာမရဲ့ လက်ရာကိုမီတယ်။ ဆရာမလက်ရာလို လက်ရာကောင်းတယ်။ ဆရာမဆီက ခွဲထွက်လာချိန်မှာ လှလှခင်ဟာ တကယ့်စက်ချုပ်ဆရာမတစ်ယောက်အဖြစ် ရပ်တည်နိုင်တယ်။ ဒါနဲ့ဆရာမဆီက လျှံထွက်လာတဲ့အထည်တွေဟာ လှလှခင်ဆီပဲရောက်တယ်။ ဒါကြောင့် လှလှခင်မှာ သုံးနိုင်ဖြုန်းနိုင်မှုအင်အားက ပိုပြီးပြည့်ဝတယ်။

မိဘမှာလည်း ကျေးလက်အတိုင်းအတာအရ ပြည့်စုံသူ၊ သူကိုနှိုက်ကလည်း ဝင်ငွေရှိနေသူဆိုတော့ လှလှခင်က ရွာမှာ ပိုထင်ပေါ်တာကလား။ ဘယ်သူ့မှာမှ စကတ်မဝတ်ရဲတဲ့အချိန်မှာ လှလှခင် သူ့ဟာသူ ချုပ်ဝတ်တယ်။ ဘယ်သူမှ ဘောင်းဘီဖင်ကျပ်မဝတ်ရဲသေးချိန်မှာ လှလှခင်ဝတ်တယ်။ ဝတ်စကတော့ တိုးတိုးတိုးတိုး သဖန်းပိုးပေါ့။ ဒါပေမဲ့ နောက်တော့ လှလှခင်ကို အားကျပြီး ဝတ်လာကြတယ်။ ကာဆီးထားတဲ့ ဝတ်စားဆင်ယင်မှုရေကာတာဟာ ခေတ်ရေစီးအရှိန်အဟုန်ကြောင့် ဝေါခနဲကျိုးပေါက်သွားကရော။

## မလိုက်ရဲ့ လှသော်လည်း မအေရဲ့ ရုပ်သေးရုပ်မလေး လှလှခင် တစ်ယောက် လင့်တစ်မျက်နှာ တစ်ရွာထင်ပြီး လိုက်သွားတယ်

အခုတော့ လှလှခင်တို့ရွာဟာ ကိုရီးယားမင်းသမီးတွေ ဝတ်စားဆင်ယင်မှုကို လိုက်တုနေကြပြီကော။ ပြောကြစို့ဆိုရင် လှလှခင်တို့ရွာမှာ လှလှခင်ဟာ စတားပဲဆိုပါတော့။

လှလှခင်တို့ရွာဟာ သူတို့ဒေသ ဂန္ဓဝင်မြို့နဲ့သိပ်အဝေးကြီးရယ်တော့ မဟုတ်လှ။ ဒါပေမဲ့ လမ်းပန်းဆက်သွယ်ရေးမကောင်းတော့ နီးရက်နဲ့ ဝေးနေရတာသာ။ အဲ့နနဒီမြစ်ညာမှာ လှလှခင်တို့ရွာဟာ အိမ်ခြေနှစ်ရာကျော်ရှိရွာမို့ ရွာကြီးတစ်ရွာလို့ဆိုနိုင်တယ်။ ပြီးရင် မြစ်ထဲက သောင်ပေါ်မှာ ရှိတဲ့ သောင်ကျောက်ခေါ်တဲ့ ကျောက်စရစ်တွေ ထွက်တဲ့နေရာ။ ဒါတွေ ဒါတွေကြောင့် အကျိုးဦးစီးဌာနက ကျောက်ထုတ်လုပ်ဖို့အတွက် ဌာနခွဲတစ်ခုလာပြီး အခြေစိုက်တယ်။ သူတို့နဲ့အတူ လုံခြုံရေးယူရတဲ့ ဝန်ထမ်းတွေ ပါလာတယ်။ ဒီမှာ လှလှခင်တို့ရွာ ကလေးဟာ ပိုပြီးစည်ကားလာတယ်။ မူလလူဦးရေထဲ ဧည့်သည်လူဦးရေတွေ ရောလိုက်တော့ ပိုပြီးတော့ လှုပ်ရှားလာတယ် ဆိုရမယ် ထင်ပါရဲ့။

ကျောက်ထုတ်လုပ်ရေးစခန်းလာဖွင့်တာဟာ လှလှခင်ရဲ့ဘဝကို တစ်စုံတစ်ရာ သက်ရောက်စေတာကတော့ အမှန်ရယ်။

ပြောကြစို့ဆိုရင် လှလှခင်ရဲ့အမေဒေါ်စိန်မြက ပင့်ကူအိမ်တစ်အိမ်ဖွဲ့ယှက်မယ့် စိတ်ကူးပေါ်လာပုံ ရတယ်။ ဒါကြောင့် လုပ်ငန်းသဘောအရ အရာရှိတွေပါလာတတ်စမြဲဆိုတော့ ဒေါ်စိန်မြတို့က 'မစိန်မြတို့အိမ်မှ လိုက်လှဲစွာကြိုဆိုပါ၏' လို့ ဆိုင်းဘုတ်မတင်ရုံတစ်မည်။ အရာရှိတွေက ဝင်ထွက်သွားလာနဲ့။ ဒေါ်စိန်မြတို့က ဒါကိုပဲ ရင်လေးက ကော့ကော့နဲ့ ရွာထဲမှာ ပြောမဆုံးပေါင် တောသုံးထောင်။

တစ်ဖက်မှာလည်း သူ့ယောက်ျားဦးသာလှကို ဦးမြသိန်းက အနိုင်ကျင့်တာကို ခံထားရတာကြောင့် ရာထူးရာခံရှိသူ မိသားစုထဲမှာ တစ်ယောက်ယောက်ရှိနေဖို့ လိုအပ်တာကို သတိပြုမိပုံရတယ်။

ဦးသာလှဟာ အသောက်အစား ကင်းရှင်းသူတစ်ယောက်ရယ်သာ။ ဒါပေမဲ့ ဝိုင်းဖွဲ့တဲ့အခါမှာတော့ မပါချင်လည်းပါရတတ်တာမျိုးတော့ ရှိတယ်။ ဦးမြသိန်းကျတော့ ဖိုးသမား၊ သောက်လို့မူးလာရင် ဂျိုကျတတ်တယ်။ စကားအကျကောက်ပြီး ရန်မူတတ်တယ်။ ဒီမှာ ခပ်အေးအေးသမား ဦးသာလှနဲ့ ဦးမြသိန်း တွေ့ကြရော။ ဦးသာလှက တစ်ချက်ထိုးလိုက်တယ်။ ဒီမှာ ပွဲကရုတ်ရုတ်သဲသဲဖြစ်သွားတယ်။ ဒီမှာ ဘယ်သူမှန်း မသိသူတစ်ယောက်က ရန်ပွဲကို ဖျန်ဖြေရင်း ဦးမြသိန်းကို ဝင်တွယ်လိုက်တယ်။ ဒီမှာ ဦးမြသိန်း ကွဲပြဲရော။ ဒီကိစ္စ ဒီမှာတင် ပြီးရောလားဆိုတော့ ဟင့်အင်း၊ မပြီးဘူး။ ရုံးရောက်ဂတ်ရောက် ဖြစ်ရော။ ဦးမြသိန်းခေါင်းမှာ ရတဲ့ဒဏ်ရာကို ဆေးကုသဖို့ ကိုယ့်မြို့နယ်က ဆရာဝန်ဆီမသွားဘူး။ ဦးမြသိန်းမယားရဲ့ညီမလင် ဆရာဝန်ဆီသွားပြတယ်။ အဲဒီက ဆေးလက်မှတ်တွေနဲ့ ရုံးတင်တယ်။ ကြီးသောအမှု ငယ်စေ မဟုတ်ဘဲ ငယ်သောအမှုကြီးစေဖြစ်သွားရော။ တိုတိုပဲ ပြောကြပါစို့၊ ဦးသာလှ ထောင်နန်းစံရရော ဆိုပါတော့။

အဲသလို လုပ်တာလည်း ဦးသာလှကို ပြန်လာရအောင်ဆိုတဲ့အငြိုးအတေးဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

ဦးလုပ်တာ။ ထောင်ရောက်တော့ ထောင်မှာ ဦးမြသိန်းနဲ့ ဆွေမျိုးစပ်သူရှိတယ်။ သူ့ဆီ အကြောင်းကြားထား။ ထောင်ထဲမှာ ပညာသားပါပါ နှိပ်စက်ပြီး ရွာကိုပြန်မလာနေရဘူးဆိုတဲ့ ကြွေးကြော်သံနဲ့ ထောင်ထဲရောက်အောင် လုပ်တာ။

ဦးသာလှဟာ ထောင်ထဲနေစဉ် ရဲဘက်စခန်းပါတယ်။ ရဲဘက်စခန်းပါတော့ သူ့သမက်တပ်ကြပ်ကြီးက ထောင်ဝင်စာသွားတွေ့။ အဲဒီမှာ ဦးမြသိန်းရဲ့ မူလစီမံကိန်းတွေ အငွေ့ပြန်ကုန်ရော။ ရဲဘက်စခန်းမှာ ဦးသာလှနိဂုံးချုပ်ရေးအကောင်အထည်မဖော်လိုက်ဘဲ ဦးသာလှထောင်သက်စေ့ပြီး ထွက်လာတယ်။

ဒါဟာ ဦးသာလှအဖို့ ဘဝအတွက် အကာအကွယ်အဖြစ် တစ်ခုခုတော့ လိုအပ်လာပြီလို့ ဘဝပေးအသိတစ်ခု ရလာတယ်။ ထို့အတူ ဒေါ်စိန်မြကလည်း နားလည်လာတယ်။ ဒါနဲ့ ဒေါ်စိန်မြဟာ ပင့်ကူအိမ်တစ်ခုကို ရက်ရှယ်လိုက်တယ်ဆိုပါတော့။

ကျောက်ထုတ်စခန်းအတွက် လုံခြုံရေးပေးသူတွေထဲမှာ အရာရှိငယ်တွေပါတယ်။ ထိုသူတွေကို ဒေါ်စိန်မြတို့က သိမ်းသွင်းယူကာ အိမ်ပေါ်တင် မွေးမြူတယ်ဆိုမမှားဘူး။ စခန်းမှာက ယောကျ်ားဘသားတွေဆိုတော့ ချက်တာပြုတ်တာတွေက ကျကျနန မဖြစ်တတ်ဘဲ ကိုး။ ကသီလင်တချက်ပြုတ်စားသောက်ကြတော့ အခုလို အိမ်ပေါ်မှာ ကျကျနနတင်ယူကျွေးမွေးရင် ဘယ်သူကောင်း

လှလှခင်
တစ်ယောက်ရဲ့
ရုပ်ရည်ဟာ
နဂိုရုပ်ကို
ရှာမရတော့
အညာ
အပူဒဏ်
လင့်အပူဒဏ်
တွေကြောင့်
အိုစာမူ
ဒီဂရီဟာ
ပိုပြီး
မြင့်တက်
သွားတယ်

သားကများ ငြင်းပယ်ကြမှာလဲလေ။ အဲသလိုနဲ့ အရာရှိငယ်တွေဟာ တစ်ယောက်ပြီးတစ်ယောက်လွှဲလွှဲသွားတယ်။ ပြောင်းပြောင်းသွားတယ်။

အရာရှိငယ် ကိုအောင်စိန်တစ်ယောက်လည်းတာဝန်အရ ရောက်လာရော။ သူက ယောကျ်ားဆိုစုံမှ ဆိုတဲ့ 'စုံမှဝါဒ'ကို လက်ကိုင်ထားပုံရတယ်။ အသောက်အစားရှိတယ်။ သို့သော်လည်း ဖိုးသမားလို့ တံဆိပ်ကပ်ရလောက်အောင်တော့ မဟုတ်ပေဘူး။ ကစားတယ်။ ဒါကတော့ အမှန်ပဲ။ တိုးတိုးတိတ်တိတ် ကစားဝိုင်းတွေရှိရာက သူရောက်လာချိန်မှာ ပေါ်ပေါ်ထင်ထင်ပဲ။ သူဟာ ကစားသမားဗီသတယ်။ ထိုင်မိရင် မထတော့ဘူး။ မိုးလင်းကနေတာဝင်။

ကစားသမား ထုံးစံပေါ့လေ။ နဲ့သမားပါးလို ဖောင်းလိုက်ပိန်လိုက်နဲ့ပေါ့။ ကိုအောင်စိန့်အိတ် လေခတ်လို့ ရေငတ်နေချိန်မှာတော့ ဒေါ်စိန်မြတို့ကလည်း ရတော့ ပြန်ဆပ်ပေါ့ဆိုတဲ့မူနဲ့ ချေးငှားတတ်တယ်။

အဲသလို…အဲသလိုနဲ့ ပြန်ဆပ်တာလည်းရှိ၊ မဆပ်တာလည်း ရှိနဲ့။ အကုန်လုံးထွေးကုန်ပါတော့တယ်။ ကိုအောင်စိန်တစ်ယောက် မိခင်စခန်းရှိရာမှ ကျောက်ထုတ်စခန်းဆီရောက်လာခိုက်မှာ မသိုးမသန့်အနံ့အသက်တွေ ထွက်လာစပြုတယ်။

ဖြစ်ပုံက စခန်းရှိရာ တောင်ကုန်းခြေရင်းမှ ရွာက်ခြံထဲမှ စထွက်တယ်။ ကိုအောင်စိန့်တပည့်တွေကလည်း ဒီတဲဟာ စားအိမ်သောက်အိမ်ဝင်ထွက်သွားလာမှုများတဲ့ကွန်းခိုရာ။ ကိုအောင်စိန်ကလည်း လှလှခင်တို့ဆီမရောက်ရင် ဒီတဲဝင်ဖြစ်တယ်။ အိပ်တော့လည်း ရံဖန်ရံခါ အိပ်ဖြစ်တယ်။

တစ်နေ့မှာ အပိုဝင်ငွေလေး မြိုးမြိုးမြက်မြက်ရလိုက်တဲ့အတွက် ရွာက်ခြံထဲမှာ အပျော်ချက်စားကြတယ်။ ထုံးစံအတိုင်း အသောက်အစားလေးလည်း ပါပေသပေါ့။ သောက်စားမူးယစ်ပြီး ညအိပ်ချိန်မှာ တဲရှင်ကိုအေးဖေက ကိုအောင်စိန်ဆိုတဲ့ လူဟာ ဘာလဲဆိုတာကို သိလိုက်ရတယ်။ ကိုအေးဖေဟာ ဘာလုပ်ရမှန်းမသိအောင်ကို ဖြစ်သွားရတဲ့အထိပဲတဲ့။ ဒါပေမဲ့ ဒါဟာ ကိုအေးဖေနဲ့ ကိုအောင်စိန် နှစ်ဦးသာသိခဲ့တဲ့ဖြစ်ရပ်။ နောက်တစ်ကြိမ်မှာတော့ ကိုအောင်စိန်ဟာ ရုံးကိစ္စနဲ့မြို့ကိုသွားရတယ်။ ဒီစဉ်မှာ ကိုအေးဖေကိုပါအောင် ခေါ်ယူသွားတယ်။ ကိုအေးဖေကို ဟိုရောက်တော့ ကျကျနန ကျွေးမွေးတယ်။ ပြီးတော့ ရင် ညပိုင်းမှာ ရွာက်ခြံတုန်းက စခဲ့ဖူးတဲ့ အလုပ်မျိုးကို စတယ်။ ကိုအေးဖေတစ်ယောက် ဒီမှာတင် ကိုအောင်စိန်ဆိုတာ မူမမှန်တဲ့ယောကျ်ားတစ်ယောက်ပါလားဆိုတာ သိလိုက်ရတယ်တဲ့။

ဒါကို ရွာရောက်တော့ ကိုအေးဖေတစ်ယောက် ရင်ထဲသိမ်းထားလို့ မဖြစ်နိုင်တော့။ အရင်းနှီးဆုံး ကိုကြက်တောကို ပြောဖြစ်၊ အဲဒါက စပြီး တစ်စတစ်စ…။ မသိုးမသန့်ကြားလာကြရတယ်။ နောက်တစ်ကြိမ်ကတော့ ကိုကျော်နိုင့်ဆီက ထွက်လာတဲ့ ရန့်။ ကိုကျော်နိုင်တစ်ယောက် ဘာမှမဟုတ်ဘဲနဲ့ သူခိုးလို့ အယိုးစွပ်ခံရတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကိုအောင်စိန့်ဆီရောက်ရော။ ဒါကို ကိုကျော်နိုင့်အိမ်မှာ ပြောကြဆိုကြတယ်။ ဒီမှာလည်း စားကြသောက်ကြနဲ့ပေါ့။ ကိုအောင်စိန်တစ်ယောက်ကတော့ စားပြီးသောက်ပြီး စခန်းကို



www.burmeseclassic.com

www.burmeseclassic.com

မပြန်တော့ဘဲ ကိုကျော်နိုင့် အိမ်မှာ ကိုကျော်နိုင်နဲ့အတူ အိပ်ဖြစ်တယ်။ ဒီမှာတင် ကိုကျော်နိုင်တစ်ယောက် ကျားသားမိုးကြိုးလန့်ဖျပ်ပြီး အိမ်ပေါ်က ဆင်းပြေးသွားတယ်။ ဒီမှာလည်း ရန့်ဆိုးက လှိုင်ခနဲ ထွက်ပေါ်လာခဲ့တယ်။

အဲသလို ရန့်ဆိုးတွေ ထွက်လာတာကို ဒေါ်စိန်မြ တစ်ယောက်က ဆတ်ဆတ်ခါ နာသံကြားရတယ်။ ရွာက လူတွေကို ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ပြောတယ်။ အိုးက မပူ စလောင်းပူတဲ့သဘောမျိုး။ ကိုအောင်စိန်ကတော့ ဘာမှ မဖြစ်လိုပါပဲ။ အပြစ်မဲ့တဲ့ ယုန်သူငယ်မျက်နှာမျိုးနဲ့။

ကိုအောင်စိန်တစ်ယောက် တာဝန်ကျအချိန်ပိုင်းကုန်ဆုံးလို့ပြန်ရတော့မယ်။ သူ့မိခင်စခန်းဆီ ပြန်ရမှာက ဝါတွင်းချိန်ခါကြီး။ ဝါခေါင်လအတွင်းမှာ ကိုအောင်စိန် မပြန်ခင်တစ်ပတ်လောက်အတွင်းမှာ လှလှခင်နဲ့လက်ထပ်လိုက်ကြတယ်။ ဒါမျိုးဖြစ်လာလိမ့်မယ်ဆိုတာ မျှော်လင့်ပြီးသားမို့ ရွာကလူတွေက ဘာမှတအံ့တသြမဖြစ်ကြဘူး။ မင်္ဂလာဆောင်တဲ့နေ့က လှလှခင်တစ်ယောက် ဝတ်စားထားတာဟာဖြင့် တီဗွီမှာ ရွှေဆိုင်ကြော်ငြာသလား ထင်ရရဲ့။ သိုက်နန်းက ထွက်လာတဲ့ သိုက်မလေးတစ်ယောက်လို့ဆိုရင်လည်း ရမလားပဲလေ။

ဝတ်လို့စားလို့ထားပေမဲ့ လှလှခင်တစ်ယောက်အဖို့တော့ အသက်မဲ့နေသလားပဲ။ အေးတိအေးစက်နဲ့ရယ်။ ထို့အတူ ကိုအောင်စိန်ပုံကလည်း လှိုက်လှဲပျော်ရွှင်ပုံမပေါ်။ ဒါပေမဲ့ တကယ်တော့ ယူဖြစ်လိုက်တာက အမှန်ပါပဲ။

ကိုအောင်စိန်ဟာ မိခင်စခန်းကိုပြန်သွားတဲ့အခါမှာတော့ လှလှခင်တစ်ယောက် နေ့းကွေးထုံ ထိုင်းစွာဖြင့် သျှောက်နောက်ဆံထိုးပါသွားလေရဲ့။ သီတင်းဝါလကျွတ်၊ တန်ဆောင်မုန်းလလောက်မှာ လှလှခင်တစ်ယောက် တစ်ယောက်တည်းပြန်လာတယ်။ သူ ပြန်လာချိန်မှာ လက်ဝတ်လက်စားအချို့ သွားတုန်းကလောက် ပါလာတာ မတွေ့ရဘူးဆိုတာ ရွာသားတွေ သတိပြုမိနေကြတယ်။ ဒါပေမဲ့ ပြောတော့ မပြောဖြစ်ကြဘူး။

လှလှခင်ဟာ အိမ်မှာ တမေ့မောကြီးနေချိန်မှာ ကိုအောင်စိန် ရောက်လာတယ်။ နယ်ပြောင်းရမယ်တဲ့။ အပြောင်းအရွှေ့က ကိုအောင်စိန်တို့ မွေးဇာတိဘက်ဆီကိုတဲ့။ လှလှခင်က ကိုယ့်ရပ်ကိုယ့်ရွာနဲ့ ဝေးဝေးလံလံဆိုလို့ ကိုအောင်စိန်တို့ မိခင်စခန်းရှိရာ နယ်စပ်မြို့ကလေးဆီ ရောက်တာ ပထမအကြိမ်ပါပဲ။ အခုကတော့ ရေလည်းမတူ၊ မြေလည်း တခြားစီ သွားရမယ်။ ပြီး အပူပိုင်းဒေသ၊ မိုးခေါင်ရေရှားရပ်ဝန်းဆီ။

မလိုက်လိုလှသော်လည်း မအေရဲ့ရုပ်သေးရုပ်မလေး လှလှခင်တစ်ယောက် လင့်တစ်မျက်နှာတစ်ရွာထင်ပြီး လိုက်သွားတယ်။ အဲဒီ မိုးခေါင်ရေရှားဒေသရောက်သွားတော့ ရာသီဥတုအပူဒဏ်၊ လင်ဖြစ်သူရဲ့ အပူဒဏ်တွေကို ခါးစည်းခံရပုံပဲ။ ဒါနဲ့ အိမ်ကို ကြေးနန်းတစ်စောင် ရောက်လာတယ်။ 'သမီး နေမပျော်ဘူး။ လာခေါ်လှည့်ပါ' တဲ့လေ။

ဒါနဲ့ ဦးသာလှတစ်ယောက် သမီးဆီလိုက်သွားတယ်။ မူလနေရာမှာ မရှိတော့ဘဲ ရန်ကုန်က ဦးလေးအိမ်ကိုရောက်နေတယ်။ အဲဒီကမှ ရွာကို ရောက်လာတာ။

လှလှခင်တစ်ယောက်ရဲ့ ရုပ်ရည်ဟာ နဂိုရုပ်ကို ရှာမရတော့။ အညာအပူဒဏ်၊ လင့်အပူဒဏ်တွေကြောင့် အိုစာမှုဒီဂရီဟာ ပိုပြီး မြင့်တက်သွားတယ်။ နောက်တစ်ခုက ဝတ်စားဆင်ယင်သွားတဲ့ လက်ဝတ်လက်စားခပ်များများပြန်ပါမလာတော့။ ကိုအောင်စိန်ရဲ့ ဖဲရေလျှဉ်ထဲ စီးမျောပျောက်ပျက်ကုန်တယ်လို့ လှလှခင်ရဲ့ ရင်ဖွင့်သံကို ကြားရတယ်။ နောက်တစ်ချက်က ကိုအောင်စိန်ဆိုသူဟာ 'အသွင်တူချင်း တပ်မက်သူ' တစ်ယောက်ဖြစ်နေတာကြောင့် သားမယားကို တွယ်တာမြတ်နိုးစိတ်မရှိ။ သားမယားပင်လျှင် သူ့အတွက် အနှောင့်အယှက်အဖြစ် ယူဆတယ်။ ဒါကြောင့် သားမယားကို လုံးဝဂရုတစိုက်မရှိဘဲ ပစ်ထားတယ်လို့ ဖွင့်ဟလာတယ်။

ဒီတော့မှ ဒေါ်စိန်မြတစ်ယောက် 'မြတ်မလား ဆားသိပ်ကာမှ အစိတ်သားလျော့'ပါကလားလို့ တဖျစ်တောက်တောက်ပြောနေလေရဲ့။

■

**အယ်ကော်**

ရုပ်စုံမဂ္ဂဇင်း

**အယ်ဒီတာအဖွဲ့**


အခန်း (၃-၀၃)
တိုက်အမှတ် ၂၁/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁၅
E-mail:
nyeinfamily@gmail.com




www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓံ ဓမ္မံ သံဃံ

လားရှိုးမြို့ နက္ခတ်သိပ္ပံရှင် **ဆရာတော် ဦးပဏ္ဍိတာဘိဝံသ** ၏ သမီးတပည့်

ဆန်းကျမ်းဗေဒင် **ဆရာမ ဒေါ်နန်းခမ်းလန်**

မိတ်ဟောင်းကို စောင့်မျှော်ဖိတ်ခေါ်ရင်း မိတ်သစ်ကိုလည်းကြိုဆိုပါတယ်ရှင်။

အမှတ် (၆၈၆)၊ မဟာဗန္ဓုလလမ်း ၄၆ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
[ဒဂုံမောင်လှကျက်ရည်ဆိုင်ဘေးကပ်]
ဖုန်း – ၀၉ ၃၁၃၄၁၃၉၁




www.burmeseclassic.com

*'ပန်းတစ်ခင်းကို မြင်းစီးပြီး မကြည့်ပါနှင့်'*
***(ဥတ္တရှုကြီး မော်စီတုန်း)***

❑

ကျွန်တော် ရွှေအမြုတေမဂ္ဂဇင်းကို ပွန်းတီးမှု မရှိခင်တုန်းက စာတိုပေစကလေး ရေးသားသည့် စာပေဝါသနာရှင်တစ်ယောက်အဖြစ် ကျွန်တော့်အပေါင်းအသင်းများက သတိထားနှင့်ကြသည်။ စာတိုပေစဆိုရာတွင် အခြေခံပညာကျောင်းသားဘဝမှာ ကျောင်းနံရံကပ်စာစောင်၌ ရေးသားခဲ့ခြင်း ကစမှ ပြည့်စုံလိမ့်မည် ထင်၏။ အဆင့်မြင့် ပညာကျောင်းသားဘဝသို့ ရောက်လာသောအခါ ဝါသနာပိုး ရှင်သန်လာသည်ကြောင့် နံရံကပ် စာစောင်လောက်နှင့် မနေတော့ဘဲ ထိုစဉ်က ခေတ်ကောင်းနေသည့် ရှုမဝမဂ္ဂဇင်းသို့ ဝတ္ထုတိုကလေးတစ်ပုဒ် ပို့မိသည်။ မကြာမီမှာ မဂ္ဂဇင်းတိုက်က ဒီအတိုင်း ပြန်ပို့ပေးသည်ကို လက်ခံရရှိ၏။ တိုက်ကလိပ်စာ တံဆိပ်တုံးကြောင့်သာ ပြန်ပို့သည်ဟု သိနိုင်ခြင်း ဖြစ်သည်။ ဘာမှတ်ချက်မျှ ပါလာသည် မဟုတ်ပါ။ ငါတော်တော် လိုသေးပါလားဟု ကိုယ့်ဘာသာကိုယ် မှတ်ချက်ပေးရင်း ငြိမ်သက်စွာ ခံယူလိုက်၏။ ဒီကြားထဲမှာ ကြုံရာကျပန်း ရေးဖြစ်ရုံလောက်နှင့် ဝါသနာပိုးကို မသေမရှင် ပစ်ထားဖြစ်လေ၏။ မြို့နယ်မဂ္ဂဇင်းမှာကော်မတီ တစ်ဦးအဖြစ် အထက်မကျ အောက်မကျ ကိုးလိုးကန့်လန့်ပါလာသောအခါ စာမူလိုအပ်ချက်အရ ဝတ္ထုရေး၍ အားဖြည့်ဖို့ ကြံသည်။ ကျောင်းနံရံကပ် စာစောင်မှ ကျွတ်စလွတ်စ ကလောင်လူ မမည်ကလေး ကျွန်တော့်၏လက်သင် ဝတ္ထုတိုမှာ ကိုယ့်မြို့နယ်မဂ္ဂဇင်း၌ပါလာ ပြီကော။ သို့သော် စာတည်းပုဂ္ဂိုလ်ကြီး က ဝတ္ထု၏ခေါင်းစဉ်ကို ပြောင်းပစ်လိုက် ၍ အရသာပိုမို ကြွတက်နေသည်ကိုပါ သတိထားမိလိုက်သည်။ ထိုဝတ္ထုတိုက ပင် ကျွန်တော့်စာပေပိုး ပိန်ပိန်မြော့မြော့ ကလေးကို အားဆေးကျွေးလိုက်သည် ထင်၏။ အပေါင်းအသင်းများက နှစ် ခြိုက်သံပေးခဲ့သည်ကိုး။ ထိုမျှမက ဆက်လက်၍ ကိုယ့်ဒေသ စာပေဟော ပြောပွဲမှာ ဝင်နွဲဖို့ ကံပြန်သောအခါ ထို ဝတ္ထုပုံရိပ်ကို ပြန်ပြောဟောလိုက်သည်။ ဟုတ်သည် မဟုတ်သည်အပထား၊ ကျေ နပ်ပီတိ ဖြစ်ရသည်မှာ ပြောဖို့လိုသေး လား။ ကိုယ့်ကိုယ်ကို ဝတ္ထုရေးဆရာ လိုလို။



www.burmeseclassic.com

www.burmeseclassic.com

ဟိုနည်းနည်း ဒီနည်းနည်း ပြောက်ကြားပြောက်ကျား ရေးနေဆဲ။ တစ်ခုသောနေ့တွင် စာပေမိတ်ဆွေတစ်ယောက်က ပေါက်ပေါက်ရှာရှာစကားစပ်လာသည်။

'ဝတ္ထုတိုရေးမယ်ဆိုရင် ရွှေအမြုတေကို ဖြတ်သန်းသင့်တယ်'

'ဘယ်က ရွှေအမြုတေလဲဗျ၊ ဘယ်ကလောက် အရေးပါလို့လဲ'

ထိုမိတ်ဆွေက ရှင်းပြသည်။ ရွှေအမြုတေမဂ္ဂဇင်းက ရွှေအသစ် ဝတ္ထုတိုကဏ္ဍာ ဖွင့်လှစ်ပြီး ရေလောင်းပေါင်းသင်ကာ လက်ရွေးစင်တစ်ပုဒ်ကို လစဉ်ဖော်ပြပေးနေသည့် စာပေပန်းတစ်ခင်းအကြောင်း။ ကျွန်တော့်အတွက် တိုင်း၍ရက်သည့်ပက္ကလာ မိုးရွာတာနှင့် အခန့်သင့်။ အနီးမိတ်ဆွေက စာအုပ်အငှားဆိုင်ဖွင့်သည့်အပြင် စာဖတ်နာသူဖြစ်ရာ စာပေကိစ္စဆိုလျှင် အားပေးအားမြှောက်

၂၀၀၂ စက်တင်ဘာ၏ ရွှေအသစ်ဖြစ်ပြီ
ထိုအခါက တစ်လတစ်ပုဒ်နှုန်းသာ ဖော်ပြတုန်း
စာမူများကို ပထမဆုံး ဆရာကိုဦးဆွေ ဖတ်၏
စိစစ်ပြီးသည့် ဆန်ခါတင်သုံးပုဒ်ထဲက
တစ်ပုဒ်တည်း ထွက်အောင်
ပေါင်ချိန်ကြီးက ကြံ့ရည်ညှစ်နေသည့်ကာလ



www.burmeseclassic.com

ပြုနေကျ။ ကျွန်တော့်နှယ် ကြိုးကြား ကြိုးကြား ရေးနေသူလည်းဖြစ်၏။ ကျွန်တော်ရေးဖြစ်အောင် ရွှေအမြုတေ တစ်အုပ်ကိုပါလှေ့လာဖို့ ယူပေးလာသည်။

များမကြာမီပင် ကျွန်တော် ရွှေအသစ်သို့ ဝတ္ထုတစ်ပုဒ်ရေးပို့လိုက်သည်။ မေ့မေ့ပျောက်ပျောက် ရှိနေသည့် တစ်နေ့သ၌ ထိုမိတ်ဆွေသည် ကျွန်တော့်ထံ ကတိုက်ကရိုက် အပြေးကလေး ရောက်လာပြီး သူ့လက်ထဲက စာအုပ်ကို ဖွင့်လှန်ပြသည်။

'ဒီမှာ မင်းပို့လိုက်တဲ့ ရွှေအသစ် ဝတ္ထုတို ပါလာလို့ကွ'

၂၀၀၂ စက်တင်ဘာ၏ ရွှေအသစ် ဖြစ်ပြီ။ ထိုအခါက တစ်လတစ်ပုဒ်နှုန်းသာ ဖော်ပြတုန်း။ စာမူများကို ပထမဆုံး ဆရာ ကိုဦးဆွေဖတ်၏။ စိစစ်ပြီးသည့် ဆန်ခါတင်သုံးပုဒ်ထဲက တစ်ပုဒ်တည်း ထွက်အောင် ပေါင်ချိန်ကြီးက ကြဲရည်ညှစ်နေသည့်ကာလ။ မည်သို့ဆိုစေ ကျွန်တော့်အတွက် အနီးသော ရွှေအသစ် ဝတ္ထုတိုသည် စစ်မြေပြင်သို့ ရောက်နေသည့် စစ်သူကြီး၌ ခေါ်ဘဏီတပ်မကြီး တစ်ခု ဖြည့်တင်းလိုက်ရသည့်နှယ် စိတ်ဓာတ်ခွန်အား ပြည့်ဝသွားပြီတည်း။ ထိုခွန်အားဖြင့်ပင်လျှင် နောက်တစ်ပုဒ်-။ ထို ဒုတိယအပုဒ်ကို ဆရာ ကိုဦးဆွေက ဆန်ခါတင်သုံးပုဒ်ထဲ ထည့်ပေးပြန်၏။ ဒီတစ်ခါ ပေါင်ချိန်ကြီး ဓားစက်အောက်မှာ မှုန့်မှုန့်ညက်ညက် ကြေပျောက်ခဲ့လေ၏တည်း။

စိတ်မပျက်။ လာလေ့ နောက်တစ်ပုဒ်။ ဒီတစ်ခါလည်း ဆန်ခါတင်သုံးပုဒ်မှာ ပါ၏။ ဆက်လက်၍ ပေါင်ချိန်ကြီး ဓားချက်မှ လွတ်မြောက်ကာ ရွှေအသစ် ဒုတိယအကြိမ်အဖြစ် ရှင်သန်ထမြောက်ပြီး ၂၀၀၃ ဖေဖော်ဝါရီမှာ ဖော်ပြခံခဲ့ရပြန်သည်။ ဒီတော့မှ သက်ပြင်းချနိုင်သည်။ ငါ ရွှေပျိုးခင်းကို ဖြတ်သန်းပြီးပါပကောဟူ၍။

သို့သော် ဒီတစ်ခါမှ ပိုအရေးကြီးလာမှန်း ရိပ်မိလိုက်သည်။ ဆယ်တန်းတုန်းက ပေါ့ပေါ့နေ ပေါ့ပေါ့စားလုပ်လာ

မည်သို့ဆိုစေ
ကျွန်တော့်အတွက်
အနီးသော
ရွှေအသစ်
ဝတ္ထုတိုသည်
စစ်မြေပြင်သို့
ရောက်နေသည့်
စစ်သူကြီး၌
ခေါ်ဘဏီ
တပ်မကြီးတစ်ခု
ဖြည့်တင်းလိုက်
ရသည့်နှယ်
စိတ်ဓာတ်ခွန်အား
ပြည့်ဝသွားပြီတည်း

သူသည် ဆယ်တန်းအောင်ပြီးသည့်အခါ မည်သည့်ဘွဲ့မျိုး ယူရအံ့နည်းဟု စဉ်းစားမိသကဲ့သို့ ဖြစ်လာသည်။ ရွှေပျိုးခင်းကို ဖြတ်သန်းပြီး ရပ်နေ၍မရ။ ပျိုးပင်မှသည် အားကောင်းမောင်းသန် အပင်ဖြစ်အောင် ဆက်လက်အားထုတ်ဖို့လို အပ်သေးသည် မဟုတ်ပါလား။ ဒီတစ်ခါ စဉ်းစားရသည်မှာ ခေါင်းမူးချင်စရာ အကောင်းသား။ ကိုယ်က ရွှေအသစ်ဖြစ်ဖို့လောက် အားသန်ခဲ့သည်ကြောင့် ရှေ့ဆက်၍ မည်သို့သော ဝတ္ထုမျိုးရေးကာ စခန်းသွားရမည်ကို တွေးရခက်နေပြန်သည်။ ရွှေဝတ္ထုတိုရေးမှာပေါ့ဟု လွယ်လွယ် မဆုံးဖြတ်ရဲ။ အဘယ်ကြောင့်နည်း ဟူမူကား ထိုအချိန်က ရွှေဝတ္ထုတိုမှာ ဖော်ပြနေသည့် စာရေးဆရာ

ကြီးများကို ကြည့်ပြီး လိပ်ပြာလန့်ခဲ့ သောကြောင့် ဖြစ်သည်။ ကိုယ်နှင့် လား လားမျှ မထိုက်သော နေရာဟု စိတ် တုံးတုံးချကာ ဆင်ဖြူမျက်နှာ ဆင်မည်း မကြည့်ဝံ့သည့်နှယ် အားငယ်သည်။ ရွှေ အသစ်နှစ်ပုဒ်နှင့် ရွှေပိုးထိုးနေသည့် ဒုတ္တ ကိုလည်း ကြာကြာ မတောင့်နိုင်ရကား ကြံမိကြံရာ ရွှေနှလုံးသား ဝတ္ထုတိုကို ချည်း မဲရေးကာ တစ်ပုဒ်ပြီးတစ်ပုဒ် ပို့ လေတော့သည်။

ရွှေနှလုံးသား ဝတ္ထုတိုနှင့် အကျွမ်း ပေးသည်ဆိုသော် ရ၏။ ရွှေနှလုံးသား ဝတ္ထုတို ၆ ပုဒ် ဖော်ပြခံရပြီ။ တစ်နှစ် အတွင်း သုံးပုဒ်အထိ ဖော်ပြလာချေပြီ ကိုး။ ဆက်ရေးဖို့ ကြွတက်နေချိန်မှာ အကုသိုလ်က မထင်မှတ်သည့် ထောင့် ကနေ ဝင်လာသည်။ ရွှေချစ်သူမှ ရွှေ ချစ်သူသို့ ပေးစာ၌ လှမြင့်အောင်(တောင် ကုတ်)ရဲ့ ရွှေနှလုံးသား ဝတ္ထုတိုချည်း သုံးနေပါလားရှင်ဟု ကန့်ကွက်သံလိုလို ခနဲ့သံလိုလို ရေးလာ၏။ ကြိုက်မကြိုက် အကျိုးအကြောင်းနှင့် ထောက်ပြလာ သည်လည်း မဟုတ်ခဲ့။ ကျွန်တော် တွေ ခနဲ ဖြစ်သွားသည်။ ပေါင်ချိန်ကြီးက ဘာမှ ထည့်တွက်ပုံမရ။ ထိုစာနောက် ပိုင်းမှာ ကျွန်တော့် ရွှေနှလုံးသားတစ်ပုဒ် ကိုပင် ထပ်မံ ဖော်ပြလိုက်သေး၏။

ထိုအချိန်မှာ ကျွန်တော် နေရပ် ပြောင်းရွှေ့ရပြီး ပတ်ဝန်းကျင်အသစ်မှာ တွေ့ရသည့် စာပေမိတ်ဆွေတစ်ယောက် ကလည်း ပြောလာသည်။

'ပေါင်ချိန်ကြီးက ရွှေနှလုံးသား ဝတ္ထုတိုဆိုရင် သိပ်အလေးထားတာ မဟုတ်ဘူးလို့ ကြားတယ်၊ တော်တော် တန်တန်ဟာဆို သုံးလိုက်တာပဲတဲ့'

သူက မည်သည့်ရည်ရွယ်ချက်နှင့် ပြောသည်မှန်း မသိနိုင်။ ကျွန်တော့်မှာ မစွမ်းရင်းကလည်းရှိ၊ ကန်စွန်းခင်း လည်း ငြိပြီမို့ ရည်မှန်းချက်များ ဝေဝါး ကုန်သည်။ ရွှေနှလုံးသားဝတ္ထုတို ဆက် ရေးသင့်၊ မသင့်။

တကယ်တမ်းမှာမူ ကျွန်တော် ခုနစ်တန်းကျောင်းသားလောက်ပင်



www.burmeseclassic.com

www.burmeseclassic.com

...စာတွသိုလ်ဘုန်းနိုင်၏ *သူငယ်ချင်း ...ဆက်၍ ခေါ်မည်ခိုင်* ဝတ္ထုထူထူ ...ကို ပျင်းပျင်းရိရိ လှန်လှောကြည့်ရာ ... ဆမင်းငတ် ဟင်းငတ်ခံကာ တစ်မှိ ...တ်ပြီး မောင်နှင့်ခိုင်တို့၏ နှစ်လွှာ ...င်းမှ တစ်ရွက်ဖြစ်သည့် စွယ်တော် ...က် အဘိဓမ္မာမှာ စွဲနစ်နေခဲ့သူပါလေ။ ...ငြိမ်းကျော်၏ *ပန္နမမြောက် ဆောင်း ...များ*မှာလည်း ရှိနားဖူးသည်။ ...တော့်နှလုံးသားမှာ မြုပ်နှံလာခဲ့ ...ည့် အခြားအခြားသော ရွှေနှလုံးသား ...ကော နည်းနည်းနောနောလား။ ...တော် မေ့မေ့ပျောက်ပျောက် ဖြစ်နေ ...ဖြစ်သော နုနယ်ပျိုမျစ်ဖွယ်နှလုံးသား ...ကို နှစ်နှစ်ကာကာ ပြန်လည်တူးဆွ ...င့်လှစ်နေမိခြင်းလည်း တစ်ကဏ္ဍ။

ရွှေပျိုးခင်းဥယျာဉ်မှူး ပေါင်ချိန် ကြီးကလည်း ပြောဖူးသည်။

*‘ကျွန်တော်က ရွှေနှလုံးသား ဝတ္ထု ...အဖြစ် ဖော်ပြနေတာတွေဟာ အချစ် ...ဖြစ်ရင် ပြီးရောဆိုပြီး ခပ်ပေါ့ပေါ့ ...တ်လိုက်တာ မဟုတ်ပါဘူး။ စာဖတ် သူတွေအတွက် တစ်ခုခု ကျွန်နိုင်တဲ့ နှလုံးသားရေးရာ ကိစ္စမျိုးပါမှ ဖော်ပြ တာပါ’*ဟူ၍။ လှလိုက်သည့် အနက် ...ကား။ ကျွန်တော်ကိုယ်တိုင် ရွှေနှလုံး သားဝတ္ထု တစ်စီစီ ရေးဖြစ်ပါလျက် ထိုသို့ သော နူးညံ့သေသပ်စွာ မပြောတတ်ခဲ့။ ကျွန်တော် ဖန်တီးခဲ့သည့် ရွှေနှလုံးသား ဝတ္ထုတိုများသည်လည်း အချစ်ကို ဖော် ကျူးရုံ ကလေးကလား သဘောထား မျိုး မဟုတ်ဘဲ မွန်းကျပ်ပူလောင်သည့် နှလုံးသားခံစားမှုတို့ကို သိမ်မွေ့မှု၊ အေး မြမှု၊ ငြိမ်းချမ်းမှု၊ ပေးဆပ်မှု၊ ရိုးသားမှု၊ ရောင့်ရဲမှုတို့ဖြင့် ထွက်ပေါက်ပေးလို သည့် ရည်ရွယ်ချက်များကို တိကျစွာ ပုံဖော်ခဲ့သည်ချည်း။ ရွှေဥယျာဉ်မှူးကြီး ကလည်း နှိုက်နှိုက်နဲနဲ မြင်တတ်ပြော တတ်ပါပေသည်။ ကျွန်တော်ကမူ ထို နည်းလည်းကောင်းဟု သံယောင်လိုက် တတ်ရုံသာတည်း။ သို့ကြောင့်လည်း ရွှေ ဥယျာဉ်မှူး ဖြစ်နေသည်ကို။

သို့သော်...

ထိုအချိန်က
ရွှေဝတ္ထုတိုမှာ
ဖော်ပြနေသည့်
စာရေးဆရာကြီး
များကို
ကြည့်ပြီး
လိပ်ပြာ
လန့်နေသောကြောင့်
ဖြစ်သည်
ကိုယ်နှင့်
လားလားမျှ
မထိုက်သောနေရာဟု
စိတ်တုံးတုံးချကာ
ဆင်ဖြူ့မျက်နှာ
ဆင်မည်း
မကြည့်ဝံ့သည့်နှယ်
အားငယ်သည်

ထို သို့သော်သည် ကျွန်တော် ရွှေ နှလုံးသားဝတ္ထုတို ဖန်တီးလိုစိတ်ကို နိုင္ဂ တံစေခဲ့သော သို့သော်။ အဖြစ်က ရွှေ ပန်းခင်းတွင် ပိုမိုတိုးတက် ကောင်းမွန် သော အစီအစဉ်တစ်ရပ် ဆန်းသစ်ဖြစ် ထွန်းလာသည်။ တစ်နှစ်အတွင်း ဖော်ပြ ခဲ့သမျှ ရွှေအသစ်နှင့် ရွှေနှလုံးသား ဝတ္ထု များထဲမှ ပရိသတ်က အကြိုက်ဆုံးတစ် ပုဒ်စီကို မဲပေးပို့စေပြီး ဆုရွေးချယ်ချီးမြှင့် မည့် အစီအစဉ်။ သူ့ဟာနှင့်သူ ကောင်း ၍ စီစဉ်သည်ကို ကျွန်တော့်အဖို့ ဘာမျှ သဘောမတူစရာ မရှိ။ ထိုနှစ်များတွင် ကျွန်တော့် ရွှေနှလုံးသားဝတ္ထုတိုများ လည်း ပါရှိနေသည်ကြောင့် ဆုကို သူ လိုလို ကိုယ်လိုလို ရင်ခုန်ခွင့် ရှိနေသည်။ ဤတွင် ပြဿနာက စတော့သည်။ ဆု စာရင်းထုတ်ပြန်သည့်အခါ ရွှေဥယျာဉ် မှူး ပေါင်ချိန်ကြီးက ရိုးရိုးမထုတ်ပြန်။ ဆန်းဆန်းထုတ်ပြန်သည်။

အချို့သော ရွှေအသစ်ကလောင် ရှင်၊ ရွှေနှလုံးသား ကလောင်ရှင်သည် တစ်ဦးတည်း လက်ရေးဖြင့် ဆုမဲပေါင်း တစ်ရာကျော်သည်အထိ လုပ်ကြံမဲ ပေး ခဲ့ကြသည်ကြောင့် ရွေးချယ်ရာတွင် အခက်အခဲဖြစ်ခဲ့သည်ဟူလို။ ကျွန်တော် က ရွှေအသစ်မှလွတ်ခဲ့ပြီဖြစ်သော်လည်း ရွှေနှလုံးသားမှာ တစ်နှစ်အတွင်း သုံးပုဒ် ကြီး ဖော်ပြခံထားရသူ။ ဆုတော့လည်း မရ။ ဆုစာရင်း မထုတ်ပြန်မီတုန်းက သူလိုလို ကိုယ်လိုလိုနှင့် အရသာခံ၍ ကောင်းခဲ့သလောက် ယခုမူ မဲအကြံ အဖန်လုပ်ခဲ့သည်က ဆုမရသူများထဲက ဖြစ်နေရာ ထို သူလိုလိုကိုယ်လိုလိုကြီး က စပ်ဖျဉ်းဖျဉ်းနှင့် ခံရခက်လှဘိ။ ကျွန်တော် အဲသလို မလုပ်ခဲ့ပါဟု ထ ပြောရအောင်ကလည်း ဟုတ်တဲ့ သူ နာ ပြီပေါ့ဟု ငေါ့လျှင် မိအေးနှစ်ခါနာ မည့် ကိန်း။ ထိုင်နေအကောင်းသား ထနာ၍ မဖြစ်သည်ကြောင့် ဖြစ်သမျှအကြောင်း အကောင်းဟုမှတ်ကာ အောင့်ခံ။ ဒီ အတိုင်းဆိုလျှင် မဖြစ်ပြီ။ သူ့ဟာသူ ရိုးရိုးတုန်းက အကောင်းသား။ ဆုထ ပေးသည့်အခါမှ ကျွန်တော့်အတွက် ပွဲ ပျက်ပြီကော။ ဒီလိုနှင့် ကိုယ့်ဝါသနာ နှင့်ကိုယ် ရိုးရိုးရှင်းရှင်း မြတ်မြတ်နိုးနိုး ရေးနေသည့် ရွှေနှလုံးသားကိုလည်း နာကြည်းဆတ်ဆတ် သံယောဇဉ်ဖြတ် ကာ ဓားဖြင့် မွှန်းလျက် ခုနစ်ပိုင်းပိုင်း ခုနစ်တိုင်းဝေသည့်နှယ် အစဖျောက်၍ သွားရော့လဟယ်။ အချစ်နှင့်ဘဝကို လှပစွာ ပေါင်းစပ်ထင်ဟပ်ပြသည့် ရှေး ဦးစာရေးဆရာကြီးများ၏ကျေးဇူးကြောင့် မြန်မာ့အနုပညာနယ်ပယ်အသီးသီး တစ် ဟုန်ထိုး တိုးတက်ခဲ့သည်ကိုတော့ တ အောက်မေ့မေ့ တရှိုက်မက်မက်။

သို့တပြီးကား ရွှေအသစ် ၂ ပုဒ်၊ ရွှေနှလုံးသား ၆ ပုဒ်ဖြင့် နေမြင့်လေ အရှူးရင့်လေသည့် ရွှေပိုးကို ငြိမ်းသတ် စေခြင်းငှာ ကျွန်တော် မစွမ်းသာ။ ဒီတစ်

*စာမျက်နှာ(၂၀၁)သို့...*



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက်အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ (၁၃၁၀၀၀/ -) နှင့်
ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့်
နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျစွာချောင်
ဖုန်း၀၇၂-၂၂၀၃၄၊၀၇၂-၂၁၅၄၁၊၀၉-၆၄၆၁၆၉၉၊၀၉-၉၁၀၄၃၇၃၇

### မန္တလေး

ဦးမြင့်စိုး(စိုးပုလဲပွဲရုံ) ဖုန်း၀၉-၉၁၀၂၃၇၈၈၊ ဒေါ်တင်ဝင်း(လူထု)ဖုန်း၀၂-၃၉၇၁၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှု)ဖုန်း၀၉-၂၀၀၁၇၁၇

### ရန်ကုန်

သီရိသုဓမ္မသီင်္ဂီဒေါ်ခင်သန်းမြင့်(ပဝင်းရတနာ၊ ဗိုလ်ချုပ်ဈေး။ ဖုန်း၀၉-၇၃၂၀၂၀၁၀)၊
ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာရံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း၀၉-၅၁၅၂၂၇၇)
ဒေါ်ခင်စန်း(အမှတ် ၇၊ AMBO Hotel, ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း၀၉-၅၁၂၂၀၀၁)
ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၁-၂၂၀၅၁၉၊၀၉-၇၃၀၇၂၄၉၂)
ဒေါ်မြင့်မြင့်စန်း(အမှတ် ၈၊ ဝဏ္ဏိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း၀၁-၅၁၉၅၀၉၊၀၉-၇၃၁၀၉၁၁၄)
ဒေါ်စန်းစန်းနိုင်(Real Gems)(အေ-၁၀၊ အမှတ် ၂၃-၂၅၊ ဂျိုးဖြူရိပ်သာ၊ ဂျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း၀၁-၂၅၂၂၇၂၊၀၉-၅၀၈၂
ဒေါ်စန်းစန်းဝေ(မဟာမြိုင်ဆေးတိုက်)(အမှတ်-၉၁၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်။ ဖုန်း၀၁-၂၃၀၀၄၂၇၊၀၁-၂၃၀၀၄၂၈)
ကလျာမဂ္ဂဇင်းတိုက်(ဖုံ့ချိန်)(အမှတ် ၁၆-ပထမထပ်၊ ဦးအောင်မြတ်လမ်း၊ သိမ်ဖြူကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း၀၁-၂၉၀၁၇၆)

## လှူဒါန်းကြတဲ့ အလှူရှင်များစာရင်း

၂၁၇။ ဦးလှတင်၊ (သား) မောင်ရာဇာအောင်၊ မောင်ရဲဇော်အောင် မိသားစု — ၅၀၀,၀၀၀/-
အမှတ် (၂၇)၊ စံပြ (၁) လမ်း၊ ကြို့ခင်းစုရပ်၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။ — (ငါးသိန်း)

၂၁၈။ ဦးကျော်မောင်+ဒေါ်စန်းမြင့် မိသားစု — ၅၀၀,၀၀၀/-
ကညွင်ချောင်းဖျားရွာ၊ မော်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ — (ငါးသိန်း)

၂၁၉။ ဒေါ်လှစိန်၊ (သား) ဦးတင့်လွင်+ဒေါ်ခင်လှရီ၊ (သမီး) ဒေါ်ဝင်းကြွယ် မိသားစု — ၁၀,၀၀,၀၀၀/-
ရွှေလာစားသောက်ဆိုင်၊ မန္တလေးမြို့။ — (ဆယ်သိန်း)

၂၂၀။ ဒေါ်မြင့်မြင့်သန်း — ၅၀၀,၀၀၀/-
တရုတ်စုရပ်၊ စဉ့်ကိုင်မြို့။ — (ငါးသိန်း)

www.burmeseclassic.com

www.burmeseclassic.com

၂၂၁။ မုံရွာမြို့နယ်၊ အလုံမြို့၊ စစ်ပင်ရပ်နေ ဦးသင်+ဒေါ်ညွန့်တို့အား အမှူးထား၍
ဦးလှသန်းဦး+ဒေါ်နုကြည်၊ (သမီး) မသင်းသင်းထက်၊ မအိမ့်ကြည်ဖြူ၊ ၅၀၀,၀၀၀/-
(သား) မောင်သန့်ဇင်ထွန်း မိသားစု၊ Perth, Australia. (ငါးသိန်း)

၂၂၂။ ခွဲစိတ်အထူးကုဆရာဝန်ကြီး ၁၀,၀၀,၀၀၀/-
Dr. ဦးမင်းသိန်းသောင်း+ OG Dr. ဒေါ်ခင်နှယ်ဝင်း မိသားစု၊ U.S.A. (ဆယ်သိန်း)

၂၂၃။ ဦးစောဘိန်ဟော်+ဒေါ်အော်ချိုက်လျန်နှင့် ဦးယုပို့တို့အား ရည်စူး၍ ၅၀၀,၀၀၀/-
(သား) ဦးယုလှိုင်၊ (သမီး) ဒေါ်သန်းဌွေးကောင်းမှု၊ (ငါးသိန်း)
အမှတ် ၂၃၊ ၁၉ လမ်း၊ လသာ၊ ရန်ကုန်မြို့။

၂၂၄။ ဦးဝင်းသင် (Business Consultant & Auditor) ၅၀၀,၀၀၀/-
၁၁၉/၁၂၁၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ (ငါးသိန်း)

၂၂၅။ ဒေါ်မြသီတာ၊ ဒေါ်ညွန့်ညွန့်ခိုင် ၅၀၀,၀၀၀/-
(Special ရတနာ) မြန်မာ့ကျောက်မျက်။ (ငါးသိန်း)

၂၂၆။ နှစ်ဖက်မိဘများကို ရည်စူး၍ Dr. ဝင်းမြင့်+Dr. မြင့်မြင့်စိုး၊ ၅၀၀,၀၀၀/-
(သား) မောင်ဝင်းထွဋ်စိုး၊ မောင်ပြည့်ဖြိုးဟန် မိသားစု၊ (ဦးဝင်းမြင့် မွေးနေ့အလှူ) (ငါးသိန်း)

၂၂၇။ ဗိုလ်မှူးကြီး လွင်ဦး(ငြိမ်း)၊ ဒေါ်မြသီတာနှယ် မိသားစု ၅၀၀,၀၀၀/-
အမှတ် ၃၀၂၊ နီလာတိုက်၊ မြခွာညိုအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ (ငါးသိန်း)

၂၂၈။ ဒေါ်ခင်စိန် မိသားစု ၅၀၀,၀၀၀/-
အခန်း ၂၀၂၊ ပုလဲတိုက်၊ မြခွာညိုအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ (ငါးသိန်း)

၂၂၉။ ဦးမြင့်သန်း မိသားစု ၅၀၀,၀၀၀/-
အမှတ် ၈၇၊ ရတနာမြိုင်လမ်း၊ လှိုင် ၁ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ (ငါးသိန်း)

၂၃၀။ ဒေါ်ခင်ညွန့်(၂၇-၃-၁၃ ကွယ်လွန် တစ်နှစ်ပြည့် ရည်စူးအလှူ) ၅၀၀,၀၀၀/-
ဦးသန်းထွဋ်(ခ)ဦးမောင်မောင်၊ Sydney, Australia. (ငါးသိန်း)

၂၃၁။ ဦးကျော်ဇော+ဒေါ်လှရီ မိသားစု ၅၀၀,၀၀၀/-
အမှတ် (၂၀-က)၊ နတ်မောက်ရိပ်သာလမ်းသွယ်၊ ကုက္ကိုင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ (ငါးသိန်း)

၂၃၂။ ဦးအောင်ကျော်ဝင်း+ဒေါ်ခင်ခင်မြင့်
(သမီး) မအေးအေးပိုင်၊ (သား) Dr. ခင်သော်မင်း မိသားစု ၅၀၀,၀၀၀/-
အမှတ် ၁၅၆၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ (ငါးသိန်း)

၂၃၃။ ဦးဌွေးလှိုင်+ဒေါ်လှဲ့လှဲ့ဦး(မာလာမြိုင်စိုက်ပျိုးရေး)မိသားစု ၅၀၀,၀၀၀/-
အမှတ် ၅၃၁(ဘီ)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ (ငါးသိန်း)

၂၃၄။ ဦးအင်းယား+ဒေါ်သန်းသန်းထွေး၊ Dr. လှမျိုးအောင်+ဒေါ်မေသူစိုး၊ ဒေါ်ကြည်ကြည်ဝင်း၊ ၁၀,၀၀,၀၀၀/-
ဒေါ်ရင်ရင်ဝင်း၊ ဦးမြင့်ခိုင်+ဒေါ်ခင်သန်းနှယ်၊ ဒေါ်ခင်မျိုးလွင်(ကံ့ကော်ထာဝရငွေပင်) မိသားစု။ (ဆယ်သိန်း)

၂၃၅။ ကိုအောင်မင်းလွင် ကောင်းမှု ၅၀၀,၀၀၀/-
အမှတ် ၅၁၀(ဘီ-၂)၊ ဥယျာဉ်လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ရန်ကုန်မြို့။ (ငါးသိန်း)

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com



၁။

တစ်ခုတော့ ရှိတာပေါ့ဗျာ။ ဒီဝတ္ထုကို ဖတ်မယ်ဆိုရင် ဖတ်မယ့်လူကိုယ်တိုင်ကတော့ ရူးမနေဖို့တော့ လိုတာပေါ့။

□

၂။

ကိုရှမ်းကြီးလို့ ဆိုလိုက်တာနဲ့ အသားညိုညို၊ ဆံပင် ပွရောင်းရောင်း၊ မုတ်ဆိတ်မွေး ထူလပျစ်နဲ့

အသက် [illegible]
လူတစ်ယောက် [illegible]
ဒီနယ်တစ်ဝိုက်မှာ [illegible] ကိုရှမ်းကြီးလို့ [illegible]
မသိတဲ့လူက မ[illegible]ပါပဲ။ ကိုရှမ်းကြီး[illegible]
ရွာကလေးက ဉာဏ်တောတဲ့။ မြန်အောင်မြို့[illegible]
အင်ပူမြို့နယ်အစဆိုတဲ့ တစ်ပေသာသာ သွပ်ပြား
ဆိုင်းဘုတ် အစိမ်းလေးက ရွာထိပ်မှာ စာခြောက်ရှပ်

ရုပ်စုံမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တစ်ရပ်လိုမတ်တတ်ရပ်ကလေးရှိနေတဲ့ ရွာကလေး။ ပုသိမ်-မုံရွာ အဝေးပြေးလမ်းမကြီးက ရွာကလေးရဲ့ နဖူးတည့်တည့်မှာ ဓားခုတ်ရာကြီးလို ကန့်လန့်ဖြတ်ကြီးရှိနေတဲ့ ရွာကလေးပေါ့။

ကိုရှမ်းကြီးဆိုလို့ ရှမ်းတိုင်းရင်းသားတစ်ယောက်လို့တော့ မထင်လိုက်နဲ့ဦး။ အဲဒီနာမည်က သူ့မိဘများ ဝန်ထမ်းဘဝနဲ့ တောင်ပေါ်မြို့ကလေးတစ်မြို့မှာ တာဝန်ကျစဉ်က မွေးခဲ့လို့ ခေါ်ဖြစ်သွားခဲ့ရတဲ့ နာမည်။ သူ့နာမည်အရင်းက သိန်းလွင်ဦး။ ဗမာစစ်စစ်။ ဒသသနိကဗေဒ နောက်ဆုံးနှစ်နဲ့ ပညာရေး ကံကုန်သွားရရှာသူ။

သူ အခုလို မဖြစ်ခင်ကတော့ ရန်ကုန်မြို့ရဲ့ ထိပ်သီးကုမ္ပဏီကြီးတစ်ခုမှာ စာရင်းကိုင် လုပ်ခဲ့ဖူးတယ်တဲ့။ အထည်ချုပ် အလုပ်သမတစ်ယောက် တစ်လလေးထောင့်ငါးရာ၊ ငါးထောင် ရနေချိန်မှာ သူက တစ်လ လေးသောင်းခွဲ၊ ငါးသောင်းလောက်ရတဲ့ အနေအထား။ အဲဒီလောက်အထိ။

ဒါတွေက ထားပါ။ ဒါတွေက အရင်တုန်းကဟာတွေ။ အခုပြောမှာက၊ အင်း အခုပြောမှာက…။

❑

၃။

အချိန်က ည ဆယ့်နှစ်နာရီကျော်၊ နေ့သစ်တစ်ခုကို မီးရှူးသန့်စင်ပြီးစ အချိန်။ ညဉ့်နက်သန်းခေါင်ကြီး ကြားလိုက်တဲ့ တရှုပ်ရှုပ် ငိုသံကြီးကြောင့် အိပ်ပျော်နေရာကနေ ဖျတ်ခနဲ သူ နိုးလာတယ်။

ကိုရှမ်းကြီး ဆိုလို့ ရှမ်းတိုင်းရင်းသား တစ်ယောက် လို့တော့ မထင်လိုက်နဲ့ဦး အဲဒီနာမည်က သူ့မိဘများ ဝန်ထမ်းဘဝနဲ့ တောင်ပေါ် မြို့ကလေး တစ်မြို့မှာ တာဝန်ကျစဉ်က မွေးခဲ့လို့ ခေါ်ဖြစ်သွားခဲ့ရတဲ့ နာမည်

ခတ်မီးကိုစမ်းရင်း ဘေးနားက သူ့မိန်းမကို နှိုးလိုက်တော့ မရွှေသန်းက တုတ်တုတ်တောင်မလှုပ်ဘူး။ အိပ်နေလိုက်တာများ သွားရည်တွေများတောင် စီးကျလို့။

'ဟဲ့ အသန်း အသန်း ထဦးဟ'

ဗီပါလောက်ရှိတဲ့ ကိုယ်လုံးကြီးကို တံတောင်နဲ့တွက်ပြီး လှုပ်နှိုးလိုက်တော့မှ မသန်းက အင်းခနဲ တစ်ချက်အသံပြုရင်း လူသေကောင်အသက်ပြန်ဝင်လာသလိုမျိုး ကမူးရှူးထိုး နိုးလာတယ်။

'ထဦး၊ နင့် အဒေါ်အိမ်က ငိုသံကြားတယ်။ ဘာဖြစ်တာလဲ သွားကြည့်ဦး'

မသန်းက သူ့စကားတောင် မဆုံးသေးဘူး သူ့လက်ထဲက ခတ်မီးကို ဆွဲယူပြီး ခုတင်ပေါ်က လျှောဆင်းသွားတယ်။ သူကတော့ ဘာများဖြစ်ပြန်ပြီလဲဆိုတဲ့ စိုးရိမ်စိတ်နဲ့ အိပ်ရာထဲမှာပဲ မလှုပ်မယှက် ငြိမ်နေခဲ့မိတယ်။ ဆယ့်ငါးမိနစ်လောက်ကြာမှ သူ့မိန်းမ မသန်းက ရေးကြီးသုတ်ပျာနဲ့ ပြန်ရောက်လာတယ်။

'ကိုရှမ်းကြီး ပျောက်လို့တဲ့'

စိမ့်နေအောင်အေးတဲ့ ဆောင်းခတ်တောင် မသန်းစကားကြောင့် လွင့်ပျောက်ကုန်ကြတယ်။ ဟင်းခနဲ သက်ပြင်းရှည်ကြီးတစ်ချက်ချရင်း ဘယ်လိုလုပ်ရပါ့ဆိုတဲ့ မေးခွန်းက သူ့ခေါင်းထဲ မြားတစ်စင်းလိုစိုက်ဝင်လာတယ်။ မျက်လုံးထဲမှာလည်း လှုပ်စိလှုပ်စိနဲ့ သူထင်ရာ လျှောက်သွားတတ်တဲ့ ကိုရှမ်းကြီးကို မြင်ယောင်လာတယ်။

'အရင်တစ်ခါ သွားတယ်ဆိုတဲ့ မြန်အောင်က သူ့အမျိုးတွေ ဖုန်းနံပါတ် ရှိသေးလား'

သူက မေးလိုက်တော့ မသန်းက စဉ်းစားသလိုလုပ်ရင်း ခဏငြိမ်သွားတယ်။

'ရှိတယ်၊ ဘာလုပ်မလို့လဲ'

'အဲဒီများ သွားသလားလို့ပေါ့ဟ၊ သွား အဲဒီက နံပါတ်ယူခဲ့'

မရွှေသန်းတစ်ယောက် အဝတ်သေတ္တာထဲ ပျာပျာသလဲ ဖွတော့မှ ဥမ်းစောင်ကြီးကို ကိုယ်လုံးမှာ ဆွဲပတ်လိုက်ရင်း သူ အိပ်ရာထဲက ထလိုက်တယ်။ ဆယ်မိနစ်လောက်ရှိမှ သူ့မိန်းမက ရှိနေတဲ့ စာရွက်ဝါဝါလေးတစ်ရွက် လာပေးတယ်။ ဖုန်းနံပါတ်လေးကိုင်ပြီး သူ ဖုန်းအိမ်ရောက်သွားတော့ ဖုန်းအိမ်က မှောင်အတိ တိတ်ဆိတ်နေပြီ။ မရမက ခေါ်နှိုးပြီး အကျိုးအကြောင်း ပြောပြလိုက်တော့ ဖုန်းခေါ်ပေးရှာတယ်။ ဒါပေမဲ့ ဖုန်းက ချက်ချင်းမဝင်ဘူး။ ဆက်သွယ်မှု ဧရိယာပြင်ပ ရောက်နေတယ်တဲ့။ နောက်တစ်ခါ ထပ်ခေါ်လိုက်တော့မှ ဖုန်းက ဝင်သွားတယ်။ သူလည်း ကိုရှမ်းကြီးအကြောင်းမေးတော့ မလာဘူးတဲ့။ ဖုန်းဖိုးရှင်းခဲ့ပြီး အသာပြန်လှည့်လာခဲ့ရတယ်။

လမ်းလျှောက်ရင်းနဲ့ သူ့ခေါင်းထဲ အတွေးတစ်ချက်လက်သွားတယ်။ သူ အိပ်ရာဝင်စတုန်းကတောင် ကိုရှမ်းကြီးကို တွေ့မိသေးတာပဲ။ အကယ်၍ ကိုရှမ်းကြီး မြန်အောင်ကို သွားမယ်ဆိုရင်တောင် လမ်းခုလတ်မှာပဲ ရှိဦးမယ်။

သူ အိမ်ကို ကမန်းကတန်းပြန်ပြီး မသန်းတို့ ဆွေ အရီးနှစ်ယောက်ကို ဖြစ်နိုင်ခြေရှိတာ ပြောပြလိုက်တယ်။ ပြောပြီးပြီးချင်း ဘယ်သူ့ဆီကမှ ဘာသဘောထားမှ မစောင့်တော့ဘဲ ဆိုင်ကယ်နဲ့ လိုက်သွားဖို့ သူတစ်ယောက်တည်း ဆုံးဖြတ်ချက် ချမ လိုက်တယ်။

❑

၄။

ပုသိမ်-မုံရွာ အဝေးပြေး



www.burmeseclassic.com

www.burmeseclassic.com

လမ်းမကြီးပေါ် ရောက်တော့ နှင်းတွေက မိုးရွာသလောက်နီးနီး ပြိုဆင်းနေကြတယ်။ အင်္ကျီ၊ ဘောင်းဘီနဲ့ မဖုံးမိတဲ့ ခြေလက် အဖျားအနားတွေက ရေခဲတုံးနဲ့ ဖိကပ်ခံထားရသလို ထုံကျဉ်ကိုက်ခဲလာကြတယ်။ ဆိုင်ကယ်မီးရောင်ဆီ တိုးဝင်လာကြတဲ့ ပိုးဖလံတွေက မျက်နှာကို အရှိန်နဲ့ ဖြတ်ဖြတ်ရိုက်သွားကြတယ်။ နားရွက်နှစ်ဖက်ကို ပွတ်ဆွဲသွားတဲ့ လေက ပုစဉ်းရင်ကွဲ အော်သလို စီခနဲ စီခနဲ အော်ရင်း နောက်မှာ ကျန်နေခဲ့ကြတယ်။

လမ်းတစ်လျှောက် ကားလမ်းကို ဖြတ်ပြေးတဲ့ တောပိုးတောမွှား တစ်ကောင်တလေကလွဲလို့ ဖြတ်သွားဖြတ်လာ ယာဉ်တွေက တွေ့ရခဲတယ်။ ပုသိမ်-မုံရွာ လမ်းမကြီးကနေ မြန်အောင်ကို ခွဲထွက်တဲ့ အုတ်ပုံလမ်းဆုံ ရောက်တော့ သူ စဉ်းစားရကျပ်သွားပြီ။ ဒေါ်ကြည်သန်း ပြောတော့ ပျောက်သွားတာ အချိန်ပိုင်းလေးပဲ ရှိသေးတယ်တဲ့။ အကယ်၍ ကိုရှမ်းကြီးသာ ဒီလမ်းအတိုင်း မြန်အောင်ကို သွားမယ်ဆိုရင် လမ်းဆုံရောက်အောင် တစ်နာရီလောက် မောင်းခဲ့ရတဲ့ သူ့ဆိုင်ကယ်က ကိုရှမ်းကြီးကို မီကို မီရမယ်။

လမ်းဆုံက ညလုံးပေါက်ဖွင့်တဲ့ လက်ဖက်ရည်ဆိုင်လေးမှာ ကော်ဖီတစ်ခွက် ရှေ့ချပြီး အချိန်အတော်ကြာ ထိုင်နေမိတယ်။ လမ်းဆုံကနေ ရှေ့ကိုရောက်မသွားနိုင်တာကတော့ အသေအချာပဲ။ ဒါဆို သူ ဘာဆက်လုပ်သင့်သလဲ။ နောက်ဆုံး ကော်ဖီခွက်ကို တစ်ကျိုက်တည်း မော့ချပစ်လိုက်ပြီး နောက်ကြောင်းကို ပြန်လှည့်လာခဲ့တယ်။

ပောကြည့်
ကိုရှမ်းကြီးက
သူ့အမေကိုတောင်
အမေလို့
မပြောတော့ဘူး
ဒေါ်ကြည်သန်းတဲ့
ကိုရှမ်းကြီးက
စိတ်ဖောက်ရင်
သူနဲ့ ပတ်သက်တဲ့
အရာမှန်သမျှ
မေ့သွား
တတ်တယ်
ဆိုတဲ့
သူ့အမေ
ဒေါ်ကြည်သန်းရဲ့
စကားဟာ
မှန်နေပြီပေါ့

❑

၅။

သတင်းကြားတဲ့ လူတိုင်းက စိတ်မကောင်း ဖြစ်ကြပေမဲ့ စိတ်ပူလောက်တဲ့ အနေအထားတော့လည်း မဟုတ်ဘူးဆိုတာ သိနေကြတယ်။ ဘယ်လိုမှ ချော့မရ ဖြစ်နေတာဆိုလို့ ဒေါ်ကြည်သန်းတစ်ယောက်ပဲ။ တချို့ကလည်း မြန်အောင်ထက် မပိုပါဘူးလို့ တထစ်ချ ပြောကြတယ်။ ဒါပေမဲ့ တစ်နေ့ထွက်လို့ တစ်နေ့သာ ဝင်သွားတယ် မြန်အောင်ကလည်း မလာဘူးဘဲ။

ကိုရှမ်းကြီးက လွန်ခဲ့တဲ့ ခြောက်လလောက်ကလည်း ဒီရွာကလေးကနေ မိုင်နှစ်ရာလောက်ဝေးတဲ့ မြန်အောင်ကို ဘယ်သူ့မှ အသိမပေးဘဲ ခြေကျင် လျှောက်သွားခဲ့ဖူးတယ်။ နေ့ခင်းကြီးဆိုတော့ အလုပ်တစ်ဖက်နဲ့ ဘယ်သူမှ သတိမထားမိလိုက်ဘူး။ မနက်ဆယ်နာရီက ထွက်သွားတာ နောက်တစ်နေ့ မွန်းလွဲမှ မြန်အောင်ကို ရောက်သတဲ့။ ဘာမှ မစားမသောက်။ ကြခင်း ဘီလပ်မြေစက်ရုံနားက စက်ဘီးတွေထားတဲ့ အမိုးအောက်မှာ တစ်မှေးပဲ ဝင်အိပ်တယ်တဲ့။

'ခင်ဗျား ဘာလို့ အဲဒီလို လျှောက်သွားတာလဲ' လို့ သူကမေးတော့ 'ဂေါက်သွားတာ' တဲ့။ ကိုရှမ်းကြီးက သူ့ဟာသူ ဖြေရင်း သဘောကျသလိုလိုနဲ့ 'ဟဲ ဟဲ' လို့ ရယ်တယ်။ ရယ်တာမှ ပြဇာတ်တိုက်သလို ခြောက်ခြောက်ကြီးနဲ့ ရယ်တာ။

သူ့အမေ ပြောစကားအရဆိုရင် ကိုရှမ်းကြီးက အဲသလို ဖြစ်ခါနီးရင် ငရုတ်သီးထောင်းတွေ အများကြီး စားတတ်တယ်တဲ့။ အိပ်မရလို့ဆိုပြီး အိပ်ဆေးတွေ တောင်းသောက်တတ်တယ်တဲ့။ ဖြစ်နေတုန်းမှာလည်း သူနဲ့ ထိတွေ့ဖူးသူမှန်သမျှ မေ့သွားတတ်တော့တာပဲတဲ့။ အရည်မရ အဖတ်မရ စကားတွေ ပြောတယ်ဆိုတာကလည်း ပါသေးတယ်။ ရှင်းရှင်းပြောရရင် ကိုရှမ်းကြီး အဲသလိုဖြစ်ရင် သူ့အနား ဘယ်သူမှ မကပ်ချင်တော့ဘူးတဲ့။

အခုတော့ အဲဒီလိုတွေ ဘာလက္ခဏာမှ မပြဘဲ ပျောက်သွားတာဆိုတော့ ဒေါ်ကြည်သန်းတစ်ယောက် အစိုးရိမ်ကြီးနေတာပေါ့။ မြန်အောင်ကိုမှ မသွားရင် တခြားဘယ်ကို သွားတယ်ဆိုတာ ဘယ်သူမှ မသိဘူး ဖြစ်နေတယ်။ နီးရာ ဗေဒင်ဆရာဆီ ပြေးတဲ့သူက ပြေး၊ ကိုရှမ်းကြီး အဝတ်အစားတစ်စုံကို ပုခက်ထဲထည့်လွှဲတဲ့လူက လွှဲနဲ့ အားလုံး စိတ်မကောင်းတဲ့ အဆင့်ကနေ စိတ်ပူတဲ့အဆင့် အထိဖြစ်လာကြတယ်။ ဒါပေမဲ့ ကိုရှမ်းကြီးသတင်းက စည်းရုံးရေးလာတုန်းကသာ တွေ့ဖူးမြင်ဖူးလိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေလို ပျောက်ချက်သား ကောင်းနေခဲ့တယ်။

❑

၆။

သူ ဆည်ပေါင်ပေါ် ရောက်သွားတော့ မှိုင်းညို့ညို့ တောင်တန်းတွေ၊ စိမ်းစိမ်းစိုစို သစ်တောတွေကို ဖြတ်တိုက်လာတဲ့ လေနုအေးရဲ့ အငမ်းမရ ပွေ့ဖက်တာကို ခံလိုက်ရတယ်။ ဆိုင်ကယ်ကို လမ်းနဲ့ လွတ်ရာမှာထားပြီး လေကြောင်းအသင့်ဆုံး နေရာမှာ သူ နေရာယူလိုက်တယ်။ ခြေထောက်နှစ်ချောင်းကို တစ်ပေသာသာလောက်ကား၊ လက်နှစ်ဖက်ကို ဘယ်ညာဆန့်တန်းပြီး လေကို တဝကြီး ရှူသွင်းပစ်လိုက်တယ်။ နှာဖျားက ဝင်သွားတဲ့ လေဟာ

www.burmeseclassic.com

ခြေဖျားအထိ ရောက်သွားတယ်လို့ထင်ရအောင် သူခပ်ရှည်ရှည် ရှူသွင်းပစ်လိုက်တယ်။ ပြီးတော့ ပြန်ထုတ်။ ရှူသွင်းပြန်ထုတ်။ အဲဒီလို ကြိမ်ဖန်များစွာလုပ်ပြီးမှ ခြေတွေလက်တွေကို ဖြည်းဖြည်းချင်းလှုပ်ရှားပြီး လေ့ကျင့်ခန်းလုပ်တယ်။

သူက အခုလိုပဲ ဆည်ပေါင်ပေါ်ကို တစ်ပတ်တစ်ခါ လာနေကျ။ ဆည်ပေါ်ရောက်တာနဲ့ လေကောင်းလေသန့် ရှူမယ်။ လေ့ကျင့်ခန်း လုပ်မယ်။ ပြီးမှ ဆည်ကြီးကို ရေလွှဲပေါက်နားမှာသွားပြီး ဒလဟော မြုူထူးခုန်ဆင်းနေတဲ့ ရေတွေကို ကြည့်မယ်။ အဲဒီလို ကြည့်လိုက်တိုင်း တစ်နေ့လုံး လှုပ်ရှားခဲ့ရတဲ့ သူ့ခန္ဓာကိုယ်ကြီးဟာ ပြန်လည်လန်းဆန်း တက်ကြွလာတယ်လို့ သူ ခံစားရတယ်။

ဆည်ကြီးရဲ့ ပတ်ပတ်လည်က လှချင်တိုင်း လှနေတဲ့ ဝေ့ဝေ့ဆိုင်းဆိုင်း တောင်ညို့ညို့ကြီးတွေကို ကြည့်မယ်။ အရင်တစ်ပတ်နဲ့ အခုတစ်ပတ် ရေအတက်အကျ ဘယ်နှလက်မ ကွာသွားပြီလဲဆိုတာ ကြည့်မယ်။ နေက အနောက်ဘက် တောင်တန်းကြီးအောက် ခေါင်းလျှိုသွားခါနီးပြီဆိုရင်တော့ သူလည်း ဆည်ပေါင်ကနေ တက်တက်ကြွကြွနဲ့ ပြန်ဆင်းလာခဲ့တော့တာပဲ။

> ခင်ဗျား
> စဉ်းစားကြည့်ဗျာ
> ဟိုဆံပင်ညှပ်
> ဆရာက
> စတဲ့ ကိစ္စဟာ
> ဦးသောင်းရွှေ
> ကနေ
> ဒေါ်ကြည်သန်း
> အထိ
> ဘာလို့
> တထေရာတည်း
> ဖြစ်နေရတာလဲ
> ဘာလို့
> သူတို့အားလုံးဟာ
> အဲဒီ
> နည်းလမ်းကြီးကိုပဲ
> တစ်ထပ်တည်း
> ကျင့်ကြံ
> သုံးစွဲနေရတာလဲ

သူ လေ့ကျင့်ခန်းလုပ်ပြီးတော့ ချွေးစေးကလေးတွေက ကိုယ်မှာ စေးကပ်လာကြတယ်။ ဆိုင်ကယ်ပေါ် တက်လိုက်တာနဲ့ ပြန်ပျောက်သွားမှာပဲလို့ တွေးရင်း သူ ဆိုင်ကယ်ပေါ် တက်လိုက်တယ်။ သူ သွားနေကျ ရေလွှဲပေါက်ဆီကို ဆိုင်ကယ်ကို ဦးတည်လိုက်တော့ တဖြူးဖြူးတိုက်နေတဲ့လေက ဆိုင်ကယ်အရှိန်ကြောင့် သူ့ကို ခပ်ရမ်းရမ်း ဝင်ဆောင့်တယ်။ ဆည်ပေါင်ပေါ်မှာ လုပ်ငန်းတွေ မပြီးပြတ်သေးတဲ့ ဆ/မ တံဆိပ်နဲ့ ကားတစ်စီးတလေကလွဲလို့ လူသူလေးပါး ရှင်းလင်းနေတယ်။ ရှင်းဆိုဒီဆည်ကြီးနဲ့ သူတို့ရွာကလေးက ငါးမိုင်လောက်တော့ အသာလေးဝေးတယ်။ ဆိုင်ကယ်နဲ့တောင်မှ ဂီယာအကြီးနဲ့ အားကုန်ညှစ်တက်ရတာမျိုး ဆိုတော့ များသောအားဖြင့် လူသူလေးပါး လာခဲတယ်။ သူ ဒီကိုလာနေမိတာက အဲဒီလို လူသူ အရောက်အပေါက်မရှိတဲ့ ပတ်ဝန်းကျင်ကို သဘောကျနှစ်ခြိုက်မိတာလည်း ပါတယ်။

ရေလွှဲပေါက်ရဲ့ အပေါ်တည့်တည့်မှာ ဆိုင်ကယ်ကို သူ ရပ်လိုက်တော့ တဝုန်းဝုန်း ခုန်ဆင်းနေတဲ့ ရေသံက ပတ်ဝန်းကျင်ကို မင်းမူနေတယ်။ ရေလွှဲပေါက်ကနေ အောက်အတိုင်း စီးဆင်းသွားတဲ့ ရေကြောင်းဖွေးဖွေးကြီးအတိုင်း သူ မျှော်ကြည့်လိုက်တော့ ဟိုးအောက်ဘက်နားက ရွာကလေးကို ခပ်အုပ်အုပ်လေး လှမ်းမြင်နေရတယ်။

ရေလွှဲပေါက်ဆီ သွားတဲ့ လမ်းအတိုင်း သူ ဆင်းလိုက်တော့ 'ဟင်' ဆိုတဲ့ အာမေဋိတ်သံတစ်ခု သူ့ နှုတ်ခမ်းကို အတင်းတိုးထွက်သွားတယ်။ သူ ထိုင်နေကျ နေရာမှာ လူတစ်ယောက်။ ဘယ်သူများလဲဆိုတဲ့ အတွေးနဲ့ လုပ်ချောင်းသံကြီးကို နှစ်ချက်လောက် ခပ်ကျယ်ကျယ် ပေးလိုက်ပေမဲ့ သူ့ချောင်းသံက ရေတွေ တဝုန်းဝုန်း ခုန်ဆင်းနေသံအောက်မှာ ပျောက်သွားတယ်။

သူ့နေရာကို ပိုင်စိုးပိုင်နင်း လာထိုင်နေတဲ့လူဟာ ဘယ်လိုလူပါလိမ့်လို့ဆိုတဲ့ အတွေးနဲ့ သေချာကြည့်လိုက်တော့ သူ့မျက်လုံးတွေ ကျိန်းစပ်သွားတယ်။ ကိုရှမ်းကြီး။ ဟုတ်တယ်။ ပျောက်ခြင်းမလှ ပျောက်သွားတဲ့ ကိုရှမ်းကြီး။ သူ ရောက်နေတာကိုတောင် မသိဘဲ ငူငူကြီးထိုင်လို့။ သူ မပြေးရုံတစ်မည် ကိုရှမ်းကြီးအနား တိုးကပ်သွားလိုက်တယ်။

'ကိုရှမ်းကြီး'

သူ ဝမ်းသာအားရနဲ့ ခေါ်လိုက်တော့ ကိုရှမ်းကြီးက မှုန်တေတေနဲ့ သူ့ဘက်လှည့်လာတယ်။

'ဟဲ ဟဲ'

ကိုရှမ်းကြီးက ဘာမပြော ညာမပြောနဲ့ သူ့ရဲ့ ကိုယ်ပိုင်ဟန်နဲ့ ရယ်ပြတယ်။

'အစ်ကို ဒီမှာ ဘာလာလုပ်နေတာလဲ'

ကိုရှမ်းကြီးဘေးမှာ ဝင်ထိုင်ရင်း မေးလိုက်တော့ ကိုရှမ်းကြီးက သူ့မေးခွန်းကို စိတ်မဝင်စားသလိုနဲ့ ရေတွေဆီကိုပဲ ငေးနေတယ်။

'ရေတွေ လာကြည့်နေတာ'

ငါးမိနစ်လောက်ကြာမှ ကိုရှမ်းကြီးဆီက အဖြေစကားထွက်လာတယ်။ သူ ကိုရှမ်းကြီးကို ထူးဆန်းသလို သေချာကြည့်လိုက်တော့ ကိုရှမ်းကြီးကတော့ အငြိမ်ပဲ။ ဟုတ်တယ်။ လူတွေကသာ ကိုရှမ်းကြီးကို အရူး၊ ဂေါက်နေတယ်လို့ ပြောကြတာ။ ကိုရှမ်းကြီးက တည်တာမှ တကယ့် လူကောင်းပကတိကြီးအတိုင်း။ 'ဟဲဟဲ ဟဲဟဲ' နဲ့ အခြောက်တိုက်ရယ်တတ်တာကလွဲရင် ဥပဓိရုပ်ကလည်း ညိုညိုချောချောကြီး။ ရယ်တယ်ဆိုတာကလည်း ခဏခဏ ဆက်တိုက်ရယ်တတ်တာမျိုး မဟုတ်ဘူး။ အကြောင်းတိုက်ဆိုင်မှု ရှိပါမှ။ သွားတာ၊ လာတာ၊ နေတာ၊ ထိုင်တာကအစ ရှင်ရှင်တွေထဲမှာ တွေ့ဖူးတဲ့သိပ္ပ



www.burmeseclassic.com

www.burmeseclassic.com

ညာရှင် အတွေးအခေါ် သမားတစ်ယောက်ရဲ့ ဟန်ပန်မျိုး။

E=mc² တို့၊ ချူကလီးယားတို့၊ ပထမကမ္ဘာစစ်တို့၊ ဟီရိုရှီးမားတို့၊ ၉/၁၁ တို့ကိုလည်း တကယ်ကို အတိအကျ အချွတ်အချော်မရှိ ဆွေးနွေးပြောပြနိုင်တာမျိုး။ မြောက်ကိုရီးယားနဲ့ တောင်ကိုရီးယား လူမျိုးရေးပဋိပက္ခဖြစ်တာကအစ Water World လို ရေထဲမှာ ရိုက်ထားတဲ့ ရှားရှားပါးပါး ရုပ်ရှင်မျိုးအထိ သိနေတာမျိုးဆိုတော့ ကိုရှမ်းကြီးကို သူတစ်ပါးတွေ ကင်ပွန်းတပ်သလို အရှူးဝေါက်ကြောင်ဆိုတာမျိုးတွေကို သူ့ဘက်က လက်ခံရခက်ခက်ကြီး။ မရှင်းမလင်းကြီး။

ဒီနေ့တော့ သူ့ရင်ထဲ ပျစ်ခဲနေတဲ့ ပုစ္ဆာကြီးကို အဖြေထုတ်တော့မယ်လို့ ကြံရင်း ကိုရှမ်းကြီးကို ကြည့်လိုက်တော့ ကိုရှမ်းကြီးက မျက်စိအောက်က ပျောက်သွားမှာ စိုးသလိုမျိုးနဲ့ တဝုန်းဝုန်း ပြေးဆင်းနေတဲ့ ရေတွေကိုပဲ ငေးလို့။

❑

၇။

ရေလွှဲပေါက်အတိုင်း တလိမ့်ခေါက်ကွေး ခုန်ဆင်းနေတဲ့ ရေလှိုင်းသံကလွဲရင် ပတ်ဝန်းကျင်တစ်ခုလုံးက သက်ငြိမ် ပန်းချီကားတစ်ချပ်လိုလှုပ်ရှားမှု ကင်းမဲ့လှတယ်။ ကိုရှမ်းကြီးရဲ့ အခြေအနေကိုကြည့်ရင်း ခြေဆင်းကို ဘယ်လိုပျိုးရမလဲလို့ သူစဉ်းစားနေမိတယ်။ ကိုရှမ်းကြီး ပြောတတ်တဲ့ မာသာထရီဆာတို့၊ ဆာအာသာကို

> ဂျာနယ်ကို
> ကျူပ်
> ဖတ်တာ
> အနည်းဆုံး
> နာရီဝက်လောက်
> ကြာတယ်
> သတိရလို့
> ဆံပင်ညှပ်ဆရာကို
> ကြည့်လိုက်တော့
> ကျူပ်ရှေ့က
> လူတွေက
> မရှိတော့ဘူး
> ကျူပ်နောက်မှ
> ရောက်တဲ့
> လူတွေကို
> ညှပ်ပေးနေတာ
> ကျူပ်အလှည့်ကို
> ကျော်လိုက်တာလေ

နင်ဒွိုင်းတို့ကိုလည်း သူက ဂဃနဏ မသိတော့ ဖောရှော လုပ်ပြီးလည်း မပြောရဲဘူး။ နောက်တော့ ဟိုး အဝေးမှာ တစ်ကောင်တည်း ပျံလာတဲ့ အိပ်တန်းပြန် ငှက်ကလေးကို မြင်မှ သူ စိတ်ကူးတစ်ချက်ရသွားတယ်။

'ကျွန်တော်လည်းဗျာ အိမ်မှာ မနေချင်တာနဲ့'

ကိုရှမ်းကြီးက အစတော့ သူ့စကားကို မကြားသလိုနဲ့ တုဏှိဘော လုပ်နေတယ်။ စက္ကန့်လေးဆယ်လောက်ကြာမှ သံပတ်ပေးထားတဲ့ စက်ရုပ်တစ်ရုပ်ရဲ့ လှုပ်ရှားမှုမျိုးနဲ့ သူ့ဘက်ကို လှည့်လာတယ်။

'ဟဲဟဲ အဲဒါပဲဗျာ၊ ခင်ဗျားနဲ့ ကျုပ်နဲ့တူတာ အဲဒါပဲ'

သူ့ရင်ထဲ လှိုက်ခနဲပဲ။ ဒါ သူဆင်ထားတဲ့ အကွက်ထဲကို ကိုရှမ်းကြီး တည့်တည့်ဝင်လာတာပဲလို့ တွေးရင်း စကားကို အမျှင်ပြတ်မသွားအောင် သူ ဆက်ပေးလိုက်တယ်။

'အေးဗျာ တစ်ယောက်တည်း နေရတာပဲ ကောင်းတယ်'

သူက ဝမ်းသာအားရ ပြောလိုက်ပေမဲ့ ကိုရှမ်းကြီးက မကြားသလိုနဲ့ သူ့မျက်လုံးတွေကို တဝေါဝေါ ဆင်းပြေးနေတဲ့ ရေတွေဆီကို ငေးနေပြန်တယ်။ သူလည်း ဘာဆက်ပြောရမှန်း မသိဘဲ အချိန်အတော်ကြာအောင် ငြိမ်နေမိသွားပြန်တယ်။

'တစ်ယောက်တည်း နေရတာပဲ ကောင်းတယ်ဗျို့ နော် အစ်ကို'

ပြောလက်စ စကားကိုပဲ ကိုရှမ်းကြီးကို တည့်တည့်ကြည့်ရင်း သူပြောပေးလိုက်တော့တယ်။ ကိုရှမ်းကြီးက သူ့ကို ဘာမှ ပြန်မပြောဘဲ အနားမှာရှိတဲ့ ကျောက်ခဲတစ်လုံးကို ကောက်ပြီး ရေလွှဲပေါက်ဆီကို ပစ်ထည့်လိုက်တယ်။

'အဲဒီ လွှဲပေါက်က တိုးထွက်နေတဲ့ ရေတွေဟာ လူတွေလို နိုင်ရာစား တိုးထွက်နေတာလား၊ ဒါမှမဟုတ် စနစ်တကျနဲ့ စီးဆင်းရွေ့လျားနေတာလားဆိုတာကို ကျုပ်စဉ်းစားနေတာဗျ'

'ဗျာ'

ရုတ်တရက် ပြောချလိုက်တဲ့ ကိုရှမ်းကြီး စကားကြောင့် သူ့မျက်လုံးတွေ ပြူးကျယ်သွားတယ်။

'ခင်ဗျား စဉ်းစားကြည့်လေ၊ ဒေါ်ကြည်သန်းက အစပဲ'

ဟောကြည့်။ ကိုရှမ်းကြီးက သူ့အမေကိုတောင် အမေလို့ မပြောတော့ဘူး။ ဒေါ်ကြည်သန်းတဲ့။ ကိုရှမ်းကြီးက စိတ်ဖောက်ရင် သူနဲ့ ပတ်သက်တဲ့ အရာမှန်သမျှ မေ့သွားတတ်တယ်ဆိုတဲ့ သူ့အမေ ဒေါ်ကြည်သန်းရဲ့ စကားဟာ မှန်နေပြီပေါ့လို့ သူ တွေးလိုက်မိတယ်။

'ဒီဖြစ်ရပ်ရဲ့ ပထမဆုံး ဇာစ်မြစ်ကို ပြောရမယ်ဆိုရင် လွန်ခဲ့တဲ့ နှစ်ရက်လောက်ကို ပြန်သွားရလိမ့်မယ်'

ကိုရှမ်းကြီးက သူ့ကို မကြည့်ဘဲ စကားကိုပဲ ဆက်ပြောနေတယ်။ သူကလည်း ကိုရှမ်းကြီး အာရုံပြောင်းသွားမှာ စိုးပူတာနဲ့ နေရာတောင် ပြင်မထိုင်ဝံ့ဘူး။ ဟုတ်တယ်။ ဟိုးအရင်က ကိုရှမ်းကြီး တစ်ယောက်တည်း ပြောချင်ရာ ပြောတာကို သူက မသိမသာ နားထောင်ရတာ။ အခုဟာက သူ့ကို တကူးတက ပြောပြနေတာလေ။

'လွန်ခဲ့တဲ့ နှစ်ရက်လောက်က ကျုပ်ဆံပင် သွားညှပ်တယ်'

ကိုရှမ်းကြီးဆီက ကြားလိုက်ရတဲ့ နောက်ဆက်တွဲ စကားကြောင့် သူ့ခေါင်းက ဆတ်ခနဲ မတ်သွားတယ်။

'အဲဒီ ဆံပင်ညှပ်ဆရာက ကျုပ်တို့ သုံးရွာကြားမှာ



www.burmeseclassic.com

www.burmeseclassic.com

တော့ နာမည်ကြီးပဲ။ ကျုပ် ဆံပင်ညှပ်ဆိုင်ကို ရောက် သွားတော့ ကျုပ်အရင် စော ရောက်နေတဲ့ လူနှစ်ယောက်ရှိ တယ်။ ကျုပ်လည်း ဒီ အတိုင်း ထိုင်စောင့်မနေချင် တာနဲ့ ဂျာနယ်တစ်စောင်ကို ကောက်ဖတ်နေလိုက်တယ်။ ဂျာနယ်ကို ကျုပ်ဖတ်တာ အနည်းဆုံး နာရီဝက်လောက် ကြာတယ်။ သတိရလို့ ဆံပင် ညှပ်ဆရာကို ကြည့်လိုက် တော့ ကျုပ်ရှေ့ကလူတွေက မရှိတော့ဘူး။ ကျုပ်နောက်မှ ရောက်တဲ့လူတွေကို ညှပ်ပေး နေတာ။ ကျုပ်အလှည့်ကို ကျော်လိုက်တာလေ'

ကိုရှမ်းကြီးက ပြောရင်း ဆိုရင်း စိတ်ပျက်သွားတဲ့ အမူ အရာနဲ့ ခေါင်းတစ်ချက် ယမ်း တယ်။ အဲဒီလို ယမ်းလိုက် တော့ နဖူးပေါ် ဝဲကျနေတဲ့ မညီမညာ ဆံပင်က ကျိုးတိုး ကျဲတဲ ဖြစ်သွားတယ်။ သူ လည်း အဲဒီတော့မှ ကိုရှမ်း ကြီးကို သေချာ ထပ်ကြည့်မိ တယ်။ ရင်ခေါင်းအထိ တက် ဝတ်ထားတဲ့ ပုဆိုးက အကွက် တောင် မပေါ်ချင်တော့ဘူး။ အင်္ကျီအဖြူ ကော်လံက ချေး ကလည်း ညစ်ပတ်နေပြီလို့ ပြောရုံနဲ့ မလုံလောက်တော့ လောက်အောင် ထုနဲ့ထည်နဲ့ မည်းညစ်နေကြပြီ။ သူ ရောက်စကတည်းက ရနေတဲ့ ချဉ်စူးစူး အနံ့ဆိုးဟာ ကိုရှမ်း ကြီးဆီက ထွက်နေတာပါ လားလို့ အခုမှ သူ သဘော ပေါက်သွားရတော့တယ်။

'ကျုပ်လည်း ကျုပ် အလှည့် မရောက်သေးဘူး လားလို့ မေးလိုက်တော့ ရောက်တော့မယ် ရောက်

ကျုပ်ပြောတဲ့
စကားကိုလည်း
ကြားရော
အဲဒီ
အဘိုးကြီးက
ဟာကောင်
အရူးရ
အဲဒါ သဘာဝပဲကွ
တဲ့
ငါတောင်
နိုင်ငံရေး
ပင်စင်ထုတ်ဖို့
ရုံးမှာ
တန်းစီရင်
ငါ့ရှေ့က
လူတွေကို
အဲဒီနည်းနဲ့
ကျော်ရတာကွ
တဲ့

တော့မယ်၊ နောက်ထပ် နှစ် ခေါင်း၊ နှစ်ခေါင်းတဲ့။ ကျုပ် လည်း နောက်ထပ် ဂျာနယ် တစ်စောင်ကို လဲယူပြီး စောင့် နေလိုက်တာပေါ့။ အဲဒီ ဂျာ နယ်ပြီးလို့ ကြည့်လိုက်တော့ နောက်ထပ် နှစ်ခေါင်းဆိုတဲ့ လူတွေ မဟုတ်တော့ပြန်ဘူး။ ထပ်ရောက်လာတဲ့ လူတွေ ဖြစ်သွားပြန်ပြီ။ ကျုပ်လည်း ဂျာနယ်ကိုထားပြီး ပြန်တော့ မယ်လို့ နှုတ်ဆက်လိုက် တယ်။ အဲဒီတော့မှ ဆံပင်ညှပ် ဆရာက ပြန်တော့မလို့လား၊ ဟာဗျာ အားနာလိုက်တာတဲ့'

ကိုရှမ်းကြီးက သူ့ စကားကို ရပ်ပြီး ဟိုးအဝေးဆီ က ဆည်ပေါင်ကို ဦးတည် ပျံသန်းလာတဲ့ ငှက်တစ်အုပ် ကို ငေးနေတယ်။ သူကတော့ ကိုရှမ်းကြီးဆီက ဒီလိုစကား မျိုး ကြားရဖို့ဆိုတာ ရတောင့် ရခဲ အခွင့်အရေးဆိုတော့ မျက်လုံးတွေကိုတောင် တခြား ဘက်ဆီ လွှဲမပစ်ရက်ဘဲ ငေး ကြည့်နေမိတယ်။

'ကျုပ်လည်း အပြန်မှာ စိတ်ပေါက်ပေါက်နဲ့ ဦးသောင်း ရွှေအိမ်ထဲဝင်သွားပြီး အဲဒီ ကိစ္စကို ပေါက်ကွဲပြလိုက် တယ်။ ဟား…ဟား… ဟား…ဦးသောင်းရွှေက ဘာ ပြောတယ် ထင်သလဲ'

ဒီတစ်ခါတော့ ကိုရှမ်း ကြီးက အဝေးကို ငေးပြီး ပြောနေတာမျိုး မဟုတ်တော့ ဘူး။ မျက်လုံးတွေကို သူ့ဆီ သေချာစိုက်ကြည့်ရင်း ပြော နေတာ။ ခင်ဗျားစကားကိုပဲ ဆက်ပြောပါဗျာလို့ အမိပွာယ် ရတဲ့ အပြုံးတစ်ခုကိုပဲ ပြုံးပြ လိုက်ပြီး သူ ဘာသိဘာသာ ခေါင်းညိတ်ပြလိုက်မိတယ်။ အဲဒီထက်လည်း သူ့ဘက်က ဝေဖန်မှုတစ်စုံတစ်ရာ ပေးလို့ မဖြစ်နိုင်ဘူးလေ။ ကိုရှမ်းကြီး အခုပြောနေတဲ့ ဦးသောင်းရွှေ က ဒေါ်ကြည်သန်းရဲ့အဖေ၊ ကိုရှမ်းကြီးရဲ့ ဘကြီး အရင်း ခေါက်ခေါက်ကြီး မဟုတ် လား။

'ကျုပ်ပြောတဲ့ စကား ကိုလည်း ကြားရော အဲဒီ အဘိုးကြီးက ဟာကောင်အရူး ရ၊ အဲဒါ သဘာဝပဲကွတဲ့။ ငါတောင် နိုင်ငံရေးပင်စင် ထုတ်ဖို့ ရုံးမှာ တန်းစီရင် ငါ့ ရှေ့က လူတွေကို အဲဒီနည်းနဲ့ ကျော်ရတာကွတဲ့။ အဲဒီလို အဆင်ပြေအောင် ဟိုလူတွေ ကို ဘယ်လောက်ပေါင်းထား ရတယ် ထင်သလဲတဲ့ဗျာ'

ကိုရှမ်းကြီး စကားကို နားထောင်ရင်း အရိုးမျက်တဲ့ လူက ထမင်းအဖြူကို မျိုရ သလို သူလည်း တံတွေးတွေ ကို အဆက်မပြတ် မျိုမျိုချနေ မိတယ်။ ကိုရှမ်းကြီးကတော့ ဒါကို မသိပါဘူး။ သူ့ဘကြီး ကိုပဲ အခဲမကြေသလိုနဲ့ မျက် နှာကြီးကို ဆယ့်ခြောက် ခေါက်ချိုးကြီး လုပ်ထား တယ်။

နေက ငြိမ်းတော့မယ့် ဆီမီးခွက်လို အနောက်ဘ တောင်တန်းကြီးပေါ်မှာ ခြေ ထောက်တင်နေပြီ။ ခါတိုင် ဒီလိုအချိန်ဟာ သူ အိမ်ပြန်နေ ကျအချိန်။ အခုတော့ ကိုရှမ် ကြီးကိုလည်း ပါအောင် ခေါ် ရမယ့် ဝတ္တရားက ရှိနေတော့ သူ့ အိမ်ပြန်ချိန်တွေတောင် နောက်ကျကုန်ပြီ။

'အဲဒီ အဘိုးကြီးက ရှေ့ ခေတ်က ကောင်စီဥက္ကဋ္ဌ။ ရ ကြီးလုပ်ခဲ့တဲ့လူဗျ။ ကျုပ်မ ငယ်ငယ်ကတည်းက ရင်းနှီ တာ။ အဲဒီလို လူဆီက သ ဟာလည်း အဲဒီလိုနည်းနဲ့ ရ တည်ရှင်သန်နေတဲ့ လူတ ယောက်ပါလို့ သူကိုယ်တိုင် ဖွင့်ပြောတာကို ကြားလိုက် တော့ ကျုပ် သိပ်ရှက်သွား တယ်ဗျာ။ ပြီးတော့ သူ့ကိ လည်း အရင်လို ခင်မင်လေး စားလို့ မရတော့ဘူး ဖြစ်သွား တယ်'

ကိုရှမ်းကြီး စကားက နားထောင်ရင်း သူ ကြက်သီ မွေးညင်းတွေ ထလာတယ် ကိုရှမ်းကြီးက စိတ်ဖော သွားရင် ပတ်သက်ပုံ ပေ



www.burmeseclassic.com

www.burmeseclassic.com

ဆက်ကြောင်းတွေကို မေ့ဘတ်တယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လားလို့ သူ သံသယဝင်မိတယ်။ သူကသာ အဲဒီလိုတွေးနေမိတာပါ။ ကိုရှမ်းကြီးကတော့ သူပြောနေတဲ့ လူတွေဟာ သူနဲ့ ဘာမှ သွေးသားတော်စပ်တဲ့ လူတွေမဟုတ်သလိုဘဲ ရေတွေဆီကို ပြန်ငေးနေတယ်။

'အဲဒါကြောင့် ခင်ဗျား အိမ်က ထွက်သွားတာပေါ့၊ ဟုတ်လား ကိုရှမ်းကြီး'

သူက လိုချင်တဲ့ ပစ်မှတ်ကို ရောက်သခိုက် အပီပစ်ထည့်လိုက်တယ်။ ဒါပေမဲ့ ကိုရှမ်းကြီးက ခေါင်းခါပြတယ်။ ပြီးမှ မျက်နှာကြီးကို မဲ့ရင်း ဆက်ပြောတယ်။

'မဟုတ်ဘူးဗျ၊ ကျုပ် အိမ်ကထွက်လာတာ ဒေါ်ကြည်သန်းကြောင့်'

'ဘယ်လို'

သူက ကိုရှမ်းကြီး စကားကို လင်းလင်းကြီး ကြားလိုက်ရရဲ့သားနဲ့ အံ့သြမှင်တက်မှုတွေနဲ့ ပြန်မေးလိုက်မိတယ်။ မမေးမိချင်မှလည်း နေရော၊ ကိုရှမ်းကြီး ပြဿနာမီးတောက်က သူ့ဘကြီးဆီကနေ သူ့အမေဆီ ကူးသွားပြန်ပြီ မဟုတ်လား။ သူ့ကို ချစ်လှတဲ့ သူ့အမေအရင်း ခေါက်ခေါက်ကြီးကြောင့် သူ အိမ်က ထွက်လာရတာပါဆိုတဲ့ စကားဟာ အရမ်းကို အံ့အားသင့်စရာကောင်းတဲ့ စကားပဲ မဟုတ်လား။

'ဟုတ်တယ်၊ ဒေါ်ကြည်သန်းကြောင့်။ ကျုပ် ဦးသောင်းရွှေဆီက ပြန်လာပြီး အိမ်ရောက်တော့ ဦးသောင်းရွှေကို ပြောတုန်းကထက် နှစ်ဆပိုပြီး ဒေါ်ကြည်သန်းကို ပေါက်ကွဲပြလိုက်တယ်။ ဟဲ ဟဲ ဒေါ်ကြည်သန်းက ဘာပြောလဲသိလား'

စိတ်ဝင်တစား ပြောနေရာကနေ ရုတ်တရက် မေးချလိုက်တော့ သူ့မှာ ဘာဖြေလို့ ဖြေလိုက်ရမှန်း မသိဘူး။ နွားကျောင်းသားကလေးရဲ့ မေ့မေ့ မေ့ လို့ အအော်ခံထားရတဲ့ ပုတတ်တစ်ကောင်လို ငေါင်ငေါင်စင်းစင်းကြီး ဖြစ်နေမိတယ်။

'သူကလည်း သူ့ဆိုင်ကို အထည်လာအပ်တဲ့ ဖောက်သည်တွေကို အဲဒီအတိုင်းပဲ ဆက်ဆံရတာတဲ့။ သူနဲ့ ရင်းနှီးတဲ့လူတွေကို အရင်လုပ်ပေးပြီးမှ စိမ်းတဲ့လူတွေကို အလှည့်ပေးရတာတဲ့။ ဒါဟာ လူ့လောကရဲ့သဘာဝပဲတဲ့။ အဲဒါမှ အဆင်ပြေတာတဲ့။ ကျုပ် အဲဒါကို မကျေနပ်တာ'

ကိုရှမ်းကြီးရဲ့ အသံက တိမ်ဝင်သွားတယ်။ မျက်လုံးတွေက ကျွတ်ပြီး ရေထဲကို ပြုတ်ကျသွားတော့မလို စူးစိုက်လွန်းနေတာကို တွေ့ရတယ်။ တစ်ချက်တစ်ချက် လက်နဲ့ ပွတ်ပွတ်ဆွဲတဲ့ ဒဏ်ကြောင့် ကိုရှမ်းကြီး နှာခေါင်းဖျားဟာ နီရဲနေတယ်။

ဟိုးအနောက်ဘက်ဆီမှာ နေမင်းက ကမ္ဘာ့မြေအတွက် ပုစွန်ဆီရောင် အလင်းငွေ့ငွေ့လေးကိုပဲ ခွဲခွာခြင်းလက်ဆောင်အဖြစ် ချန်ထားရစ်ခဲ့ပြီး တောင်တွေ အောက်ကို ငုံ့လျှိုးသွားပြီ။ ကိုရှမ်းကြီးကတော့ နဖူးကြောကြီးတွေ ထောင်ထနေအောင် မျက်နှာကြီး ရှုံ့မဲ့လို့။

'ခင်ဗျား စဉ်းစားကြည့်ဗျာ။ ဟိုဆံပင်ညှပ်ဆရာကစတဲ့ ကိစ္စဟာ ဦးသောင်းရွှေကနေ ဒေါ်ကြည်သန်းအထိ ဘာလို့ တထေရာတည်း ဖြစ်နေရတာလဲ။ ဘာလို့ သူတို့အားလုံးဟာ အဲဒီနည်းလမ်းကြီးကိုပဲ တစ်ထပ်တည်း ကျင့်ကြံသုံးစွဲနေရတာလဲ။ ကျုပ် ကျုပ်'

ကိုရှမ်းကြီးက ပြောလက်စ စကားကို ရပ်ပစ်ပြီး မျက်နှာကို လက်နှစ်ဖက်နဲ့ အုပ်ချပစ်လိုက်တယ်။ သူ ကိုရှမ်းကြီး ပခုံးကို ဖေးဖေးမမ ကိုင်ထားလိုက်မိတယ်။ ပတ်ဝန်းကျင်က မှောင်သွားပြီ။ နေ့နဲ့ညရဲ့ စပ်ကူးမပ်ကူး အမှောင်နံ့ကို လေက သူတို့နှစ်ယောက်ကြားမှာ ချထားခဲ့ပြီး ဆည်ရေမျက်နှာပြင်ဆီ ဝေ့ဝိုက်သွားတယ်။ သူ အခုအချိန်အထိ ဘာစကားမှ သိပ်မပြောဖြစ်သေးဘူး။ ဒီဇာတ်လမ်းမှာ ကိုရှမ်းကြီးက ဇာတ်လိုက်၊ သူက ဇာတ်ပို့။ ကိုရှမ်းကြီးရင်ထဲက မျိုသိပ်ထားမှုတွေ ဖွင့်အန်ကျလာဖို့ သူက လှုပ်နှိုးပေးရရုံသက်သက်။

'ကျုပ် စဉ်းစားတယ်ဗျာ။ အဲဒီ အဖြစ်အပျက်ဟာ သူတို့ သုံးယောက်တည်းပဲလား။ ဒါမှမဟုတ် ကျုပ်တို့ တစ်ရွာလုံးလား။ တစ်မြို့နယ်လုံးလား။ တစ်နိုင်ငံလုံးလား။ လူ ဘယ်လောက်များများ လက်ခံကျင့်သုံးနေကြတာလဲ။ အဲဒီအတိုင်းကြီး သွားနေမယ်ဆိုရင် စာသင်ကျောင်းတွေမှာ၊ ရုံးတွေမှာ၊ အများပြည်သူနဲ့ဆိုင်တဲ့ လုပ်ငန်းတွေမှာ ကျုပ်တို့နိုင်ငံကြီး ပြည်လည်တည်ဆောက်ရာမှာ'

ကိုရှမ်းကြီးက သူ့ရင်ထဲရှိတာတွေကို တစ်ခုစီ ရွတ်ပြရင်း ဆက်မရွတ်နိုင်တော့ သလိုနဲ့ ရပ်ပစ်လိုက်တယ်။ သူက ကိုရှမ်းကြီး ခံစားနေရတဲ့ ဝေဒနာကို သက်သာလိုသက်သာငြား ပြေရာပြေကြောင်းပြောပေးလိုက်တယ်။

'အာ ကိုရှမ်းကြီးရာ၊ ဒါကတော့'

'ဒါကတော့လို့ ပြောလာရင်၊ ပြောလာတဲ့ လူကိုပဲ ကျုပ်တို့ အရင်ဆုံး သုတ်သင်ပစ်သင့်တယ်ဗျ'

သူ့စကား မဆုံးခင် ဖြတ်ပြောလိုက်တဲ့ ကိုရှမ်းကြီး စကားကို ကြားလိုက်ရတာ ဓားကိုင်ထားတဲ့ လူတစ်ယောက် သူ့ဆီ ကမူးရှူးထိုး ပြေးဝင်လာသလို ခံစားလိုက်ရတယ်။ ခြေမကိုင်မိ၊ လက်မကိုင်မိ ဆက်ပြောရနိုးနိုး၊ ထပြန်ရနိုးနိုး။ သူ့မှာ အလိုလိုနေရင်း မောလာသလို ခံစားရတယ်။ ကိုရှမ်းကြီးနဲ့ ဆွေးနွေးနေတာကို ဒီနေရာမှာ ရပ်လိုက်သင့်ပြီလို့ သူ အသိဝင်လာတယ်။

'ကိုရှမ်းကြီး ကျွန်တော်တို့ ပြန်ကြရအောင်'

သူ့ဆီက အပြောကို ကြားတော့ ကိုရှမ်းကြီးက ဟက်ခနဲတစ်ချက် ရယ်လိုက်သေးတယ်။

'မပြန်ချင်ဘူးဗျာ။ ဟိုဆံပင်ညှပ်ဆရာရယ်၊ ဦးသောင်းရွှေရယ်၊ ဒေါ်ကြည်သန်းရယ်၊ အဲဒီလူတွေ မရှိမှ ကျုပ်ပြန်မယ်။ ဩော် ခင်ဗျားလည်း အဲဒီမှာ မနေနဲ့။ တော်ကြာ ခင်ဗျားကိုပါ အဲဒီရောဂါ ကူးစက်တာ ခံနေရမယ်'

သူ့ကို မေးငေါ့ရင်း

www.burmeseclassic.com

ပြောလိုက်တဲ့ အဲဒီစကားက နောက်ဆုံးပဲ။ နောက်ထပ် ဘာစကားမှ ထပ်မပြောတော့ဘူး။ ထိုင်ရာကလည်း မထဘူး။ အမှောင်ကြီးထဲမှာ ကျောက်တိုင်ကြီးတစ်တိုင်လို ငြိမ်နေတယ်။

'ကျွန်တော်တို့ ပြန်ကြရအောင် အစ်ကို'

သူ နောက်တစ်ခွန်း ထပ်ခေါ်လိုက်တော့ ကိုရှမ်းကြီးက သူ့ကို မော့ကြည့်တယ်။ ပြီးတော့ ခေါင်းယမ်းတယ်။

'မပြန်ချင်ဘူးဗျာ။ အဲဒီလိုလူတွေ ကြီးစိုးနေတဲ့ နေရာကို ကျုပ် ပြန်မလိုက်ချင်ဘူး'

ကိုရှမ်းကြီးက ပြန်မလိုက်ချင်ကြောင်းဘဲ ငြင်းရင်း အသံလောက်သာ ကြားရတော့တဲ့ ရေလွှဲပေါက်ဆီကို ငေးနေပြန်တယ်။ လေကသာ သောင့်သာယာ မဟုတ်ဘဲ ခပ်ပြင်းပြင်း တိုက်လာနေတယ်။ ဆည်ကြီးရဲ့ အမြင့်ဆုံးနေရာက ဆည်စောင့်ဝန်ထမ်းတွေနေတဲ့ အဆောက်အဦဆီက အလင်းရောင်လေးကို ကြယ်ကလေးတစ်လုံးလို လှမ်းမြင်နေရတယ်။

'ကိုရှမ်းကြီး၊ ကျွန်တော်ပြောမယ်၊ ခင်ဗျား သေချာနားထောင်'

ကိုရှမ်းကြီးက သူ့စကားကို အသိအမှတ်ပြုသလိုမျိုးနဲ့ ခေါင်းတစ်ချက် ဆတ်ပြတယ်။

'တကယ်တော့ ဦးသောင်းရွှေက ခင်ဗျား ဘကြီးအရင်းလေ၊ ခင်ဗျား အဲဒါကို မသိဘူးလား'

ကိုရှမ်းကြီးက တစ်ချက်ပြုံးလိုက်ရင်း ခေါင်းကို အသာယမ်းပြတယ်။

'ဒါဆို ဒေါ်ကြည်သန်းကိုရော ခင်ဗျားသိလား'

ကိုရှမ်းကြီးက ခေါင်းကိုပဲ တွင်တွင် ယမ်းပြတယ်။

'ဟုတ်ပြီ။ ကျွန်တော် ပြောပြမယ်။ ဒေါ်ကြည်သန်းဆိုတာ ခင်ဗျားအမေလေ။ အခု ခင်ဗျားကို ခင်ဗျားဘကြီးနဲ့ ခင်ဗျားအမေက ကျွေးမွေးစောင့်ရှောက်ထားတာလေ။ သူတို့မရှိရင် ခင်ဗျားကို ဒီပုံစံကြီးနဲ့ ဘယ်သူက ကျွေးမွေးထားမှာလဲ။ ခင်ဗျားပြောသလို သူတို့ မရှိမှဆိုရင် ခင်ဗျားလည်း လောကထဲမှာ နေရထိုင်ရ ခက်သွားမယ်လေ။ ဟုတ်ဘူးလား'

'ဟဲ ဟဲ'

ကိုရှမ်းကြီးက သူ့စကားထဲက ဘယ်စကားလုံးကို သဘောကျသွားမှန်း မသိဘူး။ သူ့မူပိုင်ဟန်နဲ့ 'ဟဲဟဲ' လို့ ရယ်တယ်။ ပြီးတော့မှ သူ့ဘက်ကို လှည့်လာတယ်။

'သူတို့မရှိလို့ ကျုပ်တစ်ယောက်တည်း ဒုက္ခရောက်ရတာထက်စာရင် သူတို့ရှိနေလို့ အားလုံး ဒုက္ခရောက်ရမှာက ပိုမဆိုးဘူးလား'

အရှိုက်ကို လက်သီးနဲ့ အထိုးခံလိုက်ရသလို သူ့ရင်ထဲ နင့်သွားတယ်။ ကိုရှမ်းကြီးဆီက အဲဒီလို စကားမျိုး ကြားရလိမ့်မယ်လို့ သူ ဘယ်တုန်းကမှ တွေးမထားခဲ့ဖူးဘူး။ လက်နက် အပြည့်အစုံ မပါဘဲ ရန်သူ့နယ်မြေထဲ ရောက်သွားရတဲ့ လူတစ်ယောက်လို သူ့ရင်ခုန်သံတွေ မမှန်ချင်တော့ဘူး ဖြစ်လာတယ်။

'သြော် ဒါနဲ့ မေးပါဦးမယ်'

တစ်ဖက်နဲ့တစ်ဖက် မမြင်ရတဲ့ လမ်းကွေ့တစ်ခုကနေ ကရိန်းကားကြီးတစ်စင်း ရုတ်တရက် ပေါ်လာသလို မေးခွန်းမျိုးနဲ့ ကိုရှမ်းကြီးက သူ့ကို မေးတယ်။

'ခင်ဗျားကရော ဘယ်သူလဲ၊ ဘာလို့ ကျုပ်ကို စကားတွေ လာပြောနေတာလဲ'

ကိုရှမ်းကြီး အမေးကိုလည်း ကြားလိုက်ရော သူ့မှာ မျက်နှာကို ကမန်းကတန်း အောက်ငုံ့နေလိုက်မိတယ်။ ဘယ်လို ဖြေလိုက်ရမလဲဆိုတဲ့ အဖြေကို သွေးခုန်နှုန်းနဲ့ ထပ်တူ တွက်ချက်ပစ်လိုက်မိတယ်။

'ကျွန်တော်က ခင်ဗျားကို အိမ်ပြန်ခေါ်ဖို့ လိုက်ရှာနေတဲ့သူပါ'

သူ့ကိုယ်သူတောင် အံ့အားသင့်သွားမိတယ်။ သူ ကြိုတင်ကြံစည်မထားတဲ့ အဖြေစကားကို သူ အားရကျေနပ်သွားမိတယ်။ သူ့အဖြေကို ကြားတော့ ကိုရှမ်းကြီးက တစ်ချက် တွေသွားပြီး မတ်တတ်ထရပ်တယ်။

'လာဗျာ၊ အဲဒါဆိုလည်း ကျုပ် ပြန်လိုက်ခဲ့ပါ့မယ်'

ဟောကြည့်။ ကိုရှမ်းကြီးက ပြန်လိုက်မယ်ဆိုပြီး ဆည်ပေါင်ပေါ်ကို ဒိုက်စိုက်ဒိုက်စိုက်နဲ့ တက်သွားတယ်။ သူလည်း အဲဒီတော့မှ ကိုရှမ်းကြီးနောက်က လိုက်တက်ရင်း ဆိုင်ကယ်ကို အသင့်အနေအထား ပြင်လိုက်တယ်။

'ခင်ဗျားကို ကျုပ် နောက်ဆုံး ပြောမယ်နော်။ အခု ဟာက ခင်ဗျားကို အားနာလို့ လိုက်လာတာ။ တစ်နေ့ကျရင် ကျုပ် ပြန်ထွက်လာမိဦးမှာပဲ။ ခင်ဗျားလည်း အဲဒီမှာ မနေပါနဲ့ဗျာ။ အဲဒီမှာ ရှိနေတာ လူတွေမဟုတ်ဘူး။ အဲဒီမှာ ရှိနေတာက ဘီလူးတွေ။ ဘီလူးတွေက လူယောင် ဖန်ဆင်းထားကြတာ'

ကိုရှမ်းကြီးက သူ့ရဲ့ နောက်ဆုံးစကားတန်းကြီးကို ဖြတ်ပစ်လိုက်ပြီး သူ့နောက်က တက်ထိုင်တယ်။ ဘီလူးတွေက လူယောင်ဖန်ဆင်းထားတာတဲ့။ အဲဒါဆို ဦးသောင်းရွှေက ဘီလူးပေါ့။ ဒေါ်ကြည်သန်းက ဘီလူးပေါ့။ ပြီးတော့...ပြီးတော့...။

သူ ကြက်သီးတွေ တဖြန်းဖြန်း ထလာပြီး နောက်ကျောမှာ အပေါက်ကြီး ပေါက်နေသလို ခံစားရတယ်။ တော်သေးတာပေါ့။ တော်သေးတာပေါ့။ ကိုရှမ်းကြီးက သူ့ကို မမှတ်မိလို့သာပေါ့။ သူ့ကိုများ မှတ်မိရင် ခင်ဗျားဟာလည်း...ဆိုပြီး သေသေချာချာကြီး ပြောပြီပေါ့။ ပြောကို ပြောပြီပေါ့။

အင်း၊ မဖြစ်ဘူး မဖြစ်ဘူး၊ နောက်တစ်ခါ သူ့ဆံပင်ညှပ်ဆိုင်ကို ကိုရှမ်းကြီး ရောက်လာရင် ပထမဦးစား ပေးလုပ်ရမယ့် စာရင်းထဲမှာ ကိုရှမ်းကြီးကို ထည့်ထားမှ ရတော့မယ်လို့ တွေးရင်း ဆိုင်ကယ်ကို ဆည်ပေါင်ပေါ်က နေ ဖရီးရိုက်ပြီး ဆင်းချလိုက်တော့တယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၁၈၉)မှ...*

ကြိမ်မှာ ယောက်ျားအစွမ်းသုံးခါဟု ခါးတောင်းကျိုက် ကြုံးဝါးပြီးသကာလ ရွှေဝတ္ထုတိုကိုတက်ဖို့ ဆင်ကြံကြံတော့သည်။ ထိုးမည့်ဆင် နောက်တစ်လှမ်းဆုတ်သည့်အနေနှင့် ရွှေမှာပါသမျှ ဝတ္ထုတိုများကို ကလောင်အို၊ ကလောင်ဟောင်း၊ ကလောင်သိုး၊ ကလောင်သစ်၊ ကလောင်မဖြစ်တဖြစ်ကအစ သိမ်းကျုံးဖတ်ပစ်လိုက်သည်။ ဒီမှာ ကျွန်တော် လှမ်းမြင်ပြီ။ ကလောင်ကြီးများ၏ ရင့်သပ်ရှမောဖွယ်ခမ်းနားမှုများ၊ ကလောင်သစ်များ၏ ငေးမောအံ့သြဖွယ် စွမ်းအားစုများ။ ရင်မှာ တလှပ်လှပ်လှိုက်ခုန်ကာ အရည်အသွေးစုံ လှပဖူးဝင်း ရွှေရောင်ပန်းတစ်ခင်းဆီသို့။

ကျွန်တော် ရွှေဝတ္ထုတိုကို လှမ်းတက်သောအခါလည်း သွားလမ်းသာလာလမ်းဖြောင့်ခဲ့သည်။ စပို့သည့် ဝတ္ထုတိုကပင် အစပြု၍ တစ်ပုဒ်ချင်း မှန်မှန်ပန်းဝင်ခဲ့၏။ ဒီမှာ ကျွန်တော် လောဘတက်လာသည်။ တစ်လတစ်ပုဒ်နှုန်းအားထုတ်ပို့နေခဲ့မိခြင်း ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင် ထိုသို့ စိပ်စိပ်ပို့သည့်အခါမှ တစ်နှစ်လုံးမှ တစ်ပုဒ်လောက်သာ ဖျစ်ဖျစ်ညှစ်ညှစ်ပါ၏။ ပို့ထားသည့်လအစဉ်မဟုတ်တော့ဘဲ လေးငါးပုဒ်လောက်ကို ကျော်ချပြီးမှ နောက်ဆုံးပို့ထားသည့် ဝတ္ထုတိုကို ဖော်ပြခြင်းမျိုးဖြစ်လာသည်။ ရှေ့ပိုင်းက ပို့ထားသည့် စာမူများကို မသုံးဖြစ်ဘူး ထင်နေရာမှ မြုန်းခနဲ ပြန်တွေ့ရတတ်ပြန်သည်။ ထို့ကြောင့်လည်း စာမူ သုံး မသုံးကို အထူးတလည် မေးမနေတော့ဘဲ ကိုယ့်ဘက်က အကောင်းဆုံးဖြစ်အောင် ဖန်တီးပေးပို့လျက် နားလည်စွာ စောင့်စားခဲ့၏။ စာပေမိတ်ဆွေတစ်ယောက် ရန်ကုန်သို့လမ်းကြုံစဉ်က ကျွန်တော် တစ်လတစ်ပုဒ်နှုန်း ရေးပို့နေသည်နှင့် ပတ်သက်၍ ရွှေဥယျာဉ်မှူးကြီးထံမှ သဘောထားအမြင် မေးမြန်းစေခဲ့ရာ စာမူပို့ဖို့က စာရေးသူရဲ့ အလုပ်ပဲ၊ ကိုယ့်အလုပ်ကိုယ်လုပ်ပြီး ပို့သာပို့ပါဟု ပြန်ကြားခဲ့သည်ကြောင့် အားတက်ခဲ့ရသည်။ ပို့မြဲပို့ဖြစ်ခဲ့သည်။

ဒီတစ်ခါတော့ စာရေးဖို့ အချိန်နည်းသွားသည့် အလုပ်အကိုင် အခြေအနေသို့ ပြောင်းလဲခဲ့ပြီ ဖြစ်သောကြောင့် ယခင်က အားကောင်းမောင်းသန် ပို့ထားခဲ့သည့် စာမူများဖြင့် ရွှေပန်းခင်းမှာ ဝင်းလက်ခွင့် စောင့်ရပေဦးမည်။ ဤစာရေးနေသည့် အချိန်ထိ ရွှေပန်းခင်းမှာ ဝတ္ထုတို ၁၃ ပုဒ် ဝင်းလက်နိုင်ခဲ့ပြီ။ ရွှေ ၆၆ နှင့် ရွှေ ၆၇၊ ဝတ္ထုတိုစုစည်းမှုများတွင် ပါဝင်ခွင့်ရခဲ့သည်။ ပို့ထားဆဲ ဝတ္ထုတို ၆ ပုဒ်။ သုံးနှစ်လောက် စောင့်ရသည့် အတွေ့အကြုံကလည်း ရှိထားပြီဖြစ်၍ အရေထူပြီ။ ရွှေဥယျာဉ်မှူး ပေါင်ချိန်ကြီး၏ ဓားစက်အောက်မှ လွတ်မြောက်ပါစေကြောင်း ဆုတောင်းရုံမှ တစ်ပါး အတွန့်မတက်ရဲပါလေ။ အဘယ်ကြောင့်နည်းဟူမူ အနီပုဂ္ဂိုလ်ကြီးကို အကြွင်းမဲ့ ယုံကြည်ပြီး ဝကွက်ကာ အပ်ထားပြီးသောကြောင့်။ ဥယျာဉ်မှူးကြီးအပေါ် ယုံကြည်သည့်အကြောင်းကလည်း သက်သေသက်ကန် အထောက်အထား ပြည့်စုံလုံလောက်ပြီးသား။

ကလောင်အမည်ကို တည့်မတ်ပေးကာ ပွဲလယ်တင့်စေ၏။ ခေါင်းစဉ်တပ်တတ်အောင် ညွှန်သည်။ စကားပြောနှင့် စကားပြေ ခွဲရေးတတ်ဖို့ ပြသည်။ ခေတ်ပြိုင် ခံစားမှုကို ဖွင့်ဆိုသည်။ စာအုပ်အပြင်အဆင်ကို အလေးထားသည်။ စာရေးသူများ အားလုံးကို လေးစားသည်။ ရသစာပေအတွက် ကြံ့ကြံ့ခံသည်။ စာပေဆုကို ရှုပ်ရှုပ်ချုံချုံ တည်ထောင်သည်။ ရွှေတစ်ခေတ်မကျန်ခံနိုင်ရိုးလား။ စာတည်းက စာလောက်ကိုပဲ တည်းတာ၊ စာဖတ်သူက စာကိုရော စာတည်းကိုပါ တည်းတာဟု ကြားဖူးပါသည်။ စာဖတ်သူများကြားမှာ လက်ခုပ်သံ ညံမစဲသည်က ရွှေ၏ အောင်မြင်မှုသရဖူ။ ကျွန်တော်နေသည့် နယ်တွင် ရွှေပန်းခင်းမှာ လန်းစွင့်နေသူတစ်ဦး ရှိသေးသည်။ လူစုစုကြားမှာ သူနှင့်ကျွန်တော် စကားလက်ဆုံ ကျနေခဲ့လျှင် အကြောင်းသိများက သူတို့က ရွှေအုပ်စု အချင်းချင်းလေဟု မေးငေါ့ကာ ရယ်သွမ်းသွေးကြသည်။ မည်သူ ရွှေခေတ် ဖြစ်ဖြစ် မဖြစ်ဖြစ် ကျွန်တော်တို့ ဖြစ်ပြီ။

❑

*'ပန်းတစ်ခင်းကို မြင်းစီးပြီး မကြည့်ပါနှင့်၊ လမ်းလျှောက်ပြီး ကြည့်ပါ'*

***(ဥက္ကာနှကြီး မော်စီတုန်း)***

ကျွန်တော် ရွှေပန်းခင်းကို စတင်ဝင်ရောက်စဉ်ကပင် မြင်းစီး၍ မဝင်ခဲ့ပါ။ တစ်လှမ်းချင်း တစ်လှမ်းချင်း ဖြည်းဖြည်းမှန်မှန် လျှောက်ကာ အေးအေးဆေးဆေး စိမ်ပြေနပြေ အရသာခံ ကြည့်ရှုလာခဲ့ခြင်း ဖြစ်ပါသည်။ သို့နှင့် ကျွန်တော့်မှာ ပင်ပင်ပန်းပန်းမရှိ။ လန်းဆန်းတက်ကြွမြဲ ဖြစ်သည်။ လမ်း၏ ခက်ထရော်မှုကို သိသည်။ ချောမွေ့မှုကို သိသည်။ မွှေးရနံ့ကို ရှူသည်။ ဖက်စိမ်းနံ့ကို ရင်းနှီးသည်။ နံနက်နေခြည်ကို လှုံသည်။ ညနေလေပြည်ကို ကြုံသည်။


အကယ်တန္တကျွန်တော့်မှာ မြင်းစီးဖို့ ကရိကထကိုလည်း ခံနိုင်မည်မဟုတ်။ မြင်းစီးဖို့ မကြုံခဲ့ရသည့် ကိုယ့်ကံကြမ္မာကိုပင် ကျေးဇူးတင်နေမိသည်။ မြင်းမစီးဘဲ သူလိုကိုယ်လို ရိုးရိုးရှင်းရှင်း ဖြတ်သန်းသည်ကြောင့် ဥယျာဉ်မှူးသည်လည်း ကျွန်တော့်ကို ဟန့်တားစရာ မရှိခဲ့သကဲ့သို့ ပြန်ထွက်သွားသည်ကိုလည်း ဂရုပြုမိစရာမရှိ။ ကျွန်တော် စိတ်လိုလက်ရရှိသည့် အခါတိုင်း ရွှေပန်းခင်းဆီ အကြိမ်ကြိမ် ပေါ့ပေါ့ပါးပါး ခေါင်းတိုး လှည့်ဝင်မိမည်လည်း သေချာ၏။

ရွှေပန်းခင်းသို့ ဝင်ကြည့်ကြရာတွင် အချို့က အလျှင်စလို မြင်းစီးဝင်ပြီး လေရူးတစ်ဖော့စာမျှ အချိန်ကလေးမှာ ဟီသံပေးကာ အဟုန်ဖြင့် ပြန်ထွက်ဖို့ ကြံကောင်းကြံကြအံ့။ အချိန်ယူ၍ လမ်းလျှောက်ဝင်ကြည့်ကြဖို့သာ ကျွန်တော် တိုက်တွန်းရလေဦးမည်တည်း။ ။

■

**လှမြင့်အောင်၊တောင်ကုတ်၊**

www.burmeseclassic.com




# အပြင်မှာ မိုးတွေရွာနေတယ်

**နေရင်လတ်**

www.burmeseclassic.com

www.burmeseclassic.com





အားလုံးထဲမှာ ဖာတ်လိုက်က 'ဖာဂါဘို'
အားလုံးသိကြတဲ့
မေဒင်ဆရာကြီး 'စံဖာဂါဘို' ခိုတဲ့သူပဲ
သုကာတော့ ဖြူနေတဲ့ ဆံပင်တွေ
လူတွေ့မှာ ဖိုးရိုလားမသိဘူး ခေါင်းကို
ပြောင်နေအောင် တုံးထားလေရဲ့

'ဆမ်မီ ခဏပြန်လာမှာမို့ Pataya Restaurant မှာ (၆း၀၀) ဆုံကြမယ်၊ လာဖြစ်အောင်လာခဲ့ပါ' ဘမောင်ဖုန်းထဲ SMS ဝင်လာတယ်၊ ရုတ်တရက် Sammy ဆိုသူကို ခေါင်းထဲဖော်မရ၊ မသေချာတာနဲ့- 'RIT ကျောင်းသားဟောင်း ဆမ်မီလား' ဟုတ်ပါတယ်၊ ၁၉၇၀ ခုနှစ်တွေ ဆီက အတူကျောင်းတက်ခဲ့တဲ့ သူငယ်ချင်းဟောင်း စံမြင့်သိန်းကြီးပဲ ဖြစ်ပါတယ်။ ၁၉၈၁-ကတည်းက အမေရိကားကို ထွက်သွားလိုက်တာ ဒီနေ့အထိ သူ့ကို တစ်ခါမှ မတွေ့ဖြစ်တော့ဘူး။ ဒီကောင်ကြီး 'ဝ'လာသလား၊ "ပိန်" သွားသလား၊ ဆံပင်တွေ ဘယ်လောက် ဖြူနေပြီလဲ မသိဘူး။ ကံကလေး ကောင်းချင်တော့ ဘမောင်က ရန်ကုန်မှာရှိနေတာနဲ့ အတော်ဖြစ်သွားတယ်။ အရွယ်တွေ ရလာကြတော့လည်း ငယ်ငယ်က သူငယ်ချင်းတွေနဲ့ ပြန်တွေ့ရတာ အတော် ကြည်နူးရပါလို့ ထင်တယ်။

အဲဒီခေတ်တုန်းက ကျောင်းပြီးတာနဲ့ နိုင်ငံခြားကို ထွက်သွားကြတဲ့သူတွေ အရေအတွက် မနည်းဘူး။ ဆမ်မီနဲ့



www.burmeseclassic.com

www.burmeseclassic.com

ကိုသက်ဝင်း (ရုပ်ရှင်သရုပ်ဆောင် မေဝင်းမောင်ခင်ပွန်း)တို့ တစ်နှစ်တည်း ထွက်သွားကြတယ်နဲ့ တူတယ်။ ငြိမ်း မင်းလည်း အဲဒီနှစ်မှာပဲ သွားတာလား မသိဘူး၊ အခုတော့ အမေရိကန်နိုင်ငံ သားတွေ ဖြစ်ကုန်ကြပြီ။ အင်ဂျင်နီယာ တွေဖြစ်ပြီး၊ နှစ်တွေကြာလာတော့ တော် တော်လေး အခြေတည်ကုန်ကြပြီလို့ ပြောလို့ရတယ်။

'ယဉ်ထွေးသက်'

ရုတ်တရက် နာမည်ကြားလိုက်ရင် အင်မတန်ချောတဲ့ မိန်းကလေးတစ်ဦးလို့ ထင်သွားမှာ သေချာတယ်။ တကယ် တော့ နဖူးပြောင်ပြောင်နဲ့ အသက် ၆၀ အရွယ် အဘိုးကြီးပါ။ ဘမောင်တို့ သူငယ်ချင်း၊ တစ်နေရာမှာ 'ယဉ်ထွေး သက်'ဆိုလို့ 'ဒေါ်ယဉ်ထွေးသက်'လား ဆိုပြီး အမေးခံခဲ့ရတဲ့လူ။ ပြီးခဲ့တဲ့ တစ် ပတ်ကတောင် နေပြည်တော်ကိုအသွား၊ လေဆိပ်မှာတွေ့လို့ စကားနည်းနည်း ပြောဖြစ်လိုက်ကြသေးတယ်။ ဆမ်မီတို့ ယဉ်ထွေးသက်တို့၊ လုလုတို့ ဆိုတာက မေဂျာတူ ပိုပြီးတွဲဖြစ်ကြတဲ့အုပ်စု၊ ဘမောင်က ဗိသုကာဆိုတော့ သူတို့နဲ့ တစ်ခါတလေမှ တွဲဖြစ်တာ။

နောက်ရှိသေးတယ်၊ 'ပြုံးမောင် မောင်'၊ ရုပ်ရှင်သရုပ်ဆောင် (ဒေါ်)ခင် သီတာထွန်းရဲ့ခင်ပွန်း၊ ငယ်ငယ်က လူချောတွေ၊ အခုတော့ တစ်ခေါင်းလုံး ဖြူနေပြီး ဖက်တီးကြီး ဖြစ်သွားပြီ။ ခင်သီတာထွန်းနဲ့ မြင်းစီးသင်ရင်း အိမ် ထောင်ကျသွားကြတာ။ ငယ်ငယ်တုန်း က နာမည်ဆင်တူ 'ပြုံးပြုံးဦး' ဆိုတာ ရှိသေးတယ်။ ပြုံးမောင်မောင်နဲ့ ပြုံးပြုံး ဦးကို ဝိုင်းပြီး 'မ' ကြသေးတာ မှတ်မိ သေးတယ်။ ဒါပေမဲ့ သူတို့က ရိုးရိုးသား သားပါ။

အားလုံးထဲမှာ ဇာတ်လိုက်က 'ဇာဏီဘို'၊ အားလုံးသိကြတဲ့ ဗေဒင် ဆရာကြီး 'စံဇာဏီဘို' ဆိုတဲ့သူပဲ။ သူကတော့ ဖြူနေတဲ့ ဆံပင်တွေ လူတွေ့ မှာစိုးလို့လားမသိဘူး၊ ခေါင်းကို ပြောင် နေအောင် တုံးထားလေရဲ့၊ မိုက်ကြီးက

မကြာခင်မှာ
ပြုံးမောင်မောင်
ရောက်လာတယ်
တံခါးဖွင့်လိုက်တာနဲ့
မျက်နှာကို
မမြင်ရသေးဘူး
ဗိုက်ဖောင်းဖောင်းကြီးကို
စပြီး
တွေ့လိုက်ရတယ်
ဆံပင်ကတော့
တစ်ခေါင်းလုံး
ဖွေးနေတာပဲ

လည်းထွက်လို့၊ ပြုံးမောင်မောင်နဲ့ ဇာဏီ ဘို နှစ်ယောက်မှာ ဘယ်ဗိုက်က ပိုကြီး သလဲလို့တော့ မတိုင်းမိလိုက်ဘူး။ သေချာတာတစ်ခုကတော့ ဇာဏီ လည် ပင်းမှာ ဆွဲထားလေ့ရှိတဲ့ လက်မလောက် အလုံးကြီးနဲ့ ရွှေဆွဲကြိုးကြီးကတော့ သာမန်ထက်ကြီးတာ သေချာတယ်။

❑

အပြင်သိပ်မထွက်ဖြစ်လို့ ပတ္တရာ စားသောက်ဆိုင်ကို အတော်ရှာလိုက် ရသေးတယ်။ မလိခလမ်းထဲမှာ၊ မလိခ နဲ့ မေခလမ်းကို ဘမောင်ဆိုတဲ့ ငတုံးက မှားပြီး ဝင်သွားလိုက်ရသေးတယ်။ အဲဒီ ဆိုင်ကို သိသလိုလို၊ မသိသလိုလိုနဲ့ ဘယ်မှာရှိမှန်း မသေချာခဲ့ဘူး။ ခြံတစ်ခြံ အရောက် ခြံတံခါးပိတ်နေတဲ့ တိုင်းရင်း သူ အမျိုးသမီးတစ်ဦးကို ခပ်ရှက်ရှက်နဲ့ မေးလိုက်ရတယ်။ သူက အသေအချာ လမ်းညွှန်ပြမှပဲ ရောက်ပါတော့တယ်။ ဘမောင်တို့ ငယ်ငယ်တုန်းက လူကြီး တွေကို 'ဒိတ်အောက်သွားပြီ' လို့ ပြော ခဲ့တဲ့ဝဋ်ကို အခုမှ ပြန်လည်တာလေ၊ အသက်တွေ သိပ်မကြီးကြသေးဘဲနဲ့ တောင် ဘမောင်တို့ ဒိတ်တွေ တော် တော်အောက်သွားခဲ့ကြပြီ။ ကိုယ်တွေ သာ ဒိတ်အောက်တာပါ၊ ရွယ်တူတွေ ထဲမှာ ဒိတ်မအောက်တဲ့သူတွေ အများ ကြီးပဲ ရှိသေးတယ်။

စားသောက်ဆိုင်လေးကို ရောက် တော့ ဘမောင်က လမ်းရှာနေရတာနဲ့ ၁၅ မိနစ်လောက် နောက်ကျသွားတယ်။ လုလု၊ ယဉ်ထွေးသက်၊ ဆမ်မီတို့ လေးငါးယောက် ရောက်နှင့်နေကြပြီ။

'ဟဲလို…ဆမ်မီပါ…'

'မှတ်မိတယ် သူငယ်ချင်း၊ ဘာမှ မပြောင်းသေးဘူး၊ အထူးသဖြင့် ဆံပင် ပေါ့'

ဒီကောင်ကြီး ဆံပင်ဆေးဆိုးထား သလားမသိဘူး၊ မဖြူသေးဘူး၊ ဆံပင် လည်း မပါးသေးဘူး၊ သူများတွေလို လည်း သိပ်ပြီး ဝမလာဘူး၊ ခန္ဓာကိုယ် ကို တော်တော်ထိန်းထားနိုင်သေးတာ တွေ့ရတယ်။

'ဒါ ဘယ်နှကြိမ်မြောက် ရောက် လာတာလဲ၊ နှစ်ပေါင်း သုံးဆယ်ကျော် အတွင်းမှာ'

'ဒုတိယအကြိမ်လေ၊ ၂၀၀၄ က တစ်ကြိမ် ရောက်သေးတယ်၊ သူငယ် ချင်းနဲ့ မဆုံဖြစ်လိုက်ခဲ့ရဘူး'

မကြာခင်မှာ ပြုံးမောင်မောင် ရောက်လာတယ်၊ တံခါးဖွင့်လိုက်တာနဲ့ မျက်နှာကို မမြင်ရသေးဘူး၊ ဗိုက်ဖောင်း ဖောင်းကြီးကို စပြီး တွေ့လိုက်ရတယ်။ ဆံပင်ကတော့ တစ်ခေါင်းလုံး ဖွေးနေ တာပဲ၊ အနက်ရောင်ဆိုလို့ အားနာပါးနာ နဲ့ တစ်ချောင်းတလေတောင် မရှိရှာ တော့ဘူး၊ ဘမောင်ကမှ တော်သေး တယ်၊ တစ်ဝက်ဖြူလေးလောက်ပဲ။

ပြုံးမောင်မောင်က အရက်ပုလင်း ကြီးပိုက်ပြီး…

'ဆောရီး…နည်းနည်း နောက်ကျ သွားတယ်၊ ဆိုင်ရှာနေရလို့'

ဘမောင်ဘက်လှည့်ပြီး…

'ရောက်တာကြာပြီလား…'

www.burmeseclassic.com

www.burmeseclassic.com

'အခုလေးတင်မှ… ကိုယ်လည်း ဆိုင်ရှာလိုက်ရသေးတယ်'

ဘမောင်တို့ငယ်ငယ်က သူငယ်ချင်းအုပ်စုတွေထဲမှာ သူ့ဝိသေသနဲ့သူ ရှိနေကြတယ်၊ ကြီးလာခဲ့ကြတဲ့အထိ မပြောင်းလဲသေးဘူး။ ဥပမာ- လုလု ဆိုပါတော့၊ သူက ကျောင်းသားဘဝကတည်းက ခေတ်မီခဲ့တာ အခုထက်ထိပဲ။ သူ့နာမည်က ဖော်မင်း၊ ဒါပေမဲ့ 'လုလု' လို့ပဲ အခေါ်များတယ်။ 'ထူးကုမ္ပဏီအုပ်စု' မှာ ဒုတိယဥက္ကဋ္ဌလား မသိဘူး၊ အရင်က ဘီလီယံအုပ်စုမှာ ပါခဲ့ကြသေးတယ်။ မြန်မာ့စီးပွားရေးလောကမှာ နာမည်ကြီးတွေပေါ့။ လုလုကတော့ ငယ်ငယ်ကတည်းက ပိန်ပိန်ပါးပါးနဲ့ နေလာလိုက်တာ အခုထက်ထိ ပိန်ပိန်ပါးပါးပဲ၊ ခန္ဓာကိုယ် အချိုးအစား လုံးဝ မပြောင်းလဲသွားတာ ဒီကောင်ကြီး တစ်ယောက်တည်းပဲရှိတယ်နဲ့တူတယ်။ ဆေးဆိုးထားသလား မသိဘူး၊ ဆံပင်မဖြူသေးဘူး၊ နည်းနည်းတော့ ဆံပင်ပါးသွားတယ်။

ဒီအုပ်စုထဲမှာ ဟာသအပြောဆုံးကတော့ ယဉ်ထွေးသက်ပဲ၊ တဝါးဝါး ရယ်နေရတယ်။

'ဒီကောင်ကြီး ဒီလောက် နောက်တတ်မှန်း ကိုယ်အစက မသိခဲ့ဖူးဘူး'

'အဲဒီတုန်းက ဒီလို ဘယ်လိုနေလို့ ရမလဲလေ၊ ရည်းစားကြိုက်အောင် နေပြရတာကိုး'

ယဉ်ထွေးသက်ရဲ့ရည်းစားက နန်းအမရာ၊ ရှမ်းတိုင်းရင်းသူလေး၊ အမရာက ဗိသုကာဆိုတော့ ဘမောင်တို့နဲ့ မေဂျာတူတယ်။ တစ်တန်းတည်း၊ အဲဒီတုန်းက တစ်ကျောင်းလုံးမသိချင်လည်း သိနေရတဲ့အတွဲ ခပ်နည်းနည်းပဲ ရှိခဲ့တယ်။ အဲဒီအထဲမှာ ယဉ်ထွေးသက်နဲ့ အမရာတို့လည်း ပါတယ်။ တော်တော် ချစ်ကြတဲ့ အတွဲလို့ ပြောလို့ရတယ်။ ထမင်းစားချိန်၊ ကျောင်းတက်ချိန်၊ ကျောင်းလွှတ်ချိန်တိုင်း ဌာနမှာ ယဉ်ထွေးသက်ကို တွေ့ရလေ့ရှိတယ်။ တည်တည်ငြိမ်ငြိမ်ပဲ၊ လူတွေ့ရင်တောင်မှ

မင်းကာသာ
မသိတာ
အဲဒီကောင်
အမရာရှေ့မှာ
မျက်တောင်လေး
ခဝါချပြီး
နေရာကနေ
ငါတို့ဆီ ပြန်ရောက်ရင်
ဖောင်းထဲက
လွှတ်လိုက်တဲ့
မြင်းအတိုင်းပဲ
ထိန်းလို့ကို
မရတဲ့ ကောင်ကွ

ပြုံးပြတဲ့အပြုံးက မပွင့်တပွင့်။ အခုလိုကြီး ဟာသတွေကို သူများပါးစပ်မပိတ်ရအောင် ပြောတတ်၊ နောက်တတ် ရွှတ်တတ်လိမ့်မယ်လို့ မထင်ခဲ့မိဘူး။

အမရာက ခပ်သေးသေးလေး၊ ဒါပေမဲ့ ငယ်ငယ်ကတည်းက လူကြီးဆန်တယ်၊ အဲဒီတော့ ယဉ်ထွေးသက် မလှုပ်ရဲဘူးနဲ့တူတယ်။

'မင်းသာ မသိတာ ဘမောင်၊ မင်းတို့ဌာနရောက်ရင် ဒီကောင်က မခုတ်တတ်တဲ့ကြောင်၊ ဝါတော်ရ ဆရာတော်ကြီးလို။ ငါတို့နဲ့တွေ့ရင်လား၊ ဟင်းဟင်း ထိန်းလို့တောင် မရတော့ဘူး၊ သူငယ်ငယ်က သောက်ကျင့်က အခုအတိုင်းပဲ'

'သြော် သြော်၊ ဂလိုကြီးတဲ့လား'

'အဲဒါကကိုက သူ့အတတ်ပညာလေ'

အားလုံး လူငယ်လေးတွေ ပြန်ဖြစ်သွားကြပါတယ်၊ ယဉ်ထွေးသက်က သူ့ကိုယ်သူ ပြန်ထောက်ခံလိုက်ပါသေးတယ်။

'မိန်းမလိုချင်တယ်လေ သူငယ်ချင်းရ၊ အဲဒီတော့ သူ့အကြိုက် လိုက်နေပေးရတာပေါ့'

'ဟင်း၊ ဒါဖြင့် အခုရော'

'အခုကတော့ မိန်းမရသွားပြီ၊ သူက ကိုယ့်အကြိုက် တစ်ခါပြန်ပြီး လိုက်နေပေးရတယ်ပေါ့'

'သြော်…သြော်…အင်း…'

ပြုံးမောင်မောင်က တစ်ချက် ဝင်အုပ်လိုက်ပြန်ပါတယ်။

'ဘမောင်၊ မင်းကာသာ မသိတာ၊ အဲဒီကောင် အမရာရှေ့မှာ မျက်တောင်လေး ခဝါချပြီး နေရာကနေ ငါတို့ဆီ ပြန်ရောက်ရင် ဖောင်းထဲက လွှတ်လိုက်တဲ့မြင်းအတိုင်းပဲ၊ ထိန်းလို့ကိုမရတဲ့ ကောင်ကွ'

ယဉ်ထွေးသက်က…

'ဟေ့ကောင်၊ မြင်းဆိုတာ သိတယ်နော်'

'ဝါး'… ခနဲ အားလုံးက ဝိုင်းရယ်လိုက်ရပြန်ပါတယ်၊ ယဉ်ထွေးသက်က တခ်ဏာပွတ္တိ အဲသလိုရှိသူပါ။ ရတဲ့စကား၊ ကျတဲ့စကားမှာကို အဲသလို ပြောတတ်တဲ့သူ။

❑

'ဟရေး၊ ဘော်ဒါတို့'

ဘယ်ညာ လက်ညှိုးနဲ့ လက်ခလယ်ထောင်ပြီး ဝင်လာသူကတော့ ဘမောင်တို့ရဲ့ ဓာတ်လိုက်ကြီး ဓာဏီဘို ပါပဲ။ ဗေဒင်ဆရာကြီး 'စံဓာဏီဘို' လို့ လူသိများတဲ့သူပါ။ ငယ်ငယ်က အမူအကျင့် နည်းနည်းလေးမှ မပျောက်သေးတဲ့သူ၊ လုလုနဲ့အတူ ခေတ်ကြီးကို အမီလိုက်နိုင်တဲ့သူလည်း ဖြစ်တယ်။ ပြောတာ၊ ဆိုတာ၊ သုံးနှုန်းတာကိုက ဟိုးဆယ်ကျော်သက်က အတိုင်းပဲ၊ ဘာမှ မပြောင်းလဲသေးဘူး။ ဆမ်မီက…

'သူငယ်ချင်း မင်း အရမ်းဝလာတယ်၊ ဒါပေမဲ့ ဘာမှ မပြောင်းလဲသွားပါဘူး'

ပြောဟန်၊ ဆိုဟန်ကို ဆိုလိုတာ



www.burmeseclassic.com

www.burmeseclassic.com

စက်မှုတက္ကသိုလ်ရဲ့
အဲဒီခေတ်အခါက
ချစ်စရာ
ကောင်းတာလေးတွေဟာ
အများကြီး
ရှိခဲ့ပါတယ်
တစ်ခါ
သူငယ်ချင်းဖြစ်ခဲ့ရင်
အမြဲတမ်း
သူငယ်ချင်းတွေပဲ

ဖြစ်ပါတယ်၊ ဒီနေ့ ခေတ်လူငယ်တွေ ပြောဆိုသုံးနှုန်းတာကို ဓာဏီဘို အားလုံး ရတယ်။ ပြောရရင် လုလုထက် ပိုပြီး ခေတ်မီသူလို့ ပြောနိုင်လိမ့်မယ်။

'ဒီကောင်ပေါ့၊ တစ်နိုင်ငံလုံးကို ဖြီးနေတာ'

'သူငယ်ချင်း အဲဒီလို ဖြီးတတ်တာ ကိုက ပညာပဲလေ'

ငယ်သူငယ်ချင်းတွေဆိုတော့ ပြော မနာ ဆိုမနာပါ၊ စက်မှုတက္ကသိုလ်ရဲ့ အဲဒီခေတ်အခါက ချစ်စရာကောင်းတာ လေးတွေဟာ အများကြီးရှိခဲ့ပါတယ်။ တစ်ခါ သူငယ်ချင်းဖြစ်ခဲ့ရင် အမြဲတမ်း သူငယ်ချင်းတွေပဲ၊ စာမေးပွဲကျသွားလို့ အတန်းမတူတော့ရင်ဖြစ်ဖြစ်၊ ကျောင်း ထွက်လိုက်ရရင်ပဲဖြစ်ဖြစ် အတန်းသား လို့ပဲ သတ်မှတ်ခဲ့ကြတယ်။ ရင်းရင်း နှီးနှီးနေကြတယ်။

ဘမောင်တို့ တက္ကသိုလ်ကျောင်း သားဘဝမှာ အလုပ်သမားအရေးအခင်း၊ ဦးသန့်အရေးအခင်း ကြုံခဲ့ရတယ်။ ဓာဏီဘိုက အဲဒီအရေးအခင်းကြား တတိယနှစ်မှာလားမသိဘူး၊ ကျောင်း ထုတ်ခံလိုက်ရရှာတယ်၊ ကျောင်းမပြီး သွားရှာဘူး၊ ဒါပေမဲ့လည်း စက်မှု တက္ကသိုလ်က ဘာပဲလုပ်လုပ်၊ သူ့ကို ဖိတ်ကြတယ်၊ ရင်းရင်းနှီးနှီးနေကြ တယ်။ စက်မှုတက္ကသိုလ် 'ဘွဲ့ရ' ဆိုပြီး အမည်မတပ်ကြဘူး၊ စက်မှုတက္ကသိုလ် ကျောင်းသားလို့ပဲ သုံးကြတယ်။

'မင်းတို့ကို ငယ်ကျိုးငယ်နာ ဖော် ရဦးမယ်၊ ဆမ်မီ့အကြောင်း ကြားချင် တဲ့သူတွေ လက်ညှိုးထောင်'

ဝိုင်းက ပိုပြီး သွက်လက်လာပါ တယ်၊ ဘာတွေပြောမလဲလို့ ဓာဏီဘို ကို အားလုံးက ဝိုင်းပြီးကြည့်ကြတယ်။

'ဒီလို သူငယ်ချင်းတွေရ၊ တစ်နေ့ မှာ ကိုယ့်ဆီကို ကောင်မလေးတစ် ယောက် ရောက်လာတယ်၊ ခပ်ချောချော ကွာ၊ ချောဆို တော်တော့်ကို ချောတာ'

အားလုံးက ပိုပြီး စိတ်ဝင်စား၊ နား စွင့်ကြတယ်။

'ကိုယ်ကလည်း နာမည်ကြီးဖို့ အကြောင်းဖန်လာတယ်ပေါ့ကွာ'

'ဟေ့ကောင် ဆန့်တငံ့ငံ့ လုပ်မနေ နဲ့၊ ပြောရင် မြန်မြန်ပြောကွာ'

'အေးပါ၊ ဆန္ဒတွေ မစောကြပါနဲ့၊ ပြောမှာပါ။ အဲဒီကောင်မလေးက တော် တော့်ကို ချောတာကွ'

'မင်းက ဒီလောက် ပြောနေမှ တော့ ကိုယ်တိုင်ကြိုက်သွားရောလား'

'မဟုတ်ပါဘူးကွာ၊ ချောတဲ့ အကြောင်းလေးတော့ ပြောပါရစေ။ ဆမ်မီတို့ စွံပုံစွံနည်းကို အမွှမ်းတင်ချင် လို့ပါ၊ အခုတောင် ဒီကောင့်မိန်းမလား မသိဘူး'

ဆမ်မီ့ဇနီး ဘယ်သူမှန်း သူငယ် ချင်း အများစုက မသိကြသေးပါ။

'အဲဒီကောင်မလေးက ဓာတ်ပုံ တစ်ပုံ ယူလာပြီး ငါ့ဆီ ဗေဒင်လာမေး တယ်ကွ၊ အဲဒီပုံကို ကြည့်လိုက်တော့ လား လား ဆမ်မီ့ပုံကြီး၊ စံမြင့်သိန်းကြီး ပုံ၊ ဟာရေး ငါ့ကောင်ကြီး တော်တော် ဟုတ်ပါလားလို့ ဝမ်းသာလိုက်ရတယ်'

ဆမ်မီက ဘာမှ ဝင်မပြောသေး ဓာဏီဘို ထပ်ပြောမှာကိုပဲ လက် ကလေးထောက်ပြီး စိတ်ဝင်တစား နားထောင်နေရှာတယ်။

'သိတယ်မှတ်လား၊ သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးတွေရယ်လေ သောက်ကျင့်တွေကအစ အကုန်သိတာ ကလား၊ အဲဒီဓာတ်ပုံကြည့်ပြီး၊ ဘာမွေး သားပါ၊ ဘယ်လိုဘွဲ့မျိုး ရရမယ်၊ သူ့ရဲ့ အမူစရိုက်၊ နောက်ဆုံးကွာ ဘယ်လို 'နေ'၊ 'နံ'မျိုးပါရမယ်၊ ဘယ်လိုနေရာမျိုး မှာ နေတဲ့သူဖြစ်ရမယ်ဆိုတာမျိုးကအစ ပြောချလိုက်တော့၊ လား လား ကောင်း လေးက ပါးစပ်အဟောင်းသားနဲ့၊ ဆရာ ရယ် မှန်လိုက်တာ၊ သွားကြည့်နေသလို ပါပဲလားဆိုပြီး ပြောကိုယူရတော့ တယ်။ အဲဒါ ဗေဒင်ပညာလား၊ အကြာ အမြင်ပညာလားလို့လည်း မေးသွား သေးတယ်'

အားလုံး ဝိုင်းရယ်ကြတယ်။

'ခွေးမသား၊ ဒီကောင်တော့ လုံး ချလိုက်ပြီ၊ နောက်တော့ ဖွင့်ပြော လိုက်သေးလား'

'နိုး… နိုး…နိုး… ဘယ်ပြော ဖြစ်မလဲ၊ ငါနာမည်ကြီးဖို့ ဖြစ်လာတာ လေ။ ကောင်မလေးဆို ဘာမှကို မပြေ နိုင်တော့ဘူး၊ မျက်လုံးလေးအဝိုင်းသာ နဲ့၊ မြင်ယောင်သေးတယ်'

'မင်း ဘာတွေ ထပ်ပြီး ပြောလွှ လိုက်သေးလဲ ဓာဏီ'

'ဘာမှ သိပ်ပြီးမပြောပါဘူး ဆမ် ရာ၊ မင်းအိမ်မှာ ဟိုဟာဒီဟာတွေလ ပြီး ပါတီပေးတာတွေ၊ ဘာတွေ ငါ တစ်လုံးလေမှကို မပြောလိုက်ပါဘူး'

'ဒီကောင်ကြီးကတော့ လုပ်မယ်

ဓာဏီဘိုက ဆမ်မီ့ဘက် လှည့် ပြီး…

'ဟေ့ကောင်ကြီး၊ မင်းမိန်းမ တော် တော်ချောတယ် မှတ်လား၊ အခုတော့ အဘွားကြီးဖြစ်နေပြီပေါ့'

'ငါ တခြားတစ်ယောက်နဲ့ ရ ပါကွ'

'ဟော၊ ဒါဖြင့် အဲဒီကော



www.burmeseclassic.com

www.burmeseclassic.com

ကရော၊ အဲဒီတုန်းက ရည်းစားလား'

'မဟုတ်ပါဘူးကွာ ရိုးရိုးသိရုံပါ၊ ခင်တောင် မခင်လိုက်ပါဘူး'

'ဟာ၊ ဟုတ်လား။ မင်းကသာ အဲသလို ပြော၊ သူ့ဘက်ကတော့ အသည်းအသန်ပဲ၊ တော်တော်ကြွေနေတဲ့ပုံ ပေါက်တယ်၊ ဒီလိုမှန်းသိရင် အစောကတည်းက ငါ...'

'ခွေးသား'

ဘမောင်တို့ ငယ်သူငယ်ချင်းအုပ်စုထဲမှာ ဟာသအလွန်ပြောတတ်တဲ့သူနှစ်ဦးကတော့ ဓာဏီဘိုနဲ့ ယဉ်ထွေးသက်ပါပဲ။ ယဉ်ထွေးသက် ဟာသပြောတတ်တာကိုတော့ ကြီးမှသိပေမဲ့၊ ဓာဏီ ဟာသပြောတာကတော့ ပထမနှစ်ကျောင်းသားဘဝကတည်းက တစ်ကျောင်းလုံး သိခဲ့ကြတယ်။ ဓာဏီဘိုဆိုတာ ဟိုတုန်းကတည်းက တစ်ကျောင်းလုံးသိတဲ့ ကျောင်းသားပါ။

❑

အဲဒီနေ့က ပြည်လမ်းမှာရှိတဲ့ G-6 ကာရာအိုကေဘက် သွားခဲ့ကြသေးတယ်။

လုလုက...

'ဆမ်မီက ဒီမှာ သုံးလေးရက်လောက်ပဲနေမှာ၊ ကာရာအိုကေ ပို့ပေးဖို့ကောင်းတယ်။ မြန်မာနိုင်ငံရဲ့ အပြောင်းအလဲလေးတွေကိုလည်း မြင်သွားရတာပေါ့'

ဘမောင် G-6 ဘယ်မှာရှိမှန်း မသိပါ။

'ဟေ့ကောင်ကြီး၊ ဘယ်မှာလဲ ပြောဦး'

'ငါ့နောက် လိုက်ခဲ့ကြ၊ ငါရှေ့က သွားပေးမယ်'

အမှန်တိုင်းပြောရရင် ဘမောင် နေရာတော်တော်များများကို မသိတော့ပါဘူး။ အလုပ်တွေက ဖိစီးထားလို့ အချိန်ကလည်း မရသလို၊ အရွယ်ကလည်း ရလာတာမို့ သွားချင်တဲ့စိတ် သိပ်မရှိတာလည်း ပါပါတယ်။ သူငယ်ချင်းတွေနဲ့ ဆုံတုန်း မလိုက်ပြန်ရင်လည်း မကောင်းတတ်တာမို့ ခဏလိုက် သွားပြီး ပြန်မယ်လို့ စိတ်ကူးလိုက်တယ်။

G-6 ကို ရောက်ကြတယ်၊ အော်စကာဘိုလတ်ရဲ့ ခြံမှန်းတော့ သိလိုက်တယ်။ ဘိုလတ်ကြီးနဲ့ ဘမောင်က လူသိတွေပါ၊ ပြည်လမ်းကနေ အင်းယားကန်စပ်အထိ အင်မတန်ကျယ် တဲ့ခြံကြီးပါပဲ။ အဲဒီမှာ အပိုင်း ပိုင်းဖြတ်ပြီး ငှါးထားတယ်နဲ့တူတယ်။

G-6ဝင်းထဲမှာ မော်တော်ကားတွေက အပြည့်ပဲ၊ ကားရပ်ဖို့တောင် အတော်ခက်ခက်ခဲခဲပဲ၊ အပြင်အဆင်ကို အပြင်က ကြည့်လိုက်တာနဲ့ တော်တော်လေးကြီးကျယ်တဲ့ ကာရာအိုကေလို့တော့ မှန်းဆလို့ ရလိုက်တယ်။ အတွင်းထဲ ဝင်လိုက်တော့၊ လား...လား... ထင်ထားတာထက်တောင်မှ ပိုကောင်းအောင် ပြင်ထားတာ တွေ့လိုက်ရတယ်။ ခန်းမကြီးက တော်တော့ကို ကျယ်တယ်။ တခြားနေရာတွေကို မရောက်ဖူးလို့လားတော့မသိဘူး၊ အဲဒီလောက်ကျယ်တဲ့ ကာရာအိုကေကို နိုင်ငံခြားမှာတောင် မတွေ့ခဲ့ဖူးဘူး။ ခန်းမကြီးသက်သက်ကိုက ပေလေးဆယ်၊ ပေခြောက်ဆယ်လောက် ရှိလိမ့်မယ်လို့ မှန်းတယ်။ ဘားကောင်တာ သီးခြားရှိတယ်။ Screen က ရုပ်ရှင်ရုံ အသေးစားအရွယ်ရှိတဲ့ ပိတ်ကား၊ အသံကွာလတီက တော်တော်မြင့်တယ်။

အဲဒီနေ့က သူငယ်ချင်းတွေ စုစုပေါင်း ၁၂ ယောက်၊ မကြာခင်မှာ ဆိုဖက်ကောင်မလေးတွေ ၁၂ ယောက် ရောက်လာကြလိမ့်မယ်။ အခန်းက လူ ၂၀ ကျော်လောက် အေးအေးဆေးဆေး ထိုင်ဆိုဖို့ ဆိုဖာတွေကို နံရံကပ်ချထားပေးထားတယ်။ စိတ်ပါရင် အလယ်မှာ တွဲပြီးကဖို့ နေရာအကျယ်ကြီး ရှိနေပြန်တယ်။ သီချင်းဆိုဖို့သက်သက် မဟုတ်ဘဲ၊ တွဲကဖို့ပါ နေရာပေးထားတော့ ပါတီပါလုပ်ချင်ရင်လုပ်နိုင်တဲ့သဘော ဖြစ်နေတယ်။ အခန်းခက နည်းမှာမဟုတ်ဘူး။

မကြာခင်မှာပဲ သီချင်းဆိုဖက် ခပ်ငယ်ငယ်၊ ခပ်ချောချော ကောင်မလေးတွေ တစ်သီတစ်တန်းကြီးပဲ ရောက်လာပါတော့တယ်။ ဘမောင်အတွေးတွေက ဟိုဟိုဒီဒီရောက်သွားတယ်၊ ငယ်ရွယ်တဲ့ ကလေးတွေ ဒီလိုနေရာမျိုးမှာပဲ အချိန်ကုန်ခံကြတော့မလားတို့၊ ဘာတို့ပေါ့။ ဖျော်ဖြေမှုဆိုတာ ရှိသင့်တဲ့ အရာတစ်ခုဆိုတာကိုတော့ မငြင်းလိုပါဘူး၊ ဒါပေမဲ့လည်း သားသမီးအရွယ်လေးတွေကို တွေ့ရတော့ ရင်ထဲမှာ 'အင့်' သွားတာကလည်း အမှန်ပဲ။

ခေတ်ကို အမီလိုက်နိုင်တဲ့လုလုက ထူးအယ်လင်းရဲ့ *အချစ်လို့ခေါ်သလား* ဆိုတဲ့ သီချင်းကို စပြီးဆိုတယ်။ သီချင်းနဲ့ မစိမ်းတဲ့သူဆိုတာ သိသာလှတယ်၊ တော်တော်ဆိုနိုင်တဲ့ သူငယ်ချင်းပဲ။ နောက်တစ်ပုဒ်ကတော့ ဆမ်မီ၊ သူကတော့ ဟိုးတုန်းက သီချင်းဟောင်းကြီး *ဆရာမ*ကို ဆိုတယ်၊ တက္ကသိုလ် အေးမောင်တို့ ခေတ်တုန်းက၊ သူလည်း တော်တော်ကောင်းတာပဲ။ သူငယ်ချင်းတွေက မခေလှဘူး၊ ဘမောင်ကတော့ သူတို့လို အဆိုရတဲ့သူ မဟုတ်လေတော့ သူတို့ဆိုတာကိုပဲ အဲဒီနေ့က နားထောင်ဖြစ်ခဲ့ပါတယ်။

သူငယ်ချင်းတွေ မဆုံဖြစ်လို့လား မသိဘူး၊ အားလုံးက ပျော်နေကြတယ်။ အဲဒီနေ့မှာ အပြီးလုပ်ရမယ့် အလုပ်လေးရှိနေသေးတာမို့ အားလုံးကို နှုတ်ဆက်ပြီး ပြန်ခဲ့ပါတယ်။ အပြင်မှာ မိုးတွေက သဲသဲမဲမဲကို ရွာနေတယ်၊ အပြန်မှာ ကားမောင်းရင်းနဲ့ အတွေးတွေက ဟိုရောက်ဒီရောက်ပေါ့။

လူတွေဟာ တစ်ဦးနဲ့တစ်ဦး 'ကံ' အရာတွေမှာ တော်တော်လေး ကွာခြားကြတယ်နော်။ တစ်နေ့ သုံးလေးထောင်လောက်တောင်မှ အနိုင်နိုင် မရနိုင်ကြတဲ့ လူတွေနဲ့ နာရီတိုင်းမှာ ငွေကို သိန်းချီပြီး သုံးနိုင်ကြတဲ့သူတွေရဲ့ အကွာအခြားကို အတိတ်ရဲ့ကံကြောင့်လို့ပဲ ပြောရတော့မလားမသိဘူး။ ရင်ထဲ မသက်မသာ ဖြစ်မိတာကတော့ အမှန်ပဲဗျာ။

■

**နေခင်လတ်**

www.burmeseclassic.com

# ချစ်ချိုးပိုင်

ဖွဲ့ဆုပန်၊ဆားလင်းကြီး၊



နှင်းတွေကျပြီဆိုလျှင်
ကလေးလေး၏
မွေးနေ့တောင်
ရောက်ပြန်ဦးတော့မည်။
ဘာလိုလိုနှင့်
နှင်းကျသည်က
နိဝင်ဘာလ၏
ဒုတိယအပတ်က စသည်။
ပုံမှန်မဟုတ်ပေမဲ့
ဥတုက ခပ်ကြမ်းကြမ်းနှင့်
စဝင်လာသည်။
ကလေးလေးကို
နှင်းမှုန်တွေ
ခပ်ကြမ်းကြမ်းကျသည့်
ညမှာ ရခဲ့သည်မို့
ချစ်စနိုးနှင့်ပဲ
နှင်းမှုန်လေးလို့
ခေါ်ခဲ့ကြသည်။
အခုဆိုလျှင်
ကလေးလေးက
စကားစပြောချင်ပြီ။
အူးအူးအားအား
အော်တတ်နေပြီ။
စကားလိုက်ပြောချင်ပြီ။
စကားမပြောတတ်သေးပေမဲ့
ပြောစကားတော့
နားလည်သည်။
သူ့နာမည်လေးများ
ခေါ်လိုက်လျှင်
ပြုံးပြုံးနှင့်။
ဖအေကဆို
ပိုပြီးသည်းသည်။
ကြီးလာရင်
ဒီအဖေကြောင့်
ပျက်မှာ
စိုးရိမ်ရသည်။
တစ်ရက်မှာ
ကလေးကို ချော့သိပ်ဖို့
ကဗျာတစ်ပုဒ်
ဘယ်သူ
ရေးပေးလိုက်သည်
မသိဘူး။ ဒီလိုနှင့်ပဲ
သူ့တေးကဗျာနှင့်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ကလေးက အိပ်ပျော်ရတာ ဒီအရွယ်ရောက်သည်အထိ။ သူ့ရွတ်ပါများတော့ ကဗျာလေးကိုတောင် ကိုယ်က ရနေပြီ။ ကျုပ်နှင့် ကလေးကို အချစ်ပြိုင်တာတဲ့လေ။

*'အလင်းနှစ်တိုင်*
*အပြိုင်ကြိုလို့*
*အနိုင်လုဖို့*
*ကြိုးစားမယ်။*
*ဖေကြီးကလည်း*
*အသက်ပေးလို့*
*သားကလေးကို*
*ချစ်ပါတယ်။*
*ဖေကြီးကိုကွယ်*
*မေကြီးရှုံးလို့*
*မေကြီးမျက်နှာ*
*ညှိုးရော်တယ်။*
*သူနိုင်ကိုယ်နိုင်*
*အပြိုင်နွဲလို့*
*ချစ်ပွဲဝင်ဖို့*
*ကြိုးစားမယ်။*
*သားလေးခန္ဓာ*
*ဝကာဖြိုးလို့*
*ဖေကြီးအလုပ်*
*ကြိုးစားတယ်။*
*မေကြီးကကွယ်*
*ဝမ်းနဲ့လွယ်လို့*
*ကိုးလဆယ်လ*
*ဖွားရတယ်။*
*အသက်ကိုကွယ်*
*စတေးရဲလို့*
*သားကို*
*မွေးထုတ်ပေးခဲ့တယ်။*
*ဖေကြီးရှုံးရင်*
*မျက်နှာငယ်လို့*
*လပြည့်ဝန်းကြီး*
*တိမ်ဖုံးနယ်။*
*ဘယ်လိုပြိုင်ပြိုင်*
*မရှုံးတမ်းမို့*
*ချစ်ကြတာလည်း*
*အတူတူကွယ်*
*ချစ်တယ်×××*
*ချစ်တယ်×××။*
*ချစ်မယ်×××*
*ချစ်မယ်×××။'*

ကလေးက 'ဦးတော် ဦးတော်'ဆိုရင် လက်အုပ်ကလေးချီပြီး ဘယ်နှကြိမ်မှန်းမသိ ဦးချနေတတ်သည်။

လင်ကိုယ်မယားနှစ်ယောက် တစ်နေ့လုပ်မှ တစ်နေ့စားရသည်မို့ ဒီကလေးအတွက် ရင်လေးရသည်။ အသက်က ကြီးပြီ။ ကလေးက လူဖြစ်ချိန်ဆိုတော့ ကိုယ်တွေက ကျပိုင်းရောက်မှ ကလေးက လူဖြစ်လာနှင့်။ သင်းကလေး၏ ကံပဲလို့ တွက်ရတော့သည်။

အခုလည်း ကလေးမွေးနေ့က ရောက်ပြန်ဦးတော့မည်။ 'ကလေးမွေးနေ့များရောက်ရင် မအေရေ လူကြီးတွေကိုဖိတ်ပြီး ထမင်းလေးဘာလေး ကျွေးကြဦးစို့ရဲ့'လို့ ဖအေက ပြောတတ်ရဲ့။ သူပြောနိုင်တာကလည်း ပြောနိုင်အောင် ကြိုးစားရှာသည်ကိုး။

ကလေးစရပြီးကတည်းက ပိုက်ဆံကို နေ့တိုင်းစုဘူးထဲထည့်ခဲ့တာ၊ ဘယ်လောက်တောင် ရပြီ မသိဘူး။ စုဘူးကလေး တလှုပ်လှုပ်နဲ့၊ လှုပ်ကြည့်ရတာလဲ အမော။ ဒီကလေးအတွက်ဆိုလျှင် ကိုယ့်ပါးစပ်ကိုတောင် သဒ္ဓါသည့်လူ မဟုတ်ဘူး။ အင်း အဲလိုဖြစ်လာတာကလည်း ဒီကလေးကြောင့်ပါပဲလေ။

အရင်ကများ အိမ်ထောင်သည်လို့တောင် သူကိုယ်သူ သတ်မှတ်တာ မဟုတ်ဘူး။ သူရှာရတာ သူဟာသူ အရက်သောက်ပစ်တာများသည်။ နှစ်ကိုယ်တစ်ဘဝ စတည်ထောင်စကတော့ အရက်ဆိုတာ ဘာမှန်းတောင် သိတာ မဟုတ်ရှာဘူး။ ပန်းရန်လုပ်ရင်း သူက သံလက်ကိုင်၊ ကိုယ်က မဆလာသယ်၊ အုတ်သယ်ရင်းနှင့် တစ်ယောက်ကိုတစ်ယောက် စကြိုက်ခဲ့ကြတာ။

ဒီဒေသမှာ လာလုပ်ရင်း အလုပ်ပြီးတော့လည်း သူများဆီမှာ ဖူးစာလာဆုံကြရသည့်အဖြစ်။ သူ့မျက်နှာ တစ်ရှာထင်၊ ကိုယ့်မျက်နှာ ကြည့်ပြီး တစ်ကမ္ဘာလို့ ဖြစ်ခဲ့ရသည်မို့ ချစ်လည်းချစ်ခဲ့ရသည်။ အလုပ်ကပြီးပြန်တော့ ကိုယ့်ဒေသကို မပြန်တော့ဘဲ ဒီမှာ တစ်အိုးတစ်အိမ်ထောင်ခဲ့သည်။ ကျန်သည့်လူတွေကတော့ ကိုယ့်နေရပ်ကို ပြန်ကြပြီ။

ညားခါစကတော့ နှစ်ယောက်သား အခြေမကျသေးခင် ကလေးမယူကြဘဲနေဖို့ သဘောတူခဲ့ကြသည်။ သူလည်း အလုပ်ကို ကြိုးစား၊ ကိုယ်ကလည်း စီးသည့်ရေ၊ ဆည်သည့်ကန်သင်းဖြစ်လို့။ အပေးအယူ မျှခဲ့ကြသည်။ အိမ်နှင့်ဝင်းလည်းပိုင်ရော ကလေးယူဖို့ ဆုံးဖြတ်ခဲ့ကြသည်။

အိမ်ထောင်သက် ငါးနှစ်ခြောက်နှစ်မှာ ကလေးစယူခဲ့ကြသည်။ ကိုယ်ဝန်စရှိတော့ သူ့မှာ ပျော်လို့ မော်လို့၊ ပတ်ဝန်းကျင်မှာလည်း ကြွားမဆုံး။ ကလေးက ဘယ်မှာလဲ မသိသေးဘူး၊ ရှူးရတာ အမော။ မုန့်ဆီကြော်က ဘယ်မှန်းမသိ နှုတ်ခမ်းနာနဲ့ တည့်ပါ့မလားလို့ ဖြစ်နေရသည်။

လူကလည်း သန်တုန်းမြန်တုန်းဆိုတော့ နေ့တစ်နေ့ကုန်အောင် ပန်းရန်လုပ်လားလုပ်ရဲ့။ ညပိုင်းမှာ ဆိုက်ကားနင်းလား နင်းရဲ့။ အဲလိုကို လုပ်ခဲ့တာ။ ကိုယ်ကတော့ ကလေးကိုယ်ဝန်စရကတည်းက အလုပ်နားခဲ့ရတာ။ ဘာဆိုဘာမှ လုပ်ခွင့်မပြုခဲ့ဘူး၊ ကလေးအတွက် ကြိုးစားလိုက်တာ တဖြည်းဖြည်းနှင့် ဆိုက်ကားတစ်စင်း ဝယ်နိုင်ခဲ့သည်။

ကာရန်မသင့်ချင်တော့ တစ်ရက်မှာ ရေချိုးဖို့ ရေထအဆွဲမှာပဲ ကိုယ်ဝန်ပျက်ကခဲ့ရသည်။ သားလား၊ သမီးလား မသိရခင်မှာဘဲ စွန့်လွှတ်ခဲ့ရသည့်အတွက် နှမြောရတာ။ ငိုလည်းငိုခဲ့ရသည် အဆူအဆဲလည်း ခံခဲ့ရသည် ခက်သည်က အရင်က တားဆေးတွေ သောက်ခဲ့သည့် အရှိန်နှင့် သားအိမ်ပါ ထုတ်ပစ်လိုက်ရသည်အထိ ဖြစ်သွားရသည်။

ဘယ်လိုမှ ထင်မထားသည့်ကိစ္စတွေဖြစ်ခဲ့ရသည့်နောက်မှာတော့ အရက်သမားလုံးလုံးဖြစ်သွားခဲ့သည်။ သူလည်း အပြစ်မပြောရက်၊ ဘယ်သူ့ကိုမှ အပြစ်ပြော[illegible] သည့်အဆုံး ကံကြမ္မာကို[illegible] ယိုးမယ်ဖွဲ့ခဲ့ရတော့သည်၊ ကလေးရှူးရှူးခဲ့ရသည့် သူ့အတွက် ကလေးကံ[illegible] မကောင်းခဲ့။ အလုပ်အကိုင်[illegible]တော့ မပျက်ကွက်ခဲ့။ အလု[illegible] ပြန်တိုင်း သောက်သော[illegible] လာသည်က နေ့ရော ည[illegible] အချိန်ကို မခွဲခြားတော့။



www.burmeseclassic.com

www.burmeseclassic.com

သူ အရက်သောက်နေချိန်မှာ ကိုယ့်အလှည့်ကျလာပြီမို့ မနက်ပိုင်း မီးခွက်ဈေးလေးမှာ အသီးအရွက်တွေ ဖောက်သည်ယူပြီး ရပ်ကွက်ထဲမှာ လှည့်ရောင်းနှင့် ကိုယ်က တစ်ပြန် လုပ်ကျွေးခဲ့ရသည်။ ဒါပေမဲ့ နောက်ဈေးသွားတိုင်းတော့ ဓာတ်မီးတစ်လက်နှင့် အသွားအပြန် လိုက်ပို့သည်။ နိုင်တာ ကူသယ်ပေးသည်။

ဆောင်းရောက်ပြီး နှင်းတွေကျသည့် တစ်ရက်မှာတော့ ကံကြမ္မာက မျက်နှာသာပေးခဲ့သည်။

မှတ်မှတ်ရရပါပဲ။ အဲဒီမနက်က လင်မယားနှစ်ယောက် စကားတပြောပြောနှင့်လာတုန်း ရပ်ကွက်တဲလေးတစ်ခုနားက ကလေးတစ်ယောက်၏ 'တအဲ့အဲ့' အသံကိုကြားလိုက်ရသည်။ နှင်းကလည်း ဝိတ်နေအောင်ကျသည်။ ဒီလမ်း ဒီခရီးကို သွားနေတာပဲ နှစ်ပေါက်နေပြီ။ သစ္စေသရဲခြောက်တာများလားလို့ တွေးမိရဲ့။ ခဏနေတော့…။

'မိန်းမ ကလေးသံကြားသလားလို့ဟ။ ချမ်းချမ်းစီးစီးနဲ့ကြီးကို ဘယ်ကဘာလိမ့်' ဆိုတဲ့ပြီး တုတ်မီးနှင့် ဟိုရမ်းဒီရမ်းလုပ်နေလေရဲ့။ အဲဒီမှာပဲ မီးရောင်အောက်မှာ တလှုပ်လှုပ်နှင့် ကလေးလေးကို တွေ့လိုက်ရသည်။ ကိုယ်က လှမ်းကြည့်နေတုန်းပဲ ရှိသေးသည်။ သူက ကလေးနားကို ရောက်သွားပြီ။

'လာစမ်းဟ၊ တုတ်မီး ကိုင်ထားစမ်း'

ကျုပ်လက်ထဲလည်း တုတ်မီးရောက်ရော ကလေးက သူ့လက်ထဲရောက်နေပြီ။ သူလိုချင်လှပါတယ်ဆိုသည့် ကလေး အခုတော့ ရပြီ။ ဝမ်းမနာသားလေးပေါ့။ ကလေးက ယောက်ျားလေး။ ချက်ကြိုးတောင်မှ ဖြတ်ပြီးတာကြာသေးမှာ မဟုတ်ဘူး။ ဘယ်လို လူမဆန်သည့်သူတွေကများ လူစိတ်မဲ့ပြီး ပစ်ထားခဲ့ကြသည် မသိဘူး။ ဘာပဲပြောပြော ကိုယ်တွေအတွက်တော့ ဘုရားမတာပဲ။

ဈေးကို ဆက်မသွားတော့ဘဲ အိမ်ကို လှည့်ပြန်ခဲ့ကြသည်။

'မိန်းမရေ ငါ ဆိုက်ကားပြန်နင်းမယ်' လို့တောင် မပြောတော့ဘူး။ နှစ်ပေါက်အောင် သိမ်းထားသည့်ဆိုက်ကား နင်းပြီး ထွက်သွားတော့သည်။ ကလေးနို့တိုက်ဖို့ နို့ဘူးတွေပြင်နေတုန်းပဲ ထွက်သွားလိုက်တာ နေ့လယ်လောက်မှာပဲ ပြန်ရောက်လာခဲ့သည်။ ပိုက်ဆံအလိပ် ကလေးနှင့် ကလေးအတွက် အနှီးစတွေ ဝယ်လာသည်။ အင်္ကျီတွေပါဝယ်လာခဲ့သည်။ အင်္ကျီလေးတွေက မွေးခါစကလေးအတွက် အံကိုက်ဖြစ်နေခဲ့သည်။

ကလေးကြောင့် သောက်ခဲ့သည့် အရက်က ကလေးကြောင့်ပဲ ပြတ်ခဲ့ရသည်။ ကလေးလေး စရသည့်နေ့ကတည်းက စုဘူးလေးထဲကို ပိုက်ဆံစထည့်ခဲ့သည်။ အရင်က စုဘူးလေးလည်း အခုမှ ပြန်ပြီး အသက်ဝင်သည်။ အလုပ်ကို ပြန်ကြိုးစားခဲ့သည်။ ကလေး၏ မွေးနေ့ကတော့ ဘယ်ရက်အတိအကျမသိပေမဲ့ ကောက်ရခဲ့သည့်နေ့ကိုပဲ သတ်မှတ်ခဲ့ရသည်။

အခု ဒီဇင်ဘာရောက်လျှင် ကလေးက အသက်နှစ်နှစ် တင်းတင်းတောင်ပြည့်တော့မည်။ ဖြစ်နိုင်လျှင်တော့ နတ်ရေကန်ထဲချပြီး တော့သာ ကြီးပစ်လိုက်ချင်သည်။ ကလေးကတော့ သဘောကောင်းသည်။ ဒီနေရာမှာ ချထားလျှင် ဒီအတိုင်းနေသည်။ သိပ်ထားလည်း သိပ်ထားသည့်အတိုင်းပဲနေသည်။ ငိုရကောင်းမှန်းပင် မသိ။ ခက်တာက ဖအေက ကလေးကို ပစ်ထားရင် မကြိုက်။

သိပ်ထားပြန်လည်း ခေါင်းပြားမှာ စိုးရိမ်ရ၊ ထိုင်ထားပြန်ရင်လည်း ခါးခွေမှာ စိုးရိမ်ရ။ မတ်တတ်ရပ်ပြန်လည်း ခြေခွင်မှာ စိုးရိမ်ရနှင့် ဝမ်းမနာခဲ့ရလို့သာ။ နေ့စဉ်မျက်စိနှစ်ဖက် ပွင့်ကတည်းက ညအိပ်လို့ မျက်စိပိတ်သည်အထိ ဒီကလေးပဲ ကြည့်နေရမည်တဲ့။

အသက်က လေးဆယ်ကျော် ငါးဆယ်နားရောက်ပြီ။ ကလေးစိတ်ကြောင့် လုပ်နေပေမဲ့ ကျန်းမာရေးကလည်း မကောင်း။ ကျလွယ်သည်ပဲ ပြောရမလား။ ကျန်းမာရေး မကောင်းတော့တစ်ခါတည်း ပုံကျသွားမှာကိုလည်း စိုးရိမ်ရသည်။ တစ်ချိန်က သောက်ခဲ့သည့် ဒဏ်တွေက ပြန်ပြန်ပေါ်လာသည်။ မိုးအေးသည့်အခါမျိုးမှာ ပိုပြီး ဆိုးသည်။

မဖြစ်သည့်အဆုံး အိမ်မှာပဲ အကြော်ဆိုင်လေး ထဖွင့်လိုက်ရသည်။ ဆိုက်ကားကိုတော့ အနင်းမခိုင်းတော့ဘဲ အငှားပေးထားလိုက်သည်။ အကြော်ဆိုင်မှာ တောက်တိုမည်ရလုပ်ရင်း၊ ကလေးထိန်းရင်းနှင့် အနားယူခိုင်းရသည်။ ဘယ်လိုမိဘကနေ မွေးလာရသည့်ကလေးလည်း မသိပေမဲ့ သွေးမတော်သားမစပ် ချစ်နေကြရသည့်အဖြစ်။ ဝဋ္ဋ ဒုက္ခကလည်း တယ်ကြီးသကိုး။

သင်းကလေး လူလားမြောက် အရွယ်ရောက်လို့ ပညာတွေစုံမှ လင်မယားနှစ်ယောက် သေမည်ဆိုလျှင် သေပျော်ပါပြီ။ အရွယ်ရောက်လာလျှင် ကျောင်းထားရဦးမည်။ အလှူလှူရဦးမည်။ သွားကံ၊ ကိုယ့်ကံပါပဲလေ။

ဆောင်းကလည်း နက်သထက်နက်လာပြီ။ ကလေးမွေးနေ့က နှစ်ရက်ပဲလိုတော့သည်။ ဖအေကလည်း ချောင်းဆိုးက မရပ်နှင့်၊ မနက်အကြော်တောင်ကြော်နိုင်ပါ့မလား။ ဒါပေမဲ့ အကြော်ကကြော်ဖို့ပြင်ပြီး သားဆိုတော့ မလုပ်လို့ကလည်း မဖြစ်သေးဘူး။ တစ်နေ့တခြား ပိန်လာသည့် ခန္ဓာကိုယ်က ဘယ်လိုမှ ကောင်းတာလေးတွေ၊ ခံတွင်းတွေ့မည့် အာဟာရဖြစ်မည့်ဟာလေးတွေ ချက်ကျွေးလို့လည်း ပြန်ပြီးပြည့်မလာတော့။

နေဝင်မိုးချုပ်လောက်တုန်းကတော့ ချောင်းသံ

စာမျက်နှာ(၂၃၇)သို့…



www.burmeseclassic.com

www.burmeseclassic.com

# ရှုဒေါင့်

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း

အမှတ် ၂၉၇၊ ဩဂုတ်၊ ၂၀၁၄

အခုနောက်ပိုင်း ပေးပို့လာတဲ့စာမူ အများစုက အရင်ပေးပို့နေကျတွေထက် ပိုကောင်းလာတာတော့ အမှန်ပါပဲ။ အဲဒီအတွက် အများကြီးစိတ်ချမ်းသာရပါတယ်။ ပုံစံကွဲတွေ ရေးသားလာကြတယ်ဆိုပေမဲ့ ဇာတ်ကြောင်းပြောတဲ့နည်းကိုပဲ အသုံးများနေသေးတာကို တွေ့ရပါတယ်။ ဝတ္ထုဆိုတာ ဇာတ်လမ်းဖြစ်ရပ်တွေကို ပြန်ပြောရုံထက်မက အားထုတ်ရမယ့်အရာလို့ မြင်ပါတယ်။ ကြိုးစားကြည့်ကြစေချင်ပါတယ်။

၁။ *လွှမ်းဆွဲပွဲ*

မြတ်ကိုကို(ရကျ)

ပြောချင်တာတွေ ရှိပေမဲ့ ဝတ္ထုအဖြစ် ပုံဖော်ရမှာ အားနည်းတဲ့အတွက် ဆောင်းပါးဆန်နေပါတယ်။ ကလေးမွေးစားချင်တဲ့ ဇာတ်ကောင်တွေရဲ့ သဘာဝနဲ့ နောက်ခံအကြောင်းအရာတွေကို ဇာတ်ကြောင်းပြောသူက ပြန်လည်သုံးသပ်ဆင်ခြင်တဲ့ အခါကျမှ ရေးသားတာမျိုးမဟုတ်ဘဲ ဇာတ်လမ်းမစခင်ကတည်းက သရုပ်ဖော်ရေးပြခဲ့မယ်ဆိုရင် ပိုပြီးလှပသွားမယ့် ဝတ္ထုတစ်ပုဒ်ဖြစ်မှာပါ။ ကြိုးစားပါဦး။

၂။ *အဆိပ်နဲ့တူတဲ့မိန်းမ*

၃။ *တစ်မှားကျိုး နှစ်မှားကောက် မျဉ်းဖြောင့်ဖျက် သီအိုရီ*

ရွှေဝင်းနို(မှုင့်ဖြူ)

လက်ရေးဖတ်ရခက်တဲ့အပြင် စာကြောင်းတွေစိပ်နေတဲ့အတွက် မနည်းကြိုးစားပြီး ဖတ်ယူရပါတယ်။ မျဉ်းပါတဲ့ စာရွက်ပေါ်မှာ ရေးသားပေးပို့မယ်ဆိုရင် ခုထက်ပိုပြီး အဆင်ပြေနိုင်ပါမယ်။ **အဆိပ်နဲ့တူတဲ့ မိန်းမ**က လက်မထပ်ဘဲ အတူနေမိတဲ့ဇာတ်ကြောင်းနောက်ခံဖြစ်ပြီး မလိုအပ်တဲ့အဖွဲ့အနွဲ့တွေနဲ့ အိုင်နေပါတယ်။ **တစ်မှားကျိုး နှစ်မှားကောက်**…ကလည်း အလားတူပါပဲ။ အိမ်ထောင်ရေးဇာတ်ဖြစ်ပြီး ဇာတ်ကောင်စရိုက်ဖော်ရာမှာ ဆွဲဆောင်မှုအားနည်းပါတယ်။

၄။ *နောက်ဆုံးပေါ်စီးပွားရေး ရှေ့တန်းစစ်မျက်နှာ၏ ပန်းမံတပ်သား*

ညီဇောရန်နောင်

ဇာတ်ကောင်စရိုက်ကြွတက်လာအောင် ရေးနိုင်မှ အဆင်ပြေမယ့် စာမူပါ။ ချိတ်ဆက်ပြီး ပြောချင်တဲ့ အကြောင်းအရာကို ပေါ်လွင်အဆင်ပြေသွားအောင် မရေးဖွဲ့နိုင်ခဲ့ပါဘူး။

၅။ *နင် ငိုနေမလား ရယ်နေမလား ငါကတော့*

ချယ်ဇာသွန်း(ပန်းတနော်)

စာမူကို လက်ရေးနဲ့ပေးပို့ရာမှာ ကော်လံခွဲပြီး ရေးသားထားတဲ့အတွက် ဖတ်ရတာ အလွန်ခက်ခဲလှပါတယ်။ ဝါကျတွေကို အဖြတ်အတောက် အဆင်ပြေအောင် မရေးနိုင်သလို စာလုံးပေါင်းအမှားတွေများလှပါတယ်။ စာများများဖတ်ပါဦး။

၆။ *မေတ္တာရေကန်ထဲက ကြာပန်းလေးများ*

ငြိမ်းချမ်းဇော်

စကားပြေ စကားပြော ရောထွေးနေပါတယ်။ ပြောချင်တာကို စာဖတ်သူ ရှင်းရှင်းလင်းလင်း သဘောပေါက်သွားအောင် ပုံဖော်ဖွဲ့နွဲ့နိုင်ခြင်း မရှိခဲ့ပါဘူး။

၇။ *စည်းလွှမ်းဆွဲတဲ့ နှစ်ကိုယ်ခွဲမြစ်*

ရင်ထက်ခိုင်

စာညွှန့်ဆန်တဲ့စာမူတစ်ပုဒ်ဖြစ်ပြီး တင်ပြပုံရိုးစင်းလှပါတယ်။

၈။ *ချည်တိုင်*

အထင်ကရ

ခွေးတစ်ကောင်နေရာက ရေးဖွဲ့ထားတာဖြစ်ပေမဲ့ တင်ပြ ပုံရိုးစင်းပြီး ဆောင်းပါးဆန်တဲ့အတွေးတစ်စသာ ဖြစ်ပါတယ်။

၉။ *ကမ်းပါးရဲ့ဂုဏ်သိက္ခာ*

ခင်ဝတ်ရည်(ပညာရေး)

ရိုးစင်းလွန်းတဲ့ဇာတ်လမ်းဇာတ်ကွက်နဲ့ အရေးအသားများသာ ဖြစ်ပါတယ်။ ကြိုးစားပါဦး။

၁၀။ *ငွေမျှားသောရွှေဦး*

ဖျူမခ(ကော့သောင်း)

ဇာတ်လမ်းဆင်နေကျ အကြောင်းအရာကို ရေးနေကျ တင်ပြပုံမျိုးနဲ့ ရေးထားတာသာဖြစ်ပြီး ထူးခြားမှု မရှိပါဘူး။

၁၁။ *လိပ်ပြာတစ်ကောင်ရဲ့ ဘိုင်အိုဂရပ်ဖီ*

ကျော်ဇောဟိန်း(ရွှေပြည်သာ)

ပြောချင်တာတွေကို တောင်ရောက် မြောက်ရောက် တရစပ်ပြောနေသလို ရေးထားတဲ့စာမူတစ်ပုဒ်ဖြစ်ပါတယ်။

၁၂။ *သွေးနီရွှန်းတဲ့ တို့အောင်လံ*

ခင်မြတ်နွယ်(ပခုက္ကူ)

အရေးအသား ပြေပြစ်လှပါတယ်။ ပြောချင်တဲ့ အကြောင်းအရာလည်း ရှိနေတယ်ဆိုတာ သေချာပါတယ်။ ဒါပေမဲ့ အဲဒီအကြောင်းအရာကို စာဖတ်သူခံစားနားလည်သွားအောင် ထိထိရောက်ရောက် အနုပညာပါပါ မရေးဖွဲ့နိုင်ခဲ့ပါဘူး။ မျိုးဆက်တွေကြားမှာ လက်ဆင့်ကမ်းသွားရမယ့် အရာ ပတ်သက်ပြီး အဲဒီခံစားချက်မျိုး စာဖတ်သူ့ရင်ထဲ တစိမ့်စိမ့် ဝင်သွားနိုင်အောင် မတင်ပြနိုင်ခဲ့ပါဘူး။ ကြိုးစားပေးပါဦး။

၁၃။ *အိပ်တန်း*

၁၄။ *ရင်ကွဲစကား*

ရွှေအောင်စိန်(အင်းမ)

လတ်တလော ဖြစ်နေတဲ့ အကြောင်းအရာတချို့ နောက်ခံထားတဲ့ ဇာတ်တွေဖြစ်ပေမဲ့ အရေးအသားအာ ချက်ကြောင့် ဆွဲဆောင်မှုအားနည်းလှပါတယ်။ အဖြစ်အပျ



www.burmeseclassic.com

www.burmeseclassic.com

စကားပြောတွေကို အားပြုထားတဲ့အတွက်လည်း အနုပညာအရာမှာ အားနည်းသွန်းပါတယ်။

၁၅။ *ဝိတောက်ပင်အောက်က ခရေချစ်သူ*
ယောနေခြည်

ဆွဲဆောင်မှုရှိတဲ့ စာမူတစ်ပုဒ်ဖြစ်ပါတယ်။ ဒါပေမဲ့ ဇာတ်ကောင်နှစ်ယောက်ကြားက ပတ်သက်မှုအကြောင်း တင်ပြမှုအပိုင်းမှာ အားနည်းသွားတဲ့အတွက် ဇာတ်ကြောင်းပြောသူ ဇာတ်ကောင်ရဲ့ စရိုက်ကသာ ပေါ်လွင်ခဲ့ပြီး အားပြိုင်မှု မရှိတော့ပါဘူး။ ကြိုးစားပါဦး။

၁၆။ *မျှော်မျှော်သူ မောလှပေါ့*
ကျင်ကိုချစ်

စာမူထဲမှာ ပေးစာနှစ်စောင် ထည့်ရေးထားတာက လွဲပြီး တခြားအဖွဲ့အနွဲ့ ဘာမှမရှိပါဘူး။ ဝတ္ထုတစ်ပုဒ်အတွက် စာဖတ်သူကို ဇာတ်လမ်းအပြင် အခင်းအကျင်း၊ အဖွဲ့အနွဲ့၊ အချိတ်အဆက်တွေ လိုအပ်ပါတယ်။ ကြိုးစားပါဦး။

၁၇။ *မဲလုံး*
ဟမ်စိုင်း(ဆေး/မန်း)

လူနဲ့ တိရစ္ဆာန်ကြားက ရေးနေကျ မေတ္တာတွဲ ဝတ္ထုတစ်ပုဒ်သာဖြစ်ပြီး ထူးခြားမှု မရှိပါဘူး။

၁၈။ *နောက်ဆုံးဆန္ဒ*
မိုးထက်မင်း

အကြောင်းအရာ အရေးအသားရိုးစင်းအားနည်းလှပါတယ်။

၁၉။ *မျက်စိတစ်မှိတ်ကိစ္စ*

၂၀။ *စကားပုံနှစ်ခု*
သားဦး

မျက်စိတစ်မှိတ်ကိစ္စက ဇာတ်ကောင်စရိုက် အားပြုတဲ့ စာမူတစ်ပုဒ်ဖြစ်ပြီးတင်ပြပုံသွက်ပေမဲ့ ပြောချင်တာကို စာဖတ်သူ ရိပ်မိလွယ်လွန်းတဲ့အတွက် အားနည်းသွားရပါတယ်။ စကားပုံနှစ်ခုကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်ပါတယ်။

ဆရာဦးဝင်းငြိမ်းထံ တင်ပြပေးတဲ့ဝတ္ထုတွေကတော့-

ကောင်းမြတ်ရဲ့ **မြေလျှောက်တဲ့ကြယ်**
မိုင်း(မန္တလေး)ရဲ့ **အဖမဲ့နိုင်ငံတော်**
ဒေးယောသာရဲ့ **အလင်း၏အခြားတစ်ဖက်**
ယောနေခြည်ရဲ့ **အထူးကျေးဇူးတင်၏**
မလေးငယ်ရဲ့ **အမြင်**
လင်းနိုင်ရဲ့ **ဆုတောင်း**
နေကောင်းကင်နီရဲ့ **အဲဒီနေ့က ကျွန်တော့်အဖေ သေပြီးရှင်တယ်** တို့ဖြစ်ကြပါတယ်။

❑

*ရွှေအသစ်ကဏ္ဍအတွက် ဆရာမ မသီတာ(စမ်းချောင်း) တင်ပြလာတဲ့ ဝတ္ထုတို ၈ ပုဒ်ကို ဖတ်ကြည့်ပါတယ်။ တော်တော်များများက ကောင်းပါတယ်။ ဒါပေမဲ့ ကောင်းတာတွေထဲက အကောင်းဆုံးကို၊ တစ်နည်းပြောရရင် အကြိုက်ဆုံးကို ရွေးရမှာဆိုတော့ အားနည်းချက်တွေကို ထောက်ပြချင်ပါတယ်။*

*ပထမဆုံးပြောချင်တာက ဆရာ ကောင်းမြတ်ရဲ့ 'မြေလျှောက်တဲ့ကြယ်' ဖြစ်ပါတယ်။ ဇာတ်လမ်းကိုတော့ ကျွန်တော် မပြောတော့ပါဘူး။ ဖြစ်သင့်တာကိုပဲ ပြောပြချင်ပါတယ်။ ဒီဝတ္ထုမှာ ဆရာက လက်သည်တရားခံကို ဝှက်ထားပါတယ်။ ဒီလိုရေးနည်းက ကောင်းပါတယ်။ သို့သော် စာဖတ်ပရိသတ်တွေးလို့ရအောင် တစ်နေရာမဟုတ်တစ်နေရာမှာတော့ တရားခံဖြစ်နိုင်ခြေရှိတယ်လို့ ဆက်စပ်လို့ရအောင် အပိုင်းအစတစ်ခုတော့ ပေးရပါလိမ့်မယ်။ အဲဒါမှသာ ဇာတ်သိမ်းမှာ ဖြစ်ပျက်တဲ့အဖြစ်အပျက်ရဲ့ တရားခံကို စာဖတ်သူက တွေးခေါ်နိုင်မှာ ဖြစ်ပါတယ်။ ဝှက်လွန်းအားကြီးတဲ့အခါကျတော့ ဝတ္ထုဆုံးသွားချိန်မှာ တရားခံ ဘယ်သူလဲလို့ ရှာမရအောင် ဖြစ်သွားပါလိမ့်မယ်။ ကျွန်တော် ကြိုက်ပါတယ်။ နည်းနည်းလေး ပြန်ပြင်လိုက်ပြီး ပြန်ပို့ပေးစေချင်ပါတယ်။*

*နောက်တစ်ပုဒ်ကတော့ ဆရာ မိုင်း(မန္တလေး)ရေးသားတဲ့ 'အဖမဲ့နိုင်ငံတော်' ဖြစ်ပါတယ်။ ကွန်ပျူတာစာစီပြီး စာမျက်နှာ ၈ မျက်နှာ ရှိပါတယ်။ မလေးရှားနိုင်ငံမှာ သွားအလုပ်လုပ်တဲ့အတွေ့အကြုံတွေကို ရေးသားထားတာပါ။ တစ်ယောက်တည်းပြောတာထက် တခြားနည်းနဲ့ အသိပေးတာလေးတွေ ညှပ်ထည့်နိုင်ရင် ပိုကောင်းပါလိမ့်မယ်။ ဒီဝတ္ထုကတော့ ရှည်လွန်းပါတယ်။*

*'နိုင်ငံကျော်ရုပ်ရှင်မင်းသမီးယောကျ်ားရဲ့မယား' ဝတ္ထုကို ရေးသားခဲ့ပြီးဒီတစ်ပုဒ်ကိုပဲ ဝီဒီယိုရိုက်ဖြစ်ခဲ့တဲ့ ဆရာ 'သားဦး' ရဲ့ 'စကားပုံနှစ်ခု' ဝတ္ထုကို ဖတ်ရပါတယ်။ နှစ်လုံးထီ လက်ခွဲနိုင်တစ်ယောက်အကြောင်းပါ။ ဆွဲဆောင်မှုအားနည်းပါတယ်။*

*ဆရာမ ဒေးယောသာရဲ့ 'အလင်း၏အခြားတစ်ဖက်'ဝတ္ထုက ကွန်ပျူတာစာစီပြီး ၈ မျက်နှာ ရှိပါတယ်။ ကျွန်တော်တို့က ၆ မျက်နှာလို့ ကန့်သတ်ထားပါတယ်။ ယောကျ်ားတစ်ယောက်ရဲ့သစ္စာမဲ့မှုကြောင့် တစ်သက်လုံး ယောကျ်ားတွေအပေါ် အယုံအကြည်မရှိတော့တဲ့ မိန်းမတစ်ယောက်အကြောင်း ဖြစ်ပါတယ်။*

*ဆရာ ယောနေခြည်ရဲ့ 'အထူးကျေးဇူးတင်၏'ဝတ္ထုက သားတစ်ယောက်ရမှ အိမ်ထောင်ရေးဖောက်ပြန်သွားတဲ့ ယောကျ်ားတစ်ယောက်အကြောင်း ဖွဲ့ဆိုထားပါတယ်။ ကျွန်တော်တို့က ဝတ္ထုတိုဖြစ်တာကြောင့် ဝတ္ထုရှည်များလို သဘာဝဖတ်ဝန်းကျင်အလှအပတွေကို သိပ်ဖွဲ့ပြနေလို့ မရပါဘူး။ ဝတ္ထုတိုရဲ့သဘောက လိုတိုရှင်းသွားရမှာ ဖြစ်ပါတယ်။*

*ဒါကြောင့် ဒီလ ရွှေအသစ်များအဖြစ် ပြီးခဲ့တဲ့ လက ကျွန်ုပ်ခဲ့တဲ့ ဆရာသော်ဇင်(လှိုင်ကော်)ရဲ့ 'လွဲမှားခြင်း နိယာမ'၊ ဆရာမ မလေးငယ်ရဲ့ 'အမြင်'၊ ဆရာလင်းနိုင်ရဲ့ 'ဆုတောင်း'၊ ဆရာ နေကောင်းကင်နီရဲ့ 'အဲဒီနေ့က ကျွန်တော့် အဖေ သေပြီးရှင်တယ်'တို့ကို ဖော်ပြပေးလိုက်ပါတယ်။* ■

ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၂၉၊ ဩဂုတ်၊ ၂၀၁၄

# ရိုးသစ်

www.burmeseclassic.com



# သူတောင်း

### ဝင်းနိုင်

၁။

သမီး အဲဒီအစ်ကိုကြီးကို သိပ်ချစ်တာပဲ။ အဲဒီ အစ်ကိုကြီးက သမီးကို ခင်လည်း ခင်တယ်။ သမီးမုန့်ဖိုး တောင်းရင်လည်း တစ်ရာ တစ်ရာ အမြဲတမ်းပေးတယ်။ သမီးကို အဲဒီလို မုန့်ဖိုး နေ့တိုင်းပေးတာ တစ်ကျောင်းလုံးမှာမှ အဲဒီအစ်ကိုကြီး တစ်ယောက်ပဲ ရှိတာ။ အဲဒီအစ်ကိုကြီးလား။ သူက ကျောင်းသားလေ။ စစ်ကိုင်း G.T.C က။ အရပ်က အရှည်ကြီးပဲ။ ဆံပင်က နည်းနည်းကောက်တယ်။ အင်း နည်းနည်း မဟုတ်ပါဘူး။ တော်တော်ကောက်တာပါ။ အသားဖွေးတယ်။ ပြီးတော့ ကွမ်းလည်းစားတယ်။ ပိန်လည်း ပိန်တယ်။ သမီးက အဲဒီကျောင်းကသာ မဟုတ်တာ၊ အဲဒီ ကျောင်းကို နေ့တိုင်းသွားရတာ။ မိုးရွာရွာ၊ နေပူပူ ကျောင်းဖွင့်ရင် သွားရတာပဲ။ အဲဒီကျောင်းက အစ်ကိုတွေ၊ အစ်မတွေတောင် သမီးလောက် ကျောင်းမှန်လား မသိဘူး။ သမီးတို့က ကျောင်း ထဲထိတော့ မဝင်ရဘူး။ သမီးတို့ကလို့ ပြောရတာ အဲဒီကျောင်း သွားရင် သမီးတစ်ယောက်တည်း မဟုတ်လို့။ သမီးရယ်၊ သမီး မောင်လေးရယ်၊ သမီးအစ်မရဲ့ကလေး "ပိန်လိန်" ရယ်။ သုံး ယောက်မို့လို့။

သမီးတို့က ကောင်းမှုတော်နားက လာရတာ။ ကျောင်းနဲ့ဆို သိပ်တော့ မဝေးဘူးပေါ့။ မနက်လင်းပြီဆို အမေက ထမင်း

www.burmeseclassic.com

ချက်ရင်းနဲ့ ထမင်းအိုးဖုံးကို
ထင်းချောင်းနဲ့ သုံးလေးချက်
လောက် ခေါက်လိုက်ရင်
သမီးတို့ထရတာ။ မျက်နှာ
သစ်ပြီးရင် အမေထည့်ပေး
လိုက်တဲ့ ထမင်းနဲ့ အကြော်
နှစ်ခုကိုယူပြီး ကျောင်းဘက်
ထွက်လာရတာ။ ဆောင်း
တွင်းဆို သိပ်စိတ်ညစ်တာပဲ။
သမီးမှာ အနွေးထည်ထူထူမှ
မရှိတာ။ သမီး မောင်လေး
လည်း အတူတူပဲ။ သူလည်း
သနားတယ်။ ဟိုကောင် ပိန်
လိန်ကျမှ တော်သေးတယ်။
သူ့မှာ ကားပေါ်က ကျခဲ့လို့
သူ့အမေကောက်လာတဲ့ အင်္ကျီ
ရှိတယ်လေ။ အင်္ကျီလေးက
သိပ်လှတာ။ ခေါင်းစွပ်လေး
ကော ပါတယ်။ ဇစ်လေးဆွဲ
ရတာ။ သမီးလည်း သမီး
မောင်လေးကို သိပ်ဝယ်ပေး
ချင်တာ။ သမီးက အကြီးဆို
တော့ သူ့ထက်ခံနိုင်ရည် ပိုရှိ
တယ်။ တစ်ခါတလေ အရမ်း
အေးရင် သမီးတို့သမ်းမသျှောက်
ဘဲ ပြေးရတာ။ ဒါမှ ချွေး
ထွက်ပြီး နွေးလာတာလေ။
ချွေးတော့အလိုက်ခံရတာပေါ့။
သမီး ခွေးတွေကို သိပ်
မုန်းတာပဲ။ ခွေးတွေက သမီး
တို့ဆို သိပ်ဟောင်ချင်တာ။
သမီးတို့က တစ်ခါတလေ ပို
တဲ့ထမင်းတွေ ကျွေးတာ
တောင်မှ သမီးတို့ကို မခင်
ဘူး။ သမီးတို့ကိုမြင်တာနဲ့
သုံးလေးကောင်လောက် ဝိုင်း
ပြီးဟောင်ကြတာ။ သမီးတို့
ကလည်း မကြောက်ပါဘူး။
'ငါတို့ ဒီလောက်ကျွေးတာ
တောင် ဟောင်ချင်တဲ့ခွေးတွေ
သေစမ်း' ဆိုပြီး တွေ့တဲ့ခဲနဲ့
ကောက်ပေါက်ပစ်လိုက်တာ
ပဲ။ အဲဒီအခါကျတော့မှ

> သမီးတို့က
> ကောင်းမှုတော်
> နားက လာရတာ
> ကျောင်းနဲ့ဆို
> သိပ်တော့
> မဝေးဘူးပေါ့
> မနက်လင်းပြီဆို
> အမေက
> ထမင်းချက်ရင်းနဲ့
> ထမင်းအိုးဖုံးကို
> ထင်းချောင်းနဲ့
> သုံးလေးချက်
> လောက်
> ခေါက်လိုက်ရင်
> သမီးတို့ထရတာ

တကိန်ကိန်နဲ့ အော်ပြီးပြေးကြ
တာ။ မှန်လည်း မမှန်ဘဲနဲ့
အော်ကြတာ။ သူတို့ကျတော့
နာမှာ သေအောင်ကြောက်ပြီး
သမီးတို့ကျတော့ ဟောင်ချင်
ကြတာလေ။ ဒါကြောင့်
သမီးတွေးမိသေးတယ်။သမီး
တို့က ချွေးတောင် မခင်ချင်တဲ့
လူတွေလားတောင် မသိဘူး
လို့။ သမီးတို့ကျောင်းရှေ့
ရောက်ရင် ကျောင်းလာတဲ့
ကားတွေ မရောက်သေးဘူး။
ဒါဆို သမီးတို့က ကျောင်းရှေ့
က လက်ဖက်ရည်ဆိုင်က ပြ
တဲ့ဇာတ်ကားကို အပြင်ကနေ
မတ်တတ်ရပ် ကြည့်ကြတာ။
သမီးမောင်လေးဆို လက်ဖက်
ရည် သိပ်ကြိုက်တာ၊ ပိန်လိန်
ရောပဲ။ သမီးကတော့ ကြိုက်
တယ်လည်း ဟုတ်တယ်၊
မကြိုက်ဘူးလည်း ဟုတ်
တယ်။ ဒါပေမဲ့ သမီးတို့ ဝယ်
မသောက်ပါဘူး။ ပိုက်ဆံမှ
မပါတာ။ ပိုက်ဆံပါလည်း

ဝယ်မသောက်ရပါဘူး။
အမေက သူ ပြောထားတဲ့
ပိုက်ဆံမရရင် တအားရိုက်
တာ။ ဒါကြောင့်မို့။
သိပ်မကြာပါဘူး။
ကားတွေ တစ်စင်းပြီးတစ်
စင်း ရောက်လာတယ်။ ဒါဆို
ရင် သမီးတို့လည်း ကားတွေ
ကြား ရောက်သွားပြီ။ လူ
တော့ ခွဲရတာပေါ့။ သမီးတို့
လက်ထဲမှာ ရေခပ်တဲ့ဖလား
တစ်ယောက်တစ်လုံးစီ ပါ
တယ်။ လွယ်အိတ်ရောပဲ။
ကားတွေရောက်ပြီဆိုရင်
ကျောင်းရှေ့မှာ လူတွေစည်
လာပြီ။ ဆိုင်ကယ်နဲ့ လာတာ
တွေရော၊ ခြေလျင်လျှောက်
လာတာတွေရော၊ ခုနကားနဲ့
လာတာတွေရောပေါ့။ သမီး
တို့ကလည်း မုန့်ဖိုးကို အကုန်
လုံးစီ လိုက်တောင်းရတာ
မဟုတ်ပါဘူး။ ကြည့်ပြီး
တော့ ပေးနိုင်လား မပေးနိုင်
လား တွက်ရသေးတာ။ တစ်
ခါတလေ အတွက်မှားပြီး
အအော်ခံရတာ ရှိသေးတယ်။
သမီးတို့က အအော်ခံရလည်း
မကြောက်ပါဘူး။ သမီးတို့
ဖြစ်နေကျတွေ ဆိုတော့လေ။
အစ်မကြီးတွေကျတော့
မရဘူး။ သူတို့က သူတို့နား
သမီးတို့ကပ်သွားရင်ကို
ကြောက်တာလိုလို၊ ရွံတာ
လိုလိုနဲ့ ဖြစ်ကုန်တာ။ သမီးတို့
အများဆုံးမုန့်ဖိုးရတာက
အစ်ကိုကြီးတွေဆီက။ 'အစ်
ကိုကြီး မုန့်ဖိုးလေးပေးပါ'
ဆိုပြီး တောင်းလိုက်ရင် တချို့
အစ်ကိုကြီးတွေဆို နှစ်ရာ
တောင်ပေးသေးတယ်။ တချို့
အစ်ကိုကြီးတွေကျတော့ 'ငါ
တို့တောင် မုန့်ဖိုးမပါလို့ဟ'
ဆိုပြီးပြောကြတာ။ အဲဒီလိုဆို

သမီး သိပ်အားနာတာပဲ
သမီးက သူတို့ မုန့်ဖိုး မပ
တာမှ မသိတာလေ။ သမီးက
ကျောင်းသားဆို သူဌေးတွေ
ချည်းလို့ ထင်ထားတာလေ
❑

၂။

ကားလမ်းဒီဘက်မှာ
ဘုရား ရှိတယ်။ ကျောင်းက
ကားလမ်းရဲ့ ဟိုဘက်မှာ
ဗိုက်ဆာပြီဆို သမီးတို့က အဲ
ဘုရားပေါ်သွားပြီး ထမင်း
စားကြတာ။ ဘုရားနာမည
တော့ မသိဘူး။ ဆိုင်းဘုတ်
တော့ ရှိတယ်။ သမီးက စာ
မဖတ်တတ်တာ။ သူများတွေ
ပြောတဲ့အသံလည်း မကြား
ဖူးပါဘူး။

နေ့လယ်ကျောင်းက
၁၁ နာရီဆို ဆင်းတာဆိုတော့
သမီးတို့ ထမင်းစားပြီးတာနဲ့
ကွက်တိပဲ။ အဲဒီအခါကျရင်
ကျောင်းဆင်းလာတဲ့ အစ်ကို
တွေ၊ အစ်မတွေဆီ ထပ်
တောင်း။ တစ်ခါတလေ
မနက် ကိုယ်တောင်းပြီးသား
သူတွေဆီ ပြန်တောင်းမိရင်
အမာန်ခံရသေးတယ်။ သမီး
မမှတ်မိတာလေ။ အများကြီး
ပဲ ဟုတ်စ။ ကိုကြီးပေါ် ပြော
ပြောနေသလို 'ကျော်ဟိန်းက
လူတိုင်း သိပေမဲ့၊ လူတိုင်း
ကို ကျော်ဟိန်း မသိဘူး'
ဆိုသလိုပေါ့။ ဟီး...ဟီး...
သမီးက ကျော်ဟိန်းတော့
မဟုတ်ပေါင်။ ဒါပေမဲ့ သမီး
ကိုဒီကျောင်းကလူတွေအကုန်
လုံးသိမှာတော့ သေချာတယ်။
သမီးပုံကို ကြည့်ပါ
လား။ တစ်ခါ မြင်ပြီးရင်
တစ်သက်မမေ့နိုင်တဲ့ပုံလေး
အုန်းဆီ မလူးတာ ကြာတော့
ပွရောင်းရောင်း၊ နီကြောင် ကြင



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေတဲ့ ဆံပင်ဘုတ်သိုက်နဲ့၊ လူထက်ပိုကြီးနေတဲ့ အင်္ကျီတိုးလိုးတွဲလောင်းနဲ့။ လွယ်အိတ် မည်းညစ်ညစ်တစ်လုံးနဲ့၊ ဖိနပ်မပါတဲ့ ခြေသည်းရှည်ရှည် ခြေထောက်တစ်စုံနဲ့၊ 'အစ်ကိုကြီး၊ မုန့်ဖိုးလေးပေးပါ'၊ 'အစ်မကြီး မုန့်ဖိုးလေး ပေးပါ' ဆိုတဲ့ အသံ စူးတူးတူး ရှတတနဲ့။

သမီးကို ခင်တဲ့လူတွေတော့ ရှိပါတယ်။ နည်းနည်းလေးပါ။ သူတို့ဆိုရင် သမီးမုန့်ဖိုးတောင်းရတာ ပျော်တယ်။ သူတို့ဆီကဆို မုန့်ဖိုးက အမြဲတမ်းရတယ်လေ။ တော်တော်များများကတော့ မပေးချင်ကြတာများပါတယ်။ တစ်ခါတလေမှ နားပူလို့ ပေးတဲ့ပုံစံနဲ့ ပေးကြတာ။ ဘာပဲဖြစ်ဖြစ်ပါလေ။ သမီးကတော့ ညနေပြန်ရင် အမေပြောတဲ့ သုံးထောင့်ငါးရာပြည့်ရင်ပြီးရော။ မရ၊ ရအောင် လိုက်တောင်းရတာပဲ။

သမီးလို့ အရွယ်လောက် ကောင်မလေးတွေ အဖြူ၊ အစိမ်းဝတ်စုံနဲ့ မြင်ရရင် သမီး သိပ်အားကျတာ။ သမီးလည်း ကျောင်းအရမ်းတက်ချင်တာ။ စာလည်းသင်ချင်တယ်။ တစ်ခါကကျောင်းနေချင်လို့ အမေ့ကို ပြောမိပါတယ်။ 'ငါတောင် ကျောင်းမနေခဲ့ရဘူး' ဆိုပြီး ရိုက်လိုက်တာ နောက်နေ့ထိ လမ်းမလျှောက်နိုင်ဘူး။ အဲဒီကစပြီး ကျောင်းနေချင်တယ်လို့ အမေ့ကို မပြောရဲတော့ဘူး။ ပြောရင်လည်း အရိုက်ခံရတာပဲ အဖတ်တင်မှာ။ ဒါပေမဲ့ သမီးမောင်လေးတော့ ကျောင်းထားပေးချင်တယ်။ အမေ့လည်း မပြောရဲဘူး။ မောင်လေးဆို ကျောင်းနေလို့ရတဲ့ အရွယ်တောင်နည်းနည်းကျော်နေလောက်ပြီ။ သမီးတောင် ကျောင်းလိုက်မယ်ဆို ငါးတန်း၊ ခြောက်တန်းလောက် ရောက်ပြီ။ ဒါပေမဲ့ သမီး ကျောင်းလိုက်ဖို့မတွေးရဲတော့ပါဘူး။ မောင်လေးအတွက်သာ ဝမ်းနည်းတာ။ ပိန်လိန်တော့ သူ့အမေက ထားပေးမလား မသိဘူး။ သမီးကတော့ ကျောင်းမလိုက်ရပေမဲ့ နေ့တိုင်း တက္ကသိုလ်လာနေရတာကိုပဲ စိတ်ကူးယဉ်ကြည့်ရတော့မှာပဲ။ အမေပြောတဲ့ ပိုက်ဆံမပြည့်မချင်း မရမက လိုက်မုန့်ဖိုးတောင်းနေရမှာပဲ။ မောင်လေးကိုတော့ ဒီလိုကျောင်းသားကြီးအရမ်းဖြစ်စေချင်လိုက်တာလေ။ ဘုရားမှာလည်း နေ့တိုင်းဆုတောင်းတယ်။ သမီးရော၊ မောင်လေးရော၊ ပိန်လိန်ရော ကျောင်းလိုက်ရပါစေလို့လေ။ ခုထိတော့ ဆုတောင်းက မပြည့်သေးဘူး။ သမီး ဆုတောင်းနေတာကို ဘုရားက မကြားသေးတာ နေမှာ။

အဲဒီအစ်ကိုကြီးကို မြင်လို့ သမီး ထွက်လာလိုက်တာ မနက်က အဲဒီအစ်ကိုကြီးကို မတွေ့လိုက်ဘူး။ ဒါကြောင့် ခုမှ မုန့်ဖိုးတောင်းရမှာ။ နေ့လယ် ထမင်းစားချိန်ဆို ဒီညောင်ပင်အောက်က ထမင်းဆိုင်မှာ စားနေကျလေ။ အဲဒီ အစ်ကိုကြီးက ကျောပေးထားတော့ သမီးကို မမြင်ဘူး။ အဲဒီအစ်ကိုကြီး သူငယ်ချင်းတွေက မြင်ပြီး 'မီးခြစ်၊ မင်း ညီမလေး လာပြီ' ဆိုပြီးပြောမှ အစ်ကိုကြီးက လှည့်ကြည့်တာ။ အဲဒီအစ်ကိုကြီး နာမည်ကလည်း ရှာရှာပေါက်ပေါက် 'မီးခြစ်' တဲ့။ ဘယ်လိုကြီးမှန်းလဲ မသိဘူး။ ကျောင်းသားဖြစ်ပြီးတော့ နာမည်လှလှလေး မမှည့်ဘူး။ မီးခြစ်ဆိုတော့ အဲဒီအစ်ကိုကြီး ဆေးလိပ်သောက်မှာပေါ့။ သမီး လျှောက် တွေးနေတုန်း-

'ဟဲ့၊ မနက်က နင့် မမြင်ဘူး။ ရော့ မုန့်ဖိုး' ဆိုပြီး နှစ်ရာတန်တစ်ရွက် သမီး ဆီ လှမ်းပေးလိုက်တယ်။ သမီးလည်း အဲဒီအစ်ကိုကြီးကို ပြုံးပြပြီး ထွက်လာလိုက်တော့ အဲဒီအစ်ကိုကြီးတို့ဝိုင်းကနေ ရယ်သံတွေ ထွက်လာတယ်။ ဘာလို့ရယ်တာလဲတော့ သမီး မသိဘူး။

❑

၃။

အဲဒီနေ့က နေ အရမ်းပူတာပဲ။ စစ်ကိုင်းက အေးရင်စွတ်အေးပြီးတော့ ပူရင်လည်း စွတ်ပူတာ။ သမီးဆို တစ်ကိုယ်လုံး ချွေးတွေချည်းပဲ။ တော်သေးတယ်။ မနက်က ဖိနပ်စီးလာခဲ့လို့။ နို့မို့ဆိုရင် မြေကြီးပေါ် ခြေတောင် ချရဲမှာ မဟုတ်ဘူး။

နေပူတော့ လမ်းပေါ်မှာ လူကို မရှိဘူး။ အစ်ကိုတွေ၊ အစ်မတွေကလည်း နေပူကို ကြောက်တော့ အပြင်သိပ် မထွက်ကြဘူး။ သမီး မုန့်ဖိုး သိပ်မရသေးဘူး။ ဆိုင်တွေထဲမှာတော့ အစ်ကိုတွေ၊ အစ်မတွေ ရှိတယ်။ ဒါပေမဲ့ သမီး သွားမတောင်းရဲဘူး။ အချို့ဆိုင်ရှင်တွေဆို သမီးတို့လာတာ မကြိုက်ဘူး။ အော်လွှတ်တာ။ ဆိုးတဲ့ဆိုင်ရှင်ဆို ရိုက်တောင်လွှတ်တာ၊

သမီးလမ်းပေါ်မှာ လျှောက်သွားနေရင်းနဲ့ ကျောင်းပေါက်ဘေးက ဆိုင်မှာ အဲဒီအစ်ကိုကြီးကို မြင်လို့ အဲဒီဆိုင်ဆီ သွားလိုက်တယ်။ ဆိုင်ရှင်က ဆိုးပေမဲ့ အဲဒီအစ်ကိုကြီး ထိုင်နေတဲ့ခုံက လမ်းနဲ့ နီးတော့ ဆိုင်ထဲထိ ဝင်စရာမလိုဘူးလေ။ ပြီးတော့ အဲဒီအစ်ကိုကြီးဘေးမှာလည်း သမီးကို မုန့်ဖိုးခဏခဏပေးတဲ့ အစ်ကိုကြီးတစ်ယောက်လည်း ရှိသေးတယ်။

'အချစ်ဆိုတာ ဒါလား ဘီယာလိုပဲ ခါးတယ်နော်' တဲ့၊ ဆရာမဂျူး ကဗျာလေး မိုက်တယ် မီးခြစ်ရ။ မင်း နေရာမှာဆို ငါတော့ ကဗျာတွေ အများကြီး ထွက်လာမှာပဲ ဟား…ဟား…'

'တံတားဦး၊ ငါ တကယ်ခံစား နေရတာကွ။ ငါ့ကို မလှောင်နဲ့'

လာပြန်ပြီ နာမည်တစ်မျိုး။ တံတားဦးတဲ့။ အဲဒီအစ်ကိုကြီးက သူ့ ဘေးက အစ်ကိုကြီးကို ပြောလိုက်တာလေ။ သူ့နာမည်ကျတော့ မီးခြစ်တဲ့။ သူ့သူငယ်ချင်း နာမည်ကျတော့ တံတားဦးတဲ့။ ဘယ်လိုနာမည်တွေမှန်းလဲ မသိဘူး။ သမီးနည်းနည်းရွှေ့တိုးပြီး အဲဒီအစ်ကိုကြီးဘေး ရပ်လိုက်တယ်။ နံဘေးက အစ်ကိုကြီးကတော့ သမီးကို မော့ကြည့်နေတယ်။

'အစ်ကိုကြီး၊ သမီးကို မုန့်ဖိုးလေး ပေးပါ' ဆိုပြီး အရင်အတိုင်းပဲ တောင်းလိုက်တော့ 'သွားဟာ မပါဘူး' ဆိုပြီး သမီးကို အော်လွှတ်



www.burmeseclassic.com

www.burmeseclassic.com

လိုက်တယ်။ သမီး အရမ်းအံ့ဩသွားတယ်။ သမီးတောင်းရင် အမြဲလိုလိုပေးနေကျ အဲဒီအစ်ကိုကြီးက အခုလို အော်လွှတ်လိုက်တာဆိုတော့။ ပြီးတော့ သမီးကို ခင်တယ်လို့ သမီးထင်နေတဲ့လူက ခုလိုအော်လိုက်တော့ သမီး အရမ်းဝမ်းနည်းသွားတယ်။ မျက်ရည်တွေက ချက်ချင်းဝိုင်းလာပြီး ချက်ချင်းပဲ အပြင်ထွက်လာတယ်။

သမီး အရင်က ဒီလို အော်လွှတ် ခံရရင်လည်း ဝမ်းလည်း မနည်းဘူး။ အံ့လည်း မဩဘူး။ ခုကျမှ ဝမ်းနည်းတာ။ သမီးခင်တဲ့ အဲဒီအစ်ကိုကြီးက အခုလို အော်လွှတ်လိုက်လို့ ဝမ်းနည်းတာ။ အဲဒီအစ်ကိုကြီးက အရင်ကဆို အဲဒီလို မဟုတ်ဘူး။ တစ်ခါကဆို ကျောင်းမဆင်းခင် ကျောင်းအပြင်ထွက်လာတဲ့ အဲဒီအစ်ကိုကြီးကိုမြင်လို့ သမီးက မုန့်ဖိုးသွားတောင်းတော့ 'ငါတောင် စာအုပ် မဝယ်နိုင်လို့ စာမေးပွဲ မဖြေခဲ့ရဘူး။ ပိုက်ဆံမပါတော့ဘူးဟ။ နင် ပေးမလား' လို့ ပြောလို့ သမီးက ပိုက်ဆံတစ်ရာထုတ်ပေးတော့ အဲဒီအစ်ကိုကြီးက တဟားဟားနဲ့ ရယ်နေခဲ့သေးတာ။ ခုကျတော့ ဘာလို့ သမီးကို အော်ရတာလဲ မသိဘူး။ ပိုက်ဆံမပါရင် သမီးက ဇွတ်မတောင်းပါဘူး အဲဒါကို…။

နောက်နေ့ကျတော့ သမီး အဲဒီအစ်ကိုကြီးကို မြင်တာတောင် မုန့်ဖိုးမတောင်းရဲတော့ဘူး။ ဒီပြင် အစ်ကိုတွေ၊ အစ်မတွေဆီပဲ လိုက်တောင်းနေလိုက်တယ်။ အဲဒီအစ်ကိုကြီးကို စိတ်ဆိုးလို့တော့ မဟုတ်ပါဘူး။ မနေ့ကလို အော်လွှတ်ရင် သမီးက ဝမ်းနည်းလွန်းလို့ပါ။

'ဟဲ့ ရော့…မုန့်ဖိုး။ မနေ့က ငါက စိတ်ညစ်နေလို့ အော်လိုက်တာ။ နောက်ဆို မအော်တော့ဘူး သိလား။ ရော့ ရော့'

အဲဒီအစ်ကိုကြီးက သမီးမတောင်းဘဲ မုန့်ဖိုးလာပေးတာလေ။ သမီး သိပ်ဝမ်းသာတာပဲ။ အဲဒီအစ်ကိုကြီးကို သမီးအားရပါးရ ပြုံးပြလိုက်တယ်။ မျက်ရည်တွေကလည်း ထွက်လာပြန်တယ်။ ဒီတစ်ခါကျတော့ ဝမ်းသာလို့ကျတာဆိုတာ သမီး သိတယ်။

❑

၄။

မိုးက ရွာလိုက်၊ တိတ်လိုက်နဲ့။

သမီး ဒီနေ့ ပိုက်ဆံသိပ်မရသေးဘူး။ ညနေပြန်ရင် သုံးထောင့်ငါးရာတောင် ပြည့်ပါ့မလား မသိဘူး။ အစ်ကိုတွေ၊ အစ်မတွေက စာမေးပွဲဖြေနေတာဆိုတော့ ကျောင်းလာတဲ့ကားတွေလည်း သိပ်မရှိတော့ဘူး။ ဆိုင်ကယ်တွေနဲ့ လာကြတာများတော့ မုန့်ဖိုးတောင်းရတာ အဆင်မပြေတော့ဘူး။

ကျောင်းရှေ့က လက်ပံပင်ကြီးအောက်မှာ ထိုင်နေရင်းနဲ့ ရထားတဲ့ပိုက်ဆံတွေ သမီးရေနေလိုက်တယ်။ အားလုံးပေါင်းမှ တစ်ထောင့်နှစ်ရာပဲ ရှိသေးတယ်။ သုံးထောင့်ငါးရာပြည့်ဖို့ အများကြီးလိုသေးတယ်။ သမီး စိတ်ညစ်လိုက်တာ။ အမေက သုံးထောင့်ငါးရာ မပြည့်ရင် ရိုက်တာလေ။ ကျော်ရင်ကျတော့ အကုန်ယူတာပဲ။ သမီးတို့ဖို့ မုန့်ဖိုးတောင်ချန်ပေးတာ မဟုတ်ဘူး။ ခိုးထားရင်ရပေမဲ့ မခိုးချင်ပါဘူးလေ။ သမီးက ခိုးရတာကို မကြိုက်ဘူး။

သမီးက စာသာမဖတ်တတ်တာ ပိုက်ဆံကျတော့ ရေတတ်တယ်။ ဘယ်လိုလုပ်ရေတတ်သွားတာလဲတော့ မသိဘူး။ အလုပ်က သင်သွားတာလို့ ကြီးကြီးကျယ်ကျယ်ပြောရတော့မှာပဲ။ စိတ်လည်း ညစ်၊ ဗိုက်လည်း ဆာဆာနဲ့ လက်ပံပင်ကြီးအောက်ကနေ မထဘဲ သမီး ပေထိုင်နေလိုက်တယ်။ လွယ်အိတ်ထဲမှာ ကပ်ပြီး ကျန်ရင် ကျန်နေမှာဆိုပြီး ပိုက်ဆံမွှေရှာရင်းနဲ့လေ။

'ဟဲ့၊ ဘာတွေရှာနေတာလဲ'

အသံကြားလို့ သမီး မော့ကြည့်လိုက်တော့ အဲဒီအစ်ကိုကြီးဖြစ်နေတယ်။ သမီးမြင်ဖူးသမျှထဲမှာတော့ အဲဒီအစ်ကိုကြီး ဒီနေ့အချောဆုံးပဲ။ ဆံပင်ကိုလည်း အိနေအောင် ဘီးနဲ့ဖြီးထားတာ။ အင်္ကျီကလည်း အသစ်၊ ပုဆိုးကလည်း အသစ်ထင်တယ်။ အရောင်ကတောက်နေတာပဲ။

'ဟဲ့၊ နင့် နာမည်က ဘာတုံး'

သမီးကို သိတာဖြင့် ကြာလှပြီ။ ခုမှ အမည်မေးတော့ သမီး ကြောင်သွားတာပေါ့။ ဟုတ်တော့ ဟုတ်ပါတယ်။ သမီးတောင် အဲဒီအစ်ကိုကြီးကို မီးခြစ်လို့ပဲ သိတာဟုတ်စ။ ဒီပြင် နာမည်ရှိရင်ရှိဦးမှာ။ ဒါတောင် သူ့သူငယ်ချင်းတွေ ပြောတာကြားလို့ သိရတာ။

'မိဝိုင်း'

'အေး မိဝိုင်း။ နင် တစ်နေ့ သုံးထောင့်ငါးရာရအောင် တောင်းရတာမို့လား'

သမီး အရမ်းအံ့ဩသွားတယ်။ ဘယ်လိုလုပ်သိတာလဲ မသိဘူး။ သမီးဖြင့် ဘယ်သူ့မှ ပြောမပြမိပါဘူး။

'ငါ သိပါတယ်ဟ။ နင် တစ်နေ့ သုံးထောင့်ငါးရာ ရအောင် တောင်းရတယ်ဆိုတာ နင် မမှတ်မိလို့။ လွန်ခဲ့တဲ့ သုံးနှစ်က နင့်ကို ငါ့သူငယ်ချင်းတွေ မေးတော့ နင် ဖြေဖူးတယ်။ အဲဒီတုန်းက နင် ငယ်သေးတယ်။ ဒီနေ့ရော သုံးထောင့်ငါးရာ ပြည့်ပြီလား'

သမီး ခေါင်းယမ်းပြလိုက်တော့ အဲဒီအစ်ကိုကြီးက အိတ်ထောင်ထဲကနေ ပိုက်ဆံတွေထုတ်ပြီး 'ရော့ သုံးထောင့်ငါးရာ။ ဒီနေ့ စောစော ပြန်ရတာပေါ့' ဆိုပြီး သမီးကို ပေးလိုက်တယ်။ သမီး ဘာပြန်ပြောရမှန်း မသိဘဲဖြစ်သွားတယ်။ ယူရမှာလား၊ မယူရင်ကောင်းမလားလည်း မသိတော့ဘူး။ အရင်က တစ်ရာ၊ နှစ်ရာပဲ ယူနေကျဆိုတော့ ခုလို အများကြီး ပေးနေတော့။

'ယူပါဟ။ ငါ နင့်ကို တကယ်ခင်လို့ ပေးနေတာ။ ပြီးတော့ နင့်ကို သနားလည်း သနားလို့။ နင့်အရွယ်ဆို တကယ်က မိဘရင်ခွင်ထဲမှာနေပြီး ကျောင်းစာတွေနဲ့ နေရမယ့်အရွယ်ဟ။ ဒါကို နင်က ခုလို လမ်းပေါ်မှာနေပြီး သူများတွေဆီက မုန့်ဖိုးတစ်ရာ နှစ်ရာလောက်ရဖို့ တင်းနေကျ



www.burmeseclassic.com

www.burmeseclassic.com

လိုက်တောင်းနေရတယ်။ အော်ခံရတယ်။ ဆဲခံရတယ်။ နင့်အရွယ်နဲ့ နင် ခံနေရတဲ့ဒုက္ခ က ဘယ်လိုမှ မမျှဘူးဟာ။ တကယ်က နင့်အရွယ်ဆို ကျောင်းတက်နေရမှာဟ။ ခုကျတော့'

အဲဒီအစ်ကိုကြီးက စကားတွေ အများကြီးပြော ပြီး မောလို့ထင်ပါတယ်။ ခဏရပ်လိုက်တယ်။ သမီး ကတော့ ခုချိန်ထိ ကြောင်အ နေဆဲ။ အဲဒီအစ်ကိုကြီး ပြောတဲ့စကားတွေကိုလည်း နားလည်တာလိုလို နားမလည် ဘူးလိုလို ဖြစ်ဆဲ။

'နင် ကျောင်းနေချင် လား'

သမီးခေါင်းကို မြန်မြန် ညိတ်ပြလိုက်တော့ အဲဒီ အစ်ကိုကြီးဆီကနေ သက် ပြင်းချသံကြားလိုက်ရတယ်။ ဘာစကားမှတော့ ထပ်ထွက် မလာတော့ဘူး။ တော်တော် ကြာတယ်။ မိုးကလည်း ဖွဲဖွဲ လေး ကျလာတယ်။

'နင် တစ်နေ့လိုက် တောင်းရတဲ့ သုံးထောင့်ငါး ရာက ကျောင်းပိတ်တဲ့အချိန် ဆို ပန်းရန်လိုက်လုပ်ရင် ငါ ရတဲ့ငွေနဲ့အတူတူပဲ သိလား'

သမီး ထပ်ပြီး အံ့ဩရ ပြန်တယ်။ ပန်းရန်လုပ်ရင်ရ တဲ့ငွေနဲ့ သမီးတောင်းတဲ့ငွေနဲ့ တူလို့ မဟုတ်ဘူး။ အဲဒီ အစ်ကိုကြီး ပန်းရန်လုပ်ရ တယ်ဆိုလို့။

'အစ်ကိုကြီးက သူဌေး မဟုတ်ဘူးလား'

'ဟား…ဟား…။ ဘယ်ကလာ သူဌေးရမှာလဲ။ ငါလည်း ဆင်းရဲသားပဲဟ။ နင်က ကျောင်းသားဆို သူဌေးချည်းထင်နေတာနဲ့တူ တယ်။ မဟုတ်ပါဘူးဟာ။ ငါလည်း ဆင်းရဲပါတယ်။ ဆင်းရဲလို့ အလုပ်ကောင်း ကောင်းရပြီး ပိုက်ဆံလိုချင် လို့ ခု လို ကျောင်းတက်နေ တာ။ ရော့…ယူလိုက်'

ခုနက မယူရသေးတဲ့ ပိုက်ဆံကို ဖွတ်ထိုးပေးနေ တော့ သမီး ယူလိုက်ရတယ်။

'ဒီနေ့ စာမေးပွဲဖြေရ တာ နောက်ဆုံးနေ့ပဲ။ နောက် နှစ်ဆို အစ်ကိုကြီးက ဒီ ကျောင်းမှာ မတက်ရတော့ဘူး။ ကျောင်းပြီးသွားပြီပေါ့။ ဒါ ကြောင့် မုန့်ဖိုးအများကြီးပေး ခဲ့တာ။ အစ်ကိုကြီးအတွက် ဆုတောင်းပေးလေ။ B.E ပြီး ရင် အလုပ်ရပါစေလို့'

အဲဒီအစ်ကိုကြီးက သမီး ခေါင်းကို အကြာကြီးပွတ်ပြီး သမီးရှေ့ကနေ ထွက်သွား တယ်။ မိုးက နည်းနည်းများ လာတယ်။ အဲဒီအစ်ကိုကြီး ကျောပြင်ကို မြင်ရတာလည်း ဝိုးတိုးဝါးတား ဖြစ်လာတယ်၊ မိုးစက်တွေကြောင့်လား။ ဒါမှမဟုတ် သမီးမျက်ရည် တွေကြောင့်လား သမီး မသိ ဘူး။

အဲဒီအစ်ကိုကြီးက အလုပ်ရပါစေလို့ ဆုတောင်း ပေးတဲ့။ သမီးကျတော့ ကျောင်းနေချင်လို့ ဆုတောင်း ရတယ်။ အဲဒီအစ်ကိုကြီးကျ တော့ ကျောင်းနေရလျက်သား နဲ့ အလုပ်ရဖို့ ဆုတောင်းပေး တဲ့။

သမီးဆုတောင်းရင် မပြည့်တတ်တာကို အဲဒီ အစ်ကိုကြီးကို သမီးမပြော လိုက်ရဘူး။ ■

**လင်းနိုင်**

---

## ၂၀၁၄ ခုနှစ်၊ ဧပြီ ၁၁ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ ဇူလိုင် ၈ ရက်နေ့အထိ ရောက်ရှိလာသော ရွှေအသစ်စာမူများ

(၁) ရွှေဖိုးလ် *ဟော…မိုးတွေခြိမ်းနေပြန်ပြီ* ၊စစ်ကိုင်း၊ (၂) မိုးရည်နိုင် *လောကပင်လယ်ပြင်ဝယ်* ၊ရန်ကုန်၊ (၃) ရှည့်ညိုလေး *နေရာ* ၊မုံရွာ၊ (၄) ဌေးအောင်စိန်(အင်းမ) *တိုက်ပွဲ* ၊တိုက်ကြီး၊ (၅) ဌေးအောင်စိန်(အင်းမ) *သွေးမှူး* ၊တိုက်ကြီး၊ (၆) လင်းမွန်ဦး *မေရီ* ၊Email၊ (၇) ဝင်းတင်(ရွှေရောင်မြေ) *လျှောက်လှမ်းရဦးမည့် ခြေလှမ်းများ* ၊သထုံ၊ (၈) အောင်မျိုးသူလွင် *အေးမှု* ၊Email၊ (၉) သင်းနုဖွန်(ပေါင်းတည်) *ဒါအချစ်လား* ၊ပဲခူး၊ (၁၀) *ပြုံးနွဲ့နွဲ့ဝါ လမင်းမေမေ* ၊သထုံ၊ (၁၁) ဇော်သစ်(စကုကျွန်း) *မြစ်တစ်စင်း၏ ရှိုက်သံ* ၊တောင်ကုတ်၊ (၁၂) ဆွေဝင်းနီ(ပွင့်ဖြူ) *ရှာပုံတော်မင်းသားကြီး ချစ်ဖိုလ်ဖိုလ် သကြန်မထွာပ်* ၊မကွေး၊ (၁၃) ဆွေဝင်းနီ(ပွင့်ဖြူ) *ဆက်ရှန်* ၊မကွေး၊ (၁၄) *မင်းမာန် ငြောင်* ၊နေပြည်တော်၊ (၁၅) ခင်ဆက်ဆက်အောင် (ပြည်တက္ကသိုလ်) *ဟု ခေါ်ဆိုခွင့်မရှိသော* ၊ရန်ကုန်၊ (၁၆) အန်တီ *သာကြီးပါမောက္ခ* ၊မန္တလေး၊ (၁၇) သဲနုဇ *ပန်းရှိုက်သံ* ၊ရန်ကုန်၊ (၁၈) သဲနုဇ *လှိုင်ဂွက်မြစ်တစ်စင်း* ၊ရန်ကုန်၊(၁၉) အေထူးအောင်(အဏ္ဏဝါ) *မိုးသည်းည* ၊သန်လျင်၊ (၂၀) လမင်းမွန်မွန် *အနာဂတ်ကြယ်လေးတွေလင်းပါစေ* ၊နေပြည်တော်၊ (၂၁) ညီစောရန်နောင် *ရေမျောကမ်းတင်* ၊ရန်ကုန်၊ (၂၂) ဟေမန်စော *နာခံတတ်သူများဖြစ်ကြပါစေ* ၊လားရှိုး၊ (၂၃) မောင်လှိုင်မိုရ် *နောက်တိုးဖတ်စာ* ၊ဘိုကလေး၊ (၂၄) မိုးစက် *ဟုတ်ပါသည် အဲဒီနေ့က မိုးတွေတကယ်ရွာခဲ့ပါသည်* ၊-၊ (၂၅) မိုးစက် *ရင်ခွင်မဲ့သူ* ၊-၊ (၂၆) စိုးသူရ *တတိယမြောက်အနမ်း* ၊Email၊ (၂၇) ပြုံးနွဲ့နွဲ့ဝါ *သည်နွေမိုးဆောင်း ပြောင်းသော်လည်း* ၊သထုံ၊ (၂၈) ငြိမ်းချမ်းဇော် *ငါးရံ့ခေါင်းက ချိုပါ တယ်* ၊ရန်ကုန်၊ (၂၉) မိုးမခ(ပွင့်ဖြူ) *စိတ်ပျက်စရာကောင်းအောင်…လှတဲ့သူ* ၊ မကွေး၊ (၃၀) ကျုံပျော်စိုးလွင်(ပညာရေး) *မိတ်ဆွေကောင်း* ၊ကျုံပျော်၊ (၃၁) ပိုပိုအောင်(ဝန်းသို) *နှလုံးသားရှိုက်သံ* ၊မြစ်ကြီးနား၊ (၃၂) သုတမောင် *နောက်ဆုံးတစ်စက်* ၊ရန်ကုန်၊ (၃၃) ခင်ခင် *တစ်ဝမ်း တစ်ခါး* ၊ရန်ကုန်၊ (၃၄) နွေချစ်တိုင်း *ပါးတစ်ဖက်၏ မျက်ဖြေလက်ာ* ၊မကွေး၊ (၃၅) ဆုလဒ်ပြည့် *အကြင်နာနှလုံးသား* ၊မော်လမြိုင်၊ (၃၆) စိမ်းလဲ့ညို Pitching ၊Email၊ (၃၇) အန်တီ *ရီလှမသိခက်ရခြည့်* ၊မန္တလေး၊ (၃၈) မောင်ဗလ *ဒါနစားသူများ* ၊ရန်ကုန်၊ (၃၉) မင်းမာန် *မင့်ပါနဲ့မိုးရယ်* ၊နေပြည်တော်၊ (၄၀) ကောင်းမြတ် *ထောင်ချောက်* ၊နေပြည်တော်၊ (၄၁) ဇော်သစ်(စကုကျွန်း) *မြင်းမိုရ်တောင်ကို မြင်တွေ့လိုက်ရသော မြစ်တစ်စင်း* ၊တောင်ကုတ်၊

■

*အယ်ဒီတာမြတ်မြတ်ချို ပြုစုသည်*



www.burmeseclassic.com

www.burmeseclassic.com

'မသိဘူး။ တစ်ထောင်တန်လား၊
ငါးရာတန်လား
သမီးလည်း မသိတော့ဘူး ဟီး...'
ပြောပြောဆိုဆိုနှင့် ငိုချလိုက်သော
ကောင်မလေးကို ကြည့်ရင်း
သူမစိတ်တို့ တော်တော်ပင်
ရှုပ်ထွေးသွားမိသည်။ တကယ်ဆို
ဒေါ်မြခက်ဆိုတာ သူမတို့ရပ်ကွက်မှာ
နာမည်ကြီး။ နှုတ်ကြမ်း လျှာကြမ်း၊
စွာကလည်း စွာသည့်အပြင်
သူတို့အမျိုးတွေကလည်း
ကျီးကန်းမျိုးတွေ။ ရပ်ကွက်ထဲမှာ
ဆွေမျိုးများလှသည့်အပြင်
ထိုဆွေမျိုးစုကြီးကလည်း သူတို့အထဲက
တစ်ယောက်ယောက် ပြဿနာ တက်ပြီ
ဆိုတာနှင့် ကိုယ့်လူ မှားမှားမှန်မှန်
သူတို့က နောက်ကဝိုင်းပြီး
ရန်ဖြစ်ပြီးသားပင်။ အခုတောင်
မနက်အစောကြီးမို့လို့ အိမ်ရာက
မထကြသေးလို့ထင်။ မဟုတ်လို့ကတော့
ရောက်နေလောက်ကြပြီ။

# အမြင်

**မလေးငယ်**


'တစ်ထောင်တန်မှ
တစ်ထောင်တန်အသေးလေး။
တစ်အိမ်လုံးမှာမှ အဲဒီပိုက်ဆံ
တစ်ရွက်တည်းရှိတာ။ ဘာမှ
မှားနေစရာအကြောင်းလည်း မရှိဘူး။
အမှန်က ဆန်သွားဝယ်မလို့ဟာကို
ဒီကောင်မက ဘောပင်ရေးစရာ
မရှိတော့ဘူးဆိုလို့ သူ့ကို
အရင်သွားဝယ်ခိုင်းလိုက်တာ။ မနက်က
မျက်နှာသစ်တုန်းကတောင် အေးဆောင်က
ဒီနေ့မနက် ဘာချက်မလဲ မေးလို့
ဘာချက်ရမလဲတော့ မသိဘူး။ ဆန်လည်း
ဝယ်ရဦးမယ်။ ပိုက်ဆံကလည်း
ဒီတစ်ထောင်ပဲရှိတယ်အေ ဆိုပြီး
အဲဒီတစ်ထောင်တန်လေး





www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၂၉၇၊ ဩဂုတ်၊ ၂၀၁၄



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ပြလိုက်ရင်း တစ်ထောင်တန်နံပါတ်လေးက လှတယ်။ နောက်ဆုံးဂဏန်းကို နှစ်လုံးထိုးရင်ကောင်းမယ်လို့တောင် ပြောလိုက်သေးတယ်။ နောက်ဆုံးဂဏန်း နံပါတ်က ၅၂ တဲ့နော်၊ မှတ်မှတ်ရရ။ မယုံရင် အေးဆောင်ကို ခေါ်မေးကြည့်'

ညြော် ...ဒုက္ခ။ ငါ မယုံလျှင် ငါ့ယောက်ျားမေးကြည့်ဆိုသလို ဖြစ်နေပြန်ပါပြီ။ အမှန်ဆို သူမလည်း အဲဒီလောက် စကားအများကြီး ပြောဆိုမနေချင်။ လူတွေလည်း ဝိုင်းကြည့်လှပြီ။ တခြားလူဆိုလျှင်တောင် ဖောက်သည်အပျက်မခံချင်လို့ ပေးချင်ပေးလိုက်နေပြီ။ အခုဟာက ဒေါ်မြခက်ဖြစ်နေလို့ တမင်ပင် အလျှော့မပေးနိုင်တာဖြစ်သည်။

'မဟုတ်သေးဘူး အဒေါ်။ ကျွန်မ ပိုက်ဆံမှားအမ်းမိတယ်ဆိုရင်တောင် အဒေါ့်သမီးကပြောရမှာလေ။ ကလေးပေါက်စနလေးမို့ မသိဘူးဆိုရင်လည်း ထားတော့။ အခုအဒေါ့်သမီးက ခြောက်တန်းပဲ ရောက်နေပြီ။ ပိုက်ဆံမှားအမ်းတယ်ဆိုရင် သူ ချက်ချင်းပြောပေါ့။ ဘာလို့ အိမ်ရောက်မှ တစ်ခေါက် လာပြောတာလဲ။ အခုလည်း ဒီမှာ လာဝယ်တဲ့လူကိုယ်တိုင်က ငါးရာတန်လား၊ တစ်ထောင်တန်လား သေချာတောင် ပြောနိုင်တာ မဟုတ်ဘူး။ ပြီးတော့ ကျွန်မ ပိုက်ဆံအံဆွဲထဲမှာလည်း မနက်တည်းက တစ်ထောင်တန်နဲ့ တစ်ယောက်မှ လာဝယ်သေးတာ မဟုတ်ဘူး။ တစ်ထောင်တန်လည်း တစ်ရွက်မှ မရှိဘူး။ အဒေါ်မယုံရင် လာရှာကြည့်'

ငိုနေသော ဒေါ်မြခက်သမီးလေးကို သနားမိသော်လည်း ပြောစရာရှိတာတော့ ပြောရပေလိမ့်မည်။ မဟုတ်လို့ကတော့ မလွယ်။ အခုတစ်ခေါက်ရလျှင် နောက်တစ်ခေါက်၊ နောက်တစ်ခေါက် အခေါက်ပေါင်း များစွာ လာပေတော့မည်။

'လာလည်း ရှာကြည့်မနေနိုင်ဘူး။ ငါကတော့ အမှန်ပြောတာပဲ။ ငါပေးလိုက်တဲ့ ပိုက်ဆံက တကယ်တစ်ထောင်တန်။ အဲဒီတော့ လိုတဲ့ပိုက်ဆံပြန်ပေး။ ပြန်မပေးမချင်းတော့ ညည်းဆိုင်ရှေ့က တစ်ဖဝါးမှ ခွာမှာ မဟုတ်ဘူး။ ငါ့ပိုက်ဆံ ငါပြန်တောင်းနေမှာပဲ'

'နေပါဦး။ အဒေါ် စကားကို အဲဒီလို...'

'ဟဲ့ သမီး၊ နှယ်နှယ်'

သူမ စကားပင် မဆုံးလိုက်။ နောက်က ခေါ်လိုက်သောအသံနှင့်အတူ သူမ အနားသို့ ရောက်ရှိလာသူက သူမအမေ။

'မနက်စောစောစီးစီး အေ... ဘာလို့ စကားတွေ များနေရတာလဲ။ သူလိုတယ်ဆိုတဲ့ ပိုက်ဆံပြန်ပေးလိုက်'

'မဟုတ်ဘူး မေကြီး၊ အခုဟာက'

'ပြန်ပေးလိုက်ပါဆိုအေ၊ ပိုက်ဆံက ဘယ်လောက်လဲ။ ငါးရာမို့လား'

ပြောပြောဆိုဆိုနှင့် သူမ ပိုက်ဆံအံဆွဲထဲက ငါးရာတန်တစ်ရွက်ကိုယူပြီး ဒေါ်မြခက်ကို လှမ်းပေးလိုက်ရင်း-

'ကဲ အစ်မကြီး... ဟောဒီမှာ ပိုက်ဆံငါးရာ။ ဈေးဝယ်ဈေးရောင်း လူကလည်း များနေတော့ သူ့အမှားကိုယ့်အမှားရှိပါလိမ့်မယ်။ ထားလိုက်ပေါ့တော့နော်'

'ရပါတယ်၊ ကျွန်မက ကျွန်မပိုက်ဆံပြန်ရရင် ပြီးတာပဲ'

ပိုက်ဆံငါးရာကို လက်တစ်ဖက်က ဆုပ်၊ ကျန်သည့်လက်တစ်ဖက်က သူ့သမီးလက်မောင်းကိုကိုင်ပြီး ထွက်သွားသော ဒေါ်မြခက်ကို ကြည့်ရင်း ကျွန်မအမေ့ကို မကျေမနပ်နှင့် လှမ်းကြည့်လိုက်မိသည်။

'မလျှုတတ်ရင် ဈေးရောင်းတဲ့ သမီးရဲ့။ စကားပုံတောင် ရှိသေးတယ်။ တော်ရုံတန်ရုံတော့ ထားလိုက်ပါအေ'

သူမအကြည့်ကို နားလည်ဟန်ဖြင့်ပြောလိုက်သော အမေ့စကားကို ပြန်လည်ချေပလိုက်ချင်သော်လည်း အခုမှ ဈေးဝယ်ဖို့သတိရကြဟန်ဖြင့် အနားရောက်လာကြသော လူများကြောင့် သူမ မျက်နှာကို ရှေ့သို့ပြန်လှည့်လိုက်ရင်း နှုတ်ခမ်းကို သာ အတတ်နိုင်ဆုံး ပြုံးထားလိုက်မိတော့သည်။ သီတင်းကျွတ်ကျောင်းပိတ်ရက်အပြီး ဒီနေ့ကျောင်းပြန်ဖွင့်သည့်ရက်မို့ ကျောင်းသုံးပစ္စည်းနှင့် မုန့်တွေကို အဝယ်များတာကြောင့် ဒီနေ့မနက် ဆိုင်ဖွင့်ကတည်းက လူတွေအုံနေရသည်။

ဈေးကိုသာ အာရုံစိုက်ပြီး ရောင်းနေရပေမဲ့ ခုနက အဖြစ်အပျက်ကြောင့် သူမစိတ်ထဲမှာတော့ ခံရခက်နေဆဲ။ တကယ်ဆို အိမ်မှာ ကုန်စုံဆိုင်ကလေး စဖွင့်ကတည်းက ရပ်ကွက်ထဲက ဈေးဝယ်လာသူတွေကတစ်ဆင့် ဒေါ်မြခက် သတင်းက မွှေးပြီးသား။

'ရပ်ကွက်ထဲမှာ ဖွင့်ထားတဲ့ဆိုင်မှန်သမျှ ဒေါ်မြခက်နဲ့ ရန်မဖြစ်ဖူးတဲ့ဆိုင် တစ်ဆိုင်မှ မရှိ။ ရန်ဖြစ်ရတဲ့အကြောင်းကလည်း ဒီပိုက်ဆံပြန်အမ်းတဲ့ကိစ္စပဲ။ နှစ်ရာတန်ပေးပြီး ငါးရာတန်ပေးပါတယ်ပြောလို့ပြော၊ ငါးရာတန်ပေးပြီး တစ်ထောင်တန်ပေးပါတယ်ပြောလို့ပြော၊ တစ်ခါတလေ ပိုက်ဆံတစ်ပြားမှ မပေးရသေးဘဲနဲ့တောင် ပေးပြီးပြီ ခံငြင်းတတ်သေးတယ်'

ဒီလိုသတင်းတွေ မွှေးနေလွန်းလို့လည်း ဒေါ်မြခက်မို့ ဈေးဝယ်လာပြီဆို သူမ အမြဲ အလွှတ်မပေးရဲ။ ဆိုင်ကကောင်မလေးတွေကိုလည်း မရောင်းခိုင်းရဲ။ သူမကိုယ်တိုင်ပင် ရောင်းပြီး ပိုက်ဆံပေးပြီဆိုရင်လည်း သူပေးသည့်ပိုက်ဆံကို ဘယ်တော့မှ အံဆွဲထဲ တန်းမထည့်။ အမြဲ လက်မှာကိုင်ထားပြီး အမ်းစရာရှိသည့်ပိုက်ဆံကို ပြန်အမ်းရသည်။ ဒါတောင် ခံငြင်းတာ နှစ်ကြိမ်တိတိ၊ နှစ်ကြိမ်လုံးမှာ သူမ သတိမလွတ်ခဲ့သူမို့ 'မဟုတ်သေးဘူးလေအဒေါ်ရဲ့။ အဒေါ်ပေးတဲ့ပိုက်ဆံကဒီမှာလေ။ ကျွန်မ အံဆွဲထဲတောင် မထည့်ရသေးဘူး' ဆိုပြီး အပြုံးမပျက် ဖြေရှင်းနိုင်ခဲ့စမြဲ။ ဒီနေ့ သူ့သမီးကလေး လာဝယ်တော့ ... ကလည်း ရှုပ်နေတော့ ...



www.burmeseclassic.com

www.burmeseclassic.com

သွားမိတာ၊ အခုတော့…။

❑

'ဟဲ့ တော်တော့၊ ငိုမနေနဲ့တော့။ ပြောလိုက်ရင် ငိုဖို့ပဲ။ ဘောပင်လေးတစ်ချောင်း သွားဝယ်ပါတယ်။ နောက်က အမေက လိုက်ရှင်းနေရတယ်။ တစ်စက်ကလေးမှ အသုံးမကျဘူး'

ပြောပြောဆိုဆိုနှင့် ခေါင်းကိုလာခေါက်လိုက်သော အမေ့ကြောင့် မြချို မျက်ရည်တို့ကို ခပ်ကြမ်းကြမ်း ပွတ်သုတ်ပစ်လိုက်ရင်း အမေ့နောက်ကျောကို မကျေမနပ်နှင့် ကြည့်နေမိသည်။ နောက်ဆို အဲဒီအစ်မဆိုင်မှာ ဘယ်လိုများ ဈေးသွားဝယ်ရပါတော့မလဲ။ အဲဒါ အမေ့ကြောင့်…။ အမေ့ကြောင့်ပင် ရပ်ကွက်ထဲက တခြားဈေးဆိုင်တွေမှာ ဈေးပင်သွားမဝယ်ရဲ။ မဝယ်မဖြစ်လို့ သွားဝယ်ရပြန်လျှင်လည်း ဆိုင်ကလူတွေက ရောင်းချင်သလို မရောင်းချင်သလို မယုံသင်္ကာမျက်လုံးတွေနှင့် ကြည့်စမြဲ။

အဲဒီဆိုင်က အစ်မကတော့ ဆိုင်ဖွင့်တာလည်း မကြာသေး၊ တခြားဆိုင်က လူတွေလိုလည်း မဟုတ်။ အစ်မမျက်နှာချောချောလေးက အမြဲတမ်း ပြုံးရွှင်နေတတ်သည်။ မြချိုတို့ ဈေးသွားဝယ်ရင်လည်း ညီမလေး ညီမလေးနှင့် အရေးတယူရောင်းတတ်သော ထိုအစ်မကို မြချိုက ချစ်လည်းချစ်ခင်သလို အထင်တကြီးလည်း ရှိလှသည်။ အစ်မတို့ အိမ်အောက်ထပ်မှာ ချိတ်ဆွဲထားသော အစ်မဘွဲ့ယူတုန်းက ပုံကို ဈေးသွားဝယ်တိုင်း ငေးငေးကြည့်ပြီး အားကျရတာလည်း အမော။

ထိုအစ်မလို ဘွဲ့ရပညာတတ်ကြီး ဖြစ်ချင်လွန်းလှပေမဲ့ ဒီနေ့ မြချို ကျောင်းပြန်တက်ရမှာကြောက်နေမိသည်။ ကျောင်းမှာ သီတင်းကျွတ်ဆရာကန်တော့ပွဲအတွက် တစ်ယောက်ကို ပိုက်ဆံတစ်ထောင်စီထည့်ခိုင်းထားတာ ဆရာကန်တော့ပွဲတောင် ပြီးနေပြီဖြစ်ပေမဲ့ မြချို အခုထိတိုင် မထည့်ရသေး။ ဆရာကန်တော့ပွဲနေ့က ကန်တော့ရတာတောင် မြချိုမှာ မလုံမလဲနှင့်။ ဆရာမကို ကျောင်းပြန်ဖွင့်ရင် ပေးပါ့မယ်ဟု ပြောထားပြီး ကျောင်းပိတ်ရက်တွေမှာ မြချို မုန့်ဖိုးကို စုထားပေမဲ့ အခုမှ ပိုက်ဆံက ငါးရာပဲ ရှိသေးတယ်။ ဆရာမကို ငါးရာပဲ သွားပေးလို့လည်း ဖြစ်မှာမဟုတ်။ အမေ့ဆီက တောင်းရင်လည်း ရမှာမဟုတ်…အဲဒီတော့…

အတွေးနှင့်အတူ မြချိုနှုတ်ခမ်းကိုထော်ရင်း အမေ့ကိုသာ မကျေမနပ် လှမ်းကြည့်လိုက်မိသည်။ အဲဒါအမေ့ကြောင့်…။

❑

'အစ်မ ဟောဒီမှာ မနက်က ပိုက်ဆံ ငါးရာ'

ဆိုင်မှာ လူပါးသွားပြီဖြစ်သောကြောင့် အံဆွဲထဲရှိ ပွနေသော ပိုက်ဆံများကို တစ်ရွက်ချင်း သေသေချာချာ ဖြန့်ပြီး ထိုင်စီနေရင်း ကြားလိုက်ရသောစကားသံကြောင့် မော့ကြည့်လိုက်တော့ ကျောင်းစိမ်းဝတ်စုံလေးနှင့် ဒေါ်မြခက်သမီးလေး။ မုန့်ပုံးပေါ် လာတင်သော ပိုက်ဆံငါးရာကို လှမ်းကြည့်ရင်း–

'ဘာလဲ၊ ညီမလေး အမေက ပြန်ပေးခိုင်းလိုက်တာလား'

'ဟင့်အင်း… မဟုတ်ဘူး။ သမီး ပြန်ပေးတာပါ။ အမေ့ကို သွားမပြောပါနဲ့နော် အစ်မ။ သမီး တောင်းပန်ပါတယ်'

တုန်တုန်ယင်ယင်နှင့် ခပ်တိုးတိုးလေးပြောပြီး ထွက်သွားသော ကောင်မလေးကို ကြည့်ရင်း သူမ မယုံကြည်နိုင်စွာဖြင့် သက်ပြင်းတစ်ချက်ကိုသာ လေးလေးပင်ပင် ချလိုက်မိသည်။

'ကြည့်စမ်းပါဦး။ သူမက ဒေါ်မြခက် လက်ချက်ထင်တာ။ အခုတော့ သူ့သမီးလေးက လုပ်တာပါလား။ ဒီကလေးမ ငယ်ငယ်ရွယ်ရွယ်နဲ့နော်။ အတုမြင် အတတ်သင်ဆိုတာ ဒါမျိုးပဲနေမှာပဲ။ ဒေါ်မြခက်ကို ပြန်ပြောရင်ကောင်းမလား။ အိုလေ… ပြောမနေတော့ပါဘူး။ ကောင်မလေးလည်း နောင်တရလို့ ပြန်လာပေးတာပဲနေမယ်။ နောက် တွေ့တော့မှ ချော့မော့ပြီး ဆုံးမတော့မယ်'

အတွေးနှင့်အတူ အနည်းငယ်သာရှိတော့သော အံဆွဲထဲရှိ ပိုက်ဆံများကို ဆက်စီနေမိသည်။ ဘာပဲပြောပြော မနက်က ပြဿနာကို တရားခံသေချာသိလိုက်ရပြီဆိုတော့ တင်းကျပ်နေသော စိတ်အစုံလည်း အနည်းငယ် ပြေလျော့သွားသယောင်ပင်။ အေးပေါ့လေ ဒီအရွယ်ဆိုတော့လည်း မှားမိပေမပေါ့။ အခုလို လာ တောင်းပန်ဖော်ရတာပဲ….။

တွေးနေသော အတွေးတို့ကနေရာမှာတင် ကသောင်းကနင်းနှင့် ရပ်တန့်ကုန်ကြသည်။ သူမအမြင်များ မှားနေတာလား မသိ။ မဟုတ်ပါ…မမှားပါ။ တကယ်ပဲ အံဆွဲထောင့်လေးမှာ တစ်ထောင်တန်အသေးလေး တစ်ရွက်။

'ဘယ်လိုဖြစ်ရတာလဲ။ ဒီနေ့မနက် တစ်ထောင်တန်နဲ့ ဈေးလာဝယ်တဲ့လူ တစ်ယောက်မှ မရှိသေးပါဘူး'

မမြင်သင့်သော အရာတစ်ခုကို မြင်လိုက်ရသကဲ့သို့ သူမ အတန်ကြာ ကြောင်ကြည့်နေရာမှ ဒေါ်မြခက် စကားတို့ကို ပြန်ကြားယောင်လာရင်း တစ်ထောင်တန်လေးကို ကတုန်ကယင် လှမ်းယူလိုက်ပြီး နောက်ဆုံးနံပါတ်ကို ကြည့်လိုက်မိသည့် အခိုက်မှာတော့…။

ဆိုင်ရှေ့မှာ လာအော်နေသော ဒေါ်မြခက် ရုပ်သွင်၊ ဘေးနားမှာ ငိုရှိုက်နေသော ကလေးမလေး…၊ တောင်းပန်သလို မျက်နှာထားလေးနှင့် ပိုက်ဆံလာပေးသွားသော ကလေးမလေး၏ဟန်ပန်…၊ အရာရာအားလုံးတို့ဟာ သူမ မျက်လုံးထဲတွင် ရုပ်ရှင်အနေးပြကွက်တစ်ခုကဲ့သို့…။ မနက်က အဖြစ်အပျက်ကြောင့် ရှက်ရွံ့ရခြင်းထက် ပိုသော ရှက်ရွံ့ခြင်းများစွာနှင့် ဆောင်းတွင်း မနက်ခင်းမှာ သူမတစ်ကိုယ်လုံး ချက်ချင်းပင် ချွေးဒီးဒီးကျလာလေတော့သတည်း…။ ■

**မလေးငယ်**

www.burmeseclassic.com

အမှတ် ၂၉၇၊ ဩဂုတ်၊ ၂၀၁၄



www.burmeseclassic.com

www.burmeseclassic.com



နေပူကျဲကျဲတောက်
အောက်တွင်
တစ်ချိန်လုံးလမ်း
လျှောက်နေရရင်းမှ
ရုတ်တရက်
နေရိပ်အောက်ထဲ
ဝင်လိုက်သဖြင့် မျက်စိတို့
ပြာဝေသွားရသည်။
'အောင်မလေး
သေပါပြီတော့်'
သူ ဒီလောက်
အော်နေတာတောင်
မည်သူမျှ လာရောက်ဖေးမ
ထူခြင်းမရှိ။
ရှက်ကိုးရှက်ကန်းနှင့်
လူးလဲထရင်း
ခပ်လှမ်းလှမ်းက
မြောင်းထဲသို့
ကျသွားသော ဖနပ်ကို
ပြေးကောက်ရသည်။
နီရဲရဲစွာ ကျဲပြန့်နေသော
ဖရဲသီးစိတ်များကတော့
ရစရာမရှိတော့။
သူ့ရင်ဘတ်
အိတ်ထောင်ထဲတွင်
ငွေနှစ်ရာငါးဆယ်ပဲ
ရှိသေးသည်။
ဒီနေ့အဖို့ အရင်းရဖို့
မပြောနှင့် အမြတ်ပင်



သူတို့ ရမ္မက်သွေးများသည်
ဆာလောင်မွတ်သိပ်နေကြလျက်
သူ့စကားသံကိုမျှ
မကြားတော့ဘဲ
အရက်တရားကင်းမဲ့လျက်
အတွေ့ထူးတချို့ကို
ပိုင်းဝန်းစားသောက်ခဲ့ကြသည်



www.burmeseclassic.com

www.burmeseclassic.com

စုံးစုံးမြုပ်နေပြီဆိုသာ သူသိလိုက်ပါသည်။

ဖရဲသီးစိတ်များကို နှမြောတသစိတ်ဖြင့် ကြည့်နေရင်းက ပတ်ဝန်းကျင်ကို မျက်စိက ကစားဖြစ်သည်။ သူ့အား ရယ်ကျဲကျဲဖြင့်ကြည့်နေသော ကောင်လေးတွေ၊ ကောင်မလေးတွေကို တွေ့ရသည်။ ရယ်ရက်လိုက်လေခြင်း။

သူ သိမ်ငယ်စွာ ခံစားလိုက်ရသည်။

❑

၁။

'မနေ့က နင် ဖရဲသီးဗန်းမှောက်ကျလို့ဆို'

အမေးနှင့်အတူ ဖြန်းခနဲထိုင်ချလိုက်သော ခင့်ကို သူ မုန်းပါသည်။ နှုတ်သွက် အာသွက်နှင့် စပ်စုလွန်းလှပါသော ခင်သည် သူ့အတွက်တော့ အချစ်ဆုံးသူငယ်ချင်းလည်း ဖြစ်နေပြန်ပါသည်။

'ဟုတ်တယ်ဟဲ့'

'နင်ကလည်း နင်ပဲနေရာတကာ နမော်နမဲ့နဲ့ကိုး'

'နေပူကနေ နေရိပ်ထဲအဝင် မျက်စိတွေ ပြာသွားလို့ပါဟယ်။ ဒါတောင် ဖေးမမယ့်သူတစ်ယောက်မှ မရှိဘူး'

ခင်က စိတ်မကောင်းသည့်ဟန်နှင့် သူ့ကိုကြည့်သည်။ ထိုအကြည့်တွေကို လွှဲဖယ်ရင်း ကောက်လက်စ စပါးလုံးတွေကိုသာ ခေါင်းငုံ့ပြီး ရွေးနေလိုက်တော့သည်။ ခင့်မျက်ဝန်းဆီက အားပေးနှစ်သိမ့်နေသည်ကို သိသည်နှင့် သူလည်း အလိုလို အားငယ်လာရသည်ပဲ။ သူ ဒီနေ့ ဈေးမထွက်ဖြစ်။ မနေ့က

ဩော်
ဘယ်သူများလဲ
မှတ်တယ်
မိအုန်းကြည်သား
အခြောက်
ကလေးကို
ပေါ့ကောင်တွေ
ကြည့်စမ်း
ဒီကောင်က
ဒီလိုတော့လည်း
မိန်းမချော
ချောသားပဲ
ကြည့်စမ်း
ကြည့်စမ်း

မှောက်ကျသွားခဲ့သော ဖရဲသီးဗန်းက အမြတ်ရော အရင်းပါ ပါသွားခဲ့သဖြင့် သူဒီနေ့ ဈေးမထွက်နိုင်ခြင်းဖြစ်သည်။

ဖရဲသီးဆိုင်က လက်လီစိတ်သည်တွေကြားထဲ သူ အမြဲ နောက်ကောက် ကျန်ခဲ့ရသည်ချည်း။ တခြားသူတွေ အရင်းမပေးနိုင်လည်း နောက်တစ်ရက်နှင့်ပေါင်းပြီး ရောင်း၍ပေးလို့ရသည်။ သူဆိုလျှင်။

သူ ထိုအကြောင်းတွေ မတွေးချင်တော့။

'နင် ဈေးမထွက်နိုင်ဘူးဆို သန်းအေးပြောတယ်၊ရော့'

သူ မယူချင်ပါဘူး။ ခင့်လက်ထဲက ငွေတစ်ထောင်တန်ကလေးသည် သူ့အတွက် ဈေးရင်းလို့ရသည်။ သူ ခင့်ဆီက အကူအညီမယူချင်။

'ရပါတယ်ဟာ၊ မနက်ဖြန်တော့ ငါဈေးထွက်နိုင်မှာပါ'

'နင် နေ့ပြန်တိုး ချေးဦးမလို့မလား။ လုပ်မနေပါနဲ့။ ဒီကယူလိုက်။ အတိုးရော၊ အရင်းရော နင် ပြန်ပေးစရာမလိုပါဘူး။ နင့်ကို ကူချင်လို့ သက်သက် ငါလာခဲ့တာ။ ကဲ ငါသွားမယ်'

ငွေတစ်ထောင်က ဆန်ဗန်းထဲမှာ။ ဘာလုပ်လုပ် တင့်တယ်နေသော ခင်နှင့်သူသည် တစ်ရက်ပြီးတစ်ရက် ဝေးကွာနေခဲ့ပြီဟု သူထင်လိုက်သည်။

❑

၂။

ညသန်းခေါင် ကျော်နေပြီ။ မေမေ ချောင်းဆိုးနေဆဲ။ ရာသီဥတု အကူးအပြောင်းကြောင့် မေမေ တစ်နေ့က စဖျားသည်။ နေကုန်နေခန်း အဝတ်လျှော်နေရသော မေမေ့ကို သူ သနားသည်။ သူ ဖရဲသီးစိတ်ရောင်းရသည့် အမြတ်ငွေလေးက မစို့မပို့။ မနေ့က သူ ဖရဲသီးဗန်း မှောက်ကျသည်။ သူ့လက်ထဲတွင် ဈေးရင်းမရှိတော့။ ဖရဲသီးဆိုင်ကို အရင်းမပေးနိုင်သည့်အကြောင်း မျက်ရည်ခံထိုး၍ ပြောရသည်။ မယုံချင် ယုံချင်နှင့် နောက်နေ့ ဈေးရင်းပါလာမှ လာခဲ့ဟု ဆောင့်ကြီးအောင့်ကြီး ပြောလွှတ်သည်။ ထို့ကြောင့် ဒီနေ့ ဈေးမထွက်နိုင်။

ညနေကမှ ခင်က ဈေးရင်းငွေတစ်ထောင် လာပေးသွားသည်။ တစ်နေကုန်တစ်နေခန်း ဗန်းရွက်၊ ဖရဲသီးရောင်းပါမှ တစ်ထောင့်ရှစ်ရာနှစ်ထောင်လောက်ရသည်။ ဒါသည်ပင် ဆန်ဝယ်လိုက်လျှင် ငွေနှစ်ရာပျော့ပျော့သာ ကျန်၏။

'အဟွတ် အဟွတ် အဟွတ်'

မေမေ ချောင်းတွေ တရစပ် ဆိုးလာသည်။ သူ ဖယောင်းတိုင်မီး ညှိလိုက်သည်။ မေမေ့နဖူးပြင်ကို စမ်းကြည့်တော့ ချစ်ချစ်တောက်ပူနေသည်။ မေမေ အဖျားတွေ တက်နေသည်ကော။ မေမေ့ ခေါင်းရင်းက ပလတ်စတစ်ခြင်းထဲတွင် မနေ့က ဝယ်ထားသော ငန်းဆေးထုပ်ပင် မရှိတော့။ မေမေဆေးမရှိတော့သည်ကို သူ့ကိုမပြော၊ ကြိတ်မှိတ်နေခဲ့သည်ကော။

တရုတ်ဖြစ် တိုင်ကပ်နာရီကလေးကို ကြည့်တော့ ဆယ့်နှစ်နာရီခွဲ။

ဒီအချိန် သူတို့ရပ်ကွက်ကလေးထဲရှိ မည်သည့်ဆေးဆိုင်မှ မဖွင့်တော့သည်ကို သူ သိသည်။ သူတို့ရပ်ကွက်နှင့် တစ်လမ်းကျော်တွင်ရှိသော ဆေးဆိုင်ကြီးတစ်ဆိုင်ကို အမှတ်ရသည်။ သူ့ ခေါင်းအုံးအောက်ကို လက်နှင့်စမ်းပြီး နှိုက်လိုက်သည်။ ညနေက ခင်ပေးသွားသော ငွေတစ်ထောင်။

နက်ဖြန်မနက် ဈေးရင်းရမည့် ငွေတစ်ထောင်။ နက်ဖြန်မနက် ဈေးမထွက်နိုင်လျှင် ထိုနေ့အဖို့ ချက်စရာအိုးကလွဲ၍ ဟင်းစားမရှိ။ ညနေကတည်းက မီးဖိုချောင်ထဲတွင် ပြောင်သလင်းခါနေသော ဆားဘူး၊ အချိုမှုန့်ဘူးတွေကို တွေ့ရသည်။ လက်တစ်လုံးသာ ကျန်သော ဆီပုလင်းကိုလည်း တွေ့သည်။

www.burmeseclassic.com

ခု နေမကောင်းသော မေမေ့ကိုတွေ့သည်။ မရှိတာချင်းအတူတူ မေမေမရှိလို့ သူ့ဘဝမဖြစ်။ လက်နှိပ်ဓာတ်မီးကို ကိုင်ဆွဲပြီး အိမ်က ထွက်လိုက်သည်။ မထွက်ခင် မေမေ့ကိုယ်ပေါ်သို့ သူခြုံသည့်စောင်ကို ထပ်ပေးခဲ့သည်။

ညကောင်းကင်ယံတွင် ကြယ်များ မှိတ်တုတ်မှိတ်တုတ်ဖြင့် လင်းနေသည်။

❑

၃။

ခွေးများ ဟောင်လွန်းလှသည်။ ခွေးကြောက်တတ်သော သူ့အဖို့ ခွေးတွေတောင် ပြန်လာရသည်။ တချို့အိမ်တွေ ခြံစည်းရိုး မလုံသဖြင့် ခွေးတွေက ခွေးတိုးပေါက်တိုင်းကနေ ပြေးပြေး ထွက်လာလိုက်ကြသည်များ တစ်ကောင်ကပင် နှစ်ကောင်အထက် များလာသည်။ လက်နှိပ်မီးလေး ထွန်းလျက်က လမ်းဘေးတွင် တွေ့ရသော တုတ်တစ်ချောင်းကို လက်နက်သဖွယ် ကောက်ကိုင်လိုက်ရသည်။

သူ့လက်ထဲတွင် မေမေ့အတွက် ချောင်းဆိုးပျောက်ဆေးနှင့် အပူကျဆေးတွေပါလာသည်။ ဒီဆေးတွေသည်ပင် သူ အောက်ကျနောက်ကျခံ၍ ဝယ်လာရသော ဆေးတွေဖြစ်သည်။

ရှုပ်ရှုပ်ယှက်ယှက်တွေဟူသော အကြည့်တွေနှင့် သက်ဝင်မကင်းရှိနေသော အကြည့်တွေက သူ့စာရိတ္တတွေကို မထိမဲ့မြင် ပြုနေသည်။ ပိတ်ထားသော ဆေးဆိုင်ရှေ့တွင် မယောင်မလည်နှင့် မတ်တတ်ရပ်နေရင်း သူ့

ဟာတ်သားဟာ
ကြည့်ဦး
ကိုယ်လုံး
ကိုယ်ပေါက်
ကာလည်း
မိန်းမ
တစ်ယောက်လို
ပဲကွ
နေပါဦး
မင်းက
ဒီအချိန်ကြီး
ဘယ်က
ပြန်လာတာလဲကွ
ပြောစမ်းပါဦး
ကိုကြီးတို့ကို

အသံနွဲ့နွဲ့ကလေးဖြင့် ဆိုင်ရှင်တွေကို အသံပြုနေရသည်။ တိတ်ဆိတ်သော ညသည် သူ့အသံကြောင့် နိုးထမလာ။ ကံကောင်းထောက်မစွာဖြင့် ကားတစ်စီး ဆေးဆိုင်ရှေ့ ထိုးဆိုက်လာသည်။

ကားပေါ်ကလူတွေ ပျာယာခတ်နေကြသည်။ ဆေးဆိုင်တံခါးကို တဘုန်းဘုန်း ထုသည်။ အော်ခေါ်သည်။ အထဲက ချောက်ဟူသော ချက်ချသံကို ကြားလိုက်ရသဖြင့် သူပါ ဝမ်းသာသွားရသည်။

'ဘာလဲ'

'ဆေးလိုလို့ပါ'

'ဘာဆေးတွေလဲ'

'ဒီမှာ ဆေးရုံက ဆရာဝန်တွေ ရေးပေးလိုက်တဲ့ဆေးစာပါ'

လိုချင်သည့်ဆေးတွေ ရသည်နှင့် ကားငယ်လေးသည် မြားတစ်စင်းပမာ လစ်ခနဲ မြင်ကွင်းမှ ပျောက်သွားသည်။ ခုမှ သူဆေးဆိုင်ရှေ့သို့ ရောက်နေရခြင်းအကြောင်းကို အမှတ်ရသည်။ ကပျာကယာဖြင့်ပင် တံခါးကို ဆွဲပိတ်နေပြီဖြစ်သော ဆေးဆိုင်ရှင်ကို လှမ်းတားလိုက်ရသည်။

'ဟို ချောင်းဆိုးပျောက်ဆေးနဲ့ အပူကျဆေး လိုချင်လို့ပါ'

သူ့ကို ကြည့်သော အကြည့်တွေ သူ မကြိုက်ပါ။

'ပိုက်ဆံဘယ်လောက်ပါသလဲ'

'တစ် တစ်ထောင်ပါ'

'ပေး သုံးကြိမ်စာ ကြည့်ထည့်ပေးလိုက်မယ်'

ဆေးဆိုင်ကအပြန် သူ့ခြေလှမ်းတွေ သွက်နေသည်။ လမ်းတွင် လူသူလေးပါးကင်းမဲ့နေသည်။ တစ်ချက်တစ်ချက် လမ်းသွယ်လေးဆီမှ ပြေးပြေးထွက်လာသော ခွေးလေခွေးလွင့်များမှလွဲ၍ မည်သည့် သက်ရှိမျှ မတွေ့မိ။ ရပ်ကွက်ထိပ် ကင်းတဲနားသို့ သူရောက်လာသည်။ ကင်းသမားတွေ သံသေးသံကြောင့်ဖြင့် ညသန်းခေါင်ကို နှိပ်စက်လျက် သီချင်းအော်ဆိုနေကြသည်။ ကင်းတဲတွင် လူလေးယောက် ခန့်ရှိမည်ဟု သူသိသည်။ သူတို့ရပ်ကွက်ထိပ်သည် မှောင်မည်းနေသည်။ မီးမပါ ရေမပါသော အိမ်ငှားတွေ ဒီရပ်ကွက်ကလေးတွင် စုပြုံနေသည်။

'ဟေ့ ရပ်လိုက်စမ်း'

သူ ထိတ်ခနဲ ဖြစ်သွားရသည်။ ကင်းသမားက လက်နှိပ်မီးဖြင့် သူ့ကိုထိုးကြသည်။ ပြီးတော့…

'ဟော့ကောင်တွေ ရှေ့က ဘယ်သူများလဲ မှတ်တယ်။ ဖရဲသီးစိတ်သည်ကလေးပါလားဟ'

သူ့ မျက်နှာတွင် ချွေးသီးချွေးပေါက်များ သီးထလာသည်။ သူနှင့် ခြေဆယ်လှမ်းအကွာတွင် ကင်းသမားတစ်စု။

❑

၄။

မေမေဆေးသောက်ပြီး ပြန်အိပ်ပျော်သွားပြီ။ သူလုပ်ခဲ့သော လုပ်ရပ်သည် မှန်သလား မှားသလား ခုချိန်ထိ ဝေခွဲမရဖြစ်နေသည်။ အချိန်သည် မနက်သုံးနာရီကို ပြနေသည်။ လှိုက်ဖိုနေသော ရင်ဘတ်ကြီးသည် ခုထိ ဖုလိုက်ဖောင်းလိုက်ဖြစ်နေဆဲ။ စောစောက မေမေ့ကို ဆေးတိုက်သည်ပင် တုန်ယင်နေသော လက်အစုံကို သတိကြီးစွာထားလျက် ရေခွက်ကို မနည်းမနှော ကိုင်ထားခဲ့ရသည်။ အဖျားကြီး၍ မျက်လုံးပိတ်လျက် မှိန်းနေရသော မေမေ့ကို သူ ကျေးဇူးတင်သည်။ သို့မဟုတ်လျှင် သူ့မျက်နှာထက်ဆီမှ စိုးရိမ်ပူပန်မှုများ၊ ကြောက်ရွံ့အားငယ်စိတ်များကို မေမေ တွေ့သွား ပေလိမ့်မည်။ နံနက်မိုးသောက်လျှင်ခင်နှင့် သူ မတွေ့နိုင်တော့။ ရခဲလှသော ဘဝကြီးတစ်ခုလုံးကို ဖောက်ထိုးမိုးမျှော်ဖြစ်အောင် ကပြောင်းကပြန်ဖြစ်အောင် လုပ်ခဲ့ပါသောသူ။ ဒီရပ်ကွက်ထဲတွင် ရှိမနေလောက်တော့။



www.burmeseclassic.com

www.burmeseclassic.com

ခင်ပေးသော ငွေတစ်ထောင်သည် မေမေ့အတွက် ဇီဝိတဒါနတစ်ခု ဖြစ်သွားခဲ့သည်ဆိုလျှင် ခင် ကျေနပ်နိုင်ပါလိမ့်မည်။ ခင် သူ့ကို ခွင့်လွှတ်လိမ့်မည်ဟု သူ ထင်သည်။

နားထဲတွင်…

'ဟော့ကောင်တွေ ရှေ့က ဘယ်သူများလဲ မှတ်တယ်။ ဖရဲသီးစိတ်သည်ကလေးပါလားဟေ့' ဆိုသည်ကို ပြန်ကြားယောင်မိသည်။

❑

၅။

လူလေးဦး သူ့အနားရောက်လာကြသည်။ သူ့နှာခေါင်းဝတွင် အရက်နံ့က ချဉ်ချဉ်စူးစူးဖြင့် ထောင်းခနဲ။ ခြေလှမ်းတွေက ယိုင်တိုင်တိုင် အခြေအနေ။

'သြော် ဘယ်သူများလဲ မှတ်တယ် မိအုန်းကြည်သားအခြောက်ကလေးကို၊ ဟေ့ကောင်တွေ ကြည့်စမ်း ဒီကောင်က ဒီလိုတော့လည်း မိန်းမချော ချောသားဟ၊ ကြည့်စမ်း၊ ကြည့်စမ်း'

သူ့မေးစေ့ကို လက်ကြမ်းကြမ်းကြီးဖြင့် ကင်းသမားအဖော်တွေကို ဆွဲပြနေသည်။ သူ ကြောက်နေပြီ။ တစ်ကိုယ်လုံး တုန်ယင်လာခဲ့ပြီ။ သွေးတို့ ခေါင်းတွင် လာလာ ဆောင့်နေပြီ။

'ဟုတ်သားဟ၊ ကြည့်ဦး ကိုယ်လုံးကိုယ်ပေါက်ကလည်း မိန်းမတစ်ယောက်လိုပဲကွ။ နေပါဦး မင်းက ဒီအချိန်ကြီး ဘယ်က ပြန်လာတာလဲကွ။ ပြောစမ်းပါဦး၊ ကိုကြီးတို့ကို'

သူ့ပခုံးကို သိုင်းဖက်လာသည်။ သူ တစ်ဖက်ကို ယိုင်သွားခဲ့သည်။

'ဆေး ဆေး ဆေးဆိုင်ကပါ'

'ဘာဆေးဆိုင်ဟုတ်လား။ မင်းကွာ လာလိမ်နေသေးတယ်။ မင်းတို့အထာတွေ ငါတို့ နပ်နေပြီကွ'

'တ တကယ် တကယ်ပြောတာပါ ဒီ ဒီမှာ ဆေးတွေပါ'

သူပြသော ဆေးထုပ်တွေကိုကြည့်ပြီး တစ်ယောက်က အော်ရယ်သည်။

'ဟား ဟား ဟားဟားဟော့ကောင်တွေ'

'ဟေ'

'မ လေ ာ က် လေး မလောက်စား အခြောက်က ငါတို့ကို လာလိမ်နေတယ်ဟေ့။ ငါတော့ သိပ်စိတ်မရှည်ချင်တော့ဘူး'

'ဒီတော့…'

သူတို့မျက်လုံးတွေ ခက်ထန်နေသည်ဟု သူထင်လာသည်။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေမြဲ တိတ်ဆိတ်နေ၏။ သူ့တစ်ကိုယ်လုံး ပူထူလွှန်းလှသည်ဟုခံစားမိသည်။

'ဓာတ်တူသားချင်း စားရင် ပိုချိုတယ်ဆိုကွ'

'သဘောပေါက်ပြီကွာ လာစမ်း'

သန်မာသော လက်ကြီးနှစ်ဖက်က သူ့လက်မောင်းသေးသေးလေးကို ဆွဲပြီး ကင်းတဲအနောက်ဘက် ချုံစပ်သို့ ဆွဲခေါ်သွားခဲ့သည်။ သူ ရုန်းကုန်ပြီး ပြေးဖို့ ကြိုးစားသည်။ ပါးစပ်ကလည်း…

'လင်း လင်းကို ဘာမှ မလုပ်ပါနဲ့။ လင်း အဲလိုလူ မဟုတ်ဘူး။ လင်းကို လွှတ်ပေးပါ မေမေ မေမေ ဖျားနေတယ် လင်းကို လွှတ်ပေးပါ ဟီးဟီးဟီး'

သူတို့ ရမ္မက်သွေးများသည် ဆာလောင်မွတ်သိပ်နေကြလျက် သူ့စကားသံကိုမျှ မကြားတော့ဘဲ အရက်တရားကင်းမဲ့လျက် အတွေ့ထူးတချို့ကို ဝိုင်းဝန်းစားသောက်ခဲ့ကြသည်။ လူလေးဦးနှင့် လူတစ်ဦး ဘယ်မှာ အင်အားမျှမည်နည်း။

❑

၆။

မျက်စိရှေ့ သွေးအိုင်ထဲတွင် မှောက်လျက်လဲနေကြသော လူလေးဦး။ ထင်းခွဲပုဆိန်ကို ကိုင်ထားသော သူ မလှုပ်မယှက်ကြီး ကြည့်နေမိသည်။ သူ့ပုဆိုးလေးတစ်ထည်လုံး အညစ်အကြေးများနှင့် ပေကျံနေသည်။

စောစောတုန်းက သူ ထိုလူလေးဦးလက်မှ ရုန်းထွက်လာခဲ့သည်။ ကင်းတဲနားအရောက် သူ မီးပုံဘေးရှိ ထင်းခွဲပုဆိန်ကို တွေ့လိုက်ရသည်နှင့် ခြေလှမ်းများ တုံ့ခနဲရပ်သွားခဲ့သည်။ ဘဝတွင် ဝဋ်ကြွေးရှိခဲ့၍ ပြန်လည်ပေးဆပ်နေရသော သူ့အဖြစ်က ခုတော့ ရှက်ခြင်းကြောက်ခြင်း၏ အခြားတစ်ဖက်မှာ အစွန်းရောက်ခဲ့ရပြီ။ လက်ထဲတွင် မေမေ့အတွက်ပါလာသော ဆေးထုပ်ကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

သူ စိတ်ထဲတွင် တစ်ခါမှ မဖြစ်ဖူးသော မပေါ်ပေါက်ခဲ့ဖူးသော စိတ်ဓာတ်တို့ ရှင်သန်လာသည်ဟုထင်နေသည်။ ယုံကြည်မှုတစ်ခုသည် ခုမှ ဖြစ်တည်လာရသည်။

မျက်ဝန်းများဆီမှာ မျက်ရည်တွေ တစိမ့်စိမ့် ထွက်လာနေသည်။ သူ့အင်္ကျီတစ်ခုလုံး စုတ်ပြဲနေသည်။ မက်မောစရာမရှိသော ပုရိသယောကျာ်းတစ်ယောက်၏ ရင်ခွင်တစ်ခုကို အဆန်မရှိသောဟန်ဖြင့် ခု ဖြည့်ဝတ်ထားခဲ့သော ဇာဘော်လီပင်တစ်ပိုင်းတစ်စ ပေါ်နေ၏။ သူ အင်္ကျီကို ဆွဲချုတ်လိုက်သည်။ ထို့နောက် ဘော်လီကို။

ပုဆိုးကို ပုဆိုးလို သူ ဝတ်သည်။ မိန်းမပုံ ပုဆိုးဝတ်ပြီး မှောက်လျက်လဲခဲ့သော နေ့လယ်ခင်းတစ်ခု။ ဖရဲသီးဆိုင်က မဲ့ကာရွဲ့ကာဖြင့် နောက်နေ့မလာနဲ့ဟု ပြောသော မြင်ကွင်းတစ်ခု။ ဆေးဆိုင်က ကြည့်သော အကြည့်။ ပြီး ခင်၏ မျက်ဝန်းဆီမှာ ရိုပ်ရိုပ်ပြေးနေသော အကြင်နာပါသော စာနာနှစ်သိမ့် နားလည်မှု…။

သူ ပုဆိန်ကို ကိုင်မိလိုက်ချိန်တွင် ဘာကိုမှ မသိတော့။

စောစောက ချုံထဲကို တစ်ရှိန်ထိုးပြေးဝင်ပြီး မူးငိုက်နေသော လူလေးဦးကို အပိုင်းပိုင်း ခုတ်ချလိုက်သည်။ သွေးတို့ ဖျာခနဲ။ သူ့ပါးစပ်က…

'ဓာတ်တူသားစားရင် ပိုချိုတယ်ဆိုတာ မဟုတ်ဘူး။ အဲဒါ ဓာတ်တူသားစားလို့ ဟင်္သာကိုးသောင်း ပျက်စီးတာကွ။ အဲဒါ ဟင်္သာကိုးသောင်း ဒီလိုပျက်စီးတာကွ။ ဓာတ်တူသားစားလို့ကွ ကဲ… ကွာ ကဲကွာ…ဟီး ဟီး… ဟီး' ■

သော်ဇင်(ရွှေကော်)



www.burmeseclassic.com

www.burmeseclassic.com



# အဲဒီနေ့က ကျွန်တော့်အမေ သေပြီးသွားတယ်

အဲဒီနေ့ညက
ကျွန်တော့်အမေဆုံးတယ်။
ကျွန်တော်
အနားမှာ မရှိပါဘူး။
ရှိလည်း မရှိနိုင်ခဲ့ဘူး။
ရန်ကုန်ဆေးရုံကြီးက
အမေဆက်တဲ့ဖုန်း
ဝင်လာတော့ ကျွန်တော်
နည်းနည်းလေး
ငိုင်သွားမိတယ်။
တကယ်ဆို
တကယ်
နည်းနည်း
လေးပါပဲ။
အမေဆိုတဲ့အရာ
သေဆုံးခြင်းက
ကျွန်တော့်
အတွက်
မကြည့်ချင်တဲ့
[illegible]ကို
ဓာတ်သိမ်းမှ
ကြည့်လိုက်ရတာမျိုး
လောက်ပဲ။
ပထမဆုံး
သတိရမိတာက
ဆေးရုံမှာ
အဖေနဲ့အတူတူ
ရှိနေမယ့် အမေ။
အမေ ဘာဖြစ်မလဲ
ကျွန်တော်
သိပ်သိချင်တယ်။
အမေ ငိုနေမှာလား။
ကျွန်တော် စိတ်ထဲကျိတ်ပြီး
ဆုတောင်းနေတာကတော့
အမေမငိုစေဖို့ဘဲ။ ဘာလို့
ငိုနေမှာလဲ။ မငိုလောက်တဲ့
အကြောင်းအရာတွေ
အမေ့ရင်ထဲမှာရော
ကျွန်တော်တို့
ရင်ထဲမှာပါ နင့်နင့်သီးသီး
ရှိနေပြီးသားပဲ။
'မင်းအဖေတော့
သွားပြီပော့'

အမှတ် ၂၉၇၊ ဩဂုတ်၊ ၂၀၁၄



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ဝမ်းနည်းသံမဟုတ်တဲ့ အသံနဲ့ ဝင်လာတဲ့ အမေ့အဖေ၊ ကျွန်တော့်အဘိုးအသံကို ကြားတော့ စိတ်ထဲ ဟာတာတာသလိုတော့ဖြစ်သွားသား။ လူတစ်ယောက် သေဆုံးခြင်းမှာ ငိုကြွေးဖို့တောင် တာဝန်မယူနိုင်ခဲ့တာက အဲဒီလူရဲ့ အတိတ်က တခြားသူတွေကို ရယ်စရာတွေ မပေးခဲ့လို့ပေါ့။

ဘာအဓိပ္ပာယ်မှန်း မသိတဲ့ အိမ်တွင်းအုန်းကို ဖြုတ်ချပြီး အဘိုးထွက်သွားတဲ့အထိ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း စကားတော့ ခဏလောက် မပြောနိုင်ခဲ့တာ သေချာတယ်။

'အဖေ သေသွားပြီတဲ့'

'အင်း သေသွားတာပဲ ကောင်းပါတယ်'

ကျွန်တော့်အဖေ ဆုံးခြင်းက အဲဒီလောက်ပဲ။

❑

'ဝုန်း'

ထမင်းစားပွဲဝိုင်းက အဖေ့ရဲ့ အင်အားအောက်မှာ ပိုးလိုးပက်လက်လန်သွားတယ်။ အမေ့ပေါ်မှာ ဟင်းဖတ်တချို့က ချက်ချင်းဆိုသလို။ ကြားဖူးနေကျ၊ မြင်ဖူးနေကျပေမဲ့ ကျွန်တော်ကတော့ ငေးကြည့်နေရုံပဲ။ တီဗွီကိုကြည့်ရင်း လောကကို မေ့နေတဲ့ ညီလေး မျက်နှာက တီဗွီကို ပိတ်လိုက်ရင်း အရှယ်နဲ့မလိုက်အောင် အခြေအနေကို နားလည်စွာ အနားကို တဖြည်းဖြည်း တိုးသွားတယ်။

'မင်း ဘာအချိုးလဲ'

'ဒါလေးတောင် မလုပ်ပေးနိုင်ရအောင် မင်းမှာ အားကိုးရှိနေတယ်ပေါ့ ဟုတ်လား'

အဖေဆိုတဲ့အရာ
သေဆုံးခြင်းက
ကျွန်တော့်အတွက်
မကြည့်ချင်တဲ့
ဇာတ်လမ်း
တစ်ပုဒ်ကို
ဇာတ်သိမ်းမှ
ကြည့်လိုက်ရတာ
မျိုးလောက်ပဲ
ပထမဆုံး
သတိရမိတာက
ဆေးရုံမှာ
အဖေနဲ့အတူတူ
ရှိနေမယ့်
အမေ

အဖေ့အသံက သူတို့မကြားချင်တဲ့ အာလေးလျှာလေးအသံပေါ့။

အမေ့ကို ကြည့်လိုက်တော့ ဖန်တစ်ရာတေနေတဲ့ ဇာတ်လမ်းမို့ ဘာမှ ထိပ်တိုက်မပြောချင်တဲ့ ဟန်ပါပဲ။ တိတ်ဆိတ်စွာနဲ့ ကြမ်းပြင်ကို ရှင်းလင်းဖို့ပဲ ပြင်နေတယ်။

'မလုပ်ပါနဲ့ ဖေကြီးရယ်'

ထုံးစံအတိုင်း ညီလေးက သူတတ်သလောက်လေးနဲ့ လေပြေထိုးဖို့ကြံတယ်။ ဟုတ်ပါတယ်၊ အဲလိုမျိုးအချိန်တိုင်း ညီလေးက ငိုမဲ့ငိုမဲ့နဲ့ သက်သာရာ သက်သာကြောင်း လေပြေထိုးနေကျ။ တကယ်ဆို တစ်နေ့တာရဲ့ ညဆိုတာ ရောက်တိုင်း ကျွန်တော်တို့ ကြောက်ရွံ့နေကျ။ တစ်နေ့လုံး တစ္စပ်စွပ်မြည်အောင် လောင်းထည့်လာခဲ့တဲ့နှုန်းက ညဆိုရင် ရေချိန်ထက် ကျော်နေပြီပေါ့လေ။ နေညိုတာနဲ့ ရွာမှာ အိမ်တံခါးတွေကို ပိတ်ရသလိုမျိုး ကျွန်တော်တို့ စိတ်တွေ ချဉ်စူးစူးအနံ့အောက်မှာ ပိတ်ပစ်ခဲ့ရတယ်။ ရယ်မောဖို့တောင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မဝံ့မရဲဖြစ်ရတဲ့ ခံစားမှုမျိုး။ အပြစ်မရှိ အပြစ်ရှာမယ့် ရီဝေဝေမျက်လုံးတွေအောက်မှာ ကျွံသွားတဲ့စကားတစ်ခွန်းက အခုလို ထမင်းဝိုင်းတစ်ဝိုင်းကို မှောက်သွားအောင် လုပ်နိုင်တယ်လေ။

'ဟင် ပြောလေကွာ'

'မလုပ်ပါနဲ့ ဖေကြီးရယ်'

အမေ့ရဲ့မျက်နှာက မျက်ရည်တွေနဲ့လန်တက်သွားတယ်။ အဖေရဲ့ဆံပင်ဆောင့်ဆွဲလိုက်ခြင်းရယ်ပါ။ ညီလေးကလည်း အဝေးကိုလွှင့်သွားတယ်။

'တောက်'

သားကြီးဖြစ်တဲ့ ကျွန်တော့်စိတ်ထဲ ဘာတွေဖြစ်သွားမလဲ။ စိတ်ထဲက ခံပြင်းမှုနဲ့အတူ ခြေထောက်တွေ တဆတ်ဆတ် တုန်ခါလာမိတယ်။ မျက်ရည်တွေ ဝဲနေတဲ့ အမေက စကားတွေ ထပ်ပြောနေရင် ဘာဖြစ်မလဲဆိုတာ ကြိုသိနေတော့ ယိုင်ထိုးနေတဲ့ အဖေ့လက်ထဲက မရုန်းဘူး။

'အေးပါဟာ နောက်မပြောတော့ပါဘူး'

ပြီးတော့ ကျွန်တော် ဘာတွေဖြစ်ပြီလဲဆိုတာ သိတဲ့ အမေက ကျွန်တော့်ဘက် လှည့်ကာ ဘာမှ မပြောမိဖို့ မျက်ဝန်းတချို့နဲ့ ခေါင်းခါပြတယ်။ ဟုတ်ပါတယ်၊ ကျွန်တော် ဝင်ပါမိရင် အသားနာမှာက ကျွန်တော်ပဲ ဖြစ်မှာပဲ။ အဖေဆိုတဲ့ ဂုဏ်ပုဒ်အောက်မှာ တစ်ခုခု လုပ်လို့ခဲ့ရင်တောင် ငရဲဆိုတာက အလွတ်ပေးမှာမှ မဟုတ်တာ။ အဲ့ထက် ပိုဆိုးတာက အတားအဆီးတစ်ခုက ရှိနေသေးတယ်။ ကျွန်တော်က ဘာမှ မလှုပ်ရှားနိုင်တဲ့ အာရုံကြောရောဂါသည်။

'အဖေ ကျွန်တော်တို့ကို မချစ်ပါဘူး'

တစ်ခါတစ်ခါ အဲဒီလို မျိုးနဲ့ ပြီးဆုံးသွားပေမဲ့ တစ်ခါ တစ်ခါကျတော့ မပြီးဆုံးခဲ့ဘူး။

❑

တစ်နေ့တာလုံး မူးယစ် နေတဲ့ အဖေဟာ အရက်ခွက် ကို နှုတ်ခမ်းကပ်တဲ့အချိန်မှာ အိမ်မှာရှိခဲ့တယ်။ အလုပ်ဆိုလို့ ဘာတစ်ခုမှ မလုပ်နိုင်တော့ အလုပ်က ထွက်မှန်းမသိ ထွက်လိုက်ရတဲ့ အချိန်မှာ လည်း အရက်ပုလင်းက ၂၄ နာရီ အိပ်ရာဘေးမှာ အသင့် ရှိနေတာပါပဲ။ အားလုံးအလုပ် ကိုယ်စီ၊ ကျောင်းကိုယ်စီ သွားနေရတဲ့အချိန်မှာ အိမ်တစ် အိမ်တည်းမှာ ဘာမှ မလှုပ် ရှားနိုင်တဲ့ ကျွန်တော်ရယ် မူး နေတဲ့ အဖေရယ် နှစ်ယောက် တည်း။ ဒီတော့အဖေရဲ့ ဒဏ် တွေ ကျွန်တော်သာ အသိဆုံး ပေါ့။

အဖေ သန်သန်မာမာ



www.burmeseclassic.com

www.burmeseclassic.com

ရှိနေခဲ့တဲ့အချိန်ကဆို ဘယ်အချိန် ဘယ်လိုရှာမှန်းမသိတဲ့ ပြဿနာတွေကို အမေ့ကို ပြန်ပြောပြဖို့ ကျွန်တော် နားစွင့်နေမိတယ်။ အရက်သောက်ဖို့ ဘယ်သူ့ဆီမှာ ဘယ်လို အကြောင်းပြချက်နဲ့ ပိုက်ဆံချေးပြီး ပြန်မဆပ်လို့။ ဘယ်မှာ အကြွေးတွေယူပြီး ဘယ်မှာ ဘာဖြစ်လို့။ အိမ်ထဲမှာရှိတဲ့အချိန်ဆိုလည်း အိမ်ထဲမှာ ရှိလို့ပေါ့။ ဘယ်အချိန် အိမ်ထဲက ပစ္စည်းတွေ ယူသွားပြီး အပေါင်ဆိုင် ပို့လိုက်မလဲ ရင်တထိတ်ထိတ်နဲ့။ အမေ့ထဘီတွေ၊ ကျွန်တော့်ရှပ်အင်္ကျီတွေ၊ ထမင်းချိုင့်တွေဆိုလည်း ဒီနည်းနဲ့ပဲ ကုန်ခဲ့တာပဲ။ ကြာတော့လည်း အမေက ပြန်မရွေးနိုင်လို့ အပေါင်ဆုံး ထားလိုက်တော့ အိမ်မှာ ပစ္စည်းတွေ ရှားရှားလာတယ်။ ဒီတော့ ရရင်ရသလို အပြင်ထွက်ထွက်ပြီး ဟိုအကြောင်းပြ၊ ဒီအကြောင်းပြ ပိုက်ဆံချေးတဲ့ ဓာတ်လမ်းက ပိုပိုပြီး အသက်ဝင်လာတယ်။

မနေနိုင်လို့ ကျွန်တော်က အသံနဲ့တားရင် အသံတွေ ဆူညံဆူညံဖြစ်ပြီး နောက်ဆုံး ကျွန်တော့်အသား နာရုံကလွဲလို့ ဘာမှအဖတ်မတင်ခဲ့တော့ အမေ့ရဲ့စကားကို နားထောင်ပြီး လုပ်သမျှ ကြည့်နေလိုက်တယ်။ ပြီးရင် တစ်နေ့တာရဲ့ စောင့်ကြည့်မှုဇယားတွေကို အမေ့ကို ပြောပြပြီး လိုအပ်တဲ့ မဖြစ်မနေပစ္စည်းတွေကိုတော့ ဘောက်ချာတွေ လိုက်သိမ်းထားရတာပေါ့။

ဒီလောက် ခက်ခဲနေတဲ့ ဘဝမှာ ကိုယ်လုပ်ချင်ရာ ကိုယ်လုပ်တာ အဖေ ကျွန်တော်တို့ကို မစာနာသလို ကျွန်တော့်ကိုလည်း မသနားပါဘူး။

တစ်ခါတလေ အဲဒီလို ပြီးဆုံးသွားပေမဲ့ တစ်ခါတလေတော့ မပြီးဆုံးခဲ့ပြန်ဘူး။ လောကမှာ အဖေဆိုတာဘာလဲ၊ အိမ်ထောင်စုတစ်ခုမှာ ဘယ်သူ့ကိုမှ မငဲ့ဘဲ ကိုယ်လုပ်ချင်ရာ ကိုယ်လုပ်ပြီး ထင်ရာစိုင်းတတ်တဲ့သူတွေကို အဖေလို့ခေါ်သလား။ ခေါ်ထိုက်သလား။ ကျွန်တော် မသိဘူး။ အဖေဟာ အဖေပဲဆိုတာတော့ အမေ ခဏခဏ ပြောတယ်။ ကျွန်တော် နားမလည်နိုင်စွာ ခေါင်းလည်း ခဏခဏ ညိတ်မိခဲ့တယ်။ ကျွန်တော့်စိတ်ထဲမှာတော့ အဖေဆိုတာ ကျွန်တော်တို့ သိပ်ကြောက်ခဲ့ရတဲ့ အချိန်မရွေးပေါက်ကွဲနိုင်တဲ့ မီးတောင်တစ်ခုပဲ။ ဆုပ်လည်းစူး၊ စားလည်းရူး ဘဝမှာ မြေကြီးပစ်ချမရ၊ ရေပြင်ပစ်ချမရ ပြဿနာဦးခေါင်းတစ်လုံးလိုပဲ သဘောပေါက်နေမိခဲ့တယ်။

ကွာရှင်းဖို့ အမေ့ကိုပြောတော့ မင်းတို့အတွက် မကွာရှင်းနိုင်ဘူးတဲ့။ ဒါ အမေ့ကံကြောင့်ဖြစ်တဲ့ ကိစ္စမှာ မင်းတို့ကို အဖေရှိရဲ့သားနဲ့ အဖေမဲ့အောင် မလုပ်ချင်ဘူးတဲ့။ ကျွန်တော် နားမလည်ဘူး။ အဖေဆိုတာ ကျွန်တော်တို့အတွက် လိုမှမလိုအပ်တော့တာ။ ဒါကို ဘာကြောင့် အတင်းတွယ်ကပ်နေဦးမှာလဲ။ အမေရဲ့ဆုံးဖြတ်ချက်အတိုင်းဆိုရင်တော့ ကျွန်တော်တို့ဘဝက ဘယ်လောက်အချိန်ကြာကြာ ညှိုးငယ်ထိတ်လန့်မှုတွေ သိမ်ငယ်မှုတွေနဲ့ နေနေရဦးမှာလဲ။ အဖေကလည်း ကျွန်တော်တို့ကို လိုအပ်တာ မဟုတ်ဘူး။

တစ်ခါတစ်ခါတော့လည်း ကျန်ရှိတဲ့ နေ့ရက်တွေကို အဲ့ဒီလို ပြီးဆုံးမသွားစေချင်မိဘူး။

❑

ကြာလာတော့လည်း ကျွန်တော်တို့ခါးက ခဏခဏ စည်းနှောင်ရပါများလွန်းတော့ ကျစ်လျစ်သန်မာခဲ့တယ်။ ကျွန်တော်တို့သန်မာခဲ့သလောက် အဖေကတော့ တစ်စတစ်စ ပျော့ခွေ ယိုင်နဲ့လာတယ်။ ၂၄ နာရီလုံးလုံး ထမင်းမစား ဘာမစားနဲ့ အသောက်မပြတ်ခဲ့တော့ အဖေ့ကိုယ်လုံးက အရိုးသာသာပဲ ရှိတော့တယ်။ အရက်သောက်ဖို့ ဝယ်ဖို့ကလွဲပြီး နေရာက မထတော့သလို ဆေးရုံကို တက်လိုက် ဆင်းလိုက်နဲ့ကလည်း အကြိမ်မရေတွက်နိုင်တော့ဘူး။ ဆရာဝန်က အရက်ကို မသောက်တော့ဖို့ ညွှန်ကြားပေမဲ့ သူ့အမိန့်ကလွဲပြီး ဘယ်သူ့အမိန့်ကိုမှ မနာခံတဲ့အဖေက ဘယ်တော့မှ မလိုက်နာခဲ့။ အသည်းအသန်ဖြစ်လိုက် ဆေးရုံသွားလိုက်၊ ခဏနားလိုက်၊ ပြန်သောက်လိုက်။ ဂျာအေး သူ့အမေရိုက်သလို ဖန်တစ်ရာတေ နေတာပါပဲ။ အရင်လို ဝူးဝူးဝါးဝါး စိတ်ညစ်ရအောင် ပေါက်ကွဲတာတွေ မရှိတော့ဘူး ဆိုပေမဲ့လည်း အရင်ဒုက္ခတွေနဲ့မတူတဲ့ ဒုက္ခတွေက ထပ်ဝင်လာတာပါပဲ။ ကျောက်ကပ်က သုံးစားမရတော့လောက်အောင် ပျက်စီးနေပြီဆိုတော့ ဆီးသွားချင်ရင် နေရာတင် ထွက်ကျ၊ ဝမ်းသွားချင်ရင် နေရာတင် ထွက်ကျတာပါ။ ထုံးစံအတိုင်း အိမ်မှာ ဘယ်သူမှမရှိ၊ ဘာမှမလုပ်နိုင်တဲ့ ကျွန်တော်နဲ့ပဲပေါ့။ အရင်က ပတ်ဝန်းကျင်ရဲ့အရက်သမား ဆိုတဲ့ဂုဏ်အောက်မှာ မျက်နှာငယ်ရတာတစ်မျိုး၊ အခု အရက်သမား လူမမာဆိုတဲ့ အောက်မှာ သိမ်ငယ်ရှက်ရွံ့ရတာတစ်မျိုး။ ဘယ်အရာမှ မကောင်းခဲ့ပါဘူး။

'ကံဆိုးလိုက်တာ' ဆိုတဲ့ အများရဲ့ ကျွတ်သပ်သံအောက်မှာ ကျွန်တော်ကတော့ မိသားစုအစား အဖေကို တစ်မျိုးပြီးတစ်မျိုး နာကြည်းမုန်းတီးနေခဲ့မိတယ်။ တစ်နေ့တာလုံး ချေးသေးတွေနဲ့ လူးနေခဲ့တဲ့ နေရာတစ်ခုမှာ ဘာ့ကို အပြစ်တင်ခဲ့လို့ တင်ရမလဲ။ ပြန်လာရင် လူမမာနှစ်ယောက်ကို ပြုစုရတဲ့ အမေနဲ့ ညီလေးကို အဖေ အားမနာဘူး။ ဘာကိုမှလည်း မလုပ်ပေးနိုင်ခဲ့သလို တစ်ဖက်က နှောင့်ယှက်နေတဲ့ လုပ်ရပ်ဆိုး အဖေသိမှ သိရဲ့လား။

ပို ဆိုးလာတဲ့ အချိန်တစ်ခုမှာ အဖေ အရက်သိပ် မသောက်နိုင်တော့ဘူး။ ဒါပေမဲ့ ဒဏ်ရာတွေ ဦးနှောက်ကိုပါ ထိခိုက်လာတော့ အဖေ့ရဲ့ အသိစိတ်တွေ ပိုပိုလွှတ်ကင်းလာတယ်။ အဲလို လွှတ်ကင်း

www.burmeseclassic.com

လာတဲ့အချိန်မှာတော့ လူမမာ တစ်ယောက်လို အိမ်မှာမနေ တော့ဘဲ မိုးရွာကြီးထဲလည်း အနွေးထည်ဝတ်ပြီး စာအုပ် တစ်အုပ်နဲ့ လျှောက်သွားလို သွား၊ စောင်ကြီးပတ်ပြီး လှည်းတန်းလိုနေရာမျိုးမှာ ယိုင်ထိုးယိုင်ထိုးနဲ့။ တစ်ခါ တစ်ခါလည်း ကိုယ့်ကိုယ်ကို မဟန်နိုင်တော့ ရောက်ရင် ရောက်တဲ့နေရာမှာ ငုတ် တုတ်။ တစ်ခါတစ်ခါ လဲနေ လို့ သိတဲ့သူတွေက လိုက်ပို့ တဲ့ အခါမျိုးတွေကလည်း ရှိ သေးတယ်။ လမ်းလယ် ကောင်မှာ ပုဆိုးမနိုင်၊ ပဝါ မနိုင်တဲ့ အဖေ့အကြောင်း တစ် ယောက်ယောက်က လာပြော ရင် ကျွန်တော့် စိတ်တွေ ဘယ်လိုမှန်းမသိဘူး။ ကိုယ် ကိုယ်တိုင်လည်း မသယ်နိုင် တဲ့ အခြေအနေတစ်ခုမှာ မတော်လို့ နေရာတစ်ခုမှာ လူမသိသူမသိ လဲကျနေရင် အမေနဲ့ညီလေး အခက်တွေ့ မှာစိုးလို့ ဘာလို့ ပြောမရဆို မရ လျှောက်သွားနေတာလဲ ဆိုပြီး ကျွန်တော် တားသေး တယ်။ အမေနဲ့ ညီလေးက လည်း တားတယ်။ ဒါပေမဲ့ အချည်းအနှီးပဲ။

တောင်ရောက်မြောက် ရောက်စကားတွေနဲ့ အာဟာ ရအတွက် ကွေကာအုပ်တစ် ခွက်တောင် မဝင်နိုင်တဲ့ အခြေ အနေမှာ မနက်ဆို ယိုင်ထိုး ယိုင်ထိုးနဲ့ စာအုပ်တစ်အုပ် ကိုင်လို့ထွက်သွားပြီ။ ထွက် သွားတိုင်းလည်း ကျွန်တော် ဘယ်တော့မှ လိုက်မတားနိုင် ခဲ့ဘူးလေ။ ဘယ်ကိုသွားပြီး ဘာတွေလုပ်လဲ။ အဖေ ကိုင် ကိုင်သွားတဲ့ စာအုပ်က ဘာ စာအုပ်လဲ။ အဖေသွားသွားပြီး ဘာတွေလုပ်တာလဲ။ မေးဖို့ ထက် ပြန်ရောက်လာပါ့မ လား၊ ဘယ်နေရာမှာ ဘာ တွေဖြစ်နေပြီလဲဆိုတာ အား လုံးအစား ကျွန်တော် ပူပန်မိ နေတယ်။ အဖေကတော့ ကျွန်တော်တို့အတွက် ဘာဆို ဘာမှ ပူပန်ပုံမရပါဘူး။

ခုတော့ ကျွန်တော်တို့ မိသားစုရဲ့ ဒုက္ခတွေ ချုပ်ငြိမ်း တဲ့နေ့ ရောက်လာခဲ့ပြီ။ အဖေ သေသွားပါပြီ။ အိပ်နေတဲ့ နေရာပေါ်မှာ တက်သလိုလို သတိလစ်နေခဲ့ပြီး ဆေးရုံပို့ လိုက်တဲ့နောက်ပိုင်း ကျွန်တော့် မျက်စိရှေ့က အဖေဆိုတာ ခဏပျောက်ကွယ်သွားပြီးတော့ အခုတော့လည်း ထာဝရ ပျောက်ကွယ်သွားခဲ့ပြီ။ တခြားသူတွေရဲ့ ပြောပြောနေ ကျ မိဘရဲ့နောက်ဆုံးမျက်နှာ ဆိုတာကို ကျွန်တော် မမြင် လိုက်ရလို့ ဝမ်းနည်းလည်း မဖြစ်မိပါဘူး။ အဖေရဲ့ သေ ဆုံးခြင်းက ကျွန်တော်တို့ မိသားစုအတွက် ကြီးကြီးမား မားကွယ်ပျောက်သွားခြင်းမျိုး မှ မဟုတ်တာ။

ညကြီးသန်းခေါင်ပဲ အမေဆေးရုံက ပြန်လာတယ်။ အမေ ကျွန်တော် မျှော်လင့်သ လိုပဲ မငိုပါဘူး။ အဖေဆုံး ပြီဆိုတဲ့ သတင်းက အိမ်အနား တစ်ဝိုက်မှာ ပျံ့သွားတော့ အမေပြန်အလာမှာ သတင်း ဝိုင်းမေးတဲ့သူတွေနဲ့ စည်နေ တယ်။ အားလုံးရဲ့ မျက်နှာမှာ လည်း သာမန်လူတစ်ယောက် သေဆုံးခြင်းလို သိပ်ပြီး ဝမ်း နည်းပက်လက်မရှိကြပါဘူး။ အမေအထဲဝင်လာတော့ ငိုင် နေတဲ့ ကျွန်တော့်ဘေးနား ဖုတ်ခနဲ စာအုပ်လေးတစ်အုပ် ပြုတ်ကျလာတယ်။

အဖေရဲ့စာအုပ်၊ ဟုတ် တယ်၊ အဖေကိုင်ကိုင်သွားတဲ့ စာအုပ်လေးပါပဲ။

တစ်ချိန်လုံး လက်က မချတာ ခုထိလည်း အဖေနဲ့ အတူ ပါသွားတဲ့ပုံပါပဲ။ ကျွန်တော် မောနေတဲ့စိတ်နဲ့ အတူ စိတ်ပြေလက်ပျောက် ဖွင့်ကြည့်ဖို့ စိတ်ကူးလိုက် တယ်။ အထဲမှာ ကျွန်တော် မှတ်မိနေတဲ့ အဖေ့လက်ရေး ကို မညီမညာကို တွေ့လိုက်ရ တယ်။ အဖွင့်မှာတင်ပဲ…

'ငါ့သား မြန်မြန် နေ ကောင်းလာပါစေ…'

'ဘုရားမှာ သွားသွားပြီး ဆုတောင်းရမယ်'တဲ့လေ။

ကျွန်တော်နေရာမှာပဲ ချာချာလည်သွားခဲ့ပါတယ်။

'အဖေ အဖေသွားသွား နေတဲ့ နေရာ နေရာက'

'အဖေ လုပ်လုပ်နေတဲ့ အရာ အရာတွေက'

လွတ်ကင်းသွားတဲ့ အသိစိတ်တစ်ခုက မှတ်မှတ် ရရစွဲထင်နေတာ နေမကောင်း တဲ့ ကျွန်တော်ဆိုတဲ့သားတစ် ယောက်ပဲလား။

ခုတော့ ဒီလိုပဲ ပြီးဆုံး သွားခဲ့ပြီ။

❑

အဖေ ကျွန်တော့်ကို ချစ်ခဲ့လား။ ချစ်ခဲ့မှာပါ၊ ကျွန်တော် ငယ်သေးလို့ မသိ တာနေမှာ။

အဖေ ကျွန်တော့်ကို ဂရုစိုက်စကားတွေ ပြောခဲ့ သလား။ ပြောခဲ့မှာပါ မသိ တာ ကျွန်တော်မကြားလို့ ဖြစ် မှာပါ။

အဖေ ကျွန်တော့်ကို ဖေးမခဲ့သေးလား။ ဖေးမခဲ့မှ ပါ၊ မသိတာ ကျွန်တော်မသ လို့ ဖြစ်မှာပါ။

အဖေ ကျွန်တော့်ကို စောင့်ရှောက်ခဲ့သလား၊ စောင့်ရှောက်ခဲ့မှာပါ၊ မသ တာ ကျွန်တော် အိပ်ပျော်နေ ချိန်မို့ ဖြစ်မှာပါ။

အဖေ ကျွန်တော့်ကို အားပေးခဲ့သလား။ အားပေး ခဲ့မှာပါ။ မသိတာ အဲဒီအချိ ကျွန်တော် ကြောက်နေလို့ ဖြစ်မှာပါ။ ကျွန်တော် လုပ်နိုင် ခဲ့သလား၊ မေးခဲ့တဲ့အချိန် လုပ်နိုင်ခဲ့တယ် သားလို့ အဖေ ဖြေခဲ့သလား။ ဖြေခဲ့မှာပါ မသိတာ အဲ့ဒီအချိန် ကျွန်တော် ဉာဏ်မမီတဲ့ အချိန်ဖြစ်နေလို့ နေမှာပါ။

အဖေ ကျွန်တော့်ကို သနားခဲ့ရဲ့လား။ သနားခဲ့မှ ပါ၊ မသိတာ ကျွန်တော် မမြင်မိခဲ့တာ နေမှာပါ။

မွေးဖွားလာတာက တောင်းပန်စရာမလိုပေမဲ့ အဖေရဲ့ သေဆုံးခြင်းကိုတော့ တောင်းပန်ပါတယ် အဖေ အဖေ ကျွန်တော်တို့ကို ပူပန်း ရဲ့လား၊ လိုအပ်ခဲ့ရဲ့လား ခ တာကတော့ စာအုပ်လေးက ကျွန်တော့်ကို ပြောပြနေမှာပ ပဲ။

တကယ်တော့ အဖေ တာ ပြည့်စုံတဲ့ လူသားတ ယောက် မဟုတ်ပါဘူး။ ဒ ပေမဲ့ သားသမီးကို ချစ်တ အချစ်မှာတော့ ဘယ်လိုအဖေ မျိုးမဆို ပြည့်စုံနိုင်ပါတယ် ခုကျွန်တော် မကျဘူးလို့ ထ မိတဲ့မျက်ရည် ကျွန်တော့် က…။

■

နေဝေးကင်း

www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၂၁၁)မှ…*

တဟွတ်ဟွတ် ကြားနေရသည်။ သူကိုယ်တိုင် မပြောနှင့်၊ ဘေးကလူတောင် အသက်ရှူရကျပ်လာသည်၊ သူ့ချောင်းဆိုးသံကြားရတာ။

'ဖအေ တော့ သက်သာရဲ့လား။ ဒီမနက်တော့ ချောင်းဆိုးရပ်သလားလို့'

လက်လှမ်းမီသလောက် ဆေးမြီးတိုလေးတွေတော့ လုပ်ပေးပါသည်။ ဆေးနှင့် ရောဂါတည့်လို့ ထင်ပါရဲ့။ ချောင်းသံတော့ မကြားရဘူး။ ကလေးဘေးမှာ အိပ်နေလိုက်တာ ကွေးကွေးလေး။ ကလေးအပေါ်မှာလည်း လက်က တင်ထားသေးရဲ့။ အရင်ရက်တွေက အိပ်မပျော်ခဲ့တာတွေ အခုမှ သက်သာလို့ ထင်ရဲ့ အိပ်နေလိုက်တာ။

အကြော်ကလည်း ဆိုင်စထွက်ကတည်းက ရောင်းလိုက်ရတာ တယ်လက်မလည်ချင်ဘူး။ ကူမည့်လူကလည်း မနိုးသေးတော့ လာဝယ်သည့် သူကိုပဲ ပြန်ပြီး ထည့်ခိုင်းရတော့တာ။

'နေမြင့်ပြီနော်၊ အကြော်တောင်ကုန်ပြီ။ ဒီသားအဖ မထသေးဘူးလား… ဟင်၊ ထတော့'

ပြောပြောဆိုဆိုနှင့် ဝင်သွားတော့ ကလေးက နိုးနေပြီ။ မျက်လုံးလေး ကလယ်ကလယ်နှင့်။ ဟိုကြည့်ဒီကြည့် ကြည့်လို့။ ဖအေက သူ့ကိုဖက်ထားတော့ အော်တောင် မအော်တော့ဘူး။ သူ့ဘေး လူရှိမှန်းက သိသေးတာ။

'ဟင် နဖူးက အေးစက်လို့'

အဖျားရှိလားလို့ နဖူးကိုစမ်းကြည့်မိမှပဲ။

'လုပ်ကြပါဦးတော်၊ ဘုရား ဘုရား လက်တွေကလည်း အေးစက်လို့။ အသက်မှ ရှိသေးရဲ့လား'

အိမ်ဝန်းကျင်က လူတွေ ဝိုင်းလာတော့မှပဲ တစ်ဖက်စောင်းနေသည့် အောက်မှာ အခင်းတစ်ခုလုံး သွေးတွေ အိုင်လို့။ ဘယ်အချိန်က သေနေသည်မသိသည့် ဖအေ၏ ခန္ဓာကိုယ်က အေးစက်တောင့်တင်းနေပြီ။ သွားပြီ၊ ဘယ်လိုမှ လုပ်လို့ မရတော့ဘူး။

သူ ချစ်လှပါချည်ရဲ့ဆိုသည့် ကလေးလေးနှင့်အတူ ထားသွားခဲ့ပြီ။

မလိမ္မာ တစ်ခါမိုက်မိခဲ့သည့် မိုက်ပြစ်တွေလေ။ အခုတော့ ဘာတတ်နိုင်သေးတုံး။ မှာသွားပါရော့လား။

'ကလေးကို ဂရုစိုက်နော်'လို့။

တတွတ်တွတ် ပြောလွန်းလို့လည်း နားငြီးခဲ့ရပါရဲ့။ သူပြောတိုင်းလည်း ဘာမျှ ပြန်မပြောနိုင်ဘူး။

'မအေ နင်က ကလေးကို ငါ့လောက် မချစ်တတ်သလိုပဲ'လို့ ပြောတိုင်း ရင်နာခဲ့ရတာ အခုတော့ အချစ်ပြိုင်ပါဦးလား။ ကိုယ့်ဝမ်းနှင့် မလွယ်ခဲ့ရတာကိုက တစ်ပန်းရှုံးခဲ့ရတာလေ။ အခုတော့ မအေနိုင်ပြီ။

ဟုတ်သည်။ ဖအေက ကလေးကို မအေလောက် မချစ်လို့ စောစောစီးစီး ထားပြီး ထွက်သွားတော့တာလေ။

'မအေက ကလေးကို တော့်ထက် ပိုချစ်တယ်တော့'လို့ ပြောရင်း မျက်ရည်တွေက ပါးပေါ်မှာ…။

■

**ဖွဲ့ဆုပန်**
၊ဆားလင်းကြီး၊

Dictionary for All
THALUN Bookstore Yangon
သာလွန်
အင်္ဂလိပ် – မြန်မာ
အဘိဓာန်
သာလွန်စာအုပ်တိုက်
၃၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၂၄၂၄၁၈၊ ၂၄၉၂၀၈
၅၂၅၊ ကုန်သည်လမ်းနှင့် ၃၈လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၂၄၂၀၃၈၊ ၃၈၂၂၈၀
၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅လမ်းထောင့် [illegible] ရန်ကုန်မြို့ ဖုန်း - ၂၉၉၂၂၈

www.burmeseclassic.com



www.burmeseclassic.com

*(ယခင်လမှအဆက်…)*

၃၂။

‘ဝေဟင်အလယ်××× သေချင်တယ်
တစ်မေကြို့ရတာက×××လေအဟုန်များ×××
သောင်းဝေယံနီးပေါ့ထင်ရဲ့×××
လေဆန်ကလည်း
ဟည်းပုံအခြေပြင်းလှချည့်××× မေခင်
မြေပြင်ဆင်းချင်ပါရစီတော့ ဘုရား×××
အံ့မယ်လေး မြင်းရုပ်လို့နွား’
ဝါခေါင်လ…။
ဝါခေါင်တစ်ကြောင်း
ထနှောင်းကြောင်ကျစ်
ဆူးရစ်ပွင့်ခါမိုးမရွာ၊
ရွာပါသော်လည်း မိုးမသည်း။


# ခင်ခင်ထူး

## တောမင်းသမီး

အမှတ် ၂၉၇၊ ဩဂုတ်၊ ၂၀၁၄

ရုပ်စုံမဂ္ဂဇင်း

အ ခန်း ဆက် ဝ တ္ထု ရှည်



ဝါခေါင်လ မိုးကောင်းကင် တစ်ပြင်လုံးမိုးတိမ်တွေအပြည့် ရှိနေကြပါ၏။ မိုးကြီးပြိုကျလောက်အောင် ရွာသည့်မိုးကိုသူတကာမျှော်ကြပေသိ ဥဩသံအေးအဖို့ရာတော့ သည်မိုးကြောင့်ပင် စိတ်အားငယ်မိနေရသည်။ နတ်မောက်နယ်ထဲက ရွာကြီးတစ်ရွာမှာ သည်တစ်မိုး ခိုရပါဦးမည်။ နှစ်စဉ်လိုလို သည်ရွာဘုရားပွဲကပြီးတိုင်း သည်ရွာကြီးမှာပဲ တစ်မိုးခိုနေကျဖြစ်သည်။

ဇာတ်နားချိန်ဆိုတော့ ဇာတ်သူဇာတ်သား တော်တော်များများ မရှိကြတော့ပြီ။ ရွာဝေးအိမ်ဝေးတချို့လောက်သာ ဥဩသံအေးနှင့်အတူ ရှိနေကြသည်။

‘ဇာတ်ပစ္စည်းတွေ အမေ သန်းရီတို့ ပြန်ယူသွားပေသိ စိတ်ပျက်စရာမရှိပါဘူးအေ။ သူတို့ပစ္စည်းတွေကလည်း ဖြူခါပြာခါကျနေပါပြီ။ အသစ်ဝယ်နိုင်ဖို့ လိုသာပါ။ ပိုက်ဆံရှိဖို့လိုသာပါ။ သည်တစ်ခါတော့ တစ်ပတ်ရစ် တစ်ပတ်နွမ်း မဝယ်ပါနဲ့အေ… ဒင်္ဂမော်ထဲက ဝယ်စမ်းပါ’

ဂျီးတိုးက သက်အေးပုံကို အုန်းဆီလူး ခေါင်းဖြီးပေးနေရာက ပြောလိုက်ခြင်း ဖြစ်သည်။ ဂျီးတိုးကတော့ ပြောတာပါပဲလေ။ ပိုက်ဆံရှိရင် ဝယ်လို့ရတာပေါ့တဲ့။ ဇာတ်အဖို့ရာ မကရတာတော့ မဟုတ်။ ပွဲချီ မရတာတော့ မဟုတ်။ ပွဲခလည်း ရပါရဲ့။ ဇာတ်သူဇာတ်သားတို့ရဲ့ညကြေးတွေ အသုံးတွေကလည်း ထွက်ပါရဲ့။ ဘယ်လောက်ဝင်လို့ ဘယ်လောက်ထွက်မှန်းမသိတော့လည်း စာရင်းကိုင်၊ ငွေကိုင်ကိုကြာဖေကို ခေါ်မေးရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသယ် ဆရာကတော်ရဲ့။ ရှိတန်သရွေ့ ရှိပါသယ်ဆရာကတော်ရဲ့လို့သာ ဆိုသည်။ တစ်ခါမှ စာရင်းနှင့် ဖယားနှင့် ချပြတာမျိုး မရှိ။ တကယ်ဆိုလျှင် ဇာတ်မှာ လိုသမျှ ပစ္စည်းပြန်ဖြည့်တာမျိုး၊ မြို့ကားနန်းကားလို ပန်းချီပိုင်းအပြင်အဆင်လို၊ ဆက်တင်ပစ္စည်းလို အသုံးအဆောင်ပိုင်းတွေ အစားထိုးတာမျိုးကအစ ကိုကြာဖေအဖို့ရာ သူ့ခြေသူ့လက် ဖြစ်သင့်သည်။ ကိုကြာဖေက မလှုပ်။ တစ်ခါတော့ ပြောဖြစ်ပါ၏။

'ကိုကြာဖေ၊ ကျုပ်ကလည်း နေဝင်မီးထွန်း ဇာတ်ခုံပေါ်တက်ကနေရရင် ပြီးရောဆိုတဲ့ မိန်းမရယ်။ ဒါပေသိ သည်လိုနဲ့ မပြီးဘူးလေ။ ကျုပ်တစ်ယောက်တည်း သုံးဆယ့်ခုနစ်မင်းစုံအောင် ပန်းကိုင်လို့ ဖြစ်သာမှုတ်ဘူး။ ဇာတ်တစ်ဖွဲ့လုံးစားကျွေးရမွေးရ၊ ပေးရကမ်းရသာတွေ ရှိသယ်။ ဆရာကိုသက္ကဆုံးပြီးကတည်းက တစ်ခါလား နှစ်ခါလား သည်ရွေ့သည်မျှ ပေးခဲ့သာရှိသာပဲ ရှိသယ်။ စာရင်းနဲ့ဖယားနဲ့တော့ ရှိဦးမှပေါ့။ အခုက ကျုပ်မယ် ပိုက်ဆံလိုပြီ။ ကျုပ်တို့ငှားထားတဲ့ဇာတ်ပစ္စည်းတွေကလည်း ပြန်ယူသွားပြီ။ ဇာတ်နားတုန်း ပြန်ဖြည့်တန်သာဖြည့်၊ ဝယ်တန်သာ ဝယ် ရှိရတော့မယ်။ မှန်သာပြောရရင် ကျုပ်ကလည်း ဒါတွေနားလည်သာ မှုတ်ဘူးရယ်။ အခုကိုကြာဖေက မလှုပ်တော့ မြင်းကမလှုပ် ခုံကလှုပ်ရတော့မယ်။ လက်ထဲရှိတဲ့ ပိုက်ဆံနဲ့သင့်ပြီး ကျုပ်ကိုယ်တိုင် ကျောက်ပန်းတောင်းဘက်သွားမယ် စိတ်ကူးထားသယ်။ သန်ဘက်ခါ မင်းသမီးခင်သိန်းရီ ခေါ်ပြီးသွားမှ ဖြစ်တော့မယ်။ နက်ဖျင်မနက် ပိုက်ဆံရှင်းရအောင်'

'ဖြစ်ပါသယ်။ ကျုပ်က စာရင်းချုပ်ရုံပါ။ နက်ဖျင်မနက် အပ်ပါ့မယ်'

အရက်ခိုးဝေနေသော ကိုကြာဖေက ဥသြသံအေးကို မကြည့်။ ဆရာကိုသက္ကရှိစဉ်က ရိုးလှအေးလှသော ကိုကြာဖေ။ ဆရာဆုံးပြီးတော့ ကြောက်ရမည့်သူ မရှိတော့လို့ဘဲလား။ အရက်ကလေး တစွတ်စွတ်ဖြစ်လာခဲ့တာ ကြာပြီ။ ခါတိုင်းသန့်သန့်ပြန့်ပြန့်နေတတ်ခဲ့သူက သည့်နောက်ပိုင်းမှာ ကစုတ်ကညစ်နိုင်လာခဲ့သည်။ တချို့က သတိပေးကြတာ ရှိသည်။ ကိုကြာဖေ မကြာခဏဖဲရှုံးနေတာကို သတိပေးကြခြင်းဖြစ်၏။ နောက်တစ်နေ့မနက်မှာတော့ ဝါခေါင်လ၏ မိုးက အနောက်ရမ်းလေကြမ်းနှင့်အတူ သည်းသည်းကြီးရွာလာခဲ့သည်။ နတ်မောက်နယ်မှာ ပထမဆုံးရွာလိုက်သည့်မိုး ထင်ပါရဲ့။ လျှပ်စီးလျှပ်နွယ်တွေ ထကာ မိုးချုန်းသံတွေပေးရင်း အုန်းအုန်းထအောင်ရွာနေခြင်းဖြစ်၏။ ဂျီးတိုးက မိုးထဲလေထဲ အသံဗလံတွေဆူဝေနေသည့်ကြားက သီချင်းတွေ ဆိုနေခဲ့ပါ၏။ ဇာတ်ထဲမှာ ကြားနေကျ ငိုချင်းတစ်ပုဒ်ပင်။

*'အကောက်ကယ်ဆင်×××တမင်ဖြင့်ကြံသာများ××× ဘဝမှာမနေသာဘူ×××သေမရဏာ တစ်ခါလားတဲ့အောင် ×××အမယ်လေး သင်းပြုချက်မတရား အား···ဟာ××× မတရား'*

'ဂျီးတိုးရေ၊ မတရားသာထား ထမင်းစားကြစို့။ ကျုပ်ဖြင့်ရင်ထဲ ဆာသလိုလို ဖြစ်နေတာ မနက်ကတည်းက'

'မဆာဘဲလားအေ။ ညည်း ထမင်းမစားသာ ဘယ်နှရက်ရှိပြီလဲ။ ပဲနှပ်ထားသယ်၊ ငရုတ်သီးထောင်း၊ ငါးပိကင်ရှိသယ်။ ရွာထဲက ပဲရွက်ကလေး တစ်ခါခတ်တောင်းပြီး ဟင်းချိုတစ်ခွက်ချက်ထားသယ်။ ညည်း သမီးတော့ ဘဲဥပြုတ်ကလေးနဲ့ လူးကျွေးထားသယ်'

'ဂျီးတိုး ခူးလိုက်တော့၊ ခင်သိန်းရီပါ ခေါ်လေ'

သုံးဦးသား ထမင်းစားပြီးကြတော့လည်း မိုးက မတိတ်သေး။ ပိုလို့သာ သည်းလေတော့သည်။ မိုးအေးအေးနှင့်ဆိုတော့ ထမင်းစားပြီးစ မငိုက်စဖူး ငိုက်ချင်လာလို့ ဥသြသံအေး ခဏမှေးလေ၏။ ဖျတ်ခနဲလန့်နိုးသွားခဲ့ရာက သွပ်ခေါင်ပေါ်တဖျောဖျောကျနေသည့် မိုးသံကို နားရောက်နေမိသည်။ ဥသြသံအေးက သည်တော့မှ သတိထားမိပါ၏။ သူ့ကိုတစ်ယောက်ယောက်က နှိုးလိုက်သလို အာရုံရနေသည်။ ဟုတ်ပါရဲ့။ သည်တစ်မနက်သာ ကုန်သွားခဲ့သည်။ ကိုကြာဖေ စာရင်းနှင့်တကွလာမည်ဆိုတာ မလာသေးပါလား။ ဇာတ်နားသခိုက် သည်အိမ်ကြီးမှာဇာတ်ထဲက ကျန်ကောင်းကျန်ရာ ဇာတ်သမားတချို့နှင့်အတူ ငှားနေကြရသည်ဖြစ်ရာ အောက်ထပ်တစ်နေရာမှာ ကိုကြာဖေအိပ်တာ ဥသြသံအေး အသိ။ ခုထိ ဆရာကတော်အေ စာရင်းလုပ်ရအောင် မရှိ။ လူလည်းပေါ်မလာ။ အောက်ထ ဆီက အသံလည်း မကြား။ မိုးကြီးဖြုန်းဖြုန်းထဲဆိုတော့ အပြ လည်း ထွက်မလည်သာ။ ဖဲများ ထွက်ရိုက်နေရော့လား။ ဘ ဆိုင်များ ရောက်နေရော့လား။ ဥသြသံအေး လူးလဲထသည်

'ခင်သိန်းရီရေ'

'အစ်မ'

'ကိုကြာဖေ ဆင်းကြည့်စမ်း။ သည်မနက်စာရင်း ရှင်မယ်ဆိုပြီး ကိုယ်တော်က ပေါ်မလာဘူး'

ခင်သိန်းရီက အိမ်ကြီးပေါ်က ဆင်းသည့်လှေကား အတိုင်း ဆင်းသွားသည်။ ခဏနေတော့ ပြန်တက်လာခဲ့ပါ၏ မျက်နှာမကောင်းတာကို ဥသြသံအေး သိလိုက်ပြီ။

'အစ်မ၊ ညကတည်းက ကိုကြာဖေ ပြန်မအိပ်ဘူးတဲ့ ရွာက သူ့အမေ နေမကောင်းဘူးကြားလို့ဆိုပြီး ကောက်ကာ ကာ ထပြန်သယ်ပြောသာပဲ။ ကားဆွဲတဲ့ လှအောင်က ပြေ လိုက်သာ။ ကိုကြာဖေက သူ့ပစ္စည်းတွေပါ ယူသွားသတဲ့'

ကိုကြာဖေ ပြေးပြီ။ နောင်မွန်စားရဲ့ဆင်လို နောက်တပ် ပြန်နင်းပြီ။ မိုးတွေ ရွာနေသည့်ကြားက ဝင်းခနဲလျှပ်စီး ပြ လိုက်ခြင်းနှင့်အတူ မိုးကြိုးထစ်သံတစ်ချက် ကြောက်မက်ဖွယ် ထွက်ပေါ်လာခဲ့ပါ၏။

'မိုးကြိုးရယ်၊ ကျုပ်ခေါင်းကိုမှ မပစ်ပလေ။ ခင်သိန်း ရေ၊ ဒင်းရွာပြန်သာ မဟုတ်လောက်ဘူး။ ပိုက်ဆံတွေပါ ယူ ပြေးသာနေမှာပါ။ အေးလေ၊ အအုပ်အသိမ်းမရှိတော့ ပရမ်းပတာ ဖြစ်ရပြီပေါ့။ ငါ့မလည်း ပွဲကနင်းတော့ဦးတော

www.burmeseclassic.com

ဦးက နင်းတော့ ပွဲထောင်။ အကုသိုလ်များ အမြဲလိုက်ကျပါပကောအေ'

ထိုနေ့က ဉသြသံအေး မိုးနှင့်အပြိုင် ငိုမိခဲ့သည်။ ဂျီးတိုးကလည်း ငိုသည်။

'မသာကောင်။ မိုးကြိုးပစ်ပါစီတော်။ ပိုက်ဆံတွေ သုံးချင်တိုင်း သုံးပြီး ပေးခါနီးတော့မှ ထွက်ပြေးရသယ်လို့။ ငါ့မလည်း ငါ နှုတ်ကထွက်ရင် ဖြစ်သာချည်းပါကောနော်။ အကောက်ကယ်ဆင် တမင်ဖြင့်ကြံသာများ၊ ဘဝမှာ မနေသာဘူ၊ သေမရဏာ တစ်ခါလားတဲ့အောင် သင်းပြုချက်မတရားလို့ မနက်ကပဲ ဆိုမိသေးတော်။ အခုတော့ အကောက်ဆင်တဲ့ကောင်နဲ့ နေ့တောင်မခြား တွေ့ရပါပေါ့လား မယ်သြရယ်'

ဂျီးတိုးက ချွေးနှဲစာ တပင်တပန်း ရှာဖွေထားရတာကို ပက်ခနဲပစ်လိုက်ရလို့ ကြေကြေကွဲကွဲ ငိုရှာပေသိ ဉသြသံအေးကတော့ တစ်ခါပဲ ငိုမိခဲ့ပါ၏။ ပြတင်းပေါက်က လှမ်းမြင်နေရသော မိုးကိုကြည့်ရင်း ဘဝကို နောက်ကြောင်းပြန်နေမိသည်။ သည်လို ဝါခေါင်လ မိုးကြီးလေကြီးထဲမှာပဲ အမေမဗိုင်းတောင့်သစ်ပါးပျဉ်းမြစ်ကြားက သူ့ကိုကောက်ရခဲ့တာ မှတ်လား…။ ကျောမှာ ချဉ်ပေါင်ရွက်လို စာနီကလေးပါသတဲ့။ လက်ဖျံမှာ အဝတ်စနှင့်ပတ်ထားသော အသည်းပုံလော့ကက်သီးကလေးပါသတဲ့။ မိုးရေထဲမှာ တအီအီ တစာစာငိုနေသည့် အခါလည်း သမီးကလေး။ အရွယ်ကလေးရလာတော့ ဒိုးပတ်ဝိုင်း၊ အိုးစည်ဝိုင်းနှင့် ကခဲ့ရသည်။ သဘင်သုခုမအနုပညာကို မရွှေးဖွဲ့ဖွဲ့ကာ သူတကာဆီက ဆည်းပူးခဲ့ရသည်။ နောက်တော့ တစ်ကောင်ထိုး မင်းသမီး၊ ချိုကောက် ခုတင်ထိုးမင်းသမီး။ သည်ကမှ နာမည်တစ်လုံးကျပြန်တော့ ဉသြသံအေးအဖြစ် ဇာတ်ခုံပေါ် ရောက်ခဲ့ရသည်။ အတွေ့အကြုံတွေ စုံပြန်တော့ မမျှော်လင့်ပါဘဲ လင်တစ်ယောက်ရခဲ့သည်။ ဇာတ်ထဲက ငိုချင်းလိုပါပဲလေ။

*'တစ်ညမပေါင်းရခင်က××× ဘဝပြောင်းသူ မရဏာကြုံရှု××× ကာမဂုဏ်မီးသာလို့ပွားလှချေရဲ့××× နည်းခြားသစ်သမို့×××ဟာဒယဘဝင်သဘောမှာလေ××× ကိုရှုပကိုရှင်၊ ရည်းစားအစစ်မို့ ကျွန်မ အင်မတန်နှမြော'*

ကိုသက္ကကတော့ ရည်းစားအစစ်ပင်မက လင်သားအစစ်ဖြစ်ကြီးဖြစ်ခါမှ ဘဝခြားရလေသူ။ သည့်နောက်တော့ ရှိသည့်အားနှင့်ရုန်းရတော့သည်။ ဇာတ်ထောင်ဇာတ်ပိုင်ဘဝဆိုပေသိ ငွေကိုများများကြီး ပုံမအောနိုင်လို့ သူတကာဆီက သစ်တစ်ချောင်းဆွဲ၊ ဝါးတစ်ချောင်းဆွဲနှင့် ထူခဲ့ရသည်။ မှန်တာပြောရလျှင် ဉသြသံအေးအဖို့ရာ ကျောင်းပညာအခြေခံ နည်းလှသည်။ လေးတန်းလောက်သင်ယူခဲ့ရသော ပညာက သီချင်းကူးနိုင်၊ သီချင်းမှတ်နိုင်ရုံသာ။ သည်ပညာအခြေခံနှင့် ပါရမီကလေးဖက်ပြီး မင်းသမီးတို့ တတ်အပ်သမျှလက်တွင်း ဆုပ်နိုင်ခဲ့တာပဲ ရှိ၏။ နာမည်တစ်လုံး တစ်ရှိန်ထိုးတက်မည်ရှိကာမှ မှိုင်းကုန်သည့်မီးပုံးပျံလို အထက်ကိုမရောက်နိုင်ဘဲ ရှိခဲ့

ဉသြသံအေးက
ဒရိုင်ဘာဘောကေ
ရှေ့ခုံမှာ
ထိုင်သည့်
ကားထွက်
လာတော့
ဘာရယ်မသိဘဲ
ရင်တွေ
လှုပ်ခုန်လာခဲ့သည့်
သွားလေသူ
လင်သား
ကိုသက္ကကိုလည်း
စိတ်ရောက်ရပါ၏
ကိုသက္ကမရှိတော့
ငွေရှင်နှင့်
စကားပြောစရာ
ရှိတော့လည်း
သူပါပဲလား

သည်။

'ခင်သိန်းရီရယ် ဟုတ်ကဲ့လားအေ။ လူမတွေ့သာနဲ့ ထွက်ပြေးရသယ်လို့။ ဆရာကိုသက္ကရဲ့ လူယုံတပည့်ပါအေ။ မယ်သြကိုလည်း ကြောက်ရှာပါရဲ့။ ငါ့စိတ်ထင်တော့ လိုတဲ့ငွေလိုက် ရှာဖို့ သွားသာနေမှာပါ။ အဲသလောက် မရက်စက်တန်ကောင်းပါဘူး။ နေစမ်းပါအေ၊ အောက်ထပ် ငါ ဆင်းမေးပါဦးမယ်'

ဂျီးတိုးက ဇာတ်စာရင်းကိုင် ကိုကြာဖေ ထွက်ပြေးပြီဆိုတာကို ယုံချင်ပုံ မရ။ အောက်ထပ်ဆင်းပြီး မေးမည်ကြံသည်။

ဉသြသံအေးက သွန်ကျနေသော မိုးရေတွေကို ကြည့်နေရင်းက တားသည်။

'မဆင်းပါနဲ့တော့ ဂျီးတိုးရယ်။ ကျုပ် သိသယ်ဒင်း ပြေးပြီ။ ကျုပ် အိပ်နေတုန်း တစ်ယောက်က လှုပ်နှိုးလိုက်သလိုပဲ။ သည်ကတည်းက တစ်ခုခုတော့ဖြစ်ပြီဆိုသာ သိနှင့်ပါပြီ။ ရှိပါစေတော့။ ကိုယ်နဲ့မထိုက်ရင် အကျိုးပျက်သယ်၊ အကြောင်းပျက်သယ်။ ကျုပ် ဖြေရတော့မှာပေါ့။ ဝါးလုံးကွဲလို့ ရေဝင်သာပါ။ ကျုပ်က စာရင်းသဘောတွေမသိဘူး။ ကျုပ် ပိုက်ဆံ ဘယ်လောက်ရှိသယ်ဆိုသာလည်း မသိဘူး။ မှန်သာပြောသာ။ ကျုပ် ပိုက်ဆံတွေမရှိတော့သာ မနှမြောဘူး။ ဒါပေသိ ပေးစရာတွေက ဦးချမ်းသာကို အတိုးအရင်း ဆပ်စရာ ရှိသယ်။ ကျုပ်ရှေ့ရေးအတွက် ဇာတ်တစ်ဇာတ် မထူထောင်နိုင်

www.burmeseclassic.com

တော့ဘူး။ ငှားထားတဲ့ ပစ္စည်းတွေကလည်း ပြန်ယူသွားပြီ ဆိုမှတော့ လာမယ့်နှစ် သေတ္တာဖွင့်ရင် ကျုပ် ဘာလုပ်ရမှာလဲ။ ကျုပ်ပူသာ အဲသာပါ'

'အိုအေ၊ ညည်းက ဥသြသံအေးပဲဟာ။ ညည်းပညာတော့ အတိုးအရင်းနုတ်လို့မရပါဘူး။ ခွာချလို့ ကွာမကျပါဘူး။ အကြောင်းတော်ရင် ထန်းလျှော်က အဝတ်ထည့်စရာဖာဖြစ်ရသေးသာပဲ'

'ဂျိုးတိုးရယ်၊ ကျုပ်ပညာနဲ့ ထမင်းမငတ်သာ သိပါသယ်။ ကျုပ်က အသက်သုံးဆယ်သီသီကျော်ခါမှ အကုသိုလ်တွေ တစ်ထမ်းတစ်ပိုးကြီး ကျုပ်အပေါ် ပိလာသာကို အံ့သြသာပါ။ ကျုပ် မင်းသမီးရယ်လို့ ဖြစ်ပါပြီဆိုကတည်းက သူတကာ့အပေါ် မကောင်းစိတ် နှမ်းတစ်စေ့စာ မရှိခဲ့သာ အမှန်ပါ။ ကျုပ်အနေတော့ဖြင့် ဦးချမ်းသာဆီက ယူထားတဲ့အကြွေးများကျေရင် အမေပုတ်ကလေးလို လှည်းပေါင်းမိုးဆင်ပြီး ရွာစဉ်လှည့် ပေါင်းမိုးလှည်းသည်လုပ်ရလည်း ဖြစ်ပါသတော်။ ဒါပေသိ ကျုပ်သမီးကလေးကို ကျုပ် ကျောင်းထားရဦးမယ်။ ကျုပ်လို လေးတန်းနဲ့ပြီးရတဲ့ဘဝမျိုး မဖြစ်စေချင်ဘူး။ သူ့အဖေလို ပညာတတ် ဖြစ်စေချင်သာပါတော်'

'ညည်းကလည်းအေ။ ညည်းမှ ဇာတ်မကတော့ရင် ဂျိုးတိုးအကြော်ကြော် ကျွေးနိုင်ပါ့။ တောသားများ လွှန်ဆွဲသာလက်ကမလွှတ်တော့ ရှုံးသာတောင် တရွတ်ဆွဲပါရတဲ့အဖြစ်များ မကြုံစည်စမ်းပါနဲ့။ ကိုယ့်တော ကိုယ့်ရွာ အိုးမကွာ အိမ်မကွာ နေကြရုံပေါ့။ သက်အေးပုံအဖို့ရာ စာသင်ကျောင်းလည်း ရှိပါ့တော်'

'အင်းပါလေ၊ ကျုပ် တွေးစမ်းပါရစီဦး။ စကားအဖြစ်ပြောသာပါ၊ ကျုပ်က စိတ်မငယ်တတ်ပါဘူး။ အကျော်ကရမက် ဆိုမှတော့ ပင်ကိုနံ့ရှိရမှာပေါ့။ တောစပါး လိုချင်ရင် အိမ်စပါးကို အရင်ရင်းရသာမျိုးရှိရမှာပေါ့။ ကျုပ်သိပါသယ် ဂျိုးတိုးရယ်'

မိုးတွေက သည်းသည်ထက် သည်းလာခဲ့သည်။ မုဆိုးမသွားရာ မိုးလိုက်လို့များ ရွာရော့လား။ ဝါခေါင်လက ကျော်တော့ တော်သလင်း၊ သည်ကကျော်တော့ သီတင်းကျွတ်။ သီတင်းကျွတ်ပြီဆိုသည်နှင့် ပွဲငှားတွေ ရှိလာကြတော့မည်။ သူ့လနှင့် သူ့ရွာ၊ သူ့ဘုရားပွဲနှင့် သူ့ကျောင်းပွဲတွေမှာ ကပြကြရတော့မည်။ သည်လိုပုံနှင့်တော့ လာမည့်နှစ်မှာ ရှုပါရုံသက်အေးပုံ ဇာတ်အဖွဲ့ကြီးဆိုတာ ရှိလာပါဦးမလား။ ဘွားအေကြီးအမေဗိုင်းတောင့်ကိုယ်တိုင်က မြေးဦးလေးနာမည်နှင့် ဇာတ်ထောင်ပါအေလို့ ဆိုရှာခဲ့သည့် ဇာတ်အဖွဲ့ကြီး။ အတွေးတွေကတဒီးဒီးပြေးလွှားနေကြပါ၏။ ဘယ်အတွေးမှ ကြည်ကြည်လင်လင် မရှိ။ သည်တော့လည်း မိုးအေးအေးမှာ လှဲလျောင်းဖြစ်ပြန်သည်။ ဂျိုးတိုးကတော့ အပူအပင်မရှိသလို သီချင်းတောင် ထည့်ည်းလိုက်လို့။

'*မစားနာ မညာတာတဲ့ ကျုပ်မယား×××ကိုတာနော ရင်ဘတ်ကွဲအောင်×××အံ့မယ်လေး၊ ဝိဋ္ဌာနဲ့မှ တွဲရက်လေအား*'

မိုးက ကောင်းလှပါ၏။ ထိုနေ့က မိုးကြီးစောစောချုပ်လေ၏။

❑

တော်သလင်းလကုန်ရက်တွေထဲက တစ်ရက်ဖြစ်၏။ မိုးလင်းစမှာပင် နေရောင်က ကျစ်ကျစ်ခဲခဲ။ ဥသြသံအေးက မနက်စောစောထကာ စိတ်လိုလက်ရ ညဦးကတည်းက ရေစိမ်ထားသော ဘုရားပန်းတွေ ဝေနေအောင် လဲသည်။ ဂျိုးတိုးနှင့် သမီးငယ်က အိပ်ကြတုန်း။ ရွာလှည်းတွေ ခရီးစကြပြီ။ သုံးလေးတိုင်ဝေးသော နတ်မောက်ကို အိုးရောင်းထွက်ကြသည့်လှည်းတွေ။ မီးသွေးလှည်းတွေ၊ ထင်းလှည်းတွေက မနက်စောစောထွက်ကြမှ နတ်မောက်ဈေးအမီ စောစောဝင်နိုင်ကြပါ၏။ ထိုမနက်ကတော့ စိတ်ခံစားမှု မရှိတော့သလို သီချင်းကလေးပင် ညည်းနေမိသည်။

'*ထူးတလီ ရှေးပုညရယ်က×××ထူးမဒီ လေးလုံမမှားဖြင့်×××တေးစုံသပ မက်စဖွယ်×××ဒွေးသုည သက်နှစ်ဆယ်×××အလိုရှင်၊ နယ်အပေါ် စကားအဆစ်ညွှန့်ရမှာဖြင့်×××တစ်ဆယ်ကျော်လို့ ငါးနှစ်စွန်းဆီက×××ဖြစ်ထွန်းအောင် သည်သဘင်နှင့်×××ထီမတင် ရွာနယ်ကျေးမှာရှင်×××ကြည်ရွှင်ရွှင်နာမည်မွေးပါတဲ့×××အဟုတ်သဘော အမှန်တေးရယ်နဲ့×××ဥသြသံအေး ကျွန်မ ငယ်နာမည်*'

မီးဖိုကျင်းရှိရာ အိမ်ရှေ့ကိုထွက်ပြီး ညကကျန်သည့် ထမင်းအိုးတစ်ခြမ်းစာကို ထမင်းအိုးထဲမှာပင် လက်နှင့်ခြေသည်။

နနွင်းမှုန့်နှင့် ဆားပါ ထည့်နယ်သည်။ ဆီပူအိုးကလေး တည်ပြီး ထမင်းတွေဆုပ်ဆုပ် ထည့်သည်။ စောစောကဝယ်ထားသည့် စားတော်ပဲပြုတ်ကလေး ဖြူးလိုက်တော့ ထမင်းကြော်ဝါဝါနွေးနွေးရပြီ။ သည်ရွာမှာ အကြော်ဆိုင်ရှိပေသိ နည်းနည်းတော့ လှမ်းသည်။ အကြော်ကလေးနှင့် ဖက်စားချင် စိတ်ကလေးရှိလေတော့ ပိုက်ဆံအိတ်ထဲက ပိုက်ဆံအကြွေနှိုက်ပြီး တာလမ်းဘက် ထွက်လာခဲ့သည်။ သည်မှာတင် ဥသြသံအေးကို ခေါ်သံကြားလိုက်ရပါ၏။ နာမည်ခေါ်တာတော့ မဟုတ်။

'မင်းသမီး၊ မင်းသမီး ဘယ်တုံး။ မင်းသမီးဆီလာတာဗျ။ အခု ဘယ်တုံး'

ဂျစ်ကားတစ်စီး။ မောင်းသူကို မမြင်ရပေသိ ဘေးကအော်နေသူက ခေါင်းထုတ်ထားလို့ မြင်နေရသည်။ သူ့ကိုခေါ်မှန်းသိတော့ ဥသြသံအေးအသာ ရပ်နေလိုက်ပါ၏။ ကားကအနားကို ရောက်လာသည်။ ရွာထဲ ဂျစ်ကားဝင်လာကတည်းက ကားနောက်က ကလေးတွေ တသီတတန်းကြီးပါလာခဲ့ပြီ။ ဥသြသံအေးရှိရာကို သည်ကလေးတွေကပဲ ခေါ်လာတာ ဖြစ်မည်။ ပွဲငှားတွေ များလား။

'မင်းသမီး မဟုတ်လား။ ဥသြသံအေး'



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ပါ့။ ဩော်၊ ဘယ်သူများလဲလို့ ဦးဘကလေး။ ဘယ်ကိုလာသာတုံး'

'မင်းသမီးဆီ လာတာပေါ့ဗျာ ဘာရှိလိမ့်မတုံး။ ကိုချမ်းသာလည်း ပါရဲ့။ နတ်မောက်မှာ နေခဲ့တယ်'

'ဩော်၊ ကျွန်မဆီ လာသာဆိုတော့ ပြောပါဦး'

'ကိုချမ်းသာဆီ ရောက်တော့ ပြောပါလိမ့်မယ်။ ကျုပ်က မင်းသမီးကို သွားခေါ်ဆိုလို့ လာခေါ်တာဗျ။ မနေ့က ကိုချမ်းသာဇာတ်က မကွေးမှာ ကတယ်။ မင်းသမီး သည့်ရွာမှာ ဇာတ်နားချိန် တစ်မိုးခိုနေတယ်ကြားလို့ ကိုချမ်းသာက လွှတ်လိုက်တာ'

'အခု လိုက်ရမှာလား'

သည်လိုဆိုပြန်တော့ အကြော်ဆိုင်ကို မရောက်နိုင်တော့ပြီ။ ဂျစ်ကားနှင့်ပင် ပြန်လာကာ ကပျာကသီ အဝတ်အစားလဲရသည်။ ဂျီးတိုးကို နှိုးရသည်။ အကျိုးအကြောင်း ပြောရသည်။ ဂျီးတိုးက မျက်နှာမကောင်း။ ဇာတ်ထောင်သူဌေးဦးချမ်းသာ၏ ဇာတ်စာရင်းကိုင် ဦးဘကလေး လိုက်လာပြီဆိုကတည်းက အကြွေးပေါင်းကိစ္စဆိုတာ သေချာပြီ။ ဂျီးတိုးက ခင်သိန်းရီကိုခေါ်သွားဖို့ ပြောနေသေးသည်။ ဥသြသံအေးက ငြင်းသည်။ ရှောင်လွှဲစရာ လမ်းမရှိမှတော့ လာမယ့်ဘေးပြေးတွေ့ရုံပေါ့။

မှတ်မှတ်ရရဆိုသလို အမေရွှေဆံထိုး ပေးလိုက်သည့် ဓါးမြှောင်ကလေးပါ ခရီးဆောင်ဗယားအိတ်ထဲ ထည့်ယူလာခဲ့သည်။

ဂျီးတိုးက ဂျစ်ကားနားအထိ လိုက်လာရှာပါ၏။

'ထမင်း ကြော်ထားသယ်၊ သမီးကို ကျွေးလိုက်ဦး။ ကျုပ် သွားပြီနော် စိတ်မပူနဲ့။ ကျုပ် ညမအိပ်ဘူးရယ်'

ဦးဘကလေးက ဂျစ်ကားနောက်ခန်းကို ကူးထိုင်သည်။ ဥသြသံအေးက ဒရိုင်ဘာဘေးက ရှေ့ခုံမှာထိုင်သည်။ ကားထွက်လာတော့ ဘာရယ်မသိဘဲ ရင်တွေလှုပ်ခုန်လာခဲ့သည်။ သွားလေသူ လင်သား ကိုသက္ကကိုလည်း စိတ်ရောက်ရပါ၏။ ကိုသက္ကမရှိတော့ ငွေရှင်နှင့်စကား ပြောစရာရှိတော့လည်း သူပါပဲလား။ ဦးဘကလေးက ကားပေါ်မှာ စကားတစ်ခွန်းမှ မပြောဘဲ ငုတ်တုတ်ငေါင်းစင်း လိုက်လာခြင်းဖြစ်၏။ ဥသြသံအေးက သိချင်တာ မေးရသည်။

'ကျုပ်ကို ဦးချမ်းသာခေါ်သာ သူ့ဆီကချေးထားတဲ့ ပိုက်ဆံအတွက်လား ဦးဘကလေး'

'မဆိုနိုင်ပါဘူးဗျာ။ ခေါ်ချေဆိုလို့ လာခေါ်တာပဲ'

'ကျုပ်တို့လင်မယား ချေးထားတဲ့ပိုက်ဆံကိစ္စများလားလို့ပါ'

'မဆိုနိုင်ဘူးဗျ'

'ကျုပ်တို့ဇာတ်သမားများကလည်း မီးမရှိဘဲ မီးခိုးထွက်နေရဆိုသာလိုပါပဲ ဦးဘကလေးရယ်။ ကျုပ်ဖြင့် ကျေးဇူးရှင် လင်သားက ဆုံး၊ အဖက်မရှိဘဲ တစ်ယောက်တည်းရုန်း၊ ဇာတ်

မောင်ကျောက်ဒိုး
ပြောသာတော့
ညည်းက
မုခိုးမခို
သတိထားပါအေ
ဘူးမှုတ်သံ
ကြားလို့
ကလေးလား
မှတ်ပါသယ်
သေခါနီးကြီးတွေ
ဖြစ်နေသယ်
ခိုသလို
ဖြစ်မှာစိုးပ့ါ
အိမ်ထောင်များ
ပြုရင်
အားကိုးရမယ့်
လင်ကို
ရွေးဟဲ့
မင်းသမီးရဲ့

ပစ္စည်းတွေက မစုံ။ သည်ကြားထဲ လူယုံက ပြေးဆိုတော့ ဒုက္ခရောက်ချက် မပြောပါနဲ့တော့'

ဥသြသံအေးက သူ့ဘဝအကြောင်း ဦးဘကလေးမှ သိစေတော့ သဘောမျိုး စကားသွင်းပေသိ ဦးဘကလေးက မလှုပ်။ တစ်ခွန်းတော့ ပြောပါ၏။

'မင်းသမီးရယ် သည်လိုပေါ့။ ဆယ့်နှစ်နောက် ဆယ့်သုံး ရှိသားပဲ။ ဆယ့်သုံးနောက် ဆယ့်လေး ရှိသားပဲဗျာ'

ဦးဘကလေးက ဘာသဘောပြောတာပါလိမ့်။ ဥသြသံအေး စကားအဓိပ္ပာယ်ကောက်လို့မရနိုင်။ ခရီးနှစ်တိုင် သုံးတိုင်လောက်သာဝေးသည်ဆိုတော့ သိပ်မကြာခင်မှာ နတ်မောက်မြို့ပေါ်ရောက်လာခဲ့သည်။ ဈေးကွဲချိန်ဆိုတော့ ဈေးပြန်ရွာလှည်းတွေ လမ်းပေါ်မှာ တွေ့နေရသည်။ နတ်မောက်မြို့အရှေ့ဖျားဆီက ခြံကျယ်ဝင်းကျယ်ကြီးထဲ ကားမောင်းဝင်လာတော့ ပါလာသည့် ဗယားအိတ်ကြီးကို လက်နှင့်စမ်းမိပါ၏။ အမေ ရွှေဆံထိုး ပေးလိုက်သည့် ဓါးမြှောင်။ 'လောကနတ်ဆိုသာ ငြိမ်းချမ်းရေးနတ်အေ့။ ဒါပေသိ အရေးကိစ္စရှိလာရင် ငြိမ်းချမ်းရေးနတ်က မကယ်ဘူး။ ဓါးမြှောင်ကမှ အားကိုးရသာ'ဆိုသည့်စကားကိုလည်း သတိရသည်။

နတ်မောက်မြို့စွန်က အိမ်ကြီးမှာ ရေနံရည်ဝနေသည့် ကျွန်းပျဉ်ကြီးများနှင့် ဆောက်ထားသည့် ရှေးအညာ

www.burmeseclassic.com

www.burmeseclassic.com

အိမ်ကြီးဖြစ်သည်။ အိမ်ဝိုင်းတစ်ဝိုင်းလုံး လှည်းကျင်းထားသဖြင့် ရှင်းသန့်နေပါ၏။ အိမ်ရှေ့မှာ မိုးရေခံသည့် ရာဝင်စဥ့်အိုးကြီးလေးလုံးရှိသည်။ လူသူလေးပါး အရိပ်အခြည်တော့ မတွေ့။ မန်ကျည်းရိပ်ကအေးလှသည်။ ဥသြသံအေး မင်းသမီးပေါက်စက ခေါ်ကောက်လိုက်ကခဲ့ဖူးသည့် ကျုံးရှာသူကြီးသား ကိုဘရှင်နှင့် အဖြစ်အပျက်ကိုပင် ဖျတ်ခနဲ သတိရလိုက်မိပါ၏။

'လာ၊ မင်းသမီး။ ဘယ့်နှယ်တုံး ဂုဏ်ကြီးတဲ့မင်းသမီးက တောရွာဘက်မှာ ပုန်းလျှိုးကွယ်လျှိုးနဲ့။ ကျုပ်က မကွေးသွားရင်း ရှုပါရုံသက်အေးပုံဇာတ် နတ်မောက်နယ်ဘက်မှာ ဇာတ်နားနေသယ် ကြားခဲ့လို့ သည်ဘက်က လှည့်လာလိုက်သာ'

အိမ်မကြီးထဲ ဝင်လိုက်လျှင်ပင် ဦးချမ်းသာက ဆီးပြောသည့်စကား ဖြစ်သည်။ ရသေ့ကျောင်းခေါ်ကြသည့် ခုံတန်းလျားရှည်ပေါ် ဒူးပေါ်ပေါင်ပေါ်ထိုင်ရင်းက စားပွဲတစ်လုံးခြားသည့်သူ့ရှေ့ခုံရှည်မှာ ထိုင်ခိုင်းသည်။ ဦးချမ်းသာ။ မမြင်ရတာပင် ကြာပေါ့။ မျက်နှာပြားပြား၊ မျက်နှာပေါ်က မှုစ်စို့ကိုအပ်နှင့်နှင်ထားသလိုအမှုင်ထနေသည့်အရေးအကြောင်းတွေ၊ မျက်ခွံပိတ်ပိတ်၊ မျက်လုံးစူးစူး။ ဥသြသံအေး မှတ်မိနေသည်။

'ဦးချမ်းသာရယ်၊ ဇာတ်သမားများထုံးစံ ဘဂိုး(ပဲခူး)တစ်နေ့၊ ပုဂံတစ်နေ့ဆိုတော့ ဝဋ္ဋရားပျက်ရသလိုတော့ ရှိသား။ ကျုပ်မလည်း...'

'ကျုပ်နာမည်ရင်းက ကျောက်ဒိုးပါ မင်းသမီးရယ်။ ချမ်းသာတဲ့ဇာတ်ထောင်ဆိုပြီး သဘင်နယ်က ကိုချမ်းသာခေါ်ကြရာက ဦးချမ်းသာဖြစ်ရတာပါ။ နာမည်ရင်း ကျောက်ဒိုးဆိုကတည်းက ကျုပ်လည်း တောသားရယ်ဗျ၊ ထားတော့။ ကိုင်း၊ ခဏတစ်ဖြုတ်နားပါဦး။ ပြီးတော့ စကားပြောကြတာပေါ့'

အိမ်ရှင်က မန်ကျည်းပွဲရုံပိုင်ရှင်ဦးမောင်၊ ပွဲကတော်ကြီးက ဒေါ်သန်းဟု ဆို၏။ အိမ်ရှင်တွေက ထမင်းကျွေးကြသည်။ အိမ်အပြင် မန်ကျည်းရိပ်မှာ ချထားသည့်ကွပ်ပျစ်ပေါ်မှာ ခဏတစ်ဖြုတ်ထိုင်ရင်း ပွဲကတော်ကြီးနှင့် ဥသြသံအေး နှစ်ယောက်သား စကားပြောကြပါ၏။ ပွဲကတော်ကြီးမှာ မည်းမည်းပိန်ပိန်ဖြစ်၍ လက်ဖျံမည်းမည်းမှာ ရွှေကွင်းတွေစွပ်ထားသလို ဝတ်ထားသော လက်ကောက်တွေ များလွန်းလှသည်။ သဘောမနောကတော့ ကောင်းရှာပါ၏။

'ကျုပ်တို့က ဟိုတုန်းက သည်ဘက်နယ်တွေမှာ ပွဲသွင်းဖူးသယ်။ ဇာတ်ကနံထလိုက် ဆွဲသာပေါ့။ ဇာတ်ထောင် မောင်ကျောက်ဒိုးဆိုသာက ကျုပ်တို့နဲ့အလုပ် လုပ်ဖက်ပေါ့။ ရှုံးတဲ့နှစ်ရှုံး၊ မြတ်တဲ့နှစ်မြတ်ပေါ့ မင်းသမီးရယ်။ ဟိုတုန်းက ပိုက်ဆံရှားလေတော့ ရုံဝင်ခမှ တစ်ကျပ်၊ ငါးမတ် အနိုင်နိုင်ရယ်။ တော်ရုံလူက ဗလာဇာတ် မဟုတ်ရင် ပွဲရုံထဲ မရောက်လှေဘူး။ ဒါပေသိလူကြိုက်များတဲ့ ဇာတ်များကျတော့လည်း ဝက်ဝက်ကွဲသာပါပဲ။ သည်ခေတ်တော့ ဇာတ်တွေက များသလို ပွဲကြည့်တွေကလည်း များသား။ ဒါ့ထက် ညည်းက မင်းသမီးလုပ်ဖို့ စကားလာ ပြောသာလား'

'မဟုတ်ပါဘူး ပွဲကတော်ကြီးရယ်။ ကျုပ်ကမင်းသမီးဆိုပေသိ ကိုယ့်ဇာတ်ကလေး ကိုယ်ထောင်ပြီး ကိုယ့်နာမည်လေးနဲ့ ကနေသာကြာပါပြီ။ မိုးတွင်းဇာတ်နားတော့ ဇာတ်ပစ္စည်းတွေက မပြည့်စုံ။ ဦးချမ်းသာ အဲ၊ ဦးကျောက်ဒိုးဆီက ငွေတိုးယူထားသာလည်း လုံးခနဲ မဆပ်နိုင်သေး။ ဇာတ်ကလူယုံကလည်း ပိုက်ဆံ ပိုက်ပြေး'

ဥသြသံအေးက သူ့ဘဝသူ့အကြောင်း အကြမ်းဖျင်းသဘောပြောပြမိသည်။ ပွဲကတော်ကြီးက စုတ်တသတ်သတ်။

'ငွေက ဘယ်လောက်များပါသွားသာတုံး'

'မပြောတတ်ပါဘူးပွဲ ကတော်ရယ်။ များမှာပေါ့၊ စာရင်းရှင်းမယ်ဆိုမှ ထပြေးသာပါ'

'ဂတ်တဲတိုင်ပေါ့အေ့။ သင်း ဘယ်လောက် ပြေးနိုင်မှာတုံး။ နယ်က မန်ကျည်းပွဲစားတစ်ယောက် ငွေလိမ်သာ တို့လင်မယားက ဂတ်တဲတိုင်လို့ လက်ပြန်ကြိုးထတုပ်တော့မှ ပိုက်ဆံပြန်ထွက်လာတော့သယ်။ လူတွေက လုပ်မစားချင်ဘူး အချောင်လိုချင်သာ။ ဇာတ်သမားများ သာပြီးတော့တောင် သစ္စာမဲ့သေး'

ဇာတ်သမားများ သာပြီးတော့တောင် သစ္စာမဲ့သေး ဆိုသည့်စကားကိုတော့ ဥသြသံအေးမခံချင်။ သည်စကားတော့ ချေဖြစ်အောင်ချေခဲ့ပါ၏။

'ဇာတ်သမားတိုင်းတော့လည်း မဟုတ်ပါဘူး ပွဲကတော်ရယ်။ အခုကျုပ်မှာ ပိုက်ဆံရယ်လို့ မရှိပေသိ ဦးကျောက်ဒိုးဆီက ချေးထားတဲ့ပိုက်ဆံ ဇာတ်က,ပြီးဆပ်ဖို့လာပြောသာပါ။ မကျေရင် ကျွန်ခံဆပ်မှာရယ်။ မန်ကျည်းပွဲစားဖြစ်ဖြစ် ဇာတ်သမားဖြစ်ဖြစ် ကောင်းသူလည်းရှိ၊ မကောင်းသူလည်းရှိမှာပေါ့'

'ညည်း စိတ်ထားတော့ ကြိုက်စမ်းလှအေ။ မောင်ကျောက်ဒိုးကို ငါတို့လည်း ကြည့်ပြောပေးပါ့မယ်။ ကိုင်း လက်ဖက်တစ်ရိုး ကွမ်းတစ်ညှာ ဝါးစမ်းပါဦး။ ညည်းအသက် ဘယ်လောက်ရှိပလဲ'

'သုံးဆယ့်ငါးနှစ်ထဲမှာ'

'လှလွန်းပါ့အေ၊ မောင်ကျောက်ဒိုး ပြောသာတော့ ညည်းက မုဆိုးမဆို။ သတိထားပါအေ၊ ဘူးမှုတ်သံကြားလို့ ကလေးလားမှတ်ပါသယ်၊ သေခါနီးကြီးတွေ ဖြစ်နေသယ် ဆိုသလိုဖြစ်မှာစိုးပါ့။ အိမ်ထောင်များပြုရင် အားကိုးရမယ့် လင်ကိုရွေးဟဲ့ မင်းသမီးရဲ့။ ပြောသာပြောရသာပါ။ ကံကြမ္မာ လူပြင်ဖြစ်သာမှတ်လို့...အကြောင်းသင့်တော့လည်း ထနောင်းပွင့်ရသာပါပဲနော'

စကားတွေ ကောင်းနေလို့မဖြစ်။ ဦးကျောက်ဒိုးကို မျှော်သည်။ ထမင်းစားပြီးကတည်းက မြို့တွင်းတစ်နေရာကို ထွက်သွားခြင်းဖြစ်၏။ သိပ်မကြာခင်မှာ ပြန်ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးဘကလေး မပါတော့ဘဲ ကားမောင်းသူနှင့်နှစ်ယောက်တည်း ပြန်လာကြခြင်းဖြစ်၏။ ရသေ့ကျောင်းပေါ်မှာ ဒူးပေါ်ပေါင်ပေါ်ထိုင်ပြန်သည်။ သူ့ဝသီ ထင်ပါရဲ့။ အင်္ကျီရင်ဘတ်ကို လှပ်ပြီးယပ်တောင်နှင့်ခတ်သည်။ လက်တစ်ဆစ်လောက်ရွှေကြုတ်ကြီး တန်းလန်းနှင့် ရွှေဆွဲကြိုးကြီးက တဝင်းဝင်း။ ရွှေလက်ပတ်နာရီကြီးကလည်း တဝင်းဝင်း။ ဒါကြောင့်လည်း ငယ်နာမည် ကျောက်ဒိုးပျောက်ပြီး ဦးချမ်းသာဖြစ်ရသာ ထင်ပါရဲ့။

'ကိုင်း၊ မင်းသမီးကလည်း ပြန်ရမှာ။ ကျုပ်က အညွှန့်အစီးကြီးနဲ့ ကျုပ်ကို လာတွေ့နိုင်းသာ မဟုတ်ပါဘူး။ သည်ဘက်မှာ ငွေတိုးချထားသာလေးတွေ ရှိတော့ ရောက်တုန်းရောက်သခိုက် မျက်နှာလည်ပြရသေးသာပါ။ လာရင်းကတော့ မင်းသမီးကို တွေ့ချင်သာလည်းပါရဲ့။ သည်လိုလေ ကျုပ်ကြားပါသယ်။ မင်းသမီးမှာ လင်သေငွေဆုံးဖြစ်နေသာက အစ ဇာတ်ပစ္စည်းတွေပါပုံ့ရသယ်ဆိုသာ။ ကျုပ်က ဇာတ်သူဇာတ်သားချင်း မရက်စက်ပါဘူး။ သပြေပန်းတစ်ခက်နှစ်ခက် မသွေတမ်း တစ်သက်နှစ်သက်ဆိုသာလို အရှည်ကြည့်သူပါဗျ။ ကနဦးတော့ မင်းသမီးချမယ့် ငိုချင်းကို နားထောင်ဖို့ပဲ။ အခုတော့ မင်းသမီးဒုက္ခ ကျုပ်ကို ကိုဘကလေးပြောလို့ကြားပြီးမှတော့ အပူတိုက်မနေနဲ့တော့။ မင်းသမီး ဖြစ်ချင်သာပြော'

သပြေပန်းတစ်ခက်နှစ်ခက် မသွေတမ်းတစ်သက်နှစ်သက်ဆိုတဲ့စကားက ဘယ်ကိုချိုးသာပါလိမ့်။ ဇာတ်ထောင်ဦးကျောက်ဒိုးက မျက်လုံးလက်လက်ကြီးတွေနဲ့ စိုက်ကြည့်နေတာကို တန်မပြန်နိုင်လို့ မျက်လွှာအသာချလိုက်ရသည်။ တစ်ခုတော့ကျေးဇူးတင်ရပါ၏။ ဘဝမှာ ကြုံလိုက်ရသမျှ ရင်ဖွင့်လိုက်မဟဲ့ စိတ်ကလေးတော့ ပြေလျော့ရသား။ မနက်ကတည်းက အကြွေးများတောင်း လိုက်လေမလားဆိုသည့် စိတ်ကလေး စလုံးစခု တင်းခံနေခဲ့ပေသိ ဖြစ်ချင်သာပြောဆိုသည့် သူ့စကားကြောင့် စိတ်သက်သာရာရမိတာလည်း အမှန်ပင်။

'ကျေးဇူးတင်ပါသယ် ဇာတ်ထောင်ကြီးရယ်။ ကျုပ်က လာကတည်းက တစ်နှစ်တစ်ဝါ ဆိုင်းပါဦးရယ်လို့ တောင်းပန်ဖို့ လာသာပါ။ ရှိလျက်နဲ့မပေးချင် မဆပ်ချင် မရှိရိုး အမှန်ပါ။ လာမယ့်နှစ် ရူပါရုံသက်အေးပုံဇာတ်အဖို့ရာ ထွက်မဖြစ်တော့ပါဘူး။ လာခေါ်တဲ့ဇာတ်တစ်ဇာတ်ထဲ ပြန်လိုက်ဖို့ရှိမှာပဲ။ ကျုပ်ညကြေးနဲ့ ကျုပ်တို့တူဝရီးသားအမိ စားဖြစ်ပါသယ်။ သည်အထဲက အတိုးအညွှန့်ဖဲ့ဆပ်ရမှာပေါ့။ ဇာတ်တွေကတော့ ကျုပ် ထွက်ကမယ်ဆိုရင် လိုက်လာကြမှာပါ'

ဦးကျောက်ဒိုးက သူ့ကိုစိုက်ကြည့်ရင်းက ခေါင်းညိတ်သည်။ ကန္တဲ့ကလျ အမူအရာနှင့်ပြုံးသည်။ သည်အချိန်မှာ ပွဲရုံပိုင်ရှင်ဦးမောင်နှင့် ပွဲကတော်ဒေါ်သန်းတို့ နှစ်ယောက်ကလည်း ခုံရှည်မှာ ဝင်ထိုင်ကြသည်။ ပွဲကတော်က စကားတစ်ခွန်းဝင်ပြောလေ၏။

'မနက်စောစောက မောင်ကျောက်ဒိုး ပြောပုံဖြင့်ကွယ် သည်ကလေးမ မင်းခေါ်လိုက်ပါလား။ နောက်ထပ် ဇာတ်တစ်ဆင်စာ ရနေမှတော့ ကြွေဖြူတို့ သက်လယ်တို့ကို ဘာခေါ်စရာရှိလို့လဲ။ သည်မိန်းကလေးက ရုပ်ရည်ရော၊ အဆက်အပေါက်ရော ကောင်းလှပေါ့ဟာ။ သည်မိန်းကလေးက ပညာအလို၊ ရုပ်ရည်အလို၊ အသံအလို တော့ မင်းပဲကောင်းလှဆို'

မနက်က ဥသြသံအေး အကြောင်း ပြောခဲ့ကြပုံပေါ်သည်။ ထိုစကားကို ကောက်ပြီး ပွဲကတော်က ဝင်ပြောနေခြင်းဖြစ်၏။

ဦးကျောက်ဒိုးကလည်း သည်လိုစိတ်ကူးထားပုံပေါ်ပါ၏။ ဇာတ်တစ်ဆင်စာ ပြင်ဆင်ပြီးသားကိစ္စပြောနေကြပြီဆိုတော့ ဥသြသံအေးကိုခေါ်ချင်တာ သေချာပြီ။ ဥသြသံအေးက စိတ်မဝင်စားသလိုနေပြလိုက်သည်။ ဦးကျောက်ဒိုးက စကားကို မယုတ်မလွန်ဖြေပြန်သည်။

'ကျုပ်က ဇာတ်ပစ္စည်းတွေ စုထားသယ်ဆိုပေမဲ့ မစုံသေးပါဘူး မမသန်းရာ။ အလျင်မလိုပါဘူး။ ကျုပ်ကိုယ်ပိုင်ဇာတ်ကလည်း ရှိသေးတဲ့ဟာ။ ပြီးတော့ မင်းသမီးသဘောရှိပါသေးသယ်။ သည်လို မင်းသမီးရေ... ပြီးခဲ့တဲ့လထဲမှာ ကျုပ်တို့လို ဇာတ်ထောင်တွေ အလှူတစ်လှူမှာ စုမိကြတော့ ဥသြသံအေးကို ခေါ်မယ်ဆိုသူကများသာ ကျုပ် ကြားထား

မင်းသမီးနှယ်
ကျုပ်တို့ဇာတ်က
လောကနတ်
နာမည်ခံသာ
နိမိတ်
ကောင်းသယ်မှတ်
ဘာပြုလို့တုံး
ကျုပ်
ရှင်းပြမယ်
ရှေးက
ခြသေ့်ပုံနဲ့ခဝင်ပုံ
ကောင်းကင်
တိမ်ညွှန့်
စားကြရာက
နှစ်ဖက်
ရန်စစ်ခင်းကြတော့
လောကနတ်က
အနုပညာနဲ့
ရန်မီးငြိမ်းအောင်
ပြုသာကိုးဗျ
ရန်မရှိခြင်း
မာန်မရှိခြင်း
သဘော
ဆောင်တော့
မင်္ဂလာရှိပြီလား
ငါ့တူမရဲ့
ကြိုးစားဟဲ့

www.burmeseclassic.com

သယ်။ ဇာတ်ထောင်တွေက မင်းသမီးနဲ့ ကျုပ်ကြားမှာ တစ်နှယ်ငင် တစ်ပင်ရစ် အဆက်အဆံ ရှိသာမသိကြသာ ကျုပ်က ရယ်ချင်သာ။ ကျုပ်က ဘာမှဝင်မပြောပါဘူး။ ကျုပ်က ကျုပ် အကြွေးနဲ့ခုပြီး မင်းသမီးကို ခေါ်သာမျိုးလည်း မဖြစ်ချင်ဘူး။ မှန်သောသစ္စာပါ။ သို့ပေသိ ကျုပ်မှာ နောက်ထပ် ဇာတ်တစ်ဆင်စာရှိမှတော့ ခေါ်ချင်းခေါ် ကျုပ် ခေါ်မှာပေါ့။ ညကြေး ကောင်းကောင်းပေးမှာပေါ့။ မင်းသမီး ကြွေဖြူတို့ သက်လယ်တို့ ခေါ်ချင်သယ်ဆိုသာက စိတ်ကူးထားရုံ ရှိပါသေးသယ်'

ကြွေဖြူနှင့် သက်လယ်။ သည်နာမည်တွေ ကြားဖူးသည်။ ဥညြသံအေးငယ်ငယ်က တစ်လုံးချိုင့်ထဲ ဖားပြုပ်ထည့်၊ မျက်နှာချေဘူးထဲ ကင်းမြီးကောက်ထည့်၊ ခြင်ထောင်ထဲ ခါချဉ်ထုပ်ထည့်ခဲ့ကြသည့် မင်းသမီးတွေ။ သူတို့ပဲ ဖြစ်ရမှာပေါ့။

ဥညြသံအေး စိတ်တွေက ဖျတ်ခနဲ နောက်ကြောင်းပြန်မိရသည်။ သည်တုန်းက ဇာတ်ထဲလိုက်ခါစ။ မင်းသမီးပေါက်စ။ နောက်တန်းထိုင်ဘဝ။ ရွယ်တူမင်းသမီးကလေးတွေ ဟိုကသည်ကရောက်လာကြပြီး နေရာတစ်နေရာရဖို့ အတူရုန်းခဲ့ရသည့်ကာလတွေ။ တချို့က ရုပ်ရည်နှင့်ရုန်းကြ၊ တချို့က အသံနှင့်ရုန်းကြ၊ တချို့က ဝီရိယနှင့်ရုန်းကြ။ ဘယ်သူ ဘယ်ဘဝရောက်မှန်း မသိကြပေသိ ဘဝတစ်ကွေ့မှာတုန်းက သူတို့နှင့်အားပြိုင်ရင်းက အကျိတ်အခဲရှိခဲ့ကြဖူးသူတွေ။ အချိန်ကာလကပဲ သည်အာဃာတတွေ၊ မလိုတမာရှိမှုတွေကို ကြိတ်ခြေနိုင်ခဲ့ပြီ။ ပြီးခဲ့တာတွေပြီးပြီ။ အခုတစ်ခါ သည်နာမည်တွေ ကြားရပြန်ပြီ။

'ဇာတ်ထောင်ရယ်၊ ရည်ရွယ်ပြီးသားရှိရင် ခေါ်ပါ။ သူတကာဇာတ်ထောင်တွေက လာခေါ်ကြလိမ့်မယ် ဆိုတော့မှ ကျုပ်ကို မလိုပါဘဲ လက်ဦးကောက် ကောက်သာမျိုးတော့ မဖြစ်စကောင်းဘူးထင်ပါရဲ့။ ကျုပ်က မာနတော့ရှိသယ်။ ကြွက်ကျတဲ့ပုံးရည်လို စားရခက် သွန်ရခက်ထဲကတော့ မဟုတ်ဘူး။ ဘယ်ဇာတ်ခုံပေါ်ပဲရောက်ရောက် ကျုပ်ပေါ်တင်တဲ့ အကြွေးတော့ သံသရာအပါမခံဘူးရယ်'

'မင်းသမီးရယ်၊ ဥညြသံအေးလို မင်းသမီးတော့ ကျုပ်က လက်ဦးကောက် မကောက်ရရှိးလားဗျာ။ ရုပ်ချော အသံကောင်း ပညာပြည့်မင်းသမီးရမှတော့ တခြားမင်းသမီး ကျုပ်က ဘာလုပ်ရဦးမှာတုံး။ ကျုပ် နောက်ထောင်မယ့်ဇာတ်မှာ က,မယ် မကဘူးသာ စဉ်းစားပါ။ အခုလာမယ့်ဇာတ်ရာသီမှာ လူချည်းသာလာခဲ့ပါ။ ရှိတဲ့ပစ္စည်းရောင်းပစ်ခဲ့ ကျုပ်မလိုဘူး။ ကုန်ကုန်ပြောပါရစီတော့ ဇာတ်သေတ္တာပါထားခဲ့ဗျာ။ ဇာတ်တည်ရာကို လယ်ဝေးမှာထားမယ်။ အိမ်ကြီးတစ်လုံးငှားထားမယ်။ အောက်ပြည်နီး အထက်ဘက်နီးကြားကျတဲ့နေရာဆိုရင် လယ်ဝေးပဲကောင်းသယ်။ မင်းသမီး အခုခေါင်းညိတ်ရင် အခုအသုံးကြိုယူသွား'

'ကျုပ်စဉ်းစားပါဦးမယ်'

ပွဲကတော်ဒေါ်သန်းက ဥညြသံအေး၏ စဉ်းစားပါဦးမယ်ဆိုသည့်စကားကို နားမလည်နိုင်သလို ခေါင်းယမ်းသည်။ ဇာတ်အသစ်ဖွဲ့မည်၊ ပစ္စည်းစုံပါမည်၊ ခေါင်းဆောင်တင်ဦးမည်။ သည်ကြားထဲက လက်တင် တက်ကစီး တက်ကရုံကို သည်မင်းသမီး ဘယ့်နှယ်ဟန်များနေပါလိမ့်ဆိုသည့် မျက်နှာနှင့် အူယားနေသလို ဥညြသံအေးလက်ကို လှမ်းဆုပ်သည်။ ဆုပ်ရင်းက လက်ခံလိုက်ပါအေ ညည်းနှယ် မိုက်လိုက်တဲ့မိန်းမဆိုသည့်သဘောဖြင့် လက်ချောင်းကလေးတွေနှင့် ကျိတ်ကုတ်သည်။ မနေနိုင်တော့ နှုတ်ကပါ ပြောတော့သည်။

'စာဘူးတောင်းတောင် အသိုက်ကို ကိုယ်တိုင်ဆောက်ရသေးသာပါအေ။ အစားတစ်နပ် ကောင်းမှတဲ့၊ အသွား ဖိနပ်ကောင်းမှတဲ့ အဆင်ပြေကောင်းပြေရာလက်ခံမှပေါ့ ငါ့တူမရဲ့'

ဥညြသံအေးက ဆန်းကြယ်လှသောအဖြစ်ကိုသာ စိတ်ရောက်နေမိပါ၏။ ဥညြသံအေးအဖို့ရာ အခြေအနေကို ကိုယ်တိုင်သိသလို ဇာတ်နားချိန်ထွက်ခွာသွားကြပြီဖြစ်သည့် ဇာတ်သူဇာတ်သားတွေကလည်း သိကြသည်ပင်။ ရာသီပွင့်လင်းလို့ သေတ္တာဖွင့်ချိန်မှာ ပြန်လာသူတွေလည်း လာကြလိမ့်မည်။ တော်ရာသင့်ရာ ကူးကြသူတွေလည်းကူးကြလိမ့်မည်။ ဥညြသံအေးတွက်လို့ရသလောက်တော့ သူ့ကိုခွာကြသူတွေက ပိုများကြရှာမည်။ သူ့ဘဝကကော ဘယ်လောက်တောင်သေချာလို့လဲ။ ဇာတ်တိုင်းက ရုပ်ချော ပညာကောင်း၊ ရှေ့ပိုင်းနောက်ပိုင်းနိုင်နင်းကြသူတွေနောက်ချည်း လိုက်နေကြတာတော့မဟုတ်။ အဆင်ပြေတန်သလောက်ပြေလျှင် တော်ပြီဆိုသည့် ဇာတ်တွေလည်းရှိသည်။ အခုလည်းကြည့်လေ။ တင်ခဲ့ဖူးသမျှအကြွေးတွေမဆပ်နိုင်လေတော့ ခြေသလုံးဖက်ရဖက်ရတောင်းပန်ဖို့ စိတ်ကူးသာရှိခဲ့သည်။ ဖြစ်ချင်တော့ ဇာတ်တစ်ဇာတ်လက်တွင်းဆုပ်မိပြီ။ ညကြေးကောင်းကောင်းပေးမည်။ အိမ်ကြီးတစ်လုံး ရာသီကုန် ငှားပေးထားမည်။ ကြားဖူးသလောက် ဇာတ်ထောင်တွေထဲမှာ ဦးချမ်းသာခေါ်ကြသည့် ဇာတ်ထောင်က မြို့တွေမှာ ပွဲငှားအဆက်အသွယ်ကောင်းတွေရှိသည်။ သို့ပေသိ သူနှင့်ဦးကျောက်ဒိုးကြားမှာ ဘာမှန်းမသိနိုင်သည့် စည်းတစ်စည်းခြားသလို တင်းခံနေသည်။

'ကိုင်းပါလေ။ မင်းသမီး စဉ်းစားချင်သေးသပဆိုတော့လည်း ပြန်ချေဦး···မောင်စိုး၊ ကိုဘကလေးကို မစောင့်နဲ့··· မင်းပဲ တည်းတဲ့ရွာအရောက် လိုက်ပို့လိုက်။ မြန်မြန်ပြန်ခဲ့။ အချိန်ရရင် ညတွင်းချင်း ကျောက်ပန်းတောင်းဘက် ကူးမယ်'

ဦးကျောက်ဒိုးက အင်္ကျီကြယ်သီးတွေကို ပြန်တပ်သည်။ ဥညြသံအေးကို ဆက်ပြောနေပြန်သည်။ သည်တစ်ခါမှာတော့ အသံက တင်းလှပါ၏။

'မင်းသမီးလက်မခံနိုင်ရင် ကျုပ်က ကျောက်ပန်းတောင်းက ကြွေဖြူတို့ကို အမီသွားချုပ်ရမှာ။ မင်းသမီးက မြန်မြန်တော့ စဉ်းစား'

www.burmeseclassic.com

www.burmeseclassic.com

ကားဆရာက ဂျစ်ကားသော့ကိုကိုင်ပြီ။ ပွဲစားကြီးနှင့် ပွဲကတော်က ဥသြသံအေးကို အကဲခတ်သလိုကြည့်နေကြပြီ။ ဦးကျောက်ဒိုးက ရသေ့ကျောင်းက ခွာကာ အတွင်းဘက်ကို ဝင်ဖို့ပြင်ပြီ။ ဥသြသံအေးမျက်စိထဲမှာတော့ ဖားတစ်ကောင်၊ ကင်းမလက်မည်း တစ်ကောင်၊ တရွရွပြေးလွှားနေကြသည့် ခါချဉ်ကောင်တွေ…။ ငါမဟုတ်ရင် ကြွေဖြူပေါ့။ သက်လယ်ပေါ့။ ဥသြသံအေးမှာ မေးစရာမေးခွန်းတစ်ခုတော့ ရှိနေသည်။

'ကောင်းပြီလေ။ ကျုပ်က လက်ခံလိုက်ပြီပြောပါတော့။ ဇာတ်အဖွဲ့နာမည်က ဘာတဲ့လဲ၊ ကျုပ်က ခေါ်ချင်တဲ့ ဇာတ်သူဇာတ်သားတွေ ခေါ်လို့ရမလား။ ပြီးတော့ ကျုပ် ဆပ်ရမယ့် အကြွေးကို ဘယ်လိုနှိမ်မှာလဲ'

ဦးကျောက်ဒိုးက မလှုပ်တလှုပ်ဖြေသည်။

'ဇာတ်အဖွဲ့နာမည်က 'လောကနတ်'လို့ပေးဖို့ စဉ်းစားထားသယ်။ ဇာတ်ထဲခေါ်ချင်တဲ့လူရှိရင် မင်းသမီးသဘောပါ။ ကျုပ်လူတချို့နဲ့မင်းသားတော့ ကျုပ်စဉ်းစားပြီးသား ရှိသယ်။ မင်းသမီး ကျုပ်ဇာတ်ကိုက,ပြီဆိုမှတော့ အကြွေးကိစ္စ တစ်ချိန်ပြောကြသာပေါ့။ ကိုင်း၊ ပွဲကတော်ကြီး မင်းသမီးကို ငွေငါးသောင်းပေးလိုက်ပါ…ငွေယူကြောင်း လက်မှတ်ထိုးလေးပဲ ယူထား'

ဂျစ်ကားဆရာစက်နှိုးတော့ ဗယားအိတ်ထဲက ငွေစက္ကူထုပ်ကို လက်နှင့်စမ်းကြည့်သည်။ လောကနတ်တဲ့။ အမေရွှေဆံထိုးရဲ့ခါးမြှောင်ပေါ်က နာမည်ပါပဲလား။ ဘာရယ်မသိဘဲ ဝမ်းသာရမည့်အစား ဥသြသံအေး မျက်ရည်တွေကျလာခဲ့သည်။

'ဇာတ်ထောင်ရင် ငါ့မြေးကလေးနာမည်တော့ ယူပါအေ။ ဘွားအေက ရှုပါရုံမအေးပုံ၊ ငါ့မြေးက သက်အေးပုံ။ ဒါတော့ ညည်း ခွင့်ပြုစေချင်သယ်'လို့မှာခဲ့သည့် အမေမဗိုင်းတောင့်။ ရင်ထဲကပဲ နာနာကျင်ကျင် ပြောနေမိသည်။

'ခွင့်လွှတ်ပါအမေရယ်။ အမေ့မြေးနာမည်နဲ့ ဇာတ်ဆိုင်းဘုတ်က ဖြုတ်ချလိုက်ရပြီ။ ကျုပ်အသက်ရှည်ရှည် နေရဦးမယ်ဆိုရင် အမေပေးခဲ့တဲ့နာမည် ကျုပ်ပြန်တင်မှာပါ'

တစ်ဆက်တည်းမှာပင် လင်သား ကိုသက္ကကိုပါ နှုတ်ခမ်းတရွရွလှုပ်ရင်း တောင်းပန်မိရသည်။

'အစ်ကိုရေ…အစ်ကို ထူထောင်ခဲ့တဲ့ ဇာတ်အဖွဲ့ကြီး။ ကျုပ်လေ၊ မုဆိုးမဘဝနဲ့ ဆက်မထိန်းသိမ်းနိုင်ခဲ့သာ ရောက်ရာဘုံက ခွင့်လွှတ်ပါတော့တော်။ ကျုပ်ရင်ထဲ မချိသာ အမှန်ပါ'

နတ်မောက်မြို့ ညနေစောင်းက ညို့ရီနေလေပြီ။ ဂျူးဒူး(ကျားထူး) ချောင်းခြောက်ကျယ်ကျယ်ကို ဂျစ်ကားဖြတ်တော့ အနောက်ဘက်မှာ နေလုံးဝင်တော့မည်။

❑

'လောကနတ်' မဟာသဘင်ဆိုသည့်နာမည်က သောင်းထိုက်ကကြားလောက်အောင် ကောင်းသတင်းတွေပြေးလွှန်းလှသည်။ မင်းသားက စိန်အောင်လွင်၊ မင်းသမီးက ဥသြသံအေး။ အတွဲညီသလောက် အပေးအယူကောင်း မင်းသားမင်းသမီးဆိုသည့်အသံတွေ ပွဲကြည့်တွေကြားမှာ ရေပန်းစားလာသည်။ ရုံဇာတ်ကြီးသွင်းလောက်အောင် ပြည့်စုံလှသည့် ဇာတ်ပစ္စည်းတွေက ကားကြီးသုံးစီး မောက်မောက်ကြီးတိုက်ရသည်။ အရံမင်းသားကလေး သုံးလက်၊ အရံမင်းသမီးကလေး သုံးလက်ကလည်း မောင်းတောင့်ပါ၏။ လူပြက်တွေက ဇာတ်သဘင်အတွေ့အကြုံရှိသူတွေပီပီ အဆူအလှုပ်မပါဘဲ အငြိမ်နှင့်ပြက်နိုင်ကြသည်။

လူပြက်တွေထဲက ဦးပေဖူးဆိုလျှင် အရွယ်ရလှပြီ။ ရှေးမီနောက်မီဖြစ်သည့်အပြင် ဗဟုသုတကြွယ်သည်။ ခွန်းထောက်အဆို၊ ဗုံထောက်အဆို၊ ဒွေးချိုးလေးချိုး အဆိုတွေကောင်းလွန်းသဖြင့် ဥသြသံအေးပင် ဦးပေဖူးဆီက ပညာကို တက်ယူရတာတွေရှိသည်။

'မင်းသမီးနယ်၊ ကျုပ်တို့ဇာတ်က လောကနတ်နာမည်ခံသာ နိမိတ်ကောင်းသယ်မှတ်။ ဘာပြုလို့တုံး ကျုပ်ရှင်းပြမယ်။ ရှေးက ခြသေ့ံပျံနဲ့ ဆင်ပျံ ကောင်းကင်တိမ်ညွှန့် စားကြရာက နှစ်ဖက် ရန်စစ်ခင်းကြတော့ လောကနတ်က အနုပညာနဲ့ ရန်မီးငြိမ်းအောင်ပြုသာကိုးဗျ။ ရန်မရှိခြင်း မာန်မရှိခြင်း သဘောဆောင်တော့ မင်္ဂလာရှိပြီလား ငါ့တူမရဲ့ ကြိုးစားဟဲ့။ ခေတ်ကလည်းခက်သား။ ရုပ်သေးသမား ဇာတ်သမားသာမညလောက် တီးလုံးသွား တောင်ရောက်မြောက်ရောက်နှမ်းထုပ်ခွေးနမ်း…ဈေးတန်းအတွင်း ပရဆေးဆိုင် ဆင်နင်းသလိုဆိုသာကများပြီ…ဘယ်သင်းဘယ်ဟာ စာအသန့်၊ စာအခန့်ခွဲခြားသိသူ ရှားပြီ'

'ဘပေဖူးက စာတွေရလိုက်သာ…လူပြက်သာဆိုသယ် ရှေးစာတွေ ဘယ်ကများတက်ခဲ့သာတုံး'

'ငယ်ဆရာက ဝံသာနုအောင်ကြိုင်တဲ့။ ဆရာတွေကတော့ ရှိပါသေးသယ်။ သို့သော်လည်း ကံ့ကူလက်လှည့်ဆရာက အဘဦးအောင်ကြိုင်ပေါ့။ အဘက စာမှားအသံမှားရင် ငေါက်တော့သာပဲ'

ဝံသာနုအောင်ကြိုင်ဆိုသည့်နာမည်ကြားတော့ ဥသြသံအေး အဖေကြီးကို ဖျတ်ခနဲသတိရလိုက်မိသည်။ ဝါခေါင်မိုးဘဝက ဆုံခဲ့ရသည့်ကျေးဇူးရှင်။ မျက်မမြင်ဆိုပေသိ အဝေးကအသံကိုပင် ကြားနိုင်သူ။ အနောက်ရွာက တပည့်ကိုဘနောက်ဆီမှာ အနေများသည်။ နောက်တော့ ရွာကလှည်းသမားဘိုးသာညိုဆီကိုရောက်လာခဲ့ဖူးသည်။ ဝါခေါင်မိုးကို သံရိုးတွေသင်ပေးခဲ့သည်။ ဆရာကောင်းနှင့်အခြေခံကောင်းကို လက်ထပ်သင်ယူခွင့်ရခဲ့တာပါပဲလား။ မင်းသမီးနာမည်ကို ဥသြသံအေးလို့ အဖေကြီးကပဲ ပေးခဲ့တာမဟုတ်လား။ အဖေကြီးအောင်ကြိုင်၏အသံကိုပင် မှတ်မိနေပါ၏။

'ငါ့မြေး နာမည်ရင်းက ဝါခေါင်မိုး။ အနုပညာနာမည် အဖေကြီးပေးခဲ့မယ်။ ငါ့မြေးက အသံသာသယ်၊ အသံချိုသယ်



www.burmeseclassic.com

www.burmeseclassic.com

အသံအေးသယ်။ ဒါကြောင့် ယနေ့မှစလို့ **ဉာဏ်သံအေး** လို့ အဖေကြီး နာမည်ပေးခဲ့ပြီ။ ဥ၊ ဩ၊ သ၊ အ ဆိုတော့ ဂဏန်း စဉ်ရင် တစ်၊ တစ်၊ ခြောက်၊ တစ် ပေါင်းလိုက်ရင် ကိုးဂဏန်းကျတဲ့နာမည်…မဖျောက်ဖျက်နဲ့'

ဥဩသံအေးကလည်း သည်နာမည်ကို ယနေ့အချိန်အထိ မြတ်မြတ်နိုးနိုးခံယူခဲ့သည်ပင်။

'ဘပေဖူးနဲ့ကျုပ်နဲ့ ဆရာတူပါကော။ ကျုပ်နဲ့အဖေကြီး နဲ့တွေ့တော့ အဖေကြီးက ငါးဆယ်ကျော်ခြောက်ဆယ်လောက် ရှိပြီ။ မျက်စိမမြင်ရှာပေသိ သဘင်ပညာသည်တိုင်းက အင်မတန်လေးစားကြသာကိုး'

'သြော်၊ မင်းသမီးက ဝံသာနုနဲ့ ဆုံလိုက်သေးသာကိုး။ ဆရာကောင်းတပည့် ပန်းကောင်းပန် တစ်နှံ့ဆယ်ပြည်ထွက်မယ့် အာဂမင်းသမီးဖြစ်စမ်းပေါ့အေ'

လောကနတ်ဇာတ်ထဲမှာ ဇာတ်သူဇာတ်သားတွေ များလှသည်။ ဥဩသံအေး၏ ရုပ်ရည်နှင့်ပညာကို ချစ်ခင်လေးစားကြသူတွေလည်း များသည်။ ဇာတ်စာရေးဆရာ ရွှေခြိမ့်မွှေးက ဆိုလျှင် ဥဩသံအေးနှင့်လိုက်ဖက်သည့် အော်ပရာတွေ၊ ပြဇာတ်တွေ များများရေးပေးလေ့ရှိ၏။ သဘင်တစ်ခန်းဆန်းသစ်ထားသည့်အနေဖြင့် ရှေးဇာတ်သဘင်အခင်းအကျင်းတွေ ပြန်လည် ဖော်ထုတ်ရာတွင် ဇာတ်ကြီးသမစဉ် နိပါတ်တော်ခင်း အော်ပရာ၊ ပထမမြေဝိုင်းခေတ်အော်ပရာ၊ ပန်းပင်လယ်မြေဝိုင်း ဇာတ်အော်ပရာတွေကို လူကြိုက်များလှပါ၏။ 'ဗုံရှည်သားနှင့် တောသူမယ်' အော်ပရာဆိုလျှင် ဇာတ်ရုံတစ်ရုံလုံးမီးမှောင်ချကာ ဝါးဆစ်ခွဲတိုင်ပေါ် စဉ့်အင်တုံတင်ထားပြီး စဉ့်အင်တုံထဲက မီးစာကျစ်စဆီစိမ်ကိုမီးညှိသည်။ တဟုန်းဟုန်းတောက်လောင်သော မီးအလင်းထဲမှာ ဗုံရှည်သားနှင့်တောသူမယ်တို့ ဆန်ဖွပ်ရင်းမောင်းထောင်းရင်း အပြန်အလှန်အစောင်းအချိတ်နှင့် ဆိုကြကကြသည့် မြေဝိုင်းအော်ပရာကို မကြာခဏ ပွဲတောင်းခံရသည်။ မင်းသားစိန်အောင်လွင်က ဆံမြိတ်တွဲနှင့် အင်္ကျီဗလာ၊ ရက်ကန်းပုဆိုး ခါးပုံရှည်ရှည်ထိုးပြီး ဗုံရှည်ကိုလွယ်၊ ဥဩသံအေးက အနို့တပ်ဖျင်အင်္ကျီကိုရင်ခံနှင့်ဝတ်ပြီး ထဘီကန့်လန့်စင်းအကွက်ကျဲကျဲကြီးဝတ်ကာ လက်ဆုံထောင်းရင်း ရှေးသီချင်းတွေအချီအချ ဆိုကြကကြသည့် သရုပ်ဖော်အကဖြစ်သည်။

'အော်ပရာတွေ ကောင်းသာထားတော့၊ ပြဇာတ်များကျတော့လည်း ဥဩသံအေးမှ ကျရာဇာတ်ရုပ်ကနိုင်သာ။ ဆရာဝန်မလုပ်တော့လည်း တူပဲ့တော်၊ ကျောင်းဆရာမ အခန်းကနေတော့လည်း သဘာဝကျလိုက်သာမှ၊ တောသူဆင်းရဲသမကျတော့ကော အဝတ်အစား ကစုတ်ကညစ်ဝတ်ပြီး ဖျိုးဖျိုးဖျတ်ဖျတ်နဲ့ သူချည်းသယ်သွား သာပါကောင်မရယ်။ ကြည့်ဖူးသမျှ ဇာတ်တွေထဲတော့ လောကနတ်ဇာတ်က မင်းသမီးဥဩသံအေးကို မီသာကြုံဖူးဘူး'

မနက်မိုးလင်းလျှင် ဈေးထဲအရပ်ထဲ သည်လိုချီးမွမ်းစကားတွေကြားရဖန် များလာခဲ့ပြီ။ ညကြေးကလည်း မကြားစဖူး ဥဩသံအေးကို မင်းသားစိန်အောင်လွင်နှင့် တစ်တန်းတည်းပေးသည်။ ဂျီးတိုးကလည်း ပျော်ရှာပါ၏။ သမီးကလေးအဖို့ရာလည်း မအေ့သမီးမို့ ပွဲကြည့်တကာက မေတ္တာဖြင့်ပေးကြသော လက်ဆောင်တွေ ရလှပြီ။

'ဥဩရယ်၊ ဇာတ်ထဲမှာ တို့တူအရီးကို အားလုံးကချစ်ခင်ကြပါရဲ့။ ဇာတ်ထောင်ရဲ့ယောက်ဖဆိုတဲ့ကောင်တော့ မျက်နှာကြောမတည့်ပေါင်အေ။ ဝေလာ ဆိုတဲ့ကောင်လေ။ ယောက်ဖမျက်နှာနဲ့ ဘယ်သူ့မှ လူမထင်သလိုလုပ်နေသာ။ တစ်နေ့တော့ ခုံဖိနပ်နဲ့ ပါးချလိုက်ရဦးမယ်'

ဥဩသံအေးက ဂျီးတိုးကို ထိန်းရသည်။ ဝေလာဆိုသူက ဇာတ်မှာ အုပ်ချုပ်ရသူဖြစ်သည်။ ဘယ်သူကမှ တင်ပေါင်းလို့မရ၊ ချပေါင်းလို့မရ ကန့်လန့်ခံနေတတ်သူဖြစ်သည်။ ဥဩသံအေးကိုပင် လိုမှစကားပြောသည်။ စကားပြောသည့်အခါတွင်လည်း လိုသလောက်သာပြောသည်။ ယိမ်းသမလေးတွေဆိုလျှင် နေစရာပင် မရှိ။ ဥဩသံအေးကိုပင် မင်းသမီးက သည်အခန်းမှာ အိုင်လွန်းတယ်ဆိုတာမျိုး၊ ခင်ဗျားတတ်သလောက်လေမရှည်နဲ့ ဆိုတာမျိုးလုပ်လာလို့ တစ်ခါတော့ ပက်ခနဲပြန်ပြောလိုက်ရသည်။

'ဇာတ်ဆိုသာ တစ်ဖက်သား အမူအရာလိုတော့ အမူအရာဖြည့်ရသယ်၊ စကားလိုတော့ စကားဖြည့်ရသယ်၊ စာလိုတော့ စာဖြည့်ရသယ်၊ သီချင်းလိုတော့ သီချင်းဖြည့်ရသယ်။ ကျုပ်ပြောထားမယ် နောက်ကို နားမလည်သာ ဝင်မပါနဲ့။ ကလိမ်ဇေကေ ဇာတ်တော်ကြုတ်ထဲ ဝင်ချင်ရသယ်လို့တော်'

သည်ကတည်းက ဇာတ်အုပ်ချုပ်သူ ဝေလာတစ်ယောက် ဥဩသံအေးနှင့် ခပ်ခွာခွာ ဖြစ်သွားခဲ့သည်။ ဝေလာက သူ့သဘောနှင့်သူ ဇာတ်ခုံပေါ်လူတင်တာတွေများပြီ။ နေရာပေးတာတွေ များပြီ။ အသားတကျ တိုက်ပြီးသား၊ အဝင်အထွက်မှန်ပြီးသား၊ စာရပြီးသား ဇာတ်သူဇာတ်သားများခမျာ နောက်မှရောက်လာသူတွေကို နေရာဖယ်ပေးရတာတွေ ရှိလာသည်။ တစ်ခါတော့ ဇာတ်စာရေးဆရာ ရွှေခြိမ့်မွှေးနှင့် စကားများကြသည်။ ဝေလာကလည်း အထက်စီးနှင့် မချေမငံပြန်ပြောသည်။ သိပ်ရင့်သီးလာတော့ ဥဩသံအေး မနေနိုင်တော့ပြီ။

'တို့ဇာတ်ထဲမလဲ တောမျောက်ကို သန်လျက်ပေးမိပါပကော။ နှံခရာ သာချင်ပါလျက် လင်းကွင်းဖျက်ပါပကော။ ကိုင်း၊ ရှင်ဘုရင့် ယောက်ဖသော ဘာသော ညာသော ဘာဖြစ်ချင်သလဲသာပြောဟော့'

ဥဩသံအေးက အမေရွှေဆံထိုးပေးထားသည့် လောကနတ်ခါးမြှောင်ကို စားပွဲပေါ် ဒေါင်းခနဲထိုးစိုက်ရင်း ပွဲကြမ်းလိုက်တော့မှ ဝေလာ ငြိမ်သွားခဲ့ကာ ဇာတ်ရုံအပြင်ဘက်ထွက်သွားခဲ့သည်။ တစ်ခါတလေတော့ အမြင်မတော်တာတွေ တွေ့တိုင်း ပါနေရတာ မဟုတ်သေးဘူး ထင်ပါရဲ့လို့ စိတ်ကိုဖြေပါ၏။ ဝေလာကလည်း သည့်နောက်ပိုင်းတော့ ငြိမ်သလို



www.burmeseclassic.com

www.burmeseclassic.com

လို ရှိခဲ့သည်။ ကနဦးတုန်းကတော့ ဦးကျောက်ဒိုးသော်လည်းကောင်း၊ ဦးဘကလေးသော်လည်းကောင်း ဓာတ်ခုံကိုလိုက်လာတာမျိုးတော့ မရှိ။ နှစ်ယောက်စလုံး ရန်ကုန်မှာပဲ အထိုင်နှင့် နေကြသည်။ ဓာတ်ဖိုးငွေသိမ်းစရာရှိလျှင် ဦးဘကလေးရောက်ရောက်လာတတ်သလို၊ ဓာတ်အထိုင်ချတာမျိုး ပွဲငှားနှင့် စကားပြောစရာရှိတာမျိုး ဆိုလျှင်တော့ ဦးကျောက်ဒိုးကိုယ်တိုင် ဂျစ်ကားတစ်စီးနှင့် ပေါက်ချလာတတ်ပါ၏။ ကျန်သည့်ကိစ္စတော်တော်များများ ယောက်ဖဆိုသူနှင့် လွှဲထားတာများသည်။ ပွဲကူးပွဲသန်းတွေကိုလည်း ဝေလာကပဲ စီစဉ်နေကျ။ ညောင်လေးပင်မြို့မှာ နှစ်ည ကရမည်။ ပွဲ ဒုတိယနေ့ မနက်ပိုင်းမှာ ဦးကျောက်ဒိုး မထင်မှတ်ဘဲ ဂျစ်ကားနှင့်ရောက်လာသည်။ ဉာဏ်သံအေးနှင့် ဝေလာကိုခေါ်ပြီး လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ထိုင်ကြသည်။ ဦးကျောက်ဒိုးက တခြားစကားမပြောတော့ဘဲ လိုရင်းကို မေးသည်။ ဝေလာက တယ်လီဖုန်းနှင့် သတင်းပေးထားပုံရပါ၏။

'မင်းသမီးက ဝေလာကို စားပွဲခါးစိုက်ပြီး ကြိမ်းသယ်ကြားသယ်။ ပြဿနာက သိပ်များကြီးလို့လားဗျာ'

ဉာဏ်သံအေးက ဝေလာကို ရှေ့ထားကာ ဖြစ်ပျက်သမျှပြောပြသည်။ လူသစ်တွေခေါ်လာတိုင်း တစ်လကိုးသီတင်းအလေ့အလာ အကြားအနှာမရှိဘဲ စင်ပေါ်မှာ နေရာပေးပုံတွေပြောပြသည်။ သည်လိုလုပ်လာတော့ အော်ပရာမှာ ပြဇာတ်မှာ ခွင်မလှတော့ဘဲ တစ်ခြမ်းလျော့ရတာကို ရှင်းပြသည်။ သည်ကြားထဲ ဓာတ်စာရေးဆရာကို မောင်းမဲရိုင်းပျနေလို့ ဝင်ပါခဲ့ရကြောင်း ပြောပြသည်။

'ဝေလာ မင်းသမီးပြောသာတွေ ဟုတ်သလား။ သည်လို မင်းသမီးရေ၊ ကျုပ်ထောင်ထားတဲ့ ဓာတ်နှစ်ဓာတ် အောင်မြင်နေတာ ဓာတ်သမားတွေ ကောင်းလို့ဆိုသာလည်း မှန်ပါရဲ့။ အုပ်ချုပ်ရေးပိုင်းမှာ မလစ်ဟင်းအောင် ဩဇာညောင်းအောင်တစ်ဖက်ကလည်း တင်းတင်းကျပ်ကျပ် ကိုင်ရသာရှိသယ်။ မ,တစ်ရာသားတွေ မဟုတ်လား။ သို့ပေသိ ကျုပ်က ဝေလာကို ဓာတ်အတွက် လူခေါ်ခွင့်ပေးထားသာတော့ ရှိသယ်။ မင်းသမီးကိုလည်း ကျုပ် ပြောထားဖူးသားပဲ။ ဓာတ်အတွက်အသုံးဝင်မယ်ဆိုရင် ခေါ်ချင်သာရှိခေါ်ပါလို့'

'နှစ်ယောက်တော့ ရှိသယ်။ တစ်ယောက်က ကိုကောက်ရိုးဆိုသာပါ။ လူပြက်ဟောင်းကြီးတစ်လက်ပါ။ ရှာပြန်ခေါ်ရမှာ။ တစ်ယောက်က ဓာတ်ထဲမှာ မိန်းမသားတွေရှိတော့ လူရှိသေရှင်ရိုသေ ပညာဂုဏ်၊ အသက်ဂုဏ် ရှိတဲ့ မင်းသမီးကြီးတစ်လက်ရှိမှ ဖြစ်မယ်။ မင်းသမီးကြီးရွှေဆံထိုးဆိုသာ။ သူကတော့ ဘယ်နေမှန်းမသိဘူး၊ ရှာရဦးမှာ'

ဝေလာက မျက်စိမျက်နှာပျက်နေတာက လွဲလို့ စကားတစ်ခွန်းမှ မပြောဘဲထိုင်နေခဲ့သည်။ ဦးကျောက်ဒိုးက မင်းပြန်တော့ဆိုတော့ တစ်ခွန်းမှမချေပဘဲ ဓာတ်ခုံဘက်ကိုအသာထသွားသည်။ ဦးကျောက်ဒိုးနှင့်အတူ ကားဆရာမောင်စိုးရှိလို့တော်ပါသေးရဲ့။

'ကောက်ရိုးတော့ ကျုပ် မသိဘူး။ မင်းသမီးကြီး ရွှေဆံထိုးဆိုသာတော့ ကျုပ် သိပါသယ်။ ဓာတ်အတွက် လိုသယ်ဆိုရင်ခေါ်ပါ။ ကျုပ်ပဲ ကျုပ် အဆက်အသွယ်နဲ့ ကျုပ်ရှာ ကြည့်ပါဦးမယ်။ နောက် ဘာရှိဦးမလဲ'

'မရှိပါဘူး။ ကျုပ် ဓာတ်ထဲရောက်သာ ရှစ်လရှိပြီဆိုတော့ ညကြေးထဲက ဖဲ့စုထားတဲ့ ပိုက်ဆံရှိတန်သရွေ့ ရှိသယ်။ ကျုပ် ဓာတ်ထောင်ကိုပေးရမယ့် အကြွေးထဲက···'

'ကျုပ် လျှော်လိုက်ပြီ။ အဲသာတွေ ခေါင်းထဲမထားနဲ့တော့။ ဉာဏ်သံအေးက ပေးရမယ့်အကြွေး ကျုပ်မှာ မရှိတော့ဘူး'

'အို၊ မဟုတ်သာ။ ကျုပ်ယောကျ်ားခမျာ တမလွန်ကစိတ်ဆင်းရဲနေပါ့မယ့်တော်···ဒါတော့ ကျုပ် ဆပ်မှဖြစ်မှာပါ'

'မင်းသမီးက ဆပ်လို့လည်း ကျုပ်မယူတော့ဘူး။ ကျုပ်စိတ်ထဲလည်း မထားတော့ဘူး။ မြီစားနဲ့မြီရှင်။ နှစ်ဖက် လက်ဖက်စားပြီး ကျေအေးကြပြီ အောက်မေ့ပါ'

ဦးကျောက်ဒိုးက ဘာမှဆက်မပြောတော့ဘဲ ဂျစ်ကားဘက် သုတ်ခနဲ ထသွားသည်။ ကိုမောင်စိုးက လက်ဖက်ရည်ဖိုးရှင်းပေးနေတုန်း ဉာဏ်သံအေးလည်း ဂျစ်ကားပေါ်တက်ရတော့သည်။ မြို့တွင်းနှင့် ဓာတ်ခုံက လှမ်းလို့ ဖြစ်သည်။ ကိုမောင်စိုး ရောက်လာတော့ ဓာတ်ခုံကို အရင်ပို့သဖြင့် ဉာဏ်သံအေး ဆင်းလိုက်ရသည်။ ထူးဆန်းတာက ဦးကျောက်ဒိုးအဖို့ရာ ကိုယ်တိုင်ဓာတ်က,ရာမြို့ကို ရောက်လာပေသိ ဓာတ်ခုံကိုလှည့်လို့ပင် မကြည့်ခြင်းပင်။ ဦးကျောက်ဒိုးက ကားပေါ်ကမဆင်းဘဲ စက္ကူဘူးကလေးတစ်ဘူး လှမ်းပေးသည်။

'ကိုင်း၊ ဒါ မင်းသမီးစားဖို့'ကရေကရာ'၊ ကရေကရာကြိုက် မဟုတ်လား၊ ကျုပ်ကတောသားဆိုတော့ တောမုန့်တော့ကြိုက်သယ်။ မက်မက်စက်စက်ကိုကြိုက်သာ။ ကိုင်း၊ သွားပြီ···ကျုပ်လာခဲ့ပါဦးမယ်'

ဂျစ်ကားထွက်သွားတော့ ကရေကရာထုပ်ကလေးကိုကိုင်ရင်း ဓာတ်ခုံဘက်လျှောက်လာခဲ့သည်။ ဓာတ်ခုံနောက်ရောက်တော့မှ စက္ကူအိတ်ကိုဖြဲကြည့်သည်။ အတွင်းမှာ ဘူးကလေးတစ်ဘူး။ ကရေကရာထည့်လောက်သည့် ဘူးမျိုးမဟုတ်တော့ စိတ်ထဲသိချင်လာသည်။ ဘာများပါလိမ့်···။ ဘူးကလေးကို ထုတ်ယူလိုက်သည်။ အသာဖွင့်လိုက်သည်။

'အို···'

ဘေးဘီက ဘယ်သူတွေများမြင်သွားပါလိမ့်။ ဘူးကိုချက်ချင်းပိတ်လိုက်သည်။ ဉာဏ်သံအေးနှလုံးတွေ လှုပ်ခုန်လာခဲ့သည်။ မျက်လုံးတွေကို စုံမှိတ်ထားလိုက်ရပါ၏။

'ဘုရား···ဘုရား'

*(ဆက်လက်ဖော်ပြပါမည်)*

■

**ခင်ခင်ထူး**



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၁၀၁)မှ…*

(နာနီသည် ပြေးတဲ့ပြီး ဗီရိုပေါ်မှ ကက်ဆက်ခလုတ်ကို နှိပ်လိုက်ရာ စောစောက သီချင်းသံနှင့် စန္ဒရားသံများ ရပ်သွားသည်။ ထိုနောက် ဧည့်ခန်းမှ ထွက်သွားပြီး လမ်းကြား အတွင်းရှိ မီးခလုတ်ကို ဖွင့်လိုက်သည်။ ဧည့်ခန်းတစ်ခန်းလုံး အနီရောင်ပျောက်ကာ လင်းထိန်သွားသည်။ ဧည့်ခန်းရှိ အဆင် အပြင် အရောင်အဆင်းများလည်း မီးရောင်ကြောင့် ဧည့်ခန်း တစ်ခုလုံး ရောင်စုံဖြာထွက်နေသည်။

သက်မောင်မောင်သည် နာနီ၏ နောက်မှ ခြေလှမ်းကျဲကျဲ ဖြင့် ကပ်လိုက်လာသည်။ ဧည့်ခန်းအဝရောက်သော် နာနီက ဧည့်ခန်းအတွင်းသို့ ဝင်ရန် ညွှန်ပြပြီး သူကမူ နောက်ဖေးခန်း အတွင်းသို့ ဝင်ရောက်သွားလေသည်။ သက်မောင်မောင်သည် ဆိုဖာကြီး၏ ဘေးတွင်ရပ်လျက် သူ့အား ကြိုဆိုနေသော နုနု အား စားမတတ် ဝါးမတတ် အတန်ကြာ စိုက်ကြည့်နေပြီး…

**မောင်။** ။ ခင်ဗျားလား၊ နုနုဆိုတာ။

**နု။** ။ ဟုတ်ကဲ့၊ ထိုင်ပါရှင်။

(သက်မောင်မောင်သည် မထိုင်သေးဘဲ အခန်းတွင်းကို မျက်စိဝေ့ယမ်းကြည့်လိုက်ရာ စန္ဒရားရှေ့ရှိ 'သက်မောင်မောင်' ကို သွားတွေ့သဖြင့် စန္ဒရားအနီးသို့ လျှောက်သွားသည်။ 'သက်မောင်မောင်'ရှေ့တွင် ရပ်၍ တစ်ချက် ငေးကြည့်လိုက် ပြီးနောက် သူ့နောက်မှ လိုက်ပါလာသော နုနုအား)

**မောင်။** ။ တော်တော်တူတာပဲ။ ဒါက ဘာသဘောလဲ။

**နု။** ။ ရှင်။

**မောင်။** ။ ဒီအရုပ်က ဘာလုပ်တာလဲ။

**နု။** ။ ဘာမှ မလုပ်ပါဘူး၊ ဒီမှာထားတာပါပဲ။

**မောင်။** ။ ဟုတ်ပါပြီ၊ ဘာလုပ်ဖို့ထားတာလဲ မေးနေ တာ။

**နု။** ။ ရှင်။

**မောင်။** ။ ဘာသဘောနဲ့ ဒီမှာထားတာလဲလို့။

**နု။** ။ ကျွန်မ သဘောကျလို့။

**မောင်။** ။ ဘာ… သဘောကျလို့၊ ဘာသဘောကျတာ လဲ။

**နု။** ။ ဘာသဘောကျတာ၊ ကျွန်မ ဘယ်လိုဖြေရမလဲ။

**မောင်။** ။ မဟုတ်ပါဘူး။ ကျုပ်နဲ့ ချွတ်စွပ်တူတဲ့အရုပ် ကို ဒီလိုလုပ်ပြီး ဒီမှာ ဘာပြုလို့ ခုလို ထားရတာလဲ၊ ဒါကို မေးတာ။

**နု။** ။ ရှင့်ကို မြတ်နိုးလို့။

**မောင်။** ။ ဗျာ…။

**နု။** ။ သက်မောင်မောင်ဆိုတဲ့ အနုပညာရှင်ကို မြတ်နိုး လို့ပါပဲရှင်။ ကျွန်မ ပန်းပုဆရာကြီး ဦးဟန်စိန်ကို အထုခိုင်း တာ။

(သက်မောင်မောင်သည် တွေပြီး နုနုကို ကြည့်လိုက်၊ အရုပ်ကိုကြည့်လိုက်နှင့် ဖြစ်နေသည်။)

တူတယ်နော်၊ ဦးဟန်စိန်လက်ရာက တကယ်ကောင်း တာပဲ။

**မောင်။** ။ ကျွန်တော်နဲ့လည်း သိကျွမ်းကြတာ မဟုတ်၊ ပိုင်စိုးပိုင်နင်း ခုလို အရုပ်လုပ်ထားတယ်ဆိုတော့ ခင်ဗျား မလွန်လွန်းဘူးလား။

**နု။** ။ ဘာပြုလို့ လွန်လွန်းရမှာလဲရှင်။ သက်မောင်မောင် ဆိုတဲ့ မင်းသားကို ကျွန်မသာမက တစ်တိုင်းတစ်ပြည်လုံးက ပိုင်နေကြတာပဲဥစ္စာ။ ကျွန်မတို့လို အနုပညာမြတ်နိုးတဲ့ ပရိ သတ်အဖို့ ခုလို ပိုင်ခွင့် ကိုးကွယ်ခွင့် မရှိဘူးလား။

**မောင်။** ။ ဘာ ကိုးကွယ်တယ်။ ကျွန်တော်က နတ်မှ မဟုတ်တာ။ ကျွန်တော့်အရုပ်ကို ပွဲတင်တာတို့၊ မီးထွန်းတာ တို့တောင် လုပ်သလား မသိဘူး။

**နု။** ။ ဩော် ဒီလိုတော့ မလုပ်ပါဘူးရှင်၊ ကိုးကွယ်တယ် ဆိုတဲ့စကားက မြတ်နိုးလို့ အိမ်မှာ တရိုတသေ ထားတာကို ပြောတာပါ။ တခြားမိန်းကလေးတွေ သက်မောင်မောင်ရဲ့ ဓာတ်ပုံတို့၊ ပန်းချီပုံတို့ကို သူတို့အိမ်မှာ သူတို့ ချိတ်ကြသလို ပေါ့။ ကျွန်မကတော့ လွန်တယ် ပဲ ပြောပြော ရုပ်လုံးကို ထုခိုင်း ထားတာပါပဲ။

(သက်မောင်မောင်၏ဒေါသ သည် တဖြည်းဖြည်း ပျက်ပြယ် သွားစပြုနေပြီ။ သူ၏မျက်နှာမှာ တင်းမာနေရာမှ ပျော့ပျောင်း ၍လာသည်။)

ကဲ ထိုင်ပါဦး၊ မတ်တတ်ကြီး။

အို… အန်တီခင် ဘာမှ ပြောနေစရာ မလိုဘူး
ဒီလိုကောင်မျိုး ဘာမှ ခခယယ ပြောနေဖို့ မလိုဘူး
သက်သက် ဘဝင်ကိုင်တာ၊ အရူးဘုံမြောက်
ချေးခြောက်ကောက်စား ဆိုတဲ့ လူစားမျိုး၊ အလကားကောင်

(နုနုက ဆိုဖာများရှိရာသို့ လျှောက်လာရာ သက်မောင် မောင်က နောက်မှ လိုက်ပါလာသည်။ သက်မောင်မောင်အား နုနုက နှစ်ယောက်ထိုင် ဆိုဖာပေါ်သို့ ထိုင်စေကာ သူကမူ တစ်ယောက်ထိုင် ဆိုဖာပေါ် ဝင်ထိုင်လိုက်သည်။)

**မောင်။** ။ ကျွန်တော်လာတုန်းကတော့ ခင်ဗျားကို အစိမ်း လိုက် ဝါးစားမလို့ လာတာပဲ။ ဒါပေမဲ့ ခုတော့ တစ်မျိုးဖြစ် သွားပြီ၊ ဒါပေမဲ့လည်း ပြောစရာရှိတာကိုတော့ ပြောရဦး မယ်။ ခင်ဗျားက ကျွန်တော့်ကို အနုပညာရှင်တစ်ယောက် အနေနဲ့ မြတ်နိုးတယ်၊ လေးစားတယ်ထား၊ သူများလို သို့သို့ ဝှက်ဝှက် လုပ်မှပေါ့။ ခုတော့ ခင်ဗျားဟာက တစ်မြို့လုံး



www.burmeseclassic.com

www.burmeseclassic.com

ဟိုးလေး တကျော့်ဖြစ်အောင် လျှောက်ပြောနေတယ်ဆိုတော့ မလွန်လွန်းဘူးလား၊ ကျွန်တော့်မှာ မိန်းမနဲ့ပါ။

**နု**။ ။ ကျွန်မ သိပါတယ်။

**မောင်**။ ။ ဟင်… သိလျက်သားနဲ့ ခင်ဗျား သက်သက် လုပ်တယ်ပေါ့။

**နု**။ ။ ဒီလိုလဲ မဟုတ်ပါဘူးရှင်။ ကျွန်မ ပြောပါရစေဦး။ ကျွန်မ ရှင့်ကို သိပ်ကြိုက်တယ်၊ ဒီလိုပါရှင်၊ ကြိုက်တယ်ဆိုတာက ဇာတ်လိုက်မင်းသား အနုပညာရှင်တစ်ယောက်ကို ကြိုက်တဲ့ အကြိုက်မျိုးပါ။ ကျွန်မ ရှင့်ရုပ်ရှင်တွေ လိုက်ကြည့်ရင် ကြည့်၊ ဒါမှမဟုတ်လို့ ပြဇာတ်ကလည်း ကသလောက် လိုက်ကြည့်၊ နယ်မှာကလည်း လိုက်ကြည့်တယ်။ စတိတ်ရှိုးတို့၊ ပဒေသာကပွဲတို့မှာလည်း ညတိုင်းလိုက်ကြည့်တယ်။ အဲဒီလို ရှင့်ပွဲဟူသမျှ လိုက်ကြည့်ရင်ကြည့်၊ မကြည့်ရင် အိမ်မှာ ရှင်နဲ့…အဲ…အဲ…သူ့နဲ့ (အရုပ်ကို လက်ညှိုးထိုးပြသည်။) အတူနေတယ်။ အိမ်မှာ အတူနေရင် ထမင်းလက်ဆုံစားတယ်။ ရှင်ကြိုက်တတ်သမျှ အကုန်လုပ်ကျွေးတယ်။ ရှင်က လက်ဖက်သုပ်၊ ချင်းသုပ်၊ ပုရစ်ကြော်၊ စာကလေးကြော် ကြိုက်တယ်ဆိုတာလည်း ကျွန်မသိတယ်။ ရှင့်-အဲ-သူ့ကို စန္ဒရားတီး ခိုင်းတယ်။ သီချင်းအဆိုခိုင်းတယ်။ အဲဒီလို ကျွန်မနေရရင် ကျွန်မ သိပ်ပျော်ပါတယ်။ ဘဝကို သိပ်ကြည်နူးမိပါတယ်။ ကျွန်မ စိတ်ချမ်းသာမှုကို ကျွန်မဘာသာ ရှာကြံနေတယ်ဆိုပါတော့။ ကျွန်မဟာ အထီးကျန်ဘဝပါ။ ဒီအိမ်ပေါ်မှာ ကျွန်မရယ်၊ နာနီရယ်၊ ထားညိုလေးရယ် ပေါင်း သုံးယောက်သာ ရှိပါတယ်။

**မောင်**။ ။ ခင်ဗျားစကားတွေ ဘယ်ရောက်ကုန်ပြီလဲ။ ခင်ဗျား အရုပ်တကကာလုပ်ပြီး ကျွန်တော်နဲ့ ဖြစ်နေတယ်၊ ဘာရယ်နဲ့ လျှောက်ပြီး ကြေညာမောင်းခတ်နေတဲ့ အကြောင်းတော့ မပြောတော့ဘူးလား။

**နု**။ ။ ဒါကတော့ ဒီလိုရှိပါတယ်ရှင်။ ကျွန်မက သက်မောင်မောင်နဲ့ ဘယ်လို နေကြထိုင်ကြတယ်၊ ဘယ်လို တီးကြဆိုကြတယ်၊ ဘယ်လို စားကြသောက်ကြတယ် ပြောတာတွေကို လူတွေက အရုပ်နဲ့နေတာကို ပြောမှန်း မသိကြဘူးရှင့်။ အဲဒါကြောင့်မို့ပါ။

**မောင်**။ ။ နို့- ခင်ဗျားကရော အရုပ်နဲ့နေတာပါလို့ မပြောဘူးလား။

**နု**။ ။ ကျွန်မက အဲဒီလိုလည်း မပြောရက်ဘူးရှင့်။(အရုပ်ကို သနားသည့် ဟန်ဖြင့် ညိုးငယ်သော မျက်နှာနှင့် လှမ်း၍ ကြည့်သည်။)

**မောင်**။ ။ ဒုက္ခပဲ၊ ခင်ဗျားဟာ စိတ် စိတ်မှ…။

**နု**။ ။ ရှင် ထင်ချင်သလို ထင်နိုင်ပါတယ်ရှင်။ ကျွန်မ စိတ်မဆိုးပါဘူး။ ကျွန်မဘဝလေးမှာ ကျွန်မ ပျော်သလိုနေတာပါ။ ဘယ်သူ့ကိုမှလည်း မထိခိုက်ဘူးလို့ ကျွန်မ ထင်ခဲ့မိပါတယ်။

**မောင်**။ ။ ခု ခင်ဗျားလုပ်ပုံကြောင့် ကျွန်တော်တို့မှာ ထိခိုက်နေပြီဗျ။ ကျွန်တော့်မိန်းမ ကျွန်တော့်ကို ဒီည စိတ်ဆိုးသွားတယ်။ အိမ်ကို မိန်းမကြီးတစ်ယောက် လာပြောလို့ သိသွားတယ်။ အဲဒီမိန်းမကြီးက ခင်ဗျားနဲ့ကျွန်တော် ရှုပ်နေကြတာ တစ်မြို့လုံး ဟိုးဟိုးကျော်နေပြီလို့ ပြောသွားတယ်။

**နု**။ ။ ကျွန်မ စိတ်မကောင်းပါဘူးရှင်။ ဒီလို ကျော်ရော ဟဲ့ဆိုပြီး လုပ်တာလည်း မဟုတ်ရပါဘူးရှင်။

**မောင်**။ ။ ခုတော့ ဒီအတိုင်းဖြစ်နေပြီ။ ကျွန်တော့်မိန်းမလည်း ဘယ်ထွက်သွားတယ်မသိဘူး။ ကျွန်တော့်ကို တော်တော်စိတ်ဆိုးသွားတယ်။

**နု**။ ။ ရှင့်မိန်းမက ယုံတယ်ပေါ့။

**မောင်**။ ။ ယုံလို့ပေါ့ဗျာ။ မယုံရင် ညကြီးမင်းကြီး ခုလို ထွက်သွားပါ့မလား။

**နု**။ ။ ကျွန်မသာ ရှင့်မိန်းမဆိုရင် မယုံဘူး။

**မောင်**။ ။ ဘာပြုလို့လဲ။

**နု**။ ။ ရှင့်ကို ယုံလို့ပေါ့။ ရှင့်လို ဒါလောက်နာမည်ကြီးနေတဲ့ အနုပညာရှင်တစ်ယောက်ဟာ ဘယ်တော့မှ မိန်းမတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက် မလုပ်ဘူးဆိုတာ ယုံကြည်တယ်။ ဒီလိုသာ လုပ်ရင် ရှင့်နာမည် တစ်ခါတည်း ထိုးကျသွားတာပေါ့။ ရှင့်မိန်းမကလည်း တယ်ပြီး စိတ်သဘောထား နုတာကိုး။

**မောင်**။ ။ မိန်းမပဲဗျာ သဘောထား နုတာပေါ့။ ပြီးတော့ အသက်ဟာ ကမူးရှူးထိုးလုပ်တတ်တဲ့ အကျင့်ရှိတယ်။ ဘာမဆို ဘယ်တော့မှ ချင့်ချင့်ချိန်ချိန်၊ စဉ်းစဉ်းစားစား မလုပ်တတ်ဘူး။ သူ ကားရိုက်လိုက်လာတဲ့အခါ ကျွန်တော်နဲ့ ဆိုက်ပဒ်မကလေးတွေနဲ့ အရောတဝင်နေရင်လည်း သူက မကြိုက်ဘူး။ ပြဿနာ ခဏခဏဖြစ်ရတယ်။

**နု**။ ။ သြော်…သြော်… ဖြစ်မှဖြစ်ရလေရှင်။ တစ်နည်းပြောရရင် ရှင့်အနုပညာကို သူက အထင်မကြီးလို့ ဖြစ်မှာပေါ့နော်။

**မောင်**။ ။ ဘာဗျ။

**နု**။ ။ သြော်…လက်ပွန်းတတီး နေရတဲ့ လင်နဲ့မယားဆိုတော့ အနုပညာခံစားချက် ဘယ်ရှိတော့မလဲလေ။

**မောင်**။ ။ အနုပညာ ခံစားချက်ရှိတာ မရှိတာတော့ မသိဘူး။ ဒီည အိမ်ကထွက်သွားတာတော့ တကယ်ပဲ။ ကျွန်တော့်ကို အရွဲ့တိုက်ပြီး ကောင်တစ်ကောင်နဲ့ ပွဲလိုက်ကြည့်မယ် ပြောတာပဲ။ ခုလိုဖြစ်တာဟာ ဒါဟာ ပထမဆုံးအကြိမ်ပဲ။ ရှေ့လျှောက် ဘယ်လိုပြဿနာတွေ ဖြစ်လာဦးမယ် မသိဘူး။ ခက်တာပဲဗျာ။

**နု**။ ။ ခုလိုဖြစ်ရတာ စိတ်မကောင်းပါဘူးရှင်။

**မောင်**။ ။ ခင်ဗျား ခုလို ကျွန်တော့်အရုပ်နဲ့ နှစ်ပါးသွားနေတာ ဘယ်လောက်ကြာပြီလဲ။

**နု**။ ။ တစ်နှစ်နီးပါး ရှိပြီ ဆိုကြပါစို့။ နှစ်ပါးသွားတယ်လို့ မပြောပါနဲ့ရှင်။

www.burmeseclassic.com

**မောင်။** ။ ထားပါလေ။ သရေပျက်မှုနဲ့ တရားစွဲနိုင်တယ် ဆိုတာကို ခင်ဗျား သဘောပေါက်ရဲ့လား။

**နု။** ။ စွဲချင်လည်း စွဲပေါ့ရှင်၊ ဘယ်တတ်နိုင်မလဲ။ ရုံးပြင်ကနားရောက်ရင် ရှင်လည်း ကောင်းပါဦးမလား။

**မောင်။** ။ ဒါလည်း ဟုတ်တာပဲ၊ ခင်ဗျားဟာ ကျွန်တော့်ကို တော်တော်ဒုက္ခပေးတာပါလားဗျာ။

**နု။** ။ ရှင်ဒုက္ခပေးတာကိုတော့ ဘယ်လိုပြောမလဲရှင်။

**မောင်။** ။ ဗျာ၊ ကျွန်တော်က ဘယ်လိုဒုက္ခပေးလို့လဲ။

**နု။** ။ ရှင်တင် မကပါဘူး။ ရှင်တို့ အနုပညာသမားတွေဟာ ဒုက္ခပေးတဲ့လူတွေချည်းပါပဲ။ အထူးသဖြင့် ရှင့်လို ရုပ်လည်းချော၊ အသံလည်းကောင်း၊ အနုပညာအမျိုးမျိုး ဖန်တီးပြတတ်တဲ့လူတွေဟာ ကျွန်မတို့ကို ဒုက္ခအပေးဆုံးပါပဲ။ ရှင်တို့ဟာ ဖမ်းစားတတ်တဲ့ အနုပညာစုန်းကဝေတွေပါပဲရှင်။

**မောင်။** ။ ဗျာ…။

**နု။** ။ ရှင်တို့ပစ်လွှတ်လိုက်တဲ့ အနုပညာမြားဟာ ကျွန်မတို့ အသည်းထိ စူးဝင်ပါတယ်။ ပွဲတစ်ပွဲပြီးရင်ဖြစ်စေ၊ ရုပ်ရှင်ဇာတ်ကားတစ်ကားပြီးရင်ဖြစ်စေ ကျွန်မတို့မှာ ရင်မောပြီး ကျန်ရစ်ခဲ့ကြရပါတယ်။ ရှင်တို့ရဲ့ ဖန်တီးမှုပညာဟာ ကြီးမားအစွမ်းထက်လွန်းလို့ ပရိသတ်ထောင်ပေါင်းများစွာ အရူးအမူးဖြစ်ပြီး စွဲကျန်ရစ်ကြရပါတယ်။ ဒါကြောင့်လည်း ရှင်တို့ကို ပြည့်သူ့အသည်းစွဲ အနုပညာရှင်လို့ နာမည်ပေးကြတာပေါ့။ ဒီအထဲမှာ ကျွန်မတို့လို မိန်းမသားတွေဟာ အခံရဆုံးပါပဲ။ ရှင့်ကိုဆိုရင် ဆံပင်ကလေးကို လက်နဲ့ သပ်လိုက်တာကအစ မျက်စိကလေး ထောင့်ကပ်ကြည့်လိုက်တာတို့၊ ပြုံးလိုက်တာတို့ကို ကျွန်မတင်မကပါဘူး၊ မိန်းကလေးတိုင်း အသည်းကို အေးသွားပြီး ထခုန်သူခုန်၊ အော်သူအော်နဲ့ ဖြစ်ကုန်ကြတာပါပဲ။ ဒီတော့ အိမ်မှာ ရှင်တို့ဓာတ်ပုံချိတ်ထားတာတို့၊ ရှင်တို့ပုံပါတဲ့ ကြော်ငြာတွေ၊ ပြက္ခဒိန်တွေ ကပ်ထားတာတို့ လုပ်ကုန်ကြရတော့တာပါပဲ။ ဒီအထဲမှာ ကျွန်မကတော့ သူများထက်ကဲသူပေါ့ရှင်။ ရှင့်ရုပ်တုပုံကို ထုပြီး အိမ်မှာ ကိုးကွယ်တော့တာပါပဲ။ ဒါကို ရှင်က မကျေနပ်လို့ တရားစွဲမယ်ဆိုလည်းစွဲပေါ့၊ ရှင်ပေးတဲ့ဒုက္ခ ရုံးပြင်ကနားထိရောက်ရပါလားလို့ အောက်မေ့ရုံအပြင် ဘာမှတတ်နိုင်မှာ မဟုတ်ပါဘူးရှင်။

**မောင်။** ။ (အတန်ကြာ တွေစဉ်းစားနေကာ) အေးဗျာ၊ ခင်ဗျားက ခုလို ပြောလိုက်တော့ အနုပညာသမားတွေရဲ့ စွမ်းအားဟာ မသေးပါလားလို့ သဘောပေါက်မိပါတယ်။

ဩော် မင်းအကြောင်း မင်း မသိဘူးလား
ဟို စပတ်လမ်းက နုနုဆိုတဲ့ကောင်မနဲ့ ရှုပ်နေကြတာလေ
သက်သက်ကလွဲလို့ တစ်လောကလုံး သိနေကြတာ
ငါ့မှာ တာဝန် ရှိတယ်ဟဲ့၊ ငါ့မှာ တာဝန်ရှိတယ်

**နု။** ။ မသေးပါဘူးရှင်၊ ရှင်တို့ဟာ အနုပညာစွမ်းအားရှင်တွေ၊ ဖန်တီးရှင်တွေ၊ တန်ခိုးရှင်တွေပါ။

**မောင်။** ။ ကျွန်တော်တော့ ဘာလုပ်လို့ လုပ်ရမှန်း မသိတော့ပါဘူးဗျာ။

**နု။** ။ ဩော် ခဏနော်၊ (အတွင်းဘက်သို့လှမ်း၍ အော်ပြော) အညိုရေ- အညို… အိမ်ရှေ့ထွက်ခဲ့ပါဦးကွယ်၊ မောင်မောင် ညောင်းနေရောပေါ့၊ အခန်းထဲခေါ်သွားပါတော့ကွယ်။

(အသက် ၁၆ နှစ်ခန့်ရှိ အိမ်ဖော်မကလေး ထားညိုသည် အတွင်းခန်းမှ ဧည့်ခန်းသို့ဝင်လာကာ စန္ဒရားရှေ့ရှိ သက်မောင်မောင်၏ ရုပ်တုကို အသာအယာတွန်း၍ အိမ်ခန်းတွင်းသို့ သွင်းသွားလေသည်။ ရုပ်တု၏ ကုလားထိုင်တွင် ဘီးကလေးများ တပ်ထားသည်။ ဤသည်ကို သက်မောင်မောင်က တအံ့တဩနှင့် ကြည့်နေသည်။)

ဩော်… ပြောရဦးမယ်၊ မောင်မောင့်ကို အိပ်ရေးပျက်မခံဘူး။ ခု မောင်မောင့်အိပ်ချိန် ရောက်နေပြီမို့ အအိပ်ခိုင်းရတယ်။ မင်းသားလုပ်နေပြီး ကားရိုက်မရှိတဲ့ရက်တို့၊ ပွဲမကတဲ့ရက်တွေမှာ စောစောအိပ်ခိုင်းရတယ်။ နို့မို့ရင်ပိန်သွားပြီး အလှပျက်သွားမှာ။

**မောင်။** ။ မောင်မောင်တဲ့လား။

**နု။** ။ ဩော်-ဟုတ်တယ်။ သက်မောင်မောင်ကို ကျွန်မက မောင်မောင်လို့ပဲ ခေါ်ပါတယ်။ ကျွန်မထက်လည်း အသက် ငယ်တယ် မဟုတ်လား။

**မောင်။** ။ နို့ သူကကော ဘယ်လိုခေါ်သလဲဟင်။

**နု။** ။ သူကလား၊ အင်း… သူက… ဘယ်လိုမှ မခေါ်ပါဘူးရှင်…။

**မောင်။** ။ မမနုလို့ ခေါ်မယ်ဗျာ၊ မမနု ခု မောင်မောင့်ကို ဘယ်အခန်းမှာ သိပ်တာလဲ။

**နု။** ။ အို ကျွန်မအခန်းမှာပေါ့၊ ဘယ်အခန်း သွားအိပ်ရမှာလဲ။

**မောင်။** ။ သူကရော အိပ်လို့ရရဲ့လား၊ မမနုရဲ့ အရုပ်ကထိုင်လျက် အရုပ်ကြီးဥစ္စာ။

**နု။** ။ ပေါက်ပေါက်ရှာရှာ မမေးပါနဲ့ရှင်၊ ဒါက ကျွန်မတို့အတွင်းရေးပါ။

**မောင်။** ။ မမနုက ကျွန်တော့်ကိုချစ်တယ်ပေါ့။

**နု။** ။ ရှင်…။

**မောင်။** ။ မမနုက ကျွန်တော့်ကိုချစ်တယ် မဟုတ်လား။

**နု။** ။ ဆိုပါတော့၊ ဟိုတစ်ယောက်ကို။

**မောင်။** ။ ဟိုတစ်ယောက်က အရုပ်ကြီးပဲ။



www.burmeseclassic.com

www.burmeseclassic.com

(သက်မောင်မောင်သည် ပြောရင်းဆိုရင်း ထိုင်နေရာမှ ထ,လာကာ နုနု၏လက်ကို ဆွဲကိုင်ကာ ထူလိုက်သည်။)

မမနုချစ်တာက တစ်မျိုးပဲနော်။

(သက်မောင်မောင်က နုနု၏ နားထင်မှ ဆံစများကို သူ့လက်ဖြင့်သပ်ကာ သိမ်းပေးလိုက်သည်။ နုနုက ကြောင်ပြီး နောက်သို့ ရုတ်တရက် ဆုတ်လိုက်ရာ သက်မောင်မောင်က လက်နှစ်ဖက်ကို ဆွဲပြီး သူ့ရင်ခွင်နှင့် အပ်လိုက်သည်။)

**နု။** ။ မတော်ပါဘူးရှင်။

**မောင်။** ။ လူကိုယ်တိုင် တွေ့နေမှ ငြင်းနေဦးမှာလား မမနုရယ်။

(နုနုက လက်နှစ်ဖက်ဖြင့် သက်မောင်မောင်၏ ရင်ဘတ်ကို တွန်းရင်း ရုန်းကန်နေစဉ်ပင် သက်မောင်မောင်က ထပ်မံ၍ သူ့ဘက်ကိုဆွဲကာ နုနုခါးကို သိမ်းဖက်လိုက်သည်။ နုနု အလိုက်သင့်ပါလာကာ မျက်နှာအမော့လိုက် သက်မောင်မောင်က ငုံ့၍ နမ်းလိုက်သည်တွင် မီးများမှိန်၍ ငြိမ်းသွားသည်။ အတန်ကြာမှ မီးများ တဖြည်းဖြည်းချင်း မှိန်ရာမှ လင်း၍လာ)

❑

**အခန်း ၃။**

တစ်လခန့်အကြာ··

ည ၈ နာရီအချိန်၊

နုနု၏ ဧည့်ခန်းအတွင်း။

သက်မောင်မောင်သည် စွပ်ကျယ်အဖြူ လက်ပြတ်၊ အတွင်းခံဘောင်းဘီအဖြူ အတိုကလေးဖြင့် စန္ဒရားခုံတွင် ထိုင်ကာ *တောတောင်စွယ်* ယိုးဒယားသီချင်းကြီးကို ဆိုတီး တီးနေသည်။ နုနုက အင်္ကျီလက်ရှည်အနီ၊ လုံချည်အနီနှင့် ဆံမြိတ်တွင် နှင်းဆီပန်းအနီပန်လျက် ဆိုဖာနောက်တန်းတွင် ခေါင်းမှီပြီး နားထောင်နေသည်။ တစ်ခန်းလုံး မီးနီနီကြင်ကြင် ကလေးသာ လင်းနေသည်။ သက်မောင်မောင်သည် သီချင်းကိုအဆုံးမတီးဘဲ တစ်ဝက်တစ်ပျက်နှင့် ရပ်လိုက်သည်။ နုနုသည်မှိန်း၍နားထောင်နေရာမှ ခေါင်းထောင်ထလိုက်သည်။)

**မောင်။** ။ တော်ပြီ မမနုရာ။ တီးရင်း ပျင်းလာတယ်၊ (ပြောပြောဆိုဆို စန္ဒရားခုံမှ ထလိုက်ကာ နုနုထံ လျှောက်လာသည်။) ဟေး··· ထားညို ဧည့်ခန်းမီးတွေ ဖွင့်လိုက်ပါဟေ့။

(ထားညိုသည် အတွင်းမှထွက်လာပြီး ဧည့်ခန်းတံခါးကို ဖြတ်ကာ မီးခလုတ်ရှိရာသွား၍မီးဖွင့်သည်။ နောက် ပြန်ဝင်သွားသည်။ ဧည့်ခန်းမီးများလင်းလာသော် နုနုက နှစ်ယောက်ထိုင် ဆိုဖာကြီးပေါ်မှထ၍ သက်မောင်မောင်အား ထိုင်စေပြီး သူကမူ ဆိုဖာကြီးနှင့် စားပွဲကလေးအကြားတွင် ဆိုဖာကြီး နားကပ်လျက် စိမ်းနီ၊ ဖြူ ဖုံဝိုင်းကလေးအပေါ်ထိုင်လိုက်သည်။)

**နု။** ။ မောင်မောင်ကလည်းကွယ်၊ ဆုံးအောင် တီးရောပေါ့၊ နားထောင်ရတာ အရသာပျက်သွားတာပဲ။

**မောင်။** ။ (အတွင်းသို့လှမ်း၍)ဟဲ့ မိညို လက်ဖက်သုပ်လို့ မပြီးသေးဘူးလား။ ယူခဲ့ပါ မြန်မြန်၊ လက်ဖက်သုပ်တာ ဒါလောက် ကြာရသလား။

**နု။** ။ ဟဲ့ အညိုရေ ယူခဲ့ပါကွယ် မြန်မြန်ကလေး၊ ကောင်းကောင်းလည်း သုပ်ခဲ့နော် သမီး။ မောင်မောင် ခုနက *'တောတောင်စွယ်'*ကို ဘာနဲ့ တီးတာလဲ၊ စီနဲ့ပဲ တီးတာပဲ မဟုတ်လား၊ မောင်မောင်တီးနေရင်း အသံမစွဲလို့ မောင်မောင် ပျင်းလာတာ။ မောင်မောင့်အသံကဘီပဲ၊ အဲဒီနှစ်ပေါက်သံက နဲ့တယ်၊ လွမ်းစရာကောင်းတယ်၊ ဘီသံနဲ့ တီးစမ်းကြည့်ပါလား မောင်မောင်။

**မောင်။** ။ ဒါတွေ နားမလည်ပါဘူး မမနုရယ်၊ မောင်မောင် ဒီကီးက ပြောင်းလဲမတီးတတ်ဘူး၊ ဆရာသင်ထားသလိုပဲ တီးတတ်တယ်။

**နု။** ။ မောင်မောင် ဒီသီချင်းကို အသံလွှင့်တုန်းက စန္ဒရားဆရာက မောင်နဲ့လိုက်တဲ့ ဘီသံနဲ့ တီးပေးထားတာ၊ ဒါကြောင့် သိပ်ကောင်းတာပေါ့၊ မမနု ဒီသီချင်းကို တော်တော် စွဲခဲ့မိတယ်။

**မောင်။** ။ ဟဲ့ကောင်မလေး မိညို၊ ခွေးမလေး လက်ဖက်ယူခဲ့ပါဟ၊ ကြာလိုက်တာ။ (သက်မောင်မောင်က သူ့အား နုနုက ဆရာလုပ်သည်ကို မကြိုက်၊ ထို့ကြောင့် စိတ်တိုတိုနှင့် အတွင်းသို့ လှမ်းအော်၍ ပြောလိုက်ခြင်းဖြစ်သည်။)

**နု။** ။ အညိုရေ ဟုတ်ပါရဲ့ကွယ်၊ မပြီးသေးဘူးလား ကွယ်။

**ညို။** ။ ပြီးပါပြီမမ၊ (ထားညိုကပြောရင်းပင် တစ်ပန်းကန်ပြားအမောက် သုပ်လာသော လက်ဖက်ပန်းကန်ပြားကြီး တစ်ချပ်ကို ဇွန်းကလေးများတပ်ပြီး လက်သုတ်ပဝါနှင့်တကွ စားပွဲဝိုင်းကလေးပေါ် လာချသည်။)

**မောင်။** ။ ကြာလိုက်တာဟာ··· ကမြင်းမလေး။

(သက်မောင်မောင်သည် လက်ဖက်ပန်းကန်ကို စားပွဲပေါ်မှ ကောက်ယူကာ ဇွန်းနှင့် မစားမီ လက်နှင့်ပင် အားရပါးရ ပလုတ်ပလောင်း စားသည်။ နောက် ငရုတ်သီးစပ်သဖြင့် အထဲသို့ ပြန်ဝင်သွားသော ထားညိုအား လှမ်း၍ အော်ဟစ်ပြန်သည်။)

ဟဲ့ကောင်မလေး ရေယူခဲ့စမ်း မြန်မြန်၊ နင့်ဟာက စပ်လိုက်တာ လွန်ပါရော၊ ပူလည်း ပူလိုက်တာ၊ ငရုတ်သီးမှုန့်တွေ ထည့်ထားတယ် ထင်တယ်၊ ခွေးမလေး အား··· အား··· အား လုပ်ပါဟ ရေယူခဲ့ပါ မြန်မြန်။

**နု။** ။ ဟဲ့ အညို လုပ်ပါဦး၊ ဒီမှာ မောင်မောင် စပ်နေပြီ။

(ထားညိုသည် အတွင်းမှ ရေပုလင်းနှင့် ဖန်ခွက်ကိုကိုင်ကာ ပြေးလာသည်။ သက်မောင်မောင်သည် ထားညိုရေထည့်မည်ပြုသည်ကို မစောင့်နိုင်ဘဲ ရေပုလင်းကို ဆွဲကာ မော့သောက်တော့သည်။)

**မောင်။** ။ အမယ်လေးပူလိုက်တာ၊ ပူလိုက်တာ၊ ငရုတ်သီးစိမ်းတင်မကဘူး၊ ငရုတ်သီးမှုန့်ခြောက်တွေပါ ဘည့်သင့်

www.burmeseclassic.com

ထားတယ်။ ဒီကောင်မလေး ငါ့ကို သေအောင်လုပ်တာပဲ၊ သွား… ငါကန်ထည့်လိုက်ရ။

(ထားညိုသည် မျက်စိမျက်နှာ မကောင်းဖြစ်ကာ အတွင်းသို့ ပြန်ဝင်သွားသည်။)

**နု။** ။ ငရုတ်သီးမှုန့်တော့ ထည့်မှာ မဟုတ်ပါဘူး မောင်မောင်ရယ်၊ ငရုတ်သီးစိမ်းကိုက စပ်လို့နေမှာပါ။

**မောင်။** ။ မမနု ဘာသိလဲ၊ ဒီလိုကောင်မလေးတွေက သောက်ကျင့် ခပ်ယုတ်ယုတ်ရယ်၊ မဟုတ်တာတွေလည်း ထည့်သုပ်ချင်သုပ်မှာ ယုံရတာ မဟုတ်ဘူး။

(သက်မောင်မောင်သည် လက်ချောင်းကလေးများမှ ဆီကို တစ်ချောင်းချင်းစီ စုပ်ပြီး လက်ကို လက်သုတ်ပဝါနှင့် မသုတ်ဘဲ သူ့ဘောင်းဘီနှင့် သုတ်ပစ်နေသည်။ ပြီး ရေပုလင်းကို မော့သောက်ပြန်ကာ ဆိုဖာပေါ်မှ ဖုံနှစ်ခုကို ထပ်လိုက်ပြီး ခေါင်းအုံး၍ အိပ်လိုက်တော့သည်။)

ကဲ… ဒီည ဟိုတလောက ဖတ်လက်စ ဆရာ ဦးသော်ဇင်ရဲ့ စာကို ဆက်ဖတ်ရအောင်နော်၊ ဘာတဲ့ ကာလီဒါသရဲ့ *ရဃုဝံသကဗျာ* ဘာသာပြန် ဒီလီပပြီးပြီ။ သူ့သားတော် ရဃုမင်းသားအကြောင်း ဆက်ဖတ်ပြမယ် မောင်မောင် နားထောင်မယ်နော်။

**မောင်။** ။ မမနုရယ် မောင်မောင် ဒီစာတွေ စိတ်မဝင်စားပါဘူး။ မမနုကို အားနာလို့သာ မောင်မောင် နားထောင်ခဲ့တာပါ။ စာကြီးပေကြီးတွေနဲ့လည်း မောင်မောင်နဲ့ မဆိုင်ပါဘူး။ နားလည်းမလည်ပါဘူး မမနုရယ်။

**နု။** ။ ပြောပြန်ပြီ မောင်မောင်နဲ့ မဆိုင်ဘူးလို့၊ မောင်မောင်နဲ့ ဆိုင်တာပေါ့ကွယ်။ မောင်မောင်တို့လို တိုင်းပြည်အသည်းစွဲ အနုပညာသမားတွေဟာ ပိုလို့တောင် စာဖတ်ရသေးတယ်။ စာပေကို လေ့လာရမယ် မောင်မောင်၊ တစ်နေ့ ရှေးစာဆိုကြီးတွေရဲ့ ဇာတ်တွေ၊ ဝတ္ထုတွေ က,ရမယ်၊ ရှင်ရှင်ရိုက်ရမယ်ဆိုရင် ဒါတွေ မောင်မောင် သိထားရင် ပိုမကောင်းပေဘူးလား။

**မောင်။** ။ ဒါရိုက်တာက သင်လိမ့်မပေါ့ မမနုရယ်။

**နု။** ။ ဟင် မောင်မောင်ကိုယ်တိုင်တောင် ဒါရိုက်တာလုပ်နေမင့်ဟာ ဘယ်လိုပြောလိုက်တာလဲ မောင်မောင်ရယ်။

**မောင်။** ။ တော်ပါတော့ မမနုရယ်၊ ကျွန်တော် ဒီည စိတ်ညစ်လွန်းလို့ပါ။ အသက်ဟာ ဟို ပီတာဆိုတဲ့အကောင်နဲ့ တပူးတွဲတွဲနဲ့ မောင်မောင့်ကို အရွဲ့တိုက်နေတုန်း၊ ဒီညပဲ အသက်နဲ့ မောင်မောင်နဲ့ အတော်လေး စကားများခဲ့ကြသေးတယ်၊ သူက မောင့်မောင့်ကို…။

**နု။** ။ (ရုတ်တရက်ဝင်ပြော) မောင်မောင် ဘာပြုလို့ မောင်မောင့်မိန်းမအကြောင်း မမနုကို ပြောရတာလဲ။ မမနုနဲ့ မဆိုင်ပါဘူး။ နားလည်းမထောင်ချင်ဘူး။ ဘာလဲ မောင်မောင်က မမနုကို လက်ထပ်ရအောင် တစ်ဖက်ကို အပုပ်ချပြီး အဆွယ်တရား ဟောချင်လို့လား။

**မောင်။** ။ အို… အို… ဒီလို မဟုတ်ရပါဘူး မမနုရယ်။ မောင်မောင့်ကို အထင်မလွဲပါနဲ့၊ မမနုကို ပထမဆုံး တွေ့တဲ့ညကစပြီး မမနုတောင်းတဲ့ကတိအတိုင်း မောင်မောင် နေခဲ့တယ် မဟုတ်လား၊ အသက်အတွက် စိတ်ညစ်လွန်းလို့ပါ မမနုရယ်။ မောင်မောင့်မှာ မမနုကိုသာ တိုင်ပင်ဖော် တိုင်ပင်ဖက် ရှိပါတယ်။ ဖောက်လွဲ ဖောက်ပြန်စိတ် မရှိပါဘူး မမနု။

**နု။** ။ အင်း… မောင်မောင် ကိုယ်က မပြတ်သားတော့ ခံဦးပေါ့။ ကဲ… ကဲ တော်ပြီ၊ တော်ပြီ ဒါတွေ မပြောနဲ့တော့ မမနု စာဖတ်ပြမှာ နားထောင်မလား၊ နားမထောင်ဘူးလား။ ဒါပဲပြော။

**မောင်။** ။ ထောင်ပါ့မယ်မမနုရယ်၊ ဖတ်ပါ မောင်မောင် နားထောင်ပါ့မယ်။

**နု။** ။ ဒီလိုမှပေါ့ မောင်မောင်။

(နုနုသည် စားပွဲဝိုင်းကလေး အောက်ဆင့်ရှိ အသင့်ထားသော စာအုပ်ကိုယူပြီး မှတ်ထားသည့်နေရာကို ဖွင့်လိုက်သည်)

ဟိုတလောက ဖတ်တုန်းက ဒီလီပမင်းကြီး တောထွက်သွားပြီးပြီ၊ နောက် သူ့သားတော် ရဃုမင်းသား နန်းတက်လာပြီ ဟုတ်တယ် မဟုတ်လား၊ နေစမ်း ဘယ်အထိရောက်သွားပြီလဲ၊ တွေ့ပြီ ကဲ… နားထောင်နော် မမနု ဆက်ဖတ်မယ်။

(နုနုသည် စာနှစ်ပိုဒ်ကို ဖတ်ပြပြီး သက်မောင်မောင်ကို ကြည့်လိုက်ရာ သက်မောင်မောင်သည် တခေါခေါဖြင့် ဟောက်လျက် အိပ်ပျော်နေသည်ကို တွေ့ရသည်။ ပါးစပ်မှ သွားရည်များလည်း ကျလျက်ရှိရာ နုနုသည် သူ၏ ခါးကြားမှ သူ၏ ပဝါအဖြူကလေးထုတ်ကာ သွားရည်များ ဆိုဖာပေါ် ကျကုန်မည်စိုးသဖြင့် မောင်မောင်၏ ပါးစောင်အောက်သို့ အသာကလေး ခုသွင်းလိုက်သည်။ ထိုခဏ၌ပင် အပြင်မှ တံခါးခေါက်သံကြားရသည်။ မရှေး မနှောင်းပင် နာနီသည် အိမ်တွင်းမှ ထွက်လာကာ တံခါးပေါက်ရှိရာ သွားသည်။ ခဏအကြာ ပြန်လာပြီး နုနုအား…)

**နု။** ။ မေသက်ဆွေတဲ့ အနုကို တွေ့ချင်လို့တဲ့။

**နု။** ။ (အံ့ဩလျက် ထရပ်လိုက်ကာ) ဟင်း… မေသက်ဆွေ။

(သက်မောင်မောင်လည်း ရုတ်တရက် နိုးလာကာ ထထိုင်လိုက်သည်။)

**မောင်။** ။ ဟင်… ဘာလဲ… ဘာလဲ။

**နု။** ။ မေသက်ဆွေ လိုက်လာသတဲ့၊ တံခါး အဖွင့်ခိုင်းနေတယ်။

**မောင်။** ။ ဟင် အသက်လိုက်လာတယ်၊ မဖြစ်ဘူး မဖြစ်ဘူး။

(သက်မောင်မောင်သည် ဆိုဖာပေါ်မှ ထရပ်လိုက်ကာ ကမန်းကတန်း အတွင်းခန်းထဲသို့ ဝင်ပြေးလေသည်။ နောက် ပြန်ထွက်လာကာ)

မောင်မောင့်ကို မေးရင် မရှိဘူးပြော။

www.burmeseclassic.com

www.burmeseclassic.com

(ဟုဆိုကာ အတွင်းခန်းအတွင်း ဝင်ရောက်ပျောက်ကွယ်သွားလေသည်။)

**နု။** ။ နာဒီ ဖွင့်ပေးလိုက်။

(နာဒီပြန်ထွက်သွားပြီး တံခါးမကြီးကို ဖွင့်ပေးလိုက်သည်တွင် မေသက်ဆွေသည် နုနုရှိရာ ဧည့်ခန်းအတွင်း ဝင်လာသည်။ မေသက်ဆွေသည် အလှပြင်ထားသောဆံပင်နှင့် ကြော့နေအောင် ဝတ်စားပြင်ဆင်ထားသည်။)

ထိုင်ပါ မေသက်ဆွေ။

**ဆွေ။** ။ (ဆိုဖာကြီးပေါ်တွင် ထိုင်လိုက်ပြီး) ဒေါ်နုနုဆိုတာ မဟုတ်လားရှင်။

**နု။** ။ (တစ်ယောက်ထိုင် ဆိုဖာပေါ်တွင် ထိုင်လျက်) ဟုတ်ပါတယ်၊ အစ်မကြီးက နုနုပါ။

**ဆွေ။** ။ ကျွန်မယောကျ်ား ဒီမှာရှိတယ်ဆိုတာ သိပါတယ်။ သူ့ ကားကို အောက်မှာ တွေ့ခဲ့ရပါတယ်။ ကျွန်မ အစ်မကြီးကို စကားနည်းနည်းလောက် ပြောပါရစေ။

**နု။** ။ ပြောပါ။

**ဆွေ။** ။ ကျွန်မ ခုလို လာတာဟာ သူ့ကို အစ်မကြီးဆီက အတင်းဆွဲခေါ်သွားဖို့လာတာ မဟုတ်ပါဘူး။ အစ်မကြီးနဲ့ လည်း ရန်ဖြစ်ဖို့လာတာ မဟုတ်ပါဘူး။ အစ်မကြီးက သူ့ကို မေတ္တာရှိပုံ ရပါတယ်။ သူကလည်း အစ်မကြီးကို ချစ်တယ် ထင်ပါတယ်။ ကျွန်မကတော့ သူ့ကို လုံးလုံး စိတ်ကုန်ခန်းနေပါပြီ။ ဒီတော့ ရှင်းနေပါတယ်။ သူကြိုက်သလို အစ်မကြီး ဆီမှာပဲနေတော့လို့ လာပြောတာပါ။ ကျွန်မ သူ့ကို တရားဝင် ကွာရှင်းပေးမှာပါ။ သူကလည်း ကျွန်မကို တရားဝင်ပြတ်စဲ ပေးပါလို့ လာပြောတာပါ။

**နု။** ။ မဟုတ်သေးဘူးလေ၊ ညီမ စဉ်းစားပါဦး။ သူဟာ သားကြီး မယားကြီးကို ပစ်ဖို့တော့ မကောင်းဘူးပေါ့။ သူ့မှာ တာဝန်ရှိတာပဲ။

**ဆွေ။** ။ မဟုတ်ဘူး အစ်မကြီး၊ ကျွန်မ ယတိပြတ် ဆုံးဖြတ်ပြီးပြီ။ သူဟာ ဒီနဲ့ကျွန်မအိမ်ကို ခုလို ကူးချည်သန်းချည် လုပ်နေလို့ ဘယ်ဖြစ်မလဲ၊ သူနဲ့ကျွန်မနဲ့ဆိုတာကလည်း အစ်မကြီးအကြောင်း သိတဲ့နေ့ကစပြီး လင်မယားလို ပေါင်းသင်းကြတော့တာမှ မဟုတ်ဘဲ။

**နု။** ။ အစ်မကြီးကြောင့် ညီမတို့ အိမ်ထောင်ကြီးတစ်ခု ပြိုကွဲသွားတယ်ဆိုတာ မဖြစ်ကောင်းပါဘူး။ အစ်မကြီးကသာ ဝေးဝေးရှောင်ထွက်သွားဖို့ ရှိပါတယ်။ အစ်မကြီး ဒီမှာ မရှိရင် ပြီးမယ့်ဟာပါပဲ။

**ဆွေ။** ။ ကျွန်မက သူ့ကို မပေါင်းနိုင်တော့တဲ့ဟာပဲ။ အစ်မကြီး ရှိရှိ မရှိရှိ မထူးပါဘူး။ ကျွန်မ သူ့ကို ဘယ်နည်းနဲ့မှ ပြန်ပေါင်းလို့ မဖြစ်ပါဘူး။ ကျွန်မ သူ့ကို ဒီဘဝရောက်အောင် ပျိုးထောင်ပေးခဲ့တာပါ။ သူက စ,ဖောက်တဲ့နောက် ကျွန်မက ရော ဘာစွဲလမ်းနေစရာလိုလဲ။ ကျေးဇူးတရားလည်း မသိ၊ သစ္စာလည်း မရှိတဲ့လူကို ကျွန်မ ကြည့်ကိုမကြည့်ချင်တော့ဘူး အစ်မကြီးရယ်။

**နု။** ။ အစ်မကြီးက သူ့ကို အနုပညာရှင်တစ်ယောက်အနေနဲ့ လေးစားတာပါ။ ဒီထက်မပိုပါဘူး။ ညီမအတွက် စိတ်ညစ်နေတဲ့လူတစ်ယောက်အနေနဲ့ အစ်မကြီးဆီမှာ ခဏတစ်ဖြုတ် ကွန်းခိုနားနေတယ်လို့ပဲ ယူဆထားတာပါ။ တကယ်ပြောရရင် အစ်မကြီးလည်း သူ့ကို တော်တော်ကလေး စိတ်ကုန်ခန်းနေပါပြီ။ အနုပညာရှင်တစ်ယောက်အနေနဲ့လည်း လေးစားလောက်တဲ့အရည်အချင်း…၊ အို ဒါတွေမပြောတော့ပါဘူး။ ပြောလည်း အပိုပါပဲ။ အစ်မကြီး သူ့ကို ညီမဆီ ပြန်ဖို့ တိုက်တွန်းပါ့မယ်။ နောက်ကိုလည်း အစ်မကြီးဆီ မလာစေရပါဘူး။ အစ်မကြီးလည်း ဒီမှာမနေတော့ပါဘူး။ ညီမကသာ သူ့ကို ပြန်လက်ခံဖို့ အစ်မကြီး တောင်းပန်ပါရစေကွယ်။

**ဆွေ။** ။ မဖြစ်နိုင်ပါဘူး အစ်မကြီးရယ်၊ ကျွန်မမှာ သူ့ဝင့်က ကျွတ်ပြီဆိုပြီး ဝမ်းတောင်သာနေတာပါ။ သူ့ကို ဘယ်နည်းနဲ့မှ ကျွန်မ ပြန်လက်မခံနိုင်ပါဘူး။

(ထိုအခိုက် သက်မောင်မောင်သည် ဧည့်ခန်းအတွင်းသို့ ဖြုန်းခနဲ ဝင်လာသည်။)

**မောင်။** ။ အသက် မင်း… မင်း ဘာပြုလို့ လိုက်လာရတာလဲ၊ ကိုသက် ရှင်းပြပါ့မယ်ကွာ။ မမနုနဲ့ ကိုသက်တို့ဟာ ဘာမှ ဖြစ်ကြတာ မဟုတ်ပါဘူး။ ဒီလိုလေကွာ… အစကတည်းက ဒေါ်လှခင်ကြီးပြောတာ မရှင်းလို့ ဖြစ်ကြရတာပါ။ အသက်ကလည်း ချက်ချင်းယုံတာကိုး၊ အမှန်ကတော့…။

**ဆွေ။** ။ တော်ပါ၊ ခုလို ညကြီးမင်းကြီး ဒီအိမ်ပေါ်မှာ တွေ့နေတာကရော၊ ဘယ်လိုပြောမလဲ၊ လိမ်ပြောနေလို့လဲ အပိုပဲ။

**မောင်။** ။ ကိုသက် ဘယ်တုန်းကများ လိမ်ပြောဖူးလို့လဲကွယ်။

**ဆွေ။** ။ တော်ပါပြီဆိုနေ၊ ဒီမယ် တခြား ရှည်ရှည်ဝေးဝေး ပြောနေကြဖို့ မလိုတော့ပါဘူး။ ဒီက အစ်မကြီးဆီလာပြီး ရှင့်ကို သိမ်းလိုက်တော့လို့ လာပြောတာ။

**နု။** ။ မလုပ်ပါနဲ့ ညီမရယ်၊ မသိမ်းပါရစေနဲ့ သူ့ကို…။

**မောင်။** ။ ဒီမယ် မမနု… အသက်၊ ခင်ဗျားတို့ဟာက ဘယ်လိုလဲ။ ဒီကကောင်ကို သူသိမ်းပါ၊ ငါသိမ်းပါနဲ့၊ ဘယ်လိုဟာလဲ ခင်ဗျားတို့ဟာက…၊ လူကို ဘူးသီးခရမ်းသီးကျနေတာပဲ။

**ဆွေ။** ။ အစ်မကြီးသာ ဒီလူကိုကြည့်လုပ်ပါတော့၊ ညီမနဲ့တော့ မဆိုင်တော့ပါဘူး။ ရှင်းပါတယ်။

**နု။** ။ မလုပ်ပါနဲ့ ညီမရယ်၊ ညီမတို့ပေါင်းသင်းလာကြတာ ကြာပြီပဲ။ အစ်မကြီးအတွက်နဲ့တော့ လင်မယား မကွဲစေချင်ဘူး။ အစ်မကြီး ပယောဂ မကင်းဘူးဆိုရင် အစ်မကြီး တစ်သက်လုံး စိတ်ကောင်းနိုင်ပါတော့မလား၊ ပြန်သာခေါ်သွားပါကွယ်။ ညီမက ဒီတစ်ကြိမ်တော့ သည်းခံလိုက်ပါ။

**ဆွေ။** ။ အို… မခေါ်ပါဘူး၊ ဘယ်နည်းနဲ့မှ မခေါ်ပါဘူး။

www.burmeseclassic.com

ကျွန်မက သူ့ကို အားကိုးနေတာမှ မဟုတ်ဘဲ။ သူကသာ ကျွန်မတို့ကို အားကိုးလာခဲ့ရတာပါ။ ကျွန်မမိဘများက သူ့ကို လူမွေးလူတောင် ပြောင်လာအောင် လုပ်ပေးခဲ့တာပါ။ ခုမှ သူက လူပါးဝလို့။

**နု။** ။ အစ်မကြီးလည်း အစ်မကြီးဘာသာ အစ်မကြီးနေတာပါကွယ်၊ အစ်မကြီးဘဝထဲ သူ ဖွတ်အတင်း ဝင်လာတာပါ။ အစ်မကြီးက အနုပညာကိုသာ လိုက်စားတာပါပဲ၊ အနုပညာရှင်ကို လိုက်စားတာမှ မဟုတ်ဘဲ။

(သက်မောင်မောင်သည် ဤကဲ့သို့ မိန်းမနှစ်ယောက်က သူ့အား အနီးတွင်ပင် ရှိသည်မထင်ဘဲ သူတို့ အချင်းချင်းသာ အချီအချ အပေးအယူလုပ်နေကြသဖြင့် ဒေါသဖြစ်လာကာ…)

**မောင်။** ။ ဟေ့ ဒီမယ် နေကြစမ်းပါဦး၊ ငါပြောပါရစေဦး။

**ဆွေ။** ။ ရှင်ဘာမှပြောနေစရာ မလိုဘူး။ မနက်ဖြန်မနက် ရှေ့နေနဲ့ တိုင်ပင်ပြီး ကွာစာပေးလိုက်မယ်။ ဒါပဲ…။

**မောင်။** ။ အောင်မယ် ဘယ်သူက ကွာမယ်ပြောလို့လဲ။

**ဆွေ။** ။ ဘယ်သူ ကွာကွာ မကွာကွာ ကျွန်မ ကွာတယ်၊ ရှင်းပြီလား။

(မေသက်ဆွေသည် ပြောပြောဆိုဆို နုနုအနီးသို့ ကပ်လာကာ နုနု၏လက်ကိုဆွဲပြီး…)

အစ်မကြီးက သိပ်လှတာပဲနော်…။

**နု။** ။ ညီမကလည်း လှတာပါပဲကွယ်။ ညီမက ငယ်ဂုဏ်ကလေးနဲ့ဆိုတော့ ပိုလို့တောင် လှပါသေးတယ်ကွယ်။

**ဆွေ။** ။ ကဲ အစ်မကြီး၊ မေသက် သွားတော့မယ်။ အစ်မကြီးကို ခုလိုလာပြီး နှောင့်ယှက်မိတာ ခွင့်လွှတ်ပါ အစ်မကြီးရယ်၊ မေသက် တောင်းပန်ပါတယ်။

**နု။** ။ တောင်းပန်ဖို့ မလိုပါဘူး ညီမရယ်၊ အစ်မကြီးကသာ တောင်းပန်ရမှာပါ။

(မေသက်ဆွေနှင့် နုနုသည် စကားတပြောပြောနှင့် တစ်ယောက်လက် တစ်ယောက်ကိုင်ကာ ဧည့်ခန်းမှထွက်၍ တံခါးပေါက်ကြီးရှိရာသို့ သွားနေကြစဉ်…)

**မောင်။** ။ ဟေ့ ဟေ့ နေဦးလေ၊ ကိုသက်လည်း လိုက်မှာပေါ့။

(ပြောပြောဆိုဆို သက်မောင်မောင်သည် မေသက်ဆွေတို့၏နောက်သို့ အူယားဖားယား လိုက်ရာမှ တစ်ဖန်အတွင်းခန်းအတွင်းသို့ ဝင်ပြေးသွားပြန်သည်။ နောက်စောစောက သူချတ်ထားခဲ့သောလုံချည်၊ ရှပ်အင်္ကျီနှင့် တိုက်ပုံအင်္ကျီများကို တစ်ထွေးကြီးပိုက်ကာ တံခါးပေါက်ဆီသို့ ပြေးလိုက်လေသည်။ ထိုအချိန်၌ နုနုက တံခါးဖွင့်ပေးလိုက်သဖြင့် မေသက်ဆွေ အောက်သို့ဆင်းသွားပြီး ဖြစ်သည်။ ပွင့်နေသောတံခါးမှ သက်မောင်မောင်သည် ပြေး၍ထွက်လိုက်သွားလေသည်။ နုနုက အသာဖေးပေးလိုက်ပြီး သက်မောင်မောင် ထွက်သွားသော် တံခါးကို ချက်ထိုးလိုက်ကာ ဧည့်ခန်းအတွင်းသို့ ပြန်ဝင်သည်။

နုနုသည် ဆိုဖာကြီးပေါ်တွင် အတန်ကြာထိုင်နေပြီးနောက်…)

**နု။** ။ နာနီရေ၊ မောင်မောင့်ကိုခေါ်ခဲ့ပါ နာနီရယ်။

**နီ။** ။ (အတွင်းမှအသံ) ဘာရယ် အနု။

**နု။** ။ ဩော်… မောင်မောင့်ကို အပြင်ခေါ်ခဲ့ပါလို့…။

**နီ။** ။ မောင်မောင်၊ ဩော်… အနုမင်းသားအစစ်လား။

**နု။** ။ ဟုတ်တယ် နာနီ၊ အနုမင်းသားအစစ်ကိုပြောတာ။ (တိုးတိုးဖြင့်)အနုမင်းသားအစစ်၊ အနုမင်းသား၊ အနုမင်းသား။

(နာနီသည် သက်မောင်မောင်၏ရုပ်တုကို အတွင်းမှ တွန်း၍ ထွက်လာသည်။ နုနုသည်လည်း ထိုင်ရာမှထကာ ကက်ဆက်တွင် တိပ်ခွေကို သွင်းလိုက်သည်။)

မောင်မောင့်ကို စန္ဒရား တီးခိုင်းမလို့ နာနီ၊ စန္ဒရားနားပို့လိုက်ပါ။

(နာနီသည် သက်မောင်မောင်၏အရုပ်ကို စန္ဒရားနားတွန်းရွှေ့ထားလိုက်ပြီး ဧည့်ခန်းမှ ပြန်ထွက်သွားသည်။ နုနုသည် ကက်ဆက်တိပ်ခွေသွင်းပြီး၍ ခလုတ်ကို နှိပ်လိုက်ရာ မောင်မောင်၏ *ချစ်သမျှကို* ပတ်ပျိုးသီချင်းသံသည် စန္ဒရားနှင့်အတူတူ ငြိမ့်ညောင်းသာယာစွာ ထွက်ပေါ်လာသည်။ နုနုသည် ဆိုဖာကြီးအပေါ်၌ သွားရောက်ထိုင်လိုက်ရာ စောစောက သူ၏ လက်ကိုင်ပဝါအဖြူလေးကို သွားတွေ့သည်။ ထိုလက်ကိုင်ပဝါ၏ထောင့်စွန်းကို ရွံရှာဟန်ဖြင့် လက်မနှင့် လက်ညှိုးကြားအသာညှပ်ကာ သူနှင့်ဝေးဝေးတွင် ကိုင်ထားပြီး အတွင်းသို့ လှမ်း၍ ထားညိုအားခေါ်လိုက်သည်။ ထားညို ရောက်လာသော်…)

**နု။** ။ ရော့ အညိုရေ၊ ဒီလက်ကိုင်ပဝါကို နောက်ဖေးလမ်းကြားထဲ ချပစ်လိုက်၊ စောစောက ငါ့သမီးကို ဟို သက်မောင်မောင် ပြောတာဆိုတာတွေ မမက တောင်းပန်ပါတယ်ကွယ်နော်။ စိတ်မဆိုးပါနဲ့၊ နောက်ကို အဲဒီလူလာရင် မမရှိရှိ မရှိရှိ တံခါးဖွင့်မပေးပါနဲ့။ အတင်းဝင်မယ်၊ ဖွင့်ပေးပါပြောရင် မမရှိတယ်၊ မမက ဖွင့်မပေးရဘူးဆိုလို့ ဖွင့်မပေးဘူးလို့သာ ပြောလိုက်၊ ကြားလား။ နာနီကိုလည်း ပြောထား…။ ဩော်…အညို မီးကြီးတွေ ပိတ်လိုက်တော့။

(ထားညိုသည် 'ဟုတ်ကဲ့မမ'ဟုပြောပြီး အတွင်းသို့ ဝင်သွားသည်။ မကြာမီပင် ထိန်လင်းနေသော မီးကြီးများငြိမ်းသွားကာ စောစောပိုင်းကလို ဖန်မီးဆိုင်းမှ မီးနီကလေးများသာ လင်းလာသည်။ မီးနီလွင်လွင်အောက်တွင် နုနုသည် ဆိုဖာလက်ရမ်းကိုမှီ၍ မျက်စိမှိတ်ကာ သီချင်းသံကို နားထောင်နေသည်။ သီချင်းသံက တဖြည်းဖြည်းချင်း ကျယ်လာသော်…)

ကားလိပ် ဖြည်းဖြည်းချ။

■

**စိန်ခင်မောင်ရီ**

***အမှတ် ၁၄၊ ဇူလိုင်လ၊ ၁၉၈၂ ခုနှစ်၊***
***ပေဖူးလွှာမဂ္ဂဇင်း။***

www.burmeseclassic.com